
www.burmeseclassic.com


# နဂ္ဂတ္တကျောင်းမြည်




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်









## ဘုန်းကျက်သရေတိုးစေသောဂါထာ

အတီတေ ဝတ္တမာနေစ၊ ကုသလော ပကတော မယာ၊ တေန သစ္စဝဇ္ဇေန။

ဟောတု မေ သိရိဝမုန်၊ ဟောတု မေ တေဇဝမုန်၊ ဟောတု မေ ယသဝမုန်။

အနက်

**မယာ**–အကျွန်ုပ်သည်၊ **အတီတေ** – လွန်ခဲ့ပြီးရာ အတိတ်အခါ၌လည်း ကောင်း၊ **ဝတ္တမာနေစ**–ယခု ပက်ပင်းလက်ငင်းဖြစ်ရာ ပစ္စုပ္ပန်အခါ၌လည်း ကောင်း၊ **ကုသလော**–ကုသိုလ်ကောင်းမှုအစုစုကို၊ **ပကတော**–တတ်စွမ်း သမျှ ပြုအပ်ပါပြီ။

**တေနသစ္စဝဇ္ဇေန**–ဤမှန်သောသစ္စာစကားကြောင့်၊ **မေ**–အကျွန်ုပ် အား၊ **သိရိဝမုန်**–ကျက်သရေ တိုးပွားခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေ သတည်း။ **တေဇဝမုန်**–ထက်မြက်တန်ခိုး တိုးပွားခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။ **ယသဝမုန်**–အခြံအရံ တိုးပွားခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

ခက်ခဲသော ပါဠိအသံထွက်

**ဝတ္တမာနေစ** = ဝတ်တမာနေစ

**သစ္စဝဇ္ဇေန** = သစ်စဝစ်ဇေန

**ဝမုန်** = ဝတ်ဒန်

လောကီပညာရသစုံမဂ္ဂဇင်း

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်

လောကီပညာရပ်စုံမဂ္ဂဇင်း



BURMESE CLASSIC

လေမလာ လှုပ်မတိုးဘဲ
အလိုအလျောက် လှုပ်ခတ်သည့်
ခေါင်းလောင်းတော်များဟာ ထူးခြားလှပါတယ်
● စာ-၅၃


နာယကကြီး

ဒေါက်တာ အောင်နိုင်
M.B.B.S (Ygn)
ဒု-ဘ-ဝ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A, A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
ဝေကလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝတ်ရည်အေး
B.Sc(Bot),Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos),Dip.T.Med.,
T.L.R.M (INDIA)

စာတည်းချုပ်
ဦးကျော်မိုးသိန်း၊

တာဝန်ခံစာတည်း
ဓမ္မဒေဝ

နယ်လှည့်အယ်ဒီတာ
အောင်ဇေ(LL.B)၊ ကိုနိုးဆန်း၊
သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ
* ဦးစံတင်
(ဓတုနိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)
* ဦးသီဟ
[သာသနဓဇဓမ္မာစရိယ]

ဥပဒေအကြံပေး
ဦးထွန်းစိန်
B.A(Myanmar), H.G.P, R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်
ကိုတင်ဦး၊
တင်တင်နွယ်

မျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်

ဖြန့်ချိရေးမှူး
ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ
ပီရမီ ကွန်ပျူတာစာစီလုပ်ငန်း၊

ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(မ)ဦးကျော်မိုးသိန်း(၀၀၇၃၉)
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊
၂၁၀၊ ၂၉ လမ်း၊ ရန်ကုန်မြို့။
အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်
ဦးကျော်မင်းခိုင်(၀၀၄၅၉) စိုးမဟူရာပုံနှိပ်တိုက်
အမှတ် ၁၇/ထ၊ ၂၆ လမ်း၊ ၂ ရပ်ကွက်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မန္တလေးဖြန့်ချိရေး
နဂါးစာပေ
ရှမ်းတောင်ကလေး ဖြန့်ချိရေး
မိုးယံနှင်းစာပေ (တောင်ကြီး)
ဂင်္ဂါနဒီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ ၂၁၀(ပထမထပ်)၊ ၂၉ လမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၉ ၇၇၆၃၄၉၇၈၅၊ ၀၉ ၄၄၃၂၅၇၇၂၂၀

ကြော်ငြာတာဝန်ခံ
ယဉ်ကျေးဝေ


၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ
အမှတ် ၃၇၇
တန်ဖိုး – ၂၀၀၀ ကျပ် (ဖြန့်ချိဈေး)
[နှစ်ထောင့်သုံးရာကျပ်]
အာပ်ဝရ
၁၀၀၀
ဖုန်း- ၀၉ ၇၇၆၃၄၉၇၈၅၊
၀၉ ၄၄၃၂၅၇၇၂၂၀။




F.1B. December., 2017

www.burmeseclassic.com

www.burmeseclassic.com




သင်ဖြူရောက် ဦးခိုက်တဲ့
ဒီစေတီဟာ
သိရိုဝမ္ဗာသောကမင်းကြီးရဲ့ ... ➡ စာ-၃၃

ကျွန်စစ်သားမင်းဘေးသင့်စဉ်က
ပုန်းအောင်းနားခိုခဲ့ရာဌာနတစ်ခုဖြစ်ပြီး
ကျောက်တုံးကြီးတွင်ထင်နေသောခြေရာမှာ ... ➡ စာ-၃၁





■ ပညာပေးရောင်ခြည် ■

အိမ်ထောင်မြဲရင် ဤနည်းက စိတ်ချရတယ်
[ဆရာလှိုင်ဝင်းအောင်–ကျိုက္ကစ် အေးချမ်းသူတို့ စံပျော်ရာ] ၁၃၃

လက္ခဏာရောင်ခြည်

နှိုင်းယှဉ်လေ့လာ အမြေရှာ
[ဆရာကြီး ဦးအောင်မြိုင်–ဥပဓေဘွဲ့] ၁၀၀
အရာရှိကတော် ဖြစ်နိုင်ပါ့မလား [သန်းပညာ] ၁၂၆
ငါး ပုစွန် မွေးမြူ ဖမ်းဆီးရောင်းဝယ်ရေးလုပ်ငန်း
အကျိုးပေးခြင်းနှင့် လက္ခဏာပညာ ၂၀၁
လက္ခဏာပဒေသာင်း အမြေညှိကြစို့ ၂၀၉

☛ လမ်းညွှန်ရောင်ခြည် ☛

စေတော်ဝင်စေတီတော် ပေါက္ကမျှော် [မင်းအောင်နိုင်] ၃၃
မိဘဘိုးဘွားများအတွက် အမိဌာန်ပြုနိုင်သည့်
အောက်လိုက်ဂူ [ခွန်ဗိုင်းဝမ်း] ၄၁
မြန်မာနိုင်ငံမှာ အရှည်ဆုံး
သစ်တစ်လုံးတည်း တံခွန်တိုင်လား [အောင်ဇ–LL.B] ၈၉
အဘဘိုးမင်းခေါင်ကိုယ်တိုင် တည်တော်မူခဲ့သော
တပ်ကျော် ဘုရားစေတီတော်
[ခင်ဇာဇာဝင်း–စက်မှုလယ်ယာ၊ ဟိုပင်မြို့] ၉၇
တောကျယ် မြသပိတ်ရေပြာတိုင်သို့ အလည်တစ်ခေါက်
[နိုင်မင်းညို] ၁၀၅

○ အထွေထွေရောင်ခြည် ○

ခုနစ်မည်ရ ရွှေပေါင်း ဘုရားလိုက်ဂူတော်သို့
ဘုရားဖူးခရီး(၁) [အောင်ဇ–LL.B] ၉
မြို့စစ်ကိုင်း၏ သမိုင်းစဉ်ပါ ချောင်သေလာ(၂)
[ကဿပချောင်] [အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၁၇
ရင်ကပ်တောင်တောရကျောင်းနှင့် ရင်ကပ်တောင်
ဆရာတော်ကြီး [ကောင်းခန့်–သစ္စတ်မြေ၊ ဝက်လက်] ၂၅
အံ့ဖွယ်သာမော ကံ့တော်တော
ဘုရားညီနောင် ပွဲညီနောင် [ဗိုးပညာ] ၅၃
ပုံပြင်ဆန်သော အတေး [သာသမ္မဲ–ဖျာပုံ၊ ဖရာဝိ 6] ၆၁




www.burmeseclassic.com

www.burmeseclassic.com

## ❋ ဖိုယ်ရေးရောင်ခြည် ❋

မိဘနှစ်ပါးအား ပြုစုလုပ်ကျွေးသဖြင့် မိုးကြိုး
ပစ်ချသော်လည်း သေကံမရောက် သက်မပျောက်ခဲ့သူ
[အေးချမ်းမော်-မင်းလှ] ၂၂၆
မုန့်သည် အမြည်းပေးသောမုန့်နှင့် ခါးနေသော ဆားမန်း
[ချို-အမရပူရ] ၂၃၁
သူ့အရပ် သူ့ဒေသနှင့် သူ့ဓလေ့ထုံးစံများ
[ညောင်ပင်ကြီးနှင့် ဗိုင်းပတ်ထောက်ထားသောဝါးများ]
[အေးချမ်းအောင်-ရမည်းသင်း] ၂၄၁
ဂမ္ဘီရပညာ၊ ပရလောကနှင့် သဘော်သား[မြန်မာနိုင်ငံ
နိုင်ငံရပ်ခြားနှင့် သင်္ဘောပေါ်မှ ဖြစ်ရပ်မှန်များ-၂] [ရှကွဲစိုးမျိုး] ၂၄၉
ထွေ/အုပ်ဝန်ထမ်းဘဝ အဖြေရှာမရသော
ကိုယ်တွေ့ဖြစ်ရပ်များ [ကံဝင်း-တံတားချွာ] ၂၉၂

## ❋ ကျင့်စဉ်ရောင်ခြည် ❋


ကောင်းကင် လောကီ ဂမ္ဘီရကျင့်စဉ် [ရွှေချစ်] ၅၅
ကျေးဇူးတော်ရှင် ရွှေပေါ်ကျွန်းဆရာတော်ကြီး
ချီးမြှင့်သော (၇)ရက်သားသမီးတို့ ဓမ္မနေ့ကျင့်စဉ်
[ဦးသိန်းထွန်းကြည်-အင်းဝ] ၈၄
အခက်အခဲ အကျပ်အတည်းတွေ ကင်းလွတ်မလေ
ရွတ်လိုက်ကြ နမောတေ [မောင်အောင်ကျော်-အိမ်မဲ] ၁၈၅

## ● အစီအရင်ရောင်ခြည် ●

မေတ္တာပို့ပါ ချင်းတက်ယတြာ [မြတ်သိမ်းနိုင်-စမ်းချောင်း] ၁၃၅
အကြောဝိဇ္ဇာဆရာ ဦးညွန့်လွန်၏ လက္ခဏာနှင့်
လေဖြတ်ရောဂါ ကာကွယ်နည်း အစီအရင်
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၅၃
လန့်ချိတ်ကသော ကလေးများအတွက်
လည်ဆွဲရတနာအစီအရင် [သတိုးဇော-သုံးဖက်လှ] ၁၅၈
ဈေးခေတ် သူဋ္ဌေးဖမ်းကိရိယာ [သီလ-ရေတံခွန်တောင်] ၁၆၆
အကျိုးဆက် အကြောင်းကံ [ခက်နွယ်] ၂၈၆

## ❒ အပိုရုတ်ရောင်ခြည် ❒

သွပ်ဖမ်းဝိဇ္ဇာ အပိုင်း(၉) [ဦးမင်းခင်-ရွှေနဝင်း] ၁၃၁
ပိတောက်တူလို့ ပြစ်ဒါးယူ [ရဲမျိုးသူ-ပေါဓိမြိုင်] ၁၅၆
သံစမ်းနည်းများ [တင်လှ-ဆမ၊ ငြိမ်း] ၁၈၁
၉-ဖြာသိဒ္ဓိ ရှောင်လမ်း(၂) [ရွှေတောင် ခင်မောင်ကြည်] ၁၉၅
သွပ်တက်လမ်း [ဦးစောထွဏ်း-မဟာအောင်မြေ] ၂၁၁



အဘအောင်ပင်းငါင်မှ
စေတီပုံစံဖြစ်သော ဘူးခါးသီးအား
အထက်မှ ချုပ်ထိန်းနိုင်သည့် ထီးတော်ကို... ➜ ၀-






www.burmeseclassic.com

www.burmeseclassic.com



ပြင်ရူးခဲ့သမျှ
သစ်သားတံခွန်တိုင်များတွင်
အရှည်လျားဆုံးနှင့် အဖြောင့်တန်းဆုံးဟု ... ▲ စာ-၈၉

ဤပိုးဒါးမှာပေ (၉၀၀၀) ထက်
မြင့်သောတောင်ထွတ်များတွင်
တွေ့ရှိပေါက်ဖတ်ကဲ့သို့ သတ္တဝါမှ ... ◆ စာ-၁၁၃



## ✳ ဂါထာမန္တန်ရောင်ခြည် ✳


လူစွမ်းကောင်း မန္တန်ပညာ
[ဆရာကျော်လင်း-နေလပိဋ္ဌာ] ၁၄၃
ခွေးမကိုက်နိုင်သည့် ဂါထာ [မောင်ဗဟိန်း-အင်းတော်] ၁၄၅
တန်ပြန်(ဇက်ပြန်)ဂါထာတော်ကြီး
[ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်-တိုင်းရင်းဆေး] ၁၅၂
ရှင်ဥပဂုတ္တဂါထာတော်နှင့် မီးကွင်းသည့် ဖြစ်ရပ်ဆန်း
[သမုတိမျိုးမြင့်-မင်းလှ] ၁၈၂
မဟာမုနိဂါထာတော်နှင့် မုနိ(၄)ဆူ တိုးတွယ်ခြင်းအကျိုး
[ဗိုလ်မင်း-မင်းလှ] ၁၈၅


## ✳ ဆေးမြီးတိုရောင်ခြည် ✳


နှင်းရည်လိမ်း၍ ငြိမ်းပါစေ၊ နှင်းရည်သောက်၍ ပျောက်ပါစေ
[ပန်းတနော် နောင်လာတ်] ၄၅
ကန္တာရစိမ်းဆူး အလွယ်တကူထွက်အောင်
[ချစ်ပိုင်-မလွန်] ၁၅၉


## ◆ ဆေးဗေဒရောင်ခြည် ◆


စတုပညာသဆေး [မောင်ရည်ပန်] ၉၃
ကျေးရွာအလှူမှ ရခဲ့သော ငါးရံ့ခေါင်းတိုဆေးနည်း
[ဦးကိုကိုကြီး-စစ်ဆေးရေး၊ ကစစ(၁၂)၊ ထုံးဘို] ၁၅၀


## ✳ ဂမ္ဘီရပဟေဠိရောင်ခြည် ✳


ကျားရဲ ပေါ်များသည့် ကျားခြေရာတောက်ချောင်း
[လှထုံ ဦးစိန်မြ] ၂၅၀
အသက်ဝင်နေသော သစ်ဘီလူးရုပ်
[ကိုဝင်းတင်-လယ်လှ၊ အထက်မင်းလှ] ၂၈၀


## ▲ ထူးခြားသစ်ပင်ရောင်ခြည် ▲


အစွမ်းသတ္တိထူးသည့် ဂမုန်းနှစ်မျိုး
[ဂမုန်းလိပ်မ၊ တွားနှင့် ဂမုန်းနက်] [ထက်မင်းကျော်စွာ] ၆၅
မုန်တိုင်အဖိုနှင့် မုန်တိုင်အမ (စုံတွဲ)မြင်ဖူးလိုလျှင်
[အောင်ဇ-LL.B] ၁၉၃


## ✿ ဗဟုသုတရောင်ခြည် ✿


ကျီးပေါင်းကို ဘယ်လို သုံးမလဲ
[အရှင်ဂုဏသာရ-ဇလုံတောင်] ၃၅
ရေတွင်းကန်းလျှင် ဖော်နည်း
[ဦးရဲငွေ-သံပရာကျေးရွာ၊ ဂံမြို့နယ်] ၁၄




www.burmeseclassic.com

www.burmeseclassic.com


† ထူးခြားပစ္စည်းရောင်ခြည် †

ကျွန်တော်နှင့် ဥနဲ့တီးပေါင်း [ဇော်မင်းအောင်] ၁၆၉
တွင်းထိုးနေသော ခိုးမင်း [ဂျွီရ စောရန်နိုင်–ကလေးဝ] ၁၇၇

ကိုယ်ခံပညာရောင်ခြည်

သိုင်းပညာရှင် ဆရာကြီးမင်းယက္ခ(တိုက်ပွဲဝင်သိုင်း)၏
ဘဝအတွေ့အကြုံများ(ဒုတိယပိုင်း)[အမှတ်–၁]
[ဆရာကြီးမင်းယက္ခ–တိုက်ပွဲဝင်] ၁၄၈

▲ ဆေးလုံးရောင်ခြည် ▲

ခါးနာရင် ဒီလိုလုပ်ပါ [ဆလိုင်းငွန်သိန်း–ရမည်းသင်း] ၁၆၈

✳ အမျိုးသမီးအလှရောင်ခြည် ✳

သံပရာဆီ [အောင်မှတ်–မြစ်ရှိတန်း] ၂၆၉

◯ သုတေသနရောင်ခြည် ◯

စိတ်ဝင်စားဖွယ်ကောင်းသော
ထိုးမြလတ်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြင့်–ဥပဒေဘွဲ့] ၁၈၀

[illegible] ဆေးပင်ဆေးမြစ်ရောင်ခြည်


ထိတီရောဂါပိုးကို နိုင်နင်းသည့် နှမ်းပင် [ဟွာကျင်းဇီ] ၁၁၃
နေပူဒဏ်ကို သက်သာစေသည့် ခရာပင်မြစ်
[ဗိုလ်မင်း–မင်းလှ] ၁၄၇
လိဝ်ဥရောင်ပျောက်ဆေး
[လင်းတာပါးပျဉ်းမြစ်နှင့် ချွေးလှေးယားမြစ်] [ထွေးမောင်] ၂၀၃

တိရစ္ဆာန်ရောင်ခြည်

မြင်းသမားများ ဆောင်ထားကြိုတင်ရှုကြည့်သုံးပါ
[မောင်သစ်ဝေ–စလေ] ၉၂
ဦးကြီးဦးဘိုနေ၏ နွားရောဂါ ကြိုတင်ကာကွယ်ဆေးနည်း
[မောင်စိုးမွှယ်–ပညာရေး] ၁၉၂

✿ ကြည်ညိုခြင်းရောင်ခြည် ✿

ဗုဒ္ဓဖွယ်စုံစွာ ဇတ်ငါးရာ ရှင်ပင်မြတ်မွေး တတိုင်းပေး(၂)
[ရွှေမော်မြေ မောင်ကြည်သိန်း] ၄၉

မနက်အရုဏ်တက်လို့ပြန်ကြည့်ရင်
ဝင်္ဂကျွံနေရတဲ့ပြိတ္တာတွေကို
တွေ့ရတယ်။ သူတို့ရဲ့. ➡ စာ–၂၆

➡ စာ–၁၀၉





www.burmeseclassic.com

www.burmeseclassic.com



လူ့ပြည်မှာ ရှင်ဘဝနဲ့ သာသနာပြုပါ သတ္တဝါတွေ ကယ်တင်ဖို့ အတတ်ပညာ တစ်ခု ထည့်ပေး လိုက်မယ်…

စာ-၈၁



ဘဘ အောင်၊ မင်း ခေါင် အင် စီး နေ မုံ မှာ…

စာ-၉၈



ဤ ဒိုးတောင် သည် ရှားပါးစွာ ကျွင်းထိုးပြီး "ဝ" ကျွင်း နေ ပါ သည်…

စာ-၁၅၅

## ✻ အောင်မြေရောင်ခြည် ✻

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့် ရှိနိုးပူဇော် ဂါထာတော်များ(၃၈)[ငှက်မြတ်နားမှဒွေးစေတီ]
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၅၅

## ✧ ဗေဒရောင်ခြည် ✧

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ
ထီဆုကြီးများ ဆွတ်ခူးနိုင်ဖို့ [ထက်မင်းကျော်စွာ] ၉၅
၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ထီလိုက
ရွှေချယ်ပါ ဤဂဏန်း [ဆရာရဲထက်-သုတေသီ] ၁၄၆

## ❖ စိုက်ပျိုးရေးရောင်ခြည် ❖

သီးပင်စားပင်တွေဆီ ခါချဉ်မလာရေး
[ဆရာ သညာမှူး] ၉၁

## ✪ အင်းအိုင်ရောင်ခြည် ✪

ကိုယ်စိတ် ကျန်းမာမှ ချမ်းသာမည်[ကျန်းမာရေးအတွက်အင်းတစ်ကွက်]
[ဇော်မြင့်-မြင်းခြံ] ၁၃၉
အင်းဖွဲ့ခြင်း အခြေခံပညာ(အမှတ်-၁)
[ကျော်ထင်ရာဇာ-အင်းရွာ] ၁၆၃

## ✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎

သင်္ဂဇာဆရာတော်ကြီး၏တပည့် ရွှေမင်းဝံ ငှက်တွင်း
ဆရာတော်ကြီး ဦးပဏ္ဍဝ(၁) [ခင်ခင်ဝင်း-မောရဝတီ] ၁၂၁
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ငါးခြေမရွာမှ
မပုပ်မသိုးသည့် ငါးခြေမဆရာတော်ကြီး ဘဒ္ဒန္တဝဏ္ဏသာမိ
[ဆရာ ဦးစန်းယု-ခေတ်မီအဘိဓမ္မာတောင်သာ၊
တိုင်းရင်းဆေး] ၁၂၉
ဝိုင်ဖြူဆရာတော်၏ ထမင်းတစ်လုတ် ရေတစ်မှုတ်
[ဦးကျော်-လှိုင်သာယာ] ၂၁၅

## ✤ ထူးခြားဆန်းကြယ်ရောင်ခြည် ✤

ထူးဆန်းသော ဆာဒူးကြီးရဲ့စကား [မေပုပ္ပါး] ၂၀၄
သူတော်ကောင်းတို့၏ ခရီးစဉ်မှ ဖြစ်ရပ်ဆန်းများ
[ဘက်ထရီ မောင်သောင်း-ဟသ်ာတ] ၂၅၅
နှစ်ဘဝစံလူသား [ပျိုးလက်ညှိ] ၂၆၂
နှလုံးခုန်နှုန်းရပ် သေဆုံးပြီးမှတ်သော လူနာများမှ
ကာခုန်ကြခြင်းဖြစ်ရပ်ဆန်း [ဇော်ဝင်း-ဒီပဲယင်း] ၂၆၈
နတ်ဝှက်သည့် ဖြစ်ရပ်ဆန်း [မြတ်လှ] ၂၇၉



www.burmeseclassic.com

www.burmeseclassic.com

# ခုနစ်မည်ရှိ ရွှေဟောင်းဘုရားလိုဏ်ဂူတော်သို့

ဘုရားဖူးခရီး (၁)

ကြောင်ဖြူ (LL.B)

ဒေသခံ စကောကရင်တိုင်းရင်းသားတို့က **“ဒေါကျဲ”**ဟု အသံထွက်ခေါ်ကြသည်။ ထိုဒေသအနီးဝန်းကျင်ရှိ ပိုးကရင်တိုင်းရင်းသားတို့က **“ထကျိုက်”**ဟူ၍ ခေါ်ကြသည်။ ထိုဒေသဝန်းကျင်ရှိ မွန်တိုင်းရင်းသားတို့က **“ဓကျိုက်”**ဟု အသံထွက် ခေါ်ဝေါ်ကြသည်။

ထိုဒေသအနီးအနားမှ ဗမာလူမျိုးတို့က **“ဒိုင်ချိုင့်”**ဟူ၍ အသံထွက်ခေါ်ကြသည်။ ထိုဒေသအနီးဝန်းကျင်ရှိ ပအိုဝ်း(တောင်သူ)တို့က **“ထမ့်ကျိုက်”**ဟု အသံထွက်ခေါ်ကြသည်။

ထိုလိုဏ်ဂူတော်ကို ပြန်လည်ပြုပြင်စောင့်ရှောက်ခဲ့သည့် ဝင်းရှယ်ကျောင်း ဆရာတော်အရှင်ပညာသာမိ၏ ဂူတော် ပြုပြင်သော မှတ်တမ်းကမ္ပည်းတွင် **“ဘာကျိုက်”**ဟူ၍ ရေးထိုးထားသည်။

မော်တော်ကားလမ်းထိပ် မုခ်ဦးတွင် **“ဓာတ်ကျိုက်”**ဟု ရေးသားထားကြောင်း တွေ့မြင်ရပါသည်။ ချုပ်သော်အားဖြင့် ထိုရွှေဟောင်းလိုဏ်ဂူတော်၏ အမည်(၇)မျိုး ကွဲပြားနေရခြင်း ဖြစ်ပါသည်။

ချုပ်အနေဖြင့် မြန်မာနိုင်ငံအနှံ့ ရှိ ရွှေဟောင်းဘုရားလိုဏ်ဂူတော်



◆ ဓာတ်ကျိုက်တောင်ထိပ်ရှိ နိဗ္ဗာနပစ္စယစေတီတော်

◆ ပျဉ်းကတိုးကျေးရွာ မြေနီလမ်းထိပ်ရှိ မုခ်ဦး



များစွာကို ရောက်ရှိလေ့လာခဲ့ဖူးပါသည်။ လိုဏ်ဂူတော်အားလုံး၏ ခုနစ်ဆယ်ရာခိုင်နှုန်းခန့် ရောက်ရှိခဲ့ပြီး ဖြစ်သည်။


အထူးသဖြင့် ကရင်ပြည်နယ်အတွင်းရှိ ရွှေဟောင်း ဘုရားလိုဏ်ဂူတော်များအနက် ရှစ်ဆယ့်ငါးရာခိုင်နှုန်းခန့်အထိ ရောက်ရှိခဲ့





www.burmeseclassic.com

www.burmeseclassic.com



◆ နမ့်ကိုင်ရှင်ထူ ဈေးရုံကြီး

ဖူးပြီး ဖြစ်ပါသည်။

ဤခုနစ်မည်ရ ရှေးဟောင်းဘုရားလိုဏ်ဂူကိုပင်လျှင် ပထမဆုံးရောက်ခဲ့သည့် ၁၉၉၄ ခုနှစ်မှ ယခု ၂၀၁၇ ခုနှစ်အတွင်း (၃)ကြိမ်မက ရောက်ရှိခဲ့ဖူးပါသည်။

အလားတူ ကရင်ပြည်နယ်အတွင်းရှိ အခြားသော ရှေးဟောင်းဘုရားလိုဏ်ဂူများသို့လည်း နှစ်ပေါင်း (၂၅)နှစ်ခန့်အတွင်း သုံး,လေး,ငါးကြိမ်ခန့် ရောက်ရှိခဲ့ပြီး ဖြစ်ပါသည်။

ဤသို့ များပြားသော အတွေ့အကြုံများအရဆိုလျှင် ဤခုနစ်မည်ရ ရှေးဟောင်းဘုရားလိုဏ်ဂူတော်၏ မူလပထမအမည်မှာ **"ထမ့်ကျိုက်"** ဖြစ်ပါသည်။

ဤလိုဏ်ဂူတော်အတွင်းရှိ ဘုရားရုပ်ပွားရုပ်တုများကို ပထမဆုံး ထုလုပ်ကိုးကွယ်ခဲ့သူတို့မှာ "ပျူ" အနွယ်ဝင် ပအိုဝ်း(တောင်သူ) လူမျိုးစုများ ဖြစ်ကြသည်။

သူတို့၏ ဘာသာစကားမှာ **"ထမ့်"=ကျောက်လိုဏ်ဂူ** ဖြစ်သည်။ ရှမ်းပြည်နယ် ဟိုပုန်းဒေသရှိ ရှေးဟောင်း ဘုရားလိုဏ်ဂူများ အနက် **"ထမ့်စမ်းလိုဏ်ဂူ"**၊ **"ထမ့်ဝိုးမွန်လိုဏ်ဂူ"** တို့မှာ ထင်ရှားပါသည်။

ဤလိုဏ်ဂူအတွင်းရှိ ဘုရားရုပ်ပွားတော်များကို ပြန်လည်ပြုပြင်ခြင်း၊ အသစ်ပြုပြင်လှူဒါန်းခြင်းတို့ကို ဒုတိယအကြိမ် ဆောင်ရွက်သူတို့မှာ **မွန်လူမျိုးစုများ** ဖြစ်ကြသည်။

**"ကျိုက်"**ဆိုသော စကားလုံးသည် မွန်ဘာသာစကားဖြစ်၍ **"ဘုရား"(စေတီ/ရုပ်ပွား)**ဟု ဗမာ
လို ပြန်ဆိုပါသည်။ ဤသို့ဖြင့် **"ထမ့်ကျိုက်"**ဆိုသော နှစ်လုံးတွဲ
နာမည် ဖြစ်ပေါ်လာရသည်။

လိုဏ်ဂူတော်အတွင်းရှိ ဘုရား
ရုပ်ပွားရုပ်တုတော်များကို ပြန်လည်
ပြုပြင်ခြင်း၊ အသစ်တည်ထားခြင်း
အား **တတိယအကြိမ်** ဆောင်ရွက်
သူတို့မှာ **"ကရင်" လူမျိုးစုများ**
ဖြစ်ကြပါသည်။

ဤလိုဏ်ဂူတော်၏ အနီး
ကျင်မှာ ယခင် နေထိုင်ခဲ့ဖူးသည့်
ပအိုဝ်း(တောင်သူ)နှင့် မွန် စသည့်
လူမျိုးစုများ ပြောင်းရွှေ့သွား
ဖြစ်၍ မူလနာမည်အခေါ်
အဓိပ္ပာယ်ကောင်းစွာ မသိကြ
ဘဲ ရှေးမီနောက်မီ သက်ကြီး





www.burmeseclassic.com

www.burmeseclassic.com

တို့၏ ရှေးခေတ်နာမည် "**ထမ့်ကျိုက်**"ကို မိမိတို့လူမျိုးစု အသံထွက်ဖြင့် အဆင်ပြေသလို နာမည်ခေါ်ခဲ့ကြခြင်း ဖြစ်ပေသည်။

ဤဒေသတွင် ပထမဆုံး ရောက်ရှိနေထိုင်ခဲ့ကြသူများတွင် ယွန်းရှမ်းလူမျိုးစုများ ဖြစ်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ယခု ဓာတ်ကျိုက်လိုဏ်ဂူ၏ တောင်ဘက်စွန်း စေတီငယ် တည်ထားသော နေရာကို "**လွယ်ကပေါ်**"ဟု ခေါ်ခြင်းကြောင့် ဖြစ်သည်။

"**လွယ်**"=တောင်ဖြစ်၍ ယွန်းရှမ်းဘာသာစကား ဖြစ်ပါသည်။ အလားတူ ယခု ဓာတ်ကျိုက်ဂူ၏ တောင်ဘက် (၃)မိုင်ခန့်အကွာ ဒုံတမိမြစ်၏ အရှေ့ဘက်ကမ်း ဘုရင့်ညီလိုဏ်ဂူ၏ အနောက်ဘက် အရပ် မနီးမဝေးမှာ "**ကော့ပနာရွာ**" ရှိသည်။

ထိုနေရာမှာ ရှေးခေတ် မြို့ဟောင်း ဖြစ်ခဲ့ဖူးသည်။ ထိုကော့ပနာဆိုသော စကားလုံးသည်လည်း ယွန်းရှမ်းဘာသာစကား ဖြစ်ပါသည်။ **ကော့**=ကျွန်း ဖြစ်ပါသည်။ မွန်လူမျိုးစုများ ရောက်ရှိလာပြီးနောက် ဤမြစ်ကမ်းနံဘေးတွင် မြို့အသစ် တည်ထားခဲ့ကြသည်။ ထိုမြို့၏ အမည်မှာ "**ဒုံတမိ**"ဖြစ်ရာ "**ဒုံ**=မြို့၊ **တမိ**=အသစ်"ဟု အဓိပ္ပာယ်ရှိသော မွန်ဘာသာစကား ဖြစ်သည်။

ထိုမြို့အမည်ကိုယူ၍ မြစ်ကိုလည်း "**ဒုံတမိမြစ်**"ဟု ယခုတိုင်အောင် ခေါ်နေကြရာမှ "**ဒုံသမိ**"



● သိဒ္ဓိရတနာကျောင်း

ဟု "**တ**"နှင့် "**သ**" အနည်းငယ် ကွဲလွဲနေပါသည်။

မွန်ဘာသာစကား "**ဒုံတမိ**" သည် ဗမာလို "**မြို့သစ်**"ဟု အဓိပ္ပာယ်ရှိသည်။ မြန်မာနိုင်ငံအောက်ပိုင်းကို မွန်လူမျိုးစုများ ထီးနန်းစိုက်ထူ အုပ်စိုးစဉ်ကာလ မုတ္တမမြို့ကို ဗဟိုပြု၍ အရံ(၃၂)မြို့ တည်ထားရာတွင် "**ဒုံတမိ**"၊ "**ဒုံဝန်း**" စသည့် မြို့များမှာ ဒုံတမိမြစ်ကမ်းအနီး တည်ရှိခဲ့ကြသည်။

ယခုခေတ်တွင် ဒုံတမိမြစ်သည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် တို့ကို ခွဲခြားထားသည့် နယ်နိမိတ်မျဉ်း ဖြစ်ပေသည်။

မြစ်၏ အနောက်ဘက်ခြမ်းမှာ မွန်ပြည်နယ်ဖြစ်၍ မြစ်၏ အရှေ့ဘက်ခြမ်းမှာ ကရင်ပြည်နယ်ဖြစ်သည်။

ရှေးဟောင်း ဘုရားလိုဏ်ဂူတော်များအနက် ဒုံတမိမြစ်၏ အနောက်ဘက်ကမ်းတွင် **ဒုံဝန်းမြို့ဟောင်းအနီးရှိ ဝင်းတာပန်ဂူ၊ အရှေ့ဘက်ကမ်းတွင် ဘုရင့်ညီဂူနှင့် ထမ့်ကျိုက် (ခေါ်)ဓာတ်ကျိုက်ဂူတို့သာ** ထင်ရှားခဲ့သည်။

သို့သော် ဝင်းတာပန်ဂူမှာ ယခုတိုင် ရှာဖွေဖော်ထုတ်နိုင်ခြင်း မရှိသေးပေ။ ဘုရင့်ညီလိုဏ်ဂူတော်မှာမူ သထုံ–ဘားအံ ဆက်သွယ်ထားသည့် မော်တော်ကားလမ်းဘေးတွင် တည်ရှိပြီး သွားလာရ လွယ်ကူခြင်း၊ ရေပူစမ်း ရှိခြင်းတို့ကြောင့် လူသိများ ထင်ရှားကျော်ကြား လူစည်ကား ဖြစ်လျက် ရှိသည်။

ဓာတ်ကျိုက် လိုဏ်ဂူတော်မှာမူ ဘုရင့်ညီဂူ၏ မြောက်ဘက် အဖြောင့်တိုင်းအားဖြင့် (၄)မိုင်ခန့်သာ ကွာဝေးသော်လည်း ရှေးအခါက ဒုံသမိမြစ်ကြောင်းအတိုင်း ရေလမ်းဖြင့်သာ သွားလာနိုင်ခြင်း၊ သထုံ–ဘားအံ မော်တော်ကားလမ်းနှင့် အတန်ငယ် အလှမ်းဝေး ခြင်း၊ ဘားအံ–ဖာပွန် မော်တော်ကားလမ်း မကောင်းခြင်း စသည်တို့



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် နီးလျက်နှင့်ဝေး ဖြစ်ခဲ့ရသည်။ ဘုရားဖူး ပရိသတ်များ အရောက်အပေါက် နည်းခဲ့ရသည်။

ယခုအခါ သထုံ–ဘားအံ မော်တော်ကားလမ်းဘေး **ဘုရင့်ညီဂူလမ်းအနီးရှိ ဝါးဘိုးတောရွာမှ ကမမောင်းမြို့နှင့် ဖာပွန်မြို့များသို့ ဆက်သွယ်ထားသော မော်တော်ကား လမ်းမကြီးကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့် ပြုပြင်ထားပြီးဖြစ်ရာ** လမ်းအကျယ်မှာလည်း ပေ(၆၀) ကျယ်သဖြင့် သွားလာရလွယ်ကူပြီ ဖြစ်ပါသည်။

ဝါးဘိုးတော–ဖာပွန် လမ်းမကြီး အတိုင်း လမ်း၏ဝဲဘက်ရှိ **ပျဉ်းကတိုးကုန်းရွာ၊ ကားလမ်းဘေးမှ မြေနီလမ်းခွဲအတိုင်း ဓာတ်ကျိုက်လိုဏ်ဂူတော်အထိ (၃)မိုင်သာ ကွာဝေးသည့် မြေနီလမ်းမှာလည်း အလွန် ပြေပြစ်ညက်ညော လှပါသည်။**

(၂၈–၁၂–၂၀၁၆) ဗုဒ္ဓဟူးနေ့က ကျွန်ုပ်တို့ မိသားစုဝင်များ ဘုရားဖူး ခရီး သွားခဲ့ပါသည်။ ဝါးဘိုးတော လမ်းထိပ်မှ ပျဉ်းကတိုးကုန်းရွာ မြေနီလမ်းအထိ ကားမောင်းချိန် (၅)မိနစ်ခန့်သာ ကြာခဲ့သဖြင့် အကွာအဝေးမှာ (၆)မိုင်ခန့်သာ ရှိနိုင်ကြောင်း ခန့်မှန်းရပါသည်။

ကားလမ်းဘေးတွင် **"ဓာတ်ကျိုက်လိုဏ်ဂူသို့ (၃)မိုင်"**ဟု ရေးထားသော ရွှေဆေးသုတ်ထားသည့် မုခ်ဦးကြီးကို တွေ့မြင်ရသည်။

ထိုမုခ်ဦးအောက် မြေနီလမ်းအတိုင်း ကားမောင်းဝင်သွားရာ ပျဉ်းကတိုးကုန်းရွာကို ကျော်ပြီး သစ်ဖြူပင်ဆိပ်ရွာအရောက်တွင် လမ်းညွှန် ဆိုင်းဘုတ်က ဝဲဘက်မြေသားလမ်းဘက် **"လိုဏ်ဂူတော်သို့"**ဟု ရေးသားထားသဖြင့် ထိုလမ်းခွဲ အတိုင်း ဆက်မောင်းသွား ပါသည်။

မကြာမီ ဓာတ်ကျိုက်တောင်ခြေသို့ ရောက်ရှိကြသည်။ ဘုရင့်ညီလိုဏ်ဂူတော်မှ ဝါးဘိုးတော လမ်းဝထိ အကွာအဝေး (၁)မိုင်ခန့်သာရှိပြီး ဝါးဘိုးတောလမ်းဝမှ ပျဉ်းကတိုးကုန်းရွာထိ ကတ္တရာကားလမ်းအတိုင်း (၆)မိုင်ခန့်၊ ပျဉ်းကတိုးကုန်းထိပ်မှ လိုဏ်ဂူဝအထိ မြေသားလမ်း (၃)မိုင်ခန့်ဖြစ်ရာ ဘုရင့်ညီလိုဏ်ဂူမှ ဓာတ်ကျိုက်လိုဏ်ဂူအထိ မော်တော်ကားလမ်းအတိုင်း အကွာအဝေး (၁၀)မိုင်မျှသာရှိပြီး ကားမောင်းချိန် (၁၀)မိနစ်သာ ကြာပါသည်။

ပျဉ်းကတိုးကုန်းရွာထိပ် ကတ္တရာ ကားလမ်းမကြီးဘေးရှိ လိုဏ်ဂူတော်



မပြုပြင်ဘဲ ချန်ထားသည့် ရှေးဟောင်း ဂဝံကျောက်စေတီဟောင်း

ဓာတ်ကျိုက်တောင်ခြေ ဒုံးဘိမြစ်ကမ်းရှိ လှေဆိပ်





www.burmeseclassic.com

www.burmeseclassic.com

မုခ်ဦးထိပ်မှ ဂူဝတောင်ခြေထိ မြေသားလမ်း (၃)မိုင်မှာ မိုးတွင်းကာလတွင် အသုံးမပြုနိုင်ပေ။ ဆောင်းရာသီနှင့် နွေရာသီ ခြောက်သွေ့ကာလတွင်သာ သွားလာအသုံးပြုနိုင်ပါသည်။

ဓာတ်ကျိုက်တောင်ခြေနှင့် ဒုံတမီမြစ်ကြား မြေပြန့်အကျယ် (၅)ကေခန့် ရှိသဖြင့် ဘုရားဖူး ယာဉ်ကြီး၊ ယာဉ်ငယ်များစွာ ရပ်တန့်နိုင်သလောက်အောင် နေရာကျယ်ဝန်းပါသည်။

တောင်ခြေသို့ အဝင်တွင် "**ဓာတ်ကျိုက်**"ဟု ရေးထားသည့် ရွှေဝါရောင်မုခ်ဦးကြီးတစ်ခုကို တွေ့ရသည်။ ထိုမုခ်ဦးအနီးမှနေ၍ ဓာတ်ကျိုက်တောင်ထိပ်သို့ မော့ကြည့်လိုက်လျှင် တောင်ထိပ် အမြင့်ဆုံးနေရာမှာ စေတီတော်တစ်ဆူကို ခပ်သေးသေး ဖူးမြင်ရသည်။

ထိုစေတီတော်မှာ နိဗ္ဗာနပစ္စယ စေတီတော်ဖြစ်သည်။ ထိုစေတီတော်ကို ၁၃၅၈ ခုနှစ်က ဆရာတော် အရှင်ပညာသာမိနှင့် တပည့်ဒကာတို့ တည်ထားခဲ့ကြပြီး တိုက်ကျောင်းတစ်ဆောင်နှင့် ဇရပ်တစ်ဆောင်တို့ကိုပါ ဆောက်လုပ်ထားသည်။

ဤ ဓာတ်ကျိုက်တောင်၏ သာသနာပြုဆရာတော် ဝင်းဒရယ်ကျောင်း ဆရာတော် အရှင်ပညာသာမိအနေဖြင့် ထိုစဉ်ကာလက မိုးရာသီ ဝါတွင်း(၄)လတွင် ထိုတောင်ထိပ်ပေါ်မှာပင် သီတင်းသုံးခဲ့သည်။

ဓာတ်ကျိုက်တောင်ခြေမှ တောင်



▲ တောင်ခြေမှ ဂူသို့ အတက်လမ်းအစ မုခ်ဦး

▼ တောင်ပို့နှင့် နောင်တော်ကြီးစေတီ



ထိပ်အထိ ပေ(၁၀၀၀)ခန့်မြင့်ပြီး တောင်တက်ခြေကျင်လမ်း ရှိပါသည်။ တောင်သူတောင်သားခြေဖြင့်တက်လျှင် မိနစ်(၃၀)ခန့်ကြာပြီး မြို့သူမြို့သားခြေဖြင့် (၁)နာရီခန့် ကြာနိုင်ပါသည်။

ဘုရားပွဲတော် ကာလမျိုးတွင်သာ တောင်ထိပ်ပေါ်အထိ တက်ရောက်သူ များပြားတတ်ပြီး အခြားသော ကာလများတွင် တောင်ထိပ်ပေါ်အထိ တက်ရောက်သူ ရှားပါးလှပါသည်။

ဓာတ်ကျိုက်တောင်၏ အလျားမှာ (၆)ဖာလုံခန့်သာ ရှိပြီး အနံမှာ (၂) ဖာလုံခန့်မျှသာရှိသည်။ ဓာတ်ကျိုက်တောင်ထိပ်နှင့် တောင်ခြေဝန်းကျင်မှ ဓာတ်သားနှင့် ထုလုပ်(သို့မဟုတ်) ပုံသွင်းထားသည့် ဉာဏ်တော် တစ်လက်မခန့်အမြင့် ရှေးဟောင်း ရုပ်ပွားတော်များ၊ ရွှေကျောင်း၊ငွေကျောင်းတို့ ကောက်ယူ ရရှိခဲ့ကြဖူးသည်။ အချို့မှာ ပျူခေတ်လက်ရာနှင့် တူပြီး အချို့မှာ ယွန်းရှမ်းလက်ရာနှင့် တူကြသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ တောင်တက်လမ်းပေါ်တစ်နေရာကျော်မှ နောက်လှည့်ကြည့်လျှင် မြင်တွေ့ရသည့်
ဒုံတမိမြစ်နှင့် အနောက်ဘက်ကမ်းရှိ လယ်မြေကိုက်ခင်း ကော်ပိုင်းပုံရှာင်း

ဓာတ်ကျိုက်တောင်တွင် အမြင့်ဆုံးမှာ မျှင်ဝါးတောင်ဖြစ်ပြီး ထိုအနီးမှာ **ရသေ့တောင်**ရှိသည်။ ရှေးခေတ်က ဝိဇ္ဇာလမ်းလိုက်စားသော ရသေ့ကြီးများ နေထိုင်ကာ အဂ္ဂိရတ်ထိုးသော နေရာဟု သိရသည်။

ထို့အပြင် အဖြူရောင်ဘော်ကဲ့သို့ ဓာတ်သတ္တုများ အချောင်းလိုက် မျှစ်စို့များကဲ့သို့ ထောင်တက်နေသည်ကို ရရှိခဲ့ရဖူးသော **"ခဲတောင်"**၊ ပျူဆေးတံများကဲ့သို့ မြေသားရှေးဟောင်း ဆေးတံများစွာ တွေ့ရှိရဖူးသော **ဆေးတံတောင်**တို့လည်း ရှိပါသည်။

ဓာတ်ကျိုက် တောင်ခြေတွင် ကျောင်း၊ ကန်၊ ဇရပ် သာသနိက အဆောက်အအုံများစွာ ဖြစ်ထွန်းတိုးတက်နေပြီဖြစ်သည်။ တောင်ခြေတွင် ထိပ်ဆုံးတွေ့မြင်ရသည့် နီညိုရောင် ဆေးသုတ်ထားသော အဆောက်အအုံကြီးမှာ **"သီရိရတနာကျောင်း"** ဖြစ်သည်။

ထိုကျောင်းအနီးတွင် စတုဒိသာ ထမင်းကျွေး အဆောက်ကြီးမှာ ခမ်းနားလှပါသည်။ ထို့အပြင် ဘုရားရုပ်ပွားတော်(၂၈)ဆူ ပူဇော်ခံထားသော ဓမ္မာရုံကြီးကိုလည်း ကျောင်းအနီးမှာ တွေ့ရသည်။

ဆောက်လုပ်ဆဲ အဆောက်အအုံများလည်း ရှိနေသည်။ ဓာတ်ကျိုက်တောင်အနောက်ဘက်တွင် ဒုံတမိမြစ်ရှိသည်။ တောင်ခြေမှ ပေတစ်ရာခန့်သာ ကွာဝေးသည်။ မြစ်ကမ်းနဖူးတွင် မော်တော်ဆိုင်ကယ်များ ရပ်နားရန် အဆောက်အအုံတစ်ခု တွေ့ရသည်။

မြစ်ဆိပ်တွင် ဝါးဖောင်တစ်ခု ရှိသည်။ ဒုံတမိမြစ်ကြောင်း တစ်လျှောက်ရှိ ကျေးရွာများမှ ဘုရားဖူး ပရိသတ်များ ပဲ့ချိတ်လှေဖြင့် လာရောက်သည့်အခါ ရပ်နားသည့် လှေဆိပ်ဖြစ်ကြောင်း သိရသည်။

ဓာတ်ကျိုက်တောင် အနောက်ဘက်တောင်ခြေတွင် ဒုံသမိမြစ် အကွေ့အကောက် များလှသဖြင့် မြစ်ရေစီး မကြမ်းဘဲ ရေငြိမ်သက်မှု ရှိခြင်း၊ ရှေးအခါက ဒုံတမိမြစ်ကြောင်း သွားလာသည့် လှေများ သမ္ဗန်များ ဖောင်များ ဆိုက်ကပ်ရပ်နားသော **"ဆိပ်ကမ်းသာ"**ရှိခဲ့ကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com

ရေကြောင်း တစ်ခုတည်းကိုသာ အားကိုးခဲ့ရသော ရှေးအခါက ဤနေရာသည် လူနေများ စည်ကားခဲ့သော ဆိပ်ကမ်းကောင်းတစ်ခု ဖြစ်ခဲ့သည်။

ခတ်ကျိုက်တောင်မှာ တောင်ခြေမှ တောင်ထိပ်ထိ ပေ(၁၀၀၀)ခန့် မြင့်ပြီး၊ ခတ်ကျိုက်လိုဏ်ဂူမှာ တောင်ခြေမှ အမြင့်ပေ (၃၀၀)ခန့်၊ တောင်စောင်းတွင် တည်ရှိခြင်းဖြစ်သည်။

တောင်ခြေမှ ဂူဝအထိ ကွန်ကရစ်လှေကားထစ်များ ပြုလုပ်ထားသည်။ အတက်လမ်းအစတွင် လမ်း၏ တစ်ဖက်တစ်ချက်၌ ဆင်ဖြူတော်ရုပ်တစ်ရုပ်စီရှိသည်။ ရွှေဝါရောင်မုခ်ဦးကြီးလည်း ရှိပါသည်။

အသက်ငါးနှစ်မှ ဆယ်နှစ်အတွင်း ရှိကြသော ကျွန်ုပ်၏ မြေးငယ်များက သူတို့၏မိဘများ၊ ဦးငယ်,အဒေါ်ငယ်များနှင့် အတူ ရှေ့ဆုံးမှ အပြေးတက်သွားကြသည်။ ကျွန်ုပ်က နောက်ဆုံးမှ ဖြည်းဖြည်းလိုက်တက်ပါသည်။

လှေကားထစ် နှစ်ဆယ်ကျော်ခန့် အရောက်တွင် ကရင်ဝတ်စုံဖြင့် မြင်းဖြူတစ်ကောင်နှင့် ထိုင်နေဟန် ထုလုပ်ထားသည့် **တောင်ပိုင်ဘိုးဘိုးနတ်နန်း**ကို တွေ့ရှိရသည်။

ထိုနန်းဆောင်အနီး မြေပြန့်ငယ်တွင် ရှေးက ဂဝံကျောက်စေတီတောင်း (၂)ဆူရှိရာ ညီနောင်စေတီဟု ယူဆပြီး စေတီတစ်ဆူကို ပြန်လည်ပြုပြင်ထားသည်။ ကျန်သော တစ်ဆူကို ရှေးဟောင်းလက်ရာ



ခတ်ကျိုက်ဂူဝ မျက်နှာစာရှိ ရှုမျှော်ခင်းနေရာ

လေ့လာလိုသူများအတွက် ချန်ထားခဲ့ကြောင်း သိရသည်။

ပြုပြင်ထားသော စေတီကို နောင်တော်ကြီးစေတီဟု ခေါ်ကြသည်။ ၁၃၅၅ ခုနှစ် ထီးတော်တင်လှူခဲ့ကြသည်။

ထို ဂဝံကျောက်စေတီတော်များ အနီး တောင်နံရံတွင် သဘာဝကျောက်တုံးများကို စီထပ်ကာရံထားသည်ကိုလည်း တွေ့ရသည်။

၁၉၉၄ ခုနှစ်က ကျွန်ုပ် ပထမဆုံးအကြိမ် ဤလိုဏ်ဂူတော်သို့ ရောက်ရှိစဉ်က ဆရာတော် အရှင်ပညာသာမိထံတွင် ရှေးခေတ်သုံး ပိုက်ဆံ၊ ငွေတုံးငယ်လေးများ တွေ့ရှိခဲ့ဖူးသည်။ ရုပ်ပုံတံဆိပ်လည်းရှိသည်။

မုတ္တမရှိ ဝါရီရူမြို့ဟောင်းတွင် အိမ်ဆောက်လုပ်ရန် မြေတူးသူများနှင့် ထိုဝါရီရူခေတ် မတိုင်ခင် ရှိခဲ့ဖူးသော မုတ္တမမြို့ရိုးဟောင်းနှင့် ကမ်းပြိုသော မြစ်ကမ်းစပ်တို့မှာ ဒေသခံများ မကြာခဏ ရှာဖွေတွေ့ရှိကာ ကောက်ယူ စုဆောင်းထားသော ရှေးခေတ်ဟောင်းသုံး ပိုက်ဆံ၊ ငွေတုံးကလေးများနှင့် တစ်ထပ်တည်း တူညီနေကြောင်း တွေ့ရှိရသည်။

ဆရာတော်၏တပည့် သီလရှင်လေးများက ရှေးဟောင်း ဂဝံကျောက်စေတီ(၂)ဆူအနီး ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းစဉ် ထိုနေရာမှ အဆိုပါ ငွေတုံးငွေစများ တွေ့ရှိ ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ထိုစဉ်က မုတ္တမနှင့် တံ့ဝန်းမြို့တို့ ဆက်သွယ်သွားလာ အဓိက ရေလမ်းဖြစ်သည့် ဒုံတာမိမြစ်ကြောင်းတွင် ဤခတ်ကျိုက်တောင်ခြေမှာ တစ်ထောက်နားစခန်း ဖြစ်ခဲ့ဖွယ် ရှိပါသည်။

**ရှေ့လ ဆက်ဖတ်ပါရန်**

**စေတနာမှန်လျှင် ကံကောင်းမည်။**

**အောင်ဇ(LL.B)**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂




အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (တနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်းခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း


အမှတ်-ရ/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၃၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)




www.burmeseclassic.com

www.burmeseclassic.com



◆ ကဿပချောင်ကြီး၏ အနောက်ဘက်ရှိ
ပတ္တကြီးသံဃာရာမ၏ ဥမင်သုံးဆယ် ရုပ်ပွားတော်များ။

မြို့စစ်ကိုင်း၏

# သမိုင်းဝင်ဥပါ ချောင်သေလာ (၂)

**အောင်ရွှေမြတ်**
(စစ်ကိုင်းတောင်)

## ကဿပချောင်

ဒါယကာ

မူလတောရချောင်သာ ဖြစ်၍ ကိုယ်တိုင်ဆောက်သည်ဟု ယူဆရပါသည်။

ချောင်တည်နှစ်

သက္ကရာဇ် ၇၂၆ ခုနှစ်။

တည်နေရာ

စစ်ကိုင်းတောင် ဥမင်သုံးဆယ် ဘုရား၏ စောင်းတန်းအတက် ညာဘက်ဘေး။

အစောင့်အရှောက်

**သောတာပန် နတ်ဘီလူးကြီး၏** ပိုင်နက်။

ပင်းယမင်း ဥဇနာသည် ပင်းယ မြို့နှင့် အင်းဝအနီး၌ စံကားသား ဖြင့် ကျောင်းတော်ကြီး(၇)ကျောင်း ဆောက်လုပ်တော်မူပါသည်။

သက္ကရာဇ် ၇၀၂ ခုနှစ်တွင် ပြီးစီး ၍ ကျောင်းတင်လှူဒါန်းပါသည်။

စကား(၇)ကျောင်းဟူ၍ ကျော်ကြားခဲ့လေသည်။

ကျောင်းတော်များကို အမည်တပ် ၍ လှူဒါန်းပါသည်။

ဇမ္ဗူကကျောင်းတော်(၁)

စာခိုပေသင် အမတ်သား **"ရှင်သုဓမ္မမဟာသာမိ"**အား လှူဒါန်း၏။

ပုဂံကိုဏ်းသံဃာ (၄)ပါးတွင်



www.burmeseclassic.com

www.burmeseclassic.com



◆ နှစ်ကိုးရှစ်ဆူဘုရားများ၏ အလယ်တွင် စံပယ်တော်မူသော ထူးခြားသည့် "ဓမ္မစက္က" ရုပ်ရှင်တော်

**ရှင်အရဟံအနွယ် ပုရိမသံဃာ** ဖြစ်သည်။

ဝေဠုဝန်ကျောင်း(၂)

အဘိဓမ္မာ တတ်ကျွမ်းသော "**အရှင်ဉာဏတေဇ**"အား လှူဒါန်း၏။ **အရဟံအနွယ် ပုရိမသံဃာ** ဖြစ်သည်။

ဇေတဝန်ကျောင်း(၃)

အဋ္ဌကထာနှင့် ဝိနည်း(၅)ကျမ်း၊ ဝါစုဂ္ဂတ "**အရှင်ဂုဏာဘိရာမ**" အား လှူ၏။ **အရှင်အာနန္ဒာ အနွယ်တော် ပစ္ဆိမသံဃာ** ဖြစ်၏။

ကုလားကျောင်း(၄)

အရှင်အာဒိစ္စရံသီအား ကျောင်းတင်လှူဒါန်း၏။

အရှင်အာနန္ဒာ **အနွယ်တော် ပစ္ဆိမသံဃာ** ဖြစ်၏။

ရွှေကျောင်း(၅)

အရှင် သုဓမ္မာလင်္ကာရအား ကျောင်းတင်လှူဒါန်း၏။

**အရှင်အာနန္ဒာ အနွယ်တော် ပစ္ဆိမသံဃာ** ဖြစ်၏။

အိမ်နိမ့်အာရာမ်ကျောင်း(၆)

ဇမ္ဗုကကျောင်းတော်နေ **အရှင်သုဓမ္မမဟာသာမိ**၏ တပည့်ဖြစ်၏။ "**အရှင်ဝရပတ္တ**"အား ကျောင်းတင်လှူဒါန်း၏။

အရှင်ဝရပတ္တသည် အလင်္ကာ၊ ဆန်း၊ ကလာပ်၊ ဝိဒဂ်၊ ဒဏ္ဍီ၊ ဗာဟီ၊ ဗေဒင်နှင့်တကွ၊ သဒ္ဒါ၊ ဉာဉ်ကျမ်းတတ်သော ဆရာဖြစ်၏။

မြင်းစိုင်းမှ ဖြစ်၏။

တောင်စွန်းကျောင်း(၇)

"**အရှင်သီရိပုညဝါသီ**" အား ကျောင်းတင်လှူဒါန်း၏။

ဇမ္ဗုက ကျောင်းမတော်နေ **အရှင်သုဓမ္မမဟာသာမိ**၏ အနွယ်တော် ဖြစ်၏။

စကား(၇)ကျောင်း ဆရာတော် ခုနစ်ပါးတို့မှာ သုဝဏ္ဏဘုမ္မိ သထုံ အနွယ်၊ ပုဂံအနွယ်တော် ပညာ တတ်၊ စာတတ်များ ဖြစ်ကြ၏။

သီလဝန်၊ ဂုဏဝန်၊ လဇ္ဇီပေသလ သိက္ခာကာမ ဖြစ်ကြသောကြောင့် အထူးပင် သာသနာတော် စည်ပင် ခဲ့ကြလေ၏။

ယင်းဆရာတော်တို့၏ သာသ





www.burmeseclassic.com

www.burmeseclassic.com

မှာ စစ်ကိုင်း၊ မြင်းစိုင်း၊ ပင်းယ၊ အင်းဝတို့တိုင်အောင် ပြန့်ပွားကြလေသည်။

နောင်သောအခါ စကား(ရ) ကျောင်းမှ အချို့ကျောင်းများသည် **"ပွဲကျောင်းဂါမဝါသီ"** ဖြစ်သွားသည်လည်း ရှိလေ၏။

"ပွဲကျောင်းဂါမဝါသီ" တို့မှာ အလှူအတန်းများပြားခြင်း၊ အရပ်သားများနှင့် အနီးအကပ် လက်ပွန်းတတီး နေကြခြင်းလည်း ဖြစ်လေ၏။

စကားကျောင်းနေ များစွာသော **"လဗ္ဗိပေသလ"** ရဟန်းတော်တို့မှာ စကားကျောင်းကို စွန့်ခွာ၍ အင်းဝ, စစ်ကိုင်းတို့၌ ကြွရောက်သီတင်းသုံးကြပါသည်။

### ပွဲကျောင်းဂါမဝါ

"ပင်းယမင်းကြီး ဥဇနာ"က မိမိလှူသော စကား(ရ)ကျောင်းတို့အတွက် ထပ်ဆင့်ကုသိုလ်တော် ဝတ်မိုး,ဝတ်မြေများ လှူဒါန်းပါ၏။

ယင်းခေတ်အခါက ရဟန်း, သံဃာတော်များမှာ ဆွမ်း,ကွမ်း ဆည်တို့ ရှားပါးကြသည်ဟု ပညာရှင်များက ယူဆကြပါသည်။

ထို့ကြောင့် ဝတ်မိုး,ဝတ်မြေများ ကို အငှားချ၍ ဘဏ္ဍာများကို ဆောင်း၍ စုဆောင်းကြရလေ၏။ ငှားရမ်းခြင်း၊ သိမ်းဆည်းခြင်း ပြုရလေ၏။

ဆောင်း၍ စုဆောင်းရာတွင် **"ပညာတ"** မပြုလိုသူ များလာသောကြောင့် **"ကျောင်းမတော် ဆွမ်းသုခမ္မမဟာသာမိ"** သူမြတ်



◆ ကဿပကျောင်း၏ အနောက်ဘက် စာမရီတောင်ထိပ်မှ
နှစ်ကိုယ်ရုပ်ရှေ့တော်ဘုရားနှင့် မဟာထေရ်ဓာတ်တော်
◆ ကဿပကျောင်း၏ အထက်စာမရီတောင်မှ
ရှုမြင်ရသော စစ်ကိုင်းတောင်တန်းနှင့် စေတီတော်များ



က သံဃာတော်(၃)မျိုးဖြင့် သီးခြား ဆောင်ရွက်စေပါ၏။

**၁။ ဝတ္ထုသိမ်းသံဃာ**

ဝတ်မိုးဝတ်မြေများမှ အခွန်ဘဏ္ဍာများကို သိမ်းဆည်းခြင်း၊ သိုလှောင်ခြင်း၊ စာရင်းပြုစုခြင်းတို့ကို ဆောင်ရွက်ကြရ၏။

**၂။ ဝတ်စားသံဃာ**

ကိစ္စကြီးငယ် ပေါ်ပေါက်တိုင်း ရှင်းလင်းဖြေရှင်းရခြင်း၊ ဝေဖန်စိစစ်ပေးရခြင်းဖြင့် နှစ်ဦးနှစ်ဖက် မျှတအောင် ဆောင်ရွက်ပြီးစီးစေရ၏။

**၃။ သာသနာစိုးသံဃာ**

သံဃာတော်တို့အား ဝိနည်းတော်နှင့်အညီ ဆုံးမသြဝါဒပြုသော ဆရာဖြစ်လေသည်။ ဥပဇ္ဈာယ်ဆရာလည်း ဖြစ်လေ၏။

စကားကျောင်းတော်နေ ပရက္ကမညီနောင်တို့နှင့် **"အရှင်သာသနဓရ"** တို့မှာ စကားကျောင်း၌ အမှူ



www.burmeseclassic.com

www.burmeseclassic.com





▲ ကဿပချောင်၏ အနောက်ဘက်မှ ရွှေစေတီတော်

◀ ကဿပချောင်အနီး၌ တည်ရှိသော ဖျော်တော်ရောင်စေတီတော်

ကိစ္စ များပြားလာသောကြောင့်လည်းကောင်း၊ ပရိယတ်,ပဋိပတ်လျော့နည်း လာသောကြောင့်လည်းကောင်း မကြိုက်မနှစ်သက်၍ စကားကျောင်းကို စွန့်ခွာကြလေသည်။

အရှင်သာသနဓရကား တူရွှင်းတောင်ခြေသို့ ကြွရောက် ခိုလှုံလေ၏။

ပရက္ကမညီနောင်မှာ စစ်ကိုင်းတောင်သို့ ကြွရောက် တောရမှီကြလေ၏။

ပရက္ကမ ညီတော်,နောင်တော်နှစ်ပါးတို့အား **"တောရနေ ဂေစာရ"**ဆရာတော်များဟု စစ်ကိုင်းမြို့နယ်တစ်လွှား၌ အမည်တွင်သွားကြလေ၏။

မြို့ရွာနှင့် နီးကပ်စွာ သီတင်းသုံးကြသော ရဟန်းသံဃာတော်များကို ကား **"ဂါမဝါသီဗဟုစာရ"** ဟူ၍ ကွဲပြားခြားနားစွာ ယခုတိုင် ခေါ်တွင်ကြပါ၏။

ထိုခေတ်ကာလ တစ်ပြိုင်တည်းမှာပင်**"သံဃာ့ရာဇာ၊ သင်္ဂဇာ"** ဟူ၍ ပေါ်လာ၏။

သံဃာတော်များ၌ **"အလဇ္ဇီ ဒုဿီလ"**နှင့်**"ရှင်ယောင်အရည်း"** ဟု ပေါ်လာပြန်လေ၏။

## အလဇ္ဇီဒုဿီလ

သိမ်ဝင်လျက်၊ သိက္ခာတင်ပါလျက် တရားမကျင့်သူဖြစ်သည်။

## ရှင်ယောင်အရည်း

သိက္ခာမတင် သိမ်မဝင်ဘဲ ရသေ့ရဟန်းအသွင် နေထိုင်သူဖြစ်သည်။

ပင်းယမြို့အနီး စကားအင်းရွာအနား၌ စကား(၇)ကျောင်း တည်ရှိလေ၏။ စကားကျောင်းနေ ပရက္ကမညီနောင် (၂)ပါးတို့သည် အင်းဝရွာကြီးအား "ဂေါစရဂါမ" ဆွမ်းခံရွာအဖြစ် သတ်မှတ်သီတင်းသုံးကြပါသည်။

ထီးလှိုင်ရှင်အနီး တောင်ဘီ[...] ကုန်းတော်၌ သီတင်းသုံးကြ[...] လည်း အင်းဝရွာကြီးအား သ[...] မင်းဖျားက နေပြည်တော်အ[...] ပြောင်းလဲတည်ထောင်လေ၏[...]

ရွှေနန်းတော်နှင့် အနီးကပ်[...] ဖြစ်သောကြောင့် စစ်ကိုင်းတော[...] **"အရညဝါသ"**ခိုလှုံနိုင်ဖို့ ပြေ[...] ရွှေ့ခဲ့ကြလေတော့သည်။

စစ်ကိုင်းတောင်မှာ ချောင်လ[...] ကျ၏။ လိုဏ်ဂူလည်း ပေါမျာ[...] ဆွမ်း,ရေနှင့် စေတီပုထိုး ပေါကြ[...] သော ဌာနေ ဖြစ်လေ၏။

ကဿပဂူကြီးနှင့် ရတနာ[...] စေတီတော် တည်ရှိရာ [...] ကောင်းလည်း ဖြစ်လေသည်။[...] (၂၇)ပါးဖြင့် သီတင်းသုံးရာ၌ ပဲ[...] ကိုသာ အဓိကထား သုံးဆော[...] သောကြောင့် **"ပဲစားချောင်**[...] အမည်တွင်သွားလေတော့သ[...]

ကဿပ လိုဏ်ဂူတော်[...] ဂုဏ်ဟိတ်ကလည်း [...] သောကြောင့် ရှေးမဆွ[...]



www.burmeseclassic.com

www.burmeseclassic.com





▲ မဟာအောင်မြတ်မုနိစေတီတော်နှင့်အတူ ကဿပ သံဃာဆောင်အား အပေါ်စီးမှ သာယာလှပစွာ တွေ့မြင်ရပုံ

◄ ကဿပချောင်ကြီး၏ အထက်ကုန်းတော်မှ မဟာအောင်မြတ်မုနိစေတီတော်

"ကဿပချောင်"ဟူ၍ ကျော်ကြားပြီး ဖြစ်ပါသည်။

ဤဌာနအား ဥပါသကာများက ဆရာတော်များအား အလှူအတန်းများခြင်း၊ သံဃာဦးရေ တိုးပွားလာခြင်းတို့ ဖြစ်ပေါ်လာလေ၏။

ညီတော်၊နောင်တော် (၂)ပါးတို့ကား ပရိယတ်ထက် ပဋိပတ်ကိုသာ ဦးလည်မသုန် အားသန်တော်မူကြသောကြောင့် စာမရှိတောင်၏ မြောက်ဘက်ချပ်အတွင်း အရှေ့နှင့် အနောက် (၂)ပါးခွဲ၍ တောရ ဆောက်တည်ကြပြန်လေ၏။

မူလ ပဲစားချောင်ခေါ် ကဿပချောင်မှာလည်း တိုးတက်စည်ကားမြဲအတိုင်းပင် ဆက်လက်တည်ရှိခဲ့လေတော့သည်။

ကဿပ ချောင်ကြီးကား အလောင်းစည်သူမင်းကြီး "**ရှင်ဖြူရှင်လှစေတီ**" တည်နေစဉ် သက္ကရာဇ် ၄၇၈ ခုနှစ်ကပင် တည်ရှိသော **အောင်မြေကျောင်းတော်ရာ** ဖြစ်ပေတော့၏။

ရတနာပုံမိဖုရားကြီး၏ ကုသိုလ်တော် ရတနာမောင်ဦးစေတီ တည်ထားစဉ်ကပင် ကဿပလိုဏ်ဂူတော်ကြောင့် အမည်တွင်ခဲ့ပြီလည်း ဖြစ်လေရာ နှစ်ပေါင်း(၂၀၀)ကျော်မျှ ကြာမြင့်ခဲ့ပြီးလေပြီ။

မူလ ကျောက်လိုဏ်ဂူများကို အုတ်၊အင်္ဂတေများဖြင့် အလောင်းစည်သူမင်းကြီးက ခိုင်မာစွာ အစားထိုး မွမ်းမံ၍ သီရိလင်္ကာမင်း၏ ဓမ္မလက်ဆောင် "**အရှင်မဟာကဿပရဟန္တာကြီး၏ ရုပ်ပွားတော်**"အား သီတင်းသုံးစေခဲ့လေ၏။

လိုဏ်ဂူတော်ကြီးမှာ ကြီးကျယ်ခမ်းနား ဆန်းပြားလှသော ကျောင်းတော်အဖြစ် စီမံဆောင်ရွက်ထားသောကြောင့် "**ကဿပလိုဏ်ဂူ**" **ကဿပချောင်** ဟူ၍ သမိုင်းမှတ်တမ်းဝင်သွားပေသည်။

ယနေ့ခေတ်တွင်မူ "**ပဲစားချောင်**" အမည်သာလျှင် အသိအမှတ်ထားကြပါ၏။

သက္ကရာဇ် ၆၇၇ ခုနှစ်တွင် အသင်္ခယာစောယွမ်းမင်းက စစ်ကိုင်းနန်းသစ် တည်ဆောက်သောအခါ ကိုးဂဏန်းကို အထူးပြု၍ **ချောင်ကိုးချောင်၊ တောင်ကိုးတောင်** သမိုင်းဝင်သွားခြင်းလည်း ဖြစ်လေသည်။

မြို့အမည်ကိုလည်း "**အတုလဝတီ**"ဟု သမုတ်လေသည်။

မြို့တည် ပန္နက်ချသောအခါ ယာယီတဲနန်းအောက်မှ ငလျှင်ကဲ့သို့ တုန်လှုပ်ချောက်ချားဖွယ် လှုပ်ရှားသွားလေ၏။ ပညာရှင် ပုဏ္ဏားများကို မေးလေ၏။

ပညာရှင်များ၏ နှုတ်ထွက်စကားဖြင့် မြေအောက် အနက်(၁၆)တောင်



www.burmeseclassic.com

www.burmeseclassic.com

တူး၍ကြည့်စေ၏။ **မြွေနဂါးကြီး တစ်ကောင်ကို** တွေ့မြင်ကြရလေ၏။

မြွေနဂါးကြီးမှာ လုည်းဘီးပမာဏမျှ ကိုယ်လုံးလည်း ရှိ၏။ အလျား (၁၈)တောင်လည်း ရှိလေ၏။ လူကိုကား အန္တရာယ်မပြု။

ယင်း မြွေနဂါးကြီးအား ဖမ်းယူကြလေ၏။ အစာရေစာပေး၍ **"မဲဇာရွှေလီတော"**သို့ ဘေးမဲ့ပေးလွှတ်ကြရလေ၏။

ထိုမြွေနဂါးကြီးအား အစွဲပြု၍ **"အတုလဝတီ"**မြို့ဟု ခေါ်တွင်ခဲ့ကြလေသည်။

အမတ်ကြီးဦးပုည၏ ဆွမ်းဦးပုညရှင်စေတီအား ရွှေထီးတော်ကပ်လှူ၏။

ပတူကြီး သံဃရာဇာ၏ ဥမင်သုံးဆယ်ဘုရားကို ရွှေသင်္ကန်းအပြည့်လှူ၏။

အလောင်းစည်သူ၏ ရှင်ဖြူရှင်လှစေတီကိုလည်း ပြုပြင် မွမ်းမံတော်မူ၏။

မြို့တည် စေတီလှစေတီတော်အား တည်ထားပြီးသောအခါ ရှေးအဆက်ဆက်က **အမှုပေးဝေတိုင်း ထိုအမှုကို လက်ခံလေ့ မရှိသော နတ်ဘီလူးကြီးများ** ရှိပါလေသည်။


အသခ်ယာ စောယွမ်းမင်းကြီးက ပင့်ဖိတ်၍ အမှုဝေသော အခါမှသာ "သာမု"ခေါ်ကြလေ၏။

**ထို့ကြောင့် နတ်ဘီလူးကြီးများကိုပင် အောင်မြင်စွာ အမှုဝေနိုင်သောကြောင့် "ဝေယျာမှုမြို့"ဟု မြည်လူ မြည်သားများက မြို့အမည်သစ်မြင့် သမုတ်ခဲ့ကြလေတော့၏။**



◆ ပဲစားချောင် ကုန်းတော်ထက်မှ ဆုတောင်းပြည့် ကံတော်ဦးစေတီတော်

◆ ကဿပချောင်ကြီးသို့ ညအိပ်ညနေ ဘုရားဖူးများအား တည်းခိုနိုင်သော အာရာမ်ကျောင်းများ



မြို့စောင့်နတ်မင်းကြီး ကိုးပါး၊ တင်ရိုးနတ်ကိုးပါးတို့ကို နန်းသစ်တည်ချိန်တွင် အထူး ပါဝင်စေခဲ့ပါသည်။

**မြို့တော်တည်လင်္ကာ**

သုနာပရန်၊ သမုတ်မှန်ကား၊
ရန်မာန်ပယ်ခိုင်၊ မြို့စစ်ကိုင်း၏၊
သပိုင်းစဥ်လာ၊ ကိုး ကိုးဖြာသား၊
မြတ်စွာရှင်ဓား၊ မုဋ္ဌောကိုးဆူ၊
ဂူလည်းကိုးဖြာ၊ ရတနာကိုးဆောင်၊
တောင်လည်းကိုးလုံး၊ မြင့်ဆုံးကြီးမား၊
ကုန်းကိုးပါးနှင့်၊ သိကြားကိုးမော်၊
မော်လည်းကိုးတွင်၊ ကျဉ်းလည်းကိုးမြောင့်၊
မြို့စောင့်နတ်များ၊ ကိုးစုထား၍၊
ကိုးပါးကိုးလီ၊ တွက်စစ်ညီ...

ဟု **ညောင်ပင်သာ ဦးပုညက** မှတ်တမ်းတွင် လင်္ကာဖွဲ့တော်မူသည်။




www.burmeseclassic.com

www.burmeseclassic.com



● ကဿပလိုဏ်ဂူအထက်မှ အောင်မြေအဆောင်ပြာသာဒ်နှင့် ရတနာမော်ဦးစေတီအား ပူးမြင်ရပုံ



● ကဿပလိုဏ်ဂူနှင့် ရတနာမော်ဦးစေတီတော်အား အပြည့်အစုံ ပူးမြင်ရပုံ

[illegible]ခေါ်သော နတ်ဘီလူးကြီးများ
- သရက္ခန်တောင်နတ်ကြီး
- သဲ့ဝရောနတ်ကြီး
- တောင်ဘီလူးနတ်ကြီး
- တာနေ့ာယက္ခနတ်ကြီး
- သောတာပန်နတ်ကြီး
- ဥသရောနတ်ကြီး
- [illegible]မှာတ်နတ်ကြီး
- ထော်ရုံတောင်နတ်ကြီး
- [illegible]ရှင်နတ်ကြီးများ…

[illegible]ကြောင်း မှတ်တမ်းတင်ထား[illegible]

[illegible]မိုင်းဝင် ချောင်ကြီးကိုးချောင်[illegible](၇)မျိုးအထိ မှတ်တမ်းများ[illegible]လေ၏။

- [illegible]ပေါင်းမှု
- ရှေးစာဆို၏မှု
- ထွင့်ခေါင်ဆရာတော်မှု
- ရတနာမာန်အောင်မှု
- ဦးပုညမှု
- ဝါသနာရှင်မှု
- သုတေသီ ဦးထွန်းနီမှု

ဟူ၍ ရှိနေသောကြောင့် စုစုပေါင်း ချောင်(၃၀)အထိ အမည်များ ဖော်ပြထားကြပါသည်။

အမှန်တကယ် အားဖြင့်လည်း နှစ်ပေါင်းရာချီ ကြာမြင့်လှသော အခြားချောင်ကြီးများလည်း တည်ရှိနေဆဲ ဖြစ်ပါ၏။

ထိုအကြောင်းများကြောင့် တူညီမှုများသော ချောင်ကြီးများကိုသာ အထူး ဖော်ပြထားရပါတော့မည်။

နောက်ခံသမိုင်း ရှာမရခြင်းနှင့် ချောင်ကြီးများ ပျက်စီးပျောက်ကွယ်သွားသည်လည်း ရှိပါသည်။

အထူးပြုရမည့် ချောင်များ

၁။ ပရက္ကမချောင်
၂။ ရွှေပါချောင် ***(နေရာမှုသာ)***
၃။ ယုန်ဖြူချောင်
၄။ ကဿပချောင် ***(ပဲစားချောင်)***
၅။ ဥရုဝေဠချောင်
၆။ ပိတောက်ချောင်
၇။ ကောဏ္ဍညချောင်
၈။ ရေငုံချောင်
၉။ ခန္တီသောမချောင်

ဖော်ပြပါ ချောင်တော်ကြီးများမှာ မှတ်တမ်းပြုခဲ့ကြသော ဆရာတော်ကြီးများ၊ သုတေသီများ၏ တူညီမှု



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာ ဆောင်းပါး

# ကျားမှန်လျှင် အားသန်ရမည်



အမျိုးသား အားနည်းရောဂါ
(ပန်းသေ၊ ပန်းညှိုး)
ဖြစ်တတ်သူများမှာ...
၁။ မေထုန်မှု လွန်ကဲသူများ၊
၂။ သဘာဝမဟုတ်သော ဟတ္ထ မေထုန်ပြုသူများ၊
၃။ ကုန်ခန်းသွားသော သုက်၏ ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည် မဖြည့်ဆည်းသူများ၊
၄။ အပျော်အပါး လိုက်စားသူများ၊
၅။ သားကြောဖြတ်ထားသူများ၊
၆။ မြစ်ခြောက်နာ ရှိသူများ၊
၇။ အဆုတ်ရောဂါ ရှိသူများ၊
၈။ လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊
၉။ ဆီးချို၊ သွေးချိုရောဂါ ရှိသူများ၊
၁၀။ လိပ်ခေါင်းရောဂါ ရှိသူများ၊
၁၁။ အသက်အရွယ်ကြီးရင့်သူများ

ပန်းသေ၊ ပန်းညှိုး ဖြစ်တတ်ကြပါတယ်။

ပန်းသေ၊ ပန်းညှိုး ရောဂါဆိုပြီး အလွယ်တကူ ပြောဆိုနေကြပေမယ့် အမှန်တကယ်တော့ ပန်းညှိုးပြီးမှ ပန်းသေရောဂါ ဖြစ်တတ်ကြတယ်။ ပန်းညှိုးရောဂါ ဝေဒနာခံစားရတဲ့ လက္ခဏာများကတော့...

၁။ လိင်တံ တောင့်တင်းခိုင်မာမှု မရှိခြင်း၊
၂။ လှုပ်ရှားရုံသာ လှုပ်ရှားပြီး ပျော့နေတတ်ခြင်း။
၃။ ခန္ဓာကိုယ် ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊
၄။ မောပန်းလွယ်ခြင်း၊
၅။ အစားအသောက် ပျက်ခြင်း၊
၆။ ညဦးပိုင်းတွင် အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတတ်ခြင်း၊
၇။ သတိမေ့လျော့တတ်ခြင်း

စတဲ့ အချက်များဟာ ပန်းညှိုးရောဂါရှိသူများရဲ့ ခံစားရတဲ့ ဝေဒနာလက္ခဏာများ ဖြစ်ပါတယ်။

အဲဒီ ပန်းညှိုးခြင်းဝေဒနာရဲ့ လက္ခဏာတွေရှိလာတာကို ဆေးပညာအသိမရှိဘဲ အချိန်မီ ကုသမှုမခံခဲ့ရင် ခန္ဓာကိုယ်ရဲ့အဓိကဖြစ်တဲ့ ရသာရည်၊ အသွေး၊ အသား၊ အဆီ၊ အရိုး၊ ခြင်ဆီ၊ သုက်ဆိုတဲ့ သရီရဓာတ် (၇) ပါး အဆင့်ဆင့် ကုန်ခန်းပြီး မူလ ပန်းညှိုးရာက ပန်းသေခြင်း ဘဝမျိုးနဲ့ ရင်ဆိုင်ရတတ်ပါတယ်။

ပန်းသေရောဂါ အဆင့်ရောက်ပြီဆိုရင် ...
၁။ ဝေးတစ်လုံး တက်ခြင်း၊
၂။ ကာမရာဂစိတ် ကုန်ခန်းခြင်း၊
၃။ သုက်လွှတ်မြန်ခြင်း၊
၄။ သလုံးသားများ ခြောက်ခြင်း၊
၅။ သွလိပ်အုပ်စု ခန်းခြောက်ခြင်း၊
၆။ နှုတ်ခမ်း၊ လျှာ ဖြူခြင်း၊
၇။ အားအင်ကုန်ခန်းခြင်း၊
၈။ စကား မပီသခြင်း၊
၉။ စသံ၊ နသံ မကွဲပြားခြင်း။
၁၀။ လိင်ချောင်းသေးပြီး တို ဝင်ခြင်း။
၁၁။ ဆီးပြွတ်တောက် ပြွတ်တောက်သွားခြင်း စတဲ့ လက္ခဏာများ ဖြစ်လာတတ်ပါတယ်။

ပန်းညှိုးခြင်းလက္ခဏာ (၇) ချက်နဲ့ ပန်းသေခြင်း လက္ခဏာ (၁၁) ချက်ကို တွေ့ထိခံစားနေရပြီဆိုရင် မေ့လျော့ပေါ့ဆမနေပါနဲ့ "ပြည်စိုး" အထူးကုတိုင်းရင်းဆေးခန်းကို အမြန်အရောက်လှမ်းခဲ့ပါ

မြန်မာ့နန်းတွင်း အကြောပညာရှင် နေလဝိဇ္ဇာဆရာကြီး ဦးစံမြင့် (တဆ - ၁၂၇၄) နဲ့ ဆရာဦးစိုးမော် (တဆ - ၂၆၁၁) တို့က အမျိုးသား အားနည်းရောဂါ (ပန်းသေ၊ ပန်းညှိုးရောဂါ) များအပြင် အခြားရောဂါများဖြစ်တဲ့ ...

၁။ လေငန်း၊ လေဖြတ်၊
၂။ အကြောကပ်၊ အကြောညှပ်၊
၃။ လေးဖက်နာ၊
၄။ ကျီးပေါင်းရောဂါ၊
၅။ နလုံးသွေးကြောကျဉ်းရောဂါ၊
၆။ လိပ်ခေါင်းရောဂါ၊
၇။ သွေးချို၊ ဆီးချိုရောဂါ၊
၈။ ကျောက်ကပ်ရောဂါ၊
၉။ အစာအိမ်ရောဂါ၊
၁၀။ အာရုံကြောရောဂါများကို အကြောပညာ၊ ဆေးပညာ နာယလေးပါးနှင့် ကိုက်ညီကာ အချိန်တိုအတွင်း သက်သာ ပျောက်ကင်းအောင် အောင်မြင်စွာဖြင့် ကုသပေးနေပါပြီ။

တွေ့ဆုံဆက်သွယ်နိုင်သည့် လိပ်စာ ...

မြန်မာ့နန်းတွင်း အကြောပညာရှင်
နေလဝိဇ္ဇာ ဆရာကြီး ဦးစံမြင့်နှင့်သား ဦးစိုးမော်
ပြည်စိုး အထူးကုတိုင်းရင်းဆေးခန်း
အမှတ် (၁)၊ လိပ်ကန်အနီး၊ တောက်ဘက်မုခ်၊
ကျိုက္ကဆံ ဘုရားဝင်း၊ သယ်န်းမြို့နယ်၊ ရန်ကုန်မြို့
**Ph : 09 31054631, 09 251031871**



www.burmeseclassic.com

www.burmeseclassic.com

ရှင်ကပ်တောင်တောရကျောင်းနှင့်

# ရှင်ကပ်တောင် ဆရာတော်ကြီး

ကောင်းသန့် (သခွတ်မြေ) ဝက်လက်



☙ ရှင်ကပ်တောင် ဆရာတော် ဦးသုမန

ဇလပ္ပမာဏံ ကုမုဒ္ဒနာဠံ
ကုလပ္ပမာဏံ ဝိနယောပမာဏံ။
ဗျတ္တိပ္ပမာဏံ ကထိတဝါကျံ
ပထဝီပမာဏံ တိဏာမိလာတံ။

**လောကေ**– လောက၌၊ **ဇလပ္ပမာဏံ**– ရေဝတိမ်ရေနက်ကိုကား၊ **ကုမုဒ္ဒနာဠံ**– ကြာရိုးကြာစွယ်ကို ကြည့်၍ သိအပ်၏၊ **ကုလပ္ပမာဏံ**– အမျိုးယုတ်မြတ်ကိုကား၊ **ဝိနယောပမာဏံ**– ကိုယ်အမူအရာ,နှုတ်အမူအရာ(အကျင့်)အားဖြင့် သိအပ်၏။

**ဗျတ္တိပ္ပမာဏံ**– ပညာ ရှိမရှိကိုကား၊ **ကထိတဝါကျံ**– ဆိုသော စကားဖြင့် သိအပ်၏၊ **ပထဝီ ပမာဏံ** – မြေ ကောင်း,မကောင်းကိုကား၊ **တိဏာမိလာတံ**– မြက် ညှိုး,မညှိုးကို မြင်သဖြင့် သိအပ်၏။

*(လောကနီတိ)*

ကျောက္ကာရွာနှင့် အနီးတဝိုက်ရှိ ...န်ဒိုးကြီးဘုရားတို့ကို လှည့်လည် ဖူးမြော်ပြီး ဓာတ်ပုံရိုက် သမိုင်းမှတ် ...မ်းတို့ကို စုဆောင်းခဲ့ရာ အတော် များများ ပြည့်စုံပြီဖြစ်သဖြင့် "ဝက် လက်"သို့ မနက်စောစောပြန်ရန် ဆိုင်ကယ် လိုက်မောင်းပို့သော ...ောင်ဝေယံစိုးနှင့် တူအရီး ...ယောက် ပြင်ဆင်နေစဉ် တည်း ...ရှင် မောင်အောင်ကျော်သန်း၏ ...များဖြစ်သော ကိုမောင်ခင်နှင့် ...ဖြစ်သူ မညိုစိမ့်တို့ ရောက်လာ ပြီး...

'ကိုလေးငြိမ်းတို့...ခု မပြန်သေးနဲ့ ဦးဗျာ။ ဒီနေ့ မိုးအေးသားပဲ၊ နေ့လယ်မှ ပြန်ပေါ့၊ ခင်ဗျားအတွက် လေ့လာစရာ တစ်ခုကျန်နေသေးတယ်။ လာ လက်စနဲ့ နေဦးဗျာ။

ကျွန်တော်ကိုယ်တိုင် လိုက်ပို့မယ် လာဗျာ...ကျွန်တော့်အိမ် လက်ဖက်






www.burmeseclassic.com

www.burmeseclassic.com






◆ ဆရာတော်ကြီးလျောင်းစက်နေပုံ ရုပ်တု

◆ ဆရာတော်ကြီး၏ ရုပ်တု

◆ ဆရာတော်ကြီး ပျံလွန်လျှင် အသုံးပြုရန် ပြာသာဒ်



◆ ဆရာတော်ကြီး သီတင်းသုံးသောကျောင်း



ရည်သောက် လိုက်ခဲ့ကြဦး။ ပြီးမှ သွားကြတာပေါ့။ လိုက်ပို့မယ့်နေရာက နီးပါတယ်'

ကိုမောင်ခင်ဆိုသူကား ဝက်လက်မြို့နယ်၊ သခွတ္တေဘာရွာဖွား စာရေးသူနှင့် ငယ်ငယ်က ကစားဖော်ကစားဖက် သူငယ်ချင်းဖြစ်ပြီး အရွယ်ရောက်လာမှ ကွဲကွာသွားသူဖြစ်၏။

သူတို့အိမ်မှ အကြော်၊ ထမင်းဆီဆမ်း ရေနွေးကြမ်းသောက်ကာ ဆိုင်ကယ် တစ်ယောက် တစ်စီးစီနှင့်ရွာဦး ဆည်ပေါင်ရိုးပေါ်မှ ဖြတ်ကျော်ကာ အဂ်ါထောင့်ယွန်းယွန်းဆီသို့ မောင်းနှင်ထွက်ခဲ့ကြသည်။

ကုန်းပြေပြေ မြေသားလမ်းကလေးအတိုင်း ကွေ့ပတ် မောင်းနှင်၍ အမြင့်သို့ တက်မှန်းမသိ တက်ခဲ့ရာ မကြာခင်အတွင်းမှာပင် **"ရင်ကပ်တောင်တောရကျောင်း"** ဟု ခံ့ညားစွာ စိုက်ထူထားသော ကျောင်းအဝင်မုခ်ဦးကို တွေ့မြင်ရပြီဖြစ်၏။






www.burmeseclassic.com

www.burmeseclassic.com





● ဆရာတော်ကြီး၏ ရုပ်ပွား
ရင်ကပ်တောင် စေတီတော် ●

ကျောင်းဝင်းထဲ ရောက်သည်နှင့် ရင်ကပ်တောင် ဆရာတော်ကြီး သီတင်းသုံးရာ တစ်ထပ်တိုက် ကျောင်းလေးအတွင်းသို့ ဝင်ရောက် ကာ ဆရာတော်ကြီးကို ဖူးမြော်ခဲ့ကြ သည်။

ဆရာတော်ကြီး၏ ဘွဲ့အမည်မှာ **"အရှင်ဦးသုမန" သက်တော် (၈၅)နှစ်၊ ဝါတော်(၆၅)ဝါ** ကျောက္ကာ တောင်ရွာဖွား ဇာတိဖြစ်၏။

ကျွန်ုပ်တို့သည် ဆရာတော်အား ဖူးမြော်ပြီးနောက် သိလိုသည်များကို လျှောက်ထား မေးမြန်းရာ...

"လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးဆယ်ကျော်က ဒီနေရာ ဒီတောင်ကုန်းတစ်ပိုက်မှာ ချုံပိတ်ပင်တွေပေါက်တဲ့ ရင်ကပ်တော ကြီးပေါ့။ ပြီးတော့ တောကလဲ နက်တော့ လူသူ အရောက်အပေါက်နည်းပြီး အင်မတန် အေးချမ်း ဆိတ်ငြိမ်တဲ့နေရာပဲ"

ဟူ၍ အစချီကာ ဆရာတော်ကြီး အမိန့်ရှိသမျှကို စာဖတ်သူတို့ ဖတ်ရှု၍ ရှင်းလင်း ကောင်းမွန်စေရန် စာရေးသူမှ စာရေးခြင်းအတတ် ပညာနှင့် စီကာပတ်ကုံး ရေးသား လိုက်ရပါသည်။

* * *

ဆရာတော် လောင်းလျာသည် ကျောက္ကာတောင်ရွာတွင် မီးရှူး သန့်စင် ဖွားမြင်ခဲ့ပြီး ကလေးအရွယ် လေး,ငါး, ခြောက်နှစ်သားကပင် လျှင် ပါရမီရှင်ဟု ဆိုရမည်လား မသိပေ။ အရွယ်နှင့် မလျှော်အောင် သီတင်းသီလ ဆောက်တည်ခြင်း၊ တရားထိုင်ခြင်းအမှုတို့ကို ပြုလုပ်လေ့ ရှိခဲ့၏။

www.burmeseclassic.com

အရွယ် ရောက်လာသည်နှင့် သာသနာ့ဘောင်သို့ တက်ကာ လောကုတ္တရာစာပေတို့ကို သင်ယူခဲ့သည်။ သက်တော် နှစ်ဆယ်၌ ရဟန်းဘောင်သို့ တက်ပြီး နေ့ဘက်၌ "ဝိနည်းငယ် လေးစောင်"ကို တက်ရင်း ညအခါ သုသာန်သို့ သွားရောက်ကာ တရားဘာဝနာတို့ ကျင့်ကြံခဲ့သည်။

'တင်ပါ့ဘုရား... ညဥ့်အခါ သုသာန်မှာတင်ကျင့်ရာမှာ ထူးဆန်းတာလေးတွေ တွေ့ကြုံရလားဘုရား'

စာရေးသူမှ မေးမြန်း လျှောက်ထားရာ...

'တွေ့ပြီလား အကာရယ်... ညဥ့်အတော်လေးနက်လာရင် တဖွဲ့ဖွဲ့နဲ့ အရွယ်စုံ ရောက်လာကြတော့တာပဲ။ များသောအားဖြင့်တော့ မိန်းမတွေက များတယ်။ တချို့က ရှိခိုး ကန်တော့ကြတယ်။ တချို့ကတော့လဲ ကျောပေးပြီး နေကြတယ်။

ဘုန်းကြီး တရားထိုင်ပြီးရင် အမျှအတန်း ဝေပါတယ်။ တချို့ သာဓုခေါ်ကြတယ်။ အကျွတ်တရားနဲ့နီးတဲ့ ပရလောကသားတွေပေါ့လေ။

မနက်အရုဏ်တက်လို့ ပြန်ကြွရင် ဝဋ်ဒုက္ခခံနေကြရတဲ့ ပြိတ္တာတွေကိုလဲ တွေ့ရတယ်။ သူတို့နဲ့လွတ်အောင် မတိုက်မိအောင် သတိထား ကွေ့ရှောင်ပြီး အမြဲတမ်းလိုလို ပြန်ရတယ်'

ဟု အမိန့်ရှိ၏။

ဆရာတော် သက်တော် သုံးဆယ်ကျော်ကျော်တွင် ရင်ကပ်တောင်ပေါ်သို့ တစ်ပါးတည်း ပြောင်းရွှေ့သီတင်း



▲ ရင်ကပ်တောင်ကျောင်း အဂ္ဂိတော်မှ ကျွန်းလုံးအောင်စေတီ

▼ ကျောင်းအဝင် မုခ်




▼ သိမ်တိုက်





www.burmeseclassic.com

www.burmeseclassic.com



▲ ထန်းဇလုပ်ချောင်းမြောက်ဘက် အထင်းမှ ဘုရားစေတီများ

▼ စေတီကုန်းအတက် ခြင်္သေ့ရုပ်တစ်စုံ



ပြီး ယခု ရင်ကပ်ကုန်းတော်၏ အနောက်မြောက်ဘက်၌ **"ထန်းဇလုပ်ချောင်း"** တည်ရှိကာ ယခင်က ထိုနေရာတွင် ထန်းပင်ကြီး တစ်ပင်ကို ကျွန်စစ်သားမှ ခွဲနုတ်ကာ ရေထွက်စမ်းတစ်ခုဖြစ်ခဲ့၏။

ထို့ကြောင့် ထိုရေထွက်မှ စီးကျသောချောင်းကို **"ထန်းနုတ်ချောင်း"** ဟု ခေါ်တွင်ပြီး တစ်ခါ ထိုချောင်းထဲသို့ ရေဆင်းချိုးရာမှ လူသေများပြီး အမြဲတမ်း ထမ်းထုတ်နေရသောကြောင့် **"ထန်းထုတ်ချောင်း"** ဟုလည်း နာမည်တစ်မျိုး တွင်ခဲ့၏။

နောက် ကာလရှည်ကြာ ရွေ့လျောလာခဲ့ရာမှ ထန်းဇလုပ်ချောင်းဟု ပြောင်းလဲ ခေါ်ဝေါ်လာခဲ့သည်ဟု ဆရာတော် မိန့်ကြားသမျှ မှတ်သား

သုံးခဲ့၏။

ဆရာတော် ရင်ကပ်တောင်ပေါ် ရောက်ခါစက ယခု ကျောင်းဝင်း နေရာသည် ရင်ကပ်ပင်တို့ ပေါက် ရောက်ရာ ရင်ကပ်တောကြီးဖြစ်ပြီး ထို ရင်ကပ်ကုန်းအလယ်တွင် မန်ကျည်းပင်ကြီးတစ်ပင်ရှိရာ ထို မန်ကျည်းပင်ကြီးအောက်၌ တစ်ပါး ကျောင်း ထန်းရွက်တဲလေးထိုးကာ တရားဘာဝနာအလုပ်တို့ကို လုပ်ရင်း သီတင်းသုံးခဲ့၏။

ဟိုးရှေးအခါက ဤနေရာသည် **ကျန်စစ်သားမင်းဟောသင့်စဉ် ပုန်းအောင်းခိုနားခဲ့ရာ ဌာနတစ်ခုဖြစ်**



www.burmeseclassic.com

www.burmeseclassic.com



◆ လယ်ညွှန်နေသော နတ်မင်းရုပ်တု



◆ တောင်ပိုင်ဘိုးဘိုးကြီး




◆ ဦးဝဍ္ဍ ဇေါ်ဒေား
ဥက္ကာဇော်ဆောင်နမ ရုပ်တု

နာယူခဲ့ရပါသည်။

***(ထန်းဖလုပ်ချောင်းကိုလည်း စာရေးသူတို့ သွားရောက် ရေချိုးကာ မှတ်တမ်းဓာတ်ပုံများ ရိုက်ယူခဲ့ပါသည်။)***

'ဆရာတော် ဒီတောင်ပေါ်ရောက်ခါစက ဆိုရင် ဝတ်ဖြူစင်ကြယ်နဲ့ အဘိုးကြီးတစ်ယောက် အနောက်တောင်ဘက်က တက်လာပြီး ဒီတောင်ပေါ်မှာ မနေဖို့ရာ၊ ဒီနေရာဟာ သူပိုင်တဲ့နေရာဖြစ်လို့ ဖယ်ပေးဖို့ရာ နေ့တိုင်း လာလာပြီး ပြောတယ်။ ဆရာတော်ကလဲ အမြဲတမ်း မေတ္တာပို့တယ်။ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းတယ်။ နောက်တော့ ဆရာတော်ရဲ့ အကျင့်သီလ ကို ယုံကြည်သွားလို့နဲ့တူတယ်။ နေ့ခ ပေးပြီး အမြဲတမ်းလိုလို တရားနာ ရော ခဲ့တယ်။ သူက ဒီတောနဲ့ ဒီတောင် ပိုင်တဲ့ တောင်ပိုင်ဘိုးဘိုးပဲ အဘရဲ့

◆ ထန်းဖလုပ်ရေတံခွန်





www.burmeseclassic.com

www.burmeseclassic.com





➡ ကျောက်တုံးကြီးတွင် ထင်နေသော ကျိန်စစ်သားခြေရာ

◀ ကျိန်စစ်သားရုပ်တု

ဆရာတော် သီတင်းသုံးရာ ကျောင်းကုန်း၏ အရှေ့ဘက်စွယ်တွင်လည်း **ဥစ္စာစောင့်သိုက်နန်းတစ်ခု**ရှိသည်။ ထိုသိုက်နန်းကို စောင့်ကြပ်နေသူများမှာ "ဦးဌေး-မောင်အေး" ဥစ္စာစောင့်မောင်နှမ နှစ်ယောက် ဦးစီး စောင့်ကြပ်နေသော သိုက်နန်းဖြစ်၏။

ဆရာတော် ဘုရားမှူး၏ ဒေသနာတော်တို့ကို ရွတ်ဖတ်ပူဇော်သည့် ဟိုအရင်က အမြဲတမ်း တရားနာယူ၍ လာလေ့ရှိသည်ဟု ဆရာတော်မှ မိန့်ရှိပါသည်။

ယခု ပစ္စုပ္ပန်ကာလ စာရေးသူတို့ရောက်ရှိချိန်မှာတော့ ဟိုတုန်းက ထိုကပ်ပင်တို့နှင့် ပြည့်နေသော ထိုကပ်တောင် တောရကျောင်းနေရာသည် ဘုရား၊ သိမ်၊ ဇရပ်၊ ကျောင်း များပြားသော အဆောက်အအုံများနှင့် ဆရာတော်ကြီးထံတွင် ဆည်းခံယူကာ တရားအားထုတ်နေကြသည့် သံဃာအပါးနှစ်ဆယ်ကိုလည်းကောင်း ကြည်ညိုဖွယ်ရာ တွေ့မြင် ဖူးမြော်ခဲ့ရပါသည်။

ကျောင်းဆောင် တိုက်ခန်းတစ်ခုထဲတွင်လည်း ဆရာတော်ကြီး၏ လျောင်းပျော် ကျိန်းစက်နေပုံ ရုပ်တုနှင့် သပိတ် ပရိက္ခရာစုံစွာနှင့် တစ်ပုံ၊ ထိုင်၍ တရားရှုမှတ်နေသော ရုပ်တုတော်များကို လည်းကောင်း၊ ပျံလွန်တော်မူလျှင် တင်ဆောင်ရန် လိုဏ်ပြာသာဒ်တစ်ခုကို လည်းကောင်း ဆရာတော်ကြီးကိုယ်တိုင် စေခိုင်းပြုလုပ်ထားသည်ကိုလည်း တွေ့မြင်ရာ မမြဲသော သင်္ခါရတရားအား အမြဲမပြတ် မမေ့အောင် သတိဆောင်နေကြောင်းကို တွေ့မြင်နိုင်၏။

လမ်းညွှန် ပို့ဆောင်ပေးသူ ကိုမောင်ခင်နှင့် စာရေးသူတို့သည် ရင်ကပ်ကုန်းတော်ပေါ်ရှိ စေတီပုထိုးတို့နှင့် စေတီအောက်ခြေ ကုန်းပတ်လည်မှ တရားကျင့်ကြံအားထုတ်ရန် ဂူကိုးဂူနှင့် တောင်စောင့်ဘိုးဘိုး၏ ပုံတော်၊ ဥစ္စာစောင့်မောင်နှမ၏ ပုံတော်၊ ကျိန်စစ်သား၏ ရုပ်တုပုံတို့ကိုလည်းကောင်း...

ကျောင်းဝင်း၏ အဂ်ီထောင့်ရှိ တစ်ကမ္ဘာလုံး ချမ်းစေရန် အတိတ်နိမိတ်ဖြင့် တည်ထားသည့် ကမ္ဘာလုံးအေးစေတီကို လည်းကောင်း တွေ့မြင် ဖူးမြော်ရင်း မှတ်တမ်းအဖြစ် ဓာတ်ပုံများရိုက်ကူးကာ မသိသည်၊ မရှင်းသည်များကို ကျောင်း၏ ဝေယျာဝစ္စလုပ်ကိုင်ဆောင်ရွက်ပေးသူ ဘွားသီအားမေးမြန်းကာ သာသနာပြု ဘာသာရေး ဆောင်းပါးတစ်ပုဒ်အဖြစ် ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်တို့ကို ကြည်ညိုသဒ္ဓါပွားလျက် ရေးသားလိုက်ရပါသည်။

**အစစအရာရာ အကူအညီပေးခဲ့ကြသော ကျောက္ကာတောင်ရွာမှ ကိုမောင်ခင်+မညိုစိမ့် သား ကိုအောင်ကျော်သန်း+ မအေးအေးခိုင်တို့အား ကျေးဇူးတင်ရှိပါသည်။**

**ကောင်းခန့်(သခွတ်မြေ)**
**ဝက်လက်**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

• • • • • • • • ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့ • • • • • • • •

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နှန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး




သီပေါမင်း ပါတော်မူပြီးနောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမ ဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ဝ၅၁ဝ YR ဝဝဝ၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂ဝဝ၈ တဆထလ တိုး(ဝ၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူး ခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ဝ၃ဝ၅ YR*
*၃ဝ၆*

လူတစ်ယောက်၏ခန္ဓာ ကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်ဆစ် အလွန် များနေခြင်း အေအက်စ်အို သီတာ ယူနစ်(၂ဝဝ)ထက် ခြင်း၊ နောက်ဆုံး အ အေ စမ်းသပ်မှု၌ (+ အပေါင်းလက္ခဏာ ရှိခြင်း**စသည်ဖြင့်လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေး ... ဒီးယပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက် ... သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ... သည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်း ... များ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေ ... များ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်က ... ကျန်းမာရေးနှင့် ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသ ...

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ဝ၃၁၁ YR ဝဝ၃ ...*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေး ... ကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ... ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း ... အားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး** ... သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်း ... ဉာဏ်ရည်ထက်မြက်စေသော "**သတ္တဂုဏ်**"နှင့် ပြည့်စုံ ... ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျော ... ကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲ ... အခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ပဋိပတ္တိ ဝန်ဆောင်ရာ၌ ... ကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေး ... ကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် ( ... ဝ၂၉၁၇) ဖုန်း-ဝ၉-၄၉၂၆၄၄ဝ၃ သို့ ဆွေးနွေး၊ တိုင်ပင်နိုင်ပါ ...**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၂၉ဝ၆၁ဝ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်သည် ...




www.burmeseclassic.com

www.burmeseclassic.com

စေတော်ဝင်စေတီတော်

# ပေါက္ကံမျှော်

မင်းအောင်နိုင်

[ ၁ ]

ပုဂံအနောက်ဘက်ကမ်းမှ ဧရာဝတီမြစ်ကို ကျော်ပြီး မျှော်ကြည့်လိုက်ရင် တန့်ကြည့်တောင်ကို လှမ်းမြင်ရတယ်။ ဒီလိုပဲ တန့်ကြည့်တောင်ပေါ်မှ အရှေ့ဘက်ကို မျှော်ကြည့်လိုက်ရင်လဲ ပုဂံမြို့ဟောင်းကို မြင်ရပါတယ်။

ဆည်းဆာချိန်များမှာ ပုဂံကို မျှော်ကြည့်ရင် စေတီပုထိုးဟောင်းတွေ အစီအရီနဲ့ လှပတင့်နေတဲ့ ပုဂံအလှဆိုတာ ဘယ်အချိန်ကြည့်ကြည့် မိုးနိုင်တဲ့ သဘာဝရဲ့ အလှတရား ဖြစ်ပါတယ်။

တန့်ကြည့်တောင် ဆိုတာကလဲ မြတ်စွာဘုရား ကြွရောက် ရပ်တန့်သီတင်းသုံးတဲ့တောင် ဆိုတော့ ဆောင်ထူးတောင်မြတ် ဖြစ်ပါတယ်။

တန့်ကြည့်တောင်ပေါ်ကို အရှေ့ဘက်လမ်းကနေ တက်သွားရင် တောင်ခုလတ်တစ်နေရာမှာ လှပတဲ့ မုခ်ဦးတစ်ခုကို တွေ့ရတယ်။ အဲဒါ ပေါက္ကံမျှော်စေတီရှိရာကို သွားတဲ့ မုခ်ဦး ဖြစ်ပါတယ်။

အတွင်းဘက်မှာတော့ သပ္ပာယ်လှတဲ့ စေတီတစ်ဆူ၊ ဓာတ်ခန်းတစ်ခန်း ကျောင်းတစ်ကျောင်း ရှိတယ်။ စိမ်းလန်းစိုပြည်တဲ့ စိုက်ခင်းလေးလဲ ရှိပါတယ်။

ကျွန်တော်ရောက်သွားတဲ့ (လွန်ခဲ့တဲ့ ၁၅ နှစ်ခန့်က)အခါမှာ ဆွမ်းခံအပြန်ကြွလာတဲ့ ဆရာတော် ဦးဝိမလကို တွေ့တာကြောင့် ကန်တော့ပြီး သိလိုတဲ့အကြောင်းလေးတွေ မေးလျှောက်ရတယ်။ ဆရာတော်ဦးဝိမလဟာ အဲဒီ



ပေါက္ကံမျှော်စေတီ



www.burmeseclassic.com

www.burmeseclassic.com



◆ အဝင်မုခ်ဦး




◆ ကျောက်စာတိုင်

အချိန်တုန်းက သက်တော်ငါးဆယ် ကျော်လောက်ရှိပြီး တန့်ကြည် တောင်ပေါ်မှာ သီတင်းသုံးတာကြာ ပြီဖြစ်ပါတယ်။

ဒါပေမယ့် ပေါက္ကံမျှော်စေတီ တော်ရှိရာကို ကြွရောက် သီတင်း သုံးတာတော့ မကြာသေးဘူးလို့ ဆိုပါတယ်။

'ဘုန်းကြီးကို တန့်ကြည်တောင် ဆရာတော်ကြီး ဦးဇာဂရကနေ ''မင်း အဲဒီနေရာသွားပြီး စောင့် ရှောက်ရင်း သာသနာပြုပေတော့'' ဆိုပြီး စေခိုင်းတာနဲ့ ဒီနေရာလာပြီး သီတင်းသုံးရတာပါ'

'ဒီစေတီတော်ရဲ့ ဘွဲ့တော်က ''ပေါက္ကံမျှော် စေတီတော်''လို့ သိရ ပါတယ်။ ဒီနေရာမှာ အရင်ကတည်း က ဒီစေတီတော်ရှိပါလား ဘုရား'

'ဒီပေါက္ကံမျှော်စေတီတော်ကို အခု မြင်ရတဲ့အတိုင်း သပ္ပာယ်စွာ မြင်ရ ဖူးရတာကတော့ **ရွှေပေါက်ကျွန်း ဆရာတော်ကြီးနဲ့ တပည့်သာဝက တွေရဲ့ ကောင်းမှုလို့** ဆိုရပါမယ်။ ပြုပြင်တာလဲ မကြာသေးပါဘူး။

ဒါက ရှေးဟောင်း သမိုင်းဝင် စေတီတစ်ဆူ ဖြစ်ပါတယ်။ မူလ ဒါယကာကတော့ **သီရိဓမ္မာ သောကမင်းကြီးရဲ့ ကောင်းမှု တော် ဖြစ်ပါတယ်။**

စေတီတော်ပေါင်း ရှစ်သောင်း လေးထောင်တည်တဲ့ အထဲက တစ်ဆူ အပါအဝင်ဖြစ်တယ်။ အဲဒီ ကနေ ကာလကြာတော့ ပြိုပျက်ပြီး ဘုရားငုတ်တိုအဖြစ် ရောက်ခဲ့တယ်'

'တင်ပါ့ဘုရား'

'ပုဂံခေတ်ရောက်တော့ အနော် ရထာမင်းကြီးက စွယ်တော်မြတ် တစ်ဆူကို ဆင်ဖြူတော်ပေါ်တင်ပြီး အဓိဋ္ဌာန်ပြုလွှတ်တော့ ဆင်ဖြူတော် က ဒီလမ်းအတိုင်း တက်လာပြီး ဒီ စေတီဟောင်းနေရာ ရောက်တော့ ဦးခိုက်ပြီး ပေါက္ကံဘက်ကို မျှော်ကြည့် တယ်လို့ ဆိုပါတယ်'

'တင်ပါ့ဘုရား'

'အနော်ရထာမင်းကြီးလဲ စေတီ ဟောင်းနေရာကို မှတ်သားထားပြီး ဆင်ဖြူတော် တုပ်ဝပ်တဲ့ တန့်ကြည် တောင်ထိပ်မှာ စွယ်တော်မြတ်ကို ဌာပနာပြီး တန့်ကြည်တောင် စေတီ တော်ကို တည်တော်မူခဲ့တယ်။ စွယ် တော်လေးဆူ နေ့ချင်းပူးပေါ် တစ်





www.burmeseclassic.com

www.burmeseclassic.com

အပါအဝင်ပေါ့'

'တင်ပါ့'

'တန့်ကြည်တောင်စေတီတော်ကြီး တည်တော်မူပြီးတဲ့နောက်မှာ အနော်ရထာမင်းကြီးဟာ ဆင်ဖြူတော်ဦးခိုက်တဲ့ စေတီတော်အကြောင်းကို ပညာရှိအမတ်တွေကို မေးတဲ့အခါ သိရိခေတ္တရာဘောက မင်းကြီးရဲ့ ကောင်းမှုတော်မှန်း သိရလို့ စေတီယောင်းကို ဖုံးပြီး စေတီတော်တစ်ဆူ တည်တော်မူခဲ့တယ်။

ဆင်ဖြူတော် ပုံဂံတက် မျှော်ကြည့်တာကို အစွဲပြုပြီး ပေါက္ကံမျှော်စေတီတော်လို့ ဘွဲ့တော်ပေးခဲ့တယ်လို့ သိရပါတယ်'

'အခုလို အခြေအနေမျိုး ရောက်အောင် ဘယ်လိုပြုပြင် တည်ဆောက်တယ်ဆိုတာ အရှင်ဘုရား သိသမျှ အမိန့်ရှိပါဘုရား'

'အနော်ရထာမင်းကြီး တည်ခဲ့တဲ့ ဘုရားဟာလဲ နှစ်ပေါင်းများစွာ ကြာတော့ ပျက်စီးပြီး အုတ်ပုံဘဝ ရောက်ခဲ့တာပါပဲ။ ဒီဘက်ခေတ်ကာလ ရောက်လာတော့ ရွှေပေါက္ကျွန်း ဆရာတော်ကြီးက ဘုရားလေးဆူ ကို ပြုပြင်ဖို့ အမိန့်ချတော်မူတယ်'

'တင်ပါ့ဘုရား ဘုရားဘွဲ့အမည် တွေ သိပါရစေ'

'ဆရာတော်ကြီး ပြုပြင်ဖို့ အမိန့် ချတဲ့ ဘုရားလေးဆူက **သက်တော်ရှည်ဘုရား၊ သက်တော်ရဘုရား၊ ကျန်းဘုရား၊ ပေါက္ကံမျှော်ဘုရား** လေးဆူ ဖြစ်ပါတယ်။

ဒါပေမယ့် ရွှေပေါက္ကျွန်းဆရာ တော်ကြီးရှိစဉ်က **သက်တော်ရှည်** ဘုရားနဲ့ **သက်တော်ရဘုရား** နှစ်ဆူကို ပြုပြင်နိုင်ခဲ့တယ်'

'တင်ပါ့ဘုရား'



◆ ဆရာတော်ဦးဝိမလ

'ဆရာတော်ကြီး ပျံလွန်တော်မူပြီးတဲ့နောက်မှာတော့ တပည့်သာဝကတွေက ကျန်တဲ့ဘုရားနှစ်ဆူကို ပြုပြင်ဖို့ တာဝန်ယူ ဆောင်ရွက်ကြတယ်။

ဒီပေါက္ကံမျှော်ဘုရားကို ပြုပြင်ကြတဲ့ ဒကာ၊ ဒကာမတွေကတော့ **ကံမမြို့က** ဖြစ်ပါတယ်။ ဘုရားလေးဆူရှိတဲ့အနက် ဒီဘုရားက နောက်ဆုံး ရှာဖွေတွေ့ပြီး ပြုပြင်ခဲ့ကြတာ ဖြစ်ပါတယ်'

'ဘယ်အချိန်က ပြုပြင်ခဲ့ကြတာလဲ ဘုရား'

'အခုလို အခြေအနေအထိ ပြီးစီးအောင်မြင်ကြတာကတော့ **၁၃၆၃ ခုနှစ်၊ တော်သလင်းလပြည့်နေ့**မှာ ထီးတော်တင်ပြီး လပြည့်ကျော် တစ်ရက်နေ့မှာ အနေကဇာ တင်ခဲ့ကြတယ်။ ဘုရားရဲ့ ဘွဲ့တော်ကတော့ အနော်ရထာမင်းကြီး ပေးခဲ့တဲ့အတိုင်း **ပေါက္ကံမျှော်စေတီတော်**လို့ပဲ ပေးခဲ့ကြတယ်'

'ဒီနေရာက ရွှေပေါက္ကျွန်း ဆရာတော်ကြီး ဓာတ်ပန္နက်ချခဲ့တဲ့ နေရာဆိုတော့ သက်သတ်လွတ်နယ်မြေလို့ သတ်မှတ်ထားပါသလား ဘုရား'

'ဆရာတော်ကြီးကတော့ ရေသတ္တဝါအထိ ခွင့်ပြုထားပါတယ်။ ဘုန်းကြီးကတော့ ရေသတ္တဝါရော၊ ကုန်းသတ္တဝါပါ ရှောင်ကြဉ်ထားပါတယ်။ ဒါကတော့ ဘုန်းကြီးကျင့်ကြံအားထုတ်တဲ့ တရားပေါ်မှာ အကြောင်းပြုပြီး ဘုန်းကြီးဘာသာ ရှောင်ကြဉ်ထားတာ ဖြစ်ပါတယ်'

'အရှင်ဘုရားက ဒီတောင်ပေါ်မှာ ဘယ်တရားကို အားထုတ်ပါသလဲ ဘုရား'

'ဝိပဿနာကို အခြေပြုတဲ့ အာနာပါနရှုမှတ်ခြင်းကိုပဲ များများ အားထုတ်ပါတယ်'

'ဒီတောင်ပေါ်မှာ ကျင့်ကြံအားထုတ်တဲ့အခါ ဘယ်လိုထူးခြားမှုမျိုးတွေ တွေ့ရပါသလဲဘုရား'

'တရားကို နှတ်စောင့်တယ်ဆိုတဲ့ စကားရှိတယ် မဟုတ်လား၊ ကောင်းသော တရားကျင့်ရင် ကောင်းသော ပုဂ္ဂိုလ်တွေရဲ့ ကူညီစောင့်ရှောက်ခြင်းကို ရရှိပါတယ်။

မကောင်းတာပြုရင်လဲ မကောင်းတဲ့သူနဲ့ တွေ့ပြီး မကောင်းတဲ့အမှုတွေဖြစ်ကြတာ ဓမ္မတာပေါ့လေ။

ဒကာကြီး တစ်သက်လုံး ကျင့်သုံးသင့်တဲ့ တရားလေးတစ်ခု လက်ဆောင်ပေးလိုက်ပါတယ်'

'မှန်ပါ့ဘုရား'



www.burmeseclassic.com

www.burmeseclassic.com

'မိမိစိတ်ကိုသာ ဖြူစင်အောင် ကြိုးစားပေး၊ ဘယ်တော့မှ အကုသိုလ်မဝင်နိုင်ဘူး၊ မကောင်းတာ မဖြစ်နိုင်ဘူး၊ စိတ်ကောင်းနေသမျှ လူဟာ အမြဲကောင်းနေလိမ့်မယ်။

ကိုယ့်ရင်ထဲက စိတ်မကောင်းတော့ဘူး၊ မသန့်တော့ဘူး၊ မမှန်တော့ဘူးဆိုရင်လဲ တခြားသူဆီ မရောက်ခင်မှာ ကိုယ်အရင်ခံရလေ့ရှိတယ်။

ဆင်းရဲတာချမ်းသာတာနဲ့ မဆိုင်ဘူး၊ မိမိစိတ်ကို ဖြူစင်အောင်,ကောင်းအောင် ကြိုးစားထား၊ ဘယ်တော့မှ ဒုက္ခမတွေ့ဘူး မှတ်ထား'

'တင်ပါ့ဘုရား တပည့်တော် ကြိုးစားပါ့မယ်'

ကျွန်တော်ဟာ ဆရာတော် ဦးဝိမလကို ကန်တော့ပြီး ပေါက္ကံမျှော်စေတီတော်ဘက် ထွက်ခဲ့ပါတယ်။

စေတီတော်က ပလ္လင်ခံနဲ့ မုခ်လေးဖက်ပါတဲ့ စေတီတော်ဖြစ်ပါတယ်၊ စေတီတော်ရင်ပြင်တော်ပေါ်မှာ အဓိဋ္ဌာန်ဝင်နိုင်တဲ့ နေရာတွေရှိတယ်။ မနက်ပိုင်း၊ ညနေပိုင်းနဲ့ ညအချိန်တွေမှာ အဓိဋ္ဌာန်ဝင်ရင် ဆိတ်ငြိမ်ပြီး အလွန်သာယာတဲ့ နေရာတွေ ဖြစ်ပါတယ်။

ပေါက္ကံမျှော်စေတီ ပရိဝုဏ် အတွင်းမှာ ရွှေပေါက်ကျွန်းသာဝကတွေ ဆောက်လုပ်လှူဒါန်းထားတဲ့ ဓာတ်ခန်းတစ်ဆောင်လဲ ရှိပါတယ်။ အဲဒီမှာလဲ အဓိဋ္ဌာန်ဝင်နိုင်ကြပါတယ်။

ကျွန်တော်ရှေ့က နိဒါန်းပျိုးခဲ့သလို ပေါက္ကံမျှော်စေတီတော် တည်ရှိတဲ့နေရာဟာ မြင့်မြတ်တဲ့ စွယ်တော်ဓာတ်ရှိရာ တန့်ကြည်တောင် စေတီတော်ရှိရာ နေရာဖြစ်သလို ရောဝတီမြစ်ကို ကျော်ပြီး ပုဂံဘက် မျှော်ကြည့်ရင်လဲ လှမ်းစရာကောင်းတဲ့နေရာ အေးချမ်းသာယာတဲ့ နေရာလေး ဖြစ်ပါတယ်။

ဒါကြောင့် တန့်ကြည်တောင်ပေါ် ရောက်ခဲ့ရင် ခရီးတစ်ထောက် ဝင်ရောက်ဖူးမြော်နိုင်ဖို့ ပေါက္ကံမျှော် စေတီတော်ရှိရာသို့ လမ်းညွှန်ပေး လိုက်ခြင်း ဖြစ်ပါတယ်။

**မင်းအောင်ခိုင်**

စာမျက်နှာ (၃၇)မှ အဆက်

ပါသည်။

သလဲပင်တွင်စွဲသော ကျီးပေါင်းကို ဝမ်းလျှောဝမ်းပျက်အတွက် ကျိုချက်၍ သောက်နိုင်ပါသည်။ ကျန်ရှိသည့် အပင်၏ အနှစ်စွမ်းအားကိုသိလျှင် အပင်၏ စွမ်းအားများ ကျီးပေါင်းပင်များထံ ရောက်သွားသည်ဟု စာဖတ်ပရိသတ်များ သိသင့်လောက်ပါပြီ။

နောက်တစ်ခု ဤအရှင် ပြောပြချင်တာက **မိမိကြိုက်နှစ်သက်ရာ ရုပ်တုများ ထုလုပ်ပူဇော် အသုံးပြုလိုလျှင်...**

ကျီးပေါင်း၏ အကိုင်းအရွက်များကို ဓားနှင့် နုပ်နုပ်စဉ်း အခြောက်လှန်းပြီး အမှုန့်ပြု၊

အမှုန့်ပြုရာမှာ ဆန်ခါအနုစားနှင့်ချပြီး ယင်းအမှုန့်ကို အတိုက်အခိုက် အကြမ်းဘက်တွင် အသုံးပြုလိုပါလျှင် တံစက်လက်ပြန်ရေ...

**အနုဘက်တွင် အသုံးပြုလိုလျှင်** ညောင်ရေအိုးကရေနှင့် အစေးပေါက်အောင်နယ်ပါ။ **(ထောက်စာလုံးမည့်မြေကို နယ်ဘိသကဲ့သို့)** ပြုလုပ်ပြီး မိ… လိုအပ်သလို အလုံး ,အဝိုင်း,အပြား ပြုပြီးလျှင် အ… တွင် ခြောက်အောက်ထားလျှင် မိမိကြိုက်နှစ်သက်… ရုပ်တုများ ထုဆစ်၍ အသုံးပြုနိုင်သည်ဟု ဝန်… စော်ဘွားကြီး ဦးအောင်မြတ်၏ မယ်ဒေါ်(ဒေါ်ထွေးဖြူ)… ကိုယ်ရေးသမားတော်ကြီး (၅)အိမ်စား ရတော်မူသော… မြန်မာ့သမားတော် ဆရာဦးရွှေဆာ၏ တပည့်ရင်း… သော ဤအရှင်၏တူသား ဆရာကျခတ်ရွာသမားတော်… (ဆရာမှို)၏ မိန့်ကြားချက်နှင့် ကျီးပေါင်းအသုံးပြုပုံများ… ရေးသားတင်ပြလိုက်ရပါသည်။

***လူတိုင်း ဆန္ဒပြည့်ကြပါစေ။***

**အရှင်ဂုဏဳသာရ(လေ့တောင်)**



www.burmeseclassic.com

www.burmeseclassic.com

# ကျီးပေါင်းကို ဘယ်လိုသုံးမလဲ

အရှင်ဂုဏိကာသရ (ဇလုံတောင်)

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ အမှတ်(၂၂၅)၊ ဧပြီလ၊ ၂၀၀၅ ခုနှစ်ထုတ် စာမျက်နှာ(၁၈၃)မှာ "ဘယ်ဟာ ကျီးပေါင်းအစစ်လဲ"**ဆိုတာကို ဤအရှင် ရေးသား တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ယခုတော့ ကျီးပေါင်းများရဲ့ အသုံးပြုနည်းကို ဤအရှင် အမြွက်မျှ တင်ပြသွားပါ့မယ်။

ပုတက်ကျီးပေါင်းဟာ သက်တမ်းရင့်ရင် ရင့်သလို အသားတွေယုက်ပြီး ဒေါင်းငှက်အမြီးကွက်တွေ ပေါ်နေတော့ ညှော်ခန်းသုံး အလှစားပွဲလုပ်တော့ အထူးလှပပြီး လာဘ်လာဘ ပွင့်ပါတယ်။

ယင်းကျီးပေါင်းကို ဆေးတံလုပ်လို့လဲ သုံးကြတယ်။ နောက်တစ်နည်းကတော့ မိမိမွေးနံအပင်တွင် ရရှိတဲ့ ပုတက်ကျီးပေါင်း (သို့မဟုတ်) မိမိမွေးနံနဲ့ မိတ်နံတွဲ အပင်တွင် ရတယ်။

ပုတက်ကျီးပေါင်းအသားကို ပုတီးလုပ်ပြီး ဆောင်ထားရင် ကိုယ့်အပေါ် မကြည်ဖြူခဲ့သူများ တဟဲဟဲနဲ့ ကြည်ဖြူလာတာကို ကိုယ်တိုင်မှ လက်ငင်းဒိဋ္ဌ သိရပါမယ်။

## သစ်ပင်ပေါ်တွင် အသိုက်အမြုံ ပြုလျက်နေသော ကျီးပေါင်းကိုတော့ သည်လို သုံးလို့ရပါသည်

အဲသည် ကျီးပေါင်းစွဲကပ်နေသည့် သစ်ပင်၏ အာနိသင်စွမ်းအားတွေကို အဲသည် စွဲကပ်သည့် ကျီးပေါင်းထံ အပင်၏ အာနိသင်တွေ ရောက်သွားပါသည်။

ထို့ကြောင့် ရင်ကွဲသရက်ပင်မှာ စွဲကပ်သည့် ကျီးပေါင်း



နှင့် ယမနေပင်တွင် စွဲကပ်သည့် ကျီးပေါင်း နှစ်မျိုးကို လက်တွင်း တစ်ဆုပ်စာယူပြီး သုံးခွက်တစ်ခွက်တင် ကျိုသောက်လျှင် အပူကြီး၍ဖျားသော အဖျား၊ ကျောက်၊ ဝက်သက်ပေါက်ချင်၍ ဖျားသော အဖျားများအတွက် အလွန်အစွမ်းထက်သော ဆေးအဖြစ် ရှေးအဘိုးအဘွားများ လက်စွဲပြု သုံးခဲ့ကြပါသည်။

ယခုလို ကဆုန်နယုန် နွေအကုန် မိုးအကူး ကာလများတွင် မိမိတို့အိမ်တွင် လိုအပ်လျှင် အသုံးပြုနိုင်ရန် ရှာဖွေစုဆောင်းထားလေ့ ရှိကြသည်။ ကြို့တင်၍လည်း ကာကွယ်ဆေးအဖြစ် ကျိုသောက်လေ့ ရှိကြ

 စာမျက်နှာ (၃၆) သို့

www.burmeseclassic.com

စာမျက်နှာ (၂၃)မှ အဆက်



◆ကဿပချောင်ခေါ် ပဲစားချောင်ကြီးအား ကဿပလိုဏ်ဂူ အဝင်ထဲမှတွေ့မြင်ရပုံ

◆ ခေတ်အဆက်ဆက် မြဲမြဲမြောင်းလဲလျက်ရှိသော ပဲစားချောင်ခေါ် ကဿပချောင်ကြီး၏ မူလဇေတာရချောင်



ရှိသော ချောင်ကြီးများ ဖြစ်ပါသည်။

ကဿပချောင်ကား အလောင်းစည်သူမင်းကြီး၏ လက်ထက်မှ စတင်၍ ထင်ပေါ်ကျော်ကြားလာခြင်း ဖြစ်သည်။

အင်းဝမြို့တော်ကြီးအား မိုးညှင်းစလုံ၏သား "သိုဟန်ဘွား" တိုက်ခိုက်ရယူပြီးနောက် စစ်ကိုင်း၊ ပင်းယ၊ အင်းဝမှ သံဃာတော်ပေါင်း (၁၃၀၀)ကျော်အား ဥပါယ်တံမျဉ်ဖြင့် ပင့်ဖိတ်၍ သတ်ဖြတ်သုတ်သင်ခဲ့လေသည်။

သတ်ဖြတ်ခံရသော သံဃာတော်များတွင် အပါး(၃၀)ခန့်မှာ စာတတ်ပေတတ်သည့် အရှင်သူမြတ်များ ဖြစ်ကြလေ၏။

သိုဟန်ဘွားမှာ စရိုက်လည်း ကြမ်း၏။ ဗုဒ္ဓဘာသာလည်း မဟုတ်၊ သူကိုယ်တိုင်လည်း "မင်းကြီးရန်နောင်"၏ ယိမ်းနွဲ့ပါးဓားဖြင့် ဇက်ပြတ်ခဲ့လေသည်။

ကဿပချောင်မှာ အန္တရာယ်ကင်းဝေးရာ လုံခြုံအေးချမ်းလှသည့် "တောရဂူ"ဖြစ်၍ အရှင်သူမြတ်များ အတွက် ဘေးမဲ့ ဌာနကောင်းကြီး ဖြစ်ခဲ့လေ၏။

ပဲစားချောင်ခေါ် ကဿပချောင်ကြီး တည်ရှိရာ "**စာမရီတောင်**"၏ အရှေ့ဘက်တွင် ကုန်းတော်ထက်၌ "**မဟာအောင်မြတ်မုနိစေတီတော်**" တည်ရှိ၏။

မြောက်ဘက်တွင် ဥမင်သုံးဆယ် ဘုရားနှင့် ငှက်မြတ်နားစေတီ မဟာဗောဓိစေတီတို့ တည်ရှိကြပါသည်။

ရှေးနှစ်ပေါင်း (၅၀၀)ကျော်ကပင် သူတော်စင်များအတွက် မှီခိုရာ အားထားရာ ဖြစ်ခဲ့၏။ သာသနာ (၅၀၀၀) ဆက်လက် တည်ရှိနေမည့် အောင်မြေချောင်ကြီး ဖြစ်ပါသည်။

*အဝေရာ ဘေးမဲ့ အေးငြိမ်းချမ်းသာကြပါစေ။*

**အောင်ရှုမြတ်**
***(စစ်ကိုင်းတောင်)***

ကိုးကားချက်များ
- ▲ မုံရွေးဆရာတော်၏မှတ်စု၊
- ▲ သာသနာ့လင်္ကာရကျမ်း၊
- ▲ မှန်နန်းရာဇဝင်၊
- ▲ စစ်ကိုင်းနှစ်(၇၀၀)၊
- ▲ သမိုင်းမြေသောင်း၏ စစ်ကိုင်း ဘုရားများ၊
- ▲ သုတေသနခရီးစာအုပ်– အောင် ငြိမ်းချမ်း၊

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကျန်းမာ အသက်တစ်ရာ ကျင့်ကြံ ဆိုင်နည်းစာမူ ရေးသားနေစဉ် "ဟာ ဆရာကြီးကို တွေ့မှတွေ့ပါ့မလား" သော အသံရှင်ကြောင့် ရေးလက်စ ကို အသာချထားပြီး ပြန်လည် ခရီးဦး နှုတ်ဆက်လိုက်သည်။

'ဩော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ အချိန်တွေ့တွေ့ တက်ကြွလန်းဆန်း စာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'... ဟဲ... ဟဲ'

'... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီး စာရေးဆရာကြီးကို အကူအညီ ချင်လို့ဗျ'

'လေ ကိုမျိုးမြင့်'

'ဗျ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ ဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိ အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ နည်းလေးကြာကြာ ထိုင်မိတာ မျက်ခုံး မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည် နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲ ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရော န်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ ဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာ

ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ သုံးဆောင်ပါဦး'

အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီး ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေ သူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့ တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထ လေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နင်းနှိပ်ပေး ရတယ်။ သူ့ကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်း မာဘူး ဖြစ်နေခဲ့တာပါဗျာ'

www.burmeseclassic.com

## ကြော်ငြာဆောင်းပါး




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေ့ါပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နှံ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြော ပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ။ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြော ထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဇနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြော ပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများ နဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ့,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြော တက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ် ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူနိုး အပုပ်နိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေ့ါပါး သွက်လက်လန်းဆန်း တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာ ဖယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်း မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ဘာ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့် ဆေးပေ့ါနော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အ ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိ အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအ အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာ မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်

မင်ရင်း–ဖြန့်ချိရေး

**စကြာမင်း**

**တိုင်းရင်းဆေးတိုက်**

အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၅၄၁



www.burmeseclassic.com

www.burmeseclassic.com



• ကမ်းပါးထိပ်မှ မြင်ရသည့် ဘိုးဘွားရွာ၏ အောက်ဥမင်လိုဏ်ဂူ

ဥုန်စိုင်းဝင်း

# မိဘဘိုးဘွားများအတွက်

## အစိဌာန်ပြုနိုင်သည့် အောက်လိုဏ်ဂူ

...ပြုပ်ပြီးတောင်တစ်ဝိုက်တွင် အထက်...လိုဏ်ဂူနှင့် အောက်ဥမင်လိုဏ်ဂူ...နှစ်ခုရှိခဲ့သည်။ နောင်းခေတ်တွင်...ကျဥမင်အား "**ဥမင်ဂူ**"ဟု ခေါ်၍...ကျဥမင်အား "**ရသေ့ညီနောင်ဂူ**"...ခေါ်လာကြသည်။ အထက်ဥမင်...နန့မှုလိုဏ်ဂူဟုလည်း အမည်ရ၊...(၁၀)ခန့် ဝင်ဆံ့အောင် ကျယ်ဝန်း...

...တွင် ဂျပန်ခေတ်မတိုင်မီကာပင်...လောကီသဝိဇ္ဇာလမ်းစဉ်ကို...အားထုတ်နေသော ဦးဂျာမနီ...ဘန်ဂါလီလူမျိုး ရသေ့တစ်ပါး...နေထိုင်ခဲ့သည်။

...အတွင်း၌ သာမန် သီလ သမာဓိ...ကြီးအားထုတ်၍ မရနိုင်၊ ဘီလူး စောင့်သောဂူ ဖြစ်သောကြောင့် အစောင့်၏ စမ်းသပ်မှုကို မခံနိုင်ကြဟု သမားတော်ဦးသာတင်က မှတ်တမ်းပြုထားသည်။

အထက် ဥမင်ဂူကြီးသည် ကျွန်ုပ် ရောက်ရှိချိန် ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ကုန်ခန့်တွင် ပြိုကျပျက်စီးကာ လုံးဝ ပိတ်ပုံးသွားခဲ့ပြီဟု ဝမ်းနည်းဖွယ် ကြားသိရသည်။

တောင်မကြီးသို့ တက်ရောက်ရာ လမ်းခုလတ်တွင်ရှိ၍ တအိအိနိမ့်ဆင်း နေသော မြေပြိုမှုကြောင့် လူအများ အန္တရာယ် ကင်းဝေးစေရန်အတွက် အနီးပတ်ဝန်းကျင်သို့ သွားရောက်ခြင်း မပြုရန် သတိပေး ဆော်သြထားသည် ဆိုလေသည်။

အောက်ဥမင်ခေါ် ရသေ့ညီနောင်ဂူမှာ ၁၃၁၀ ပြည့်နှစ် နှောင်းပိုင်းတွင် သီတင်းသုံးနေထိုင်ကြသော ရသေ့ညီနောင်ကို အစွဲပြု၍ ခေါ်တွင်ကြခြင်း ဖြစ်သည်။ ရသေ့များမှာ ပျံလွန်တော်မူကြပြီဖြစ်၍ လွမ်းစေတီသာ ကျန်တော့သည်ဟု သိရသည်။

လိုဏ်ဂူအနေအထားမှာ နေရာ ထိုင်ခင်း လုပ၍ စိမ့်စမ်းရေထွက်ဖြင့် ကြည်နူးစရာကောင်းသည့်အပြင် ထိုလိုဏ်ဂူအတွင်း ကမ္မဋ္ဌာန်းဘာဝနာ ပွားများကာ တိုင်တည် ဆုတောင်းပါလျှင် **ဘိုးဘွားမိဘများနှင့် ပတ်သက်သည့် အမြင်အကြား နိမိတ်တစ်ခုခု** ထင်မြင်နိုင်သည်ဟု သိရှိရသည်။





www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ရာဇဝင်တမ်းများတွင် ဤဂူအား ဘိုးဘောဂူဟူ၍ ခေါ်တွင်ခဲ့သည်ဟု သိရသည်။

## ဥမင်ဆီသို့

ဤသို့ဖြင့် ရသေ့ညီနောင်ဂူခေါ် အောက်ဥမင်လိုဏ်ဂူဆီသို့ ဦးတင်ဝင်း၏ မြေးငယ်များ အပါအဝင် လူစုလူဝေးဖြင့် သွားရောက်ဖြစ်ခဲ့ကြသည်။

ဘိုးဘောဂူ ပညတ်အရ ဘိုးဘွား မြေးမြစ်များ အတူတကွ လာရောက် ဖူးမြော်ပါလျှင် သေတစ်ပန်သက်ဆုံး စည်းကားသိုက်မြိုက်စွာ အတူတကွ နေထိုင်နေတတ်သည်ဟူသော ယုံကြည်မှုကြောင့် သူတို့မြေးအဘိုး လိုက်ပါပို့ဆောင်ပေးသည်ကို လွန်စွာ အားရမိလေသည်။

တည်နေရာမှာ နှမတော်နန်း၏ တောင်ဘက် သုံးဖာလုံအကွာခန့်တွင် ရှိလေရာ နှမတော်နန်းမှ တောင်ဘက်ဆင်းသက်လာခြင်းဖြင့် လည်းကောင်း၊ တောင်ကလပ်သွား ကားလမ်းနံဘေး၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက် အခြေစိုက်စခန်းအနီး လမ်းသွယ်မှ အနောက်မြောက်ယွန်းယွန်းသို့ သွားရောက်ခြင်းဖြင့် လည်းကောင်း အောက်ဥမင်လိုဏ်ဂူသို့ ရောက်ရှိနိုင်ပေသည်။

ရှေးကာလများကပင် တည်ရှိနေသော ကျောက်လိုဏ်ဂူဖြစ်၍ ၁၂၉၈ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် **ပုပ္ပါးမြို့မှ သမားတော်ကြီး ဦးရွှေစို**သည် ကိုသာအောင်၊ ကိုစံရီ၊ ကိုယုံတို့အား နေ့စား နှစ်ကျပ်စီပေး၍ (၅)ရက်တိုင်တိုင် သုတ်သင် ရှင်းလင်းစေခဲ့သည်။

သို့သော် ဂူတွင်းစေတီတည်ရန် ကြန့်ကြာနေခဲ့ရာ ၁၃၀၀ပြည့်နှစ်တွင် အဘခေါင် ရောက်ရှိလာသောအခါ ဦးရွှေစိုစေတီတည်မှုဖြင့် ကျူပ် ထီးတင်



ဂူကြီးရာသို့ အဆင်းလမ်း

မယ်ဟု ပြောကြားခဲ့သည်။

**၁၃၀၂ ခုနှစ်တွင် စေတီတည်ပြီးသော အခါ ညွှန်အရိုက်ခွဲ မော်တော်ကားနောက်လိုက်(စပယ်ယာ) တစ်ဦးသည် ကွက်စိပ် ဓာတ်ပုံဆင်း၍ ညတွင်းချင်းပင် ထီးတော် တင်လှူသွားကြောင်း နံနက်လင်းသော အခါ ဦးသာစို သိရှိရသည်။**

ထို့ကြောင့် လိုဏ်အတွင်းရှိ စေတီတော်မှာ သမားတော်ဦးသာစို ကောင်းမှုဖြစ်၍ ထီးတော်မှာ အဘခေါင်၏ ဓာတ်ပန္နက်ဖြစ်ကြောင်း မှတ်သားရပေသည်။

## လိုဏ်အတွင်းဆီသို့


လိုဏ်ဂူမှာ လှိုဏ်အတွင်း တည်ရှိ အပြင် ရေထွက်ခေါ် စိမ့်ရေများ စိမ်းစိုသာယာလှသည်ကို တွေ့ရ လိုဏ်မျက်နှာစာတွင် စိမ့်ရေအား လှောင်ထားသည့် ရေလှောင်ကန် တည် အမိုးဝိုင်းချွန်ပါသော နား ကလေး ပြုလုပ်ပေးထားသည်






www.burmeseclassic.com

www.burmeseclassic.com



◆ လိုဏ်အတွင်းမြင်ကွင်း

◆ လိုဏ်မကြီး



ချုပ်ကလေးမှာ မွန်ပြည်နယ်ဒေသ
တွင် တွေ့ရသော ဘုန်းတော်ကြီး
ကျောင်းတည်ဆောက်ပုံနှင့် လည်း
ကောင်း တရုတ်ဘုံဘုရားကျောင်းများ
သိမ်ခေါ် တန်ခိုးရှင်များ ညီလာခံ
ဆောင်နှင့်လည်းကောင်း တူညီနေ
သည်ကို တွေ့မြင်ရသဖြင့် ထူးဆန်း
ကြည်နူးမှုများ ခံစားမိရလေ
သည်။

လိုဏ်ဂူအထက် ကုန်းမြင့်ပေါ်၌
**ညီနောင်၏ လွမ်းစေတီ"**ကို
တွေ့ရသည်။ လိုဏ်ဂူအတွင်းသို့
ဝင်လမ်းမှာ ကျောက်သားထုအား

လှေကားထစ်သဏ္ဍာန် ထွင်းဆစ်ထား
ခြင်းဖြစ်ကာ နံဘေးမှ မိုမောက်နေ
သော ကျောက်တန်းက လက်ရန်း
သဖွယ် ထိန်းကွပ်ပေးထားပေသည်။

လှေကားထစ်များအတိုင်း ဆင်း
သက်၍ ရေစိမ့်ကို ကျော်ဖြတ်သွား
သောအခါ လူ(၅၀)ခန့် ဝင်ဆံ့သော
လိုဏ်ဂူခန်းမကြီးကို တွေ့ရသည်။
လက်ယာဘက်၌ အခန်းကျဉ်းတစ်ခု
ရှိ၍ လက်ဝဲဘက် အနည်းငယ်လုမ်း
သောနေရာ၌ အတန်ကျယ်ဝန်းသော
ဂူတစ်ခုရှိလေသည်။

## ပင်မလိုဏ်

ကျယ်ပြန့်သော ပင်မလိုဏ်ဂူ
အတွင်း ဝင်ရောက်ကြည့်ရှုသောအခါ
အတွင်း၌ ကျောက်ပြားများ ခင်း၍
ကောင်းစွာ ပြုပြင်ထားသည်ကို တွေ့ရ
သည်။ ဂူအတွင်း စိမ့်ကျနေသော ရေ
စက်များကြောင့် ဂူကြမ်းပြင်တွင် စိုစွတ်
နေရာ ဝတ်ပြုကျင့်ကြံနိုင်ရန် သစ်သား
ခုံကလေးများ ပြုလုပ်ထားသည်ကို
တွေ့ရသည်။

အနည်းငယ်မြင့်သော ကွပ်ပျစ်
သဏ္ဍာန်ခုံမြင့်များကို တွေ့ရှိရသဖြင့်
ညအိပ်သီတင်းသုံး အဓိဋ္ဌာန်ဝင်နိုင်ရန်
စီစဉ်ထားကြောင်း သိရှိရသည်။

နွေခင်းအခါတွင် ဂူအတွင်း အေးစိမ့်
နေသော်လည်း ညဥ့်အချိန်၌ နွေးထွေး
နေသည်ဆိုသည်။ လိုဏ်ဂူနောက်
ကျောဘက်တွင် အုတ်ခုံမြင့်ခံလျက်
ရုပ်ပွားစေတီများ ပူဇော်ထားသည်ကို
ဖူးတွေ့ရသည်။

## အဘခေါင်၏ အလိုပြည့်အစီအရင်

လိုဏ်ဂူအတွင်းရှိ အုတ်ခုံထက် ကိန်း
ဝပ်တော်မူသော စေတီတော်မှာ ဉာဏ်
တော်(၅)ပေခန့်ရှိ၍ ဦးရွှေစို ကောင်းမှု
စေတီတွင် အဘခေါင် ထီးတော်တင်
လှူထားသော စေတီတော်ဖြစ်သည်။

စေတီတော်မှာ ဖူးတွေ့နေကျ
**ခေါင်းလောင်းမှောက် စေတီမဟုတ်
ဘဲ** ဘူးသီး၏ အညှာအထက်ပိုင်းနှင့်
ဆင်တူနေသည်။ ဦးရွှေစို၏ စေတီ
တော်တွင် အဘခေါင်က ထီးတော်တင်
မည်ဆိုရာ၌ အကြောင်းထူး ရှိပါသည်။
**တည်မည့်စေတီပုံမှာ ဘူးခါးပုံ ဖြစ်
သည်။**

ထူးခြားသော ဤဘူးခါးပုံ စေတီ
တော်မှာ ရှေးမြန်မာမင်းတစ်ပါးဖြစ်
သော ပျူစောထီးလက်ထက်



www.burmeseclassic.com

www.burmeseclassic.com

တိုင်းပြည်အား ချောက်ချားစေသည့် ဘူးပင်များအား နှိမ်နင်းနိုင်ခဲ့ခြင်းကို သတိရစေသည်။

ဘူးပင်တို့ မည်သည် အညွန့်အနွယ်ဖြင့် ရစ်ပတ်ကာ လွှမ်းမိုးခြယ်လှယ်မြဲဖြစ်သည်၊ ဇာတိပေါက်ပင် သစ်ပင်ကြီးများအပေါ်မှ ကျော်လွှား ရစ်ပတ်ကာ မြေဆီဩဇာကို စားသုံးကြသည်။

ထို့ကြောင့် ပြည်သူပြည်သားများအပေါ် ကပ်သွေးစုပ်သော ကိုလိုနီအစိုးရအား ရာဇပလ္လင်မှ နုတ်ထွက်ရှောင်ရှားစေရန်အတွက် စီရင်ပြုခြင်းဖြစ်သည်။


**စေတီပုံစံဖြစ်သော ဘုရားဒါယီအား အထက်မှ ချုပ်ထိန်းနိုင်သည့် ထီးတော်ကို တင်လှူခဲ့ခြင်းဖြစ်သည်။**

ထိုအခါ မြန်မာဘုရင်ဖြစ်သော ပျူစောထီး ဘူးပင်ရန်ကို နှိမ်၍ တိုင်းပြည်အုပ်ချုပ်ရသကဲ့သို့ ဘူးနွယ်ပမာ နယ်ချဲ့ ကိုယ်ကျိုးရှာ ကိုလိုနီအစိုးရအား ဖြုတ်ချကာ မြန်မာတို့ ထီးနန်းစိုက်ထူနိုင်ရေးကို ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

အဘမျှော်လင့်သည့်အတိုင်း ၁၃၀၉ ခုနှစ်၊ ပြာသိုလတွင် အချုပ်အခြာ အာဏာပိုင်သော မြန်မာနိုင်ငံအဖြစ် လွတ်လပ်စွာ ဖြစ်တည်နိုင်ခဲ့လေသည်။

ဤစေတီတော်အား ဝတ်ပြုကန်တော့လျက် ကမ္မဋ္ဌာန်း ဘာဝနာများ စီးဖြန်းအားထုတ်ပါက မိဘဘိုးဘွားများနှင့် စပ်လျဉ်းသော မိန့်မှာချက်၊ ထူးခြားသော ဝိသေသများကို သိမြင်နိုင်ကြသည်ဟု မှတ်သားရသည်။

လိုဏ်ဂူခန်းမကြီး၏ လက်ဝဲဘက်၌ တစ်ဆင့်မြင့်သော အခန်းငယ်ကို မြင်ရသဖြင့် ဝင်ရောက်ကြည့်သောအခါ ခြောက်သွေ့နွေးထွေးသော အတွေ့



◆ ဒုတိယလိုဏ်အတွင်းမှ ဓမ္မစေတီဘုရား ရုပ်ပွားတော်

◆ လက်ဝဲနံရံမှ တရားကျောင်း ဂူနံဝယ်



အထိကို ခံစားရသည်။

ပြင်ပမှ အသံဗလံများလည်း တိုးညင်း သက်သာနေသဖြင့် ပါရမီမရင့်ကျက်သေးသူများအတွက် အားထုတ်နိုင်သော နေရာဖြစ်ကြောင်း မှန်းဆမိသည်။

လိုဏ်မကြီးလက်ဝဲဘက်ရှိ သီးခြားတံခါးမှ အခန်းငယ် တစ်ခုဆီသို့ ဝင်ရောက်နိုင်ရာ အတွင်း၌ ပဋ္ဌဝက္ကိငါးဦးအား တရားထူး ဟောကြားတော်မူသည့် ဂေါတမဘုရားရှင် ကိုယ်စား[illegible] ဖူးမြင်ရသည်။

တရားဦး ဟောကြားသည့် [illegible] အစကောင်းခြင်းနိမိတ်ကို အစွဲ[illegible] မိမိမှစ၍ သားမြေးအစဉ် [illegible] ကောင်းမွန်မည့် သုမင်္ဂလ [illegible] အဖြစ် ထိခြင်းငါးဖြာဖြင့် [illegible] ဦးညွှတ်ဝပ်တွား ကန်တော့[illegible] သည်။

**ဤလိုဏ်အတွင်းတွင် [illegible]**



www.burmeseclassic.com

www.burmeseclassic.com



◆ အဘဆောင် ထီးတင်လှူခဲ့သည့် စေတီ

[...]ခင်နေသော ရေတက်များကြောင့် [...]နှစ်သက်ခြင်း။ အာဝါသတော့ စွမ်းအင် [...] ကိန်းဝပ်နေသည်ကို သတိပြုမိသည်။

ထို့ကြောင့်ပင် ပုပ္ပါးမြို့မှ ကျမ်းပြု [...]ရာတစ်ဦးဖြစ်သော သမားတော် [...]ဘတင်က ဤလိုဏ်ဂူအတွင်း၌ [...]ဖြတ် ညှဉ်းပန်းနှိပ်စက်လိုသော [...]သရာဂမီးများ ငြိမ်းအေးလျက်ရှိ [...]ဟု မှတ်ချက်ပြုခဲ့ခြင်း ဖြစ်ပေလိမ့် [...]

အောက်ဥမင်လိုဏ်မကြီးသည် မိတ ဘိုးဘွားများအတွက် အထူးပြု တိုင်တည်နိုင် သကဲ့သို့ လက်ဝဲဘက် လိုဏ်ခန်းသည် သန့်စင်သော မေတ္တာစိတ် ဆက်နွယ်မှုများ အတွက် အဓိဋ္ဌာန်ပြုပြဋ္ဌာန်းနိုင်သည့် နေရာ ထူးတစ်ခု ဖြစ်ပေသည်။

ဘူမိကြန်အနေအထားနှင့် ပတ်သက်၍ လေ့လာကြည့်သောအခါ **သပိတ်အိုင်တောရနှင့် ဆင်တူနေသည်**ကို သတိပြုမိသည်။ ချောင်းရိုး လျှိုအနေအထား၊ ရေထွက်ခေါ် စိမ့်ရေကျသည့်နေရာ၊ ဂူလိုဏ်များဖွဲ့တည်ပုံ တို့မှာ သပိတ်အိုင်တောရနှင့် တစ်ထပ်တည်း တူညီပါသည်။

သပိတ်အိုင်ဆရာတော်ကြီး ဦးကိတ္တိသည် ရဟန္တာပုဂ္ဂိုလ်ထူးအဖြစ် မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများစာရင်းတွင် အလေးထား ဖော်ပြခြင်းခံရသော ဆရာတော်ဖြစ်သည်။

## တပည့်ဒါယကာတစ်ဦး၏ အဖြစ်ဆန်း

မြေကြန်တူညီသော သပိတ်အိုင်တောရမှာ မွန်ပြည်နယ် ပေါင်မြို့နယ်၊ ကျုံကကျေးရွာ အရှေ့ဘက်၊ **နွားလပို့တောင်ခြေတွင် တည်ရှိပါသည်။**

**နွားလပို့တောင်မှာ အနောက်ဘက် လယ်ကွင်းပြင်မှ ကြည့်ရှုပါက နွား တစ်ကောင်၏ လည်ပို့သဏ္ဌာန် မြင်တွေ့ရသော တောင်ထွတ်၏ ပုံသဏ္ဌာန်ကို အစွဲပြု ခေါ်ဝေါ်ခြင်းဖြစ်သည်။**

နွားလပို့တောင်ထွတ်တွင် ကျိုက်ထီးရိုးနောင်တော်ဟု သတ်မှတ်ကြသော ဆံတော်ရှင်စေတီတစ်ဆူ ကိန်းဝပ်တော်မူလေသည်။ ကောင်းမှုရှင်မှာ **ဗုဒ္ဓဉာဏရသေ့ဖြစ်၍** ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်ထက် (၅)နှစ်စော၍ တည်ဆောက်ပူဇော်ခဲ့သည်။

မွန်ဘာသာအရ ကျိုက်ထီးရိုးဟူသော ဝေါဟာရမှာ ရသေ့ရွက်ဘုရားဟု အဓိပ္ပါယ်ရှိလေရာ ကျိုက်ထို ကျိုက်ထီးရိုးကျောက်မှာ ရသေ့ဦးစွန်းပုံလုံးဝိုင်းလျက် ပေါင်မြို့ နွားလပို့ ဆံတော်ရှင်ကျောက်တုံးမှာ ရသေ့ဦးခေါင်းနှင့် မျက်နှာပုံသဏ္ဌာန် ဖြစ်တည်လျက်ရှိသည်၊ ထိုသို့သော ကျောက်တုံးထက်တွင် စေတီတည်ထားသောကြောင့် **ကျိုက်**=ဘုရား၊ **ထီးရိုး**၊ **ဣသိယို**= ရသေ့

www.burmeseclassic.com

ရှက်ထားခြင်း။ ရသေ့ရှက် စေတီဟု နှစ်ဆူလုံးအား သိမ်းကျုံးခေါ်တွင်ခဲ့ကြသည်။

မွန်ဘာသာဖြင့် ရေးသား ထုတ်ဝေသော မွန်ဓာတု စေတီ သမိုင်းကျမ်း၌ နွားလပို့တောင်ရှိ ဆံတော်ရှင် စေတီအား ဗုဒ္ဓဉာဏရသေ့ တည်ဆောက် ပူဇော်ခဲ့သည် ဟု ဖော်ပြထားလေသည်။

ထို စေတီတော်အား စစ်ကြိုခေတ် ကာလတွင် **လင်းလျောင်ကျူး** အမည်ရှိ ကျုံကကျေးရွာနေ တရုတ်သူဌေးတစ်ဦးက မွမ်းမံ ပြုပြင်ခဲ့ရာ ယနေ့တိုင် ဖူးတွေ့နေရသောစေတီဖြစ်သည်။



◆ ဒုတိယလိုဏ်ခန်းနှင့် အမြင်ရှုခင်း

လင်းလျောင်ကျူး၏ မြေးသမက်ဖြစ်သူ ဦးသာခင်သည် ကျုံကကျေးရွာတွင် နေထိုင်ရာမှ အတန်အသင့်ကြွယ်ဝလာသဖြင့် ပေါင်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ဦးသာခင်မှာ ထိုစဉ်က သပိတ်အိုင်ဆရာတော်အား မပြတ် ဆည်းကပ်လှူဒါန်းနေသူဖြစ်သည်။

ထိုစဉ် သူပုန်များက သူ့အား ဖမ်းဆီးခေါ်ဆောင်၍ ပြန်ပေးဆွဲသွားရာ မလွတ်နိုင်အောင် ကြိုးဖြင့် တုပ်၍ ချည်နှောင်ထားကြသည်။

ဦးသာခင်သည် ဂုဏ်တော်အား နှလုံးသွင်း၍ ရွတ်ဆိုပါသော်လည်း သေဘေးကြောင့် တည်ငြိမ်စွာ နှလုံးမသွင်းနိုင်ခဲ့ချေ။ ထိုစဉ်တွင် ဆရာတော်၏ ရုပ်သွင်ကို ထင်မြင်လာမိရာ သပိတ်အိုင်တောရဆီသို့ ဦးညွှတ်လျက်…

'ဆရာတော်ဘုရား… တပည့်တော်ကို ကယ်တော်မူပါ'

ဟု တမ်းတမိသည်။ ခဏချင်းပင် ရှေ့မှောက်၌ ဆရာတော် ကြွရောက်လာကာ (ဒကာကြီးသွားတော့)ဟု မိန့်တော်မူသည်။

ဘေးအန္တရာယ်များ အေးငြိမ်း၍ သပိတ်ပိုင်တောရသို့ သွားကာ အဖြစ်အပျက်အား လျှောက်ထားရာ…

'အေး ဒီလိုလဲ ဖြစ်တတ်ပါရဲ့'

ဟုသာ မိန့်ကြားလေသည်။ အတန်ကြာမှ "သူလည်း မကြာခင် ဒုက္ခရောက်တော့မှာ"ဟု လေးလေးပင်ပင် မိန့်ကြားရာ မကြာမီပင် အစိုးရတပ်များ၏ ကြိုးပမ်းမှုကြောင့် ဗိုလ်ငါးစင်ရိုင်းမှာ ပေါင်မြို့တွင်း၌ ကျဆုံးခဲ့ရသည်။

ဤ အကြောင်းအရာများမှာ **ဓမ္မာစရိယ ဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ စာအုပ်တွင် လေ့လာသိရှိ**ရခြင်းဖြစ်သည်။

ဗိုလ်ငါးစင်ရိုင်း၏ ရုပ်အလောင်းကိုမူ ကျွန်ုပ်ကိုယ်တိုင် သွားရောက်ကြည့်ရှုကာ ရှင်းလင်းစွာ မြင်တွေ့ခဲ့ရသည်။

ဦးသာခင်ဆိုသူမှာ ကျွန်ုပ်၏ နေအိမ်နှင့် ကပ်လျက် မြေနေရာတွင် နေထိုင်သူဖြစ်၍ ကျွန်ုပ်ကိုယ်တိုင်မှာ ပေါင်မြို့ ချက်မြှုပ်ဇာတိဖွား ဖြစ်သောကြော ဤအကြောင်းခြင်းရာများကို အသေ စိတ် သိရှိရခြင်းဖြစ်ပါသည်။

ယခုအချိန်၌ ဦးသာခင်မှာ တမလွ ခရီးသို့ ကြွမြန်းလေပြီဖြစ်၍ သူ၏ ဦးသာရင်သာလျှင် ကျန်ရှိတော့သည်

ယခုအခါ ပုပ္ပါးရှိ အထက် အောက်လိုဏ်ဥမင်နှစ်ဂူအနက် တ တည်းသော ကျန်ရှိသည့် အော လိုဏ်ဂူခေါ် ရသေ့ညီနောင်ဂူ သပိတ်အိုင်တောရနှင့် မြေကြန် အ အထား တူညီသည်။

သို့ဖြစ်လေရာ ဘိုးဘေးဂူ အောက်လိုဏ်ဂူသည် သမိုင်းမှတ် မတင်ဖြစ်သော ပုဂ္ဂိုလ်ထူးများစွာ ဆက်စပ်နေမည်ဟု ယုံကြည်မိပါသ

ပုပ္ပါးဒေသ၏ အံ့ဖွယ်ထူးခြားသ နေရာတစ်ခုအဖြစ် ဝင်ရောက် လေ့ ပူဇော်သင့်ကြောင်း တိုက်တွန်း ညွှန်လိုက်ရပေသည်။

**ခွန်စိုင်းဝမ်း**



www.burmeseclassic.com

www.burmeseclassic.com

# နှင်းရည်လိမ်း၍ ငြိမ်းပါစေ

နှင်းရည်သောက်၍ ပျောက်ပါစေ



အကြောညပ်၊ အကြောကပ်၊ အကြောမသန်သော်

ကျောင်းတုန်းက သူငယ်ချင်းတွေမှာ "ဟာရှင်" ဆိုတဲ့ သူငယ်ချင်းတစ်ယောက်ပါတယ်။ ဟာရှင်က မိန်းမကိစ္စမှာ သိပ်ပြီး ဝါသနာပါတယ်။

ဟာရှင်ရဲ့ လက်သုံးစကားက...

'ယောကျ်ားဆိုတာ နှစ်မျိုးပဲ ရှိတယ်။ နွားဘူးနဲ့ ဂန်ဒူး၊ ဒီတာ ဘယ်တော့မှ ဂန်ဒူးအဖြစ်မခံဘူး' တဲ့။

အဲဒီဟာရှင်မှာ အကြောမသန်တော့ဘူး။

'စိတ်ညစ်တယ်ကွာ'

'ဟာရှင်...မင်း ဘာစိတ်ညစ်စရာရှိလဲ၊ တိုက်ရှိတယ်၊ ကားရှိတယ်၊ မိန်းမရှိတယ်၊ ငွေရှိတယ်၊ ရွှေရှိတယ်၊ အားလုံးရှိနေတာပဲ'

'စိတ်ညစ်တာက အဲဒါတွေနဲ့ မဆိုင်ဘူး'

'ဘာနဲ့ဆိုင်လဲ'

'အကြောနဲ့ ငါ့အကြော မသန်တော့ဘူး'

ဒီတော့ ထူးအောင်ဆိုတဲ့ သူငယ်ချင်းက...

'အကြောကပ်တာ၊ အကြောညပ်တာ၊ အကြောမသန်တာကို ပျောက်အောင်လုပ်တဲ့နည်းက လွယ်လွယ်လေး'

ဒီတော့ ဟာရှင်က ကယ်တင်ရှင်ကို တွေ့လိုက်ရသလို အားကိုးတကြီးနဲ့...

'သူငယ်ချင်းရဲ့ အဲဒီနည်းလေး ပြောပါဦး'

တဲ့။

ပျော်ပျော်နေတတ်တဲ့ ထူးအောင်က ရယ်ပြီး...

'ဟဲ...ဟဲ ဒီတိုင်းတော့ မရဘူး။ ဟာရှင် တို့သူငယ်ချင်းတွေကို လက်ဖက်ရည်တိုက်'

လို့ နောက်ပြောင်ခဲ့တယ်။

ကိုယ့်ရောဂါ ခံစားနေရတာကို ကိုယ်သာသိတဲ့ ဟာရှင်က တကယ်ပဲ ကျွန်တော်တို့ကို လက်ဖက်ရည်တိုက်ခဲ့တာပေါ့။ လက်ဖက်ရည်သောက်၊ မုန့်စားပြီးတော့မှ ထူးအောင်က...

'မင်း ကံကောင်းတယ် ဟာရှင်'

'ဘာလို့လဲ မင်းနဲ့တွေ့လို့လား'

'ဒါလဲ ဟုတ်တယ်၊ ငါနဲ့ တွေ့ပေမယ့် အခုဆို ဆောင်းရာသီ မဟုတ်ရင်လဲ အဆင်မပြေဘူး'

'ဘာလို့ အဆင်မပြေတာလဲ'

'ဆောင်းရာသီမှ နှင်းကျတာကွ၊ နှင်းရည်သန့်သန့်ရအောင် ကျလာတဲ့ နှင်းရည်ကိုခံထား၊ သောက်တော့ နည်းနည်းခါးသလိုပဲ၊ မသောက်လဲ ဖြစ်တယ်။ သောက်လဲ ဖြစ်တယ်။

အဓိက,က အဲဒီနှင်းရည်တွေနဲ့ ကပ်တဲ့အကြော၊ ညပ်တဲ့အကြော၊ မသန်တဲ့အကြောကို လိမ်း၊ သေသေချာချာ နှံ့နှံ့စပ်စပ်လိမ်း။ ခဏခဏလိမ်းပေးလဲ ဆိုးကျိုးမရှိဘူး။ တစ်ရက်ပြီးတစ်ရက် ဆက်တိုက်လိမ်း၊ လိမ်းရင်းနဲ့ သက်သာပြီး ပျောက်မယ်'

ထူးအောင်ရဲ့ ကောင်းမှုကြောင့် ခုဆို ဟာရှင် တစ်ယောက် အရင်တုန်းကလို ပြုံးနိုင်ပါပြီ။

**ပန်းတနော် နောင်လတ်**



www.burmeseclassic.com

www.burmeseclassic.com


# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင် အင်ကြင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ



မှတ်ပုံတင် ၁၁၁၈ (ပိုင်) ၀၁၂၄၇၃၃ လိုင်စင် ၁၁၇၈ (ထိ)

အမှတ်တံဆိပ်

အ/ရ(စာနယ်ဇင်း) ၀၂၂/၀၆၁၄

"ကိုမင်းကျော်ပါလား . . . . မတွေ့တာကြာပြီ"

"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို . . စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ . . . ကံကောင်းတာပဲဗျို့"

"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"

"တခြားတော့မဟုတ်ပါဘူး . . . . ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆို တော့ . . . သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် . . . ဆေးလမ်းညွှန်ပေးဖို့ပါ"

"ကိုမင်းကျော်သွေးတိုးက . . . ဘယ်အဆင့်မှာရှိနေပြီလဲ"

"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် . . . နိုင်ငံတကာဆေးတွေသောက်တာ . . . တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ . . . "

"မပေါ့နဲ့ကိုမင်းကျော် . . . သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီး . . .

"ဒါဆို . . . ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"

ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ. . . အခုလဲ ကျွန်တော့်မိတ်ဆွေ . . . တိုင်ရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် . . . ဆရာမဒေါ်ဝင်းဝင်းဇော် . . . က သမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများ စွာနည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း . . . သွေးတိုးရောဂါရှင် ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် . . . သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"

"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေ့လိုက်ရလို့ကံကောင်းသလို . . . ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ . . . ကံကောင်းပြီးရင် . . . ကံကောင်းတာပဲဗျို့"

"ဒါနဲ့တစ်ခုလောက်မေးမယ် . . . ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး . . . အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"

"ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ . . . အသိမိတ်ဆွေ တစ်ယောက်ကစား ချင်တာစား . . . ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက . . . "

"ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးကို၊ လွန်, ယုတ်, လွဲမှားပြု[...] များရင် . . . မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး . . . ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ . . . အုန်းနို့ခေါက်ဆွဲ[...] ဒ်ပေါက်ထမင်းစားပြီးဆေးစားလဲ . . . ရောဂါမတိုးချင်သာနေမယ် . . . သက်သာပျောက်ကင်းမှာ မဟုတ်ဘူး . . . အပ[...] ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် ...

"ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ"

"ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိ[...] သောက်ရင် . . . အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ . . . အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတ[...] နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး[...] လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လ[...] . . . ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် . . . သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ . . . နှစ်ထပ်ရှိမှမှတ်မိမယ်ဆိုရင် . . . ထပ်ပြောလိုက်မယ် . . . **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် . . အင်ကြင်း[...] အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။ . . . . .**"

ပင်ရင်း 'ဝင်း' ဆေးတိုက်

ဖုန်း – ၀၁ ၅၉၀၅၇၈

ဖြန့်ချိရေး – အောင်သိဒ္ဓိဆေးဆိုင်

၃/၀၁၀/၁၀ရေယာဉ္ဇာအိမ်ယာ

၈/ဒုတောင်ရပ်ကွက်၊ သယ်နိုးကျွန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း – ၀၉ ၇၃၀၃၃၇၀၀၊ ၀၉ ၅၀၉၈၀၁၃၃၊ ၀၉ ၃၁၉[...]




www.burmeseclassic.com

www.burmeseclassic.com

ရွှေမော်ဓမြ မောင်ကြည်သိန်း

# ဒို့ရှမ်းပြည်မှာ ဇာတ်ငါးရာ

ရှင်ပင်မြတ်မွေး တတိုင်းပေး (၂)

ယခင်လမှ အဆက်

**ဇာတ်ငါးရာဘုရားကြီး၏ မူလကျောင်းထိုင်ဆရာတော်ကြီး**

ဇာတ်ငါးရာဘုရားကြီး၏ **မူလကျောင်းထိုင်ဆရာတော်ကြီး ဘွဲ့တော်မှာ ဘဒ္ဒန္တဝိမလ သက်တော်(၈၁) ဝါတော်(၇၀)** ၁၃၇၆ ခုနှစ်၊ တော်လဆန်း(၇)ရက် ည(၈) နာရီတိတိမှာ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါတယ်။

**ဇာတ်ငါးရာ ဘုရားကြီး သမိုင်းအကျဉ်း**


ဆရာကြီးဦးကျော်စိန် [ကျောင်းဆရာ(ငြိမ်း)]ပြုစုတဲ့ ဇာတ်ငါးရာသမိုင်းအကျဉ်းမှာ အောက်ပါတိုင်း ဖော်ပြထားသည်။

ညောင်ရွှေမြို့နယ်၊ ပေါင်းတလည်မြို့ရှိ ဇာတ်ငါးရာစေတီတော်မြတ်ကြီးသည် မွေတော်ပေါင်း(၅၅၀) ကိန်းဝပ် ဌာပနာစေခဲ့ပြီး သာသနာနှစ် ၆၁၃ ခုနှစ်မှစ၍ သရေခေတ်ဘုရင် ပျူမင်းဆက်များဖြစ်သော “ဒွတ္တပေါင်မင်း”၊ “သုပညာနဂရမင်း”၊ “မဏိစည်သူမင်း” တို့၏ လက်ထက်တွင် စတင်



• ဦးနိုက်သူမြော် ဇာတ်ငါးရာစေတီတော်

www.burmeseclassic.com



◆ ရှေးဟောင်း
ကြေးဆင်းတုတော်ကြီး



◆ ဝံ့ခွန်တိုင်းအတွင်းရှိ ထုတောင်းတိုင်း
ပြည့်ဝစေသည့် ကြေးဆင်းတုဘုရား

တည်ထားကိုးကွယ်ခဲ့ကြောင်း....

သက္ကရာဇ် ၆၂၇ခုနှစ် နန်းတက် ၍ ၆၃၈ ခုနှစ်တွင် နန်းသက်ကုန်ဆုံးသော **"သုပညာနဂရဆိန္ဓမင်း"** ကြီး တည်ထားခဲ့သော ဇာတ်ငါးရာ ဘုရားကြီး၏ ဌာပနာတိုက်ကို သာသနာသက္ကရာဇ် ၆၈၅ ခုနှစ်တွင် နန်းတက်၍ ၇၃၉ ခုနှစ်တွင် နန်းသက်ကုန်ဆုံးသော ဒုတိယမြောက် **"ပြည်မင်းသင်းကွဲ စောရန်နိုင်"** သည် သက္ကရာဇ် ၇၀၀ ပြည့်နှစ်တွင် အသစ် ထပ်မံပြုပြင်သည်။

သက္ကရာဇ် ၈၀၇ ခုနှစ် နန်းတက် ၍ ၈၄၄ ခုနှစ်တွင် နန်းသက်ကုန်ဆုံးသော ပြည်မင်း(၁၃)ဆက်မြောက်မင်း (ပြည်မင်းဆင်များရှင်)က ဖိနပ်တော်(၁၀)တောင်၊ ဉာဏ်တော်(၁၅)တောင်ဖြင့် ရွှေထီးတင်တော်မူ၍ ဖိနပ်တော်ထိ ရွှေသက်န်းကပ်လှူတော်မူသည်။

## ကမ်းယံပြည်မှာ ရှေးဦးစွာ
## မွေတော်တည်ပုံ

ဘုရားရှင်ပြည်ခွင် နိဗ္ဗာန်စံလွန်တော်မူပြီးသောအခါ သာသနာတော်နှစ် သက္ကရာဇ်အညီ ဖြစ်ရလေအောင် ဘိုးတော်**"ကဋ္ဌနမင်း"** ဖြို တော်မူ၍ ပိုမိုကြွင်းကျန်သော သက္ကရာဇ်ကို **"အဇာတသတ်မင်း"** သည် **"မဟာကဿပမထေရ်"** နှင့် တိုင်ပင်နှီးနှောပြု၍ အကြ... တစ်ခု ထားတော်မူလေသည်။

ရှင်မဟာကဿပ မထေရ်သ... သာဝကငါးရာနှင့် သင်္ဂါယနာ... တော်မူပြီး ခရီးဖြန့်ချေ ဒေသ... လှမ်းသော် ကမ်းယံပြည်သို့ ... တော်မူသတည်း။

ဘုရားရှင်၏ ဓာတ်တော်မွေ... တို့ကို ပူဇော်ကိုးကွယ်လိုကြော... ကမ်းယံမင်း လျှောက်ထား... ကြောင့် သနားတော်မူလှ၍ ... ငါးဆယ်သော မွေတော်မြ... သရက္ခန်၊ နံ့သာကြုတ်နှင့်... ကမ်းယံမင်းအား အပ်ထား... နှင်း တော်မူပြီးသောအခါ...




www.burmeseclassic.com

www.burmeseclassic.com



◆ မှုလပထမ
ကျွန်ထိုင်းဆရာတော်ကြီး ဘဒ္ဒန္တဥိမလ
[ပုံရှင်တော်မူပြီး]



◆ မှန်နန်းတွင်း သင်မြင်သင်ကွင်းကြီးကို
ဘုရားပုံတော် ထုလုပ်ပူဇော်ထားပုံ
(ဘုရားအဆင် ထေိမ်ဆလောင်းအနီး)

ဒီယကာမင်းမြတ် ယခုအပ်ခဲ့သော မွေတော်စာတ်တော်တို့သည် သင်မင်း မြတ် တသက်လျှာသာ ကိုးကွယ်ရာဖြစ် ...လတ္တံ့ သင်မင်းကြီး နတ်ရွာလားသော် ...ရှင် ဖျာဒိတ်ကျူးတော်မူခဲ့သည့် ...ဆိုင်း ခေတ္တရာမြို့ကြီး၌ အသီးအခြား ...ထိုယ်တော်မူလတ္တံ့’
... မိန့်ကြားပြီး ဒေသစာရီ ကြွ ...တော်မူလေသည်။

...မြတ်မွေးဟု သမုတ်တော်မူ

“...စ်းယံမင်း” လည်း ဝမ်း ...ဝမ်းသာ ရတနာအမျိုးမျိုး ...ကြုတ်ကို ပြုပြင်ပြုလုပ်ပြီး ...တည်ထား ကိုးကွယ်တော်မူ ...သည်။

...ပွဲလမ်း အခန်းအဝဝ ပသ ...ချာန္တာအရှင်မြတ်တို့အား ... ဆွမ်းကပ်ပူဇော် လှူဒါန်း ...သည်။

ထိုမွေတော်မြတ်သည် ဦးခေါင်း စာတ်မြတ်ဖြစ်ရကား ကြီးမားမြင့် မြတ်သော ကျက်သရေကို ပေး တတ်ကုန်၏။ ပဒုမ္မာ၊ ပုဏ္ဏရိက်၊ တံဆိပ်ကြာပုံ၊ ထိုကျော်သနစ်၊ ကရမက်စန္ဒကူး၊ သရက္ခန်မာလာ၊ အာသာနွယ်အစစ်၊ ထုံသင်းမွှေး ကြိုင်၊ နတ်ပန်းခိုင်နှင့်၊ ပြိုင်ဘက်မရ ဖြစ်တော်မူသောကြောင့် ယင်းမွေ တော်ကို (ရှင်ပင်မြတ်မွှေး)ဟု လူ အပေါင်းက သမုတ်ကြလေကုန်၏။

## သရေခေတ္တာသို့ မွေတော်ကြွလာပုံ

သရေခေတ္တရာ၌ ဒွတ္တဘောင်မင်း မှစ၍ သီရိမင်းတိုင် မင်း(၉)ဆက် မြောက် သီရိမင်းလက်ထက် သက္ကရာဇ် ၄၃၃ ခုနှစ်ကို ဖြိုတော်မူ လေ၏။ ကိန်းမရောက်၍ မပြိုချေ။ ထိုမင်းနတ်ရွာစံသော် သမက်တော် “တေစ်ပါးမင်း” မင်းပြု၏။

ထို “တေစ်ပါးမင်း” မှ “သုမုန္ဒရီ” မင်းတိုင် မင်းဆက်(၁၅)ဆက် ပြတ် ၏။ ထိုမင်းလက်ထက် ဖြိုကိန်း ဆိုက်ရောက်၍ သက္ကရာဇ် ၆၂၂ ခုနှစ်ကို သိကြားမင်း ဖြိုတော်မူ၍ ကျောက်ဖြာထက်မှာ(ဒွေး)ဟု ထား ခဲ့၏။

**“သုမုန္ဒရီမင်း”** လက်ထက်မှာ ယခင် **“အရှင်မဟာကဿပ”** ပေး တော်မူခဲ့သော “ရှင်ပင်မြတ်မွှေး” မည်သော် မွေတော်စာတ်သည်၊ “ကမ်းယံပြည်” မှ “သီရိခေတ္တရာ” မြို့ အရှေ့မြောက်(၂)ဂါဝုတ်ခန့်ကွာ သော လယ်တော်အရပ်မှာ လောင်း လျာသေဋ္ဌာနမှာ ဘုတ်မင်း ဖြစ် တော်မူစဉ် ပျော်ရွှင်စွာ နေထိုင်ခဲ့ဖူး သော နေရာဖြစ်၍ သတ္တဝါတို့ကို နတ်ရွာနိဗ္ဗာန် လမ်းဖွင့်တော်မူပါ သည်။

## တောင်သူကြီးတစ်ဦး ဖူးတွေ့ရပြီ

တစ်ရံရောအခါ တောင်သူကြီး တစ်ဦးသည် အထူးသဖြင့် မွှေးကြိုင် လှသော ဤအလယ်ဒေသတွင် မြတ်နိုးဖွယ်သော ဝတ္ထုတစ်ခုရှိတန် ရာ၏။ သိသာအောင် စုံစမ်းတော်မူ မည်ဟု စိတ်မှာဖြစ်ပေါ်ပြီး ဥပုသ် သီတင်း တည်ဆောက်၍ နေ၏။

ထိုအခါ မွေတော်အပေါင်း ကောင်းကင်သို့ ကြွတော်မူလေ၏။ ဆဗ္ဗဏ္ဏအရောင်၊ ညိုမှောင်မည်း နက်၊ ပြိုးပျက်ဖြိုးဝေ၊ ဖြိုးဖြိုးခွေ လျက်၊ ဖြူရွှေနီမောင်း၊ ရှုမငြောင်း အောင်၊ ကောင်းကင်တန်ဆာဆင် ပြီး ဘုရားရှင်စကြံ ကြွတော်မူသကဲ့ သို့ (နိမ္မိတ)ဖန်ဆင်းတော်မူလေ၏။



www.burmeseclassic.com

www.burmeseclassic.com



◄ ခိုင်ခံ့လှပစွာ အဝင်မုခ်ဦးမဟာ ဇေတဝန်ကျော



ဇေတဝန်ကျောင်းတော်အဝင် မြေနီလမ်းနှင့်မုခ်ဦး ►

ထိုခါ တောင်သူကြီးလည်း၊ ကြက်သီးဖိန်းဖိန်း၊ တိုင်လုံးရှိန်းမျှ၊ ကတိမ်းကပါ၊ အမှားမှားအယွင်းယွင်း၊ မြေကို နင်းသည်ကိုမျှ နင်းရမှန်းမသိ၊ ပီတိအထူးဖြစ်တော်မူပြီး အသီးသီးသော မြို့သူမြို့သားတို့အား ပြောကြားခေါ်လာ၊ ကြီးစွာသော ပူဇော်သက္ကာရကို ပြုတော်မူလေသည်။

## အတိတ္တာမင်း နန်းတက်ခြင်း

"သုမုန္ဒရီမင်းကြီး" စုတေတော်မူလေသော် သားတော် "အတိတ္တာရာမာမင်း"ဘိသိက်ခံလျက် နန်းတက်ရာ၊ မကြံကောင်းမစည်ရာ မိစ္ဆာအမှားကြီး မှားမည်ဟု မယ်တော်အား ရှာကြံယူသောကြောင့် လူစင်စစ်က "မျောက်" ဖြစ်လေ၏။

မြို့နေလူအပေါင်းက "မျောက်" ကို ထိုးခုတ်ပစ်ခတ်လေသောကြောင့် ဘဝသစ်ကူးရှာလေ၏။ **(မယ်တော်ကို ကြံစည်၍)။**

အတိတ္တာမင်း ယိုယွင်းပျက်စီးသောအခါ သာသနာသက္ကရာဇ် ၆၂၇ ခုနှစ်တွင် **"သုပညာနဂရဆိန္ဒမင်း၊"** မင်းပြုတော်မူလေ၏။ ထိုမင်းသည် ဘုန်းသမ္ဘာနှင့် ပြည့်စုံသူဖြစ်ရကား တိုင်းသားပြည်သူတို့၏ အားထားရာ ဖြစ်တော်မူ၏။

## မွေတော်ပေါ်တော်မူပြီ

မြို့တော်အရှေ့မြောက်၊ လယ်တော်ရပ်၊ လယ်ပြင်သို့ဆင်းပြီး ဆင်မြင်းရထား၊ ဗိုလ်ပါအားဖြင့် စစ်အင်္ဂါလေးပါးနှင့်တကွ ကြွချီတော်မူလေ၏။ **မင်းကြီးသည် ဤသို့ သစ္စာပြုတော်မူလေ၏။**

'လူသုံးပါးတို့၏ မကုဋ၊ အတုလ ဖြစ်တော်မူသော မြတ်စွာဘုရား တပည့်တော်သည် ဖူးမြော်ထိုက်သော ဘုန်းသမ္ဘာနှင့် ပြည့်စုံသူဖြစ်ပါမူကား အရှင်ဘုရား၏ သဏ္ဍာန်ထင်ရှားစွာ ပြတော်မူပါဘုရား' ဟု သစ္စာဓိဋ္ဌာန်ပြုတော်မူ၏။

အဓိဋ္ဌာန်အဆုံး၌ မြေလုံး သွက်သွက်ခါပြီး စကြာကဲ့သို့ ချာချာလည်လျက် မွေတော်ဓာတ် အနုဋ္ဌသည် သရက္ခန်စေတီတော်နှင့်တကွ မြေထဲမှ ထွက်ပေါ်၍ အဖူးမြော်ခံတော်မူလေသည်။

## မွေးလှသော ရန့်လှိုက်တော်[illegible]

အကျော်၊ စံပယ်၊ နံ့သာသင်[illegible] ဂန္ဓာရုံဟူသမျှ ဦးနှိမ်ချရ[illegible] အောင် မွှေးလှသော ရန့်လှိုက်[illegible] မူ၏။ ရဟန္တာအရှင်သူမြတ်[illegible] မွေတော်ဖြစ်ပေါ်ပုံကို လျှော[illegible] လေသော်...

'အကာပင်းမြတ် မွေတော်[illegible] သည် ရှေးဖြစ်ရင်း ဘုတ်မင်း[illegible] မူသောကာလ ဤအသေ[illegible] နေဖူးတော်မူသည့်အတွက်[illegible] တော်မူလေသည်။ ကို[illegible] ထင်ရှားစွာ ဖြစ်တော်မူလိ[illegible]' ဟု ရဟန္တာအရှင်မြတ်[illegible] ကြား ကျူးရင့်တော်မူပါ[illegible]


## ကမ်းယံပြည်မှ ဓေတ္တ[illegible] ပင့်ဆောင်ခြင်း

သုပညာနဂရဆိန္ဒမင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



◀ လေမလာ လှုပ်ခတ်သည့် အလိုလျောက်
လှုပ်ခတ်သည့် ခေါင်းလောင်းတော်များ၊ လှမ်းထူးခြား
လက်ယာမြောက်သည့် အခွန်ဆုံး တစ်လုံးတည်း ခေါင်းလောင်းမှုံ ▶



ပြည်သို့ အပြင်းထန် ချီတက် တိုက်ခိုက်သောအခါ အောင်မြင်တော်မူလေ၏။ မေတ္တေယျဘုရားရှင်ကိုယ်စား အတောင်(၈၀)ဉာဏ်တော်ရှိ ရွှေဆင်းတုကို ဖူးမြော်ရရှိတော်မူသည်။

မေတ္တေယျ ဆင်းတုတော်ကြီးကို ကျိုချက်၍ မင်းကြီး အမျက်ပြေစေခြင်းငှာ ဉာဏ်တော်တစ်တောင်ရှိ ရွှေဆင်းတု နှစ်ကျိပ်ရှစ်ဆူ သွန်း၍ ဆက်သကြသည်။

မင်းကြီးလည်း ရသမျှ ဆေးကြော၍ ဇာတ်ငါးရာသွန်းတော်မူ၏။ ရွှေရုပ်တု နှစ်ကျိပ်ရှစ်ဆူနှင့်တကွ မွေ့တော်ဓာတ်ကိန်းဝပ်ရာ၌ ဌာပနာတိုက်ပြု၍ ပေါင်းစုပြီး ဌာပနာတော်မူလေသည်။

## ခေတ္တရာပြည်ပျက်ခြင်း

သီရိခေတ္တရာ မြို့သူမြို့သားများ ဘုရားရွှေကို သုံးစွဲခဲ့၍ ပျက်ကိန်းရောက်၍ ကမောက်ကမ ဖြစ်ကြလေသည်။ ဗိုလ်စကောဆိုသူ ဖျက်လိမ့်မည်ဟု တဘောင်ဖြစ်တော်မူသည်။

ဆန်ကော တစ်ချပ်ဖြင့် ဆန်ပြာနေသော အမျိုးသမီးသည် လေပွေမွှေ၍ ဆန်ကော လေထဲပါသွားရာ **"ငါ့ဆန်ကော၊ ငါ့ဆန်ကော"**ဟု အော်မြည်၍ လိုက်ရာ**"ငါ့စကော" တစ်လာပြီ** အထင်ဖြင့် မြို့သူမြို့သားများ ထွက်ပြေးကြရာ ပျူတစ်စု၊ ကမ်းယံတစ်စု၊ မြန်မာတစ်စုအားဖြင့် လူစုကွဲလျက် အပျက်ကြီး ပျက်ရလေတော့သည်။

ဇာတ်ငါးရာဘုရားလည်း မပြီးမြောက်ဘဲ သင့်လောက်ရုံမျှသာ ကာလကြာပြီး လွန်စွာ တိမ်မြုပ်တော်မူလေသည်။ (ကမ်းယံ)ဟူသည်မှာ **"သက်"လူမျိုး**ဟု ရှေးသူဟောင်းများ ပြောကြားခဲ့ဖူးသည်။

နှစ်ပေါင်း (၇၀)ကြာသောအခါ သုပညာနဂရဆိန္နမင်း တည်ထားခဲ့သော ဌာပနာတိုက်ကို ပြည်မင်းဆက် ဒုတိယမြောက် **"သင်းကွဲရန်နောင်"(သို့မဟုတ်) မင်းကြီးစောရန်နောင်**သည် သာသနာသက္ကရာဇ် ၆၈၅ ခုနှစ်တွင် နန်းတက်၍ သက္ကရာဇ် ၇၀၀ ပြည့်နှစ်တွင် အသစ်ထပ်မံ ပြုပြင်တော်မူပါသည်။

နှစ်ပေါင်း (၁၀၀)ကြာသောခါတွင် သာသနာသက္ကရာဇ် ၈၀၇ ခုနှစ်တွင် နန်းတက်သော (၁၃)ယောက်မြောက်မင်းဖြစ်သော (ပြည်မင်းဆက် မင်းကြီးစွာဆင်များရှင်) နန်းတက်သည်။

မင်းကြီးသည် ယိုယွင်းပျက်စီးနေသော ဇာတ်ငါးရာ ဌာပနာတိုက်ကို စေတီတည်ထား ကိုးကွယ်တော်မူပါသည်။ ဖိနပ်တော်(၁၀)တောင်၊ ဉာဏ်တော် (၁၅)တောင် ဖိနပ်တော်မှ ထီးတော်ထိ ရွှေသင်္ကန်း ကပ်



www.burmeseclassic.com

www.burmeseclassic.com



◆ ရှေးနှစ်ပေါင်းများစွာက ကျွန်းတိုင်များနှင့် ကျောင်းတော်ကြီး(စေတီအဝင်လမ်းမှာရှိ)

လှူတော်မူ၏။ နှစ်ပေါင်း (၈၀၀) ကြာသောအခါ စေတီပျက်စီး ပျောက်ကွယ်ခဲ့ပါသည်။

မဏိစည်သူမင်း (၁၆၃၆–၁၇၁၁) ကောဇာသက္ကရာဇ်(၄၅၄–၅၂၉) ဘေးလောင်းတော် သုပညာနဂရ ဆိန္နမင်း တည်ထားခဲ့သော ဇာတ် ငါးရာဘုရားကြီးအား ပြုပြင် တည် ထားတော်မူလေသည်။ စစ်အတွင်း တည်ထားခဲ့ရ၍ (စစ်များဘုရား) ဟု လည်း ခေါ်တွင်ပါကြောင်း...

ယခုအခါ ဤဇာတ်ငါးရာစေတီ တော်မြတ်ကြီးသည် (၄၉)တောင် (၂)မိုက်၊ ထီးတော်(၁၅)တောင်၊ ပေါင်း (၆၄)တောင်(၂)မိုက်၊ လုံးပတ် (၈၀)၊ ဖိနပ်တော်(၄၄) ဤဘုရားကြီး ဘွဲ့တော်များမှာ...

၁။ မွေတော်စေတီ

၂။ ဇာတ်ငါးရာစေတီ

၃။ စစ်များဘုရား

၄။ ရှပ်ပေါ်မြတ်မွေ

၅။ ဓာတုစေတီရယ်

လို့ ငါးမည်ရခဲ့ပါသည်။

## မျက်စိနှစ်ကွင်း အလင်းရ

ဇာတ်ငါးရာစေတီကြီးသို့ ရောက် ရှိသော အနောက်ရွာ တစ်ရွာမှ မျက်စိကွယ်နေသော အဘိုးအို တစ်ဦး အိပ်မက်အရ ပိန္နဲပင်ကြီးကို ဆန်မန်းပေါက်ပေါက်များ ပက်ဖြန်း ပြီး အခေါက်ကို ခွာ၍ ဆေးအဖြစ် သုံးရာ အဘိုးအို မျက်စိနှစ်ကွင်း အလင်းရခြင်း...

## နဂါးကန်မှ ရေများဘုရားသို့ ဦးတိုက်ခြင်း

စေတီတော်ကြီးအနောက်ရှိ နဂါး မယ်တော်ရေကန်မှ ရေများ နေဝင် ချိန် ရေများဆန်တက်လာပြီး ပထမ ဦးစွာ (တနင်္ဂနွေထောင့်၊ အရှေ့ မြောက်ထောင့်)မှ ရေများ ကန်ပေါ် သို့ တက်လာပြီး ဇာတ်ငါးရာစေတီ မြတ်ကြီး အနောက်ဘက် ရင်ပြင် ပေါ်ထိ လည်းကောင်း၊ ပရိဝုဏ် အတွင်း လည်းကောင်း တက် ရောက် ဦးတိုက်သည်ကို ကျောင်း နေ ရဟန်းတစ်ဦးတွေ့ရှိခြင်း...

## အဓိဋ္ဌာန်ပြု ဖူးမြော်သူတို့ အမွှေးရနံ့ရငြိခြင်း

ဤ ဇာတ်ငါးရာဘုရားသည် သာသနာငါးထောင် ကြာသည့်တိုင် မည်သည့်အရပ်မျှ ပြောင်းရွှေ့ ကိုးကွယ်မရသော စေတီတစ်ဆူ ဖြစ်ခြင်း၊ ရောင်ခြည်တော်များ မကြာခဏ ဖူးတွေ့ရခြင်း၊ ထူးခြား သော အမွှေးရနံ့များ ရရှိခံစားရ သည့် ထူးမြတ်သော စေတီတစ်ဆူ ဖြစ်တော်မူပါသည်။

နှစ်စဉ်အမြဲ တန်ခူးလသကြံန် (အကျ) နေ့မှသည် နှစ်ဆန်း(၁)ရက် နေ့တိုင် ဗုဒ္ဓပူဇနိယ ပွဲတော်ကြီး ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်း(ရာ ကျော်) ရှိခဲ့ဖါပြီ။

တရားချစ်ခင် သူတော်စင် အပေါင်း တစ်ခါတစ်ခေါက် လာ ရောက်ခဲ့ရင်ဖြစ် ဘုရားကြီးဘုရား မှာ ဖူးမြော်ပြီး ပေါင်းတလည်မြို့ အဝင်, **ပြည်မှ (၈)မိုင်ခန့်အကွာ နောကုန်းရွာအနီး "ပြောင်းဖုံရွာ" ထိပ်၊ ပေါင်းတလည်၊ ပြည်ကား လမ်းနံဘေးမှာ ဖူးတွေ့ပြီး** နဝကမ္မ အလှူငွေထည့်ဝင်ပြီး ဆုယူ ဆု တောင်းကြပါ။

နဂါးမယ်တော်မှအစ သိုက်နန်း ရှင်အပေါင်း ကျန်းမာပကတိ ချမ်းသာစွာရှိ၍ မင်္ဂလိမ်နိဗ္ဗာန် ရောက်ကြပါစေသော်...

***စာဖတ်သူအပေါင်း ကျန်းမာ ချမ်းသာကြပါစေ။***

**ရွှေမှော်မြေ မောင်ကြည်သိန်း**



www.burmeseclassic.com

www.burmeseclassic.com

# အသက်ကြီး အလှပို ဆီး,ဝမ်း မှန်စေလိုလျှင် ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

(ဖျော်ဖြေစောင်းမှ)

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ပေါ့ပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် အစား နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို မှောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ ဝေဒနာများလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ ကြတော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက လည်းဖြစ်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ အကျဉ်းပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ အဖြစ်ဆိုးရောဂါပေါ့ဗျာ" တဲ့လေ. . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့-

"မကေသီအောင်ရေ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ. ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုမျိုး ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေးခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(စာနယ်ဇင်း)(၁၁၂/၁၂၁၂)

"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေလေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မ[...] အပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း ဟက်[...] စေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာ[...] ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေး[...] ဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး [...] သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်း[...] ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်း[...] တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသ[...]**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိ[...] ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်[...] တဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် [...]


ပင်ရင်း - **စကြာမင်းဆေးတိုက်**


အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း[...]
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉[...]


www.burmeseclassic.com

www.burmeseclassic.com



◆ ငှက်မြတ်နားစေတီတော်အား
ရပ်ပြင်ထက်မှ အပြည့်အစုံ ပူဇော်ရိုက်ပုံ



◆ ငှက်မြတ်နားစေတီတော်အား
အနီးကပ်ပူဇော်ရိုက်ပုံ

# စစ်ကိုင်းတောင်ရှင် သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ဂုဏ်ပူဇော် ဂါထာတော်များ (၅၈)

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

ငှက်မြတ်နားမုဋ္ဌောစေတီ

**မောတဿ ဘဂဝတော**
**ရဟတော သမ္မာသမ္ဗုဒ္ဓဿ။**
*[၃–ကြိမ် ရွတ်ပါ။]*

သီရိဓမ္မာ သောကေနာတိ
ဟာရာဇေန နိမ္မိတံ။
ဗ္ဗတဂ္ဂေ ငှက်မြတ်ထူပံ၊
ဒေနှတံ သိရသာမဟံ။

မြန်မာပြန်

**သီရိဓမ္မာ သောကေနာတိ–** သီရိဓမ္မာသောကဟု အမည်တွင်သော၊

**မဟာရာဇေန** – တတိယ သင်္ဂါယနာတင် ဘဝရှင် မင်းတရားကြီးသည်၊

**ပဗ္ဗတဂ္ဂေ** – စစ်ကိုင်းဇေယျာတောင်ထိပ်သာတွင်၊

**ယံ ငှက်မြတ်ထူပံ** – အကြင် ငှက်မြတ်နားစေတီတော်မြတ်ကို၊

**နိမ္မိတံ** – တည်ထားကိုးကွယ် အပ်ခဲ့လေပြီ၊

**တံ** – ထိုငှက်မြတ်နား မုဋ္ဌောစေတီတော်မြတ်ကြီးကို။

**အဟံ** –"..."ဟု နာမသမုတ် အကျွန်ုပ်သည်၊

**သိရသာ** – ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊

www.burmeseclassic.com



◆ ငှက်မြတ်နားအောင်မြေ၏
ငှက်မြတ်နားဆင်းတုတော်မြတ်အား ဖူးမြင်ကြည်ညိုရပုံ



◆ ငှက်မြတ်နားစေတီ သိမ်တော်ကြီးအတွင်း
စံပယ်တော်မူသော ကျောက်ရုပ်ပွားတော်

**ဝဆွေ ဝဆွာမိ** – ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ် ၂၂၄ ခုနှစ်။

ဘုရားဒါယကာ

သီရိဓမ္မာ သောကမင်းကြီး။

တည်နေရာ

ဥမင်သုံးဆယ်ဘုရား၏ မြောက်ဘက် ငှက်မနားတောင်။

ပွဲတော်ရက်

သီးသန့် သတ်မှတ်ထားခြင်း မရှိပါ။

အောင်မြေဌာန

အာရမ်ခံ ကျောင်းတော်အတွင်း၊ အရှေ့လှည့် ဆင်းတုတော်ရှေ့။

အစောင့်အရှောက်

**သောတာပန် နတ်ဘီလူးကြီး။**

ငှက်မြတ်နားစေတီတော်မှာ သီရိဓမ္မာသောကမင်းကြီး၏ မုဋ္ဌော (၁၈)ဆူတွင် တစ်ဆူအပါအဝင် ဖြစ်သည်။

အတွင်းမုဋ္ဌော (၉)ဆူ
အပြင်မုဋ္ဌော (၉)ဆူ
စုစုပေါင်း(၁၈)ဆူ တည်ထား ကိုးကွယ်ခဲ့ခြင်း ဖြစ်လေရာ စစ်ကိုင်း မြို့ကြီး၏ သမိုင်းဝင်လည်းဖြစ်သ...

စေတီတော်တည်ရှိရာ ... တော်မှာ သမိုင်းဝင်တောင် အ... (၂၂)ဖြစ်လေသည်။ တောင်... အား ငှက်မနားတောင်ဟုသာ ... ခဲ့၏။

အတွင်းမုဋ္ဌော (၉)ဆူ

၁။ စကြိုမုဋ္ဌော (ခေါ်) ရွှေမုဋ္ဌော၊
၂။ ဆီးတောမုဋ္ဌော၊
၃။ သစ္စာစေတီမုဋ္ဌော၊
၄။ ဆည်းလည်းမုဋ္ဌော၊
၅။ ရွှေတောင်ဦးမော်မုဋ္ဌော၊
၆။ လေးမျက်နှာတောင်ထိပ်မုဋ္ဌော...
၇။ လမ်းလွှဲမုဋ္ဌော၊





www.burmeseclassic.com

www.burmeseclassic.com





◄ ငှက်မြတ်နားသိမ်တော်ကြီးအား မြင်တွေ့ရပုံ
ငှက်မြတ်နားစေတီတော်သို့ အဝင်လှေကားဦး ►

နံ့ကိုင်းမုဒ္ဓော၊
ဆယ်တောင်မုဒ္ဓော။

## အပြင်မုဒ္ဓော (၉)ဆူ

ငှက်မြတ်နားမုဒ္ဓော၊
မှန်ကင်းမုဒ္ဓော၊
သားပန်မုဒ္ဓော၊
သမန်းကျည်းမုဒ္ဓော၊
ဘုရားလှမုဒ္ဓော၊
ဆုံတောင်မုဒ္ဓော၊
ပွတ္တမြားမုဒ္ဓော၊
ထောဝ်မုဒ္ဓော၊
အောင်မြင်မုဒ္ဓော။

## ညောင်ပင်သာဦးပုည၏
## "မုဒ္ဓော"တေးထပ်

စကြံ့စိန္တေ့ယျနှင့်၊
စိန္ လယ်ဦးရှင်၊
ဘင်ဦးဟု မြတ်ထွတ်တင်၊
တောင်တွင် ခြောက်ရောင်လင်း။
ကိဳးတော တောဖင်ငယ်ပါ၊
ဘဂဝါ ကိုးဂုဏ်လင်း။
အတွင်းမုဒ္ဓော မြတ်ကိုးဆူ၊
နှိုင်းဆမတူ ရန်မြူရှင်း။
စကြံ့အပြင် မြတ်မှန်ကင်းနှင့်၊
သမန်းကျင်းဟု လွန်သပ္ပါယ်၊
ရန်အောင်မြင်နှင့် ငှက်မြတ်နား၊
သားပန်ထွတ်ထား ပတ္တမြားမြတ်
ဘုန်းကြွယ်။
ဝတ်ချက်ဘုရားလှ ငါးမာန်ပယ်သည့်၊
ရွှာထောင်တင့်တယ်၊
ပဲပုံမြတ်နှင့် ပြင်လည်းကိုးရပ်၊
မုဒ္ဓောမြတ်စိန္တေ့၊ စစ်ကိုင်းဇေယျာဖွေ၊
အံ့ဖွယ်အထူး ကွန့်မြူးဝေသည့်
မွေးဆာတ်စံနေ ကြည်နူးဖွယ်ပလေ။

စေတီတော်အား တည်ထားစဉ်မှာပင် **"ငှက်မနားမုဒ္ဓော"**ဟု ဘွဲ့တော်ပေးခဲ့သည်။ ပါးစပ်ရာဇဝင်စကားမှာ စေတီတော်တည်ထားပြီး နောက်နေ့နံနက်တွင် လင်းတငှက်ကြီးများ ရောက်ရှိလာလေ၏။

"မုဒ္ဓောစေတီ" ဖြစ်သည့်အတိုင်း သေးငယ်သောကြောင့် နားနေ၍မရပါ။

စေတီတော်မြတ်အား ကိုးကြိမ်ဝဲပျံ၍ ပူဇော်ကြပြီး အခြားအရပ်တစ်ပါးသို့ ထွက်ခွာသွားကြလေတော့၏။

အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာကြသော ရသေ့သူတော်စင်များ၊ ဂန္ဓာရီပုဂ္ဂိုလ်များကလည်း ငှက်မြတ်နားစေတီတော်အား လက်ယာရစ်ကိုးပတ် လှည့်လည်၍ အားထုတ်လေ့ ရှိကြပါသည်။

ဤတောင်တော်မှာ သုဝဏ္ဏာဂီရိ (ခေါ်) **စာမရီတောင်**ဟူ၍ တောင်တော်(၅၀)တွင် သမိုင်းဝင်တောင်တော် အမှတ် (၂၂) ဖြစ်လေသည်။ ယခုအခါ **"ငှက်မနားတောင်"**ဟု ခေါ်ပါ၏။

တောင်တော်(၅၀)မှ တောင်ထိပ် (၃၇)လုံးကို **"သိုက်ဝင်တောင်"**များဟု ရှေးပညာရှင်ကြီးများက



www.burmeseclassic.com

www.burmeseclassic.com





▲ ငှက်မြတ်နားစေတီတော်၏ မြောက်ဘက်မှ မှုမြင်ရပုံ
[ဤနေရာတွင် လင်းတငှက်များ အုပ်စုလိုက် ပျံဝဲ၍ မနားဘဲ
ပျံသွားကြသောကြောင့် ''ငှက်မနားစေတီ''ဟု တွင်ခဲ့ပါသည်]

ငှက်မြတ်နားစေတီတော်အား
ဒါယကာအဖွဲ့၏ ပြုပြင်မှုကျောက်စာ ▶

အသိအမှတ် ပြုထားခဲ့ပါသည်။

ငှက်မြတ်နား စေတီတော်ကို သက္ကရာဇ် ၈၃၀ ပြည့်နှစ်တွင် ''**ပြည်စုန်သီဟသူမင်း**''က ကြီးမားသော မီးတားတံတိုင်းများ ဝန်းရံ၍ စေတီတော်အား ထပ်ဆင့်ပိုး၍ ကုသိုလ်ပြုခဲ့၏။

ငှက်မြတ်နား သိမ်တော်ကြီးကိုလည်း သက္ကရာဇ် ၈၃၀ ပြည့်မှာပင် တစ်ဆက်တစ်စပ်တည်း တည်ထားတော်မူပါသည်။

သက္ကရာဇ် ၈၄၂ ခုနှစ်၌ ဒုတိယမင်းခေါင်က ထပ်မံ၍ ရွှေသင်္ကန်း ကပ်လှူခြင်း၊ မွမ်းမံပြုပြင်ခြင်းနှင့် အုတ်လမ်းများ ပြုလုပ်ခဲ့လေ၏။

စေတီတော်၏ အရှေ့ဘက်တွင် ''အံတော်ရှင်စေတီ''တော်ကိုလည်း တည်ထားကိုးကွယ်ခြင်း ပြုလုပ်ခဲ့လေသည်။

ပင်းယ စကားကျောင်း(၇) ကျောင်းမှ ကြွရောက်လာကြသော ပရက္ကမ ညီနောင်နှစ်ပါးတို့သည် ရွာထောင်၊ ဝါးချက်၊ ပယ်ငါးဆယ်နှင့် ထန်းတောရွာများသို့ အလှည့်ကျ ဆွမ်းယူကြလေ၏။

ဆွမ်းပြည့်စုံသည်ဖြစ်စေ၊ မလုံလောက်သည်ဖြစ်စေ၊ ငှက်မြတ်နားစေတီတော်အား ဆွမ်းဝတ်မပျက် ဆက်ကပ်လေ့ ရှိကြပါသည်။

ဆွမ်းဝတ်ကိုသာမက မိမိရေသောက်ဖို့ အာသီသဖြစ်ပါက သောက်တော်ရေ အရင်ဆုံး ကပ်လှူပြီးမှ သောက်သုံးပါသည်။

နွေရာသီ၌ ပူလောင်အိုက်စပ်ပါက ဘုရားရှင်အား ယပ်ခတ်၍ အပူငြိမ်းစေပါသည်။ ဤမျှအထိ ငှက်မြတ်နားစေတီကို အလေးထားကြပါ၏။

စေတီတော်၏ မြောက်ဘက်တောင်စောင်းမှာ''**ဘောမဲ့သစ်တောဥယျာဉ်**''ကြီး ဖြစ်လေ၏။ တော[...] ပျော် ကျေးငှက်သာရကာ[...] အတွက် စားသောက်စရာ န[...] စရာဖြစ်သောကြောင့် တင့်တ[...] လှပါပေ၏။

ရှေးအခါက သစ်ကျ[...] ခိုအောင်း ကျက်စားခဲ့သော်လည်[...] ယခုအခါတွင် ချေငယ်လေး[...] တောယုန်ကလေးများ အ[...] ငြိမ်းချမ်းရေးနယ်မြေ ဖြစ်နေ[...]

အင်ကြင်းပင်၊ ဒဟတ်[...] ကရမက်ပင်၊ တရုတ်စံကား[...] လျှော်ဖြူပင်ကြီးများနှင့် [...] သဘော်သီးဖြူပင်၊ တောင်သ[...] ပင်၊ သမုန်းပင်၊ သက်ရင်းက[...] များကလည်း တန်ဆာဆ[...] သကဲ့သို့ အေးချမ်းသာယာ[...] ၏။

ပင်ခြေ၌ကား တပင်ရွှေ[...] တောင်ကြာဥပင်၊ ဆီး[...]



www.burmeseclassic.com

www.burmeseclassic.com



◆ ဝက်မြွတ်နှားတောက်နံတော်နှင့် သောမချည်ပယ္ယာဥ်တော်

◆ ဝက်မြွတ်နှားစေတီတော်၏

သောမချည်ပယ္ယာဥ်ကြီးအား စိမ်းလန်းစိုပြည်စွာ မြင်တွေ့ရပုံ



◆ ဝက်မြွတ်နှားမှ ပဂ္ဂုမလမ်းဆုံမှ

ချစ်စဖွယ် ခြင်္သေ့ကလေး၏ ပုံဟန်


◆ ဝက်မြွတ်နှားစေတီတော်မှ

ပဂ္ဂုမချောင်းသို့ဆင်းရာ ရှေးဟောင်း

အုတ်လမ်းကလေး။



◆ ဝက်မြွတ်နှား အာရာမ်တော်အား ရထားလာသိမ်ကျောက်မှ မြင်တွေ့ရပုံ







www.burmeseclassic.com

www.burmeseclassic.com





▲ အရုံစေတီတော် ဂံတော်ဦးစေတီအားဖူးမြင်ရပုံ

◆ အရုံ ဘုန်းတော်စေတီအတွင်းမှ ဆင်းတုတော်အား ဖူးမြင်ရပုံ

▼ ဆောင်တော်ကျွေးစေတီခေါ် ဘုန်းတော်တို့စေတီအားဖူးမြင်ရပုံ



ထိကရုံးပင်၊ ဆူးပုပ်ပင်များနှင့် မောက်ခိတောပန်းရုံများ အလေ့ကျ ပေါက်ရောက် ဖွံ့ဖြိုးနေကြသော ကြောင့် ဒီးဒုတ်ငှက်ကလေးများ၊ မောက်တင် ငှက်ကလေးများ၊ သာလိကာများအတွက် အပူအပင် ကင်းကင်းဖြင့် နေထိုင်နိုင်သည့် သူတော်ကောင်းတို့ ပျော်စံရာ သာသနာ့နယ်မြေ ဖြစ်လေတော့ သည်။

ငှက်မနား ဘေးမဲ့တောအား **"သောတာပန်နတ်ဘီလူးကြီး"**က စောင့်ရှောက် ထားခြင်းကြောင့် အန္တရာယ် တစုံတစ်မျှ မရှိပါ။

ဘေးမဲ့ သစ်တောဥယျာဉ်၏ အနောက်ဘက်ချပ် ချောက်ကမ်း ပါးကြီးမှ အောက်သို့ ငုံ့ကြည့်လိုက် ပါ။ ပရက္ကမဆံရာတော်ကြီးများ၏ **"ပရက္ကမချောင်ကြီး"**နှင့် အတူ **"ရွှေပွတ်တိုင်"**စေတီတော်မြတ်အား အပေါ်စီးမှ ရွှေရောင်တဝင်းဝင်းဖြင့် ကြည်နူးဆွတ်ပျံ့ဖွယ် ဖူးမြင်နိုင်ကြ ပါသည်။

ငှက်မြတ်နား စေတီတော်၏ တံတိုင်းအနီး **"ငှက်မြတ်နားသိမ် တော်ကြီး"**ကို ဝင်ရောက် ကြည့်ညိုနိုင်ကြလေ၏။

သိမ်တော်ကြီးမှာ နှစ်ပရိစ္ဆေဒ ကြာညောင်းလှပြီဖြစ်၍ ဒေါက်တိုင် ကြီးများကို အုတ်၊ အင်္ဂတေတိုင်များ အစားထိုး၍ လည်းကောင်း၊ သစ်သားပြားလွှာ အမိုးကိုလည်း ခေတ်မီ သွပ်ပြားအမိုးများဖြင့် လည်းကောင်း ခိုင်ခံ့စွာ ရှိနေပြီ။

သင်္ခါရတရားကြီးက မည်သို့ပင် အမှည့်ခြွေ ခြွေနေပါစေ ဘိုးဘွား အစဉ်အဆက် ကုသိုလ်ရှင်များက အန်တုနေကြဦးမည်မှာ မလွဲပါ။

စေတီတော်ကြီး၏ အနား အုတ်လှေကား လမ်းကလေး ... **ပရက္ကမချောင်ကြီးသို့ သွားရော ... ရာ ဘဝနိဗ္ဗာန်လမ်းကလေး** ဖြ...



www.burmeseclassic.com

www.burmeseclassic.com



◆ မဟာဗောဓိစေတီတော်အား ရှုမြင်ရပုံ



◆ မဟာဗောဓိစေတီတော်လိုဏ်ဂူအတွင်းမှ ရပ်တော်မူ ရုပ်ပွားတော်မြတ်ကြီးကို ကြည်ညိုဖွယ် ရှုမြင်ရပုံ

ါသည်။

ငှက်မြတ်နားစေတီ၏ အရှေ့ ာက်နာစာတွင် ကုသိုလ်တော် ကျောင်ကြီးနှင့် မုခ်ဦးလေ့ကားကြီး ပြုလုပ်ထားပါ၏။ ဆက်သွားလျှင် **တော်စေတီနှင့် ပိတောက်ချောင်** ည်ရှိပါ၏။

အရံစေတီတော်များကား တောင် က်တွင် တည်ရှိပါသည်။ ရှေးအခါ **ဆောင်းတော်ကျစေတီ**၊ ယခုတွဲ တော်မှာ **"ဘုန်းတော်တိုးစေတီ"** ဖြစ်သွားပါပြီ။

အစ်ဆက်တည်း **"မဟာဗောဓိ"** ိုတော်မှာ အတွင်းတော်၌ ပ်တော်မူ ရုပ်ပွားတော်ကြီးက လက်ယာတော်ဖြင့် မေတ္တာပြုနေပုံမှာ လွန်စွာ သပ္ပါယ် လှပါ၏။

ဤသို့အားဖြင့် အခြံအရံကောင်း စေတီတော်များနှင့် သမိုင်းဝင်ချောင် ကြီးများ၏ ဗဟိုရ်ချက် ဘူမိနက်သန် အောင်မြေသို့ ဘုရားဖူး ရောက်စေ ချင်ပါသည်။

သာသနာပြုပုဂ္ဂိုလ်များ၊ ဂန္ဓာရီ သူတော်ကောင်း များကိုလည်း "အသောကမင်းကြီး" ကဲ့သို့ အောင်မြင်မှုသရဖူ ဆောင်းနိုင်မည့် ဌာနကောင်းကို လမ်းညွှန်လိုက်ရ၏။

***သက်ရှည်ကျန်းမာ စိတ်ချမ်းသာ၍ အဝေရာဘေးမဲ့ အေးမြကြပါစေ။***

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***

ကိုးကားကျမ်းများ

* သာသနာလင်္ကာရစာတမ်း။
* စစ်ကိုင်း နှစ်–၇၀၀ မဂ္ဂဇင်း၊
* ခရီးသွားသုတေသနစာတမ်း၊
* မင်းညွှန့်–ဗေယျရွှေပြည်၊
* မိုလ်ရှိတ်–အင်းဝမင်းများ။
* တင်နိုင်တိုး–ပုဂံမင်းဆက်၊
* သပြုံးမြသောင်း–စစ်ကိုင်းဘုရား များ။



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
ဝ၃ဝ၆ Y ဝ၆၆၅၃
လိုင်စင်-၃/၂ဝဝ၄၊
တဆထလ (၁၂၅၁)]




မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင်ရှာ"**ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။

အလေးအနက် မထားမိရိုး အမှန်ပါ။ ဒါပေမယ့် ပန်းသတင်း လေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး၊ နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရပြန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှိုးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ် ရင်၏ အတွင်းသားမြတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဌာန်တည်ရှိပါတယ်။ လူ့ခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေးဖက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ ကျပ်ခြင်း တို့ဟာ သီတနဲ့ဥဏှ ဝိရောဓိပစ္စ... ကြောင့် ဖြစ်လာရခြင်းပါ။ အ... အဆိမ့် အဆီးအစေးများသော... အစာအာဟာရများ လွန်က... စားသုံးခြင်း၊ အရက်အမျိုး... ဆေးလိပ်၊ စီးကရက်တို့ သော... သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြ... ဖိစီးမှုများခြင်း၊ ကိုယ်လက်လှု... ရှားမှုနည်းခြင်း၊ နေပူ မီးပူ... ရေချိုးခြင်း၊ ပန်ကာလေ၊ ... အေးစက်တို့တွင် နေထိုင်မှု... ခြင်း စတဲ့ အကြောင်းအချက်... ဟာ နှလုံးရောဂါ ဖြစ်ပွား... ခြင်းရဲ့ အဓိကအချက်များ ဖြ... တယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်း... ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လို... တွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေး... ကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမ... အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်း... လှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေး... နည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံး... အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စ... ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး က... ငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး... လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆ... ပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာ... မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အ... တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ ... ပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသ... ကောင်း ပါးလိုက်ပါတယ်။

ပင်ရင်း
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်-(၁၉၂)၊ ရော(ဂ)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့...
ရန်ကုန်မြို့။ ဖုန်း- ဝ၉ ၈၆၃၅၂၂၅၊ ဝ၉ ၂၅ဝဝ၁၅ဝ...

မြောင်းမြ မောင်ယဉ်တင့်



www.burmeseclassic.com

www.burmeseclassic.com

# အာစွမ်းသတ္တိထူးသည့် ဂမုန်းနှစ်မျိုး

## ဂမုန်းလိပ်မ,တွားနှင့် ဂမုန်းနက်

ထက်မြက်ကျော်စွာ

ဂမုန်းမျိုးပေါင်း တစ်ရာကျော်အနက် အထူးအာနုဘော်ကြီးမားသော ဂမုန်း(၁၀)မျိုးရှိ၏။ (၁)ဂမုန်းနီ၊ (၂)ဂမုန်းဖြူ၊ (၃)ဂမုန်းနက်၊ (၄)ဂမုန်းခတ္တာနီ၊ (၅)ဂမုန်းခတ္တာဖြူ၊ (၆)ဂမုန်းခတ္တာကြောင်၊ (၇)ဂမုန်းလိပ်မ,တွား၊ (၈)ဂမုန်းရန်လွတ်၊ (၉)ဂမုန်းကတိုး၊ (၁၀)ဂမုန်းခါးတင်တို့ ဖြစ်သည်။

ယင်းတို့မှ ဂမုန်းလိပ်မ,တွား၊ ဂမုန်းနက်တို့ကို မှတ်တမ်းပြုခွင့်ရသဖြင့် စီရင်ပုံတို့ကို ဖော်ပြပါသည်။

### ဂမုန်းလိပ်မ,တွား

လိပ်မကြီး တွားနေသည့်ပုံစံ ရှိသည်။ လက်ဝါးအရွယ်ခန့် ကြီးမားသည်။ လိပ်ခွံခုံးခုံး အောက်အားတွင် ခြေလေးချောင်း အမြီးနှင့် ဦးခေါင်းတို့ ပုံစံပါရှိသည်။

အပင်နိမ့်မျိုးဖြစ်၍ ရွက်ကြောထင်ရှားသည်။ ချွန်သော အရွက်ထိပ်များမှာ တည့်မတ်ခြင်း မရှိဘဲ ဘေးဖက်သို့ ကွေ့ဝိုက်နေလေ့ရှိသည်။

ဝါဆိုလတွင် တစ်ကြိမ်၊ တန်ဆောင်မုန်းလတွင် တစ်ကြိမ် အပင်တူ၍ အသစ်ပြန်ပေါက်တတ်သည်။ မြေခသော အရွက်များမှလည်း အပင်ငယ်ပေါက်တတ်သည်။



ဂမုန်းလိပ်မ,တွား

စမ်းသစ်သီးလိုလှူင်အမြဲဥကိုကြိုက်၊
ရေနှင့်မြေကြား လက်တွင် သုတ်၊

www.burmeseclassic.com



▲ ဂမုန်းလိပ်မ,တွာဥ

▼ ဂမုန်းလိပ်မ,တွာပွင့်များ





www.burmeseclassic.com

www.burmeseclassic.com



▲ ဂမုန်းလိပ်မ,တွားအရွက်ပုံစံ

▼ သာမန် လိပ်ဂမုန်းအရွက်





www.burmeseclassic.com

www.burmeseclassic.com

**လိမ်ကိုက်ကိုင်လျှင်လူးလှန့်ပေပြ လှုပ်ရှားခြင်း မပြုပါ။**

အပင်မကျမီ အပွင့်များ ပွင့်သည်။ အလွန်သေးငယ်သည်။ လေညှင်း ပွင့်ပမာဏနှင့် ကွာလှုခြင်း မရှိပါ။ ခရမ်းပြာရောင်ရှိ၍ ပွင့်ပြီး (၁၂)နာရီ (နေ့ဝက်)အတွင်း ညှိုးရော်သွားသည်။ ရွက်ရင်းမှ ရိုးတံထွက်၍ (၁၀)ဖူးခန့် ပါဝင်ကာ နေ့စဉ် တစ်ပွင့်စီ ပွင့်ကြသည်။

## စီရင်ပုံ

လိပ်သည် ဥစ္စာစေန ကိုယ်စားပြုသည့် အားလျော်စွာ လိပ်မ,တွားဂမုန်းဥကိုလည်းကောင်း၊ အပွင့်ကိုလည်းကောင်း ဥစ္စာထိန်း အစီအရင်ပြုကြသည်။ ဥ(သို့မဟုတ်)အပွင့်ကို ခြေမွ၍ ကော်တစ်မျိုးနှင့်ရော သမအောင်မွှေပါ။

နေအိမ်တိုက်တာ အတွက်ဆိုလျှင် အဝင်အထွက် တံခါးမ၌၊ ယာဉ်ရထားအတွက် ဦးပိုင်း၌၊ ရွှေငွေ (သစ်,သား,သံ စသည်) သေတ္တာများ၏ ထိပ်ပိုင်း အဖုံးပိုင်း၌ အဝတ်ပုဆိုး၊ ဘူး၊ ပုံး စသည်ဖြင့် ထည့်ထားလျှင် ယင်းတို့ပေါ်၌ **လိပ်ရုပ်ရေးလျက်** အောက်ပါဂါထာ တစ်ထောင် စုတ်ရသည်။

'ဥံ သိသရမ္မံ သဗ္ဗလာဘံ ဓနံ ဖေဟိ ဖေဟိ သွာဟာယျကပ်'

မိုင်းကိုင်စက္ကူ၊ သန့်ရှင်းသော အဝတ်စ၊ သက်န်းစများ၌ လိပ်ရုပ်ရေး၍ ရွှေငွေ ထည့်စရာများ၏ အဖုံး၊ တံခါးတို့တွင် ကပ်ထားနိုင်သည်။

ဥစ္စာရှာ၊ ငွေသိမ်း၊ ငွေစု သွားရ



◆ နေ့မွန်းတည့်ချိန် မြင်ရသော ညမွှေး ပန်းတစ်ပွင့်

လျှင် ပိုက်ဆံအိတ်တွင် ယင်းစက္ကူ၊ အဝတ်စတို့ကို အဆောင်ပြုသွားနိုင်သည်။

ရွှေငွေဥစ္စာတို့ မလျော့မကုန် တိုး၍ပွားသည်။ ဓမ္မဝိဇ္ဇာဟု ခေါ်အပ်သော ရဟန်းကိစ္စ ပြီးစီးအောင်မြင်တော်မူကြသည့် ရဟန္တာအရှင်မြတ်တို့၏ သင်္ကန်းစတွင် စီရင်ထားလျှင်


ကား ဓနအရာရာ ပြည့်စုံသည်
မက ခပ်သိမ်းသော အခ
ဘေးအန္တရာယ်တို့ မကျရော
ချေ။

**[အခြားသော ရွှေယား,ငွေ**
**ပျောက်စေသောနည်း၊ နတ်**
**စကားပြောဆို၍ ဥစ္စာပစ္စည်း**
**တောင်းယူနိုင်သော နည်း**



www.burmeseclassic.com

www.burmeseclassic.com



လိပ်မ,တွားဥ(အကြီး) သာမန်လိပ်ဂမုန်းဥ(အသေး)

…မှာ အနည်းငယ် နက်နဲသဖြင့် …န်လှုပ်ထားလိုက်ပါသည်။]

ဂမုန်းလိပ်မ,တွားဥကို ကြိတ်၍ …အိမ်မွေးတိရစ္ဆာန်များ စားဖွယ်တွင် …ရော၍ ကျွေးမွေးက နေအိမ် သခင် …င်တွယ်၍ အရပ်တစ်ပါးသို့ ထွက် …ပြေးကြချေ။

လိပ်ဂမုန်းဟုခေါ်ကြသော ဂမုန်း …စ်မျိုးလည်း ရှိသေးသည်။ …သော် ထိုလိပ်ဂမုန်းမှာ အပင် …သေးငယ်၍ ဥများလည်း သေးငယ် …ကြသည်။ အရွက်ပုံသဏ္ဌာန် ရှည် …မျောမျောရှိသည်။

ဂမုန်းနက်

နနွင်းပင် နနွင်းရွက် ပုံသဏ္ဌာန် ရှိသည်။ လုပ်ရတ်သုံး ဂမုန်းနက်မှာ အရွက်,အပင်,အမြစ်,ဥ အားလုံး အနက်ရောင်ရှိသည်။

**ဂမုန်းနက်ဥကို ကြိတ်၍ မြေစလောင်း ပုံတွင် သုတ်လိမ်းကာ ထမင်းနှပ်လျှင် တစ်အိုးလုံး မည်းနက်သည်၊ အာဟာရ သိဒ္ဓိပြောက်သည် ဆိုကြသည်။**

ယခု တွေ့မြင်ရသော ဂမုန်းနက်မှာ အရွက်သည် နနွင်းရွက်ကဲ့သို့ ရှိသည်။ အမြစ်ဥ အချို့သာ မည်းနက်သည်။ အချို့မှာ ဖြူသည့် အမြေးပါးကို ခြစ်ပစ်လိုက်မှသာ အတွင်း၌ ပြာနှမ်းနှမ်း အရောင်ကို မြင်နိုင်သည်။

အပွင့်မှာ မီးခြစ်ဆံခေါင်းမျှသာ ရှိ၍ ခရမ်းပြာရောင်ဖြစ်သည်။ အပွင့်ပုံစံမှာ စံပယ်နှင့်တူသော ပွင့်ဖတ်များရှိသည်။ အရွယ်သေးခြင်းသာ ကွာခြားသည်။


ဂမုန်းနက်ကို မြေအိုးတွင် သီးသန့် အမှတ်အသားပြု၍ စိုက်ပျိုးထားပါက တစ်နှစ်နှင့် တစ်နှစ် မတူညီကြပါ။

အမြစ်ဥ ဖြူသောနှစ်၊ ပြာသော နှစ်၊ အချို့မည်းနက်သောနှစ် ဟူ၍ ပြောင်းလဲနေသည်ကို တွေ့ရပါမည်။

ထို့အတူ ပန်းပွင့်ပုံသဏ္ဌာန် သည်လည်း ကွာခြားတတ်သည်။ အထက်တွင် ဖော်ပြသော ပန်းပွင့် ပုံမှာ ပြာနှမ်းသော အမြစ်ဥမှ ပွင့်ပုံ ဖြစ်သည်။



www.burmeseclassic.com



▲ ဂမုန်းနက်ဥ [အဖြူရောင်အလွှာကို ခွာယူမှ ပြာနှမ်းသော အတွင်းအရောင် တွေ့နိုင်သည်]

▼ ဝဲ ဂမုန်းနက်ဥ၊ ယာ သာမန်လိပ်ဂမုန်းဥ



www.burmeseclassic.com



◆ အပင်ကျစပြနေသော ဂမုန်းနက်ဥများနှင့် လိမ်မ,တွားဥ

လေးမြို့ အလ္လကပ္ပတိုက် သိရိ
ကျောင်းမှ အရှင်နေမိန္ဒထံသို့
ခဲ့ရာ ထိုနှစ်တွင် အမြစ်ဥ
ရောင်ဖြစ်သည်။ ဦးပဥ္စင်းက
ဖြင့် စိုက်ပျိုးထားခဲ့ရာ နောက်
ဥကျချိန်တွင် အပြာရောင်
သွားသည်ကို တွေ့ရသည်။

အနက်ရောင် ပြောင်း,မပြောင်းကို
ကား ဦးပဥ္စင်းနှင့် မဆုံရသေးသဖြင့်
မသိနိုင်သေးပါ။

အရောင် မည်သို့ရှိသည်ဖြစ်စေ
ထိုအမြစ်ဥကို သွေး၍ လိမ်းလျှင်
သမ္မာဒေဝများ ချစ်ခင်သည်။ အဆိပ်
ရှိ ပိုးမွှားတိရစ္ဆာန်ဘေး လွတ်ကင်း

သည်။ အနိဋ္ဌာရုံများ လွဲဖယ်စေ
သည်။

**အမြစ်ဥကို အဆောင်ပြုလို
လျှင်** မဟာပိန္နဲနတ်ကို ပူဇော်၍
အောက်ပါဂါထာဖြင့် စုတ်ရသည်။

ဥုံ မဟာပိန္နဲ တရလေ တေတိညာဏ
မဟာရာဇာ အမောင် ရသေ့ရှစ်သောင်း
အံ့ဆရာအံ့ မှိုင်ဆရာမှိုင်။

တစ်ရက်လျှင် အကြိမ်(၁၀၀၀)
(၆)ရက် အကြိမ်(၆၀၀၀) စေ့အောင်
စုတ်ပြီး ဆောင်ရသည်။ လူများ
အခြောက်အလှန့် ပယောဂယှဉ်
သည့် ကိစ္စ ကြုံလျှင် ရေစိမ်တိုက်က
ချမ်းသာရာရသည်။

မြင်း, နွား, ကျွဲ, ကြောင်, ကြက်
စသည် မွေးထားသော တိရစ္ဆာန်
များ နာဖျားလျှင်လည်း ရေစိမ်တိုက်
နိုင်သည်။ ကြုတ်ဖြင့် ထည့်၍
ဆောင်ပါ။

**လပြည့်လကွယ်နေ့များတွင် ကြက်
ကိုပွင့်၍ ပေါက်ပေါက်, ဆီမီး, နံ့သာ
များဖြင့် မဟာပိန္နဲနတ်ကို ပူဇော်ပါ။**

အရေးကြုံလျှင်၊ အခက်အခဲ
ဘေးအန္တရာယ် တစ်စုံတစ်ရာ တွေ့
ဆုံရလျှင် အထက်ပါဂါထာ (၇)အုပ်
ရွတ်ဖတ်၍ နတ်မင်းအား တိုင်တည်
ရလေသည်။

**ကိုး။ ။ အရှင်ဇာဂရ ပြုစုသည့်
တြိကဋ္ဌ စွယ်စုံကျမ်းကြီးမှ
ထုတ်နုတ်သော ဂမုန်းကျမ်း
စာမျက်နှာ–၉၃,၉၄။ ၁၀၁,၁၀၂,
၁၀၃,၁၀၄။**

**။ ။ နဲယျသွတ်ဖြိုး မွန်ပေမူ။**

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

'ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ ''အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ'' ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်း အတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြော အားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေး နိုင်တယ်။

ပန်းသေ၊ ပန်းညိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ် အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက် လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြော အားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်း ခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေ လျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်း နိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေ ပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိ... ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တ... လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်... ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုး... အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်... တဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အ... တိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့... စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့... မင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို... ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါ...

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်...

ကိုကြီးကောင်း


ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

စကြာမင်း

အမှတ်တံဆိပ်

အားတိုးဆေး မှ...

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (၀၇၁၁ YR ၀၀၆၀၂၄)




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/၀၅၁၃

ဆရာမြင့်

စကြာမင်း တိုင်းရင်းဆေးတိုက်

အမှတ် (စ/၆၆၆)၊ သုဝဏ္ဏလမ်းမကြီး သုဝဏ္ဏမှတ်တိုင်...
(စ)ရပ်ကွက်။ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂...




www.burmeseclassic.com

www.burmeseclassic.com

# အံ့ဖွယ်သဘာဝဂေဟာ ကံ့ကော်တော

## ဘုရားညီနောင် ပွဲညီနောင်

မိုးပညာ

"...မြတ်ဗုဒ္ဓ၏ တေဇတောက်ထွန်း ဘုန်းရောင်လျှမ်းသည် ထွန်းနေပမာ တော်မြတ်ရွှေကို တကာပရေ တည်လေသဏ္ဌာန်ရောင်ခြည်၏ကောဇာ တစ်ရာ့လေးဆယ် စွန်းဝယ်နှစ် ရတုပေါမာန် ပြည့်သောင်းစဲ တပို့တွဲလ ဆန်းစပုဏ္ဏမီ တိထိခြောက်ရက် ဝီဝါရက်တွင် တည်ရက်မှန်လှ မြတ်ရွှေကို ခေါ်ထမိန့်မော ကံ့ကော်တောဝယ် နေနောကြည်သာ တည်ထားပါသည် ရောင်ဝါခြောက်သွယ် ဝင်းစေသော်'

*(ရှေးလူကြီးများ ရေးသော လင်္ကာမှ)*

**ရခိုင်ပြည်နယ်၊ ရမ်းဗြဲကျွန်းရှိ ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့နယ်၏ ဂုံးချိန်ကျေးရွာ တောင်ဘက် ကံ့ကော်ပင်များ**ရှိရာအရပ်၌ ကံ့ကော်တောဘုရားဟု တန်ခိုးကျော်ကြားလျက်ရှိသော ရှေးဟောင်းပေါ်တော်မူ **"မြတ်စွာဘုရား ရုပ်ပွားတော်နှစ်ဆူ"**သည် သီတင်းသုံး ကိန်းဝပ်တော်မူလျက်ရှိသည်။

အဆိုပါ ရုပ်ပွားတော်မြတ်နှစ်ဆူ သီတင်းသုံး ကိန်းဝပ်တော်မူရာ သိမ်တော်မှာ ကျောက်ဖြူမြို့နှင့် ငါးမိုင်ကျော်ခန့်ကွာဝေး၍ ဂုံးချိန်ကျေးရွာမှ နှစ်ဖာလုံခန့် ကွာဝေးပါသည်။ ဆက်ဖော်ပြပါ လင်္ကာအရ



ကံ့ကော်တောဘုရားညီနောင်ကို စာရေးသူ ဖူးမြော်နေပုံ

ကံ့ကော်တောဘုရားရုပ်ပွားတော်များမှာ **ကောဇာ ၁၄၇ ခုနှစ်၊ တပို့တွဲ လဆန်း(၆)ရက်နေ့ ကိုးကွယ်သည်**ဟု မှတ်ယူ တွေ့ရှိရသည်။

ရုပ်ပွားတော် နှစ်ဆူအနက် မြောက်ဘက်မှ သီတင်းသုံးတော်မူသော ရုပ်ပွားတော်ကြီးနှင့်ပတ်သက်၍မူ ပါးစပ်ရာဇဝင် ဤသို့ ရှိခဲ့ပါသည်။

ကျောက်ဖြူရွာသား တံငါသည် င/သထာသည် ငပြီဘောင်မှုစွန်း အနီး ပင်လယ်ကမ်းစပ်တွင် သွား



www.burmeseclassic.com

www.burmeseclassic.com

ရောက် ငါးဖမ်းရာ ပိုက်ကွန်အတွင်း၌ ရုပ်ပွားတော်ကြီး ငြိတွယ်ပါရှိလာခြင်းဖြစ်သည်ဟု အဆိုရှိသည်။

င/သထာသည် ကြောက်လန့်တကြား ရွာသားများအား ပြောပြသောအခါ ရွာအုပ်ချုပ်သူ င/ပရေနှင့် ရွာဆော်မောင်ဝမ်းတို့က ရွာသားများစွာ အင်အားဖြင့် ဘုရားရုပ်ပွားတော်ကြီးကို ပင့်ဆောင်ကြပါသည်။

ကံ့ကော်တောအုပ်အနီး ချောင်းကမ်းစပ်သို့ရောက်၍ ရပ်နားပြီး ပြန်လည် ပင့်ဆောင်သောအခါတွင်မူ ယခင်တောင်ဘက်မှ သီတင်းသုံးတော်မူသော ရုပ်ပွားငယ်ကဲ့သို့ပင် ပြန်လည် ပင့်ဆောင်၍ မရပြန်တော့ပေ။

ထိုရုပ်ပွားတော်ကြီးမှာ ချေးတောချောင်းကို မဖြတ်လိုခြင်း၊ မြေထွတ်မြေမြတ် ဘူမိနက်သန်မှန်ရာ မြေတွင် ယခင်ရုပ်ပွားတော်ငယ်နှင့်အတူ သီတင်းသုံးတော်မူလိုခြင်းတို့ကြောင့် ပင့်ဆောင်မရခြင်း ဖြစ်တန်ရာသည်ဟု ဆိုရိုးပြုခဲ့ကြပြန်ပါသည်။

ဤကား အထက်ဖော်ပြပါ လက်ာတွင် ဖော်ပြထားချက်များဖြစ်ပါသည်။

တစ်ဖန် တောင်ဘက်ရုပ်ပွားတော်ငယ်နှင့်ပတ်သက်၍ ဤသို့ ပါးစပ်ရာဇဝင် အဆိုရှိခဲ့ပေသည်။ ရှေးလွန်လေပြီးသောအခါက လူနေအိမ်ခြေ လေ့ကားတစ်ထောင်ရှိသော ရွာကြီးတစ်ရွာသည် ကျောက်ဖြူတောင်အနီးတွင် တည်ရှိခဲ့၍ ကျောက်ဖြူရွာဟု အမည်တွင်ခဲ့



▲ ကန်တော်တောဘုရားရှေ့တွင် စာရေးသူနှင့်အဖွဲ့

သည်။

တစ်နေ့သောအခါ ထိုရွာ၏ လူကြီးအဖြစ် အုပ်ချုပ်နေသော င/ပုရွေ ဆိုသူသည် တောသို့ သွားခဲ့သည်။ ထိုတောတွင် ရုပ်ပွားတော်တစ်ဆူကို တွေ့ရှိ ဖူးမြော်ရလေသည်။ ယင်းရုပ်ပွားတော်မှာ င/ပုလင်မယားထားခဲ့သော ရုပ်ပွားတော်ဖြစ်သည်ဟူ၍ ပါးစပ်ရာဇဝင် ရှိခဲ့ပါသည်။

င/ပုရွေသည် ယင်းရုပ်ပွားတော်အား မိမိရွာသို့ ပင့်ဆောင်လာခဲ့ရာတွင် ကျောက်ဖြူရွာအနီးရှိ ချောင်းကမ်းထိပ်သို့ ရောက်သောအခါ ရပ်နား၍ အမောအပန်းဖြေလေသည်။

ထို့နောက် ခရီး ဆက်လက်ထွက်ခွာရန် ဘုရားရုပ်ပွားတော်အား ပင့်ဆောင်သောအခါ ပြန်လည် ပင့်ဆောင်၍ မရတော့ချေ။

ထိုအခါ ရွာသားများကို ခေါ်၍ ရထားပြုလုပ်ပြီး လွန်ကြိုးဖြင့် ဆွဲယူပင့်ဆောင်ခဲ့ကြပါသည်။ သို့ပါသော်လည်း လွန်ကြိုးသာ အလီလီ ပြတ်ခဲ့ပြီး ရုပ်ပွားတော်ကိုမူ ပင့်ဆော

မရကြတော့ပေ။

ထို့ကြောင့် ယင်းနေရာတွင်
ကျောင်းတော်ဆောက်၍ ကိုး
ကြရပေတော့၏။ ဘုရား ပင့်မ
၏ အကြောင်းရင်းကို ရှာကြ
အခါ ထိုချောင်းငယ်သည် ရွာ
များ အခင်းကြီးသွားရာ "**ချေးတော
ချောင်း**ဖြစ်၍သော် လည်းကော
သီတင်းသုံးတော်မူရန် သင့်
လျောက်ပတ်သော မြေပြန့်မြေ
မြေမြတ်သို့ ရောက်ရှိတော်မူပြီ
သော်လည်းကောင်း ဖြစ်တ
သည်ဟု ဆိုရိုးပြုကြပါသည်။

ထိုနေရာတွင် ကံ့ကော်ပ
တောအုပ်သဖွယ် ပေါက်ရော
ကြခြင်းကို အစွဲပြု၍ ကံ့ကော်
ဘုရားဟု ကျော်စော ထင်ရှား
ဖြစ်ပါသည်။

ဤ တန်ခိုးကြီး ရုပ်ပွားတော
နှစ်ဆူအား သမ္မာဒေဝ နတ်
နတ်မြတ်များ စောင့်ရှောက်
လျက်ရှိကြရာတွင် တ





www.burmeseclassic.com

www.burmeseclassic.com

နှစ်ဆန်းတစ်ရက်နေ့၌ နတ်သဘင် အစည်းအဝေးတက်ရန် ကြွရလေသည်။

ထိုအခါတွင် မသူတော်များ လာရောက်ဖျက်ဆီးခြင်း မခံရစေရန် ဘုရားပွဲတော်ကျင်းပဖို့ အိပ်မက်ပေးတော်မူခဲ့သည်။

**ပွဲတော်ချိန် ရေအောက်အဆဲ ဟင်းလင်းအဆဲများ တွေ့နေရစဉ် ရေကိုဘုရားအနီးတွင် တူးဖော်ရမည်ဖြစ်ပြီး အနီးရှိ ပိန်းတောကြီးမှ ပိန်းရွက်များဖြင့် ချက်ပြုတ်ခြင်းဖြင့် ဟင်းအဖြစ်ချက်၍ ပွဲတော်ချိန်ကြောင်း အိပ်မက်ပေးတော်မူခဲ့ခြင်း ဖြစ်ပါသည်။**


ဘုရားတန်ခိုးတော်အား အကြွင်းမဲ့ကြည်အားကိုးခြင်းဖြင့် အိပ်မက်ကို အကောင်အထည်ဖော်၍ ဘုရားပွဲတော် ကျင်းပခဲ့ကြသည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်ပါတော့သည်။

ထိုတန်ခိုးကြီး ရှေးဟောင်းရုပ်ပွားတော်မြတ်နှစ်ဆူ၏ ဘုရားပူဇော်ပွဲတော်မှာ နှစ်စဉ် နှစ်ဆန်း(၁)ရက်နေ့တွင်သာ ပြုလုပ် ကျင်းပလေ့ရှိပါသည်။

ထိုကံ့ကော်တော ပေါ်တော်မူဘုရားပွဲတော်သည် နံနက်(၄)နာရီ ဆွမ်းတော် ကပ်လှူချိန်က စတင်ကျင်းပခဲ့ရာ ညနေ(၄)နာရီ တစ်နေ့တာမျှသာ ကျင်းပခဲ့ပါသည်။

ထို့ကြောင့်ပင် အခြား ဘုရားပွဲတော်များကဲ့သို့ အငြိမ့်ဇာတ်ပွဲများ မပါရှိပေ။

ဤသို့ ထူးမြတ်သော နှစ်ဆန်းတစ်ရက်နေ့တွင် ကျင်းပနိုင်ရန်



▲ ကျောက်တစ်လုံးဂူဘုရားတွင် တရားနာရန် အပွဲ့ဝင်တစ်ဦး

သကြံန်အတက် နောက်ဆုံးရက်တွင် မြို့ရွာတောပါမကျန် ရွာပေါင်းများစွာမှ ကလေးသူငယ်၊ အပျိုလူပျို၊ ဘိုးဘိုးဘွားဘွား၊ ကျားမ, မဟူ စုပေါင်း ညီညွတ်စွာ သီဆိုတီးမှုတ်ကခုန်၍ ဆီမီးပန်းနံ့သာ အမျိုးမျိုးနှင့် ရေချမ်းအိုးများ ကိုယ်စီရွက်လာကြကာ လာရောက်ရေသပ္ပါယ် ရေကန်တော့ကြသည်မှာ ကြက်ပျံမကျ စည်ကားလှပေသည်။

**ရေသပ္ပါယ်ရေကန်တော့ရာ၌ အမျိုးသမီးများသည် ဘုရားအနီးရှိ နတ်ရေကန်မှာ ခပ်ကြသည့် ရေကန်ငယ်မှ ခပ်ယူကြပြီး အမျိုးသားများလက် အပ်၍ ရေသပ္ပါယ်ရေကန်တော့ခြင်း ပြုလုပ်ကြစေသည်။**

အငြိမ့်ဇာတ်ပွဲများ လုံးဝမပါသော်လည်း နံနက်ပိုင်း ဆွမ်းပို့ချိန်တွင် မိမိရပ်ရွာဓလေ့ထုံးစံအလိုက် အမျိုးမျိုးသော ကဆုန်သီဆိုတီးမှုတ်ခြင်းတို့ဖြင့် လှူဒါန်းဖွယ်ရာများနှင့် ဆွမ်းအိုးများ ကိုယ်စီရွက်ကာ...

**ဘုရားသိမ်တော်အား သုံးခေါက် (သို့မဟုတ်) ငါးခေါက်(သို့မဟုတ်) ခုနစ်ခေါက် စသည်ဖြင့်** အသီးသီး လှည့်ပတ် ဦးခိုက် ပူဇော်ကန်တော့ကြသည့် သိမ်ပတ်ပွဲ ပျော်ရွှင်ကြည်နူးမဆုံး ဖြစ်ရလေသည်။

ပွဲတော် နေ့လယ်ပိုင်းတွင် ရခိုင်ရိုးရာ ကျင်ကိုင်ပွဲမှာလည်း ဘတစ်ပြန် ကျားတစ်ပြန် ရွှေမောင်း၊ ငွေမောင်း ဆုမျှော်ကိုး၍ အကြိတ်အနယ် ဗိုလ်လုကြသည်မှာ အထူးစည်ကားလှပေသည်။

**ထို့အပြင် နေ့လုံးပေါက်ကျွေးမွေးနေသော တောင်သာမဏ္ဍပ်ကြီး၌ နာမည်ကျော် ပိန်းဟင်း(ပြုံးဟင်း)ချက်အား တို့စေ့တောင်းယူ စားသောက်နေကြသည်မှာလည်း တမျှော်တခေါ်ကြီးပင်။**

ဤကံ့ကော်တော ရှင်တော်မြတ်နှစ်ဆူအနက် တောင်ဘက်မှ ရုပ်ပွားတော်ငယ်က တန်ခိုးပို၍ ထင်ရှားသည်ဟူသော ယုံကြည်ချက်ဖြင့် အသက်တိုင်းကာ အဓိဋ္ဌာန်ပြုရာတွင်လည်း ရုပ်ပွားတော်ငယ်ထံတွင်သာ ဆုတောင်း အဓိဋ္ဌာန်ပြုကြသည်ကို တွေ့ရှိရပေသည်။



www.burmeseclassic.com

www.burmeseclassic.com

**အဓိဋ္ဌာန် ဆုတောင်းနည်းမှာ...**

ဝါးခြမ်းနီးပြားစယ် တစ်ခုကို ဖိဖိတို့ တံတောင်ဆစ်မှ လက်ခလယ်ထိပ်များ အထိ တိုင်းယူ ပိုင်းဖြတ်ပြီး ရေဖြင့် စင်ကြယ်စွာ ဆေးကြောရပါသည်။

ထို့နောက် ရုပ်ပွားတော်ငယ်၏ ရှေ့တွင် ယုံကြည်စိတ်ဖြင့် ငါးပါးသီလခံယူကာ လိုရာဆုများ တောင်း၍ အရှင်ဘုရား၏ တန်ခိုးတော်အား ပြတော်မူပါဘုရားဟု ဆုတောင်းရပါသည်။

ပြီးလျှင် ယင်းဝါးခြမ်းစယ်အား ရုပ်ပွား တော်၏ ရင်ခွင်တော်ပေါ်တွင် တင်ထား လျက် ဆက်ကပ် ပူဇော်ထားရပါသည်။

အချိန်အနည်းငယ် ကြာအောင်ထားပြီး နောက် ပြန်လည်ယူပြီး ဖိဖိလက်နှင့် တစ်ဖန် ပြန်လည် တိုင်းထွာကြည့်ရပါ သည်။

ထိုဝါးခြမ်းစမှာ သိသိသာသာ ကြီးရှည် ထွက်လာကြောင်း တွေ့ရှိရသူများမှာ အသက်ရှည်၍ အလိုပြည့်ကြသည်ဟု ယုံကြည်ကြပါသည်။

နဂိုထက်တိုနေကြောင်း ထင်ရှားစွာ တွေ့ရှိရပါက ထိုသူသည် အသက်တို၍ အလိုမပြည့် ဖြစ်မည်ဟု ယုံကြည်ကြပါ သည်။

သို့သော် ယခုအခါတွင်ကား ဤ အဓိဋ္ဌာန်မျိုး ဆုတောင်းမျိုး လုပ်ကြ သူများ မရှိသလောက် နည်းပါးသွား ကြပေပြီ။

ပွဲတော်အတွင်း ခိုက်ရန်ဖြစ်ပွား ခြင်းနှင့် ခိုးမှု၊ လုယက်မှုများ လုံးဝ မရှိဘဲ ပကတိ အေးချမ်းသာယာစွာ ပွဲတော်ပြီးမြောက်ခဲ့သည်သာ ဖြစ်ပါ။

**ရပ်ရေးရွာရေးများ ထိခိုက် ပျက်စီးမည့် အကြောင်းများ ပေါ် ပေါက်တော့မည်ဆိုလျှင်** ဤ ကံ့ကော်တော ရုပ်ပွားတော်များမှ ချွေးတော်ကျခြင်း၊ မျက်လုံးတော် များ နီမြန်းခြင်း၊ မျက်နှာတော်များ အက်ကွဲကြောင်း ဖော်ပြခြင်း စသည့် အတိတ်နိမိတ်များ ပြတော်မူခဲ့ သည်ဟု ပြောဆိုကြသည်များကို လည်း ကြားသိရပါသည်။

"ဘုရားညီနောင်"ဟု ခေါ်ဆို အပ်သော ဤကံ့ကော်တော ပေါ် တော်မူ ရုပ်ပွားတော်နှစ်ဆူသည် အလွန်ပင် တန်ခိုးတော် ကြီးမားလှ ပါသည်။

ရွာနှင့် အတန်ဝေးသော နေရာ တွင် သီတင်းသုံး ကိန်းဝပ်တော်မူနေ ကြသော်လည်း မီးမသေ၊ ရေမခန်း၊ ပန်းမညှိုး တန်ခိုးတော် ထင်ရှား ပြသတော်မူပါသည်။

ပွဲတော်ကာလတွင် **မည်မျှစော စောထ ဆွမ်းကပ်သော်လည်း ဆွမ်းဦးကပ်လျက် ရှိပြီးသားဖြစ် နေသည်**ကိုသာ တွေ့မြင်ကြရပေ သည်။

ပလ္လင်တော်တစ်ခုတည်းတွင် မှန် နှစ်ချပ်ဖြင့် စံမြန်းတော်မူခြင်းမှာလည်း ထူးခြားမှု တစ်ခုပါပေ။

ထို့အပြင် အံ့ဩဖွယ်ကောင်းခြင်း နောက်တစ်ခုမှာ "ဘုရားညီနောင်၊ ပွဲညီနောင်" ကျင်းပခြင်းပင်တည်း။

ကံ့ကော်တောဘုရား ပူဇော်ပွဲ ကျင်းပသည့် နှစ်ဆန်းတစ်ရက်နေ့ မှာပင် ကျောက်ဖြူမြို့မှ (၃)မိုင် (၂)ဖာလုံဝေးသည့် ရှေးဟောင်း "ကျောက်တစ်လုံး ဂူဘုရား" ပွဲ တော်ကိုလည်း ပါဝင်ကျင်းပ[...] ဖြစ်ပါသည်။

ကံ့ကော်တော ဘုရားပွဲတော်[...] ကျင်းပသကဲ့သို့ပင် နံနက်(၄)နာရီ[...] ညနေ(၄)နာရီအထိ တစ်နေ့[...] ပွဲတော်ဖြစ်ပြီး စတုဒိသာကျွေး[...] ခြင်း၊ ရိုးရာ ကျင်ကိုင်ပွဲများ ကျင်း[...] ခြင်းတို့ဖြင့် စည်ကား သိုက်မြိုက်[...] ပေသည်။

**ကျောက်တစ်လုံး ဂူဘုရားမှာလည်း[...] အလွန်ထူးဆန်းလှပါသည်။ ရှိ[...] မင်းကြီးက ကျောက်တစ်လုံးတည်း[...] ဂူသိမ်များစွာ ဘုရားသိမ်များစွာ[...] တည်ထားကိုးကွယ်ခဲ့သည့် ဘု[...] ဖြစ်ပါသည်။**

နှစ်သစ်ကူးသည့် နှစ်[...] တစ်ရက်နေ့တွင် ကျောက်[...] နယ် တစ်မြို့နယ်လုံးမှ ဘုရား[...] သည် ကံ့ကော်တောနှင့် ကျော[...] တစ်လုံးဘုရားပွဲတော် နှစ်ပွဲ[...] ဖြစ်သည့် "ဘုရားညီနောင်[...] ညီနောင်"သို့ ကူးချည်သန်း[...] လူးလာတဲ့ခေါက် သွား[...] ဖူးမြော် ကန်တော့ရင်း ကုသိုလ်[...] များ စည်ကားသိုက်မြိုက် နှစ်[...] ပျော်ရွှင် ပီတိဘဝင်ဖြင့် စိတ်[...] တွင် တသွင်သွင် ကြည်နူး[...] ကြပါပေသတည်း။

**ဖိုးပညာ**

**ဝန်ခံချက်။ ။ ရွှေဖြူခင်မြ[...] "အံ့ဖွယ်သာမော ကံ့ကော်[...] ဘုရားသမိုင်း အကျဉ်း[...] (ဒုတိယအကြိမ် ၁၉၈၀ ပြ[...] ရန်ကုန်မြို့)**ကို ကိုးကား[...]



www.burmeseclassic.com

www.burmeseclassic.com

# ကောင်းကင် လောက ဗြဟ္မာ ကျင့်စဉ်

ဆွေချစ်



ကျွန်တော့်အနေနဲ့ ဒီဆောင်းပါးကို ဆရာကြီးလုပ်ပြီး ရေးတာတော့ မဟုတ်ရပါ။ ကျွန်တော်တို့ရဲ့ တိုင်းနိုင်ငံဟာ ဗုဒ္ဓဘုရားရှင်ရဲ့ မေတ္တာတော်အောက်မှာ ရှိနေတာ အမှန်ပင် ဖြစ်ပါသောကြောင့် ကျွန်တော်ကိုယ်တိုင် ဖြစ်ဖူး၊ ကြုံဖူးတဲ့ ဖြစ်ရပ်အမှန်လေးကို ဓမ္မမိတ်ဆွေတို့ သိအောင် ရေးသားတင်ပြလိုက်ရပါတယ်။

ယခု ကျွန်တော် ရေးသားသော စာမူတွင်ပါသော အကြောင်းအရာတို့မှာ စာရေးသူ ကျွန်တော်ကိုယ်တိုင် ကိုယ်တွေ့ပင် ဖြစ်ပါတယ်။

အဲဒါကို ကျွန်တော်ဟာ တကယ့်ကို လိမ်ညာမှု လုံးဝ မရှိပါ။ သူတစ်ပါးတို့ ဖြစ်ခဲ့တာကို မေးမြန်းစုံစမ်းပြီး ရေးသားခြင်းလဲ မဟုတ်ပါ။

ကျွန်တော်ကိုယ်တိုင် ကိုယ်တွေ့ ဖြစ်ပေါ်ခံစားရခြင်းကို ယခုမှ အခွင့်ကြုံလို့ ရေးသားတင်ပြရခြင်း ဖြစ်ပါတယ်။ ကျွန်တော် လိမ်ညာပြီး ရေးသားခဲ့ရင် နောက်နောင် ဘဝဆက်တိုင်း ကျွန်ုပ် လူ့ဘဝကို မရရှိနိုင်သူ ဖြစ်ရပါစေတော့လို့ ကျိန်စာဆိုလိုက်ပါတယ်။ အကျွန်ုပ် ဘဝနဲ့ရင်းလို့ သစ္စာပြုအပ်ပါတယ်။

ကျွန်တော့်ရဲ့ ဤစာမူကို ဖတ်ရှုသူအပေါင်း ကျွန်တော်ကဲ့သို့ တွေ့ကြုံခံစားရပါစေ။ မြတ်ဗုဒ္ဓသာသနာတော်ကြီးရဲ့ အံ့ဖွယ်သူရဲ ထူးကဲသော တရားေသာ ချမ်းသာခြင်းကို ရရှိကြပါစေ။ အကယ်လဲ ရရှိခံစားနိုင်လိမ့်မယ်လို့ ကျွန်ုပ် ယုံကြည်တယ်။

ကျွန်တော့်ရဲ့ဆရာမှာ **ကုဿာသယ ဆိဒ္ဓိ စေတီတော်ကြီးမှ ဆရာကြီး ဦးမောင်မောင်ဦးရဲ့ တပည့်ဆရာကြီး ဦးခင်မောင်ပင်** ဖြစ်ပါတော့တယ်။

ကျွန်တော့်အား ကျွန်တော့်ဆရာမှ ပထဦးစွာ သုံးဆင့်မှ ငါးဆင့်အထိ **"အရဟံ သိဒ္ဓိဘဂဝါ"**ကို ပုတီးစိပ်ခိုင်းပါတယ်။ ထိုပုတီးစိပ်မှာ...

**အရဟံ**–ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ **ဘဂဝါ**– ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံသော မြတ်စွာဘုရား...

ရယ်လို့ အဓိပ္ပာယ်ရတယ်။

ဆရာက ကျွန်တော့်ကို ဘုရားရှင်ရဲ့ ဂုဏ်တော်ကို အစဉ်မပြတ် ပွားများခိုင်းထားခြင်း ဖြစ်ပါတယ်။

နောက်... တစ်နှစ်လောက်အကြာမှာတော့ ဆရာကြီးမှာ ရန်ကုန်မှ ကျွန်တော်တို့နေရပ် ဖီးကုန်းမြို့နယ်သို့ ကြွလာပြန်ပါတယ်။

ဤကဲ့သို့ ဆရာကြီး ကြွလာတယ်ဆိုရင်ပဲ တပည့်အပေါင်းတို့ ဂိုဏ်းတော်ပညာနဲ့ ပတ်သက်လို့ ဆေးဆင့်တွေတက်ကြပါတယ်။ ကျွန်တော့်မှာ ဆရာကြီးအပါးမှာနေပြီး သူ သွားလိုရာကို စက်ဘီးတစ်စီးနဲ့ လိုက်လံ၍ ပို့ဆောင်နေရပါတယ်။

ဆရာကလဲ ကျွန်တော့်အား တူလိုသားလို ချစ်ပါတယ်။ တစ်နေ့တော့ ဆရာမှ ကျွန်တော့်ကို မေးပါတယ်။

'မင်း ဘာထူးခြားမှု ရှိသလဲ'

လို့ မေးရာ ကျွန်တော်လဲ မည်သို့မျှ ထူးခြားမှု မရှိကြောင်း ပြောပြလိုက်ပါတယ်။ ဆရာကြီးက...

'တချို့တွေ မြင်တယ်၊ တချို့ကျတော့ ကြားတယ်၊ တစ်နေ့နေ့တော့ ဖြစ်မှာပေါ့ကွာ'



www.burmeseclassic.com

www.burmeseclassic.com

လို့ ပြောပါတယ်။

ဆရာမှ ကျွန်တော့်ကို ထပ်ပြောပြန်ပါတယ်၊

'မင်း ဂမ္ဘီရတွေကို ယုံကြည်မှု ရှိရဲ့လား'

ကျွန်တော့်မှာ ဘာပြောရမှန်းမသိဖြစ်နေချိန်မှာပဲ ကျွန်တော့်ဆရာမှာ ကျွန်တော့်အား သူ၏အနားသို့ ခေါ်ယူ၍ ကျွန်တော့်ကို သွန်သင်ပြသ ပြောဆိုပါတော့တယ်။

'မင်းရဲ့ ခန္ဓာကိုယ်နဲ့ မိုးကောင်းကင်ကြီးနဲ့ တူသလားလို့ ငါ မေးရင် မင်း... ဘယ်လိုဖြေမှာလဲ'

ကျွန်တော်လဲ ရမ်းမဖြီးချင်သူပီပီ တိတ်ဆိတ်ငြိမ်သက်ခြင်းနဲ့ ဆရာ့ကို ကြည့်နေတယ်။ သဘောကတော့ ကျွန်တော် မသိပါလို့ ဝန်ခံလိုက်တဲ့ သဘောပါ။

ဆရာကြီးမှာ ကျွန်တော့်အား အပြစ်မယူပါ။ အပြုံးနဲ့ခွင့်လွှတ်၍ ဆက်ပြောပါတယ်။

'မင်း...ဗိုက်ဆာတာ၊ ရေဆာတာ၊ အိပ်ချင်တာ၊ နိုးလာတာ၊ သွားချင်တာ၊ လာချင်တာ၊ ကြည့်ချင်တာ၊ ကျင်ကြီးကျင်ငယ် စွန့်ချင်တာ ဘယ်သူလုပ်တာလဲ...ဘယ်သူက အမိန့်ပေးတာလဲ'

ကျွန်တော်က...

'ဘယ်သူမှ မခိုင်းပါဘူး၊ သဘာဝတရားကြီးက ဖန်တီးပေးတာပါ'

လို့ ပြောလိုက်ပါတယ်။

ဆရာကြီးမှာ မျက်နှာမှာပြုံးလို့ ဦးခေါင်းလေး တညိတ်ညိတ်နဲ့ သဘောကျစွာ ကျွန်တော့်ကိုကြည့်ပြီး...

'အေး... မင်းလိုပဲ မိုးကောင်းကင်ဟာလဲ လင်းလိုက်၊ မှောင်လိုက်၊ နေထွက်လိုက် လသာလိုက်၊ ကြယ်တွေထွက်လိုက်၊ မိုးအုံ့လိုက်၊ လေတိုက်လိုက်၊ လျှပ်စစ်တွေ လက်လိုက်၊ မိုးခြိမ်းလိုက်၊ မိုးရွာလိုက်နဲ့...



ဒါတွေ ဘယ်သူလုပ်ပေးနေတာလဲ အားလုံး ထာဝစဉ် လှုပ်ရှားလည်ပတ်နေတယ်။ အဲဒီမှာ ဓာတ်လေးပါး ရှိနေတယ်။ ဒါကြောင့် မင်းနဲ့ မိုးကောင်းကင်ကြီးဟာ တကယ်တော့ အတူတူပါပဲကွာ'

တစ်ဆက်တည်းမှာပဲ...

'မင်း...တင်ပျဉ်ခွေ ထိုင်လိုက်ပါ'

အဲဒီနောက် လက်ဖဝါး၊ ခြေဖဝါး၊ နဖူး စတဲ့ ဗဟိုငါးချက်ကို အထက်ကို လှည့်ထားရပါတယ်။ ခါးကို မတ်မတ်ထားခိုင်းပါတယ်၊ အသက်ကို ပုံမှန်ရှူခိုင်းပါတယ်။ ပြီးရင် ဝင်သက်ထွက်သက်ကိုလဲ ပုံမပျက်စေရဘဲ မိမိရဲ့ ချက်တိုင်တစ်ဝိုက်မှ **အပူငွေ့ တေဇောဓာတ်တို့အား** ပုံမှန် အစဉ် ညှစ်ထုတ်ရပါတယ်။

အရမ်းလဲ မညှစ်ရဲ ဖြည်းညင်းစွာနဲ့ အစဉ်တစိုက် ပြုလုပ်ရခြင်းသာ ဖြစ်ပါတယ်။ ဒီလိုအချိန်မှာ စိတ်ကို ငြိမ်ငြိမ်ထားရပါတယ်။ စိတ်ကောင်းရှိမှလဲ အောင်မြင်ပါတယ်။

အသက်ရှူရင်းလဲ ညှစ်ထုတ်ပါ။ အသက် ရှူသွင်းရှူထုတ်ရင်းလဲ ညှစ်ထုတ်၊ အစဉ်မပြတ်စေရ။ ပြတ်ရင်ပျက်ပါတယ်။

နောက် ခြေဖဝါး၊ လက်ဖဝါး၊ ငယ်ထိပ်၊ မျက်စိ စတာတို့၌ အပူငွေ့တို့ လွှမ်းမိုးလာချိန်အထိ ပြုလုပ်ရပါမယ်။

ဒီလိုပြုလုပ်တဲ့ ကျင့်စဉ်မှာ တစ်စိတ်တစ်ဒေသမှာ သတိပဋ္ဌာန်တရားကလဲ ပါနေသေးတယ်။ "**သတိ**"ဆိုတာ ထာဝစဉ် အစဉ်မပြတ် အောက်မေ့နေခြင်း အမှတ်ရနေခြင်းလို့ အဓိပ္ပာယ်ရတယ်။ "**ပဋ္ဌာန်**"ဆိုတာ တည်ရာဆိုတဲ့ အဓိပ္ပါယ်ရှိတယ်။

ဒါကတော့ ထိုင်ကျင်တဲ့ နည်းပညာ နောက်တစ်ခုက **အိပ်ရာဝင်ချိန်မှာ** ပြုလုပ်ရခြင်း ကျင့်စဉ်တစ်ရပ် ဖြစ်ပါတယ်။

ကျွန်တော့်ဆရာကြီးမှာ ကျွန်တော့်အား အိပ်နည်းကို သင်ပေးပါတယ်။ အိပ်၍ကျင့်နည်းမှာ...

'ညာဘက်သို့ စောင်း၍ ညာလက်[illegible] ခေါင်းအုံး၍ ညာခြေကို ဖြောင့်ဖြောင့်စင်း[illegible] ထား၍ ဘယ်လက်မှာ ဘယ်ဘက်တင်ပါး[illegible] စောင်းပေါ်သို့ တင်၍ စိတ်ကို ငြိမ်ငြိမ်ထား[illegible] အသက်ကို ဖြည်းညင်းစွာ ရှူသွင်း၍ [illegible] အောင့်၍ ထိန်းထားပါ။ ပြီးရင် ဖြည်းညင်း[illegible] ထုတ်လွှတ်လိုက်ပါ။

ရင်ဝမှ ခြေဖျား အထိရှိတဲ့ နေရာ[illegible] အပူငွေ့တွေ ပြေးလွှားနေတာကို ဂရုစိ[illegible] အိပ်ပျော်တဲ့အထိ ပြုလုပ်ပါ'

ဆရာသင်တဲ့အတိုင်း ကျွန်တော်[illegible] တစ်နှစ်မျှကြာသော် ကျွန်တော့် [illegible] ကိုယ်မှာ ထူးခြားမှု ရှိလာတယ်။ [illegible] ငါးချက်ကို အထက်လှည့်၍ စ၍ [illegible] ပြီးတာနဲ့ ခြေဖဝါး၊ လက်ဖဝါး၊ ငယ်[illegible] တို့မှာ ပူနွေးစေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပယောဂတွေနဲ့ တွေ့ကြုံစေရာမှာလဲ ထူးခြားသော စွမ်းပကားတို့မှာ ကိုယ့်ကိုယ်ကိုပင် မယုံရဲအောင် စွမ်းအားတို့ တိုးလာပါတော့တယ်။

ထို့နောက် ဆရာကြီးနဲ့ ထပ်မံလို့ တွေ့ရပြန်သောအခါ ဆရာကြီးမှာ ကျွန်တော့်ကို **တတိယမျက်လုံး** ဆိုတာ ဘယ်ဟာကို ခေါ်သလဲဆိုတာ ကျွန်တော့်ကို မေးပါတယ်။ ကျွန်တော့်မှာ မဖြေနိုင်ပါဘူး။ တကယ်လဲ မသိတာပါ။

ဆရာကပဲ ရှင်းပြပါတယ်။

'လူတစ်ဦးတစ်ယောက်ဟာ အကြောင်းအရာတစ်ခုခုကို လေးလေးနက်နက် ထိုင်စားရင် မျက်စိလေးကိုမှိတ်ပြီး တွေးတောထိုင်စားနေရင် မျက်ခုံးနှစ်ခုရဲ့ ကြားက တရိပ်ရိပ် မြင်လာစေတယ်။ အဲဒါဟာ အတိယမျက်လုံးပဲကွ'

လို့ ပြောပါတယ်။

'ဒီနေရာမှာ အသုံးအဖြတ်ပေးလို့ တတိယမျက်လုံးလို့ ခေါ်ပါတယ်။ အဲဒီတော့ စောစော[illegible] ကျင့်စဉ်ကို ကျင့်ပြီး တတိယမျက်လုံး[illegible]ကျင့်စဉ်နဲ့ တွဲဖက်ပြီး ကျင့်ရမယ်'

[illegible]ဟိုင်းချက် အထက်လှည့်ပြီး စိတ်[illegible] ငြိမ်ငြိမ်ထားပြီးရင် ပထမကျင့်စဉ်[illegible] ပြုလုပ်ပါ။

[illegible]အောကသိုဏ်းဝန်းတွေ တစ်[illegible]လုံး ဝိုင်းရံသွားရင် မိုးကောင်းကင်[illegible]ဟင်းလင်းပြင်ကြီးကို မြင်လာ[illegible] ရှုရပါတယ်။

[illegible] ကြယ်တွေကို မြင်အောင်[illegible]။ ဒါ ဒုတိယအဆင့်...နောက်[illegible]အဆင့်က မိုးကောင်းကင်ကြီး[illegible]ကြယ်တွေထံသို့ မိမိရဲ့ စွမ်းအား[illegible] ပို့လွှတ်ရပါတယ်။

[illegible]... ကြယ်တွေနဲ့ စကြဝဠာ[illegible] စွမ်းအားတွေကိုလဲ မိမိရဲ့[illegible]ယူရပါမယ်။ ဤသို့ ပို့လိုက်



ပြန်ဆွဲယူလိုက် ကြိမ်ဖန်များစွာ ပြုလုပ်ရပါတယ်။

ဆရာသင်ပြတဲ့အတိုင်း ပြုလုပ်ရင်း တစ်နေ့မှာတော့ တကယ့်ကို ထူးဆန်းအံ့သြဖွယ်ဖြစ်ရပ်တစ်ခုနဲ့ တွေ့ကြုံခံစားရပါတော့တယ်။

ကျွန်တော် ဤကဲ့သို့ ကျင့်နေစဉ်မှာ ကျွန်တော့်ရဲ့ မျက်စိအစုံမှာ မှိတ်လို့ထားပါတယ်။

ကျွန်တော့်မျက်စိကို မှိတ်ထားပေမယ့်လို့ ပတ်ဝန်းကျင်ကြီး တစ်ခုလုံး ဟာလာဟင်းလင်းပြင်ကြီးဖြစ်၍ သွားပါတော့တယ်။

အလွန်တရာမှ လင်းသော အလင်းရောင်ကို ကျွန်တော့်ရဲ့မျက်စိမှာ မြင်နေရပါတယ်။ ကျွန်တော့်ရဲ့ တစ်ကိုယ်လုံးမှာ အေးငြိမ်း၍ ပေါ့ပါးပြီးရင် ငြိမ့်ခနဲဖြစ်၍ ရဟတ်စီးသူကဲ့သို့ အပေါ်မှ အောက်သို့ လည်၍ ကျစဉ် ခံစားရသလိုပင် ခံစားရပြီး... ဘယ်အရာနဲ့မှ မတူတဲ့ ခံစားမှု အရသာကို ဘဝင်ကျအောင် ခံစားရပါတယ်။ ချီးမွမ်း၍ မနိုင်အောင်ပင် ရှိခဲ့ရပါတယ်။

ကျွန်တော့်ရဲ့ ခန္ဓာကိုယ်မှာ ကျွန်တော်တို့အိမ်မှ ပျဉ်ချပ်များကို ဖောက်၍ တိုးဝင်ကာ အိမ်အောက်သို့ တငြိမ့်ငြိမ့် ဆင်းသွားပါတယ်။ အိမ်အောက်မှ ကြိုးခွေ့ကြိမ်လုံး စတာတို့ကို မြင်တွေ့နေရပါတော့တယ်။

ထိုမှတစ်ဆင့် မြေကြီးအတွင်းသို့ ဝါးတစ်ပြန်မျှ တိုးဝင်သွားပြန်ပါတယ်။ မြေကြောလေးတွေကို ပင်လျှင် ကျွန်တော် မြင်နေရပါတယ်။

ထိုမှတစ်ဆင့် ပြန်လည်ပြီး မြေကြီးအတွင်းမှ တိုးထွက်လာပြန်တယ်။ မြေပေါ်သို့သာ ပေါ်လာတယ်။ ကျွန်တော့်မှာ ထိခိုက်ပွတ်တိုက်မှုလုံးဝ မခံစားရပါ။ ရေအတွင်းသို့ လက်နှိုက်လိုက်တဲ့အလား မည်သည့် တင်းမာမှုမျှ မရှိပါ။

အိမ်အောက် တစ်ခုလုံးကိုလဲ ကျွန်တော် မြင်နေရတယ်။ ထိုမှတစ်ဆင့် ပျဉ်ခင်းကို ဦးခေါင်းမှနေ၍ တစ်ဆက်တည်း အိမ်ခေါင်မိုးသက်ငယ်တို့အား ထွင်းဖောက်၍ လက်ပံပင်တစ်ဖျားမျှ မြင့်၍ တက်သွားပြီး တစ်ရွာလုံးကို ကျွန်တော် မြင်နေရပါတယ်။

အိမ်ပေါ်သို့ လှမ်းကြည့်ပြန်တော့လဲ ဘုရားစင်ရှေ့မှာ ကျွန်တော်တစ်ယောက် ထိုင်နေတာကို ကျွန်တော်မြင်တွေ့နေရပါတယ်။

နောက်တော့ အပေါ်မှာ ရှိနေတဲ့ ကျွန်တော်ဟာ တဖြည်းဖြည်း ပြန်လည်ပြီး ဆင်းလာပါတယ်။ အိမ်ပေါ်မှာ ရှိနေတဲ့ ကျွန်တော့်ထံသို့ အပေါ်မှ ဆင်းလာတဲ့ ကျွန်တော်ဟာ နီးကပ်လာပြီး ညင်သာစွာနဲ့ ပေါင်းသွားပါတယ်။

ဒီလို ပေါင်းသွားတဲ့ အချိန်မှာ ကျွန်တော်ဟာ နဂိုပုံမှန်အတိုင်း ပြန်ဖြစ်သွားပါတယ်။ ကျွန်တော့်ရဲ့ ခြေထောက်တွေကို အထိမခံနိုင်အောင် အလွန်ပဲ ထုံကျဉ်နေပါတော့တယ်။

မည်မျှအချိန်အထိ ကြာညောင်းသွားတာ မသိလိုက်ပါ။ အဲဒီအချိန်မှာ ကျွန်တော် ဘာခံစားမှုနဲ့မှ မတူတဲ



www.burmeseclassic.com

www.burmeseclassic.com

ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

## Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ဆီး(ကျဉ်၊အောင့်)
ဆီးပူညောင်းကျ၊ဆီးကြောင့် မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ဇက်ကြော
တက်၊အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**
TMR 007860 (1114)

Diseases to be applied

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်–၇၄၁၊ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅



www.burmeseclassic.com

www.burmeseclassic.com

# ပုံပြင်ဆန်သော
# အကေား

ဘဘဖို့
(ဖျာပုံ-ဗရာဝိ ၆)

**မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ တညောင်ရွာကြီးတွင် ကိုရင်ကြီးတစ်ပါး** သက်သတ်လွတ်ဖြင့် မှုတရှင်ပြုး သီတင်းသုံးလျက်ရှိသည်။ အသက်မှာ(၅၂)နှစ်ဖြစ်ပြီး ဘွဲ့မှာ ရှင်ဝိစိတ္တဖြစ်သည်။ ရပ်သူရွာသားများက ဘွဲ့မခေါ် **အကေား**ဟုသာ ခေါ်ကြသည်။

အကေား၏ အတိတ်စာမျက်နှာကို ပြန်လှန်ဖတ်ရှုမည်ဆိုလျှင် မယုံကြည်နိုင်လောက်အောင် အံ့သြစရာကောင်းလှသည်။


**အကေားသည် အသက်(၂၅)နှစ်တိုင်အောင် ကြမ်းတမ်းစွာ ဘဝမျိုးစုံ ကျင်လည်ဖြတ်သန်းခဲ့ရသည်။ လုပ်ကိုင်သော အလုပ်မှာ များသောအားဖြင့် အများအားဖြင့်မကျသော အလုပ်ကများလေသည်။**

ညည်သို့ပင် အလုပ်များစွာ လုပ်ကိုင်စေကာမူ ဆာလောင်မွတ်သိပ်မှုဖြင့် အိပ်ရာဝင်ခဲ့ရသည့် ညပေါင်းလည်း မနည်းပေ။

သို့နှင့် တစ်ခုသော နွေတွင်း၏နေ့ခင်းတွင် အလုပ်မှအပြန် ရေချိုးအပူလျှပ်ပြီး အပြင်းဖျားတော့သည်။

ဆရာအမျိုးမျိုး ပြောင်းလဲ ကုသသော်လည်း နေ့များပေါင်း၍ ရက်များ ညောင်းသော်လည်း ရောဂါက ပျောက်သာမလာ ပို၍ဆိုး တိုး၍ပင်လာသည်။ ခန္ဓာကိုယ်သည်လည်း အရိုးပေါ် အရေတင်လျက် ရှိသည်။

ကျောင်းမိုက်သော သန်းခေါင်ယံအချိန်၌ အကေားတစ်ယောက် နိုးသော်လည်း မနိုး၊ ခေါ်သော်လည်း မထူး၊ မေးသော်လည်း မဖြေ၊ သေ



သည်လည်း မဟုတ်၊ ဒေသအပြောနှင့် ပြောရလျှင် မြောနေသည်ဟု ဆိုရချေမည်။

လမိုက် ညမှောင် ညဥ့်သန်းခေါင်မို့ ဆရာပင့်ရန်လည်း မလွယ်၊ ဆရာကလည်း အနီးအနားတွင် မရှိ





www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် အရုဏ်ကျင်း၍ အလင်းသို့ ရောက်ခဲ့တော့၏။ သည်တော့မှ အကေး သတိရလာတော့သည်။

သတိရရချင်း ဖြတ်ခနဲ ထထိုင်လိုက်သည်။ ယခင်ရက်များက တွဲထူ တွဲထ လုပ်ရသော အကေးကို ကြည့်ပြီး လူနာစောင့်များ အံ့အားသင့်နေချိန်၌ အကေးက...

'ကျွန်တော့်အဖြစ်က အရမ်းအံ့သြစရာကောင်းတယ်ဗျာ၊ အိပ်မက်လို့ ပြောရမလား ဒါမှမဟုတ် ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး အတော်ဆန်းတာပဲ'

ဟု အစချီကာ မေ့မြောနေစဉ်က အကြောင်းကို ပြန်ပြောင်း ပြောပြလေတော့သည်။

* * *

တောအထပ်ထပ် တောင်အသွယ်သွယ် လျှိုမြောင်ချိုင့်ဝှမ်းပေါ်သည့် ခရီးလမ်းတစ်ခုကို အကေးတစ်ယောက် လျှောက်နေ၏။ ဘယ်သွား၍ ဘာလုပ်မည် အကေးမသိ အသွားလား၊ အပြန်လားလည်း စဉ်းစားမရ။

ထိုအခိုက် တောထဲမှ လူနှစ်ယောက် ပြေးထွက်လာ၏။ ထို့နောက် အဝတ်နက်ဖြင့် အုပ်လိုက်ပြီး ဆွဲခေါ်သွား၏။

အချိန်အနည်းငယ် အတွင်းမှာ အဆောက်အအုံတစ်ခုထဲသို့ ရောက်ရှိသွား၏။ သည်တော့မှ ဦးခေါင်းအား အုပ်ထားသော အဝတ်နက်ကို ချွတ်ပေးသည်။

ခမ်းနားထည်ဝါသည့် ထိုင်ခုံပေါ်တွင် လူကြီးတစ်ယောက် ထိုင်နေ



◆ ကမ္မဋ္ဌာန်းထိုင်နေသော အကေး(ခေါ်) ရှင်ဝိစိတ္တ

သည်ကို အကေးတွေ့သည်။ အဆိုပါ လူကြီး၏ အဝတ်အစားများမှာ ပြိုးပြိုးပျက်ပျက် အရောင်ထွက်လျက်ရှိ၏။ ထိုလူကြီးက အကေးအား စူးစူးစိုက်စိုက်ကြည့်ပြီး...

'နာမည် ဘယ်လိုခေါ်လဲ'

'ကျွန်တော့်နာမည် အကေးပါ'

'အခြားနာမည်ရှိသေးလား ရှိရင် ပြောပါဦး'

'ရှိပါတယ် ဝင်းညိုပါ'

'နေတာက'

'တညောင်ရွာမှာပါ'

ဟု ထိုင်ခုံပေါ်က လူကြီးမေးသမျှ အကေးသည် အမှန်အတိုင်း ဖြေဆိုနေမိသည်။ ထိုအခါ အဆိုပါ လူကြီးက အကေးအား ခေါ်လာသည့် လူနှစ်ယောက်အား လက်ညှိုး ထိုးပြီး...

'ငါခေါ်ခိုင်းတာက သာအေး(အမည်မှန် မဟုတ်ပါ) မင်းတို့ခေါ်လာတာက အကေး... မင်းတို့ လူမှားပြီး ခေါ်လာတာကိုး။ ကဲ... ပြန်ပို့လိုက်ကြ'

ဟု လူကြီး၏စကားသံ ဆုံးသည်နှင့် လူနှစ်ယောက်က အကေး၏ လက်နှစ်ဖက်ကို တစ်ယောက် တစ်ဖက်ဆီ ဆွဲကိုင်လိုက်၏။ ... အခိုက် လူကြီး၏အသံက ပေါ်ထွက် လာပြန်သည်။

'နေဦး...နေဦး သူ့ကို ပြစရာရှိ... တယ်'

ဟု ပြော၏။ တစ်ဆက်တည်း... ပင် အကေးကို လက်ညှိုးထိုးပြီး...

'အကေး... ပြတင်းပေါက်... အောက်ကို ကြည့်လိုက်စမ်း'

ဟု ပြော၏။ အကေးလည်း... ပြတင်းပေါက်ဆီသို့ လျှောက်သွား... အောက်တည့်တည့်သို့ ကြည့်လို... သည်။ အောက်တည့်တည့် ခ... ဝေးတွင် ရေမဒယ်အိုးကြီးကို ... ရသည်။

ဒယ်အိုးကြီးအောက်၌ မီး... တဟုန်းဟုန်း တောက်လော... ၏။ အဆိုပါ ဒယ်အိုးထဲ ဆီ... ရေလားမသိ ပွက်ပွက်ဆူနေသ... ထိုအထဲ၌ မြုပ်လိုက်ပေါ်လိုက်... လူများစွာကို မြင်ရသည်။ အ... လူများ၏ ကယ်ပါ...ယူပါ တ... နှင့် ငိုရှိုက်သံများကို ကြက်သီး... ခမန်း ကြားနေရ၏။

အကေး အလွန်ကြောက်... သည်။ ကြောက်စိတ်... အကေးတစ်ကိုယ်လုံး တဆတ်... တုန်နေသည်။ ကြက်သီး... ထလာ၏။ နဖူးပြင်မှလည်း ...





www.burmeseclassic.com

www.burmeseclassic.com

များ စို့လာ၏။

'အကေး...လူပြည်ကို ပြန်ရောက်ရင် ကုသိုလ်ကောင်းမှုနဲ့ မွေ့ပျော်တော့ နို့ မဟုတ်ရင် မင်းသေတဲ့အခါ အဲဒီလူတွေလို ခံရလိမ့်မယ်။

နောက်တစ်ခု ငါမှာလိုက်ဦးမယ်၊ မင်းတို့ ရွာမှာ မကြာခင် ကိုဖိုးကြွက် အလှူကြီး ပေးလိမ့်မယ်။ အလှူကြီးနေ့မှာ မိုးရွာ လိမ့်မယ်။ ကြိုတင်ပြင်ဆင်မှုတွေ လုပ် ထားပါလို့ သတိပေးလိုက်ပါ'

ဟု လူကြီးက ပြောသည်။ ထို့ နောက် လူနှစ်ယောက်က အကေး ၏ ဦးခေါင်းအား အဝတ်နက်ဖြင့် စွပ်လိုက်ပြီး ဆွဲခေါ်သွားသည်။ အချိန်အတော်ကြာကြာ သွားပြီး ...ည်နှင့် တစ်နေရာအရောက်တွင် အကေးအား ထားပြီး ပြန်သွားကြ ၏။

အကေးသည် ဦးခေါင်းမှ အဝတ် ...ကို ဖြုတ်လိုက်သည်။ ရှေး ...င်း အဆောက်အအုံကြီးကို ...ရ၏။ ထိုအဆောက်အအုံကြီး ... အကေး တွေ့ဖူးသလို မြင်ဖူး ... ထင်နေ၏။

'အကေး အထဲကို ဝင်လာခဲ့'

...ဆောက်အအုံကြီး အတွင်းမှ ...ကြီး တစ်ယောက်၏ ...ကို ကြားရ၏။ အဆောက် ...ကြီးကို တွေ့ကတည်းက ဝင် ... ဖြစ်ပေါ်နေသည့် အကေး ...ယောက် အခုတော့ ရေကန် ... ကြာအသင့် ဖြစ်သွား၏။ ...ဆောက်အအုံကြီးထဲ ဝင်လိုက် ... အရောင်မျိုးစုံ ဝင်းလက် ... ရတနာများကို ရင်သပ်



◆ အလှူခံထွက်သူအဖြစ်
အကေး(ခေါ်) ရှင်ဝိစိတ္တ

ရှုမော အံ့သြစွာ တွေ့မြင်ရသည်။ အကေးစိတ်မှာ လိုချင်တပ်မက်မှု များ ဖြစ်ပေါ်လာသည်။

'လူလေး...ဒါတွေဟာ ဘုရားပစ္စည်း တွေကွယ့်၊ မကြံစည်ကောင်းဘူး'

ဟု အသံတစ်သံ ပေါ်ထွက်လာ သဖြင့် အသံရှင်ကို ကြည့်လိုက်ရာ ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုတစ် ယောက်ကို တွေ့ရသည်။ အဘိုးအို မှာ သျှောင်နှင့်ဖြစ်သည်။ ဆံပင်၊ မျက်ခုံးမွေး၊ မုတ်ဆိတ်မွေးအားလုံး ဆွတ်ဆွတ်ဖြူနေ၏။ မုတ်ဆိတ်မွေး မှာ ရင်ဘတ်အထိ ရှည်လျားသည်။

'လူလေး... လူပြည်မှာ ရှင်ဘဝနဲ့ သာသနာပြုပါ၊ နောက်ပြီး သတ္တဝါတွေကို ကယ်တင်ဖို့ အတတ်ပညာတစ်ခု လူလေး ရင်ထဲကို ထည့်ပေးလိုက်မယ်။ ရှင်ဘဝနဲ့ သာသနာပြုပါမယ်လို့ ကတိပေး၊ ဒါဆိုရင် လူလေးမှာ ဖြစ်နေတဲ့ရောဂါလဲ ချက်ချင်း လက်ငင်း ပျောက်ကင်းသွားလိမ့်မယ်'

ဟု ပြောသည်။ အကေးလည်း ခေါင်းညိတ်ပြလိုက်သည်။

* * *

'ကျွန်တော့်အဖြစ်က ဒီလိုပါ... အစွန်း ရောက်တယ်လို့ပဲပြောပြော၊ တစ်ယူသန် တယ်လို့ပဲဆိုဆို ဉာဏ်ပညာနည်းတယ် လို့ပဲထင်ထင် အဲဒီပုဗ္ဗနိမိတ်ကို ကျွန်တော် လုံးဝထုသုံ ယုံကြည်တယ်။

ဒါကြောင့် ဒီကနေ့ ကျွန်တော် ကိုရင်ဝတ် တော့မယ်။ ဘဝရဲ့ကျန်နေတဲ့ အချိန်တွေ ကို အကောင်းဆုံးဖြစ်အောင် ကျွန်တော် ကြိုးစားနေထိုင်သွားတော့မယ်ဗျာ'

ဟု လူနာစောင့်များကို ပြောပြ၏။ ယုံသူရှိသလို မယုံကြည်သူများ လည်း ရှိကြ၏။ ထူးခြားမှုမှာ ထိုနေ့ မှစ၍ အကေး ရောဂါပျောက်ကင်း သွားခြင်းပင်။

ကိုသာအေး တစ်ယောက်လည်း ရုတ်တရက် ကွယ်လွန်ခဲ့လေသည်။ သို့ဖြစ်၍ ရပ်သူရွာသားများ အံ့သြ ကြရသည်မှာ အမှန်၊ အကေး၏ စကားကို မယုံကြည်သော ကိုဖိုး ကြွက်သည်လည်း သူ၏ အလှူ မိုးမျောတော့မှ ယူကျုံးမရ ဖြစ်နေမိ သည်။ ***(ဦးဖိုးကြွက်သည် ယနေ့တိုင် သက်ရှိထင်ရှားရှိနေဆဲပင်)***

အကေးခေါ် ရှင်ဝိစိတ္တသည် မနောဖြင့် ဟောပြောကာ လူများစွာ ကို သာသနာအတွင်းသို့ ရောက်ရှိ ရန် ဆွဲဆောင်ပြီး သာသနာပြုလျက် ရှိပါကြောင်း...

**ရွှင်လန်းချမ်းမြေ့ပါစေ။**

***ဘဘမွှံ့(ဖျာပုံ-ဇရာပို 6)***




www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတော်ရှင်

# ရွှေပေါ်ကျွန်းဆရာတော်ကြီး ချီးမြှင့်သော (၇)ရက်သားသမီးတို့ မွေးနေ့ကျင့်စဉ်



ဦးသိန်းထွန်းကြည် (အင်းဝ)

ဤကျင့်စဉ်သည် လွယ်ကူပြီး ဆောင်ရွက်ရာတွင် ခက်ခဲမှုမရှိ အစွမ်းထက်သည့် အကျိုးပေးသော ကျင့်စဉ် တစ်မျိုး ဖြစ်သဖြင့် ဖော်ထုတ်ရေးသားခြင်း ဖြစ်ပါသည်။

**ရရှိခဲ့သော အချိန်ကာလမှာ (၁၃၄၁ ခုနှစ်၊ တပေါင်းပွဲတော်)** ကျင်းပစဉ် အချိန်က ရွှေပေါ်ကျွန်း ဆရာတော်ကြီးမှ (၇)ရက်သားသမီးတို့အတွက် ချီးမြှင့်ခဲ့ပြီး နှစ်ပေါင်းများစွာ ကြာမြင့်နေသဖြင့် ဆရာတော်ကြီး၏ မူမပျက် ပြန်လည် ဖော်ထုတ် တင်ပြရေးသားပါသည်။

ကျင့်စဉ်မှာ (၇)ရက်သားသမီးများသည် မိမိတို့၏ မွေးနေ့ကစ၍ ရှေ့သို့ (၁၀)ရက်ပြည့်အောင် နံနက် အိပ်ရာထ အချိန်တိုင်း ဘုရားမျက်နှာသစ်တော်ရေ ဆက်ကပ်ပြီး ဖယောင်း(အလင်းတိုင်) (၂)တိုင် လင်ပန်း ထဲထည့်၍ ရေအနည်းငယ် ထည့်ပြီး ညိုထွန်းပူဇော်ပါ။ ပူဇော်၍ပြီးတိုင်း…

'ဘုရားတပည့်တော်သည် ဘုရား၊တရား၊သံဃာ ရတနာမြတ်သုံးပါးတို့အား ရိုသေစွာ ရှိခိုးပါ၏၊ ပူဇော်ပါ၏၊ ဖူးမြော်ပါ၏၊ မာန်လျှော့၍ ကန်တော့ပါ၏ အရှင်ဘုရား'

ဟု နှုတ်ဖြင့် မြွက်ဆို၍ ကန်တော့ပါ။ ယင်းနောက်…

'ဘုရားတပည့်တော်သည် ဤ အေးမြကြည်လင် သန့်ရှင်းစင်ကြယ်သော မျက်နှာသစ်တော်ရေနှင့် အလင်းတိုင်(ဖယောင်းတိုင်)တို့ကို သက်တော်ထင်ရှား မြတ်စွာဘုရားကြီးအား လှူဒါန်းပါ၏ ဘုရား…ဆက်ကပ်ပါ၏ဘုရား…ငှဲ့ညှာသနားသော[…] ရွှေလက်တော်အဆင့်ဆင့် အလှူခံတော်မူပါ။ အသိအ[…] တော်မူပါ အရှင်ဘုရား'

ဟု ရွတ်ဆိုပါ။

ဤနေရာတွင် လင်ပန်းနှင့် ရေအနည်းငယ်[…] အသုံးပြုရခြင်းမှာ "**လင်**"သည် **(ယ–ရ–လ–ဝ)**[…] ဂြိုဟ်အရ (၄)ဂဏန်းဖြစ်ပြီး "**ပန်း**"မှာ(**ပ–ဖ–**[…] **ဘ–မ)**ကြာသပတေးဂြိုဟ်အရ (၅)ဂဏန်းဖြစ်၍ […] ပေါင်းပါက (၉) နဝင်းကိုက် ဖြစ်သည်။

ဖယောင်းတိုင်(၂)တိုင်နှင့် လင်ပန်းထဲ၌ […] ရေထည့်ပြီးမှ ညိုထွန်းပူဇော်ရခြင်း သဘောအဓိ[…] သည် **မိမိ၏ ကိုယ်စောင့်နတ်နှင့် ဘုရားအ[…] အရှောက် နတ်မင်းများကို** ရည်ရွယ်ပြီး "**အပူ[…] အအေးရှိသည်**"ဟူသော အဓိပ္ပာယ်အရ ဖြစ်[…] ၁။**တနင်္ဂနွေနေ့သားသမီးဖြစ်လျှင် ရွတ်ဆိုရ**[…]

"သမ္ဗုဒ္ဓေ ကုဒ္ဒိပတ္တာ တေသံ ကုဒ္ဒိတေဇေန ဇယော […] အနက်

**သမ္ဗုဒ္ဓေ** – ခပ်သိမ်းကုန်သော ဘုရားရှင်[…] **ကုဒ္ဒိပတ္တာ**–တန်ခိုးရှိသည့်အဖြစ်သို့ ရောက်[…] ကုန်၏။ **တေသံ**–ထိုဘုရားရှင်တို့၏၊ **ကုဒ္ဒိ**[…] တန်ခိုးရှိန်စော် အာနုဘော်ကြောင့်၊ **ဇယော**–[…] ခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

**၂။တနင်္လာနေ့သားသမီးဖြစ်လျှင်...**

"သဗ္ဗေဗုဒ္ဓါ ခေမပတ္တာ တေသံ ခေမတေဇေန ဇယော ဟောတု"

အနက်

**သဗ္ဗေဗုဒ္ဓါ** – ခပ်သိမ်းကုန်သော ဘုရားရှင်တို့သည်၊ **ခေမပတ္တာ**–ငြိမ်းချမ်းခြင်းသို့ ရောက်တော်မူကြကုန်၏။ **တေသံ**–ထိုဘုရားရှင်တို့၏၊ **ခေမတေဇေန**– ငြိမ်းချမ်းခြင်းအရှိန်အစော် အာနုဘော်ကြောင့်၊ **ဇယော**– အောင်မြင်ခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

**၃။အင်္ဂါနေ့သားသမီးဖြစ်လျှင်...**

"သဗ္ဗေဗုဒ္ဓါ ဇိနပတ္တာ တေသံ ဇိနတေဇေန ဇယော ဟောတု"

အနက်

**သဗ္ဗေဗုဒ္ဓါ** – ခပ်သိမ်းကုန်သော ဘုရားရှင်တို့သည်၊ **ဇိနပတ္တာ**–အောင်မြင်ခြင်းသို့ ရောက်တော်မူကြကုန်၏။ **တေသံ**–ထိုဘုရားရှင်တို့၏၊ **ဇိနတေဇေန**– အောင်မြင်တော်မူသော အရှိန်အာနုဘော်ကြောင့်၊ **ဇယော**– အောင်မြင်ခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

**၄။ဗုဒ္ဓဟူးနေ့သားသမီးဖြစ်လျှင်...**

"သဗ္ဗေဗုဒ္ဓါ လာဘပတ္တာ တေသံ လာဘတေဇေန ဇယော ဟောတု"

အနက်

**သဗ္ဗေဗုဒ္ဓါ** – ခပ်သိမ်းကုန်သော ဘုရားရှင်တို့သည်၊ **လာဘပတ္တာ**–လာဘ်လာဘ ပြည့်ဝခြင်းသို့ ရောက်တော်မူကြကုန်၏။ **တေသံ**–ထိုဘုရားရှင်တို့၏၊ **လာဘတေဇေန** – လာဘ်လာဘ အရှိန်အစော် အာနုဘော်ကြောင့်၊ **ဇယော** – အောင်မြင်ခြင်းသည်၊ **ဟောတု**– ဖြစ်ပါစေသတည်း။

**၅။ကြာသပတေးနေ့သားသမီးဖြစ်လျှင်...**

"သဗ္ဗေဗုဒ္ဓါ ဗလပတ္တာ တေသံ ဗလတေဇေန ဇယော ဟောတု"

အနက်

**သဗ္ဗေဗုဒ္ဓါ** – ခပ်သိမ်းကုန်သော ဘုရားရှင်တို့သည်၊ **ဗလပတ္တာ**–ကိုယ်တော်အား ဉာဏ်တော်အား ကြီးမားခြင်းသို့ ရောက်တော်မူကြကုန်၏။ **တေသံ**–ထိုဘုရားရှင်တို့၏၊ **ဗလတေဇေန**– ကိုယ်တော်အား ဉာဏ်တော်အား ကြီးမားခြင်း အာနုဘော်ကြောင့်၊ **ဇယော**– အောင်မြင်ခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

**၆။သောကြာနေ့သားသမီးဖြစ်လျှင်...**

"သဗ္ဗေဗုဒ္ဓါ သီရိပတ္တာ တေသံ သီရိတေဇေန ဇယော ဟောတု"

အနက်

**သဗ္ဗေဗုဒ္ဓါ** – ခပ်သိမ်းကုန်သော ဘုရားရှင်တို့သည်၊ **သီရိပတ္တာ** – ကျက်သရေရှိခြင်းသို့ ရောက်တော်မူကြကုန်၏။ **တေသံ**–ထိုဘုရားရှင်တို့၏၊ **သီရိတေဇေန**– ကျက်သရေအရှိန်အစော် အာနုဘော်ကြောင့်၊ **ဇယော**– အောင်မြင်ခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

အနက်

**၇။စနေနေ့သားသမီးဖြစ်လျှင်...**

"သဗ္ဗေဗုဒ္ဓါ တေဇပတ္တာ တေသံ တေဇတေဇေန ဇယော ဟောတု"

အနက်

**သဗ္ဗေဗုဒ္ဓါ** – ခပ်သိမ်းကုန်သော ဘုရားရှင်တို့သည်၊ **တေဇပတ္တာ**–ထက်မြက်သည့် တန်ခိုးတော်သို့ ရောက်တော်မူကြကုန်၏။ **တေသံ**–ထိုဘုရားရှင်တို့၏၊ **တေဇတေဇေန** – ထက်မြက်ရှိန်စော် အာနုဘော်ကြောင့်၊ **ဇယော**–အောင်မြင်ခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

ဟု အသီးသီး မိမိတို့၏ မွေးနံမှ လက်ယာရစ် သက်စေ့ထက် တစ်ခေါက်ပို၍ ရွတ်ဆိုရန် ဖြစ်ပါသည်။

**ညဥ့်ဦးပိုင်းအချိန်သို့ ရောက်တိုင်း (သို့မဟုတ်) မိမိ အိပ်ရာမဝင်မီ...**

"စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ ဝိဇ္ဇာဥဒပါဒိ၊ အာလောကောဥဒပါဒိ"

အနက်

**စက္ခုံ**–သစ္စာကို သိမြင်တတ်သော ပညာမျက်စိသည်၊ **ဥဒပါဒိ**–ထင်ရှားဖြစ်၏။

**ဉာဏံ**–သစ္စာကို သိခြင်းသည်၊ **ဥဒပါဒိ**–ထင်ရှားဖြစ်၏။

**ပညာ**–ဒုက္ခ စသည်ကို အပြားအားဖြင့် သိခြင်းသည်၊ **ဥဒပါဒိ**–ထင်ရှားဖြစ်၏။

**ဝိဇ္ဇာ** – ဒုက္ခသစ္စာကို ထိုးထွင်း၍ သိခြင်းသည်၊ **ဥဒပါဒိ**–ထင်ရှားဖြစ်၏။

**အာလောကော**–ပညာအလင်းရောင်သည်၊ **ဥဒပါဒိ**– ထင်ရှားဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

*[ဤဂါထာတော်များ၏ ပါဠိအနက်ကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ( ဓမ္မာစရိယ(မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

ဟု မိမိသက်စေ့ထက် တစ်ခေါက်ပို ရွတ်ဆိုပါ။ တစ်နေ့...တစ်နေ့လျှင် နံနက်တစ်ကြိမ်၊ ညဦးတစ်ကြိမ် အားဖြင့် (၂)ကြိမ်...(၂)ကြိမ် (၁၀)ရက်ပြည့်အောင် ကျင့်ဆောင်ရမည်ဖြစ်ပြီး ပါဠိဂါထာများကို ရွတ်ဆိုသော အခါ ဖြည်းဖြည်းမှန်မှန် စေတနာ ထက်သန်စွာထား၍ ရွတ်ဆိုရန် ဖြစ်ပါသည်။

ဤသို့ စရဏ ဓမ္မကျင့်စဉ်များကို ကျင့်ဆောင်ခြင်းဖြင့် ရှေ့နောက်ဝဲယာ ဖြစ်ပေါ်လာတတ်သော ဘေးရန် အမျိုးမျိုးတို့ကို ကာကွယ်တားဆီး၍ ပြောဆိုပြုလုပ်သမျှ ကောင်းမှုကောင်းလုပ်တို့ကို အထစ်အငေါ့မရှိ ပြီးစီးခြင်းသို့ ရောက်ရှိစေပါလိမ့်မည်။

ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြရာ၌ ဥပမာအားဖြင့် ''သစ်ပင်လှဲသော ယောက်ျားသည် မိမိ လဲစေလိုသော ဘက်ကို ရအောင် လှဲရသလို'' မိမိတို့ အလိုရှိသော ဆုကို စိတ်ဓာတ်ဖြင့် ငဲ့၍ ပြုလုပ်ဆည်းပူးကြရန် အရေးကြီးသည်။ ဆရာတော် ညွှန်ပြခဲ့သည့် စရဏ ကျင့်ဝတ်များကို နေ့စဉ် ဝတ်မှန်မှန်ထား၍ ကြိုးစား အားထုတ်ပြီး အယုတ်ဆုံးအားဖြင့် ကျွဲ၊နွား၊ဝက်၊ အရက်သေစာများကို လွတ်လွတ်ကင်းကင်း ရှောင် ကြဉ်ထား၍ ထို့ထက် တတ်နိုင်လျှင် ကုန်းသတ္တဝါတို့၏ အသေးအသားများကို စားသောက်ခြင်းမှ ရှောင်ကြဉ် ထားရန် ဖြစ်ပါသည်။

တရားယူရာ၌ နှုတ်နှင့်ယူ၍ မရပါ။ အလုပ်နှင့်ယူမှ ရပါသည်။ ကျပ်စု၊မှတ်စု နှစ်မျိုးရှိရာတွင် မှတ်စုနှင့် ယူ၍ ရနိုင်ရန် ခဲယဉ်းပါသည်။ ထို့ကြောင့် ကျပ်ကျပ် တည်းတည်းဖြင့် ကျပ်စုနှင့် ယူမှသာ ရနိုင်ပါသည်။

သတိပြုရန်မှာ ရတနာသုံးပါးတို့အား ဆည်းကပ် ကိုးကွယ်ရာ၌ နည်းနည်းယုံကြည်လျှင် နည်းနည်း အကျိုးပေး၏။ အလတ်တန်းစား ယုံကြည်လျှင် အလတ် တန်းစား အကျိုးပေး၏။ အများကြီး ယုံကြည်လျှင် အများကြီး အကျိုးပေးပါလိမ့်မည်။

ဤနည်းအတိုင်း တစ်လ...တစ်လလျှင် (၁၀)ရက်... (၁၀)ရက် (၃)လတန်သည် (၄)လတန်သည် အားထုတ် ၍ ကျင့်ဆောင်သွားပါက အကျိုးပေး ရင့်သန်မှု ဖြစ်ပေ စေကြောင်း ရေးသားတင်ပြပါသည်။

**ဦးသိန်းထွန်းကြည်(အင်း၀)**

စာမျက်နှာ (၇၉)မှ အဆက်

အလွန်ကျေနပ်ပြီး ပီတိတွေ ဖြစ်နေတော့တာ အမှန်ပါ။

ဒီအချိန်မှာ ကျွန်တော်ဟာ ဆရာ့ကို မျှော်နေမိတာပေါ့။ ကျွန်တော့်ဆရာဟာ ကျွန်တော်နဲ့ လမ်းခွဲပြီး ခြောက်လ ကျော်ကျော်ကြာမှ ကျွန်တော်တို့ ထံသို့ ကြွလာပါတော့တယ်။

ကျွန်တော်တို့လဲ ဝမ်းသာအားရစွာနဲ့ ကျွန်တော်တို့ ဆရာကြီးကို ဝတ်ဖြည့် ဦးချကန်တော့ကြပါတယ်။

နောက်ရက် အနည်းငယ်ကြာတော့မှ ဆရာ့အား ကျွန်တော့်ရဲ့ဖြစ်ရပ်ကို ပြောပြလိုက်ပါတယ်။ ကျွန်တော့်ရဲ့ ဆရာမှာ ပြုံးလို့ ကျေနပ်စွာနဲ့ ပြောပါတယ်။

'ငါ့တပည့်... မင်းဟာ မိုးကောင်းကင် ဂမ္ဘီရကျင့်စဉ်ကို သိရှိသွားပြီ။ သိပ်ကောင်းတယ်'

ကျွန်တော့်ဆရာမှ ဆက်ပြောပါတယ်။

'မင်းဟာ စိတ်ပညာဂမ္ဘီရနဲ့ မိုးကောင်းကင် လောကီဂမ္ဘီရကျင့်စဉ် တရားကို သိရှိ နားလည်ခံစားသွားရပြီး ငါ့တပည့်တော်တယ်'

ယခု ကျွန်တော် ဆရာသင်ပေးသော ဂမ္ဘီရမိုးကောင်းကင် ကျင့်စဉ်ကို စိတ်ပညာဂမ္ဘီရလို့ ခေါ်ပါတယ်။

ဒီကျင့်စဉ်ကို အများပြည်သူ ယုံကြည်စွာ ကျင့်ပွားများ၍ အံ့ဖွယ် ထူးကဲသော ကောင်းကင်လောကီ ကျင့်စဉ်ရဲ့ရသာကို အားရကျေနပ် ကြည်နူးခြင်း ကျေနပ်စွာနဲ့ ပီတိတွေ အရည်ဖျော်ထည့်ထားသလို ခံစား ကြပါစေလို့ ဆုတောင်းမေတ္တာပို့ အဆုံးသတ်လိုက်ပါတော့တယ်။

*အစဉ်လေးစားလျက်...*

**ဆွေချစ်**



www.burmeseclassic.com

www.burmeseclassic.com

ကျော်ကြားဆောင်းပါး

# အသည်းရောဂါအတွက် ကိုယ်တိုင်ကုသ ထုတ်လုပ်ထားတဲ့

# မင်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၁၁၃ Y ၀၁၀၆၇၂)　(တဆဝက(ဓာနယ်ဇင်း) ၀၀၇/၀၂၁၂)　ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့် ပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ တို့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး ပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများ ည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများ က်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့ အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ် ည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်း ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူ မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင် ရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက် သဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်း င့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ် ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။မျက်စိနှင့် အရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ရုံ့ခါဝမ်းချုပ် အပုဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင် လာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ လာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေး ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော သမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ် ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို ကျော်ကျော်နှိပ်စက်နေသော အနီးရန်သူသည် B-ပိုး ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာ နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် နှင့် ဇနီးဖြစ်သူတို့မှာ ခွေခေါင်ခေါင် မိုးကြိုးပစ်ခံ လို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေ သော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက် သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝ ကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော် ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်း အောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှု ကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည် လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေ သကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမား တော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေး နေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်း ရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်






www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းပိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဪ မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း…ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကု… ကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေ… တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွ… ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်… ကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်… အတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေး… ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရော… ဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ… ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်… "ဖော်မြူလာဆရာက ပေးမှာလား၊" "ပေးပါ့ဗျာ၊ … ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူ… ပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်း… စားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာ… နေကြရသော အသည်းရောဂါရှင်များ…သမားတော် ဆရာ… ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စ… ကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်… အရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလို… သည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေး… လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်က… **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါ… ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အ… ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အ… ရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ … ကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတ… အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သော… များအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်း… အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါ… ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေ… မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်… မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်… အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်း… လိုက်ပါသည်။

**ဦးအိုက်စံ (…**

ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြော…
အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ်(ဆ/၃၆၀)၊ သုန္ဒြာ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၂ ၄၃၀၉၄

ရှမ်းပြည်နယ်ဖြန့်ချိရေး-
အမှတ်(ည/၉)၊ ဘူတာလမ်း၊ ရပ်ကွက်-၁၀၊ လား…
ဖုန်း-၀၈၂ ၂၆၂၉၁၊ ၀၉ ၄၇၃ ၂၂၂၃၃။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံမှာ အရှည်ဆုံး

# သစ်တစ်လုံးတည်း တံခွန်တိုင်လေး

ဇော်ငြ (LL.B)

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်မှ အရှေ့မြောက်အရပ် (၂၄)မိုင်ခန့်ကွာ တွင် တည်ရှိသော လှိုင်းဘွဲ့မြို့သို့ မိသားစုနှင့်အတူ ဘုရားဖူးခရီးရောက် ခဲ့ပါသည်။

လှိုင်းဘွဲ့မြို့၏ ကျက်သရေဆောင် ဖြစ်သည့် ကျိုက်မုရောဘုရားကို ပထမ ဆုံး သွားရောက် ဖူးမြော်ကြသည်။ ရှေးဟောင်း ဘုရားစေတီကြီးတစ်ဆူ ဖြစ်၍ လွန်စွာ သပ္ပါယ်ပါသည်။ ဘုရား ရင်ပြင်တော်အပြည့် အဖြူရောင် ကြွေ ပြားများ ခင်းထားသည်။


ကျွန်ုပ်တို့ မိသားစုဝင်များ အားလုံး ဘုရားဖူးကြပြီးနောက် တောင်ပေါ် ကျောင်းဆရာတော် ဘဒ္ဒန္တသောဏကို သွားရောက် ရှိခိုးကန်တော့ကြသည်။ ဆရာတော်မှာ နက္ခတ္တရောင်ခြည် ကျောင်း၏ စာဖတ်ပရိသတ်ဖြစ်၍ ထူးထူးခြားခြား တစ်ခုပြမည်ဟု ဆိုကာ တောင်ပေါ်ကျောင်းရှေ့ ကျိုက်မုရော ဘုရားရင်ပြင်မှ အထင်ကရ တံခွန် တိုင်ကြီးကို ကျွန်ုပ်အား ပြသပါသည်။

တောင်ပေါ်ကျောင်း အနီးရှိ ကျိုက်မုရော ဘုရားရင်ပြင်သို့ ရောက်ရှိ ခဲ့သော်လည်း ဤတံခွန်တိုင် ကို ကောင်းစွာ သတိမမူမိခဲ့ပေ။ ဆရာတော် ပြသတော့မှ တံခွန်တိုင် ကို မော့ကြည့်မိတော့သည်။ မြင်ဖူးခဲ့ သမျှ သစ်သားတံခွန်တိုင်များတွင် အညီလျှားဆုံးနှင့် အဖြောင့်တန်းဆုံး ဟု ဆိုမိပါသည်။

တံခွန်တိုင်ကြီး၏ အောက်ခြေတွင် တံခွန်တိုင် ကျောက်စာရှိကြောင်း ဆရာတော်မှ ပြောသဖြင့် သေချာ ကြည့်မိသည်။

### တံခွန်တိုင်ကျောက်စာ

ဤတံခွန်တိုင်သည် အလျား(၆၉)ပေ၊ လုံး



◆ သစ်တစ်လုံးတည်း တံခွန်တိုင်





www.burmeseclassic.com

www.burmeseclassic.com



▲ လှိုင်းတွဲ့တောင်ပေါ်ကျောင်း ဆရာတော် ဘဒ္ဒန္တသောဘဏ

▼ တံခွန်တိုင်ကျောက်စာ




ပတ်(၄)ပေ (၁၀)လက်မ ရှိ၍ ကော့လှိုင်းကျေးရွာ ဦးမြတ်ကျော် ဦးဆောင်သော ကော့လှိုင်း ရွာသူရွာသားများက (၇၄၀/)ကျပ် အကုန်အကျခံကာ ဤလှိုင်းတွဲ့ မြို့သူမြို့သားများက လုပ်အားဒါန ပါဝင်ကြပြီး ၁၃၃၀ ခုနှစ် တပေါင်းလဆန်း(၁၀)ရက်၊ ဗုဒ္ဓဟူးနေ့တွင် စိုက်ထူ လှူဒါန်းကြပါသည်။

၁၃၆၅ ခုနှစ်တွင် လှိုင်းတွဲ့မြို့ (ဂ)ရပ်ကွက်နေ ဦးစောဟန်+ဒေါ်ပဲမိသားစုတို့က တံခွန်တိုင်ကို ရွှေချခြင်း၊ နတ်မင်းကြီးလေးပါးရုပ်တုတည်ခြင်း၊ ပလ္လင်ကို ကြွေပြားကပ်ခြင်းများကို လှူဒါန်းကြပါသည်။

နတ်လူ သာဓုခေါ်စေသော

ဤတံခွန်တိုင်မှာ သက်တမ်းအား
နှစ်ပေါင်း လေးဆယ်ကျော် ငါးဆ
နီးပါးရှိနေပြီ။ နေပူပူ မိုးရွာရွာ
ဥတုဒဏ်ကို ကြံ့ကြံ့ခံနေဆဲဖြစ်သ

ဤမျှ ရှည်လျားဖြောင့်စင်းေ
သစ်တစ်လုံးတည်းကို အသုံ
တံခွန်တိုင်ထူထားခြင်းကို
ရောက်ရှိဖူးသမျှ မြန်မာနိုင်ငံ အနှံ့
စေတီဘုရားများတွင် မမြင်မတွေ့
ပါ။

စာဖတ်သူများက ယခုထက်
ရှည်လျားဖြောင့်စင်းသော သစ်တ
တည်း တံခွန်တိုင်မျိုး တွေ့မြင်
ဓာတ်ပုံရိုက်ကူးပြီး နက္ခတ္တရောင်
မဂ္ဂဇင်းတိုက်သို့ ဆောင်းပါး ရေး
ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်

ကျိုက်မှုရောဘုရားကြီး၏ ထူ
ချက်များမှာ တစ်နှစ်ပတ်လုံး
ဘုရားဖူးပရိသတ် မပြတ်ရှိ
နေ့စဉ်ညစဉ် ဘုရားရင်ပြင်တစ်
တွင် အဓိဋ္ဌာန်ဝင်သူ (၂၄)နာရီ
တစ်ဦးဦး ရှိနေခြင်း စေတီ
အောက်ခြေရှိ မီးထွန်းပူဇော်ရန်
များတွင် (၂၄)နာရီပတ်လုံး
တိုင်မီး မပြတ် ပူဇော်မှု ရှိနေ
ဖြစ်ပါသည်။

ကရင်ပြည်နယ်သို့ ဘုရား
သွားရောက်ကြသူများ အ
လှိုင်းတွဲ့ ကျိုက်မှုရောဘုရားသို့
အောင်သွားပြီး ဘုရားဖူး
ထူးခြားသော တံခွန်တိုင်ရှည်
ကြည့်ရှုလေ့လာနိုင်ကြစေရန်
ဖော်ပြပေးလိုက်ရခြင်း ဖြစ်ပါ

***စေတနာမှန်လျှင် ကံကောင်း***


**အောင်ဇေ*(LL.B)***



www.burmeseclassic.com

www.burmeseclassic.com

# သီးပင်စားပင်တွေဆီ ခါချဉ်မလာရေး



တစ်နေ့အသိမိတ်ဆွေ ဒေါ်ခင်အေးတစ်ယောက် ရေးသူ၏အိမ်သို့ အလည်ရောက်လာသည်။ ရေး သူ၏ဇနီးနှင့် ကျောင်းနေဖက်ဖြစ်၍ လည်ခြင်း ဖြစ်၏။

ခင်ကလည်း မကြာခဏလာနေကျ။ ဆွေမျိုး အချာကဲ့သို့ ဖြစ်နေလေပြီ။ ဒေါ်ခင်အေးက ရေးသူ၏ အိမ်ဝိုင်းထဲက သရက်ပင်(၃)ပင်စလုံး တွေ ပွက်ခဲနေသည်ကိုကြည့်ပြီး...

'ကျောင်းဆရာတို့ သရက်ပင်တွေမှာ ခါချဉ် နေ'

'ဟုတ်တယ် ဘယ်အပင်မှ မရှိဘူး'

'ကျွန်မအိမ်က သရက်ပင်က မြကျောက်မျိုး ကျောင်းဆရာရဲ့။ ဒါပေမယ့် ခါချဉ်အုံတွေက တစ်ပင်လုံးဆိုတော့ သီးဆွတ်ဖို့ ခက်နေတယ်'

နောက်ဘက်ဝိုင်းထဲက ကျွန်တော့်အစ်မ သရက်ပင်တွေလဲ ခါချဉ်တွေနဲ့ပဲဗျ။ တစ်နေ့က အစ်မက သူ့ ပင်တစ်ပင် မသီးလို့ဆိုပြီး အလုပ်သမားကို ခေါ်ခုတ်ခိုင်းတယ်လေ။ ခါချဉ်တွေမှ သရက်ပင်ခုတ်တဲ့ ကိုက်လိုက်တာ။ တော်တော်နဲ့ ခုတ်ကိုမရဘူး။

ချဉ်တွေက ကျွန်တော့်ဝိုင်းနဲ့ ကပ်လျက်ဆိုတော့ မြေပေါ်မှာ လျှောက်သွားနေတာ မနည်းပါဘူး။ ကျွန်တော် ယ့်သရက်သီးတွေနဲ့နီးပြီး အဲဒီအကောင်တွေ ရောက်လာမှာစိုးလို့ **မီးဖိုထဲက ပြာတွေကျုံးပြီး ရေနဲ့ပျစ်ပျစ် လိုက်တယ်။**

တော့ ကျွန်တော့် သရက်ပင်တွေရဲ့ ပင်စည်အခြေ ပတ်ပတ်လည်တွေမှာ လောင်းချပေးလိုက်တာ ခါချဉ်တွေ ကောင်မှ ကျွန်တော့် သရက်ပင်တွေကို မကပ်ရဲဘူး'

ရေးသူ၏ စကားဆုံးလေသော် ဒေါ်ခင်အေးက...

နည်းက သီးပင်စားပင်တွေဆီ ခါချဉ်မလာရေးပေါ့နော်'

တ်တာပေါ့ဗျာ။ ခါချဉ်က ပြာမြင်ရင် မကြာခင်ဘဲ ကြောက်အားပိုလို့ တစ်ယောက်မနားလိုဘူးဆိုပြီး အဝေးပြေးတော့တာပဲ အေးရေ'

နောက်နောက် ပြောလိုက်သော စာရေးသူ၏ စကားအဆုံးဝယ် ဒေါ်ခင်အေးက ''ကျောင်းဆရာကမှ ကောင်း''ဟု ရွှင်ပြုံးစွာဆိုလျက် စာရေးသူ၏ ဇနီးရှိရာ မီးဖိုချောင်ဆီသို့ အာလာပသလ္လာပပြောဆိုရန် လေတော့သတည်း။။

ဆရာ သညာမှူး



www.burmeseclassic.com

www.burmeseclassic.com

# မြင်းသမားများ ဆောင်ထား

## တြိကဋုက်သုံးပါး



မကွေးတိုင်းဒေသကြီး ကိုယ်စားပြု မြင်းခင်းသဘင်အဖွဲ့သည် ရန်ကုန်သို့ စက်တင်ဘာလ၌ ရောက်ကြပါသည်။ ကျွန်တော်သည် မြင်းသမား အခေါ်အဝေါ်အရ အုံနာ၊ မြင်းဆိုက်အဖြစ် လိုက်ပါရပါသည်။

ကျွန်တော်၏ မြင်းမမှာ **"ရွှေကျွန်းမယ်"**ခေါ် စိုင်ရွှေရောင် ဖြစ်ပါသည်။ ရာသီဥတုမှာ မကွေးနှင့် ရန်ကုန် မတူပါ။ အပူနှင့် အအေး၊ အစိုနှင့် အခြောက်ဖြစ်ပါသည်။

"ရွှေကျွန်းမယ်"သည် ကုန်းနိုး မပါ၊ ကျေးလက်ရိုးရာဒုန်းစီးပြိုင်ပွဲတွင် တိုင်းကိုယ်စားပြု ပါဝင်ပါသည်။

ရန်ကုန်မြို့ ကျိုက္ကဆံကွင်းသို့ ရောက်သောအခါ "ရွှေကျွန်းမယ်"သည် အမွေးများ ဆောင်း၍ မအီမသာ ဖြစ်နေပါသည်။

ဂျော်ကီအောင်သန့်က ပြောသည်မှာ**"ဝဲရောဂါ ဖြစ်မည်စိုးရိမ်ကြောင်း"**ပြောပြ၌ ဆေးအမြန်ဖော်၍ တိုက်ပါသည်။

**တြိကဋုက်သုံးပါးအမှုန့် တစ်မတ်သားကို အရက်တစ်ဝိတ် (ခွဲပုလင်း)ခန့်ဖျော်၍ တိုက်ရာ အမွေးများ ကျွန်းမာလာပါသည်။**

နောက်တစ်ပတ်ကြာသောအခါ ကန်တော်ကြီးကွင်းမှ အပြေးကျင့်ပြီး အပြန် မိုးမိ၍ မြင်း၏ ခန္ဓာကိုယ် သဖွယ် အခိုးများ ထွက်နေပါသည်။

ဂျော်ကီအောင်သန့်သည် **တြိကဋုက်သုံးပါးအမှုန့် တစ်မတ်သားခန့်**ကို ပျားရည်ဖြင့် နယ်၍ လျှာ ပေးပါသည်။

တြိကဋုက်သုံးပါး ဆိုသည်မှာ ဂျင်းခြောက်၊ ပိတ်ချင်းသီးနှင့် ငရုတ်ကောင်း ချင်းတက်အခြောက်တို့ ဖြစ်ပါသည်။

မြင်းများတွင် ဖြစ်ပွားတတ်သော ရောဂါများအနက် **"ဝဲရောဂါ"**သည် ကြောက်စရာကောင်း တစ်ခါတစ်ရံ ပြေးလွှားရင်း လဲကျ၍ သေဆုံးတတ်ပါသည်။

တြိကဋုက်သုံးပါးကို (၂)ကျပ်သားစီ(သို့မဟုတ်) (၁)ကျပ်သားစီ အညီအမျှ အမှုန့်ပြု၍ မြင်းသမားများ ထားသင့်သည့် ဆေးကောင်းတစ်လက် ဖြစ်ပါသည်။

**မောင်သစ်ဝေ(စလေ)**



www.burmeseclassic.com

www.burmeseclassic.com

စတုပညာသ ဆေးကိုဖြင့်...
"မိုးမှာသေလို့ နွေမှာရှင်၊
သိကြားဆက်သည့် ဆေးလေးအင်"
ဟူ၍ လည်းကောင်း။
"မြေနှင့်မကွာ၊ ဆေးလေးဖြာ၊ မသိသူ
ကျော်သာသွား၊ သိသူတွေ ဖော်ကာစား
စေဖို့ နတ်သိကြား ပေးပါတဲ့ စတုပညာသ
ဆေးမဟာ"

ဟူ၍ ရည်ညွှန်းထားတာ တွေ့ရသည်။

ရသဓာတ်ဖျက်ဆေး၊ အစာဖျက်ဆေးဖြစ်၍ ဖော်စပ်ရန် သင့်ပါသည်။ **လေထိုး, လေနာ, လေအောင့်** အလွန်ကောင်းပါသည်။ မတည့်သောအစာ စားမိလျှင် နေမထိ, ထိုင်မထိဖြစ်တာတွေ၊ နံကြိုနံကြား, ရင်ညွန့်ဝမ်းဗိုက် ဟိုနေရာ စစ်ခနဲ, သည်နေရာ စစ်ခနဲ ထိုးတတ်တာတွေ၊ အစာမစားချင်၊ မသောက်ချင်ရင်ပြည့်, ဗိုက်ကယ်။

ဗိုက်ကိုပုတ်ကြည့်တော့ စည်ကျက်ထားသကဲ့သို့ တဗုန်းဗုန်းမြည်နေတာတွေ၊ စားပြီးပြန်တော့လည်း အစာမကြေဖြစ်ပြီး အနေခက်၊ အထိုင်ခက်သူတွေအတွက် စိတ်မပျက်ကြစေဖို့ ဆေးကောင်းတစ်လက်တော့ ညွှန်ပြပါမည်။

သူ့ဆေးကတော့ **စ–ဓ–ဗ–ဝ** ပါ။ စ–ဓ–ဗ–ဝဆို၍ အင်းလားမလား တွေးထင်ကြပေမည်။ အင်းလည်းမဟုတ်၊ စမလည်းမဟုတ်။ ဗင်ဓာတ်စမလေးလုံးမှ ဓာတ်နံအောက်ပစ္စည်းလေးမျိုး ထုတ်နုတ်ထားခြင်း ဖြစ်ပါသည်။

"**စ**"**အက္ခရာ၊** နံမှာ အင်္ဂါ၊ စ,ဆ,ဇ,ဈ,ည ငါးလုံးမှတစ်လုံး ကောက်လိုက်လျှင် **ဆ–ဆား ဖြစ်သည်။**

# စတုပညာသ ဆေး

"**ဓ**"**အက္ခရာ၊** နံမှာ စနေ၊ တ,ထ,ဒ,ဓ,န ငါးလုံးမှ တစ်လုံး ကောက်လိုက်လျှင် **ထ–ထုံးဖြစ်သည်။**

"**ဗ**"**အက္ခရာ၊** နံမှာ ကြာသပတေး၊ သက်ရှိအရင်း သက်မဲ့အဖျားဖြစ်၍ ပ,ဖ,ဗ,ဘ,မ ငါးလုံးမှာ တစ်လုံးကောက်လျှင် **ပ–သဲဆပ်ပြာ** ဖြစ်သည်။

"**ဝ**"**အက္ခရာ၊** နံမှာ ဗုဒ္ဓဟူး၊ ယ,ရ,လ,ဝ,ဠ ငါးလုံးမှ တစ်လုံး ကောက်လိုက်လျှင် **ယ–ယမ်း**ဖြစ်သည်။

ဆေးလေးမျိုးတော့ ရပါပြီ။ အလေး အချိန်အဆသိရန် လိုအပ်ပါသည်။ အချိုးအဆက ဆတူ ထည့်ရမည်လော (သို့မဟုတ်) သူ့အချိုးနှင့် ထည့်ရမည်လော သိဖို့ရန် လိုပြီပေါ့။

* * *

| | | | | |
|---|---|---|---|---|
| ဆား | — | အင်္ဂါနံ၊ ဂြိုဟ်သက်အားဖြင့် | (၈)ဖြစ်သဖြင့် | (၈)ဆ |
| ထုံး | — | စနေနံ၊ ဂြိုဟ်သက်အားဖြင့် | (၁၀)ဖြစ်သဖြင့် | (၁၀)ဆ |
| သဲဆပ်ပြာ | — | ကြာသပတေးနံ၊ ဂြိုဟ်သက်အားဖြင့် | (၁၉)ဖြစ်သဖြင့် | (၁၉)ဆ |
| ယမ်း | — | ဗုဒ္ဓဟူးနံ၊ ဂြိုဟ်သက်အားဖြင့် | (၁၇)ဖြစ်သဖြင့် | (၁၇)ဆ |

စုစုပေါင်းလိုက်တော့ (၅၄)ဆဖြစ်သည်။




ယင်းဆေးလေးမျိုး ရေဖျော်ပြီး ကြည်အောင်စစ်၊ မြေအိုးသစ်နှင့် ခန်းအောင်ချက်ပါ။ ချက်ပြီးသောဆားကို ရောက်ရည်၊ **သံပရာရည်၊ ပျားရည်**နှင့် သင့်သလို လျက်ရပါသည်။ လေထိုးလေအောင့် လေနာမှစ၍ အားလုံးကောင်းပါသည်။

**အချဉ်နှင့်မတည့်သည့် အစာအိမ်သမားများအဖို့ ဆေးရည်သက်သက် သောက်သုံး၍ ရပါသည်။ ထန်းမြိုက်ကို ပြာပြု၍ အရည်ကြည်ကို သားရောက်ပြီး အထက်ပါ ဆေးမည်တွင်ရောပါက ပိုကောင်းမွန်ကြောင်း တွေ့ရပါမည်။**

စုစုပေါင်း(၅၄)သည် စတုပညာသ ဖြစ်ပေသည်။ (၅၄)ဖြစ်သဖြင့် **(၅+၄=၉)** နဝင်းဓာတ်ဖြစ်သည်။ သာသနာတွင်းမှာ ရတနာသုံးပါးမှီ၍ ချမ်းသာစိမ့်သောငှာ စာလုံးများကို **ဗိန္ဒုသာရဆရာနှင့် ထားတော်မူခဲ့သည်။** ထိုမှ လောကပဏ္ဍိဆရာ



www.burmeseclassic.com

www.burmeseclassic.com

ရရှိသဖြင့် (၆၄)ဂါထာဖွဲ့သည်။ တစ်ဆင့် **လောကဝိဇ္ဇာဓိုရ်ဆရာ** ရရှိ၍ အရင်းတည်ကာ **ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဓာတ်** ဖွဲ့ပြီးမှ...

၁။ စတုသချာ
၂။ ဝိဇ္ဇာနာဂ
၃။ ဝိဇ္ဇာသုတ
၄။ လောကဝိဇ္ဇာ
၅။ လောကပဏ္ဍိတ

ဆရာတို့သည် နေ့သင့်နံသင့် ဆေးမြစ်၊ ဆေးဥ၊ ဆေးခေါက်၊ ဆေးရွက်တို့ကို စီရင်သည့် အဆို ရှိ၏။

ထိုအတူ နံသင့်ကောက်ထားခြင်းဖြင့် စတုပညာသဆေး ပေါ်ပေါက်လာသည်။ လောကတွင် ရှိသမျှ ဆေး၊ အင်း၊ စမ၊ ဗေဒင် အစရှိသည်တို့ နဝင်းဖမ်းပါမှ၊ **နဝင်းကျေမှ အစွမ်းထက်သည်။** (၁၀၈)ကွက် ဗုဒ္ဓစက်ဖြစ်သည်။ **၁+၀+၈ = ၉** နဝင်းဖြစ်သည်။

သည့်အတွက် နဝင်းသည် လောကကို ကြီးစိုးသည်။ လောကလူသားအားလုံးကိုလည်း ကြီးစိုးသည်။ နဝင်းကျေ ဆေးနည်းသည်လည်း ဓာတ်လေးပါးမှ ထုတ်နုတ်သည်။

နဝင်းကျေဆေးနည်း(ခေါ်) စတုပညာသဆေးသည် ကမ္ဘာမြေပြင်ရှိ လူသားအားလုံးအတွက် အကျိုးရှိနိုင်မည်။ ထိရောက်နိုင်မည်ဟု စာရေးသူ ယုံကြည်မိသည်။

ဘယ်လိုကြောင့်လဲ မေးစရာရှိသည်။ လူဆိုသည်မှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဓာတ်လေးပါးဖြင့် ဖွဲ့စည်းထားရကား မူလဓာတ်(၄)ပါးမှ တစ်ပါးပါး ချွတ်ယွင်းပျက်စီးသည်နှင့် ဆက်လက်ရပ်တည်နေနိုင်မည်မဟုတ်။

သည့်အတွက်ကြောင့် စ–ဓ–ဗ–ဝ ဟူသော စမလေးလုံးမှ ထုတ်နုတ်ဖော်စပ်ထားသောဆေးလေးဖြာသည် အများဝေနေယျာအတွက် ထက်မြက်ထိရောက်သော အသက်ကယ်ဆေးဖြစ်သည်။

ဆေးလှူဒါန်းခြင်းသည် အလွန်မြတ်သည်ဟူ၍ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောမြွက် မိန့်ကြားချက်ရှိပါသဖြင့် **"အသက်ဆက်၊ အသက်ကယ်ဆေးတစ်လက်"** ကို လူမျိုးမရွေး၊ ဘာသာမရွေးဖော်စပ်မှီဝဲသင့်ပါကြောင်းစေတနာကောင်းဖြင့် ထုတ်ဖော်တင်ပြအပ်ပါသည်။

*သတ္တဝါအများ*
*ချမ်းသာကိုယ်စိတ် မြဲကြပါစေ*

**မောင်ရည်ပန်**

---

စာမျက်နှာ (၉၅)မှ အဆက်

ဒီဇင်ဘာလတွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဆုကြီးများနှင့် နီးစပ်ကံထူးနိုင်ကြစေရန် ၂, ၈, ၉, ၀ ဂဏန်းခြေများကို **ခ, ဓ, မ, ဟ** အက္ခရာများဖြင့် တွဲဖက်ကံစမ်းသင့်ပါသည်။

ဂဏန်းတူ အံပူးအထပ်များကို နှစ်သက်ပါက ယင်းဂဏန်း(၄)လုံး ပူးထပ်ပါဝင်သော ထီလက်မှတ်ကို ရွေးချယ်ပါ။—

---

မိမိတို့ မွေးလရာသီအရ ကံအခွင့်အလမ်းများ

---

* * *

**ဥပမာ ။ ။ မိန်ရာသီဖွား(ဖေဖော်ဝါရီလ ၁၉–ရက်မှ မတ်လ ၂၀–ရက်အတွင်း မွေးသူ)တို့သည်** (၃)ဂဏန်း၊ ပန်းရောင်၊ ဓောင်အရပ်၊ ခါးသောအရသာ၊ သန္တာကျောက်တို့က ကံလာဘ် ပွင့်လင်းစေပါမည်။

**ထီစပ်တူ ထိုးလိုလျှင်** သောကြာသားသမီးတို့နှင့် စပ်ဟပ်ပါ။ တနင်္ဂနွေသားသမီးတို့နှင့် စပ်တူထိုးခြင်းကို ရှောင်သင့်သည်။

·**ထီလက်မှတ် အရောင်းဆိုင်ဓာည်နေရာအရ ရွေးချယ်လိုပါက** စက်ဘီး,ကား စသည်ဖြင့် လှည့်လည်ရောင်းချသော ရွေ့လျားထီဆိုင်များ၊ အားကစား... ကစားကွင်းများအနီး ရောင်းချသောဆိုင်၊ အမျိုးသ... များ ဦးစီးရောင်းချသောဆိုင်၊ မျက်နှာတွင် အဖြူရော... အားကောင်းစွာ ခြယ်သထားသော ဆိုင်တို့က ဆုကြီး... များနှင့် နီးစပ်နိုင်ကြပါသည်။

**ဤလတွင် ထီကံကောင်းသူတို့မှာ** စနေသားသ... များ ဖြစ်ကြလေသည်။

**ထီကံပွင့်ယတြာ ပြုလိုပါက** အစိမ်း ဆောင်ပ... အဖြူ နှင်းကြမ်း ပြုပါ။

ဆိုလိုသည်ကား ခေါင်းဆောင်း,ဦးထုပ်,ထီး... ခေါင်းစည်း,ပဝါ,ကလစ် စသည်တို့တွင် အစိမ်းရော... ပါဝင်စေလျက် ဖိနပ်,ထဘီ,ပုဆိုး,စကာတ်,ဘောင်း... စသည်တို့တွင် အဖြူရောင် ပါဝင်စေရန် ဖြစ်သည်...

အတိတ်ကံဆိုး ပိတ်ဆို့တားဆီးမှုများ လွင့်ပြယ်... ကံကြမ္မာပွင့်လင်းကာ လာဘ်လာဘများ ဝေ... သွက်လက်စေပါလိမ့်မည်။

*ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ။*


ထက်မင်းကျော်စွာ




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ





ဆုကြီးများ ဆွတ်ခူးနိုင်ဖို့

ထက်မြင့်ကျော်စွာ

| မွေးလ | ဂဏန်း | အရောင် | အရပ် | လာဘ်ပွင့်နေ့ | အရသာ | ကျောက်မျက် | စပ်တူထိုးရန် | ရှောင်ရန် |
|---|---|---|---|---|---|---|---|---|
| မိဿရာသီဖွား မတ်(၂၁) မှ ဧပြီ(၂၀) | ၉ | ဖြူ | အနောက်မြောက် | အင်္ဂါ | ငန် | ကြောင် | ဗုဒ္ဓဟူး သားသမီး | ကြာသပတေး သားသမီး |
| ပြိဿရာသီဖွား ဧပြီ(၂၁) မှ မေ(၂၀) | ၇ | နက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး သားသမီး | သောကြာ သားသမီး |
| မေထုန်ရာသီဖွား မေ(၂၁) မှ ဇွန်(၂၀) | ၀ | နက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး သားသမီး | သောကြာ သားသမီး |
| ကရကဋ်ရာသီဖွား ဇွန်(၂၁) မှ ဇူလိုင်(၂၁) | ၅ | ဝါ | အရှေ့မြောက် | ဗုဒ္ဓဟူး | ချို | ဥဿဖရား | တနင်္ဂနွေ သားသမီး | တနင်္လာ သားသမီး |
| သိဟ်ရာသီဖွား ဇူလိုင်(၂၂) မှ ဩဂုတ်(၂၁) | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ သားသမီး | တနင်္ဂနွေ သားသမီး |
| ကန်ရာသီဖွား ဩဂုတ်(၂၂) မှ စက်တင်ဘာ(၂၁) | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | ဇိန် | အင်္ဂါသားသမီး | စနေသားသမီး |
| တူရာသီဖွား စက်တင်ဘာ(၂၂) မှ အောက်တိုဘာ(၂၂) | ၈ | မြောက်ကျား | အနောက်တောင် | ကြာသပတေး | ပုပ်သိုး | ဂေါမိတ် | စနေသားသမီး | ဗုဒ္ဓဟူး သားသမီး |
| ဗြိစ္ဆာရာသီဖွား အောက်တိုဘာ(၂၃) မှ နိုဝင်ဘာ(၂၁) | ၂ | ဖြူ | အနောက်မြောက် | အင်္ဂါ | ငန် | ပုလဲ | ဗုဒ္ဓဟူး သားသမီး | ကြာသပတေး သားသမီး |
| ဓနုရာသီဖွား နိုဝင်ဘာ(၂၂) မှ ဒီဇင်ဘာ(၂၁) | ၁ | နီ | အရှေ့ | ဗုဒ္ဓဟူး | စပ် | ပတ္တမြား | ကြာသပတေး သားသမီး | အင်္ဂါသားသမီး |
| မကာရရာသီဖွား ဒီဇင်ဘာ(၂၁) မှ ဇန်နဝါရီ(၁၉) | ၄ | စိမ်း | မြောက် | တနင်္ဂနွေ | ရောနှော | မြ | တနင်္လာ သားသမီး | ဗုဒ္ဓဟူး သားသမီး |
| ကုံရာသီဖွား ဇန်နဝါရီ(၂၀) မှ ဖေဖော်ဝါရီ(၁၈) | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | ဇိန် | အင်္ဂါသားသမီး | စနေသားသမီး |
| မိန်ရာသီဖွား ဖေဖော်ဝါရီ(၁၉) မှ မတ်(၂၀) | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ သားသမီး | တနင်္ဂနွေ သားသမီး |

 (စာမျက်နှာ (၉၄) သို့)

www.burmeseclassic.com



မှတ်ပုံတင် - ၀၁၁၄ ၇ ၀၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တဆထလတိုး (၁၃၁၂)

## နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်




" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး**သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင် ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ် ... ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်း... မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း ... အင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ ... တယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရ... မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုး ... ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီး... အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်... တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကို... မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါ... ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ... ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်း... သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်... မျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိ...

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်...**

အမှတ်-(၅၂/၁၅၆)မဟာဗန္ဓုလလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉၊ ၀၉-၅၁၀၀၆၁၂

**ကြော်ငြာ မောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com

အဘဘိုးမင်းခေါင်ကိုယ်တိုင် တည်တော်မူခဲ့သော

# ကပ်ကျော်ဘုရားစေတီတော်

ဥ(၈)၈၀ဝင်
(စက်မှုလက်ယာ၊
ဟိုပင်မြို့)

'မိုးညှင်းမြို့နယ်၊ နန်းမားကျေးရွာမှာ အဘဘိုးမင်းခေါင်တည်တဲ့ ကပ်ကျော်ဘုရားရှိတယ်။ ဖူးဖြစ်အောင်သွားဖူးကြ'

စာရေးသူမှာ ဟိုပင်မှ မိုးညှင်းသို့ မကြာခဏ ရောက် ဖြစ်သော်လည်း ကပ်ကျော်ဘုရားရှိရာ နန်းမားကျေးရွာသို့ မရောက်ဖြစ်ခဲ့။ ယခု တစ်ခေါက် မိုးညှင်းသို့ သွားသောအခါမှ မိုးညှင်းမြို့နယ်၊ နန်းမားကျေးရွာရှိ အဘဘိုးမင်းခေါင် ကိုယ်တိုင် တည်တော်မူခဲ့သော ကပ်ကျော်ဘုရားသို့ သွားရောက် ဖူးမြော်ကြည်ညိုခဲ့ရပေသည်။

ထိုရွာလေးမှာ ဗုဒ္ဓဘာသာ ရှမ်းတိုင်းရင်းသားများ နေထိုင်ကြသည်။

ထိုကပ်ကျော်ဘုရားမှာ မီးရထားသံလမ်းနှင့် မဝေး၍ရှိရာ ရထားဖြင့် ခရီးသွားသောအခါ အဝေးမှသာ ဖူးတွေ့ရသော်လည်း အနီးသို့ ဖူးခွင့် မသာသေး၍ အားရအောင် ဖူးမြော်ကြည်ညိုခဲ့ရခြင်း မရှိ။

ယခုလို ကပ်ကျော်ဘုရားသို့ ကိုယ်တိုင်သွားရောက်မှ အတွင်းရှိဘုရားနှင့် စေတီတော်များကို အားရအောင် ဖူးမြော်ကြည်ညိုရ၍ ကုသိုလ်တရားပွားများရပေသည်။

ကပ်ကျော်ဘုရား၌ ကျောက်စာ ရေးထိုးထားပြီး ကျောက်စာပါစာများမှ...



◆ အဘဘိုးမင်းခေါင်ကိုယ်တိုင်တည်ခဲ့သော ကပ်ကျော်ဘုရား

**ကပ်ကျော်ဘုရား မာတ်ပေါင်းစု စေတီတော်**

ကပ်ကျော်ဘုရားမာတ်ပေါင်းစု စေတီတော်အား ၁၂၈၀ ပြည့်နှစ်၌ အဘဘိုးမင်းခေါင်ကိုယ်တိုင် တည်ထားကိုးကွယ်ခဲ့ပါသည်။ ၁၃၄၂ ခုနှစ်မှ စ၍ လက်ရှိ သာသနာ့အကျိုးတော်ဆောင် ဆရာ ဦးအောင်ကျော်သိန်းနှင့် ရပ်ဝေးရပ်နီး အလှူရှင်များအတွက် နန်းမား ခရချောင်းဂေါပကအဖွဲ့မှ စီစဉ်ကွပ်ကဲ၍ ရွှေထီးတော်



www.burmeseclassic.com

www.burmeseclassic.com



◆ ကပ်ကျော်ဖူးဘုရား အတွင်းရှိ ဘုရားခန်း



ရွှေသက်န်းတော်များ၊ ရင်ပြင်တော် ကျောက်ပြားများ၊ မီးစက်များနှင့် ဓမ္မာရုံတို့အား ဆက်လက်ထိန်းသိမ်း ပူဇော်လျက်ရှိသည်' ဟူ၍ တွေ့ရှိ မှတ်သားရပေသည်။

အဘဘိုးမင်းခေါင် ဆင်စီးသော တန်ဆောင်းတွင် အဘဘိုးမင်းခေါင်၏ ဆုံးမစာများအနက် လိုက်နာနေထိုင်ရန်နှင့် သိနားလည်ရန်များကိုလည်း ချိတ်ဆွဲထားသည်။

<u>လိုက်နာနေထိုင်ရန်</u>

တောက်တဲ့လို မအော်နဲ့။
မသေရုံစား မအားရုံနေ။
အထက်ဟာ နေ့ပြီး အောက်ဟာ လုံအောင်ဖုံး။

<u>သိနားလည်ရန်</u>

လူပြောမသန့်၊ လူသန့်မပြော။



◆ အဘဘိုးမင်းခေါင် ဆင်စီးနေပုံ

◆ အဘဘိုးမင်းခေါင် ကျောက်လုံးပေါ် ထိုင်တော်မူဟန်

တားပြတ်မပြောင်၊ တားပြောင်မပြတ်။
ဝိဇ္ဇာဆိုတာ
မယုံကြည်ရင် အလကား
ယုံကြည်ရင် ပတ္တမြား
မသိသူ ကျော်သွား
သိသူ ဖော်စား

(အဘဘိုးမင်း…

ဟူ၍ သိရှိမှတ်သားခဲ့ရပေသည်။

ထိုကပ်ကျော်ဖူးဘုရားအား ရွှေသင်္ကန်း ကပ်… ဓာတ်ပုံမှတ်တမ်းရိုက်ကူးရာတွင် အဘကိုယ်… လာရောက်၍ ဘုရားဖူးပုံကို ဓာတ်ပုံ၌ တွေ့ရှိ… ထိုဓာတ်ပုံအား ကပ်ကျော်ဖူးဘုရားရှိ ဘုရား… ပူဇော်ထားရှိပြီး စာရေးသူမှာ ဓာတ်ပုံ အခက်အခဲ… ထို ပုံအား တင်ပြနိုင်ခြင်းမရှိပေ။ စာရှုသူကသိလို… ကပ်ကျော်ဖူးဘုရားသို့ ကိုယ်တိုင်ကိုယ်ကျ သွား…





www.burmeseclassic.com

www.burmeseclassic.com



◆ အဘဘိုးဘိုးအောင်၊ ဆရာတော် အဘဘိုးမင်းခေါင်

◆ အဘဘိုးမင်းခေါင်



ဖူးတွေ့နိုင်ပါလိမ့်မည်။ ထိုကပ်ကျော်ဘုရား ...သခုအခါ အဘဘိုးမင်းခေါင်နှင့် အဘ၏ ပဋ္ဌာန်း ...များ လာရောက်တည်ထားသည့် စေတီတော် ... တန်ဆောင်းများဖြင့် ကြည်ညိုစဖွယ်တင့်တယ် ...သည်။

...ဘိုးမင်းခေါင် ကမ္ဘာလုံးပေါ်တွင် ထိုင်နေတော်မူပုံ ...ည်း လက်ရာမြောက်လှပေသည်။ အဘမှာ မြန်မာ ...မက တစ်ကမ္ဘာလုံး အေးချမ်းစေရန်အတွက် ...၍ တည်ထားတော်မူသည့် "ကပ်ကျော်



◆ ကပ်ကျော်ဘုရား အဝင်မုခ်ဦး

ဘုရား"အား ကိုယ်တိုင်ကိုယ်ကျ လာရောက် ဖူးမြော်ရင်း ကုသိုလ်တရားပွားများနိုင်စေရန် အတွက် နိဗ္ဗာန်အကျိုးကို မျှော်၍ နှိုးဆော်လိုက် ပေသည်။

ထို့အတူ "ကပ်ကျော်ဘုရား"ဟု ဆိုသည့် အတိုင်း မိမိတို့တွင် မကောင်းသော ဘေးဒုက္ခများ ကျရောက်နေပါကလည်း ထိုဒုက္ခဆိုးများမှ ကင်း လွတ်စေနိုင်သဖြင့် ကပ်ကျော်ဘုရားသို့ ဦးခိုက်ဖူးမြော်ရင်း ကုသိုလ်စေတနာ တရားပွား များကြတာ မကောင်းသော ဘေးဒုက္ခများ ကင်း စေ၍ ကောင်းသောကံ၊ ကောင်းသော အတိတ် နိမိတ်များ ကျရောက်ပါစေဟု ဆုတောင်းမေတ္တာ ပို့သကာ ကုသိုလ်အကျိုးမျှော်၍ ရေးသား တင်ပြလိုက်ရ ပေသည်။

**ခင်ဇာဇာဝင်း**
***(စက်မှုလက်ယာ၊ ဟိုပင်မြို့)***



www.burmeseclassic.com

www.burmeseclassic.com

# နှိုင်းယှဉ်လေ့လာ အဖြေရှာ

သရက်ကြီးဦးအောင်မြင့်
(ဥပဒေအဖွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ပုံစံ(၁) ညာလက်ဖဝါး




လက္ခဏာပညာကို သုတေသန ပြုတဲ့အခါ လက်ဖဝါးပြင်ပုံစံတွေ နှိုင်းယှဉ်ပြီး အဲဒီ ပုံစံ တစ်ခုနဲ့တစ်ခု တိုက်ဆိုင်စစ်ဆေးရပါတယ်။

နှိုင်းယှဉ်လေ့လာ အဖြေရှာခြင်း ကြောင့် အဖြေမှန်ကို တိတိကျကျ သိရှိရနိုင်ပါတယ်။

လက္ခဏာဟောတဲ့အခါမှာ အမှန်ဆုံးကို အမြန်ဆုံး ဟောပြောနိုင်တာက လက္ခဏာပညာ ဖြစ်ကြောင်း စာဖတ်သူများကိုယ်တိုင် သိရှိနိုင်စေဖို့ စီစဉ်ပေးလိုက်ပါ တယ်ဗျာ။

**ပုံစံ(၁) လက်ဖဝါးပုံစံနဲ့ ပုံစံ(၂) လက်ဖဝါးပုံစံတို့ဟာ** အိမ်ထောင်ကျပြီးသား အမျိုးသမီး(၂)ဦး ဖြစ်ကြပါတယ်။

**ပုံစံ(၁)လက္ခဏာရှင်** အမျိုးသမီးရဲ့ အသက်က (၃၀)ခန့်ရှိပြီ။ **ပုံစံ(၂) လက္ခဏာရှင်** အမျိုးသမီးရဲ့ အသက်ကတော့ (၅၀)ခန့်ရှိပြီ။ သူတို့(၂)ဦးရဲ့ ကံကြမ္မာကို သာမန်လူ



www.burmeseclassic.com

www.burmeseclassic.com

တွေ ခွဲခြားသိဖို့ မလွယ်ကူပါဘူး။

ကံကြမ္မာဖတ် ပညာရပ် တစ်ခုခုကို တတ်မြောက်ထားသူမှသာ ခွဲခြား သိရှိနိုင်လိမ့်မယ်။

ကံကြမ္မာဖတ် ပညာရပ် အမျိုးမျိုး ရှိတဲ့အနက် လက်တွေ့ နယ်ပယ်မှာ အသုံးများတာကတော့ အကြားအမြင်၊ ဗေဒင်၊ လက္ခဏာ ဆိုတဲ့ ပညာရပ်(၃)မျိုး ဖြစ်ကြပါတယ်။

ကျွန်ုပ်အနေနဲ့ လက္ခဏာပညာ ရှုထောင့်ကနေပြီး ကံကြမ္မာဖတ်ခြင်းကို တင်ပြပေးပါမယ်။

ဒီပညာရပ်အပေါ် အခြေခံပြီး မိမိတို့ရဲ့ သားသမီးမြေးမြစ်တွေ၊ ဆွေမျိုးမိတ်ဆွေတွေရဲ့ ကံကြမ္မာကို ကြိုတင်သိရှိ ပြုပြင်ပေးနိုင်ကြပါစေ။

**ပုံစံ(၁)လက်ဖဝါးပြင်က နှလုံးလမ်းကြောင်းကို** သေချာကြည့်ပါ။ ပုံသဏ္ဍာန် မမှန်ဘူးဆိုတာ အလွယ်တကူ မြင်တွေ့ရမှာပါ။

နှလုံးလမ်းကြောင်း ပထမတစ်ပိုင်းဟာ လက်ညှိုးရင်းမှာ အဖျားပိုင်း ရှိနေပြီး အရင်းပိုင်းက လက်သူကြွယ် အောက်နေရာမှာ ပြတ်တောက်နေတယ်။ **“က” အက္ခရာနဲ့** ညွှန်ပြထားပါတယ်။ **ကျွန်းသဏ္ဍာန်ငယ် တစ်ခုတောင် ရှိပါတယ်။**




ပုံစံ(၂) ညာလက်ဖဝါး

နှလုံးလမ်းကြောင်း နောက်တစ်ပိုင်းကတော့ လက်သန်းအောက် လက်ဖဝါးစောင်းမှ ထွက်ရိုးချက်စဉ်အတိုင်းပဲ ထွက်လာပေမယ့် နှလုံးလမ်းကြောင်း အဖျားပိုင်းကတော့ အပေါ်ကိုတော့ တက်ရမယ့်အစား ဦးခေါင်းလမ်းအဖျားနဲ့ အသက်လမ်းအဖျား ပူးနေတဲ့ နေရာကို အောက်စိုက် ထိုးဆင်းထိဖြတ်ပြီး အင်္ဂါဂြိုဟ်ခုံထဲ ဝင်ရောက်နေတာတွေ့မြင်ရပါတယ်။

အဲဒီ နှလုံးလမ်းကြောင်းမျိုးဟာ အလွန်ကံဆိုးစေတတ်တဲ့ အိမ်ထောင်ရေးကံကြမ္မာကို ဖန်တီးတတ်ပါတယ်။ လမ်းကြောင်း အဖျားတွေ ပူးပေါင်းတဲ့ နေရာဝန်းကျင်မှာလဲ ကျွန်းသဏ္ဍာန်ငယ်တွေ ရှိနေတယ်။ **“ခ” အက္ခရာနဲ့** ညွှန်ပြထားပါတယ်။

* * *

www.burmeseclassic.com





ယခုလို အမှတ်အသားမျိုးကို မိန်းမပျိုတစ်ဦးဦးရဲ့ ညာလက်ဖဝါးမှာ တွေ့မြင်ရမယ်ဆိုရင် သူမရဲ့ ခင်ပွန်းဟာ စောစောစီးစီး ကွယ်လွန်ပြီး အသက်ငယ်ငယ်နဲ့ မုဆိုးမဘဝ ရောက်ရတတ်တာမို့ အိမ်ထောင်မပြုသင့်သူ ဖြစ်ပါတယ်။

သူမကို အပျိုကြီးဘဝနဲ့သာ နေထိုင်သွားဖို့ဖြစ်စေ၊ သီလရှင်ဝတ်ဖို့ဖြစ်စေ မိဘအုပ်ထိန်းသူများက အကျိုးအကြောင်း ရှင်းပြပြီး တိုက်တွန်းသင့်ပါတယ်။

**ပုံစံ(၂)လက်ဖဝါးပြင်က** နလုံးလမ်းကြောင်းကို ကြည့်ပါ။

လက်သန်းရင်း အောက်ခြေလက်ဖဝါးစောင်းဘက်က ပုံမှန်အတိုင်း စတင် ထွက်ပေါ်လာတဲ့ နလုံးလမ်းကြောင်းဟာ အပေါ်ဘက်ကို ကွေးဝိုက်တက်သွားပြီး လက်ညိုးနဲ့ လက်ခလယ်ကြားမှာ နလုံးလမ်းကြောင်းအဖျား ကြာဖူးပုံနဲ့ လုလုပပ အဆုံးသတ်နေတာကို တွေ့မြင်ရပါတယ်။ **"ဂ"အက္ခရာ**နဲ့ ညွှန်ပြထားပါတယ်။

* * *





**ဒီလို အမှတ်အသားမျိုးကို မိန်းမပျိုတစ်ဦးရဲ့ ညာလက်ဖဝါးပြင်မှာ တွေ့မြင်ရမယ်ဆိုရင် အိမ်ထောင်ရေး သာယာပျော်ရွှင်ခိုင်မြဲမယ်၊ ဆုံမြဲသွားကြွေ အိုမင်းသည်အထိ ရာသက်ပန် ပေါင်းသင်းရမယ်လို့ သိရှိနိုင်ပါတယ်။**

**"သမီးကညာ ရှယ်ရောက်လာ ချိန်ခါမလင့်စေနှင့်မင်း"** ဆိုတဲ့ ဆုံးမစာလင်္ကာအတိုင်း အိမ်ထောင်ပြုသင့်တဲ့ အသက်ပိုင်းကို တွက်စစ်ပြီး သင့်လျော်ရာ အမျိုးသား လူပျိုနဲ့ အိမ်ထောင်ချပေးသင့်ပါတယ်။

**ပုံစံ(၂) နလုံးလမ်းကြောင်းပေါ်** လက်သူကြွယ်အောက်မှာ တြိဂံပုံနဲ့ အစပြုပြီး လက်သူကြွယ်ရင်းမှာ ကြာဖူးပုံနဲ့ ဆုံးထားတဲ့ သရဖူ သင်္ကေတကိုလဲ အထင်အရှား တွေ့မြင်ရတယ်။ **"ယ"အက္ခရာ**နဲ့ ညွှန်ပြထားပါတယ်။

* * *




**အဲဒီသင်္ကေတဟာ အိမ်ထောင်ကျပြီးရင် အလုပ်အကိုင် စီးပွားရေးတွေ အလွန်အောင်မြင် တိုးတက်ချမ်းသာကြီးပွား ဂုဏ်သိက္ခာမြင့်မား ဖြစ်ရပါမယ်။**

မကောင်းမြစ်တာ ကောင်းရာညွှန်လတ်
အတတ်ယင်ဖြေ ပေးဆေနီးရင်း
ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်
ဖခင်မယ်တို့တာ။ ။

ဆိုတဲ့ မိဘကျင့်ဝတ်များအတိုင်း သားသမီးတို့ကို ထိမ်းမြားလက်ထပ် ပေးဖို့အတွက် ဆုံးဖြတ်ရာမှာ သား သမီးတို့ရဲ့ ဘဝရှေ့ရေး ရင်အေး ဖို့ ယခု လက္ခဏာဆောင်းပါးက တစ်စိတ်တစ်ပိုင်း ကူညီပံ့ပိုးပေးနိုင် တယ်ဆိုရင် စာရေးသူ ကျေနပ် ကာသိုလ်ရပါပြီဗျာ။

မှတ်ချက်

**ပုံစံ(၁) ညာလက်ဖဝါးပိုင်ရှင် အမျိုးသမီးမှာ** အသက်(၃၀) တွင် ခင်ပွန်းကွယ်လွန်ပြီး မုဆိုး ဘဝ ရောက်ခဲ့ရသည်။ သားသမီး (၃)ဦး ကျန်ရှိသည်။ သားသမီး နောင်ရေးကောင်းဖို့ စီးပွား ဦးဆောင်ကြိုးစား ရုန်းကန်နေရ ဖြစ်သည်။

**ပုံစံ(၂) ညာလက်ဖဝါးပိုင်ရှင် အမျိုးသမီးမှာလည်း** သားသမီး (၃)ဦး ရှိပါသည်။ စိတ်သဘော ကောင်းပြီး စီးပွားအရာ သော ခင်ပွန်းသည်နှင့် ကျန်းမာ စိတ်ချမ်းသာ မိသား ပျော်ပျော်ရွှင်ရွှင် အတူ ပေါင်းသင်းလျက် ရှိသည်။

သူဌေး အခေါ်ခံရလောက် စည်းစိမ်ချမ်းသာ ပြည့်စုံပါသ

***အောင်မြင်ကျော်ကြား ချမ်း ကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြင့်**
***(ဉပဒေဘွဲ့)***
**လက္ခဏာဗေဒင်ပညာသု**



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် နံနက်မိုးလင်း အိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော...၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော... စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို ကြိုတင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်သူ သတ်ကြီးအား ဤနေ့ ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသော လုပ်ငန်းဆောင်တာများ ကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း။ ဒုက္ခသနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေးနေပါ။ အရေးကြီးသော လုပ်ငန်းတွေ ဘာမှ မလုပ်မိပါစေနဲ့...ဟု ထိထိရောက်ရောက် အနီးကပ် ကူညီပံ့ပိုး အကြံပေးလို၍ တစ်ဦးစီ တစ်ဦးစီ၏ ကိုယ်ပိုင် ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသောနေ့ရက်များကို သေချာဂန သိရှိစေရန် စေတနာရှေ့ထား လက်ဆောင်အဖြစ် ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

* * * ⟶

အောက်ပါပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့ရက်တွင် လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကို မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ မွေးနေ့မွေးရက်နှင့် တွက်လိုသောနေ့၏ စိုးမိုးဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်းကျန်အောင်ပေါင်းပါ။

## ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအတွက်

# နေ့ကောင်းရက်သာ ရွေးချယ်ပါ

**ဥပမာ။ ။ အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။**

**ဒီဇင်ဘာလ(၃)ရက်နေ့**ကို တွက်လိုသည် ဆိုပါစို့။ (၃)ရက်နေ့၏ စိုးမိုးဂဏန်းမှာ (၇)ဟု တွေ့ရပေလိမ့်မည်။ ယင်းမွေးရက် (၂၃)နှင့်ပေါင်းလျှင် (၃၀) ရ၏။ ယင်း(၃၀)ကို တစ်လုံးတည်းဖြစ်အောင်ပေါင်းလျှင် ၃ + ၀ = ၃ ရ၏။ ထို့ကြောင့် ထိုသူအတွက် **ဒီဇင်ဘာလ (၃)ရက်နေ့တွင် (၃)ဂဏန်း**ကြီးစိုးနေ၏။

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ရခြင်း၊ တီထွင်ဖန်တီးရခြင်းများ ကြုံရတတ်၏။

၂-ဂဏန်း ကြီးစိုးသောနေ့တွင် တောင်းထားသော အကူအညီများရရှိခြင်း၊ မိမိက အကူအညီ ပေးရခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ၊ စိတ်ညစ်စရာများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာများ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွှမ်းမောတသဖွယ် အဖြစ်အပျက်များ၊ တိုးလိုးတန်းလန်းဖြစ်ရခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်းအံ့ဩဖွယ်များ၊ မထင်မှတ်သော ဖြစ်ရပ်များ ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက်ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေး၊ ပညာရေး၊ ဆရာသမားနှင့် ပတ်သက်သော ကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေအနေနှင့် **၄၊ ၈၊ ၆ ဂဏန်း**ရသော ရက်များကို သတိပြု ရှောင်ကြဉ်သင့်ပါသည်။ အကောင်းဆုံးမှာ **၃၊ ၅** ဂဏန်းရသော ရက်များပင် ဖြစ်ပါသည်။ ဒုတိယ အကောင်းဆုံးမှာမူ ၁၊ ၂၊ ၇၊ **၉ ဂဏန်း**ရသော ရက်များပင် ဖြစ်ပေတော့သတည်း။

***မကောင်းရက်ရှောင်၊ ကောင်းရက်ဆောင်ကာ မြားမြောင်ကိစ္စ ဆောင်ရွက်ကြလျှင် ဆန္ဒပြည့်ဝ လုလုံးလျာကာ လောကအလယ် ဂုဏ်ဝင့်ကြွယ်သည် လောကီပညာ အ.ဘျိုးတည်း။***

***ကောင်းမှုအကြောင်းပြု တောင်းဆုပြည့်ပါစေ။***

**သုခစုစံ(ကျိုက်လတ်)**

**✤ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ✤**

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| 31 ၈ | | | | | 1 ၅ | 2 ၆ |
| 3 ၇ | 4 ၈ | 5 ၉ | 6 ၁ | 7 ၂ | 8 ၃ | 9 ၄ |
| 10 ၅ | 11 ၆ | 12 ၇ | 13 ၈ | 14 ၉ | 15 ၁ | 16 ၂ |
| 17 ၃ | 18 ၄ | 19 ၅ | 20 ၆ | 21 ၇ | 22 ၈ | 23 ၉ |
| 24 ၁ | 25 ၂ | 26 ၃ | 27 ၄ | 28 ၅ | 29 ၆ | 30 ၇ |



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး




(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၁၁ YR ၀၀၆၀ ၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရွှေနေကြီး ဦးအောင်ဝင်းနိုင်တို့ကိုး။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဩော်... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း၊ လေဖြတ်၊ သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်၊လက်တုန်၊ လည်ပင်း၊ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွ… သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်… လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲ… ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေ… လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်… လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အ… ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေ… မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသား… ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူး… ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်… အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်… နည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်… သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်း… ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါ… ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွ… ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား… ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေး… ဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေး… ကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ… ကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ… အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်… နဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား… သမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စ… အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲ… အကြံပြုပါရစေ'

**ဆရာမြင့်**

**စကြာမင်းဆေးတိုက်**

အမှတ်-စ/၆၆၆၊ သုဝဏ္ဏလမ်းမကြီး၊ သုနန္ဒာမှတ်တိုင်အနီး…

မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၄၁

ဦးဇော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



တောကျယ် မြသပိတ်ရေပြာအိုင် အနီးကပ်မြင်ကွင်း

# တောကျယ် မြသပိတ်ရေပြာအိုင်သို့

နိုင်မင်းသိ

## အလည်တစ်ခေါက်

ပြည်နယ်တောင်ပိုင်း ဓနု င်းအုပ်ချုပ်ခွင့်ရ ဒေသတစ် ပင်းတယမြို့ ရွှေဥမင်လိုဏ်ဂူ ဘုရားကြီးရဲ့ နှစ်စဉ်ကျင်းပမြဲ တပေါင်းလပြည့်နေ့ ဗုဒ္ဓ ပွဲတော်ကြီးဆီ သွားရောက် ပြီး မိတ်ဆွေတစ်ဦး အဖော် င်းတာနဲ့ ရှမ်းမြို့နယ်ထဲက လတ်တလော အထူးနာမည်ကြီး ကျော်ကြားနေတဲ့ **တောကျယ် ကျေးရွာ မြသပိတ်ရေပြာအိုင်ဆီ** ကို ဆက်ပြီး အလည်ထွက်ဖြစ်ခဲ့ပါ တယ်။

ပင်းတယမြို့ အနောက်ဘက်ဆီ က လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု နဲ့ စီးပွားဖြစ်ထွန်းတဲ့ တောင်ပေါ်ကြီး ကျေးရွာကတစ်ဆင့် မဲနယ်တောင် တန်းကြီးကို မော်တော်ဆိုင်ကယ်နဲ့ ကျော်ဖြတ်လိုက်မယ်ဆိုရင်ကို တစ် နာရီအချိန်လောက် အတွင်းမှာပဲ **ရှောင်-မန္တလေး လမ်းမကြီး အနောက်ဘက် (၁)ကီလိုမီတာ အကွာအဝေးမှာရှိတဲ့ တောကျယ် မြသပိတ်ရေပြာအိုင်ဆီကို** ရောက်

www.burmeseclassic.com

ရှိသွားမှာ ဖြစ်ပါတယ်။

အဲဒီ ရှာင်မြို့နယ်ဆိုတာကလဲ ရှမ်းပြည်နယ်တောင်ပိုင်းရဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုပါ။ အခုနောက်ပိုင်း ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်တွေ အထူး စိတ်ဝင်တစားနဲ့ လာရောက်လည်ပတ်မှု ပိုမိုများပြားလာတဲ့ ဒေသတစ်ခုလဲ ဖြစ်ပါတယ်။

ကမ္ဘာလှည့် ခရီးသွားဧည့်သည်များက ကလော၊ အောင်ပန်း၊ ပင်းတယ၊ ကျုံးနဲ့ ရှာင် မန္တလေးသွားလမ်းမကို **အပျိုစင်လမ်း** (Virgin Road)နဲ့ ရှာင်မြို့နယ်တစ်ခုလုံးကို သဘာဝ အရင်းအမြစ်နဲ့ ပတ်ဝန်းကျင် ဂေဟစနစ်တွေ မပျက်မစီး တည်ရှိနေသေးတဲ့ **အပျိုစင်ဒေသ** (Location Is Virgin Region) အဖြစ် သတ်မှတ်ထားတယ်လို့ သိရတယ်။

ဒီနေရာမှာ သေချာလေ့လာကြည့်မိမှ ရှမ်းပြည်နယ်မှာရှိတဲ့ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်တွေ စိတ်ဝင်တစားနဲ့ အများဆုံး သွားရောက် လည်ပတ်တတ်တဲ့ မြို့နယ်အလိုက် ထင်ရှားကျော်ကြားတဲ့ နေရာကိုယ်စီရှိကြတဲ့အထဲမှာ ရှာင်မြို့နယ်မှာ သွားရောက် လည်ပတ်စရာတွေဟာ မီးခဲပြာဖုံးအဖြစ်နဲ့ မြောက်မြားစွာ တည်ရှိနေသေးတယ်ဆိုတာပါ။

မြို့နယ်တိုင်းမှာရှိတဲ့ ထင်ပေါ် ကျော်ကြား တန်ခိုးကြီးဘုရားများ၊ သဘာဝလိုဏ်ဂူတော်များ၊ ဂမ္ဘီရ ဆန်ဆန်နေရာများ၊ တောင်တက်



◆ တောကျွယ်ရွာဦးရှိ သဘာဝရေကန်ကြီး

◆ တောကျွယ်ကျေးရွာရှိ သဘာဝလိုဏ်ဂူတော်



ခရီးစဉ်များ၊ တိုင်းရင်းသားတို့ရဲ့ ဓလေ့ထုံးတမ်း အစဉ်အလာများနဲ့ ဘဝသက်မွေးမှုများ၊ ယဉ်ကျေးမှု အမွေအနှစ်များ များစွာရှိတာကို စာချစ်သူတို့ သိပြီးဖြစ်မှာပါ။

ဥပမာအဖြစ်နဲ့ ဖော်ပြရမယ်ဆိုရင်ဖြင့် **တောင်ကြီးမြို့နယ်မှာဆို** မြို့ကျက်သရေဆောင်စူဠာမုနိဘုရားကြီးအပါအဝင် ရွှေဘုန်းပွင့်တောင် ပေါ်ဘုရား၊ မြစိမ်းတောင်၊ ... ကက္ကူစေတီပေါင်းစုဘုရား... ဆန်း သဘာဝလိုဏ်ဂူတော်...

**ညောင်ရွှေမြို့နယ်မှာ**... ကြီး ဖောင်တော်ဦးဘုရား... ရှေးဟောင်း အမွေအနှစ်... **ကလောအောင်ပန်းဘက်**... ဘုရား၊ သဘာဝလိုဏ်... မြင်းမထိတောင်တက်...






www.burmeseclassic.com

www.burmeseclassic.com



◆ တောကျွယ် ရွှေဦး ဆရာတော်

◆ ရေပြာအိုင်ထိပ်ရှိ နတ်ကွန်း



...တယမြို့နယ်မှာဆို ရွှေဉမင် ...ဓတ်တော်ဘုရား၊ ဒက္ခိဏာရီလာ ...လုတ်ကန်၊ လက်ဖက်စိုက်ခင်း ... တိုင်းရင်းသားရိုးရာ ဓလေ့ ...မ်းများ အစရှိသည်တို့ကို ...ရောက်လေ့လာလေ့ ရှိကြ ...

... ရှောင်မြို့နယ်မှာလဲ (၆)ည ...ရက်ခရီးစဉ်အဖြစ် ခရီးသွား များကို ဆွဲဆောင်နိုင်ပြီး လာရောက် လည်ပတ်ဖို့ကောင်းတဲ့ နေရာ စုစုပေါင်းနေရာ(၂၀)ခန့် ရှိတယ်လို့ ဆိုပါတယ်။

ကြုံကြိုက်လို့ ရောက်ခဲ့မယ်ဆို ရင် လည်ပတ်လေ့လာလို့ လွယ်ကူ အောင် စာချစ်သူတို့အတွက် ခရီးစဉ် ဇယား ဖော်ပြလိုက်ပါတယ်။

လက်ရှိ အထူးထင်ရှားလျက်ရှိ ပြီး ရှောင်မြို့ကနေ(၁၂)မိုင်အကွာမှာ ရှိတဲ့ **ကျောက်ချောခေတ် ကျောက်ခေတ်လူသားများ နေထိုင်ခဲ့ရာ နှစ်ပေါင်း ၁၃၄၀၀ကျော် သက်တမ်းရှိတဲ့** ပြဒါးလင်းဂူဆီကို သားငှက်စခန်းမှာ ညအိပ်ပြီး သွားရောက် လည်ပတ်နိုင်သလို သမိုင်းဝင်ရွှေဂူကြီးဘုရား၊ ရွှေပွင့်လင်းဘုရားတို့ကိုလည်း တစ်ဆက်တည်း ဖူးမြော်နိုင်တယ်။

ထပ်မံလို့ ရေဦးကျေးရွာမှာ ညအိပ်ကာ ကနေ့နာမည်ကြီး **ကျောက်ကူတိ သဘာဝရေတံခွန်ကြီး၊ သဘာဝငှက်တွင်းကြီး (အဲဒီငှက်တွင်းကြီးဟာဆိုရင် ငှက်ခကောင်ပေါင်း သန်းနဲ့ချီပြီး မနက်တစ်ကြိမ် ညနေခင်း တစ်ကြိမ် အဝင်အထွက်လုပ်တာမှာ ငှက်တန်းမပြတ်ဘဲ နှစ်နာရီခွဲလောက်ထိ အချိန်ကြာမြင့်တယ်လို့ ဒေသခံတွေက ပြောပါတယ်)နဲ့** သမိုင်းဝင် ကဇက်သိကြားဂူ၊ ကျောက်ငှက်ကျေးရွာ ရေဝင်ဂူနဲ့ ရိုးရာအိမ်များရှိတဲ့ ဆင်ဆာပြား ကျေးရွာ၊ တစ်ဖန် ထမင်းပေါင်းနဲ့ ကျန်တောကျေးရွာ နှစ်ရွာမှတစ်ဆင့် ပြည်ပခရီးသွား တောင်တက်သမားများ၊ အထူးစိတ်ဝင်စားပြီး လာရောက် တက်ရောက်လေ့ရှိတဲ့ အရှေ့မြင် အနောက်မြင်တောင်။

အဲဒီကနေမှတစ်ဆင့် မြိုင်ကျေးရွာမှာရှိတဲ့ ငုတ်ချောင်း၊ ဖြူချောင်းရွာက သမိုင်းဝင် ဖြူချောင်းဂူ၊ ဖြူချောင်းဂူကနေတစ်ဆင့် သဘာဝ အလယ်ချောင်းရေတံခွန်နှင့် **တော**



www.burmeseclassic.com

www.burmeseclassic.com

**ကျယ်မြသပိတ် ရေပြာအိုင်။**

တစ်ခါ မြင်းကျဒိုးကျေးရွာက တစ်ဆင့် မင်းတိုင်ပင်ရွာအနီးမှာရှိတဲ့ **ရှမ်းမင်းသမီး နန်းခင်မွှေး(ခေါ်) နန်းကေရီကျော်လို့ အမည်ရတဲ့ မိန်းမရဲသခင်မတောင်နဲ့ ဆင်ခေါင်းသဘာဝရေတံခွန်၊ ယကြီးရွာရှိ နာမည်ထင်ရှား နီးဘုရားနဲ့** သဘာဝ ပတ်ဝန်းကျင်အလှများ ပေါ်ကြွယ်ရာ ပွေးပြုတ်ရှုခင်းအစရှိတဲ့ သဘာဝအရင်းအမြစ်တွေ များစွာ ရှိကြောင်း သတင်းကောင်း ပါးလိုက်ပါတယ်။

စာရေးသူ အဓိကထား တင်ပြလိုတာကတော့ **ရှောင်မြို့နယ်တွင်း တောကျယ် ကျေးရွာမှာရှိတဲ့ မြသပိတ်ရေပြာအိုင်အကြောင်းပါ။**

ဖြစ်တည်လာမှုအရ ရှေးနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော်လဲ ရှေးလူကြီးသူမများရဲ့ အယူအဆအရ ကွယ်ဝှက်သလိုဖြစ်ခဲ့ရာက ဒီကနေ့ ကျယ်ပြန့်လှတဲ့ လူမှုကွန်ယက်တွေအတွင်း မြန်ဆန်တဲ့ သတင်းနည်းပညာတွေအရ ပြန့်နှံ့လွယ်ကူရာကနေ တစ်ဆင့် တဖြည်းဖြည်း လူသိများ ထင်ပေါ်လာရခြင်း ဖြစ်တယ်လို့ တောကျယ်ရေပြာအိုင်ကို ထိန်းသိမ်းစောင့်ရှောက်နေတဲ့ တောကျယ် ဆရာတော်က မြွက်ကြားပါတယ်။

တည်ရှိနေသေးတဲ့ အဖိုးတန်သဘာဝအရင်းအမြစ်တွေ ပျက်စီးဆုံးရှုံးမှာစိုးရိမ်တဲ့အတွက် ဖုံးဖုံးဖိဖိထားရှိခဲ့ရာမှ အခုလိုလူသိများပြီး စိတ်ဝင်တစားနဲ့ လာရောက်




▲ တောကျယ်ရွာအဝင် လမ်းညွှန်ဆိုင်းဘုတ်

▼ ရှောင် မှူ့လေးကားလမ်းမဘေးရှိ
တောကျယ်မြသပိတ် ရေပြာအိုင် လမ်းညွှန်



လည်ပတ်ကြလို့လဲ ဒေသတွင်း ထူးဆန်းဖွယ်ရာ တစ်ခုအဖြစ် အခုလို လေ့လာကြည့်ရှုခွင့် ပေးခဲ့ခြင်းပါ။

အဲဒီလို လာရောက်ခွင့် ပေးလိုက်ခြင်းအားဖြင့်လဲ ဒေသတွင်း အလုပ်အကိုင်နဲ့ အခွင့်အလမ်းတွေ အနည်းနဲ့အများ ဖြစ်ထွန်းလာမယ်လို့ မျှော်လင့်မိကြောင်း ဆရာတော်က ထပ်မံမိန့်ကြားခဲ့ပါတယ်။

အဲဒီရေပြာအိုင်ကို ဘာ…
တောကျယ် မြသပိတ်ရေပြ…
အမည်မှည့်ခေါ်ရကြောင်းနဲ့…
ကြောင့် ကန်ထဲကရေ …
ကြောင်း ဆရာတော်ကို …
မေးလျှောက်ဖြစ်ပါတယ်။

အဲဒီမှာ ဆရာတော်က…
'ကန်ထဲမှာ ယခင်ပွင့်တော်…
ရှင်များ အဆက်ဆက် မြသ…

www.burmeseclassic.com

www.burmeseclassic.com



ဒေသခံ တိုင်းရင်းသား ဈေးဆိုင်တန်းများ

ရှိခဲ့ကြောင်း၊ ဘုရားရှင်တစ်ဆူ တစ်ခါ ပွင့်တော်မူပြီးတိုင်း ကန်တွင်းရှိမြသပိတ် ရေပေါ် ပေါ်ထွက်လာလေ့ရှိကြောင်း အဆိုပါ မြသပိတ်မှ ထွက်ရှိလာသည့် အရောင်ကြောင့် ကန်ရေမှာ အပြာရောင်ဖြစ်နေကြောင်း ပြောပြပါတယ်။

အခုတောကျယ်ရေကန်တွင်းရှိ မြသပိတ်မှာလဲနောင်ပွင့်တော်မူမည့်အရိမေတ္တေယျဘုရား ပွင့်တော်မူမှ ရေပေါ်သို့ပေါ်ထွက်လာမည်ဖြစ်ကြောင်း တောကျယ်ဆရာတော်မှ ထပ်မံမြွက်ကြားပါတယ်။

မန္တလေး ရှာင်လမ်းမကြီးကနေ အနောက်ဘက် မိုင်ဝက်ကျော်ကျော် (တစ်ကီလိုမီတာ)ခန့် တောကျယ်ရွာ အဝင်လမ်းအတိုင်း သွားလိုက်ရင် ရွာနားဆီမှာ လမ်းခွဲနှစ်ခုရှိတယ်။ အဲဒီလမ်းခွဲကနေမှ လက်ယာဘက်လမ်းအတိုင်း လိုက်သွားရင် တောကျယ်ရွာမနဲ့ ရွာဦးစေတီ၊ ...တော့ တောကျယ်ရေတံခွန်ကို ရောက်ရှိမှာပါ။

...ဘက်ဝဲဘက်ဆီက ဒေသရိုးရာ အမှတ်တရနဲ့ စားသောက်ဆိုင်လေးတွေအလွန်မှာတော့ ပြန့်ပြူးကျယ်ဝန်းပြီး သာယာလှပတဲ့ တောကျယ်ရွာဦး ရေကန်ကျယ်ကြီးကို စိတ်အေးချမ်းသာဖွယ် တွေ့ရပါပြီ။

တစ်ဆက်တည်း တံတားကြီးပေါ် ဖြတ်သန်းလိုက်ရင်တော့ လမ်းညာဘက်ဆီမှာ တောကျယ်မြသပိတ်ရေပြာအိုင်ကို ဝင်ရောက် လေ့လာကြည့်ရှုနိုင်ပြီ ဖြစ်ပါတယ်။

စာရေးသူ ရောက်သွားစဉ်မှာတော့ မော်တော်ကားတွေ၊ ဆိုင်ကယ်တွေနဲ့ ရပ်ဝေးရပ်နီး ခရီးသွားဧည့်သည်တွေ လာရောက်လည်ပတ်လျက်ရှိတာကို တွေ့ရပါတယ်။ ကြည့်ရှုပြီး ပြန်ထွက်လာတဲ့သူတွေရှိသလို ထပ်မံလို့ တဖွဲဖွဲရောက်လာတဲ့ ဧည့်သည်တွေလဲ အများကြီးပါပဲ။

အဝင်မှာတော့ တောစောင့်နတ်၊ ကန်စောင့်နတ်တွေအတွက် **နတ်ကွန်းတစ်ခုကို** သပ်သပ်ရပ်ရပ် တည်ဆောက် ကိုးကွယ်ထားတာ တွေ့ရပါလိမ့်မယ်။

ဒေသခံ အမေအိုတစ်ယောက်က ခရီးသွားဧည့်သည်အများကို ဒီရေပြာအိုင်နဲ့ပတ်သက်ပြီး ရှင်းလင်းပြောပြနေတာကို တွေ့ရပါတယ်။

ရေပြာအိုင်ဆီဆင်းသွားတဲ့ လှေကားထစ်လေးများရဲ့ ဘယ်ညာမှာရှိတဲ့ သဘာဝသစ်ပင်ကြီးတွေမှာတော့ အညစ်အကြေး၊ အပေါ့အပါးမစွန့်ဖို့၊ အမှိုက်တွေ စည်းကမ်းမဲ့မပစ်ဖို့၊ ညစ်ညမ်းစကားတွေမဆိုဖို့၊ သစ်ပင်သစ်ကိုင်းတွေကို မချိုးမဖဲ့ မဖျက်ဆီးစေဖို့နဲ့ တောစောင့်နတ်၊ တောင်စောင့်နတ်နဲ့ ရေကန်စောင့်နတ်တို့ မနှစ်သက်တဲ့အကြောင်းကို သတိပေးဆိုင်းဘုတ်လေးတွေရေးလို့ သတိပေးထားတယ်။

ရေပြာအိုင်ကြီး ညစ်ညမ်းမှာစိုးရိမ်ပြီး ရေကန်နဲ့လာရောက်လေ့လာသူတွေ တိုက်ရိုက်မထိတွေ့အောင်လို့ အရံအတားအချို့နဲ့ တားဆီးကာကွယ်ထားတယ်။

အဲဒီလို စည်းကမ်းတကျ ထိန်းသိမ်း စောင့်ရှောက်ထားနိုင်မှလဲ တန်ကာကျမှာပါ။ နို့မို့ဆို ရေဆင်းချိုးကြမှာနဲ့ ယမကာတွေ ဝယ်ယူလာပြီး မိုဝဲအပန်းဖြေကြမှာနဲ့၊ အမှိုက်သရိုက်တွေပစ်ချလို့ သဘာဝအလျောက် ဖြစ်တည်ခဲ့န်းကျယ်တဲ့ ရေကန်ကြီးဟာ မကြာခင်မှာပဲ ပျက်စီးသွားနိုင်ပါတယ်။

အခုဆိုရင် နိုင်ငံခြားသားခရီးသွားဧည့်သည်တွေတောင် မကြာခဏ လာရောက်လည်ပတ်တယ်လို့ ဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



◆ ရေပြာကန်နှင့် ရှုသည့်သူများ

လို့ခေါ်တဲ့ မီးလုံးများ ထွက်ပေါ်နေသလို မျိုးပေါ့။

ဥပမာ စစ်ကိုင်း တိုင်း ဒေသကြီး စစ်ကိုင်းတောင်နဲ့ မင်းဝံတောင်မှာ ရှိတဲ့ တွင်းတောင်၊ တွင်း မ၊ တောင်ပေါက်နဲ့ ရိပ်ခါးက ကမ္ဘာ ကျော် **တွင်းပိုးတို့ သဘာဝ စပီရူလိုင်း နားရေညှိ**(Natural Spirulina Algae) ကနေမှ ကျန်းမာ

တယ်။ စာရေးသူတို့ဒေသမှာ ဒီလိုမျိုး ဆန်းကြယ်တဲ့နေရာတွေ ရှိနေတာဟာ ဒေသတွင်း ခရီးသွား လုပ်ငန်းတွေကို ပိုမိုတိုးတက် ဖွံ့ဖြိုး တိုးတက်စေကြောင်းသိရတယ်။

စာရေးသူလည်း အတတ်နိုင်ဆုံး ကန်စပ်အထိဆင်းပြီး ရေပြာကို လက်ခုပ်နဲ့ ခပ်ယူသောက်သုံးလေ့ လာကြည့်ပါတယ်။ စာရေးသူ လက်ထဲရောက်တဲ့ ရေမှာတော့ အရောင်အဆင်းမရှိတာကို တွေ့ရ တယ်။

အဆိပ်အတောက် မဖြစ်ဘူးဆို တာကိုတော့ ကန်တွင်းရှိ သတ္တဝါ လေးများနဲ့ ကန်စပ်မှာပေါက်နေတဲ့ သစ်ပင်ကြီးဝါးပင်ကြီးတွေကိုကြည့်ရုံ နဲ့ သိနေလို့ပါပဲ။

**အမှန်ကတော့ ဒီလိုပတ်ဝန်းကျင် ဂေဟာစနစ်တွေ မပျက်မစီး ကောင်းမွန် နေသေးတဲ့ ဒေသတစ်ခုက ရေကန်ထဲ ရေအရောင် ဘာ့ကြောင့်ပြာရတယ်။ ဘာ့ကြောင့် ဒီလိုပြာနေရတယ်ဆိုတာ ကို တတ်သိနားလည်တဲ့ပညာရှင်များ အနေနဲ့ ဒီထက်ပိုပြီးကျယ်ပြန့်စွာ သုတေသနပြု ထပ်မံစမ်းစစ်နိုင်မယ်ဆိုရင် နောင်လာနောက်သား မျိုးဆက်သစ် တွေအတွက် တိကျသေချာတဲ့ အဖြေ တစ်ခု ပေးထားရစ်နိုင်ခဲ့မယ်ဆိုရင် တော့ ပိုကောင်းမယ်လို့ စာရေးသူ တွေးမိတာပါ။**

ကန်ထဲကရေအရောင် အပြာ ရောင်ရှိလို့ ရေပြာကန်လို့ပြော ရတဲ့အဆင့်ထက် ပိုစေချင်တာပါ။ စာရေးသူရဲ့ မိတ်ဆွေတစ်ဦး ပြောပြ ဖူးတာကတော့ ရေကန်ထဲမှာ စာရေးသူတို့ သာမန်မျက်စိနဲ့ မမြင် နိုင်လောက်အောင် သေးငယ်လွန်း တဲ့ အပြာရောင်ကို ထုတ်လွှင့်နိုင်တဲ့ **မိုက်ခရုပ်**(Microbe) သက်ရှိ လေးများကြောင့် ရေရဲ့အရောင် ပြာနေရကြောင်း ပြောဖူးပါတယ်။

ပင်လယ်ထဲမှာ မီးစုန်းကျောက် တွေရဲ့ အလင်းပြန်မှုကြောင့် မီးစုန်း

ရေးအတွက် ဆေးဝါးများ၊ အစား အစာအတွက် အစားထိုးအာဟာရ စပီရူလိုင်းနား ဘီယာ၊ အလှကုန် ပစ္စည်းများ၊ ဘိုင်အိုမြေသြဇာများ ထုတ်လုပ်နိုင်သလိုမျိုး သဘာဝ ထွက်ကုန်တစ်ခုခု မထုတ်လုပ်နိုင် ဘူးလို့ မဆိုနိုင်ပါဘူး။

အဲဒီ စပရူလိုင်းနားရေညှိကနေ တစ်နှစ်ကို ရေညှိအခြောက်တန်ချိန် (၂၀၀)လောက်ထုတ်ယူလို့ အထက် ပါ ဆေးဝါးနဲ့ လူသုံးကုန်ပစ္စည်းတွေ ကို ထုတ်လုပ်ပြီး ပြည်ပဈေးကွက် အထိ ထိုးဖောက်တင်ပို့ရောင်းချ တယ်ဆိုတာကိုတင်ပြရင်း အနော် နယ်အရပ်ရပ်က နက္ခတ္တစာချစ် အားလုံးအတွက် **ရှားဒေသ ဆော ကျယ်ပြသပိတ်ရေပြာအိုင်အကြောင်း** သွားရောက်လေ့လာမိသမျှကို ဆော သားတင်ပြလိုက်ရပါတယ်။

**နိုင်မင်းညို**



www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး)

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

“ဆရာကို တွေ့မှတွေ့ပါ့မလားလို့”

“အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်”

“ဆရာကို အကူအညီလေး တောင်းချင်လို့”

“ရပါ့ဗျာ. . . ပြောလေ”

“ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံ့ခဲနေတယ် ဆရာ။ အဲဒါ ဘာဖြစ်လို့များလည်းလို့ပါ”

“ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်”

“ဟုတ်ကဲ့ ဆရာ”

“တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံ့ခဲနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံး လေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ”

“ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်”

“ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် မကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ ပြောတဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲ့ဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ ခေါ်တဲ့ ဓာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ”

“အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ အလေးအပေါ့သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး၊ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေ [illegible] ဆရာ”

“အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊ လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီး [illegible]တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ် [illegible]ဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲ [illegible]လည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် [illegible]ကိုက်တာ၊ ခေါင်းအုံ့တာ၊ ဇက်ကြောတက်၊ နောက်ကြော [illegible]တာ၊ မျက်လုံးမျက်ခုံးများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ် ခံစားရတတ်ပါတယ်”

“ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်”

“ဟုတ်တယ် ကိုနိုင်ဦးရေ၊ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ”

“ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ ဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ”

“သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ”

“ဟုတ်ကဲ့ ဆရာ”

“အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါအဆင့်ပေါ်လွင်နေတော့ အများက သတိထားမိကြတယ်ဗျ၊ ဝမ်းချုပ်၊ စမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့ အမှတ်မဲ့နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလအညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအပြစ်ပြု ရာကစလို့ စောစောကပြောခဲ့တဲ့ [illegible] မန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကုသ



www.burmeseclassic.com

www.burmeseclassic.com

# ဆီးဝမ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ် ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့ . . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေးကို** သုံးစွဲပေးပေါ့ဗျာ"




ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(တနယ်ငင်း)(၁၁၂/၁၂၁၂)

"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင် လည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်း တော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့, ခေ ကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကို ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ် အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီး ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသား ယားယံခြင်း၊ အသားအရေ ညစ်ဆေမွဲခြောက်ခြင်း အပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါ ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ် ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူ ခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့် ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလို အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက် ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြော အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန် ပြီး ကျန်းမာပေ့ါပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ည ဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံး ခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသ ပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေ **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင် ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ နိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတ အောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင် ဆရာ"


ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇



www.burmeseclassic.com

www.burmeseclassic.com



◆ ရှီးပဒီး

ဟူကျင်းဇီ
(Hu Jin Zhi)

# တိဘက်ရောဂါပိုးကို နိုင်နင်းသည့် ရှီးပဒီး

၁၉ဂုဂု ခုနှစ်က လက်ဝဲချိုင်းကြား ... အကျိတ်ဖြစ်ပေါ်ရာ မော်လမြိုင် ...ည်သူ့ဆေးရုံသို့ တက်ရောက်၍ ...တ်ကုသမှု ခံယူရသည်။

...ို့နောက် ထိုးဆေး တစ်နှစ်၊ ...ဆေး တစ်နှစ်ခွဲ ဆက်၍ စားသုံး ... တီဘီအကျိတ်ဖြစ်၍ ရောဂါ ...စင်အောင် ရက်ရှည်ကုသရ ... ဖြစ်သည်ဆို၏။

...၉၀ ပြည့်နှစ်တွင် တက္ကသိုလ် ...ောင်းသားဘဝဖြင့် ရန်ကုန် ဝိဇ္ဇာ ...တက္ကသိုလ်၌ ဖွင့်လှစ်သော ...န်းတစ်ခုသို့ တက်ရောက် ...အခါ **မြစ်ကြီးနားမှ "လဗျ... " ဟူသည့် ကချင်ကျောင်း ...နှင့်** ခင်မင်ရင်းနှီးခဲ့သည်။

...င်တန်းပြီးဆုံး၍ နေရပ်ပြန် ...သောအခါ စာတိုက်မှနေ၍ ဆေးမြစ်တစ်ခု ပို့ပေးသည်။

ဤဆေးကို ရေဖြင့် မပျစ်မကျဲ သွေး၍ ဟင်းစားဇွန်း တစ်ဇွန်းစာ နေ့စဉ်သောက်ပါ။ တီဘီနှင့် ပတ်သက်သောရောဂါ အမြစ်ပြတ် ကင်းစင်၍ ကိုယ်ခံအား ကောင်းမွန် တိုးတက်လာမည်။ ကချင်တိုင်းရင်း ပရဆေး"ရှီးပဒီး" ဖြစ်သည်ဟု ရေးသားထား၏။

ဆေးမြစ်ပုံစံမှာ **"ဆေးမင်း ကင်းခြေ"**ခေါ် **"ရှမ်းကျောက် ကင်းကောင်"**နှင့် ဆင်တူသော်လည်း အနံ့,အရသာ မတူပါ။

"ရှမ်းကျောက်ကင်းကောင်" မှာ ပေ(၃၀၀၀)အမြင့် တောင်ထက်တွင် ပေါက်ရောက်သော အပင်၏ အမြစ်



www.burmeseclassic.com

www.burmeseclassic.com



ဆွေ့ခြောက်စ မြဲနေသည့် ပေါက်ဖတ် ➧

ဖြစ်သည်။

**"ရှီးပဒီး"မှာ ပေ(၉၀၀၀)ထက် မြင့်သော တောင်ထွတ်များ၌သာ တွေ့ရတတ်၍ ပေါက်ဖတ်ကဲ့သို့ တီရစ္ဆာန်အကောင်မှ အပင် ဖြစ်လာသည် ဆိုလေသည်။**

ထိုအချိန်မှစ၍ တီဘီနှင့် ပတ်သက်၍ တစ်စုံတစ်ရာ မခံစားရတော့ပါ။ ဆေးပို့ပေးသူ "လဗျဂ်နဖန်"၏ ကျေးဇူးကိုလည်း အမြဲ အမှတ်တရ ရှိရပါ၏။

ယင်းမှ အတန်ကြာ၍ ၂၀၁၇ ခုနှစ် နွေနှောင်းကာလတွင် စာတည်းချုပ် ဝယ်ပေးသည့် တရုတ်ဆေးကျမ်း စာအုပ်၌ ရှီးပဒီးအကြောင်း တွေ့ရသဖြင့် အများကျန်းမာရေးအတွက် အထောက်အပံ့ ဖြစ်စေရန် ထုတ်နုတ်ဖော်ပြရပါသည်။

"ရှီးပဒီး"ကား ကချင်အမည် ဖြစ်၏။ တရုတ်ဘာသာဖြင့် (冬虫夏草) **"တုန်းချုံးရှုဆောင်"** (သို့မဟုတ်) (虫草) **"ချုံးဆောင်"**ဟု ခေါ်၏။ **"ဆောင်းပိုးကောင် နွေမြက်"** (သို့မဟုတ်) **"ပိုးကောင်မြက်"**ဟု အဓိပ္ပာယ်ရ၏။ သူ၏ဖြစ်စဉ်နှင့် လိုက်လျောညီထွေရှိသော နာမည် ဖြစ်သည်။

**အင်္ဂလိပ်** =**Codyceps** (သို့မဟုတ်) **Chinese Caterpiller Fungus.**

**ဂျပန်** =**tochukaso**

**ကိုရီးယား**=**tongch'uang hach'o**



သေဆုံး၍ မှိုပေါက်လာစဉ် ➧

F. 15B. December

www.burmeseclassic.com

www.burmeseclassic.com



◆ မူလအစ ပေါက်ဖတ်ဘဝ

ဒါ =Yasa Gunbu

မြန်မာနိုင်ငံ၌ ကချင်ပြည်နယ်
တောင်ထွတ်များ၌ တွေ့ရှိရ၏။
နိုင်ငံတွင်လည်းရှိ၏။ တရုတ်
တွင် ကွေ့ကျိုးပြည်နယ်၊ စီချွမ်း
နယ်၊ ချင်းဟိုင်ပြည်နယ်၊ ယူနန်
နယ်နှင့် တိဗက်တို့၌ တွေ့ရ
သည်။

သူတို့၏ မူလအစမှာ ပေါက်ဖတ်
များ ဖြစ်သည်။ ပေါက်ဖတ်
များ မွေးဖွားပြီးနောက် [မိခင်
ပိုး)နှင့် ဥများအကြောင်းကိုမူ
ဖော်ပြထားခြင်း မရှိပါ။] ဆောင်း
ရာသီ(Winter)တွင် မြေကြီး
ထဲသို့ တိုးဝင်သွားကြသည်။
တောင်တမ်းကုန်ခါနီးတွင် မြေပြင်
ဘတ် ခြောက်လက်မ အကွာ
အဝေးခန့်သို့ တက်လာပြီး သေဆုံး
ကြသည်။ ထိုပေါက်ဖတ်ကလေး
များ သေဆုံးသောအခါ မံမီကဲ့သို့
မပုပ်မသိုးဘဲ တောင့်တင်း၍ မှိုဖြစ်
သွားကြသည်။

နွေဦးရာသီ(Spring)သို့ ရောက်
သော် သူတို့၏ ဦးခေါင်းမှ အပင်
အညှောက်ပေါက်၍ မြေပေါ်သို့
တိုးထွက်လာကြသည်။ တိုးထွက်
လာသော ထိုအညှောက်ကလေး
များသည် သေးငယ်လှသည်။

ဤမှိုကို ရှာဖွေသူတို့သည်
တောင်စောင်းတစ်လျှောက် လေး
ဖက်ထောက်၍ ရှာရ၏။ ရလာသော
ရှီးပဒီးကို သန့်စင်ဆေးကြောပြီး
သောအခါ **အဝါရောင်"ပိုးယောင်၊**
**မြစ်ယောင်"ရှီးပဒီး**ကို ရ၏။

ယင်း တစ်အောင်စကို ဒေါ်လာ
(၉၀၀)မှ (၁၀၀၀)ခန့်အထိ ရောင်းရ
၏။ ရွှေဈေးပမာဏနှင့် မကွာလှ
သဖြင့် ရှီးပဒီးမှဆိုးများ တစ်နေ့ထက်
တစ်နေ့ များပြားလာသည်ဆို၏။

ပေ(၉၀၀၀)ကျော် မြင့်မား၍
အေးခဲသော အခြေအနေကို ကျွမ်း
ဝင်မှု မရှိသူတို့မှာ အအေးလွန်ကဲ
ခြင်း၊ တောင်စောင်းမှ ပြုတ်ကျခြင်း
စသည့် အသက်အန္တရာယ် နီးလှ
သည်။ မှိုစုမိလျှင် မှိုလု လူသတ်
သည့် ဓားပြများလည်း ရှိသည်
ဆို၏။

ဤမှိုကား စိုက်ပျိုး၍လည်း မရ၊
လူအများ ဝိုင်းရှာနေကြသဖြင့် ရွှေ
ထက်ပင် ရှားသွားနိုင်ပေသည်။
လွန်ခဲ့သည့် နှစ်ပေါင်း(၂၀၀၀)ကျော်



www.burmeseclassic.com

www.burmeseclassic.com



▲ မသန့်စင်ရသေးသည့် ဂိုးယီး

▼ သန့်စင်ပြီး တွေ့ရသော ဂိုးယီး





www.burmeseclassic.com

www.burmeseclassic.com

ကပင် တော်ဝင်နန်းသုံး ဘုရင်သုံး ရှားပါး ပရဆေးများဖြစ်ကြောင်း သိရ၏။

သိပ္ပံနည်းကျ စမ်းသပ်မှုများအရ **Glutanic acid,** **Vitamin**နှင့် အကျိုးပြု ဓာတ်ပေါင်း(၉)မျိုး ပါဝင်သည်ဆို၏။ **ဆေးအသုံးမှာ** တစ်နေ့တွင် (၄.၅)ဂရမ်မှ (၁၂)ဂရမ် အထိ သောက်သုံးနိုင်သည်။

**အရွယ်အစား တုတ်ခိုင်ပြည့်ဖြိုး၍ ထိုမိုးချောင် တောက်ပရမည်။ ချိုးဖြတ် ကြည့်ပါက ဖြူဖွေး ရှိရပါမည်။**

တစ်နေ့လျှင် (၃၅)ဂရမ် အထက် သောက်သုံးပါက အသက်အန္တရာယ် ရှိသည်ဆို၏။ **ယောက်ျား ပေါ်မုန်း အားဖြည့်ပေးသည် ဆိုသဖြင့်** အချို့သော ပုရိသများ ဆေးသုံး မလွန်စေရန် သတိပေး ထားသည်။**(၁ ကျပ်သား = ၁၆.၄၆ ဂရမ် ရှိသည်။)**

အဆုပ်နှင့် ကျောက်ကပ်ကို အား ဖြည့်ပေးသည်။ တုတ်ချောင်းပုံ ဘက်တီးရီးယား (**TV** ရောဂါပိုး)ကို သုတ်သင်ပေးနိုင်သည်။ ချောင်းဆိုး သွေးပါခြင်း၊ နာတာရှည်ပန်းနာ ရင်ကျပ်ခြင်း၊ သည်းခြေနှင့် အစာ အိမ် ဖောက်ပြန်ခြင်းတို့အတွက် ကောင်းမွန်စေ၍ ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးသည်။

**ကြက်သား စသည့်အသားတစ်မျိုး မျိုးနှင့် ပေါင်းပြုတ်၍ စားသောက်ခြင်း၊ အရည်၊ အမှုန့်ပြု၍ လည်းကောင်း၊ ၍လည်းကောင်း၊ စားသုံးခြင်းတို့ ခြင်း အဖျော်ယမကာများတွင် ထည့် ၍လည်း မှီဝဲတတ်ကြသည် ဆိုပေ သည်။**

သက်ကြီးရွယ်အိုတို့အား ပြန်



▲ အေးခဲသော တောင်ထွတ်များပေါ်မှ ရှီးယီးမုဆိုးများ

▼ ဦးသို့လျှင် ဝပ်တွား၍ ရှာရ၏



လည်ပြည့်ဝစေခြင်း၊ မောပန်းနွမ်း နယ်မှု ပပျောက်ခြင်း၊ ခန္ဓာကိုယ် တွင်းရှိ **ဝမ်းတွင်းအင်္ဂါများ ကောင်း မွန်၍ ကျန်းမာသန်စွမ်းခြင်း ဆုလာဘ်နှင့်** ပြည့်စုံနိုင်သည်။ ယန်း (**Yan**)ဓာတ် အားဖြည့်သော ပရ ဆေး ဖြစ်သည်ဆို၏။

**ဝမ်းတွင်းအင်္ဂါ** = အဆုတ်၊ ကျောက်ကပ်၊ သည်းခြေ၊ အစာအိမ် တို့ဖြစ်၍ ယန်း(**Yan**)ဓာတ် စိုးမိုး၏။

**ဝမ်းမိုးအင်္ဂါ** = အဆုတ်၊ သရက် ရွက်၊ အူမ၊ အူသိမ်၊ နှလုံးတို့ဖြစ်ကာ ယင်း(**Yin**)ဓာတ် စိုးမိုး၏။

**ဟူဂျင်းဇီ***(Hu Jin Zhi)*

**ကိုးကား**

**Chinese herbal Medicine** အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့ **Eartland Press** မှ ၁၉၉၃ ခုနှစ် တွင် ထုတ်ဝေသည်။



www.burmeseclassic.com

www.burmeseclassic.com


ထက်မြင့်ကျော်စွာ

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအတွင်း

# လာဘ်လာဘ

ရွှင်လန်းကြပါစေ

**ဒီဇင်ဘာလတွင် ငွေကြေးသောကများ ပြေပျောက်၍ လာဘ်လာဘ ရွှင်လန်းကြစေရန်...**





◎ မိဿရာသီဖွား

**(မတ်လ ၂၁–ရက် မှ ဧပြီလ ၂၀–ရက်အတွင်း မွေးသူ)**

သပြေပန်း(၇)ခက်၊ သီဟိုဠ်ညွှန့်(၇)ညွှန့်၊ ပိတောက်ညွှန့်(၇)ညွှန့်နှင့် ဖယောင်းတိုင်(၉)တိုင်တို့ကို တနင်္လာနေ့တွင် လူအများ ကိုးကွယ်သော စေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။



◎ ပြိဿရာသီဖွား

**(ဧပြီလ ၂၁–ရက် မှ မေလ ၂၀–ရက်အတွင်း မွေးသူ)**

စွယ်တော်ညွှန့်(၁၀)ညွှန့်၊ အုန်းလက်(၁၀)ရွက်၊ ပိတောက်ညွှန့်(၁၀)ညွှန့်နှင့် ဆွမ်းထမင်း(၇)ပန်းကန်တို့ကို သောကြာနေ့တွင် စေတီတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။



◎ မေထုန်ရာသီဖွား

**(မေလ ၂၁–ရက် မှ ဇွန်လ ၂၀–ရက်အတွင်း မွေးသူ)**

ဗာဒံညွှန့်(၅)ညွှန့်၊ ပေါက်ပေါက်(၅)ပန်းကန်၊ အုန်းလက်(၅)ရွက်နှင့် တံခွန်(၁၀)ခုတို့ကို သောကြာနေ့တွင် စေတီတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။



◎ ကရကဋ်ရာသီဖွား

**(ဇွန်လ ၂၁–ရက် မှ ဇူလိုင်လ ၂၁–ရက်အတွင်း မွေးသူ)**

သပြေ(၃)ခက်၊ ဆီး(ဇီး)ညွှန့်(၃)ညွှန့်၊ ဥသျှစ်ညွှန့်(၃)ညွှန့်နှင့် သောက်တော်ရေ(၅)ခွက်တို့ကို တနင်္လာနေ့တွင် စေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။



◎ သိဟ်ရာသီဖွား

**(ဇူလိုင်လ ၂၂–ရက် မှ ဩဂုတ်လ ၂၁–ရက်အတွင်း မွေးသူ)**

ဩဇာညွှန့်(၆)ညွှန့်၊ ခရေညွှန့်(၆)ညွှန့်၊ သီဟိုဠ်ညွှန့်(၆)ညွှန့်နှင့် ဖယောင်းတိုင်(၃)တိုင်တို့ကို တနင်္ဂနွေနေ့တွင် စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ ကန်ရာသီဖွား

**(ဩဂုတ်လ ၂၂–ရက် မှ စက်တင်ဘာလ ၂၁–ရ**



www.burmeseclassic.com

www.burmeseclassic.com



**အတွင်း မွေးသူ)**

ရွက်လှ(၈)ရွက်၊ ပိတောက်ညွှန့်(၈)ညွှန့်၊ ဥသျှစ်ညွှန့်(၈)ညွှန့်နှင့် ဆွမ်းထမင်း(၆)ပန်းကန်တို့ကို စနေနေ့တွင် စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်မှ ကပ်လှူဆုတောင်းပါ။



◎ တူရာသီဖွား

**(စက်တင်ဘာလ ၂၂–ရက် မှ အောက်တိုဘာလ ၂၂–ရက်အတွင်း မွေးသူ)**

ခရေညွှန့်(၂)ညွှန့်၊ ကြံညွှန့်(၂)ညွှန့်၊ သပြေ(၂)ခက်နှင့် တံခွန်(၈)ခုတို့ကို ဗုဒ္ဓဟူးနေ့တွင် စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။



◎ ဗြိစ္ဆာရာသီဖွား

**(အောက်တိုဘာလ ၂၃–ရက် မှ နိုဝင်ဘာလ ၂၂–ရက်အတွင်း မွေးသူ)**

ကံ့ကော်ညွှန့်(၁)ညွှန့်၊ အုန်းညွှန့်(၁)ညွှန့်၊ ဆီး(ဖီး)ညွှန့်(၁)ညွှန့်နှင့် သောက်တော်ရေ(၂)ခွက်တို့ကို ကြာသပတေးနေ့တွင် စေတီတစ်ဆူ၏ ကြာသပတေးဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။



◎ ဓနုရာသီဖွား

**(နိုဝင်ဘာလ ၂၂–ရက် မှ ဒီဇင်ဘာလ ၂၀–ရက်အတွင်း မွေးသူ)**

အုန်းလက်(၄)ရွက်၊ ကြံညွှန့်(၄)ညွှန့်၊ ခရေညွှန့်(၄)ညွှန့်နှင့် ဖယောင်းတိုင်(၁)တိုင်တို့ကို အင်္ဂါနေ့တွင် စေတီတစ်ဆူ၏ ဗုဒ္ဓဟူးဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။



◎ မကာရရာသီဖွား

**(ဒီဇင်ဘာလ ၂၁–ရက် မှ ဇန်နဝါရီလ ၁၉–ရက်အတွင်း မွေးသူ)**

ရွက်လှ(၆)ညွှန့်၊ သပြေ(၆)ခက်၊ ဥသျှစ်ညွှန့်(၆)ညွှန့်နှင့် ဆွမ်းထမင်း(၄)ပန်းကန်တို့ကို ဗုဒ္ဓဟူးနေ့တွင် စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။



◎ ကုံရာသီဖွား

**(ဇန်နဝါရီလ ၂၀–ရက် မှ ဖေဖော်ဝါရီလ ၁၈–ရက်အတွင်း မွေးသူ)**

သီဟိုဠ်ညွှန့်(၃)ညွှန့်၊ ပိတောက်ညွှန့်(၃)ညွှန့်၊ ဩဇာညွှန့်(၃)ညွှန့်နှင့် သောက်တော်ရေ(၆)ခွက်တို့ကို စနေနေ့တွင် စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။



◎ မိန်ရာသီဖွား

**(ဖေဖော်ဝါရီလ ၁၉–ရက် မှ မတ်လ ၂၀–ရက်အတွင်း မွေးသူ)**

နှင်းဆီ(၉)ပွင့်၊ သပြေ(၉)ခက်၊ ရွက်လှ(၉)ရွက်နှင့် တံခွန်(၃)ခုတို့ကို တနင်္ဂနွေနေ့တွင် စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

*လာဘ်လာဘ ရွှင်လန်းကြပါစေ။*

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး

"မမမျိုးရေ မမမျိုး"
"ဟဲ့ ဘယ်သူတုံး"
"ညီမလေး ခင်ခင်ပါ"
"ဩော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"
"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"
"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"
"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"
"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"
"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"
"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"
"ဩော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"
"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"
"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျီးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"
"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"
"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါး




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-ဝ၇၁၁ YR ၀၀၆၀ ၂၇)




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-ဝ၆၁၃ Y ၀၁၀၅၀၉)

**ကြော်ငြာခွင့်ပြုချက်အမှတ်**
**တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃**

များ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင် ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်း နှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါး ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြော ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကော ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အော ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြော အကြောများ အားနည်းခြင်း၊ လေဒ ခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါ ခြင်း၊ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးဖြစ် အရိုးအဆစ်အကြောနဲ့ လေးဖက်နာ များကို သက်သာပျောက်ကင်းစေတဲ့ ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက် လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာ ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ် သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း ဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့

**ဆရာမြင့်**
**စကြာမင်းတိုင်းရင်းဆေးတိုက်**
**အမှတ်-၈/၆၆၆၊ သုဝဏ္ဏလမ်းမကြီး။**
**သန္တာမှတ်တိုင်အနီး။ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၅၂၂၅၄၁**



www.burmeseclassic.com

www.burmeseclassic.com

သင်္ဂဇာဆရာတော်ကြီး၏ တပည့်

# ရွှေမင်းဝံ ငှက်တွင်းဆရာတော်ကြီး ဦးပဏ္ဍိစ (၁)

ဆင်ခြင်
(မောရဝတီ)

"မမလေးရဲ့ ပန်စရာ၊ ရွှေမင်းဝံတောင်ပေါ် ရှိက၊ ပန်းချိုးခဲ့ပါ၊ ပန်းမာလာ အညာမှာ မြရည်လူးတယ်၊ ပန်ဝံ့ပါဘူး။ ပန်ပါတဲ့ ပန်ပါ၊ ရွှေမင်းဝံတောင်ပေါ်ရှိးဆီက၊ ပန်းချိုးခဲ့ပါ၊ အပွင့်ရယ်ဝါ၊ အညာမှာ မြရည်လူးတယ်၊ ပန်ဝံ့ပါဘူး"

မင်းဝံတောင်တွင် အရှင်ပဏ္ဍိစ ဘရားအားထုတ်ခြင်း မပြုမီက အထက်ပါ အတိတ်တဘောင်သည် အရှင်ပဏ္ဍိစအတွက်ဖြစ်သော အတိတ် ဘောင်ဟု ပြောစမှတ်ရှိပါသည်။

ထိုမင်းဝံတောင်တွင် ရှေးအခါက ဝံသူတော်နေခဲ့လေသည်။ မြတ်စွာ ဘုရားကြွလာစဉ် ဝံသူတော် ဆည်းကပ် ခံနေပြုသဖြင့် မြတ်စွာဘုရားက...

'ဒီဝံသူတော်ဟာ သာသနာပြုမင်းဖြစ်မယ်။ သန်လျက်ခုံကျွန်းပြုတည်၍ စည်းခုံတည် ထိမ်မည်'

ဟု ဗျာဒိတ်ပေးခဲ့သည်။ နောင်အခါ ထိုဝံသူတော်သည် စည်းခုံဒါယကာ ဖြစ်လာသည်။ ဝံသူတော်နေခဲ့သော တောင်ကို အစွဲပြု၍ မင်းဝံတောင်ဟု ခေါ်တွင်ခြင်းဖြစ်သည်။

---

ဓမ္မတာန်းမင်း၏ ပရိဒေဝ သောကမီး ကို ငြိမ်းစေသော ပဥ္စင်းငယ်

---

သက္ကရာဇ် ၁၂၂၈ ခုနှစ်၊ ဝါဆို




◆ "မမလေးရဲ့ပန်စရာ ရွှေမင်းဝံတောင်ပေါ်ရှိက ပန်းချိုးခဲ့ပါ၊
အပွင့်ရယ်ဝါ အညာမှာ မြရည်လူးတယ် ပန်ဝံ့ပါဘူး"
အတိတ်တဘောင်ဖြင့် အရှင်ပဏ္ဍိစ ပေါ်ထွန်းခဲ့သည်ဟုဆိုသည်

www.burmeseclassic.com

လပြည့်ကျော်(၇)ရက် ကြာသပတေး နေ့ နာရီပြန်(၂)ချက်တီးအချိန် မင်းတုန်းမင်းတရားကြီး၏ ညီတော် အိမ်ရှေ့စံ ကနောင်မင်းသားသည် မြင်ကွန်းစားနှင့် မြင်းခုန်တိုင်စားတို့၏ ဓားချက်ဖြင့် ကံတော်ကုန်လေသည်။

မင်းတုန်းမင်းကြီးသည် ညီတော် ကနောင်မင်းသားကို အလွန်ယုံကြည်သည်။ အားလည်း ကိုးသည်။ သားတော်များရှိပါလျက် ညီတော် ကနောင်မင်းသားအား အိမ်ရှေ့အရာပေးသည်ကို သားတော်များက မကျေနပ်ကြချေ။

မြင်ကွန်း မြင်းခုန်တိုင်မင်းသားတို့သည် ခမည်းတော်အရင်း မင်းတုန်းမင်းတရားကြီးကိုပါ လုပ်ကြံရန် ကြိုးစားသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသဖြင့် ဖြေမဆည်နိုင်အောင် ရှိနေရှာသည်။

သားတော် အလွန်များပြားလှသော မင်းတုန်းမင်းကြီးမှာ တစ်ဦး တစ်ယောက်ကိုမျှ အိမ်ရှေ့အရာ အပ်နှင်းခြင်း မပြုဝံ့သည်ကား ညီတော် အိမ်ရှေ့မင်းလို ကြမ္မာဆိုးများ၊ ကျရောက်မည်စိုးသောကြောင့်ဖြစ်၏။

ညီတော် ကနောင်မင်းအတွက် သောက၊ သားတော်များအတွက် သောကများ၊ သားတော်မြင်ကွန်းနှင့် မြင်းခုန်တိုင်တို့ကို အင်္ဂလိပ်တို့ ဖမ်းဆီးချုပ်နှောင်ထားသည့် သတင်းများ ကြားရသည်။

ထိုအခါ သားတော်များအတွက် စိတ်မချမ်းမသာဖြစ်လျက်၊ ဆရာတော် ရဟန်းငါးပါးအား နောက်လိုက်နောက်ပါများ ထည့်ပေးပြီး သားတော်များကို ခေါ်ခဲ့ပေးပါ။ ခွင့်လွှတ်ပါကြောင်း ပြောနိုင်းသော်လည်း သားတော်များက အချိန်အခါသင့်မှ ပြန်လာပါမည်။ ယခု



◆ ဦးပဏ္ဏဝ ပြောမည့်တရားအား မင်းတုန်းမင်းနှင့် စပ်အပ်မှု မရှိမှာစိုး၍ မပြောခဲ့သည်ကို တပည့် ဦးပဏ္ဏဝ အထုပ်ပြင် အနောက်မင်းထံသို့ သွားမည်ဆိုသဖြင့် နန်းတွင်းဝင် ဆေးတရားပြောခဲ့သော သာ်ခါ...

တော့ မသင့်သေးပါဟု လျှောက်ထားလာသဖြင့် မင်းတုန်းမင်းကြီးမှာ စိတ်နှလုံး ညှိုးနွမ်းနေရှာသည်။

မင်းတုန်းမင်းကြီးအတွက် အသက်စတေးသွားကြရရှာသော သားတော်သုံးပါးဖြစ်သည့် မလွန်မင်းသား၊ စကုမင်းသား၊ ပြင်စည်မင်းသားတို့အတွက်လည်း ယူကျုံးမရ သနားလျက်ရှိနေပါသည်။

မြန်မာနိုင်ငံအထက်ပိုင်း သိမ်းရေးတွင် အိမ်ရှေ့စံ ကနောင်မင်း... ကျဆုံးသွားပြီ ဖြစ်သည့်အ... အင်္ဂလိပ်နယ်ချဲ့များက ဝမ်း... ဝမ်းသာ ရှေ့တိုးလာမည့်အရေး... မင်းတုန်းမင်းမှာ နယ်ချဲ့အင်္ဂ... ကလည်းတစ်မှောင့် ဖြစ်နေရှာ...

ထိုမျှ များပြားလှသော ... သောကမီးများ ငြိမ်းအေးစေ... တရားဟောစေဖို့ သုဓမ္မာဆ... များ ဦးဆောင်၍ အေးယာ...





www.burmeseclassic.com

www.burmeseclassic.com

ဆက်ကပ်ကာ အဆက်မပြတ် အေးတရားများ ဟောကြားနေရသည်။

တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ တံဆိပ်မရ ဆရာတော်များ၏ အေးတရားများကို အဆက်မပြတ် အလှည့်ကျကို နာကြားနေပါသော်လည်း မင်းတုန်းမင်းမှာ အေးငြိမ်းခြင်းသို့ မရပူဆွေးသောကကြီးစွာ ဖြစ်နေရှာသည်။

နောက်ဆုံး၌ သင်္ဂဇာဆရာတော် အလှည့် ရောက်သောအခါ **သင်္ဂဇာစာသင်တိုက်တွင် ပထမစာချတာဝန်ယူနေသော ဦးပဏ္ဍဝအား** တရားဟောရန် မိန့်တော်မူလေသည်။

သေချာစေရန် တပည့်ဦးပဏ္ဍဝ ဟောမည့်တရားကိုလည်း စစ်မေး၏။ သို့သော်လည်း ဦးပဏ္ဍဝဟောမည့် တရားမှာ အသစ်အဆန်း **ပါရမီမင်္ဂလာတော့ဘုမ္မိကမဂ္ဂင်တရား**ဟု သိရပြီး မင်းတုန်းမင်းနှင့် အပ်စပ်မှုမရှိ လွဲချော်နေမှာ စိုးရိမ်သောကြောင့် ဦးပဏ္ဍဝအား တရားဟောစေခြင်း မပြုစေတော့ဘဲ သင်္ဂဇာဆရာတော်ကိုယ်တိုင်ပင် မင်းတုန်းမင်းကြီးအား အေးတရားများဟောလေတော့သည်။

သင်္ဂဇာဆရာတော်ကြီး၏ တရားကို နာကြားရသော်လည်း သောက မငြိမ်းအေးသော မင်းတုန်းမင်းကြီးက နောက်နေ့မှာလဲ တရားဟောကြွခဲ့ပါဦးဟု ထင့်လျှောက်ပြန်လေသတဲ့။

သင်္ဂဇာဆရာတော်ကြီး ကျောင်းသို့ ပြန်ရောက်သောအခါ ဦးပဏ္ဍဝအထုပ်အပိုး ပြင်ဆင်နေ၍ သင်္ဂဇာဆရာတော်ကို စောင့်နေသည်ကို တွေ့ရသည်။ မေးတော်မူသောအခါ အနောက်ဘက် ကျောင်းဆရာတော် ဦးကောဏ္ဍည ထံသွားရန် ပြင်ဆင်နေပါသည်ဟု လျှောက်တင်ပါသည်။



◆ ဓာတ်တွင်းကျောင်းတိုက်နှင့် တပည့်ဒါယကာများ အိမ်တိုင်းတွင် ချိတ်ဆွဲပူဇော်ထားသော ဓာတ်တွင်းဆရာတော်ကြီးပုံတော်

သင်္ဂဇာဆရာတော်က **"မသွားနဲ့ဦး၊ မနက်ဖြန် နန်းတွင်းထဲလိုက်ပြီး အေးတရား ဟောရမည်"**ဟု မိန့်တော်မူလေသည်။ သည်တော့မှ ဦးပဏ္ဍဝမှာ ဝမ်းသာစွာဖြင့် ဟောပါ့မည်ဟု လျှောက်တင်လိုက်လေတော့သည်။

သင်္ဂဇာဆရာတော်နှင့်တကွ လေးပြင်လေးရပ်မှာ ဆရာတော်သံဃာတော်များ ဦးပဏ္ဍဝ နန်းတွင်းကြွ အေးတရားဟောရာသို့ လိုက်ပါတော်မူကြလေသည်။

ထိုအချိန်တွင် ဦးပဏ္ဍဝသည် သိက္ခာတော်(၁၅)ဝါရချိန် ဖြစ်ပါသည်။ စာတတ် အကျော်အမော် ဆရာတော်များ၊ မင်းမိဖုရား မှူးမတ်အစုံ ပရိတ်ရှေ့မှောက် အေးယပ်တောင် လက်ခံကာ အတောင်(၃၀) မြင့်သော ဓမ္မာသနပလ္လင်ပေါ်တက်၍ အေးတရားကို ဟောတော်မူ၏။

'အနုပ္ပါ ဒေ ဒေါ် နိဗ္ဗာနံ ဥပ္ပါဒေါ် သမ်တံ'

ဝေဘာဘုမ္မိက လောကီအပါဒါန် တရားဟူသမျှ ဆင်းရဲတတ်၍ အနု



www.burmeseclassic.com

www.burmeseclassic.com

သောက အေးငြိမ်းပေးနိုင်သော ပါရမီ မင်္ဂလာ စတုဘုမ္မိက မဂ္ဂင်တရားက သာ အပူသောကကို အေးငြိမ်းပေးနိုင် ကြောင်း တရားကို အကျယ်ချဲ့ ဟော ကြားလေသည်။

**သုံးဆယ့်ရှစ်ဖြာမင်္ဂလာသုတ်ကို**

**အေးတရားအဖြစ် ဟောတော်မူခြင်း**

သင်္ဂဇာဆရာတော်ကြီး၏ တပည့် ဖြစ်သော **(နောင် ဇွက်တွင်းဆရာတော် ကြီး လျှောင်းလျှာ) ပခွင်းငယ်လေး ဦးပဏ္ဍဝ**သည် သာမဏေ(၉)ဝါ၊ ရဟန်း(၅)ဝါရသောအခါက ပထမဆုံး စီရင်ရေးသားတော်မူသော **မင်္ဂလ သုတ် သာသန ဝိသောဓနီကျမ်း**ကို သုဓမ္မာသို့ တင်ပြထားသော ကျမ်းဖြစ် ၍ တိုက်ဆိုင်လာသဖြင့် ပခွင်းငယ်လေး ဦးပဏ္ဍဝသည် မိမိ စီရင်ရေးသားအပ် သော တေ မင်္ဂလ မုတ္တမံ မင်္ဂလာသုတ် ကိုပင် ဝိသေသ အနက်ထုတ်၍ ဟော ပြတော်မူလေသည်။

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာသုတ်ကို ဝိသေသအနက် ထုတ်ထားပုံမှာ ထူးလှ ပါ၏။

'ဤမင်္ဂလသုတ်၏ နိဒါနဝဂ္ဂကို စီရင်တော် မူသော အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ အစရှိသော သာဝကဗုဒ္ဓ အနုဗုဒ္ဓ သုတဗုဒ္ဓ ဖရံပရဗုဒ္ဓ အရှင်မြတ်တို့သည် သတ္တဝါတို့၏ သန္တာန်၌ကိန်၊ ကာယကံသုံးပါး ဝစီကံလေးပါး မနောကံသုံးပါး ငှင်းဆယ်ပါးသော ကံ၊ ကံကတ္တားသည် မြတ်စွာဘုရားဟောတော် မူသော မင်္ဂလသုတ် ဆယ်ဂါထာဖြစ်သည်။ ပိဋကတ်သုံးပုံ ပရိယတ္တိသာသနာ၊ ပဋိပတ္တိ သာသနာ၊ ပဋိဝေဓသာသနာ၊ အာဏာတော် စက် လေးပါး၏ အခြေအမြစ်လည်းဖြစ်သည်။ ထိုပရမတ္ထ ကံကတ္တားဆယ်ပါးကို လောကီ သင်္ခါရတရားငါးပုံ လောကုတ္တရာ အသင်္ခတ





◆ ဇွက်တွင်းဆရာတော်၏ အေးတရားဟောခဲ့သော မင်းတုန်းမင်းတရားကြီး

တရားသုံးပုံ၊ လောကီသင်္ခါရတရားမှာ ပဋိစ္စ သမုပ္ပါဒ အနုလောမ၊ သံသရာစက်ရဟတ်၊ လောကုတ္တရာ အသင်္ခတတရားမှာ ပဋိစ္စ သမုပ္ပန္န ပဋိလောမ သံသရာ စက်ဖြတ်၊ ဤသို့ ဒုမင်္ဂလ၊ သုမင်္ဂလ(၂)ပါး မှတ်လျက်၊ ပရမတ္ထ ကံကတ္တား ရှစ်ဆယ်ကို မြတ်စွာ ဘုရားဟောတော်မူသည်'

အထက်ပါအတိုင်း မြတ်စွာ ဟော ကြား ပရမတ္ထကံကတ္တား ရှစ်ဆယ်ကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာ၍ မဟာ မင်္ဂလာသုတ်ကို မဟောမီ၊ လောကီ သင်္ခါရကို ပယ်စွန့်အပ်သော ဩဝါဒ ပါတိမောက်တရား...

အများရှောင်သာ ကျင့်သာအောင် ဟောကြား ရေးသားထားသည်မှာ မင်္ဂလာသုတ်တော်၏ နိဒါန်းပျိုးထားပုံ ထူးခြားချက်ကို နာကြား မှတ်သားရပါ သဖြင့် ပခွင်းငယ်လေး ဦးပဏ္ဍဝ၏ အစွမ်းက အံ့မခန်းဖြစ်ပါတော့၏။

**ဥပမာသဘောဖြင့် မဟာမင်္ဂလ သုတ်တော် ဒုတိယဂါထာတော်၏ အနက်အဓိပ္ပါယ် ဖွင့်ဆိုချက်ကို လည်း ရေးပြပါဦးအံ့။**

'ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ...
ပုညတာ၊ အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလ...
မုတ္တမံ'

'**ဒေသာဝါသပုဗ္ဗ**– ဒို အညဲ... နတ်သား၊ **ယောပတိရူပ ဒေသ... သောစ**– အကြင်သုံးပါးရတနာ၊ ... ထွန်းရာနိုက်၊ ချမ်းသာစွာ နေထိုင်... ခြင်းသည်လည်းကောင်း...

**ပုဗ္ဗေ**– အလျှုလက်ဦး၊ ပေးကြ... ကာလနိုက်၊ **ယာကတ ပုညတာ**... အကြင်ဒါန ဝီရိယ မေတ္တာပညာ၊ ... ခန္တီ သစ္စာပညာ၊ နိက္ခမ အဓိ... ဥပေက္ခာပညာ၊ ဒွါစတ္တာ လီသာ ... ချုပ်မိအောင်၊ ဟုတ်ဟုတ်ဟတ်... ဖြည့်ဆည်းပူးရခြင်းသည် ... ကောင်း...

**ယာကတပုညတာစ**– ... သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိ ... နှင့်ကူခြွေ၊ ထင်ရှားစေလျက်၊ ... အချာပြု ဆည်းပူးရခြင်းသည် ... ကောင်း...

**အတ္တသမ္မာ**–မိမိကိုယ်ကို(ဝါ) ... **ဣမသမိကာယေ**– ...

www.burmeseclassic.com

www.burmeseclassic.com

လောမာ၊ နခါ၊ ဒန္တာ၊ တစော စသော သုံးဆယ့်နှစ်ပါးသော မိမိကိုယ်ကို၊ **သာပဏီဝိစ**– အကြင် ဝိရမိတဗ္ဗ ဣန္ဒြိယ ပစ္စည်းငါးပါး ထောက်လျက်၊ ဖောက်မပြန် ကောင်းမွန်စွာ ကျင့်သုံး ဆောက်တည်ရခြင်းသည် လည်း ကောင်း။ **အဏ္ဍိ**– ဒါန၊ သီလ၊ နိက္ခမ၊ ပါရမီပြုရိုးရှိ၏။

**တော်တီဝိစံ**– ဤဝိရတီ သုံးတန်၊ သီလက္ခန်နှင့်ယှဉ်သော တရားသည် လျှင်၊ **ဥတ္တမံ**– မြတ်သော၊ **မင်္ဂလံ**– ပါရမီမင်္ဂလာမည်၏ ဟူ၍၊ **တွံ**– သင် အညတြနတ်သားသည်၊ **ဂဏှာဟိ**– မဟာဗောဓိပက္ခိယပိုင်အောင် မှတ် သားလေတော့'

သုံးဆယ့်ရှစ်ဖြာမင်္ဂလသုတ်မှ ဒုတိယ ဂါထာဖြစ်သော ပတိရူပဒေသ ဝါသော စ ဂါထာကိုပင် စာမျက်နှာ လေးမျက်နှာ ခန့် အနက်အဓိပ္ပါယ် အမြွက်ထုတ် သည်ကို အနည်းငယ်မျှ နမူနာဖြင့် လာနိုင်ရန် ဖော်ပြအပ်ပါသည်။

[(၃၂)ပါးသော ကောဋ္ဌာသ ကမ္မဋ္ဌာန်းတရားဖြစ်၏]

<u>ဗုဒ္ဓသလောကဓမ္မေဟိ ဂါထာကို အနက်အဓိပ္ပါယ် ဖွင့်ပုံပြပါအံ့။</u>

'ဗုဒ္ဓသ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ၊ အ,သောကံ ဝိ,ရဇံ ခေမံ ဧတံ မင်္ဂလ မုတ္တမံ။

'**သောဒေဝပုတ္တ**– အိုအညတြ နတ် သား **လောကဓမ္မေဟိ**–သတ္တလောက ...၌ **သုခဒုက္ခံ**– ခြေရံကျူရုံ၊ ...ခါ စုံတစ်ခါတည်း၊ လာဘာ ...၊ လာဘ်ရချေခါ၊ မရခါနှင့်၊ ...ညာဝေးနီး၊ ချီးမွမ်းပြောဆို၊ ...ည်ညိုမှု၊ ထိုသူကိုပင် အပြစ်တင် ...

...စင်တကား ဤရှစ်ပါးသော လောကဓမ္မ၊ သခါရတရားတို့နှင့်၊ **ဖုဋ္ဌဿ**– ဖုန်ထောင်းထောင်း ထသလို တွေ့ထသော...

**ယဿ**– အကြင် မဟာသတိပဋ္ဌာန် ဂိုဏ်းဝင်ရဟန်းရှင်၊ လူမိန်းမ ယောကျ်ား၏၊ **စိတ္တံ**– ဒါနသီလနိက္ခမ ပါရမီမင်္ဂလာ၊ မဟာသတိပဋ္ဌာန်၊ မဂ္ဂင် ရှစ်ပါးနှင့်ယှဉ်သော လောကုတ္တရာ၊ စတုဘုမ္မိကစိတ်သည်၊ **နကမ္ပတိ**– ငါ့ကံသာလျှင် ပြုစီရင်၏ဟု ပကတိ မတုန်မလှုပ်ဘဲ သည်းခံနိုင်၏။

**အသောကံ**– စည်းစိမ်ခြွေရံ ပျောက်ပျက်ပြန်လည်း ပူပင်စိုးရိမ်ခြင်း လည်း မရှိ၊ **ဝိရဇံ**– စည်းစိမ်ဥစ္စာ၊ ရတနာနှိုက်၊ တဏှာစေးထပ်၊ လောဘကပ်၍၊ တပ်မက်မောခြင်း လည်းမရှိ၊ **ခေမံ**– သခါရတရား၊ ပျက်တတ်ငြားဟု၊ ဘေးဘယာ လွတ် ခွာ၊ ဘာဝနာဖြင့်သာ ချမ်းသာစွာ နေလေ့ရှိ၏။

**တော်စတုဗ္ဗိဓံ**– ဤပရမတ္ထသစ္စာ၊ ပဋိသမ္ဘိဒါလေးပါးနှင့်ယှဉ်သော တရား သည်လျှင်၊ **ဥတ္တမံ**– သံသရာကို လွန် မည်ဖြစ်၍၊ အလွန်မြတ်ထသော၊ **မင်္ဂလံ**– ဆိပ်တောက်ပယ်ပြီး၊ နဂါးကြီး ကို၊ ဖမ်းဆီးကိုင်ငင်၊ လက်တွင်အမှတ်၊ ပါးစပ်ခံတွင်း၊ လက်ကိုင်သွင်းလည်း ကိုက်ခြင်းမထင်၊ ကိလေသာ အဆိပ် စင်သောကြောင့်၊ မင်္ဂလာမည်၏ဟူ၍၊ **တွံ**– သင်အညတြနတ်သားသည်၊ **ဂဏှာဟိ**– မှတ်သားလေတော့'

ဤဂါထာ၏ လောကဓံရှစ်ပါး တရားကို အကျယ်ချဲ့၍ သုံးမျက်နှာခန့် အနက်ဖွင့်ထားပါသည်။

မင်းတုန်းမင်းကြီး၏ သောကမီးကို ငြိမ်းအေးစေရန်၊ မင်္ဂလသုတ်ဖြင့် အေး တရားဟောကြားပုံ နမူနာကို ရေးပြ ထုတ်နုတ်ဖော်ပြလိုက်ပါသည်။

အနက်ဖွင့်အကျယ် တရားများ အစုံ အလင် နာကြားရသော မင်းတုန်းမင်း ကြီးသည် နှလုံးစိတ်ဝမ်းအေးချမ်းစွာ သောမနဿ ဝမ်းမြောက်တော်မူကာ တေဘုမ္မိက တရားဟူသမျှ ဆင်းရဲ တတ်စွာ အပူသောကများ ပေးနိုင် ကြောင်း၊ ပါရမီ မင်္ဂလာစတုဘုမ္မိက မဂ္ဂင်တရားသည် အပူငြိမ်းအေးစေ နိုင်ကြောင်း...

မင်္ဂလသုတ်ဖြင့် ချဲ့ထွင်ဟောကြား တရားပြသော ပဉ္စင်းငယ်လေးဦးပဏ္ဍဝ အား **"ပညာဒီပ ကဝိဓဇ ဒီသာ ပါမောက္ခ တိပိဋကာလင်္ကာရ"** တံဆိပ်တော်နာမံ အပူဇော်ခံရလေ သည်။

ထို့နောက် ဦးပဏ္ဍဝသည် စစ်ကိုင်း ဘက် ရွှေမင်းဝံတောင်ရိုး ငှက်ငယ် များစွာ တွင်းများ တူးဆွထားသော ငှက်တွင်းလိုဏ်ဂူများတွင် တရားကျင့် ရန် တောထွက်တော်မူလေသည်။

သုံးနှစ်သုံးမိုး အားထုတ် သီတင်း သုံးတရား ကမ္မဋ္ဌာန်းအားထုတ်ခဲ့သည်။ ထိုချောင်တွင် မင်းတုန်းမင်း၏ ကြေး မှုင်မိဖုရားနှင့် ထိပ်စုကြီးမင်းသမီးတို့က ပင့်လျှောက်၍ ကျောင်းဆောက် လှူဒါန်းသောကြောင့် အလှူခံ သီတင်း သုံးကာ သတိပဋ္ဌာန်ကျင့်စဉ် ကောဋ္ဌာသ တရားများကို ဟောပြတော်မူလေ သည်။

ငှက်တွင်းချောင်တွင် သီတင်းသုံး သဖြင့် **ရွှေမင်းဝံ ငှက်တွင်းဆရာတော်** ဟု နာမည်ကျော်ခဲ့လေသည်။

ရှေ့လဆက်ဖတ်ပါရန်

**ခင်ခင်ဝင်း (မောရဝတီ)**



www.burmeseclassic.com

www.burmeseclassic.com

# အရာရှိကတော်

## ဖြစ်နိုင်ပါ့မလား

ကြည့်ပါ...

ကြာသပတေးဂြိုဟ်ခုံမှာ **ဆော်လမွန်ကွင်း၊ လေးထောင့်ကွက်၊ မေယျုထီးရိုး**များကြောင့် ဂြိုဟ်ခုံကို အထူးအားကောင်းစေတယ်။ (ဂ)

ဒါကတော့ အကြီးအကဲဖြစ်ခြင်း၊ ဂုဏ်သိက္ခာရှိခြင်း၊ ယာဉ်ကားပိုင်ခြင်း၊ ခြံမြေ လယ်ယာရှိခြင်းရဲ့ ပြယုဂ်ပါ။

စနေဂြိုဟ်ခုံမှာ **ညောင်ရွက် ကြာဖူးသင်္ကေတ** တွေ့ရတယ်။ (ခ)

ဒါကတော့ မင်းစိုးရာဇာဖြင့် ဆက်နွယ်စေပါတယ်။

တနင်္ဂနွေဂြိုဟ်ခုံမှာ **မင်္ဂလာအခြံအရံ** ပြည့်စုံပါတယ်။ (က)

ဒါကတော့ အိမ်ထောင်ကောင်းကို ရစေပါတယ်။

အဲဒီ အချက်(၃)ချက်ကြောင့် အရာရှိကတော် ဖြစ်နိုင်ပါပြီ။ ဌာနတစ်ခုက ပြန်တမ်းဝင်အရာရှိတစ်ဦးရဲ့ဇနီး လက္ခဏာပါပဲ။

***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**




**၁၂၆ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျိုးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

# ဆေးစွမ်းကောင်းနှစ်လက်

ကိုညာဏ်ထွန်းရှိန် (စက်မှု-၁)

'ဟော့… ကိုညာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဩော်… စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ ထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုညာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက် (၄ + ၅) အဆစ်တွေမှာ အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ မယ့် အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက် နိုင်နေပဲ'

ဒီဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက် ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်း ကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင် ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဆေးဟာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ဆေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ အတွက် အကျိုးမယုတ်နိုင်ပါဘူး'

မြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့

… လာ သွားကြမယ်'

* * * * * *

လဲ မစိုးရိမ်ပါနဲ့ ကိုညာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် တယ်။ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့၊ ခါးကျိုးပေါင်း၊ ကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြော ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်း တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို ကုသပေးနေရပါတယ်'

ကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လို ဆရာ'




**ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၅၃၆၉**

**ကြော်ငြာခွင့်ပြုချက်အမှတ်**
**တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃**

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြော တက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်ခိုင် ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံ ကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြု နေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၆၁၂YR ၀၀၆၇၀၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျီးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျီးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျီးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျီးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျီးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျီးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက်သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်၊လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လ

အတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျီးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော် ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ် တယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေး ကောင်းနှစ်လက်ကြောင့် ဇက်ကျီးပေါင်းရောဂါ၊ ခါးရိုးကျီးပေါ ရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေး ဟာယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအ အတိုင်းပေါ့လေ။ အရိုးကျီးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အ ကျီးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်း ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြော ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျီးပေ ပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင် မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေ

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူ အရိုးကျီးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ် ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေး ဆိုင်များမှာ စကြာမင်း အရိုးကျီးပေါင်းပျောက်ဆေး ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေး အတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျီးပေါ ဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျီးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ ပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျီးပေါင်း၊ ခါးရိုးဆစ်ကျီးပေါင်း တော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်က လ ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါပျော သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျီးပေါင်းရောဂါရှင်မျာ စကြာမင်း အရိုးကျီးပေါင်းရောဂါပျောက် သောက်ဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျီးပေါ ဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း'' လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်-စ/၆၆၆ သုဓမ္မာလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

**ဦးဉာဏ်ထွန်းရှိန် (စက်မှု-၁)**



www.burmeseclassic.com

www.burmeseclassic.com

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ငါးပြေမရွာမှ မပုပ်မသိုးသည့်

# ငါးပြေမဆရာတော်ကြီး ဘဒ္ဒန္တ ဝဏ္ဏသာမိ


ဆရာ ဦးစန်းယု
(ခေတ်မီအာဘိဓမ္မာဘောင်သာ၊ တိုင်းရင်းဆေး) ဝါးခယ်မမြို့- ကံကွင်း


၂၀၁၆ ခုနှစ်၊ နက္ခတ္တရောင်ခြည် ...ဇင်း၊ နိုဝင်ဘာလထုတ် စာမျက်နှာ (...၇)တွင် **ရမည်းသင်း ဆောင်းပါးရှင် ...င်မောင်ကျော်၏ မပုပ်မသိုးသည့် ...ပ်ကလာပ်တော်များ** အကြောင်း ...ရာ ဆောင်းပါးကို ဖတ်ရှုရပါသည်။

ထို့နောက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ...၏ စာတည်းချုပ်ကလည်း မိမိတို့ဒေသ ...တမှုပါ မပုပ်မသိုး ထူးခြားဆန်းကြယ် ...သာ ဆရာတော်ကြီးများကို မိမိတို့ ...ရှိသမျှ ရေးသားပေးပို့နိုင်ပါကြောင်း ...တ္တာရပ်ခံစာများကို စာရေးသူ ...လာဖတ်ရှုရပါသည်။

သို့အတွက်ကြောင့် မပုပ်မသိုးဘဲ ...ခြားဆန်းကြယ်သော **ဧရာဝတီ ...င်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ...ပြေမရွာမှ ဆရာတော်ကြီး ဘဒ္ဒန္တ ...ဏ္ဏသာမိ**၏ အကြောင်းအရာတစ်ခု ... ထပ်မံ၍ တွေ့ရှိသဖြင့် နက္ခတ္တ ...ရောင်ခြည်မဂ္ဂဇင်း၏ စာဖတ်သူ ဓမ္မ ...ဆွေတို့အတွက် ထပ်မံ၍ ရေးသား ...ပြလိုက်ပါသည်။

...စာရေးသူသည် လွန်ခဲ့သည့် ၁၃၇၈ ... တပေါင်းလဆန်း(၁၃)ရက်နေ့က ...ဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ် ...ကျေးရွာရှိ မော်တင်စွန်းစေတီဘုရားသို့ ...ရောက်ဖူးမြင်ပါသည်။

...မော်တင်စွန်းဘုရား သွားရာလမ်း ...တွက်တွင် ငါးပြေမရွာ ငါးပြေမ ...ဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ၏ ...ရှိရာ နေရာဒေသသို့ စာရေးသူတို့ ...အဖွဲ့အားလုံး မပုပ်မသိုးသည့် ...ဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ၏ ...ကလာပ်တော်ကို ဖူးမြင်ကြပါသည်။ ...ဆရာတော်၏ ရုပ်ကလာပ်တော်ကို ...ခေါင်းထဲမှာ ထည့်ထား၍ စေတီ ...ပုံသဏ္ဌာန်ဖြင့် မှန်ခေါင်းကို ငုံ၍ထား ...စေတီဌာပနာ ပုံစံမျိုးလို ပြုလုပ်ထားတာကို တွေ့ရှိရပါသည်။



ငါးပြေမဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ ပေါဘသော် သက်တော်(၁၀၀)၊ ဝါတော်(၈၀) (၂.၅.၂၀၁၃) ရက်နေ့တွင် ဘဝ နတ်ထံ ပျံလွန်တော်မူသည်။

ငါးပြေမဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိသည် (၂-၅-၂၀၁၃) ခုနှစ်၌ ခန္ဓာဝန်ချခဲ့ကြောင်း ဆရာတော်၏ တပည့် ဒါယကာ,ဒါယိကာမတို့က တစ်ဆင့် မေးမြန်းသိရှိရပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ငါးပြေမဆရာတော်သည် (၃)နှစ်၊ (၄)နှစ်ခန့် ခန္ဓာဝန် ချသွားသော်လည်း ဆရာတော်၏ ရုပ်ကလာပ်တော်မှာ အပုပ်နံ့ မထွက်ခြင်း၊ မပုပ်မသိုးခြင်း စသော ထူးခြားဆန်းကြယ်သော ရုပ်ကလာပ်တော်များ တည်ရှိလျက် ရှိပါသည်။

ငါးပြေမဆရာတော်ထံသို့ ဖူးမြင်လာသူတိုင်းကို ဧည့်ခံကျွေးမွေးရေး အဖွဲ့သားများမှ မုန့်ဟင်းခါးနှင့် ငှက်ပျောသီးများ လှူဒါန်းကျွေးမွေးပါသည်။

ဆရာတော်ကြီး ဘဒ္ဒဝဏ္ဏသာမိ၏ ဓာတ်ပုံတော်ကို ပူဇော်လိုပါလျှင် (၅၀၀)ကျပ်တန် ဓာတ်ပုံအကြီးနှင့် (၂၀၀)ကျပ်တန် ဓာတ်ပုံအသေးကို မိမိတို့နှစ်သက်ရာ ပုံဖြင့် ပူဇော်၍ ရပါသည်။

ထူးခြား ဆန်းကြယ်သည်မှာ ဘဒ္ဒန္တဝဏ္ဏသာမိ၏ သက်တော်သည် (၁၀၀)တမ်းဖြစ်၍ ဆရာတော်၏ ဝါတော်မှာလည်း (၈၀)ဖြစ်သည်။ ခန္ဓာဝန်သွားသည်မှာ (၄)နှစ်ခန့် ရှိသော်လည်း ရုပ်ကလာပ်တော်မှာလည်း ပုပ်သိုးခြင်း၊ အပုပ်နံ့ထွက်ခြင်း မရှိပါ။

မြန်မာနိုင်ငံအတွင်းရှိ ဤကဲ့သို့ မပုပ်မသိုးသော ဆရာတော်ကြီးများ၏ ရုပ်ကလာပ်တော်များကို နေရာဒေသတိုင်းတွင် တွေ့မြင်ဖူးမြော်ရခြင်းသည် မြန်မာနိုင်ငံသား အားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ရမည် ဖြစ်ပါသည်။

ငါးပြေမဆရာတော်ကြီး ဘဒ္ဒန္တဝဏ္ဏသာမိ၏ ရုပ်ကလာပ်တော်ကို ဖူးမြင်လိုပါက ကိုယ်ပိုင်ကားဖြင့်ဖြစ်စေ၊ တက်စီကားကို ငှားရမ်း၍ဖြစ်စေ ရန်ကုန်မြို့မှ ကား စတင်စီး၍ ပုသိမ်မြို့ ရောက်သည်အထိ ကားစီးလာပါ။

ပုသိမ်မြို့သို့ ရောက်ခဲ့လျှင် ပုသိမ်မြို့ကြီးတံတားပေါ်မှ ငွေဆောင်လမ်းခွဲ ငွေဆောင်ကားလမ်းအတိုင်း ကားကို ဆက်၍မောင်းလျှင် ဒီပါရုံသို့ ရောက်ရှိပါလိမ့်မည်။

ယင်းဒီပါရုံမှ ကားလမ်းအတိုင်း ကားကို ဆက်၍မောင်းသွားလျှင် ရေပ်ကောင်းမြို့သို့ ရောက်ရှိပါလိမ့်မည်။ ယင်းရေပ်ကောင်းမြို့မှနေ၍ ကားကို ဆက်၍မောင်းလျှင် (ဝါ) ကားဆက်၍ စီးလျှင် ငါးပြေမရွာ ငါးပြေမဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ၏ တည်နေရာဒေသသို့ ရောက်ရှိပါလိမ့်မည်။

ဤငါးပြေမရွာသို့ ရောက်ခဲ့လျှင် ငါးပြေမဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ၏ တည်ရှိရာဌာန စေတီပံကျောင်းပေါ်သို့တက်ကာ ဖူးမြင်နိုင်ပါကြောင်း နတ်လမ်းညွှန်လိုက်ရပါသည်။

ပိဋကတ်စာပေ ကျမ်းဂန်များကို သင်ကြားပေးခဲ့သော ကျေးဇူးတော်ရှင် ဆရာတော် ဦးဇေတနှင့် ဆရာတော် ဦးပဏ္ဍိတ(ခ)ဦးပညာသီဟ နှစ်ပါးတို့အား သက္ကစ္စဂါရဝ ပမာဏပြုရင်း မှတ်တမ်းပြု တင်ပြလိုက်ရပါသည်။

ဗုဒ္ဓစာပေကျမ်းဂန်များ သင်ကြားပေးခဲ့သော ကျေးဇူးရှင် ဆရာတော် ဦးဇေတ၊ ဦးပညာသီဟ(ခ)ဦးပဏ္ဍိတ နှင့် ဆရာတော်ကြီး ဦးသုန္ဒရသီရိတို့အား သက္ကစ္စဂါရဝ ပမာဏပြုရင်း မှတ်တမ်းပြု တင်ပြလိုက်ရပါသည်။

ဆရာ ဦးစန်းယု
*(ခေတ်မီအဘိဓမ္မာတောင်သာ၊ တိုင်းရင်းဆေး)*
ဝါးခယ်မမြို့-ကံကွင်း

စာမျက်နှာ (၁၃၂)မှ အဆက်

နှစ်နှစ်အရောင်ကနေ နီညိုည… အရောင်သို့ ဖြစ်သွားပြီး နောက်… မီးလုံပေါင်း (၅၀)ကျော် ရောက်… တော့ အနီရောင်ရဲရဲတွင် … ကြည် အရောင်လေးများ စွက်… ပြီး ချော်ကောင်း။ ဓာတ်ကော… ဖြစ်လာပါသည်။

ယခု တင်ပြခဲ့သည်တို့… အင်္ဂရုတ်ဝါသနာရှင် သုတေသီ… အတွက် "မည်သည့် ဓာတ်… ဓာတ်ကောင်း၊ ဓာတ်သေဆို… မည်မျှ သေးငယ်သည့် ဓာတ်[… သားမှုတောင် မရှိခဲ့တဲ့] ဓာတ်… ဓာတ်ကောင်း ပီပီလေးကနေ … မျိုးတူဓာတ်များနဲ့ မီးချိန်တူ … ရလာခဲ့လျှင် ပေါင်းစပ်၍ … ကြဲဆောင်နိုင်ကြပါသည် ဆို… အကြောင်းကို အဓိက "မက်… အသိပေးလိုက်ချင်တဲ့ … တရားနဲ့ ဖော်ပြလိုက်ခြင်း … သည်။

"သေးသည် ကြီးသည် … မရည်ဘဲ မှန်ကန်သော … အင်္ဂရုတ် မီးအတတ်ဖြင့် … ဖမ်းထိုးခဲ့မှု စွမ်းရည်တွ… အကျိုး သယ်ဆောင်… ကောင်းကျိုးလိုရာ ပြည့်…

**"ဝါသနာရှင် သုတေ… ဉာဏ်ပဒေသာ အဖြာဖြာ… သဲ့၍ ယူနိုင်ကြပါစေ"**

*"ရွှေ့လတွင် နောက်… အပိုင်း(၁၀)ကို တင်ဆက်…*

ဦးမင်းဇင်(ရွှေနတ်…



www.burmeseclassic.com

www.burmeseclassic.com

သေးပေသည့် စွမ်းသည်

သွပ်ဓာတ်လုံး ပိစိလေး ပိတောက်ပွင့်တာ ငြိမ်သွားပြီး မီးပေါက်သံ တဖျောက်ဖျောက် တိတ်သွားတော့ ပိတောက်ပွင့် မီးပန်းလေးများ တဖွားဖွားနဲ့ မီးပေါက်သံလေး တဖျောက်ဖျောက်ကို "လွမ်း" သလိုပင် ရှိလှတော့သည်။

အကြောင်းမှာ အခြား အခြားသော လက်ဝယ်မှာ ရှိထားသော ဓာတ်လုံးများကို မီးကစား၍ ပျင်းသလိုလို ရှိတဲ့အခါတိုင်း စာရေးသူက ထိုဓာတ်လုံးပိစိလေးကို ဖိုခွင်မှာ ထင်ပြီး မီးကစားရတာ "တစ်မျိုးတစ်ဘာသာ" အပျင်းပြေသလို စိတ်သက် ပေ့ါပါးသွားသလို ရှိလှပါသည်။

သို့သော် သူကလေး ငြိမ်သွားတော့ အပျင်းဖြေစရာ၊ ကစားစရာ အရုပ်လေး ပျောက်သွားတဲ့ ကလေးငယ်လို ဖြစ်နေတာပေ့ါလေ။

ယခု စာရေးသူ ဆိုလိုချင်တာကို အဦးရတ်ဓာတ် ဝါသနာရှင်တိုင်း သဘောပေါက် နားလည်ချင်မှ နည်းပါလိမ့်မည်။

သို့သော် ယခုလို "ထူးခြားဆန်းပြားသူ"တဲ့ ဓာတ်လုံးလေးများကို ထင်မှတ်ဘဲ ရရှိ ပိုင်ဆိုင်ဖူးကြသော ဝါသနာရှင်များကတော့ သဘောပေါက်ပါလိမ့်မည်ဟု ထင်သည်။

အဦးရတ်စကားရပ်တွေမှာ သုံးစွဲကြတဲ့ **"ဓာတ်ကစားတယ်"**ဆိုတဲ့ စကားရပ်ဟာ ဤဓာတ်လုံး ပိစိလေးကို ဆိုးတဲ့အခါမှာ ပိုမို၍ အဓိပ္ပါယ်



ဦးစင်ကြင်
(ငြိမ့်ဝင်း)

# သွပ်ဖမ်းဝိဇ္ဇာ

အပိုင်း(၉)

သက်ရောက်မှု ရှိနေတယ်လို့ပင် ထင်မိပါတော့သည်။

သည်တော့ ထိုသွပ်ဓာတ်လုံး ပိစိလေးက ကလက်တက်တက် မလုပ်တော့ဘဲ အတည်အတံ့ ဖြစ်သွားတော့လည်း သူ့ကို တည်တံ့ခိုင်မာတဲ့ ဓာတ်တက်လမ်းတွေကို လေ့လာ ရှာဖွေရပါတော့သည်။

သို့သော် ဤဓာတ်ပိစိလေး၏ မူလပိုင်ရှင် စာရေးသူ၏ မိတ်ဆွေ ပြောသလိုပင် ဓာတ်ကလေး သေးကွေးလွန်းလှသဖြင့် မည်သို့သော ဓာတ်တက်လမ်းကို ကြံရမည်ကို မသိ ဖြစ်နေပေသည်။

ကဲ...ဒါဆို တစ်ခုမဟုတ် တစ်မျိုးတော့ အသုံးတည့်အောင်ဆိုပြီး ထိုသွပ်ဓာတ်ပိစိလေးကို လုံနံ့ပါတ် (၅) လုံးနဲ့ တစ်လုံးအပြည့် လက်ချားချော်ချက်ပြီး ယင်းဓာတ်လေးထည့်ပြီး မီးကို (၇)အုပ်၊ (၈)အုပ်လောက် ထိုးပြီး လုံခွဲကြည့်လိုက်ပြန်တော့လည်း ယခင်ကလိုပဲ **ချော်ဟာ ဖြူနုစ်နေပြီး ချော်အလုံးလိုက် လုံမကစ်ဘဲ ကျွတ်ထွက်လာပြီး** ချော်ကောင်း ဖြစ်နေပါသည်။

သည်ချော်ကို သေချာစွာ အမှုန့်ထောင်းပြီး ပိတ်ပါးစနဲ့ စစ်ယူပြီး အခြားသော တိုင်းရင်းဆေးများ



www.burmeseclassic.com

www.burmeseclassic.com



**[နှလုံးအားဆေး၊ အစာအိမ်လေဆေး၊ သည်းခြေဆေးများနှင့် ရောစပ်၍ ရောဂါသည်များကို တိုက်ကျွေးကြည့်တဲ့အခါမှာ ပို၍ လျင်မြန်စွာ ရောဂါသက်သာပျောက်ကင်းကြတာကို တွေ့ရပါသည်။]**

ဒါလည်း ဓာတ်လုံးပိစိလေးရဲ့ အစွမ်းတစ်မျိုးလို့ ဆိုရပေမည်။ သည် အဆင့်လောက်နဲ့လည်း မကျေနပ်နိုင်သေးပါ။ အင်္ဂလိပ်မျိုးကျနေသူတို့၏ ထုံးစံအတိုင်း...

**"သွပ်သေမသိ ရွှေကိုကြည့်"** ဆိုတဲ့ စာဆိုစကားရပ်အတိုင်း ဒီပုလဲလုံးလေးလို ဖြူစွတ်ပြီး ဥနေတဲ့ ဓာတ်ပိစိလေးကို တစ်ခါတည်း ရွှေဝါရောင် ကိတ်ဓာတ်၊ မီးလင်းအခေါက် အရောင်အသားအတိုင်း ဖြစ်စေချင်မိပြန်လေသည်။

သည်နေရာတွင် ဓာတ်သားများကို အလွယ်တကူ အရောင်ဝင်းပြီး ဝါလာအောင် အရောင်ဆိုးသည့် စပ်တူဓာတ်သားလမ်းများ လုပ်သလို **ကြေး၊ ဒုဗ္ဗာပါသော ဆေးဝါးများဖြင့် ထိုးပြီး အရောင်ဝင့်လာတာမျိုးကို မလိုချင်ဘဲ** သူ့အလိုလို မီးတေဖောရလို့ တေဖောဝင် သိဒ္ဓိတက်ပြီး ရွှေဝါရွှေင် ဝင်လာတာမျိုးကို လိုချင်လေတော့ အတော် လုပ်ရခက်လေပြီ။

နောက်ဆုံးတော့ ယခင်က သွပ်ဖမ်းဝိဇ္ဇာဆရာ ဖမ်းပေးခဲ့သော ရွှေဝါရောင် သွပ်ဓာတ်သား(၈)ပဲသားကို ချုပ်ဆေး၊ သတ်ဆေး၊ နဝင်းဆေးတို့ဖြင့် အဆင့်ဆင့်ထိုးပြီး စင်ကြယ်လာတဲ့ သွပ်ဓာတ်လုံး(၁)မူးသားခန့်အရောက်တွင် သွပ်သေနီဝါရောင်ဓာတ်လုံးလေးကို သွားသတိရလေပြီ။

ထိုသွပ်နီဝါ (၁)မူးသား တေဖောအတင့်အသင့်ရနေသော ဓာတ်လုံးလေးနဲ့ သွပ်ဓာတ်လုံး ပိစိလေးကို (၂)လုံးပေါင်းပြီး လေဖိုတင်ပြီး ကောလီသားကျအောင် မီးပေး၍ ပေါင်းစပ်လိုက်ပါတော့သည်။

ဒီနေရာမှာ စာရေးသူ စိတ်အစဉ်မှာ ငါသွားပြီး ဓာတ်(၂)လုံး ပေါင်းစပ်လိုက်တာ မှားများသွားလေပြီလားဟု သံသယ ဝင်မိခဲ့သော်လည်း ထို (၂)လုံးပေါင်း ဓာတ်သွပ် ဓာတ်အလေးချိန် (၃)ပဲသားခန့် ဓာတ်လုံးလေးသည် မီး(၉)လုံခန့်အရောက်တွင် ယခင် ဓာတ်ပိစိလေး၏ ရုပ်လက္ခဏာများအတိုင်း နီဝါရောင်အဆင်းနဲ့ လှပစွာ ပြန်ပေါ်လာတော့မှ စိတ်သက်သာရာ ရသွားပါတော့သည်။

ယင်းဓာတ်လုံးလေးကိုပဲ နောက်ထပ် လုံပေါင်း(၂၇)လုံခန့် ထပ်ပြီး ချော်တစ်လှည့် လုံခြောက်တစ်လှည့် ထိုးသွားလိုက်တာ တဖြည်းဖြည်း ပို၍ ကောင်းမွန်လှပလာပါသည်။

သည်အခါတွင် ယခု ဓာတ်... လုံးပေါင်းထားတဲ့ အလေးချိ... (၃)ပဲသားလောက်ကို (၁)ရွှေ... လောက် လျော့ချင်နေလေ... ဒီထက်များ အရွယ်ကြီးတဲ့ ဓာတ်... လေး ဖြစ်လိုက်ရင်တော့ ပို... မှာပဲဆိုတဲ့ လောဘစိတ်... တက်လာပြန်သည်။

သို့နှင့် ချုပ်သတ်ပြီး နဝင်း... ချထားတဲ့ သွပ်နီဝါရောင် (၂)... ခန့်ထပ်ပြီး ပေါင်း၍ ထိုးကြ... သည်။

ထိုအခါ ဓာတ်လုံးအ... (၃)မူးသားခန့်သို့ ရောက်... ယခင်နည်းစဉ်အတိုင်း မီး... ထပ်၍ တက်ပါသည်။

သည်တစ်ခါမှာတော့ သွ... လုံး၏ အလေးချိန်... အတော်လေး အလုံးအထည်... လေတော့ နောက်ထပ် သွ... သား ထပ်၍ မပေါင်းထည့်... ဆုံးဖြတ်ချက် ချလိုက်ပြီး ... အချိန်ရတိုင်း မီးတေဖော ... နေပါတော့သည်။

တေဖောရလာတဲ့အခါ... ၏ ချော်အရောင်လည်း ...



စာမျက်နှာ...

www.burmeseclassic.com

www.burmeseclassic.com

# အိမ်ထောင်ပြုရှင်

သရာလှိုင်ဝင်းအောင် (ကျိုက္ကစံ)
(အေးချမ်းသူတို့ စံပျော်ရာ)

ဤနည်းက စိတ်ချရတယ်





**၁၀-၇-၂၀၀၃ ရက်နေ့...**

ထိုနေ့သည် ကျွန်ုပ်၏ အသက် (၅၇)နှစ်ပြည့်မွေးနေ့ ဖြစ်သော ကြောင့် ရွှေတိဂုံစေတီတော် အဂ္ဂိ ဦးပ်တိုင်တွင် ပန်း၊ ရေ ဆီမီးများ ကပ်လှူကာ အနောက်မုခ်စောင်း တန်းမှ စက်လှေကားစီးကာ ဆင်း လာခဲ့၏။

ပြီးလျှင် ယခင်က ဗေဒင်ဟော ခန်းဖွင့်ခဲ့သောနေရာတွင် ထိုင်၍ နေရာဟောင်းလေးနှင့် ကွဲကွာသွား ကြသော ဗေဒင်ဆရာ,ဆရာမ ပေါင်းအသင်းများကို လွမ်းဆွတ် တိရပြီး အတိတ်က အကြောင်း ကို စဉ်းစားမိရင်း ငေးငိုင်နေမိခဲ့ ၏။

ထိုအချိန်၌ "ဆရာ...ဆရာ"ဟု သံကြား၍ မျက်စိဖွင့်ကြည့်မိရာ မှ ကျွန်ုပ်၏ မိတ်ဆွေ၏ ဖြစ်သူ ဖြူဖြူခန့်နှင့်အတူ နှစ်ယောက်ကို တွေ့ရ၍ စကားစဆိုလိုက်၏။

'ဪ...သမီးတို့ ဘုရားလာဖူး လား'

'ဟုတ်ကဲ့ ဆရာ'

'သမီးဖြူဖြူ အခု ဘာဌာနမှာ လဲ'

'သမီး သူနာပြုဆရာမ လုပ်ပါ တယ်'

'သမီး အစ်ကိုကော နေကောင်း ရဲ့လား'

'နေကောင်းပါတယ်၊ အခု အစ်ကို ကြီး မလေးရှားမှာ အလုပ်သွားလုပ် နေတယ်'

'အဆင်ကော ပြေရဲ့လား'

'ပြေပါတယ် ဆရာ'

'ညည်းကော အိမ်ထောင်ကျပြီ လား'

'မကျသေးပါဘူး ဆရာရယ်'

'အခု ဆရာနဲ့တွေ့မှ အတော်ပဲ သမီးကို ဗေဒင်တွက်ပေး'

'ဆရာ့ဆိုင်ကို လာခဲ့ပါလား'

'သမီးတို့က တစ်ခါတလေမှ အားတာ ဆရာ၊ အခု ဆရာနဲ့ ကြုံ တုန်းမို့ပါ'

'ကဲ...ဒါဆို ဒီမှာ စစ်ဆေး တွက် ချက်လို့ မကောင်းဘူး။ မဟာဝိဇယ စေတီတော်က အဘွားကြီး လက်ဖက်ရည်ဆိုင်သွားကြမယ်'

လက်ဖက်ရည်ဆိုင် ရောက်သည့် အခါ လိုတာမှာ စားသောက်ရင်း ဖြူဖြူခန့်က စ၍ ပြောတော့၏။

'ဆရာက ကျွန်မတို့ရဲ့ လူရင်း ဆရာဖြစ်တဲ့အတွက် သမီး ပွင့်ပွင့် လင်းလင်းပြောမယ်'

'ကဲ...ကြိုက်သလိုပြော'

'သမီး အိမ်ထောင်ပြုတဲ့အခါမှာ ဒုက္ခရောက်မှာ စိုးတယ်။ ဒါကြောင့် ဆရာ့ဆီမှာ အချစ်ရေး၊ အိမ်ထောင် ရေးနဲ့ ပတ်သက်ပြီး အချက်(၄)ချက် မေးချင်တယ်။

ဒီအချက်(၄)ချက်နဲ့ ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

အဖြေထုတ်လို့ရတယ်ဆိုရင် သမီးတို့ကို ပြပေးပါဆရာ'

'ဪ...ဒါလား ရပါတယ် သမီးရယ်'

'ဒါဆို သမီး စမေးမယ်'

**၁။ မိမိချစ်သူနဲ့ ရ,မရကို အရင်သိချင်တယ်။**

'အေး ဒါဆိုရင် လိုက်မှတ်ကြ...

မိမိမွေးနံနဲ့ ကြံရွယ်ထားသူ၏ မွေးနံ (နှစ်ပါး)ပေါင်း ရောက်ရှိ အသက်နဲ့ရောပြီး (၇)ဖြင့် စားလိုက်ပါ။

- ၁,၃,၀ ကြွင်းလျှင် မရနိုင်သေးပါ။
- ၂,၄,၆ ကြွင်းလျှင် ကောန်ရမည်။
- ၅ ကြွင်းလျှင် ခဲယဉ်း၏။ ကြိုးစားက ရနိုင်၏။

'အခု ဆရာပြတဲ့တွက်နည်းကို သမီးတို့ ရှင်းပါတယ်နော်'

'ရှင်းပါတယ်ဆရာ'

'ဒါဆို ဒီနည်းအရ **သမီးချစ်သူနဲ့ ရ,မရကို အရင်တွက်ကြည့်**မယ်။

****** (ဇယား-၁)***

အထက်ပါနည်းအရ **၂,၄,၆ ကြွင်းရင်** ကောန်ရမည်ဟု ပြဆိုထားတယ်'

'ဒီနည်းက ကျွန်မချစ်သူနဲ့ ရမယ်လို့ ပြဆိုထားတယ်၊ ဟုတ်,မဟုတ် စောင့်ကြည့်ရဦးမှာပေါ့'


'**နံပါတ်(၂)**အချက် ဆက်မေးမယ်ဆရာ'

'ကဲ...ကြိုက်သလိုမေး'

**'သူရဲ့အချစ်က တာရှည် ခိုင်မြဲ, မမြဲကို သိချင်တယ်'**

'ဒီနည်းက ဒီလိုရှိတယ်...

နှစ်ဦးစလုံးရဲ့ မွေးနံနှစ်ခုပေါင်း (၄)နဲ့ရော (၃)နဲ့ စားလိုက်ပါ။



- ၂,၄,၅,၆ ကြွင်းလျှင် အချစ်တာရှည် ခိုင်မြဲမည်။
- ၁,၃,၀ ကြွင်းလျှင် အချစ် တာရှည်မည် မဟုတ်ပါ။

ကဲ...သဘောပေါက်ကြရဲ့လား'

'သဘောပေါက်ပါတယ် ဆရာ'

'ဒီနည်းနဲ့ သမီးအတွက် တွက်ကြည့်မယ်'

ဟု ဖြူဖြူ၏ သူငယ်ချင်းက ပြောသောကြောင့် ကျွန်ုပ်က...

'ကဲ တွက်ကြည့်လေ'

****** (ဇယား-၂)***

'**၁,၃,၀ ကြွင်းရင် အချစ်**တာရှည်မည်မဟုတ်ဟု ပြထားတော့ စိတ်တောင် ပျက်သွားပြီဆရာရယ်'

ဟု ပြော၍ လက်မှိုင်ကျသွားလေ၏။

'**နံပါတ်(၃)အချက်** ဆက်မေးမယ်ဆရာ'

**'အိမ်ထောင်ကျခဲ့ရင် ချမ်းသာမှာလား၊ ဆင်းရဲမှာလားဆိုတဲ့ အဖြေနည်းကို ဆက်ပြပေးပါဆရာ'**

'မိမိတို့နှစ်ဦးရဲ့ မွေးနံနှစ်ခုပေါင်း(၇)ဖြင့် စားလိုက်ပါ။

- ၁,၂,၅ ကြွင်းလျှင် ချမ်းသာမည်။
- ၃,၄,၆ ကြွင်းလျှင် ပုံမှန်။
- ၀ ကြွင်းလျှင် ဆင်းရဲမည်'

'ဒီနည်းနဲ့ သမီးတွက်ကြည့်မယ်'

ဟု ဖြူဖြူ၏သူငယ်ချင်း ရင်... မြင့်က ဆိုလာ၏။

ကျွန်ုပ်ကလည်း "**ကဲ... တွ... ကြည့်စေချား**"ဟု ပြောလိုက်...

****** (ဇယား-၃)***

ထိုနည်းအရ **၁,၂,၅ ကြွင်းလျှ... ချမ်းသာမည်**ဟု ပြဆိုထားတ...

'ကဲ...သမီး ဤတွက်နည်း... သမီးကို မေးချင်တယ်'

ထိုအခါ ရင်ရင်မြင့်မှ...

'မေးပါ ဆရာ'

**'သမီးယူမယ့် အမျိုးသ... ဘာလုပ်ငန်းလုပ်လဲ'**

'သဘော်အင်ဂျင်နီယာပါ ဆ...'

'ဒါဆို ဒီနည်းက သမီးအ... မှန်တာပေါ့'

'ဟုတ်တယ်ဆရာ'

'ကဲ...မိဖြူ ဘာဆက်မေးဦး...'

'**နံပါတ်(၄)**ချက် တစ်ချက်... သေးတယ်'

**'အိမ်ထောင်ကျရင် ကြ... ခိုင်မြဲ,မမြဲကို ထပ်စစ်ဆေး... မယ်'**

'နှစ်နံမွေးနံပေါင်း(၁၇)ရော၊ (၄)... (၇)ဖြင့်စားပါက...

- ၁,၂,၀ ကြွင်းလျှင် ရှိက်ကွဲ
- ၃,၆ ကြွင်းလျှင် သေကွဲ
- ၄,၅ ကြွင်းလျှင် အသက်ရှည်... ရ၏ဟု ပြဆိုထားတယ်'

'ဒါဆို ကျွန်မရဲ့ညီမကို... ကြည့်ချင်တယ်'

'တွက်ကြည့်ချင်ရင် တွ... ပေါ့'။



www.burmeseclassic.com

www.burmeseclassic.com



*** (ဖယား-၄)

**၁,၂,၀ကြွင်းရင်** ရှင်ကွဲလို့ ပြ[illegible]ားတယ်။ မှန်ရဲ့လား မိဖြူ'

'ဒီနည်းလဲ မှန်တယ်ဆရာ၊ ညီမလေး အိမ်ထောင်ကွဲတာ နှစ်လ[illegible] ရှိသေးတယ်'

ထိုအခါ ကျွန်ုပ်မှ…

'သမီးတို့ ဘာ သိချင်ကြသေးလဲ' ဟု မေးလိုက်ရာ ဖြူဖြူခန့်မှ "သမီးသိချင်တာ အကုန်သိရပြီဖြစ်[illegible]အတွက် ဆရာ့ကို အထူး ကျေးဇူး[illegible]င်ကြောင်း ပြန်ပြောပြီးနောက် [illegible]ရာ့ကို သမီးတို့ ကန်တော့ပါ[illegible]ယ်"ဆိုပြီး ငွေ (၂၀၀၀)ကျပ်စီ [illegible]ကြ၏။

ထိုစဉ် ကျွန်ုပ်မှ…

'သမီးတို့ကို ဆရာစေတနာနဲ့ [illegible]ာပေးတာပါ'

'ဒီငွေတို့ကို သမီးတို့ ပြန်ယူပါ' ဟု ဆိုပြီး ဤသို့ စကားဆိုလိုက်[illegible]

'ဆရာ မှာချင်တာက ဆရာ အခု [illegible]ပေးလိုက်တဲ့ နည်းစနစ်ဟာ [illegible]ယ်လောက်ထိ မှန်ကန်မှုရှိတယ် [illegible]ာ သိချင်တယ်။ နောက် ကြုံတဲ့ [illegible]ကျရင် ဆရာကို ပြန်ပြောပြပါ' [illegible]ပြီး လမ်းခွဲ၍ ပြန်လာမိခဲ့၏။

[illegible]ဆုန်လပြည့်နေ့တွင် ဖြူဖြူခန့် [illegible](၃)ဦး ရောက်လာပြီး မနှစ်က

| | | | |
|---|---|---|---|
| သမီးမွေးနံက (ကြာသပတေး) | = ၅ | | (ဖယား-၁) |
| သမီးအမျိုးသားမွေးနံ(အင်္ဂါ) | = ၃ | + | |
| | ၈ | | |
| သမီးရောက်ဆဲအသက် | = ၂၉ | + | |
| | ၃၇ | | |
| အထက်ပါရလဒ်ကို (၇)ဖြင့်စား | = ၃၇ ÷ ၇ = ၂ကြွင်း | | |

| | | | |
|---|---|---|---|
| သမီးနိလာက စနေသမီး | = ၇ | | (ဖယား-၂) |
| သမီးချစ်သူက ဗုဒ္ဓဟူး | = ၄ | + | |
| | ၁၁ | | |
| ၄ ခုရော | = ၄ | + | |
| | ၁၅ | | |
| ရလဒ်ကို(၃)ဖြင့်စား | = ၁၅ ÷ ၃ = ၀ ကြွင်း | | |

| | | |
|---|---|---|
| ရင်ရင်မြင့်က ဗုဒ္ဓဟူးသမီး | = ၄ | (ဖယား-၃) |
| ရည်းစားထားသူက | = ၅ ကြာသပတေး | |
| | ၉ | |
| ရလဒ်ကို (၇)ဖြင့်စား | = ၉ ÷ ၇ = ၂ကြွင်း | |

| | | | |
|---|---|---|---|
| ညီမလေးက သောကြာ | = ၆ | | (ဖယား-၄) |
| အမျိုးသားက တနင်္လာ | = ၂ | + | |
| | ၈ | | |
| (၁၇)ရော | = ၁၇ | + | |
| | ၂၅ | | |
| (၄)ဖြင့်မြှောက် | = × ၄ | | |
| | ၁၀၀ | | |
| (၇)ဖြင့်စား | = ၁၀၀ ÷ ၇ = ၂ ကြွင်း | | |

ကျွန်ုပ် သင်ပြပေးလိုက်သည့်နည်းသည် (၇၀)ရာခိုင်နှုန်းထိ မှန်ကန်ကြောင်း ထပ်မံ ပြောပြသောကြောင့် ဝါသနာရှင်များ စာရှုသူများ လွယ်လွယ်နှင့် ထိရောက်သည့် ဤနည်းကို ဖွင့်ဟတင်ပြလိုက်ပါ၏။

**ဆရာလှိုင်ဝင်းအောင်(ကျိုက္ကစ်)**
**(အေးချမ်းသူတို့ စံပျော်ရာ)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး



# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား ကိုရဲ



တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်–0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့ဩနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြဲစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေး**ကိုး"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် သွေးတိုး ကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်း အုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ် ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်း စားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမြင့် "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုး စာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ""ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ် တော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့် ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကို ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသူ ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုး ရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက် ချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျွန်တော် ခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင် ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့ လိုလိမ့်မယ်..."

---


ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၁၊ ၅၂၂


---

www.burmeseclassic.com

www.burmeseclassic.com





မြတ်စိုးနိုင်
(စမ်းချောင်း)

မေတ္တာပို့ပါ

# ချမ်းတောက် မပြော

တစ်နေ့ ဗေဒင်ဟောခန်းပိတ်သည့်နေ့ဖြစ်၍ ကျွန်ုပ် နေထိုင်သော စမ်းချောင်း(မင်းလမ်း)မှနေ၍ ဗဟိုလမ်းမ ကြီးအတိုင်း ကိုးထပ်ကြီးဘုရားကြီးဆီသို့ သွားရောက်ခဲ့ လေသည်။

ကျွန်ုပ်သည် ဘုရားကြီးအား လက်ယာရစ် သုံးပတ်, ပတ်၍ မျက်နှာတော်ရှေ့တွင် ထိုင်ရင်း ခေတ္တမျှ ကြည်ညို ပြီးနောက်ပြီး ဦးသုံးကြိမ်ချ၍ ပါလာသော (၁၀၈)လုံး ပုတီး အား ထုတ်၍ အခင်းခင်းလိုက်၏။

စိပ်နေကြဖြစ်သော သရဏဂုံပုတီး(၉)ပတ်အား စတင် စိပ်လိုက်သည်။ စ,စိပ်သည် ဆိုသည်နှင့် တစ်ပြိုင် နက်တည်း ကျွန်ုပ်၏ ဘေးတွင် ဘုရားဝတ်ပြုသော ဘဲဥ မိမိဖုန်းအား ပိတ်ထားခြင်းမရှိသော အလိုက်ကမ်း မသိ လူ့ခွစာ လူ့အတ္တအုပ်စုတစ်စု၏ အသံဗလံများ အား နားအတွင်းမှ မနည်းဖျောက်၍ ကိုယ့်အလုပ်ကို ကိုယ် စူးစိုက်၍ ခက်ခက်ခဲခဲ လုပ်ယူရ၏။

ကျွန်ုပ်လည်း ပုတီး(၉)ပတ်ပြည့်၍ ဘေးပတ်ဝန်းကျင် အား ဟိုကြည့်ဒီကြည့်လုပ်ရင်း လူ့ခွစာအုပ်စုအား မျက်စိက လိုက်ရှာနေမိသည်။ ထိုအချိန်တွင် ကျွန်ုပ်၏ နောက်ဘက်ဆီမှ…

'ဟော့…ဗေဒင်ဆရာ ဘာတွေကို သမင်လည်ပြန် လိုက်ရှာနေတာလဲ'

ကျွန်ုပ်သည် အသံလာရာဆီသို့ လှည့်ကြည့်လိုက်ရာ ကျွန်ုပ်၏တိုက်ခန်း ဘေးချင်းကပ်တွင် နေထိုင်သော ဦးချစ်စန်းဆိုသော လူအား တွေ့ရှိလိုက်ရ၏။ သူက ဆက်၍… ,

'ဗေဒင်ဆရာရေ… ကျုပ်ရောက်နေတာ ကြာပြီဗျ၊ ဗေဒင်ဆရာ အလုပ်မပြီးသေးတာနဲ့ ကျုပ်လဲ ဘုရားကို ပတ်နေတာ ဘယ်နှစ်ပတ်တွေ ရှိကုန်လဲ မသိဘူးဗျာ'

ဟု ပြောလေ၏။ ကျွန်ုပ်ကလည်း…

'ဦးလေးလဲ ကျွန်တော်ကြောင့် ကုသိုလ်ပိုရသွားတာ ပေါ့ဗျာ မကောင်းဘူးလား'

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်က ဆက်၍…

'ဦးလေးလဲ မတ်ဓာတ်ကြီးနဲ့ ဘုရားကို ဝတ်ပြုပြီး သွားပြီလား'

ဟု မေးလိုက်၏။ သူက…

'ပြီးသွားပြီ ဆရာရေ… ပြီးသွားပြီ။ ကဲ… ဒီမှာ လူ များလာပြီ၊ ကျုပ်တို့ အဘတို့ အဆောင်ထဲမှာ သွားထိုင် ပြီး အေးအေးဆေးဆေး စကားလေးဘာလေး ပြောရ အောင်'

ကျွန်ုပ်ကလည်း…


'သွားလေဗျာ…အဘတို့ အဆောင်က လူရှင်းတယ်'

ဟု ပြောပြီး ယင်းနှင့်အတူ အဘတို့ အဆောင်ဘက်



www.burmeseclassic.com

www.burmeseclassic.com



သို့ ထွက်လာခဲ့၏။

အဘတို့ အဆောင်ပေါ်သို့ ရောက်သောအခါ ကျွန်ုပ်တို့နှစ်ယောက်သည် အဖေကြီး ဘိုးဘိုးအောင်၊ အဘ အောင်မင်းခေါင်နှင့် ဝိဇ္ဇာ ရှစ်သောင်း ဆရာအပေါင်းအား ကန်တော့၍ တစ်ယောက်နှင့် တစ်ယောက် မျက်နှာချင်းဆိုင် ထိုင်လိုက်သည်ဆိုသည်နှင့် တစ်ပြိုင်တည်း ဘုရားရှေ့ ဗားကရာလမ်းမကြီးဘက်ဆီမှ ဆေးရုံကား အရေးပေါ် လူနာတင်ယာဉ်သည် အချက်ပေး၍ ဖြတ်သွားလေ၏။

ကျွန်ုပ်သည် ကြားလျှင် ကြားကြားချင်း ခေတ္တမျှ မျက်စိမှိတ်၍ လုပ်နေကြအတိုင်း မေတ္တာပို့လိုက်သည်။ ပြီးနောက် မျက်စိပြန်ဖွင့်၍ ကွမ်းတစ်ယာ ဝါးလိုက်၏။ သူက...

'ဗေဒင်ဆရာ... ဆေးရုံကားသံ ကြားတာနဲ့ မျက်စိမှိတ်လိုက်ပြီး ဘာတွေ ရွတ်နေတာလဲဗျ လုပ်စမ်းပါဦး'

ကျွန်ုပ်က...

'ဒီလို ဦးလေးရေ... ဒီလို ကျွန်တော်က အကျင့်ဖြစ်နေပြီဗျ၊ ဆေးရုံကားသံ ကြားတာပဲဖြစ်ဖြစ် ဆိုက်ကားနဲ့ မချိမဆံ့ ခံစားနေရတဲ့ လူနာတွေလဲ လိုက်လိုက်လှဲလှဲ ကိုယ်ချင်းစာတရားနဲ့အတူ မေတ္တာပို့ပေးလိုက်တာ ပါပဲဗျာ... ပို့...ပေးလိုက်တာ'

ဟု ပြောလိုက်ရာ သူက...

'လုပ်လေ ဆရာသမားရဲ့ ပို့ပုံပို့နည်းလေး ဆရာကလဲ အချင်းချင်းတွေပဲ ဥစ္စာ'

ကျွန်ုပ်ကလည်း...

'ပို့တာ ဘာခက်တာမှတ်လို့ ဦးလေးရဲ့ လွယ်လွယ်လေးရယ်၊ အခက်လုပ်နေပြန်ပြီ ဆေးရုံကားသံ ကြားတာပဲ ဖြစ်ဖြစ်၊ စောစောက ကျွန်တော်ပြောသလို ဆိုက်ကားနဲ့ လူနာပဲဖြစ်ဖြစ် တွေ့ရတဲ့အခါ ကိုယ့်ဆွေမျိုးလို၊ ကိုယ့်သွေးသားလို ကိုယ်သာ သူနေရာမှာဆိုတဲ့ အသိလေးကပ်ပြီး မေတ္တာပို့ပေးလိုက်ပါ ဦးလေးရဲ့ အလွယ်လေးပါ'

ဟု ပြောလိုက်ရာ သူက...

'မေတ္တာပို့တာ ဟုတ်ပြီ၊ ဆိုပုံ ဆိုနည်းလုပ်လေ ဆရာ၊ ဆရာ ဆိုတဲ့အတိုင်းသာ ပြောဗျာ။ တိုးလိုး တန်းလန်းကြီးတော့ မလုပ်နဲ့လေ'

ကျွန်ုပ်က ဆက်၍...

'ကဲ...ကဲ ဦးလေးရေ... ပြောမယ် ပြော အစအဆုံးပြောတာ အကောင်း... ပဲနော်။ ဒီလို ဦးလေးရဲ့ ဆိုပုံဆိုနည်းက သူသည် အချိန်မီ ဆေး... သို့ရောက်ပါစေ၊ အနာနဲ့ ဆေးတွေ့ပါစေ၊ ဆရာဝန် ဗီသော... သူများနှင့်တွေ့၍ ကျန်းမာပါစေ၊ မိမိအသက်ကို ကောင်းမွန်... စောင့်ရှောက်နိုင်ပါစေလို့ ဆိုပြီး လေးလေးနက်နက် မေတ္တာ... ကြည့်ပါ၊ ကြည်နူးမှုက ဘာနဲ့မှ မလဲနိုင်ဘူးဗျ၊ မလဲနိုင်ဘူး'

ဟု ပြောလိုက်ရာ သူသည် ပါးစပ်မှ ပွစိပွစိ လုပ်... က...

'ဟုတ်ပြီ ဆရာရေ... ဟုတ်ပြီ ဒါနဲ့ အချိန်မီ ဆေး... သို့ ရောက်ပါစေရယ်၊ ဆရာဝန်ဗီသသော သူများ... တွေ့ပါစေရယ်။ အဲ...အဲ နှစ်ချက်တော့ ရှင်းစမ်း... ဆရာရဲ့ ရှင်းပါဦး'

ကျွန်ုပ်ကလည်း ဆက်၍...

'ဪ...ဦးလေးရယ် အချိန်မီ ဆေးရုံသို့ ရောက်... စေဆိုတာ လမ်းပိတ်လို့ဗျ၊ လမ်းပိတ်လို့ ဦးလေး... အသိပဲဟာ၊ ဆရာဝန် ဗီသသောသူနဲ့ တွေ့ပါစေ... ကြတော့ အဲ...ဘယ်လိုပြောရမလဲ ဗီသတဲ့သူ... ဗီသတဲ့သူ'

ဟု ပြောလိုက်ရာ သူသည် ခေတ္တမျှ စဉ်း... "ဟား...ဟား...ဟား" အားရပါးရ ရယ်မော... က ဆက်၍...

'အဲဒီလို အရေးပေါ်ဖြစ်တဲ့ ခုနစ်ရက်သားသ... အတွက် ဆရာ့ဆီမှာ အရေးပေါ်အစီအမံ၊ အ... ယတြာရှိမှာပဲနော်။ ရှိရင် လုပ်စမ်းပါဦး၊ ဗဟုသု... ပညာလဲရပေါ့'

ဟု သူက ဆိုလေ၏။ ကျွန်ုပ်ကလည်း...

'ရှိတာပေါ့ ဦးလေးရဲ့ ရှိတယ် အဲဒါကတော့ အဲဒီလို... ဖြစ်ခဲ့ရင် ဈေးထဲကိုသွားပြီး ရတဲ့နေရာကနေ ခွင်... (၂)ခုကို အမြန်ပြေးဝယ်ဗျာ။ ဈေးတော့ မဆစ်နဲ့...





www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်စိတ်ကျန်းမာမှ ချမ်းသာမည်

ဇော်မြင့် (မြင်းခြံ)

### ကျန်းမာရေးအတွက် အင်းအာစီအာရင်

အရှူး၊ သဘင်သည်၊ ကလေး၊ နတ်ကတော်တို့သည် မုခသိုက်ဝင်ကြသူများ ဖြစ်သည်ဟု ပြောစမှတ်ရှိသည်။

ထိုသူတို့သည်…

**သုဘာသိတ** (အပြစ်ကင်း၍ ကောင်းစွာ ပြောဆိုအပ်သော စကား)နှင့် **ဒုဘာသိတ**(အပြစ်ကောင်း၊ မကောင်းသောစကား)တို့ကို နှုတ်ထွက်ပြောဆိုတတ်ကြသည်။

ထိုသူတို့၏ နှုတ်ထွက်သော စကားကို ပညာရှင်များက နိမိတ်၊ အတိတ်၊ တဘောင်၊ စနည်းဖြင့် ကောက်ပြီး ကောင်းကျိုးဖြစ်မည်၊ ကောင်းကျိုးဖြစ်မည်ဟု ယူဆကြသည်။

ထို့ကြောင့်…

ထိုသူလေးယောက်တို့သည် မုခသိုက်ဝင်များ အမှတ်ပြုခြင်းခံရသဖြင့် နိမိတ်ကောက်တတ်ပါလျှင် မှန်သည်ဟု ပြောကြ၏။

ကျွန်ုပ်၏တပည့် ဆရာ့ခွေသည်လည်း နှုတ်ထွက်ပြောဟောတိုင်း အမှန်ဘက်မှ များသောကြောင့် သိုက်ဝင်တစ်ဦးနှင့် တူနေ၏။

**မြင်းခြံမြို့…**

မြင်းခြံမြို့သည် တောနယ်အရပ်ဒေသ ကုန်မျိုးစုံ ရောင်းဝယ်ခြင်း ပြုလာကြသောကြောင့် စည်ကားသော မြို့တစ်မြို့ဖြစ်၏။

အထူးသဖြင့် မိတ္ထီလာလမ်းဟုခေါ်သော တောင်နှင့်မြောက် လမ်းဘေး ဝဲနှင့်ယာသည် စည်ကား၏။

တောင်ဈေးကြီးနှင့် မြောက်ဈေးသည်လည်း လူများစွာ စည်ကား၏။ မြင်းခြံမြို့ တစ်ခါတစ်ခေါက် ရောက်လာကြသူတိုင်း စွန်းလွန်းဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို အမှတ်တရ သွားရောက် ဖူးမြော်တတ်ကြသည်။

တစ်အိမ်လုံး တိတ်ဆိတ်နေသော်လည်း လေက တိုက်နေသည်။ ဆရာခွေညွန့်သည် အိမ်၏ အတွင်းမှာ တစ်ယောက်တည်း ရှိနေလေရာ ပြတင်းပေါက်အနီး၌ မတ်တတ်ရပ်လျက် အိမ်ရှေ့ဆီသို့ ငေးကြည့်နေ၏။

အမှန်အားဖြင့် စကားပြောဖော်ပြောဖက် တစ်ဦးဦးအလာကို စောင့်မျှော်စိတ်ဖြင့် ငေးမောကြည့်နေခြင်း ဖြစ်သည်ဟုဆိုက မမှားပေ။

ယခုအခါ…

သူ၏ မျှော်လင့်စိတ်ကြောင့်မသိ၊ မိမိ၏အိမ်ဆီသို့ ဆရာကြီးဦးအောင်သန်း လမ်းလျှောက်လာနေသည် မြင်နေရသည်။

တစ်ခဏအကြာမှာ ဆရာခွေညွန့်သည် အိမ်ဝင်ပေါက်မှ ထွက်ပြီး ကြိုဆိုလိုက်၏။

'ဆရာကြီး ကြွပါ'

ဆရာကြီးနှင့် ဆရာခွေညွန့်တို့ နှစ်ဦးမှာ တစ်ယောက်မျက်နှာကို တစ်ယောက်က ကြည့်လိုက်ကြသည်။


ထို့နောက် ဆရာခွေညွန့်က မေးလိုက်သည်။

'ဆရာကြီး ဘယ်ကများ ပြန်လာပါလိမ့်'

ဟု ပြောလိုက်သည်။

ဆရာကြီးသည် လူကြီးမျက်နှာဖြင့် ပြုံးလိုက်သည်။

'အမှတ်(၆)ရပ်ကွက်မှာ နေတဲ့ ဆရာ့ညီမလေး ကျန်းမာရေးမကောင်းဖြစ်နေလို့ သွားရောက်မေးမြန်းခဲ့တယ်။ လုပ်သင့်လုပ်ထိုက်တာလေးတွေ လုပ်ပေးခဲ့ပြီး လမ်းကြုံလို့ ဝင်လာခဲ့တာ'





www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်သည်။ နှစ်ဦးစလုံး အိမ်ဝင်ပေါက်မှာ မတ်ရပ်ဖြစ်နေကြသည်။

ဆရာဆွေညွှန့်သည် ဦးခေါင်း ညွှတ်လိုက်ပြီးနောက်...

'ဆရာကြီး အိမ်ထဲကို ကြွပါ'

ဟု ဖိတ်မန္တက ပြုလိုက်သည်။

ဆရာကြီးသည် နေးကွေးသော ခြေလှမ်းများနှင့်အတူ လှမ်းလာပြီး ကုလားထိုင်ပေါ်မှာ လေးကန်စွာ ထိုင်ချလိုက်သည်။

အိမ်၏ ပြင်ဘက်တွင် လေနှင့်အတူ မိုးသေးမိုးဖွဲများ ကျလာသည်။

'လူမှာဆီက ပြန်လာတယ်ဆိုတော့ ကျန်းမာရေးအတွက် လုပ်ပေးရဦးမှာပေါ့'

ဟု ဆရာဆွေညွှန့်က ပြောလိုက်သည်။

ဆရာကြီးသည် အမောပြေသွားဟန်ဖြင့် သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက်...

'အေး...ယတြာတော့ လုပ်ပေးခဲ့တယ်'

ဟု ပြောလိုက်သည်။ ဆရာဆွေညွှန့်က ဆရာကြီးကို ကြည့်နေ၏။

'ဘယ်လို ယတြာလုပ်ပေးခဲ့တုန်း ဆရာ'

ဟု မေးလိုက်သည်။ ဆရာကြီးသည် စကားပြောပြရန် ဦးခေါင်းကို မော့လိုက်သည်။

'လူမှာညီမအတွက် ရတနာမြတ်သုံးပါးနဲ့ မိဘဆရာသမားများကို ကန်တော့ခိုင်းတယ်။ ကန်တော့ပြီးမှ ဆရာက ဗောဇ္ဈင်္ဂသုတ်နဲ့ အန္တရာယ်ကင်း ဂါထာများ ရွတ်ဆိုပေးခဲ့တယ်'

ဆရာကြီးက ပြောလိုက်သည်။



'ဗောဇ္ဈင်္ဂသုတ်နဲ့ အန္တရာယ်ကင်း ဂါထာများက ကျန်းမာရေးအတွက် ကောင်းတယ်လား ဆရာ'

ဟု ဆွေညွှန့်က ပြောလိုက်သည်။

ဆရာကြီးသည် မျက်မှောင် ကြုတ်သွား၏။

'ကောင်းတယ်လားလို့ မေးမှ မေးတတ်တယ်ဆွေညွှန့်ရာ... ဗေဒင်မှာတော့ ဆရာ့ထက် တယည့်လက်စောင်းထက်ဆိုသလို နှုတ်ထွက်ပြောဟောတိုင်း အမှန်များတယ်ဆိုတာ ဆရာ သိထားတယ်။

ဒါကြောင့် တပည့်ကို မှခိုက်ဝင်နောက်တစ်ဦး စာရင်းဝင် ဖြစ်နေရောလား စိတ်ထဲမှာ တွေးမိဖူးတယ်'

ဆွေညွှန့်သည် ဦးခေါင်းမှ ဆံပင်တို့ကို ဖွာဆန်ကြဲလိုက်၏။

'ဆရာကြီးကတော့ လုပ်ချလိုက်ပြန်ပြီ'

ဟု ပြက်ရယ်ပြုလိုက်သကဲ့သို့ ဆွေညွှန့်က ပြောလိုက်၏။

ဆရာကြီးက စကားကို ဆက်လိုက်ပြန်သည်။

'ပရိတ်တော်၊ ဂါထာ၊ မန္တန်တို့ရဲ့ အစွမ်းနဲ့ ကျန်းမာရေး ကောင်းလာအောင် လုပ်ရင်ရတယ်။ ဘယ်လောက် အရေးပါတယ်ဆိုတာ သိမှ မသိတဲ့ကို'

ဟု ပုတ်ခတ်ပြောလိုက်သည်။

ဆရာဆွေညွှန့်သည် ခေါင်း တဆတ်ဆတ်ညိတ်ပြီး ဆရာကြီး မျက်နှာကို ငေးမောကြည့်နေ၏ ဆရာကြီးက...

'တပည့် ဘာသာရေးစာတွေကို ဖတ်ဦး လေ့လာဦး မှတ်ဦး။ ဗောဇ္ဈင်္ဂသုတ်ဆို ရာဇဂြိုဟ်ပြည်အနီး ပိပ္ပလိလိုဏ်ဂူ သီတင်းသုံးတော်မူသော အရှင်မဟာ ကဿပမထေရ်မြတ် မကျန်းမမာဖြစ် အခါ ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံး မူသော အရှင်မောဂ္ဂလာန် မထေရ်မြ မကျန်းမမာ ဖြစ်ရာအခါမှာ ဘုရားရှင် က ဗောဇ္ဈင်္ဂသုတ်ကို နာကြားရလို့ ရော ချက်ချင်းယူပစ်သလို တစ်ခါတ အမြစ်ပြတ် ပျောက်ကင်းတယ်။

ဗောဇ္ဈင်္ဂသုတ်ကို တစ်ကြိမ်တ မရွတ်ဖတ်ဘဲ အကြိမ်များစွာ ရွတ် တယ်။ အကြိမ်များစွာ နာယူပေးရ

ဆရာကြီးသည် အသက်အရွယ် ထောက်လာသောကြောင့် မော လာဟန်ဖြင့် စကားကို ရပ်လို သည်။ အိမ်ပြင်ဘက်တွင် မိုးဖွဲ လေရော တိုက်နေ၏။

ဆရာကြီး အင်္ကျီရင်ဖုံးကြယ် တပ်လိုက်သည်။ ထိုစဉ်မှာပင် ကြီးက...

'ဂါထာ,မန္တရား ပညာများ နေရာနဲ့အတူ အစွမ်းရှိကြောင် ဘုရားဟော ဒေသနာအတော် များ ရှိနေတယ်။

ငါးရာ့ငါးဆယ် တော နိပါတ် အမ္ဗဇာတ်တော်မှာ " အလောင်းသည် တောသို့ သရက်ပင်၏ ခုနစ်ဖဝါး



www.burmeseclassic.com

ရပ်၍ မန္တရားကို ရွတ်ပြီး သရက်ပင်ကို ရေတစ်လက်ဖက် ဖျန်းပေးလိုက်တာနဲ့ တစ်ခဏအတွင်းမှာ ရွက်ဟောင်းများကြွေ၊ ရွက်သစ်တွေဝေလာပြီး အပွင့်အသီးတို့ ဆက်တိုက် ဖြစ်ပေါ်လာတယ်။

ချိုမှည့်သော သရက်သီးတို့ကို ကောက်၍ အလိုရှိတိုင်း စားပြီးလျှင် ထမ်းပိုး ဝန်ပြည့်စေ၍ သယ်ယူပြီး သရက်သီးကို ရောင်းချလျက် သားမယားတို့ကို ကျွေးမွေး၏''

လို့ ဖတ်ဖူးတယ်'

ဟု ပြောလိုက်၏။ ခေတ္တခဏမျှ စကားသည် တိတ်ဆိတ်သွားပြန်၏။ ဆွေညွန့်၏ ..လက်တစ်ဖက်သည် မျက်နှာကို ပွတ်လိုက်ပြီးနောက်...

'ဆရာကြီး ပြောသလိုဆို ပရိတ်၊ ဂါထာ၊ မန္တရားက အတော်အစွမ်းထက်မှထက်ပဲ'

ဆွေညွန့်က ပြောလိုက်သည်။ ဆရာကြီးသည် ဆွေညွန့်ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြန်သည်။ ကြည့်လိုက်ပြီးနောက်...

'သီလ,သမာဓိ,ပညာနဲ့ ကိုယ်ကျင့်တရားများ ပျက်ပြားလာတဲ့ ဆုတ်ကပ်ခေတ်၊ ငွေကြေးလာဘ်လာဘ ခံယူလိုသောစိတ်၊ အဆိတ်ကို တစ်အိတ်လုပ်တဲ့ခေတ်၊ စိတ်ရင်းစိတ်ဓာတ်များ ယိုယွင်းလာတာကြောင့် ဂါထာ၊ မန္တန်၊ အင်းဆောင့်၊ မှော်ဆောင့်နတ်တို့ ခွာကုန်ကြဟန်တူတယ်။ ဒါကြောင့် ဂါထာ,မန္တရားများကို ရွတ်ကြမယ့် ပေါက်မြောက် အောင်မြင်ဖို့ မလွယ်တော့ဘူး။ ပရိတ်၊ ဂါထာ၊ မန္တရားတွေရဲ့ အစွမ်းအာနိသင်က ရှိနေတာ။



မစွမ်းတာ,မအောင်မြင်တာက ကံငါးပါးတို့ကို လုံခြုံအောင် မထိန်းကြလို့ ကတိသစ္စာမမှန်တော့လို့ပဲ ဆရာထင်တယ်'

ဟု ပြောလိုက်၏။

ဆရာဆွေညွန့်သည် **သီလ, သမာဓိ,ပညာ ရှိမှသာ ဂါထာ, မန္တရားများ စွမ်းမည်**ဟု မှတ်လိုက်၏။ ဆရာဆွေညွန့်က...

'တစ်ခုလောက် မေးကြည့်ပါရစေ ဆရာ'

ဟု ခွင့်တောင်းလိုက်သည်။

'မေးလေ ဘာမေးချင်လို့လဲ'

'ပရိတ်၊ ဂါထာ၊ မန္တရားများနဲ့ ကျန်းမာရေးပြုပြင်ပေးနိုင်တာ ဆရာကြီးက ပြောပြလို့ သိပါပြီ။ **ကျန်းမာရေး ကောင်းနိုင်မယ့် အင်းအစီရင် ကောရှိလား ဆရာကြီး**'

ဟု မေးလိုက်သည်။

ဆရာကြီးက...

'ကျန်းမာရေး ကောင်းနိုင်မယ့် အင်းနည်းတစ်ခုကို ယူချင်တယ်ဆိုရင် ပြောပြပေးနိုင်တယ်'

ဆရာဆွေညွန့်သည် အင်းပညာကိုတတ်သော်လည်း စိတ်ဝင်စားသွားသည်။

'ပြောပြပေးခဲ့ပါဦး ဆရာ'

ဟု ပြောလိုက်သည်။

ဆရာကြီးက...

'အင်း(၃)ကွက် ပတ်လည်ချ "အာယုဝဏ္ဏော သုခံ ဗလံ"ရယ်လို့ မြင်းသွားချ၊ အင်း၏ အလယ်ကွက်မှာ မွေးနံကိုသွင်း၊ အင်း၏ဘေးပတ်လည်မှာ နာနာဘာယတော်ဝါ၊ နာနာရောဂတော်ဝါ၊ နာနာဥပဒ္ဒဝတော်ဝါ အာရက္ခ ဂဏှန္တုလို့ ရံရမယ်'

ဆရာကြီး ပြောပြသော အင်းပုံစံကို အောက်ပါအတိုင်း မိမိစိတ်အာရုံမှာ ထင်လာသည်။

ရေးမှတ်သားဖို့မလို၊ သူသည် အလွတ်ရသွားသည်။

* * *

**နာနာဘာယတော်ဝါ**

| | | |
|---|---|---|
| အာ ၁ | ဏ္ဏော ၄ | ဗ ၇ |
| ခံ ၆ | နံ | ယု ၂ |
| ဝ ၃ | လံ ၀ | သု ၅ |

ဆရာဆွေညွန့်သည် ဆရာကြီး မျက်နှာကို အကဲခတ်သလို ကြည့်ရင်း ''ဒီအင်းကို ဘယ်လို အသုံးပြုရမှာလဲ ဆရာကြီး''ဟု ခေါင်းကုတ်ပြီး မေးလိုက်ပြန်သည်။

ဆရာကြီးက ဆရာဆွေညွန့် ပြုံးကြည့်လိုက်သည်။

'ဒီအင်းက နံနက်စောစော အိပ်ရာကထပြီး ဘုရားရှင်ကို ဆွမ်းတော်ပွဲ,ပန်း,သောက်တော်ရေချမ်း, အလင်းတိုင်နဲ့ ကပ်လှူပူဇော်၊ နောက်ပြီးတော့ တရားရတနာ, သံဃာရတနာ, မိဘဆရာသမား သီလသမာဓိရှိပြီး ထူးသော ကျေးဇူး

www.burmeseclassic.com

တို့ကို တန်တော့၊ အင်းရဲ့ အလယ် ကွက်မှာ အလင်းတိုင်(၉)ရက် ပူဇော်၊ ဗောဇ္ဈင်္ဂသုတ်ကိုရွတ် နှုတ်တက် မရက စာအုပ်ကို ကြည့်ပြီးတော့ ရွတ်ရမယ်။

အမှန်တကယ် ရောဂါ ပျောက်ကင်းမယ်။ ဆရာကြီးရဲ့ ညီမကို ဒီနည်းနဲ့ လုပ်ပေးခဲ့တာ'

ဟု ပြောလိုက်လေ၏။

ဆရာကြီးသည် မောသွားဟန်ဖြင့် ချောင်းတစ်ချက် ဟန့်လိုက်ပြီးလျှင် အိမ်၏ပြင်ဘက်သို့ မျှော်ကြည့်လိုက်သည်။

မိုးရောလေပါ ရပ်သွားသောကြောင့် ပြန်သင့် မပြန်သင့် စဉ်းစားနေပုံ ပေါ်နေ၏။

ဆရာကြီးနှင့် ဆွေညွှန့်သည် ပြောရမည့်စကား ကုန်သွားရောလား မသိ၊ ပြတင်းပေါက်ပြင်ဘက်သို့ ငြိုင်တူကြည့်နေကြသည်။

ပင်လယ်သမုဒ္ဒရာသည် အစနှင့်အဆုံးမရှိ။ လောကုတ္တရာနည်းရောလောကီနည်းများပါ အစဖြစ်သည်၊ အဆုံးဖြစ်သည် ဟူ၍ သတ်မှတ်ထားရန် ခဲယဉ်းသည်။

ထိုပညာရပ်တို့ကို လေ့လာသော်လည်း ဆုံးခန်းတိုင်သည်မရှိ။ လူတိုင်းလူတိုင်း ကိုယ်ကျန်းမာရေးကောင်းနေကာမျှမပြီး စိတ်ကျန်းမာရေးပါ ကောင်းရန် လိုအပ်သည်။ စုံညီကောင်းခြင်းသည် မင်္ဂလာဖြစ်သည်။ ကိုယ်ရောစိတ်ပါ ကျန်းမာပါမှ စီးပွားရေးတည်းဟူသော ချမ်းသာရေးပန်းတိုင်သို့ သွားရောက်နိုင်မည်။

ကိုယ်ရောစိတ်ပါ ကျန်းမာမှ ချမ်းသာမည်။ လူ့လောကတွင် ကြေးစည်၊ ခေါင်းလောင်း၊ မောင်း တို့၏ ပုံပန်းသဏ္ဌာန်ကို မြင်ဖူးသော သူမှာ များသည်။ ထိုသို့ မြင်ဖူးကြ သောသူများသည် အသံကောင်း ခြင်း၊ မကောင်းခြင်းတို့ကိုမသိနိုင်ပေ

ကြေးစည်ကို ရိုက်ကြည့်ပါမှ ခေါင်းလောင်းကို ထိုးကြည့်ပါမှ မောင်းကို ထုကြည့်ပါမှ သာယာ ပျော်ဖွယ်အသံရှိခြင်းနှင့် မရှိခြင်း တို့ကို သိရသကဲ့သို့ရှိသည်။

ထိုနည်းတူစွာ...

လောကီ ပညာရပ်တို့ကိုလည်း မိမိတို့ကိုယ်တိုင် သိလိုသောသူတို့ ကြေးစည်၊ ခေါင်းလောင်း၊ မောင်း ကို ပမာထားပြီး ရိုက်ကြည့်၊ ထိုး ကြည့်၊ ထုကြည့်ရမည်ဖြစ်ရာ...

**ဇော်မြင့်(မြင်းခြံ)**

---

စာမျက်နှာ (၁၃၈)မှ အဆက်

ပြန်လာတာနဲ့ ရေစင်အောင်ဆေး လက်ဖက်ရည်အောက်ခံ ပန်းကန်နှစ်ချပ်ထဲကို တစ်ခုစီထည့်ပြီးတော့နဲ့ အိမ်က ကြီးတဲ့သူဆိုရင် ဘုရားစင်ပေါ်တင်၊ ငယ်တဲ့သူဆိုရင် ဘုရားစင်ရှေ့မှာ ခုံလေးတစ်ခုံနဲ့ထား ဒီအထိ ရှင်းတယ်နော်'

ဟု ပြောလိုက်ပြီး ကျွန်ုပ်သည် ကွမ်းတစ်ယာအား ဝါးလိုက်၏။ ဆက်၍...

'စာရွက်ခပ်တန်တန် နှစ်ရွက်မှာ တစ်ရွက်ကို (နေ့)ရေး ချင်းတက်တစ်ခုမှာကပ် နောက်တစ်ရွက်မှာ (ည)ရေး ချင်းတက်တစ်ခုမှာကပ်ပြီးတာနဲ့ ချင်းတက်ပေါ်မှာ ဖယောင်းတိုင် သေးသေးထွန်း ဘုရားကို မီးပူဇော်ပြီး ဆုတောင်းဗျာ...ဆုတောင်း'

ဟုပြောလိုက်ရာ သူက...

'ဆရာ အချိန်နဲ့ မီးပူဇော်ပုံလေးလဲ လုပ်ဦးလေ တိုးလိုးတန်းလန်းနဲ့'

ဟု သူက ဆိုလေ၏။ ကျွန်ုပ်ကလည်း သူ့အား လက်ထောင်ပြလိုက်ရင်း အနီးရှိ အမှိုက်ပုံးထဲသို့ ကွမ်းတံတွေးအား သွားထွေးလိုက်၏။ ပြီးနောက် ပြန်ထိုင်ကာ...

'အချိန်က နံနက်(၁)နာရီ သန်းခေါင်အချိန်ကစလို့ နေ့လယ် နာရီအထိ နေ့ချင်းပေါ်မှာထွန်း၊ နေ့လယ် (၁၂)နာရီကစ (၁၂)နာရီထိ ညချင်းမှာထွန်း၊ ဖြစ်ဖြစ်ချင်း(၂)တိုင်ထွန်း နောက် အဆင်ပြေတဲ့ အချိန်တိုင်း တစ်တိုင်စီ ထွန်းသွား ဆုတောင်း က"နေ့ချင်းမှာထွန်းရင်း ဦး...ဘယ်သူ ဒေါ်... ဘယ်သူ ဘယ်သူ၊ မ...ဘယ်သူ နေ့ချင်း နေကောင်းပါစေ၊ အနာနဲ့ ဆေးတွေ့ပါစေ' နေ့ချင်း စေတနာကောင်း ကြီးမားသော ဆရာဝန်နဲ့ တွေ့ပါစေ"လို့ ဆုတောင်းဗျာ ညချင်းမှာ ထွန်းရင်လဲ ဒီပုံစံပဲ ဆုတောင်း လိုရင် ကိုယ့်တာသာကိုယ် ဉာဏ်ရှိသလို ထည့်ဆိုပြီး လိုသလို ပေါ့ဗျာ ဟုတ်ပြီလား'

ဟု ပြောလိုက်ရာ သူသည် ကျွန်ုပ်အား လှမ်း လိုက်ပြီး "ကဲ...ငါ့ဆရာလဲ အာခြောက်သွား ကျွန်တော်တို့ ဘုရားကို ဝတ်ပြုပြီး လက်ဖက်ရည် သွားကြရအောင်"ဟု ပြောရင်း ကျွန်ုပ်တို့ နှစ်ဦး ဘုရားကြီးအား ဝတ်ပြုရန်အတွက် အဘတို့အ နေ၍ ထွက်ခဲ့လေတော့သည်။

**မြတ်သိမ်းခိုင်(စမ်းချောင်း)**



www.burmeseclassic.com

www.burmeseclassic.com



ဆရာ ကျော်လင်း
(နေလပီဖွား)

# လူစွမ်းကောင်း မှန်ပညာ

၁၃၃၇ ခုနှစ်ခန့်က
**ဗွန်ဆရာစံ၏ တပည့်အရင်း**
**ဦးထုကျော်**ဆိုသူ အဘိုးအိုတစ်ဦး
ည် **ဥက္ကံမြို့ အရှေ့ဘက် သံပရာ**
ကျောင်းသို့ ရောက်လာခဲ့လေ၏။

စာရေးသူသည် **၁၃၃၅ ခုနှစ်ခန့်**
**ဥက္ကံမြို့ အရှေ့ဘက် ချောင်း**
**စ်ဖက်ကမ်းရှိ ပုပ္ပါရုံကျောင်း**
**ရာတော် ဦးစန္ဒာဝရထံတွင်**
န်းပြုပြီးနောက် မကြာခင်
ရာခုံကျောင်းသို့ ရောက်ရှိလေ
ည်။

ရာက်ရှိပြီး တစ်နှစ်ခန့်အကြာ၌
ညာ၊ ကာယပညာများကို
န် စွမ်းဆောင်နိုင်သော အဘ
ကျော်သည် ကျွန်ုပ် နေထိုင်
သံပရာခုံကျောင်းသို့ ခေတ္တမျှ
ရောက်လာခဲ့၏။

အိုနာသေသဘောကို မလွန်ဆန်နိုင်သောအားဖြင့် အိုမင်းရင့်ရော်လျက် တောင်ဝှေးကို အားကိုးနေရသော အရွယ်ဖြစ်၍ သနားမိသောကြောင့် ဆွမ်းခံ၍ ကျွေးခဲ့ရလေ၏။

ရက် အတန်ကြာလာသောအခါ ကျေးဇူးကို တုံ့ပြန်သောအားဖြင့် သူ၏ ပညာရပ်များကို တစ်စတစ်စ အစွမ်းပြလာခဲ့၏။

သပြေပင် ခြောက်မန်း၍ ညှိုးကျလာခြင်း၊ တစ်ပင်လုံး ပွင့်နေသော ပန်းပင်ကို ကိုင်၍ ဂါထာရွတ်ပြီး ဖနောင့်နှင့် ပေါက်လျှင် ပန်းများ ချက်ချင်း ကြွေကျလာခြင်း၊

အရက်ကို မန်းမှုတ်လျှင် ဆူဝေ၍ လျှံကျလာခြင်း၊ မဆစ်ဆီကို ဝယ်၍ ရေနွေးသောက်ပန်းကန် လေးလုံးဆင့်ပြီး ကြီးလေးလုံးဂါထာနှင့် မန်းမှုတ်လျှင် ပန်းကန်လုံးဖင်မှ အက်ကြောင်းရာ မရှိဘဲ အဆင့်ဆင့် စိမ့်ယိုထွက်လာခြင်း



www.burmeseclassic.com

www.burmeseclassic.com

ဆေးလိပ်မန်း၊ ကွမ်းယာမန်း၊ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဂါထာ၊ မန္တန်၊ မန္တရား ၏ အတတ်ပညာနှင့် အစွမ်းပြခဲ့လေ၏။

ထိုအချိန်၌ စာရေးသူသည် သံပရာခုံဆရာတော်၏ ဓာတ်လုံးကို ဖိုးထိုပေးနေရသောအချိန်ဖြစ်၍ ထွက်ရပ်ပေါက်ချင်သော စိတ်မှ တစ်ပါး အခြားကိစ္စများကို စိတ်ဝင်စားမှု နည်းပါးနေသောအချိန် ဖြစ်လေ၏။

သို့သော် မျက်မြင်ဖြစ်သော ဤကဲ့သို့ အစွမ်းထက်မြက်သည့် မြန်မာတို့၏ လူစွမ်းကောင်း အတတ်ပညာကို လက်လွှတ်မခံဘဲ မှတ်တမ်းပြုထားခဲ့လေသည်။

ယခုအခါ မြန်မာတို့၏ လူစွမ်းကောင်းအတတ်ပညာများ ပျောက်ပျက်သွားမည်ကို စိုးသောကြောင့် **မန္တန်ပညာတစ်ခု**ကို ဖော်ပြပေးပါမည်။

မြန်မာတို့၏ လူစွမ်းကောင်းပညာဟု အမည်ခံထားလျှင် **ကံငါးပါး အနက် တစ်ပါး,နှစ်ပါး** နိုင်သလောက် ထိန်းသိမ်းရမည်ဟု စွဲမြဲစွာ မှတ်သားရလေသည်။

**မန္တန်နှင့်ထုံး အထက်ဆုံး** ဖြစ်၍ အရာအားလုံးကို ဉာဏ်ရှိသလို သုံးစွဲနိုင်သော်လည်း ထုံးကို တင်၍ ဖော်ပြပါမည်။

ရှေးဦးစွာ ကိုယ်လက် သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်၍ နံ့သာရည်ကျဲနှင့် ပလုတ်ကျင်းပြီး သန့်ရှင်းသော ထုံးကို လိုသလောက် ယူပြီးလျှင် ဘုရားစင်ရှေ့မှာ ထိုင်ပြီး သီလခံယူပြီး ထုံးကို မန်းမှုတ်ရလေ၏။

မန်းမှုတ်သောအခါ တံတွေးမျိုခြင်း ခြင်ကိုက်လျှင် မောင်းခြင်း၊ နဂိုမူလ ထိုင်ထားသော အနေအထားကို ဖျက်ခြင်းများ ရှောင်ကြဉ်ရလေ၏။

ဂါထာ၊ မန္တန်၊ မန္တရား ဟူသည် **"ဦး"မပါ၊ "ဩောင်း"မပါလျှင် ဂါထာဖြစ်၏။ "ဦး"ပါလျှင် မန္တန် ခေါ်၍ "ဩောင်း"ရှေ့ကခံလျှင် မန္တရား ဖြစ်လေသည်။**

ယခု ဖော်ပြမည်ဖြစ်သော **မန္တန်ပညာ**မှာ...

ဦး ထိပ်မှာ ဘုရား၊ နားမှာ ပြဟ္မာ၊ လက်မှာ သိကြား၊ တင်မှာ ဘီလူး၊ ဒူးက ခြင်္သေ့၊ ကိုယ်က ဂဠုန်၊ ခြေမှာ နဂါး အစောင့်ထားသည်၊ ဘုရားမြတ်စွာ မေတ္တေယျကို အမှန်ကိုးကွယ်ပါ၏။ ဦး ကကုသန်ဂုံ၊ ဦး ကောဏဂုံ၊ ဦးကဿပဂုံ၊ ဦး ဂေါတမဂုံ၊ ဦး အရိမေတ္တေယျ သက်တော်ဝင် ဇော်ဝင်ရှာန်ဝင် မဟာဗိဿရော ဗောဓိရွှေဉာဏ် ဉာဏ်တော်ဆယ်ပါး...

အို ဘုရား၊ အို တရား၊ အို သံဃာ၊ အသရေတော်က ရွှေစင်အလား၊ ဦးခေါင်းတော်က မြင်းမိုရ်တောင်၊ မျက်လုံးတော်က ပုလဲရောင်၊ သွားတော်က ဝရဇိန်၊ လည်တော်က သံချောင်း၊ မဏိတော်က ဗောဓိညောင်ဖြစ်သည်။

ဦး ဘုရားသခင် တန်ခိုးတော်ကြောင့် ကြံ၍မရ၊ ထိုး၍မဝင်၊ ခုတ်၍မထိ၊ ရိုက်၍မချည်၊ ချည်၍မပြု၊ ဖမ်း၍မမိ၊ ပစ်၍မမှန်၊ ဦး အ-ရဟံ ခံသရာခံ နဘယံ ဘေးမရှိ ဘေးဘယံ နမရှိ'

ထုံးခွက်ကို ကိုင်၍ (၃၇)အုပ် ရွတ်ဆိုရလေသည်။ ထုံးကို အလုံးသေးသေး ပြုလုပ်၍ မျိုနိုင်သည်။

နဖူး၊ ရင်ဘတ်ကို ထုံးနှင့် ဝ,ကွင်း ၍ ပခုံးနှစ်ဖက်ကို အသက်အောင့်၍ နငယ်နားပင်းပိတ် ရေးပြီး အဆောင် ပြုရလေသည်။

နငယ်နားပင်းပိတ် ဟူသည် (န)ဤကဲ့သို့ ဖြစ်လေသည်။

အချိုးကျကျ မှန်ကန်အောင် ရေး ထားသော ခန္ဓာကိုယ်သည် ချိုး အောက်ကနေ ရင်အုပ်သို့ ကြိုး ပတ်တိုင်းခဲ့လျှင် မူလ ခန္ဓာကို ထက် အနည်းငယ် ကြီးထွားလာ

ခန္ဓာကိုယ်ကို တစ်ခုခုနှင့် ထို ပြီးမှ ပြေပျောက်လေ၏။

ထိုပညာသည် ရန်သူနှင့် ရင်ဆိုင် တွေ့လျှင် ကိုယ်စိတ်နှစ်ပါး စွမ်းအား ကောင်းလာပြီး တစ်ဖက်လူ အသ ရှုမှားလောက်အောင် ကျား ကောင်ကဲ့သို့ ထင်မှတ်ရလေသည် ဟု ဆိုလေ၏။

ထိုပညာသည် အမျိုးဘာသာ သာသနာအတွက် **တစ်ပွဲ ပညာ**ဟု မှတ်သားထားရန် ကြားခဲ့လေသည်။

**ထိုမန္တန်ကို အမြဲရွတ်ဆို၍ ယ နှင့် အစားအစာများကို မ စားသောက်ခဲ့လျှင်အကျိုးကြီး ကို စာရေးသူ ကိုယ်တွေ့ သိ သည်။**

ဤကဲ့သို့ ရှေးပညာသည် မင်္ဂလာမဟုတ်သော မ,တစ် တစ်ကောင်ဖွား ယောက်ျား ဘာမထိ အာဇာနည် အမွေ မှို နေရပ်က စာမူပြု၍ မြန်မာ အား တင်ပြလိုက်ပါသည်။

ဆရာ ကျော်လင်း
(နေလဝီဇ္ဇာ)



www.burmeseclassic.com

www.burmeseclassic.com

# ခွေး မကိုက်နိုင်သည်

ဂါထာ

မောင်ပယ်ဒိုး (အင်းတော်)

ခေါင်းစဉ်ပါ ဂါထာကို စာရေးသူ ရရှိခဲ့သည်မှာ ...ွန်ခဲ့သည့် နှစ်ပေါင်း(၆၀)ကျော် အထက်က ဖြစ်ပါ ...ည်။ ထိုစဉ်က စာရေးသူသည် (၅)နှစ်သား ...ကျော်က ဖြစ်ပါသည်။

ဂါထာမှာ “ဦး” ပါမှ စကားလုံး(၃)လုံးပါ၍ ယနေ့ ...သက်(၇၀)နား နီးနေပြီဖြစ်သော စာရေးသူ မှတ်မိနေ ...း ဖြစ်ပါသည်။

စာရေးသူ၏ ဖခင်သည် မီးရထား ရဲအမှုထမ်းဖြစ်၍ ...လေးမှာပင် တာဝန်ကျပါသည်။

ထိုအခါက မီးရထား ရဲအမှုထမ်းတို့၏ နေအိမ် ...ည်နေရာမှာ ရွှေဘုံသာဘုရား၏ တောင်ဘက်ခြမ်း ...ပါသည်။ ယခုမူ မီးရထားရဲတို့၏ မိသားစုနေရာ ...မှာ မရှိတော့ပါ။ ယခုအခါတွင် ကုမ္ပဏီအဆောက် ...များသာ ရှိပါသည်။

စာရေးသူ၏ နေထိုင်ရာ မီးရထားရဲအမှုထမ်း တည် ...ာ အဝန်းအဝိုင်းတွင် မန္တလေးသို့ ခေတ္တ တာဝန် ...သည့် ရန်ကုန်နယ်ဘက် ရဲတပ်ဖွဲ့ ရဲဝန်ထောက် ...းမောင် ရောက်လာပါသည်။

...လေးဘဝကမို့ ရဲဝန်ထောက် ဦးလွန်းမောင် ရောက် ... မသိပါ။ အများ၏ အပြောအရ ရန်ကုန်ဘက်မှ ...ထောက်ဟု ပြောပါသည်။ ကလေးများကို လွန်စွာ ...သူ ဖြစ်ပါသည်။

...န်ထောက် ဖြစ်သော်လည်း လွန်စွာ သိမ်မွေ့သူ ...သည်။ အသက်အရွယ်အရ ထိုကတည်းက (၅၀) ...၍ သူ့ရုပ်သူ့ရည်အရ စာရေးသူ လက်ရှိ ...အရွယ်ရောက်မှ ခန့်မှန်းခြင်းဖြစ်ပါသည်။

... တာဝန်ထမ်းဆောင်ပြီးလျှင် ရန်ကုန်ပြန်သွား ...ပါသည်။ နောက်မကြာမီ ပြန်ရောက်လာတတ် ...။

...က် (၁၃)နှစ်၊ (၁၄)နှစ်အရွယ်ခန့် အသားဖြူဖြူ ...ာ မိန်းကလေး ဂါဝန်ဝတ်လျက် အမြဲနေတတ် ... “တာတာ”လည်း ပါသည်။

...တာသည် ဝန်ထောက်ဦးလွန်းမောင်း၏ ...ယ်ဆုံးဟု ပြောပါသည်။ စာရေးသူနှင့်လည်း ...သည်။ နောက်တစ်ကြိမ် ဦးလွန်းမောင် ပြန် သွားပြီး တစ်ကျော့ပြန်လာသည့်အခါ မတာတာကို မေးသည့်အခါ ဆုံးသွားပြီဖြစ်ကြောင်း ပြောပါသည်။

ဝမ်းနည်းဟန် ကြေကွဲသည့် ပုံရိပ်များ ဦးလွန်းမောင်၏ မျက်နှာတွင် အထင်သား မြင်ခဲ့ရသည်ကို စာရေးသူ ယနေ့ထိ မြင်ယောင်နေပါသေးသည်။

သည်တစ်ကြိမ်သည် စာရေးသူ ငယ်ဘဝနှင့် ဦးလွန်း မောင်တို့ နောက်ဆုံးအကြိမ် ဖြစ်ခဲ့ကြောင်း စာရေးသူ နောက်မှ သိခဲ့ရပါသည်။ အကြောင်းသော်ကား ဝန်ထောက် ဦးလွန်းမောင် ပြန်မလာခဲ့တော့ပါ။ လက်ရှိ အချိန်ကာလမှာ စာရေးသူပင် အသက်(၇၀)ဝန်းကျင် နားရောက်ခဲ့ပြီ ဖြစ်ပါသည်။

ဝန်ထောက်ဦးလွန်းမောင်လည်း လောက၌ ရှိမည်









www.burmeseclassic.com

www.burmeseclassic.com

မဟုတ်တော့ပါ။ ဤမျှ ဦးလွန်းမောင်ကို စာရေးသူ မှတ်မိနေခြင်းမှာ စာရေးသူ၏ ငယ်ဘဝမှာ ပထမဦးဆုံး ပေးခဲ့သည့် ဂါထာမှာ လွယ်လည်းလွယ်၊ ခက်လည်း မခက်သည်မို့ မှတ်မိနေခြင်း ဖြစ်ပါသည်။

ဦးလွန်းမောင် ပေးခဲ့သည့် ဂါထာမှာ ခွေးမကိုက်နိုင်သည့်ဂါထာ ဖြစ်ပါသည်။ ခွေးအလွန်ကြောက်တတ်သော စာရေးသူကို ဦးလွန်းမောင်မှ ပေးခဲ့ပါသည်။

ဤဂါထာကို စာရေးသူ လက်လှမ်းမမီ၍လား မသိ။ မည်သည့်ကျမ်းမှ မတွေ့သေးပါ။ ဂါထာမန္တန်ကျမ်းများကို ဖတ်ဖူးခဲ့သော်လည်း မတွေ့ခဲ့ဘူးပါ။

**ဦးလွန်းမောင်ပေးသည့် ဂါထာမှာ...**

'ဉ့ အာစိ'

ဖြစ်ပါသည်။

**ထိုသည့်အခွေးများနှင့် ကြုံလျှင် လက်နှစ်ဖက်ကိုဆုပ်ပြီး လက်မကိုမှ ဆုပ်ထားသော လက်သီးထဲ လက်မထည့်ထားပါ။ ဝဲယာနှစ်ဖက်စလုံး လက်သီးဆုပ်ပြီး လက်[...] ထည့်ထားရမည် ဖြစ်သည်။**

**''ဉ့ အာစိ''ဂါထာကို လက်သီးနှစ်ဖက်ဆုပ်ပြီးမှ ရွတ်[...]ရန် ဖြစ်ပါသည်။**

စာရေးသူငယ် ဘဝတွင် ''ဉ့ အာစိ''ဖြင့် ကြောက်စိတ်[...]ကို ဖယ်ရှားစေနိုင်ခဲ့ပါသည်။

တတိယအရွယ် ရောက်မှ တစ်ကျော့ပြန် မှတ်မိ[...]သေးသည့် ရဲဝန်ထောက် ဦးလွန်းမောင်၏ ဂါထာ[...]ရေးသားတင်ပြလိုက်ရပါသည်။


**ဦးလွန်းမောင် ကောင်းရာသုဂတိ လားပါ[...] ဆုတောင်းရင်း...**

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း(အင်းတော်)**

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေ ထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်။

# ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ





## ထိုးလိုက ရွေးချယ်ပါ ဤဂဏန်း

| | |
|---|---|
| **အကြိမ်** | ၉ |
| **ဒီဇင်ဘာလ** | ၁၂ |
| **ခုနှစ်** | ၂၀၁၇ |
| | ၂၀၃၈ = ၁၃ = ၄ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (**၄**) ရသည်။ သို့ဖြစ်၍ **၃၊ ၄၊ ၇၊ ၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။ ထိပ်ဆုံးဂဏန်းအဖြစ်လည်း ရွေးချယ်ပါ။

ဥပမာ

| | | | |
|---|---|---|---|
| **စ...ဆုံး** | **စ...ဆုံး** | **စ...ဆုံး** | **စ...ဆုံး** |
| ၃...၃ | ၄...၃ | ၇...၃ | ၉...၃ |
| ၃...၄ | ၄...၄ | ၇...၄ | ၉...၄ |
| ၃...၇ | ၄...၇ | ၇...၇ | ၉...၇ |
| ၃...၉ | ၄...၉ | ၇...၉ | ၉...၉ |

မှတ်ချက် ။ ။ (...)ကွင်းအတွင်းတွင် **၃၊ ၄၊ ၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

''**အကြိမ်**''ဂဏန်းမပါဘဲ ''**လ**'' ဂဏန်းနှင့် ''**နှစ်**''ဂဏန်းကိုသာ ပေါင်းပါက (၁၂+ ၂+ ၀ + ၁ + ၇)=၂၂=၄ ဂဏန်းရသည်။ သို့ဖြစ်၍ ''၄'' ဂဏန်းမှာ ပို၍ အားကောင်းပါသည်။ သို့ဖြစ်၍...

**စ... ဆုံး**

၃... ၃၊ ၄၊ ၇၊ ၉

၄... ၄၊ ၇၊ ၉၊ ၃

၇... ၇၊ ၉၊ ၃၊ ၄

၉... ၉၊ ၃၊ ၄၊ ၇

ဤလတွင် **ဗုဒ္ဓဟူးသားသမီးများ** ထီ ကံပွင့်နေပါသည်။

ထို့ကြောင့် မိမိတို့ဒေသရှိ ဘုရားစေတီတစ်ဆူဆူသို့ သွားရောက်ပြီး ရင်ပြင်တော်နှင့် ဘုရားစေတီတော်များကို သန့်ရှင်းရေးပြုလုပ်ပေးပါ။

ထို့နောက် မိမိမွေးနံ အရပ်/[...] စ၍ ကြိုဟ်(၈)ခွင်အပြည့် ''အရုဏ်[...] (၁၀၈)ပုတီးကုံးဖြင့် မိမိသက်ဇေ[...] ပူဇော်ပေးပါ။

ဤအဓိဋ္ဌာန်ကို (၃)ရက်တိတိ[...]ရွက်ပါ။ ဤအဓိဋ္ဌာန်ပြီးပါက [...]ရွယ်အို(၄)ဦးအား အာဟာရဒါန[...] သမျှ လှူဒါန်းပေးပါ။ အထက်ပါ[...]ဆောင်ရွက်ပြီးမှ ထီကံစမ်းကြ[...]သည်။

**အထူးဂဏန်း**

✦**၄၇၉၉၃၄** ✦**၃၇၇၉၄၄** ✦[...]

**ထီကံ ပွင့်ပါစေ**

**ဆရာရဲထက်(သုဓေ[...]**



www.burmeseclassic.com

www.burmeseclassic.com

# နေပူဒဏ်ကို

## သက်သာစေသော ခရာပင်အမြစ်



မြန်မာနိုင်ငံ၌ ဒီရေဝင်ရောက်သော မြစ်ချောင်းကမ်းစပ်များတွင် အလေ့ကျ ပေါက်ရောက်သော **ခရာပင်များသည်** ဆေးဖက်ဝင် အပင်မျိုး ဖြစ်ပါသည်။

ဆူးရှိသော အပင်မျိုးဖြစ်၍ ခရာပင်များကို ဒီရေတောစပ်များတွင် လွယ်ကူစွာ ရှာဖွေရရှိနိုင်ပါသည်။

၂၀၁၆ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုချိန်၌ ဆရာကျော်ညွန့် ဘော်ဒါဆောင်တွင် ကျောင်းသား/သူ (၂၀)ဦးခန့် ရှိပါသည်။

အပူချိန် မြင့်တက်လာချိန်ဖြစ်၍ နံနက်(၇)နာရီအချိန်တွင် ကျောင်းသား/သူများ အားလုံး အပူဒဏ်ကို ခံနိုင်စေရန်အတွက် ခရာပင်မြစ်ကို သွေး၍ လိမ်းနေကြပါသည်။

စာရေးသူ၏သမီး မနန္ဒာကျော်လည်း အဆိုပါ ဘော်ဒါဆောင်တွင် တက်ရောက်သင်ကြားနေ၍ ကျောင်းသားအတွက် လိုအပ်ချက်များကို သွားရောက်ပို့ဆောင်ပေးရာ ရောက်ရှိခဲ့ရာ သနပ်ခါးကျောက်ပျဉ်(၄)လုံးခန့်စီ၍ ကျောင်းသား/သူများ သနပ်ခါးလိမ်းသကဲ့သို့ သွေး၍ လိမ်းနေကြပါသည်။

စာရေးသူက…

'ဟော့…သမီးလေး ဒီမှာ သမီးအတွက် ပစ္စည်းတွေ လာယူပါ။ အဲဒီမှာ သနပ်ခါးကျောက်ပျဉ်တွေ အများကြီးပဲ။ သနပ်ခါးလိမ်းပြီး ကြောချေနေတာလား'

ဟု မေးလိုက်ရာ သမီးဖြစ်သူက…

'မဟုတ်ပါဘူး အမေရေ… အဲဒါ ဆရာကြီးက အပူဒဏ် ကာကွယ်နိုင်အောင် ဆေးမြစ်လိမ်းခိုင်းထားတာပါ'

ဟု ပြောပြပါသည်။ နေပူရှိန် မြင့်မားလာချိန်ဖြစ်၍ ကျောင်းသား/သူများ စာကျက်/စာသင်ကြရာတွင် အဆင်ပြေစေရန်၊ ကျန်းမာရေးမထိခိုက်စေရန် ခရာပင်အမြစ်ကို ဒီရေတောရှိရာဒေသမှ မှာယူ၍ သူ၏ ဘော်ဒါဆောင်တွင် သင်ကြားနေသော ကျောင်းသား/သူများအား လိမ်းခိုင်းခြင်း ဖြစ်သည်ဟု ဆရာကြီး ဦးကျော်ညွန့်က ပြောပြပါသည်။

စာရေးသူလည်း ဆရာ့ထံက ဆေးမြစ်တစ်ခု ယူလာ၍ ကိုယ်တိုင်လိမ်းကြည့်ရာ ကိုယ်ခန္ဓာ အသားအရေ အေးချွာ နေထိုင်၍ ကောင်းပါသဖြင့် စာရှုသူများအနေဖြင့် လွယ်ကူသော ဆေးနည်းကောင်းတစ်ခုအား ရေးသားတင်ပြလိုက်ပါသည်။

ဗိုလ်မင်း(မင်းလှ)



www.burmeseclassic.com

www.burmeseclassic.com

သိုင်းပညာရှင်

# ဆရာကြီးမင်းယက္ခ

(တိုက်ပွဲဝင်သိုင်း) ၏

# ဘဝအတွေ့အကြုံများ

(ဒုတိယပိုင်း) [အမှတ်-၁]

ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)

မင်းကြီးတာက်

၁၉၆၁ ခုနှစ် တစ်ဝိုက်လောက်က ဖြစ်ပါသည်။ ထိုစဉ်ကာလက ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များ အစည်းအရုံး (ဗ-လ-စ) သိုင်းသင်တန်းတွင် ကျောင်းအုပ်ဆရာကြီး (သင်တန်းတာဝန်ခံ)မှာ **ဆရာကြီး ဦးချစ်သန်း**ဖြစ်၍ **ဆရာကြီး ဦးပြည့်သိမ်း**မှာ နာယက ဆရာကြီးဖြစ်ပါသည်။

ဆရာကြီး ဦးပြည့်သိမ်းသည် သိုင်းသင်တန်းကိစ္စအဝဝကို ဆရာကြီး ဦးချစ်သန်းအား လုံးဝ လွှဲအပ်ထားပြီး လူငယ်တက္ကသိုလ်တွင်သာ အင်္ဂလိပ်ဘာသာပြ ဆရာလုပ်ကာ အားလပ်ချိန်များတွင် (ဗ-လ-စ) အဆောက်အအုံကြီး၏ နောက်ဘက် အခန်းကျဉ်းလေးထဲတွင် (၁၀၀-ဝပ်အား) မီးလုံးတစ်လုံး ဖွင့်ကာ ဆီဆေး ပန်းချီကားများကို ရေးဆွဲနေလေ့ ရှိပါသည်။

ကျွန်တော်သည် သိုင်းပညာအပြင် ပန်းချီပညာရပ်ကိုလည်း ဝါသနာပါသည့်အလျောက် ဆရာကြီး ဦးပြည့်သိမ်း ပန်းချီဆွဲသည့်



နေရာသို့ သင်တန်းနားချိန်တွင် သွားရောက်လေ့ ရှိပါသည်။

(ထိုစဉ်က ဆရာကြီးဦးပြည့်သိမ်း ရေးဆွဲနေသော ဆီဆေးပန်းချီကားမှာ ဆရာကြီးဦးပြည့်သိမ်းက မြေကြီးပေါ်တွင် မိုင်းသာအထိုင် ဓားနည်းဖြင့် ခုတ်လျက်ရှိစဉ် ဆရာကြီး ဦးချစ်သန်းက ဘယ်ခြေရပ်လျက် ညာခြေကို ခြေခွင်ဖြင့် မ,ထားပြီး… ဘယ်ဓားထမ်း၊ ညာဓား ဓားဆန်

ခုတ်သည့် (နောက်ပြီး … နည်းဖြင့် ခုတ်နေဟန်ကို … ထားခြင်း ဖြစ်ပါသည်။) [… **ပန်းချီကား ရေးဆွဲပြီး… ကျွန်တော့်အား အပိုင်… သည်။** ***စကားချပ်***]

ဆရာကြီးက အခန်းတွင်… ပန်းချီဆွဲသည့် အခန်းတွင်… ရောက်ကာ ဆရာကြီး၏ … အခန်းထောင့်မှ ရပ်လျက်… ပါသည်။

ဆရာကြီးက … ပါစပိုက်တစ် (အနီးအဝေး… အလင်းအမှောင် သ… ရှင်းပြပါသည်။

ကျွန်တော်သည် ဗ-… သင်တန်းတွင် သိုင်း… သာမက ပန်းချီပညာရပ်… သင်ယူရရှိနေပါသည်။

ထိုအချိန်က ဆရာ… က ဓားမြှောင်ထိုး … သောပညာရပ်(ဓား… ကို သင်ကြားလေ့…



www.burmeseclassic.com

www.burmeseclassic.com

ရှိပါသည်။

ဆရာကြီးဦးထွန်းစာ သင်ပေးသောနည်းမှာ မိုးထိုး(သို့မဟုတ်) ပိုင်းစလွယ်လမ်းကြောင်းဖြင့် ထိုးလိုက်သော ဓားချက်ကို ဘယ်ခြေဆုတ်၊ ညာလက်ဖြင့် ရန်သူ့ဓားကိုင်လက်ကို ဝိုက်ခုတ်၍၊ လက်ကို စက်ဝိုင်းတစ်ဝိုင်း ဝိုင်းလိုက်ကာ ရန်သူ့ဓားကို လက်(လက်ကောက်ဝတ်)ကို လက်လှန်ချိုး ဓားလုသော နည်း ဖြစ်ပါသည်။

အကယ်၍ ဒီလို အခန်းကျဉ်းလေးထဲမှာ ဆုတ်ရန် နေရာမရှိပါက ဘယ်လို ခုခံကာကွယ်မလဲ ဆိုသည့် မေးခွန်းကို ဆရာကြီး ဦးပြည်သိမ်းအား မေးလည်း မေးချင်သည်၊ မေးလည်း မမေးရဲ ဖြစ်နေသည်။ မေးဖို့ မမေးဖို့ကို ချီတုံချတုံ ဖြစ်နေသည်။

ဆရာကြီးဦးချစ်သန်း၏ ဆရာဆိုသော အရှိန်က ကြောက်ရွံ့စေသည်။ မေးရန် မဝံ့မရဲ ဖြစ်စေသည်။ နောက်ဆုံး သိချင်သည့်ဆန္ဒက လွှမ်းမိုးသွားသောကြောင့် မမေးရဲ မေးရဲဖြင့် မေးဖြစ်သွားသည်။

မေးသာမေးရသည် ဖြစ်မှ ဖြစ်ပါ့မလား၊ ဝေါက်ငမ်းကြိမ်းမောင်းလေမလား ဆိုသည့် ကြောက်စိတ်များကလည်း ရင်ကို တဒိတ်ဒိတ်ခုန်စေပါသည်။

'ဆရာကြီး'

ဟု တုန်တုန်ယင်ယင်ဖြင့် ခေါ်လိုက်မိသည်။ ဆရာကြီးက...

'ဟေ...ဘယ်တုန်းကွ'

ဟု ပြောလိုက်ကာ သူ့ဘယ်ဘက်ရှိ ကျွန်တော့်အား ငဲ့ပြီး ကြည့်လိုက်ပါသည်။

'ကျွန်တော် ဆရာကြီးကို မေးချင်တာ တစ်ခုရှိလို့ပါ၊ ဆရာကြီး ဆူမှာလဲ ကြောက်တော့ မေးရင် ကောင်းမလား... မမေးရင် ကောင်းမလား ဆိုပြီး ဝေခွဲမရ ဖြစ်နေပါတယ်။ နောက်ဆုံး ဆရာကြီး ဆူချင်လဲ ဆူတော့ဆိုပြီး အရဲစွန့် မေးရတာပါ ဆရာကြီး'

ဟု ပြောလိုက်မိပါသည်။ ဆရာကြီးက ကျွန်တော့်အား သနားစရာကောင်းသည့် သတ္တဝါလေးအလား ကြည့်ရင်းက...

'မေးစရာရှိရင် ရဲရဲတင်းတင်းသာမေး၊ "မသိရင်မေး မစင်ရင်ဆေး"ဆိုတဲ့ စကားရှိတယ် မဟုတ်လားကွ... မသိလို့ မေးတာ တစ်ဖက်လူကို စော်ကားတာမှ မဟုတ်ဘဲ၊

တချို့က ကလေးမေးတာ လူကြီးက မဖြေနိုင်တော့ ရှက်ရမ်း ရမ်းပြီး ကလေးကို အော်ငေါက်ပစ်တာပေါ့ကွယ်။ ကဲ... ကဲ...မင်းက ဘာသိချင်တာလဲ ပွင့်ပွင့်လင်းလင်းသာမေး'

ဟု ခွင့်ပေးသောကြောင့် ဝမ်းသာအားတက်သွားမိပါသည်။

**[ဆရာကြီး ဦးပြည်သိမ်း၏ ကောင်းသော အချက်များထဲမှ ကောင်းသော အချက်တစ်ချက်မှာ သိလိုသည့်သူက မေးလာခဲ့လျှင် ကလေးဖြစ်ဖြစ်၊ လူကြီးဖြစ်ဖြစ် လေးလေးစားစား ပြောပြသည်။ ရှင်းပြသည်။ လက်တွေ့ လုပ်ပြရမည့်နေရာတွင် လက်တွေ့လုပ်ပြ၊ ရှင်းပြလေ့ ရှိပါသည်။]**

'ဆရာကြီး အခုလို အခန်းကျဉ်းလေးထဲမှာ ဓားမြှောင်နဲ့ အပေါ်က မိုးပြီး ထိုးချလိုက်ရင် ဘယ်လို ကာကွယ်မလဲဆိုတာ သိချင်လို့ပါ'

ဟု မေးလိုက်ပါသည်။ ဆရာကြီးက...

'ဓားမြှောင်ထိုး ခုခံကာကွယ်နည်းတွေကတော့ အများကြီး ရှိတာပေါ့ကွာ...မင်း မေးပုံအရ ဆိုရင် အခုလို အခန်းကျဉ်းလေးထဲမှာ အပေါ်က နေ စိုက်ထိုးတာကို ခုခံ ကာကွယ်ဖို့ပဲ မဟုတ်လား'

ဟု ဆရာကြီးက ပြောပြောဆိုဆိုဖြင့် သူ ရေးဆွဲနေသော ဆီဆေးများဖြင့် ပေကျံနေသော တစ်လက်မခန့်ရှိ စုတ်တံကြီးကို ကျွန်တော့်အား ပေးကာ သူ့အား ထိုးစေပါသည်။

ကျွန်တော်လည်း ဆရာကြီးပေးသော စုတ်တံကို ခြောက်လက်မခန့် ရှေ့သို့ ထုတ်ကာ **တူကိုင်နည်း(ဓားဦးကို အောက်သို့ စိုက်၍ ဓားရိုးကို အပေါ်ထောင်ကာ ကိုင်သောနည်း)**ဖြင့် ကိုင်၍ ဆရာကြီး၏ ရင်ဘတ်ကို ထိုးစိုက်ချလိုက်ပါသည်။

ဆရာကြီးသည် ဘယ်ခြေကို ဘယ်ရှေ့သို့ တက်၍ ညာခြေကို ညာရှေ့သို့ တက်ကာ အောက်သို့ ညွတ်ထိုင်ချလိုက်ပြီး လက်ဖနောင့်နှစ်ခုကို ပူးကာ လက်ဝါးနှစ်ခုကို လက်ကောက်ဝတ်မှ အပြင်သို့ လှန်ချကာ၊ ကျွန်တော်၏ တံတောင်ဆစ်ကို အောက်မှ အပေါ်သို့ ပင့်တင်လိုက်ပါသည်။

ကျွန်တော်၏ ဓားကိုင်ညာလက်



www.burmeseclassic.com

www.burmeseclassic.com

ကို သူ၏ ဘယ်လက်ဝါးအုပ်ကိုင်ကာ၊ ကျွန်တော့် တံတောင်ဆစ်ကို ဖိချိုးချလိုက်ပါသည်။

တစ်ပြိုင်နက်တည်း သူ့ညာလက်ဖြင့် ကျွန်တော့် ညာလက်ကို အပေါ်သို့ ဆွဲယူလိုက်ရာ (ဘယ်တွန်းညာဆွဲနည်းဖြင့်) ကျွန်တော့်လက်ကို ချိုးပြီး ကျွန်တော့်လက်ထဲမှာ ဓားမြှောင် (ပန်းချီစုတ်တံ)ကို လုယူသွားပါသည်။

ကျွန်တော်မှာ ကြမ်းပြင်ပေါ်သို့ မှောက်လျက် လဲကျသွားပါ သည်။ ကျွန်တော်သည် ဖုတ်ဘက်ခါထရင်းက...

'ဆရာကြီး...ဆရာကြီးရဲ့ ခြေကို ရှေ့ဘက်ကို ဘယ်ခြေ-ညာခြေ ရင်ပေါင်တန်း တက်တဲ့နည်းကို ဘာခြေတက်နည်းလို့ ခေါ်လဲ ဆရာကြီး'

'အဲဒါကို **"မင်းကြီးတက်"**လို့ ခေါ်တယ်ကွ'


ဟု သိလိုစောဖြင့် မေးလိုက်မိပါသည်။

'ဘာကြောင့် ခေါ်တယ်ဆိုတာတော့ ဆရာကြီးလဲ မသိဘူး။ ဆရာရဲ့ဆယ်ဆရာ ဆရာဩကြ "မင်းကြီးတက်" ဆိုတာနဲ့ ဆရာလဲ "မင်းကြီးတက်"လို့ မှတ်ထားတာ၊ တစ်နေ့ကျရင် အသုံးဝင်လာပါလိမ့်မယ်ကွာ။

အဲ... "မင်းကြီးတက်" ရှိသလို "မင်းကြီးဆုတ်"လဲ ရှိသေးတယ်။ ဘယ်ခြေကို ဘယ်နောက် တည့်တည့်ဆုတ်ပြီး ညာခြေကို ညာခြေနောက်တည့်တည့် လိုက်ဆုတ်တဲ့နည်း။ ညာခြေကို ညာနောက်တည့်တည့် ဆုတ်ပြီး ဘယ်ခြေကို ဘယ်နောက်တည့်တည့်ဆုတ်တဲ့ နည်းဆိုပြီး နှစ်နည်းရှိတယ်၊ မင်းကြီးတက်(၂)နည်း၊ မင်းကြီးဆုတ်(၂)နည်း ဆိုပြီး ရှိတယ်'

ဟု ဆိုကာ ဆရာကြီးက တက်ပြ၊ ဆုတ်ပြပါသည်။

* * *




'ဗျာ...မင်းကြီးတက်၊ ဘာဖြစ်လို့ မင်းကြီးတက်လို့ ခေါ်တာလဲ ဆရာကြီး'

ငယ်စဉ်က အမှတ်မထင် ဆရာကြီးဦးပြည်သိမ်း သင်ကြားပေးလိုက်သော မင်းကြီးတက်-မင်းကြီး ဆုတ် ပညာကို ခုနစ်ရာ ခုနစ် (၁၉)နှစ် အရွယ်တွင် မမျှော်လင့်ဘဲ အသုံးပြု လိုက်ရပါသည်။

ထိုစဉ်က ကျွန်တော်က ချစ်ဇနီး လေးကို ဆိုင်ကယ်ပေါ်တင်၍ တစ်နေကုန် ဆိုင်ကယ်စီး(ဆိုင်ကယ် ဖြင့် လျှောက်လည်)နေသည့်ကာလ ဖြစ်ပါသည်။

ညနေ သိုင်းသင်တန်းချိန် (၅) နာရီကျမှ ပြန်လာလေ့ ရှိပါသည်။ တစ်ခါတစ်ရံ လှည်းကူးတို့၊ ပဲခူးတို့၊ မှော်ဘီတို့သို့ ရောက်နေသည့်အခါ သင်တန်းချိန်အမီ မပြန်နိုင်၍ ကျွန်တော်၏ ညီဖြစ်သူ ဆရာလှခင် (ဆရာ့အာဥာဝက)နှင့် ဆရာကျော် (ဆရာထွေးသောင်း၊ ယခု ဒိန်းမတ် နိုင်ငံ)နှင့် ဆရာပုဏ္ဏက (ဆရာကြည် ဝင်း)တို့ကို သင်တန်းပြခိုင်းရပါ သည်။

ထိုနေ့က လှည်းကူး အင်းတကော် မှအပြန် မြန်မာ့ဂုဏ်ရည်လမ်း "ဇော်" လက်ဖက်ရည်ဆိုင်သို့ သွားခဲ့ပါသည်။ "ဇော်"လက်ဖက် ရည်ဆိုင်မှာ ကျွန်တော်၏ စတည်းချရာ နေရာဖြစ်ပါသည်။ ပိုင်ရှင်ဦးကြူးနှင့်လည်း အတော် ခင်မင်ပါသည်။

ကန်တော်ကလေးရှိ ကျွန်တော်၏ သိုင်းတပည့်များကလည်း "ဇော်" လက်ဖက်ရည်ဆိုင်သို့ ညနေတိုင်းလိုလို လာလေ့ရှိကြ သည်။

သိုင်းသင်တန်းသို့ မတက်တော့ သော တပည့် လူဟောင်းများ ကြပါသည်။ တပည့်ဟောင်း



www.burmeseclassic.com

www.burmeseclassic.com

တွင် ဆိုက်ကားဆရာများက အများစု ဖြစ်ပါသည်။

**[ထိုတပည့် ဆိုက်ကားဆရာများ၏ ကူညီရိုင်းပင်းမှုကို အလည်းသင့်သောနေရာတွင် မှတ်တမ်းတင်ရင်း ဖော်ပြပါဦးမည်။]**

ကျွန်တော်က ဆိုင်ကယ်ကို ရှေ့မှ သတိဖြင့် ဂရုတစိုက် မောင်းနှင်နေစဉ် ကျွန်တော်၏ ချစ်သက်ထားက ဆိုင်ကယ်နောက်တွင် (ဘောင်းဘီဝတ်၍) ခွထိုင်ပြီး ကျွန်တော့်ခါးကို လက်နှစ်ဖက်ဖြင့် ဖက်ထားပါသည်။

ထိုသို့ နှစ်ဦးအား အချစ်ရေယာဉ်ကြောတွင် နစ်မျောနေရင်း သာယာချမ်းမြေ့နေစဉ်...

'ချစ်လို့ ချစ်တယ် ပြောတော့ စိတ်မဆိုးနဲ့နော်'

ဟူသော သီချင်းစာသားကို အပ်တလဲလဲ အော်ဟစ်သီဆိုနေ၍ ကျွန်တော့် ညာဘက်နောက်သို့ ငဲ့စောင်းကြည့်လိုက်ရာ လူရွယ်နှစ်ယောက်က စက်ဘီးစီးရင်း ကျွန်တော့်အမျိုးသမီးနှင့် ယှဉ်စီးရင်း အဆိုပါ သီချင်းစာသားကို အပ်လဲလဲ သီဆိုနေခြင်းဖြစ်သည်ကို သိလိုက်ရပါသည်။

"မယားထိတော့ ခါးကြည့်"ဆိုသည့် စကားအတိုင်း ဒေါသတို့မှာ ထိပ်လိုက်တက်လာကာ လမ်းဘေး (လမ်းထိပ်တွင် ဆိုင်ကယ်ကို ထိုးရပ်လိုက်ပါသည်။)

လူရွယ် နှစ်ယောက်ကလည်း စက်ဘီးကို လမ်းထဲသို့ စီးဝင်ကာ စက်ဘီးကို မြေကြီးပေါ်သို့ လှဲချလိုက်ပါသည်။

ကျွန်တော်ကလည်း ဆိုင်ကယ်ပေါ်မှ ဆင်း၍ သူတို့ရှိရာသွားရာ တစ်ယောက်သော သူက လမ်းထိပ်ရှိ ခြံစည်းရိုးအဖြစ်ကာ ထားသော ဝါးလုံးတစ်လုံးကို ဆောင့်ဆွဲဖြုတ်လိုက်ပြီး ကျွန်တော်၏ ဘယ်ဘက် (ရှေ့မှနေ၍) ဝါးလုံးကို စုံကိုင်၍ ကျွန်တော့်ဦးခေါင်းကို ရိုက်ချလိုက်ပါသည်။

ကျွန်တော်က ဘယ်ခြေကို ဘယ်ခြေရှေ့ တစ်ကွက်သို့ တက်၍ သူ့တုတ်ကိုင်လက်ကို ဘယ်လက်ဝါးစောင်းဖြင့် ခုတ်တား၍ ဖမ်းကိုင်ထားလိုက်ပါသည်။

ထိုစဉ် ညာဘက်မှ တစ်ယောက်က အနားသို့ ကပ်ကာ ညာဖြောင့်လက်သီးဖြင့်ထိုးထည့်လိုက်ပါသည်။

ထို့ကြောင့် ညာခြေကို ညာခြေရှေ့ (ဘယ်ခြေ၏ ဘေးသို့ တစ်ကွက်တက်လိုက်ကာ သူ့ လက်ကောက်ဝတ်ကို ညာလက်ဝါးစောင်းဖြင့် (အတွင်းမှ အပြင်သို့) ခုတ်ထုတ်၍ သူ့လက်ကောက်ဝတ်ကို ကိုင်ထားလိုက်ရသည်။

အဆိုပါ **ခြေကွက်မှာ မင်းကြီးတက်နည်း (၁)ဘယ်ခြေတက်–ညာခြေလိုက်တက်သောနည်း** ဖြစ်ပါသည်။ အခြေအနေအရ သူ့ အလိုလို မင်းကြီးတက် တက်ဖြစ်သွားခြင်းဖြစ်သည်။

ကျွန်တော့်မှာ ဘယ်ဘက်ရှေ့မှ ဝါးလုံးဖြင့် ရိုက်သော သူ၏ လက်ကို ဘယ်လက်ဖြင့် ဖမ်းထားပြီး ညာဘက်မှ လက်သီးဖြင့်ထိုးသော သူ၏ လက်ကို ညာလက်ဖြင့် ဖမ်းကိုင်ထားစဉ်(သူ့ဘက်မှ လူရွယ်တစ်ယောက်

က) ကျွန်တော့်ရှေ့ တည့်တည့်မှနေ၍ အုတ်နီခဲ ထိပ်နှစ်ဖက်ကို လက်တစ်ဖက်စီဖြင့် ကိုင်မ,ကာ ကျွန်တော့် ခေါင်းကို ထုချလိုက်ပါသည်။

**(ထို အခြေအနေမျိုးဆိုလျှင် သင်ကော ဘယ်လိုခုခံကာကွယ်မလဲ... စဉ်းစားကြည့်စမ်းပါ။)**

ကျွန်တော် ဘာမှ မလုပ်နိုင်ပါ။ ကျွန်တော့် လက်နှစ်ဖက်ကလည်း သူတို့ကို ဖမ်းထား၍(လက်သေနေသည်ဟု) သိုင်းအခေါ်အားဖြင့် ခေါ်ပါသည်။ လက်နှစ်ချောင်းဖြင့် ဘာမှ မလုပ်နိုင် မကိုင်နိုင်ခြင်းကို လက်သေသည်ဟု ဆိုပါသည်။

[ထို့ကြောင့် ကျွန်တော်က ပစ္စည်းများကို လက်နှစ်ဖက်ဖြင့် မဆွဲဘဲ ကျောပိုးအိတ်ဖြင့် သယ်ဆောင်ပါသည်။ ညာဘက်က လမ်းလျှောက်တုတ်(သံပိုက်လုံး)ကို ကိုင်ထားပြီး လက်တစ်ဖက်က ဘာမှ ကိုင်မထား၍ လက်မသေတော့ပါ။ *စကားချပ်*]

ကျွန်တော်သည် ရုတ်တရက် အုတ်နီခဲ၏ အန္တရာယ်မှ လွတ်ကင်းစေရန်(သူတို့ လက်နှစ်ဖက်ကို လွှတ်၍ နောက်သို့ ညာခြေမှ စခုန်ကာ ဘယ်ခြေက လိုက်ခုန်လိုက်ပါသည်။

**[မင်းကြီးဆုတ်ခြေကို အလိုလို အသုံးပြုပြီးသားဖြစ်သွားပါသည်။]**

အုတ်နီခဲမှာ ကတ္တရာလမ်းပေါ်သို့ အရှိန်ပြင်းပြင်းဖြင့် ကျသွားသော ကြောင့် အုန်းခနဲ မြည်သံနှင့်အတူ အုတ်ခဲ အပိုင်းအစများမှာ ဖွာကျပြီး ဘေးသို့ စင်ကုန်ပါတော့သည်။

ကျွန်တော့်ဒေါသသည် အထွတ်အထိပ်သို့ ရောက်သွားပေပြီ။ အုတ်နီခဲဖြင့်သာ ခေါင်းကို ထုမိပါက ထို



www.burmeseclassic.com

www.burmeseclassic.com

နေရာတွင်ပင် ပွဲချင်းပြီး သေသွားနိုင်ပါသည်။ ဆရာကြီး သင်ကြားပေးခဲ့သော ပညာကြောင့်သာ အသက်မသေခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် ဆိုင်ကယ်နောက်တွင် သားရေကြိုးဖြင့် ချည်နှောင်ထားသော လက်စွဲတော်(ဂျပန်ကင်ဒိုပုံ အသွားအရှည် ၂၄–လက်မ၊ အရိုးအရှည် ၉–လက်မ ရှိသော) တုတ်ဓားကို လက်ပြန် ဆွဲထုတ်လိုက်ပြီး ကျွန်တော့်အား ရန်ပြုသော လူရှယ်သုံးယောက်အား လိုက်ခုတ်ရာ သူတို့မှာ အိမ်နောက်ဖေးလမ်းကြားထဲသို့ ဝင်ပြေးကြပါသည်။

ကျွန်တော်က အမျိုးသမီးကို အိမ်တွင် ပြန်ထားကာ ဆိုင်ကယ်ဝပ်ရှော့ပ်မှ မက္ကင်းနစ်မောင်ရွှေကို ဆိုင်ကယ်ကို မောင်းခိုင်းကာ ကျွန်တော်က ဆိုင်ကယ်ကို နောက်ပြန်ခွထိုင်ကာ လက်ထဲတွင် ကင်ဒိုဓားကိုကိုင်၍ အဆိုပါ လမ်းထဲသို့ ခေါက်တုံ့ခေါက်ပြန် ဆိုင်ကယ်မောင်းရင်း ထိုသူများကို လိုက်ရှာပါသေးသည်။ သူတို့ကို အရိပ်အယောင်မျှပင် မတွေ့ရတော့ပါ။

နောက်တစ်ရက်တွင် ထိုလမ်းထဲသို့ ပြန်သွားရာ ကျွန်တော်၏ သူငယ်ချင်း(သူက သမိုင်းဘာသာ အဓိကဖြင့် တက္ကသိုလ်သို့ တက်ရောက်ခဲ့သော်လည်း ဦးသန့်အရေးအခင်းကြောင့် ထောင်တစ်နှစ်ကျကာ ကျောင်းထွက်ခဲ့ရသူ)က ကျွန်တော့်ဆိုင်ကယ်ကို ရှေ့မှ ဖမ်းတားပြီး...

'ကိုထွန်းဖိန်ကြီး... မနေ့က ခင်ဗျားနဲ့ ဟိုကောင်သုံးကောင် ပြဿနာဖြစ်တော့ ကျွန်တော် ရှိတယ်။ ဒီကောင်တွေက ဆေးသမားတွေပါ။ ရပ်ကွက်မှာ အမြဲပြဿနာရှာတယ်။ သူတို့က ပြဿနာဖြစ်ရင် ဓိုင်း,ဓိုင်းရိုက်တဲ့ အကျင့်ရှိတယ်။ ကျွန်တော် ဒီကောင်တွေကို ဒီနေ့မနက်ပဲ ခေါ်ပြီး(တုတ်နဲ့ ဆုံးမပေးလိုက်တယ်)။

မင်းတို့ ရဲစခန်းကို သွားမလား၊ ငါ့ဆုံးမတာကို ခံမလား... ဆိုတော့ သူတို့က ဦးလေး ဆုံးမတာကို ခံပါ့မယ်ဆိုတာနဲ့ ကြိမ်လုံးစာ ကျွေးလိုက်တယ်။

သူတို့ကို နောင် မလုပ်တော့ပါဘူးဆိုတဲ့ ခံဝန်ပါ လက်မှတ်ထိုးခိုင်းထားတယ်'

ဟု ပြောသောကြောင့် ကျွန်တော်လည်း စိတ်ကို လျှော့ပြီး ပြန်လာခဲ့ပါတယ်။ ကျွန်တော့်သူငယ်ချင်းက ရပ်ကွက်ဥက္ကဋ္ဌဖြစ်နေတာ ကျွန်တော် မသိ။ သူပြောမှ သိခဲ့ရပါသည်။

ထိုကိစ္စဖြစ်ပြီး တစ်လခန့်အကြာ ကျွန်တော်တို့ နှစ်ဦးသည် ဆိုင်ကယ်လျှောက်စီးရင်း ကန်တော်ကလေး ''ဇော်''လက်ဖက်ရည်ဆိုင်သို့ သွားပြီး ပြန်လာစဉ် ရှေ့ခပ်လှမ်းလှမ်းတွင် လူတစ်ယောက် ဝါးလုံးတစ်လုံးကိုကိုင်ကာ လမ်းဘေးမှ လျှောက်လာ၍ ကျွန်တော်က ကျွန်တော့်ဇနီးအား...

'ရှေ့မှာ လူတစ်ယောက် ဝါးလုံးကိုင်ပြီး လျှောက်လာနေတယ် ကြည့်ရတာ မရိုးဘူး သတိထားနေ'

ဟု ပြောကာ ဆိုင်ကယ်ကို ခပ်မှန်မှန် စီးသွားရင်း သတိထားနေလိုက်ပါသည်။

ထိုစဉ်က တုတ်ကိုင်ထားသူက ရှေ့မှနေ၍ တုတ်ဖြင့် ရုတ်တရက် ဖြတ်ရိုက်လိုက်ရာ ပါးစပ်မှ အသံကျယ်ကြီးဖြင့်''ဝပ်''ဟု အော်လည်း အော်ရင်း ရှေ့သို့ ခန္ဓာကိုယ်ကို ဆိုင်ကယ်တိုင်ကီဖြင့် ထိအောင် ဝပ်ချလိုက်ပါသည်။

နောက်မှ (ဆိုင်ကယ်ကို ခွစီးထားသော) ကျွန်တော့်ဇနီးကပါ ကျွန်တော့်အပေါ်သို့ ဝပ်ချလိုက်ပါသည်။ ဝါးလုံးတုတ်မှာ ကျွန်တော်တို့ ကိုယ်ပေါ်မှ ဝှီးခနဲ မြည်ပြီး ဖြတ်ကျော်သွားပါသည်။

ကျွန်တော်တို့မှာ ဆိုင်ကယ်ပေါ်မှာ ဖြစ်နေ၍ ဘာမှ မလုပ်နိုင်ပါ… ဝပ်ရှောင်ရုံမှတစ်ပါး အခြားမရှိပါ… အကယ်၍ထိုသူက ခေါင်းကိုမရိုက်ဘဲ ခါးလောက်ကို ရိုက်လျှင် ကျွန်တော်တို့ကို ရိုက်မိမှာ သေချာပါသည်။

ထိုသို့ ရိုက်လျှင် ဆိုင်ကယ်ကို လက်လွှတ်၍ နောက်သို့ လှန်ချ… မည်ဖြစ်ပါသည်။ ထိုရှောင်နည်း… ရုပ်ရှင်ထဲမှာသာ ရနိုင်ပါသည်… ဟောင်ကောင်ဂျက်မ မေ… ကတော့ Silver Hawk ဇာတ်… တွင် ဆိုင်ကယ်ပေါ်မှာ နောက်… ပက်လက်လှန်ချ၍ရှောင်သွားပါသည်…

…သက်ဆိုင်ရာ အခန်းများ… ကျွန်တော်၏ လမ်းပေါ်က ရန်ပွဲ… အကြောင်းကို တင်ပြပါမည်။

ယခု မင်းကြီးတက်–မင်း… ဆုတ် အကြောင်းပြောရင်း မင်း… တက်–မင်းကြီးဆုတ်(ခြေနည်း…) အမှတ်မထင်သုံးခဲ့ပုံကို … လိုရင်းသာ ဖြစ်ပါသည်။

ရှေ့လဆက်ဖတ်ပါရန်

**ဆရာကြီးမင်းယကျွ…**
***(တိုက်ပွဲဝင်)***



www.burmeseclassic.com

www.burmeseclassic.com

သရက်ကြီးဦးအောင်မြင့်
(ဥပဒေသွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

# အကြောစီရှာသော ဦးညွန့်လွန်

၏ လက္ခဏာနှင့် လေဖြတ်ရောဂါ ကာကွယ်နည်း အစီအရင်

**မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက် (၅)လမ်းအတွင်း၌ နေထိုင်ကာ** အကြောရောဂါပေါင်းစုံကို အချိန်တိုတိုအတွင်း ပျောက်ကင်း သက်သာအောင် ကယ်တင် ကုသပေးနေသည့် မိသားတစ်စုထံသို့ ကျွန့်တော် ထပ်မံ ရောက်ရှိခဲ့ပါသည်။

၁၃၆၀ ပြည့်နှစ်အတွင်း လေဖြတ်ဝေဒနာ ခံစားရသူ ပိုမိုများပြားလာသဖြင့် ကြိုတင်ကာကွယ်နည်းများ သိရှိနိုင်ရန် သွားရောက်တွေ့ဆုံစဉ်က ရိုက်နှိပ်ယူထားသော လက္ခဏာပုံ ဖြစ်သည်။ ယခုအခါကာလ ...လည်း လေဖြတ် လေဖြန်းရောဂါများ ဖြစ်ပွားနေပြန်သည်။




လက်ကာယမြန်အတွက် အကြောပြန်ကုသပုံဖြင့် ကုသနေသော ဆရာဦးညွန့်လွန်



### ဆရာဦးညွန့်လွန်၏ လက်ဖဝါးပြင်

...လက်ခလယ်၏ အရှည် ...(၈)စင်တီခန့်ရှိပြီး လက်ဖဝါး ...မှာ (၁၁)စင်တီခန့်ရှိသဖြင့် ...ချက် (၃)ချက်ရှိသော **...င်းစား တဓာဓာ လက် ...ပြင် ဖြစ်သည်။**

...ပ် တစ်ခုခု(သို့မဟုတ်) လုပ်ငန်း ...တွင် တစ်ဖက်ကမ်း ခပ်အောင် ...နိုင်သူဟု ဆိုရမည်။

...ညာလက်ညှိုး အလယ် ...၌ ကန့်လန့်အရစ်ကြောင်း ...နေသည်။ **(က)** ... ကျွမ်းကျင်ပညာရှင်တစ်ဦး ... ပါမဖြစ် ရေးဘဝမှ ပါရမီ သင်္ကေတ ဖြစ်ပါသည်။

လက်ညှိုးနှင့် လက်ခလယ်ကြား၌ လုပသော သန်လျက်သင်္ကေတန် အမှတ်အသားများ **(ခ)** ရှိနေကြသည်။

တနင်္ဂနွေ ဩဇာ တိက္ကမ ထက်မြက်သော မင်း အစိုးရ ပုဂ္ဂိုလ်တို့နှင့် ရင်းနှီးကျွမ်းဝင်ခြင်း၊ အားကိုးခံရခြင်း၊ ငွေ အစုအပုံ


www.burmeseclassic.com

www.burmeseclassic.com

ရရှိတတ်ခြင်းတို့အတွက် အထူး စိတ်ချရသော မင်္ဂလာ အခြံအရံ ဖြစ်သည်။

ဘယ်ညာ လက်ညှိုးခြေရင်း ကြာသပတေးဂြိုဟ်ခုံပေါ်၌ တွေ့ရသော **ကြက်ခြေခတ်ကြီးများ (ဂ)** သည် ပြိုင်စံရှား ဆရာတစ်ဆူအဖြစ် ပူဇော်ခံရမည့် မင်္ဂလာအခြံအရံ ဖြစ်ပြန်သည်။

ညာဘက် အသက်လမ်းကြောင်းသည် ဖြောင့်လှ၏။ **(ဃ)**။ လုံ့လ ဝီရိယ ကြီးမားသူ၊ ကျန်းမာကြံ့ခိုင်သူ ဖြစ်စေသည်။ အသက်လမ်းသည် တနင်္လာဂြိုဟ်ခုံဘက်မှ စတင်သည်ဖြစ်၍ နိုင်ငံခြားနှင့် ပို၍ အကျိုးပေးမည်။ နိုင်ငံခြား



ဆရာဦးညွန့်လွင်၏ ညာလက်ဖဝါး



ဆရာဦးညွန့်လွင်၏ ဘယ်လက်ဖဝါး

လူမျိုးခြားတို့နှင့် ပတ်[...]
အကျိုးပေးခံစာ[...]
နိုင်ငံခြားသို့ သွားရောက်[...]
**အထူးသဖြင့်** သူ၏ အသက်(၆၀)[...]
မှ (၆၆)နှစ်အတွင်းတွင် ကံကောင်းခွင့်[...]
ကျန်းမာခြင်း၊ စီးပွားဥစ္စာ တိုးတက်ခြင်း[...]
သတင်း ကျော်စောခြင်း၊ ဝေးလံသောခ[...]
ခြင်းရှိမည်။

ဆရာဦးညွန့်လွင်၏ မွေးသက္ကရာဇ်မှာ [...]
**၁၉၃၉** အင်္ဂါနေ့ဖွား ဖြစ်သည်။

ညာလက်သူကြွယ်အောက် တန[...]





www.burmeseclassic.com

www.burmeseclassic.com

လက်ချောင်းရင်း ကပ်လျက် **အောင်မြင်ရေး လမ်းကြောင်း** တွေ့ရသည်။ **(င)**

အသက်ကြီးမှပင် အောင်မြင်ကျော်ကြား ကြီးပွားချမ်းသာမည့် လက္ခဏာဖြစ်ပေသည်။

▲ **"မြန်မာနိုင်ငံအနှံ့အပြားမှာ လေဖြတ်ရောဂါ၊ အကြောရောဂါတွေ အဖြစ်များကြတယ်။ အဲဒါ ကြိုတင်ကာကွယ်နိုင်တဲ့ နည်းလမ်းတွေ သိပါရစေ"**

○ 'ကျွန်တော့် အတွေ့အကြုံအရ ကျွန်တော့်ထံ ဆေးကုခံကြတဲ့ လူနာတွေကို လေ့လာကြည့်ရင်၊ သူတို့ရဲ့ မူလဇာတာခွင်မှာ ရာဟုဂြိုဟ်ရှိတဲ့ ရာသီမှာ ကောဇာရာဟု ဖြတ်သန်းခံရချိန် **လေဖြတ်ခံရတာယ်။ အကြောရောဂါတွေ၊ လေနာရောဂါတွေ အပြင်းအထန် ခံစားကြရတယ်။**

လူတိုင်းဟာ အဲဒီကာလကို ကြိုတင်သိနိုင်တာပဲ။ ရာဟုဂြိုဟ်ဟာ တစ်ရာသီမှာ တစ်နှစ်ခွဲနေတယ်။ ဒါကြောင့် မိမိတို့ရဲ့ မူလ ဇာတာမှာ ရာဟုဂြိုဟ်ရှိနေတဲ့ ရာသီကို ကောဇာရာဟုရောက်တဲ့အခါ ကြိုတင်ပြီး ယတြာပြုထားရင် လေဖြတ်ရောဂါတွေ မကျရောက်နိုင်ဘူး။

ယတြာပြုပုံ

မိမိတို့ နေအိမ် ဘုရားစင်အောက် ဘုရားခန်းမှာပင် ပြုနိုင်ပါသည်။ **သောက်တော်ရေ(၁၂)ခွက်၊ ယပ်(၁၂)ချောင်း၊ ရဲယိုရှက်(၁၂)ရွက်၊ ယိုမျိုးစုံ (၁၂)ပန်းကန်** စသည်ဖြင့် **ရာဟုနံသင့် ပစ္စည်းများ ရနိုင်သမျှ ပြုပြင်ထားရမည်။** ဗုဒ္ဓဟူးနေ့၏ ညပိုင်း (၈)နာရီတွင် ရာဟုဂြိုဟ်မင်းကို ပင့်ဖိတ် လှူဒါန်းရမည်။

"ရာဟုဂြိုဟ်မင်း ဤ အိမ်ဂေဟာသို့ ကြွရောက်တော်မူပါ။ အသက်(...)ရှိ (...)နေ့သား (...)မှ အရှင်ဂြိုဟ်မင်းကို လှူဒါန်း ပူဇော်ပါတယ်။ လေပိုင်းဆိုင်ရာ ရောဂါတွေ မကျရောက်အောင် ကာကွယ်ပေးပါ အရှင်ဂြိုဟ်မင်း"

ဟု ရွတ်ဆို ပင့်ဖိတ်ရမည်။

အချိန်နာရီဝက်၊ တစ်နာရီကြာလျှင် ရာဟုဂြိုဟ်မင်း မူလဌာနသို့ ပြန်ကြွလိုက ကြွသွားနိုင်ပါပြီဟု ပြန်ပို့ပေးရမည်။ မိမိနေထိုင်ရာ မြို့ရွာမှ တန်ခိုးကြီးဘုရား တစ်ဆူဆူတွင် ရှိမည့် ရာဟုဂြိုဟ်မင်းကို အမည်တပ်၍ ပင့်ဖိတ်က ပို၍ စွမ်းကြောင့် သိရသည်။

***လေဖြတ်ခြင်း ဘေးမှ ကင်းဝေးကြပါစေ။***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
***(ဥပဒေဘွဲ့)***
**လက္ခဏာဗေဒင်ပညာသုတေသီ**

စာမျက်နှာ (၁၅၇)မှ အဆက်

သာသွား၊ ဒကာလေး လိုချင်တယ်ဆိုတဲ့ ပြဒါးဓာတ်စစ်စစ်ဆတ် ကောင်းလေး အမှန်ရမှာ ဖြစ်တယ်'

ဟု နည်းလမ်းပြခဲ့ခြင်း ဖြစ်လေသည်။

**စိမ်းဖန့်ဖန့်အရောင် လက်စွပ်မောင်းကွင်းလေး**

ဆရာတော်ကြီးညွှန်ပြသော နည်းလမ်းအား ကြိုးစားဆောက်ရွက်ခဲ့ရာ ပိတောက်သားအတွင်းမှာ **ပြဒါးခဲဓာတ်သားခန့်**ရရှိခဲ့ပြီး မီးထိုးခံ ပြဒါးစစ်စစ် အမှန်ရခဲ့ဖူးပါသည်။

နောက်ပိုင်း မီးအဆင့်ဆင့်တက်လှမ်းရင်း စမ်းသပ်သောစိတ်ဖြင့် ရွှေအသိဝင်ကာ **အခေါက်ရွှေ(၃)ချိုး (၂)ချိုးစပ်ခဲ့ရာ** အရောင်အဆင်း စိမ်းဖန့်ဖန့်ဖြစ်ပါတော့သည်။

တစ်ဖန် ယင်းဓာတ်သားအား **မြေချဉ်ဖြင့် အရောင်ကြည့်လိုက်ရာ** ရွှေရောင်သဏ္ဌာန် ဖြစ်သွားပြန်ပါသည်။

ဓာတ်သားမှာ တူထု နန်းဆွဲခံ၍ မှတ်တင်ခံသော သတ္တိရှိနေပြန်၍ ထပ်မံ စမ်းသပ်လိုက်မိပြန်သည်။

ထိုသည်က ရွှေထည်လက်စွပ် မောင်းကွင်းလေး ပြုလုပ်ရန် ဖြစ်လေသည်။

သို့ဖြင့် စပ်ထားသော ဓာတ်သားကို ရွှေဟု အမည်ခံကာ မောင်းကွင်းလက်စွပ်လေး ပြုလုပ်ပေးပါရန် ပန်းထိမ်သို့ အပ်နှံလိုက်ပါသည်။

ရလဒ်အဖြေမှာ မောင်းကွင်း လက်စွပ်လေးတစ်ကွင်း အမှန်ရရှိခဲ့သော်လည်း ထိုလက်စွပ်မှာ ရွှေကဲ့သို့ အရောင်တင်မရ စိမ်းဖန့်ဖန့် ဓာတ်လက်စွပ်လေးသာ ရရှိခဲ့ပါတော့သည်။

ဆရာတော်ကြီးညွှန်ပြသော နည်းလမ်းကောင်းဖြင့် ပြဒါးလုံးဓာတ်ကောင်းအား ရရှိနိုင်ခဲ့သော်လည်း ဓာတ်သားကောင်းရလာချိန်တွင် **ရွှေကိုမြင်မိ ရွှေတိုးလိုသော လောဘစိတ်အသိဖြင့် ပြဒါးဓာတ်ကိုဖျက် ရွှေစပ်ခဲ့ဖူးသော ငယ်စဉ်ကာလ အဖိုးရတ်အတွေ့အကြုံတစ်ခုသာ** ဖြစ်ပါတော့သည်။

**ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီးကို အာရုံဖြင့် ဦးခိုက်လျက်...**

ရဲမျိုးသူ*(ဗောဓိမြိုင်)* (တောင်ငူ)

www.burmeseclassic.com

# ပိတောက်ကျူလို့ ပြဒါးပျူ

ရဲချိုးသူ (ဗောဓိမြိုင်)
(တောင်ငူ)



'အကာလေးက ပြဒါးခါတ်လုံး တအားလိုချင်နေတာပဲ၊ ပြဒါး ဓာတ်ကောင်းရတော့ ဘာလုပ်မှာမို့လဲ'

ပြဒါးလုံးကောင်းကောင်း လိုချင်ကြောင်း ဆရာတော်ကြီးက မကြာခဏလျှောက်မိနေ၍ အမှန်ဝန်ခံကာ ဆရာတော်ကြီး အမေးကို ပြန်လည် လျှောက်ထားရန် ခက်ခဲနေတော့သည်။

အဂ္ဂိရတ်ဝါသနာပါသည်မှာ မှန်ပါသော်လည်း လူသားတို့၏ သဘောသဘာဝ လိုချင်လောဘ ရှိနေတတ်ကြ၍ **"ရွှေလိုချင်လို့ပါဘုရား။ သိဒ္ဓိတက်ချင်လို့ ပါဘုရား"** ဟု ဝန်ခံလျှောက်ထားရန် မလုံမလဲ ဖြစ်နေမိလေသည်။

ထို့ကြောင့်...

'တပည့်တော် အဂ္ဂိရတ်ထိုးတဲ့စာတွေ ဖတ်ပြီး ကိုယ်တိုင် ပြဒါးဓာတ်ကို ထိုးချင်နေလို့ပါ ဘုရား'

ဟု ပြန်လည် ဦးတိုက်လျှောက်လိုက်ပါတော့သည်။

ဆရာတော်ကြီးက နားလည်မှုရှိသောအပြုံးဖြင့် ခေါင်းဆတ်ဆတ်ညိတ်လျက်...

'အထုံပါဝင် ဝါသနာဆိုတာ မေ့ဖျောက်ဖို့ ခက်သားလား'

ဟု နူတ်မှ မိန့်ဆိုကာ ဆက်လက်မိန့်ကြားသည်က...

'လောကီလူ့ဘောင်တွင် နေထိုင်ကြတဲ့ လူတို့အဖို့ ဝါသနာပါလာလို့ ဓာတ်ထိုးကြတယ်ဆိုပေမယ့် ခေတ်ကာလအရ အတတ်ပညာတွေ တိုးတက်ပြောင်းလဲနေတာကို သတိပြုရမယ်။

ဒါကြောင့် အဂ္ဂိရတ်မထိုးခင်မှာ ကြိုတင် စဉ်းစားတွေးခေါ်ထားဖို့ လိုတယ်။ ဥပမာ ဓာတ်ထိုးဖို့ ဓာတ်ပစ္စည်းဖိုး၊ လုံဖိုး၊ မီးသွေးဖိုးတွေအပြင် လူတို့ကိုယ်တိုင် မီးအပူကို ခံနိုင်ရမယ်။

ဖိုထဲ ရှာန်ဝင်စားနေချိန် ပင်ပန်းတယ်လို့ မထင်ရပေမယ့် အပူကြောင့် လူ့ခန္ဓာဟာ ပင်ပန်းလှတယ်။ နောက်ပြီး အချိန်ကုန်လွန်မှုမြန်သွားတတ်ပြန်တယ်။ ဒါ့အပြင် ဖိုသမားဟာ စိတ်နဲ့ကိုယ် တစ်ထပ်တည်းဖြစ်မှသာ ပြည့်စုံအောင်မြင်တတ်တာ'

'တင်ပါ့ဘုရား...တပည့်တော် စဉ်းစားပါမယ်ဘု[...]

'ပြီးတော့ ဒီအလုပ်တွေဟာ လုပ်တိုင်း အောင်မြ[...] အောင်မြင်တတ်တယ်၊ အဖျက်အဆီး အနှောင့်အ[...] တွေများတယ်လို့ ဆိုချင်တာ၊ ဒကာလေး လိုချင်[...] ဆိုတဲ့ ပြဒါးခါတ်လုံးကောင်းရတယ် ဆိုပါဦးတော့[...] ပြဒါးခါတ်လုံးကို ဘယ်မှာအသုံးချမလဲ၊ ဘယ်[...] အသုံးချမလဲဆိုတာကိုလဲ စဉ်းစားရမယ်။

ခါတ်လုံးဆိုတဲ့ ပစ္စည်းမျိုးဟာ လူကြားထဲလဲ [...] ကြွားဝါလို့လဲ မသင့်သလို၊ ဆိုင်မှာ သွားရောင်း[...] မဖြစ်တဲ့ အရာမျိုးပဲ။ ဒီတော့ ခက်ပေဘူးလား [...] လေး'

'တင်ပါ့ဘုရား...ဆရာတော်ကြီး ဆိုဆုံး[...] တပည့်တော် သဘောပေါက်တယ်ပါတယ် [...] ကွယ်ရာမှာ ရှုနေတယ်လို့ အပြောခံရတော့မှာ[...]

'ကဲ...ဒါဆို ဝါသနာလဲပြေပျောက် မီးအပူ[...] သာ၊ ငွေကုန်ကြေးကျလဲသက်သာတဲ့ ပြဒါး[...] ကောင်းရစေမယ့် နည်းလမ်းလေး ဆရာတော်[...] မယ်၊ လုပ်ချင်တဲ့ဆန္ဒရှိရင် စမ်းသပ်ကြ[...]

**လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်[...]**



www.burmeseclassic.com

www.burmeseclassic.com

သည်။ **ဆရာတော်ကြီးဆိုသည်မှာ ဒိုက်ဦးမြို့နယ်၊ ဘုရားငုတ်တိုရွာ(ယခုအောင်ချမ်းသာရွာ)၊ ရွှေပေါ်ကျွန်း သာသနာပြုစခန်းခွဲ(၁)မှ ဆရာတော်ကြီး ဦးပညာဝံသ ဖြစ်ပါသည်။**

ဆရာတော်ကြီးမှာ အင်္ဂလိပ်ပညာ ကျွမ်းကျင်နှံ့စပ်တော်မူလေသည်။ ထိုစဉ်က ကျေးဇူးတော်ရှင် ရွှေပေါ်ကျွန်းဆရာတော်ကြီးနှင့်အတူ သာသနပြုရန်အတွက် ရွှေပေါ်ကျွန်းသာသနာပြုစခန်းခွဲ(၁)ဖွင့်ပြီး မနူဟာမင်းမြတ် တည်ထားခဲ့သည်ဆိုသော ဘုရားငုတ်တိုစေတီတော်ကြီးအား ပြန်လည်ပြုပြင် မွမ်းမံနေချိန်ဖြစ်ပါသည်။

ဆရာတော်ကြီးဦးပညာဝံသမှာ ရွှေပေါ်ကျွန်း ဆရာတော်ထက် သက်တော်၊ ဝါတော် ကြီးတော်မူပါသည်။

## ပိတောက်နှင့် ပြဒါး

ပိတောက်ပင် **ထွာဆိုင်လုံးပတ်**အား (၉)လက်မထိတိ ဖြတ်တောက်ပြီး ဗဟိုအတွင်းသားကို လွန်ဖြင့် (၄)လက်မ ခန့် ဖောက်ရပါသည်။

ထိုလွန်ဖြင့် ဖောက်ထားသော ပိတောက်သားအတွင်း ထိုသို့ ပြဒါးရည်သန့်သန့်(၂)ကျပ်သား ထည့်ရပါသည်။

ပြဒါးရည်ထည့်ပြီး လွန်ပေါက်ကို ပိတောက်သားအမှုန့်ဖြင့် ရွှံ့မံပိတ်စေပြီး ဖွဲ(၉)တင်းကုန်သည်အထိ မီးဖုတ်ရန် ဖြစ်လေသည်။

ဆရာတော်ကြီးမိန့်သည်မှာ ပင်ကိုဗီဇကတည်းကပင် ပိတောက်ပင်တွင် ပြဒါးဓာတ်များစွာ ကိန်းအောင်းနေကြောင်း တစ်နည်းဆိုရရင် ရက္ခမှုနည်းဖြင့် ပြဒါးဖမ်းခြင်း ဖြစ်သည်ဟု ဗဟုသုတ မိန့်ကြားခဲ့ဖူးပါသည်။

## စိတ်ခွန်အားနှင့် ယုံကြည်စိတ်

ဆရာတော်ကြီးမိန့်သည်က…

'အလုပ်တွေ လုပ်တိုင်းလုပ်တိုင်း စိတ်ဟာ အရေးကြီးလှတယ်။ ဒါတော့ ကိုယ်လုပ်တဲ့လုပ်ငန်း အောင်မြင်ရမယ်ဆိုတဲ့ စိတ်ခွန်အားကို မွေးတဲ့ ယုံကြည်စိတ်ဖြစ်အောင် လုပ်ရတယ်။

ကြိုးစားတဲ့ပစ္စည်းတွေ အသင့်ပြင်ပြီးပြီဆိုရင် အောင်နိမိတ်ကိုယူဖို့ "တနင်္ဂနွေနေ့ကိုရွေး"နောက်တစ်ချက်က "ဂဏန်းသင်္ချာမှ ကိုးဂဏန်းဟာ တန်ခိုးကြီးတယ်"ဆိုတာ ဒကာလေး သိပြီးဖြစ်ပါလိမ့်မယ်။ ပြောရရင် နဝင်းပေါ့ကွယ်။ ဒါကြောင့် "တနင်္ဂနွေနေ့(၀၉း၀၀)နာရီမှာ ဖွဲကိုးတင်းနဲ့ ပြဒါးဖုတ်ကြည့်ဖို့ပဲ"။

အရေးကြီးဆုံးက အင်္ဂလိပ်ပညာလိုက်စားသူတွေဟာ သီလ၊ သမာဓိ၊ ပညာရှိရတယ်။ ဒီမှ အောင်မြင်မှု စိတ်ယုံကြည်မှု ရသလို စိတ်ခွန်အားကို ဖြစ်စေတယ်။ ဒီထက်ကောင်းစေဖို့က နေ့စဉ် ဂုဏ်တော်ထုံပေး'

## ငွေကြေးမကုန် ဆေးနည်းတစ်ဖုံ

ဆရာတော်ကြီးမိန့်ကြားသည်မှာ ပိတောက်သားထဲ ထည့်သွင်းဖုတ်လိုက်သော ပြဒါးနှစ်ကျပ်သားမှာ စနစ်တကျ ဆောင်ရွက်တတ်ပါမူ **ပြဒါးခဲတစ်ကျပ်သားမျှ** ရရှိနိုင်မှာ ဖြစ်ကြောင်း၊ **ထို ပြဒါးအမာခဲအား မီးထိုးခံ ပြဒါးဓာတ်လုံးကောင်း**ဖြစ်စေရန် ငွေကုန်ကြေးကျ နည်းပါးလှသော ဆေးတစ်ဖုံကို အသင့်ပြင်ဆင် စီမံထားရမည်ဖြစ်လေသည်။ **ဆေးနည်းမှာ…**

(က) မန်ကျည်းမှည့်

(ခ) ဆေးရွက်ကြီး

(ဂ) တမာရွက်

(ဃ) ထုံး

(င) ထန်းလျက်

တို့ ဖြစ်လေသည်။

ထိုဆေးအမည် **ပစ္စည်း(၅)မျိုးအား အညီအမျှစုကာ ဆားသင့်ရုံမျှ ထည့်စေပြီး** ကြေညက်အောင် ထောင်းရပါမည်။ ထိုဆေးဖော်စပ်ရန်အတွက် အဖိုးအခ အလွန်နည်းပါးကြောင်းလည်း မိန့်လေသည်။

ပိတောက်သားမှရရှိသော ပြဒါးအမာခဲအား သင့်လျော်သော လုံတွင်းထည့်ကာ အပေါ်မှ ဆေးဖိသိပ်၍ ဖော်မံလုံပိတ်ပြီး မီးလတ်သုံး၍ လည်းကောင်း၊ လေဖိုတင်၍လည်းကောင်း ဆောင်ရွက်ရန် ဖြစ်လေသည်။

ပြဒါးမီးတက်ပါက ဂရုပြုစေရန် ဆရာတော်ကြီး မှာကြားသည်မှာ…

'ဒကာလေးသိစေဖို့က မီးတက်ပြီးဆိုတာနဲ့ ကိုယ့်ဉာဏ်နဲ့ မပိုင်တဲ့ အခြားဓာတ်ဆေးဝါးတွေကို မသုံးမိစေဖို့ပဲ၊ ဘာကြောင့်လဲဆိုတော့ နက်နဲကျယ်ပြန့်လှတဲ့ ဓာတ်တွေရဲ့ ပရိယာယ်ကို နားမလည်တဲ့ လုပ်ကိုင်မိလို့ ဒုက္ခရောက်ကြရတဲ့ ဓါတ်သနာရှင်တွေများလို့ပဲ။

ဒါကြောင့် အကောင်းဆုံး "လက်ချားနဲ့သာ ပွတ်ပေးလေး" မီးတက်

www.burmeseclassic.com

လန်ရှ တက်တတ်သော

# ကလေးများအတွက် လည်ဆွဲရတနာအစီရင်

သတိုးဓါ
(သုံးဖက်လှ)





ကျွန်ုပ်တို့ ဗေဒင်ပညာ၌ ''စိတ်''ကို ၂–လ်ာဂြိုဟ် (လမင်း)က စိုးမိုးထား၏။ တနလ်ာဂြိုဟ်သက်သည် (၁၅)နှစ်ဖြစ်၏။ ဗေဒင်ပညာအရ လူတစ်ဦး စိတ်ချမ်းသာစေရန် ၂–လ်ာဂြိုဟ်ကို အထူးယတြာ ဆင်ရလေ၏။

ယခု ဖော်ပြလတ္တံ့သော ဂမ္ဘီရပညာသည် ကလေးငယ်များအတွက် ထိတ်လန့်ခြင်း၊ တက်ခြင်း၊ သရေ (သွားရည်)ယိုခြင်း မဖြစ်စေရန်၊ မကောင်းမိစ္ဆာ နာနာဘာဝများ မကပ်ငြိ,မနှောင့်ယှက်နိုင်စေရန်နှင့် ဘေးအန္တရာယ် အသွယ်သွယ်မှ လွတ်ကင်းစေတတ်သော ဂမ္ဘီရ လည်ဆွဲအစီရင် ဖြစ်ပါသည်။

အစီရင်အား မဖော်ပြမီ အစီရင်၏ သဘောတရားကို ဦးစွာ ရှင်းပြပါမည်။ အစီရင်၌ **ရတနာရွှေချိုင့် (၁၅)ပိုဒ်**ကို အသုံးပြုသွားပါမည်။

ရတနာရွှေချိုင့်ပါဠိမှာ အစောင့်အရှောက်ကို ခံယူခြင်းဖြစ်၏။ သူ့ချည်းသက်သက် စွမ်းပြီးသားပင်ဖြစ်ကြောင်း ယုံမှားသံသယရှိရန် မလိုပေ။ သို့ရာတွင် ဂမ္ဘီရဆန်သော ဗေဒင်ဂမ္ဘီရသဘောတရားများ ဤသို့စိမ့်ဝင်နေကြောင်း တွေ့နိုင်ပါသည်။

''**ကလေး**''သည် (၂+၄)ဖြစ်ကာ ''**ရတနာရွှေချိုင့်**'' သည် **(၄+၂)** ဖြစ်နေပါသည်။ ဗေဒင်သဘောအရ ကက်ကင်းဓာတ် ဖြစ်ပါသည်။

ထို့ပြင် ကလေးငယ်ထိတ်လန့်ခြင်းမှာ စိတ်နှင့် များစွာ ပတ်သက်၏။ ထိုစိတ်ကို တနလ်ာဂြိုဟ်မှ ပြုပြင်ပေးနိုင်ပါသည်။

**ဥပမာ** စိတ်မရွှင်လန်းသူများ လပြည့်ည လရောင်အောက်ထွက်ခြင်း၊ လမင်းကို ရှုကြည့်ခြင်း ပြုလုပ်ပါက ချက်ချင်း စိတ်ရွှင်လန်းလာနိုင်ပါသည်။

ဤသည်မှာ လမင်း၏အင်အား လူ့စိတ်ကို လွှမ်း... နေကြောင်း လက်တွေ့ပြသသော ဥပမာကစ်ရပ်... ဖြစ်၏။

ယခု ကလေး၏ စိတ်ကို ရတနာရွှေချိုင့်မှ ... ပြုပြင်ပေးပေလိမ့်မည်။ အကြောင်းမှာ **ရတနာရွှေ... ပါဠိမှာ ပိုဒ်ရေ (၁၅)ပိုဒ် (၂–လ်ာဂြိုဟ်သက်) ... ဖြစ်ချေ၏။** ဤကား ဗေဒင်ပညာအရ ရှင်းပြခြ... ဖြစ်ပါသည်။

လောကီပညာအရ ရတနာရွှေချိုင့်ပါဠိမှာ ... တကယ်ပင် ကာကွယ်စောင့်ရှောက်သော စွမ်း... ရှိနေပါသည်။ ထို့ကြောင့် လန့်တတ်သော က... မလန့်စေရန်နှင့် ဘေးအန္တရာယ်အသွယ်သွယ်မှ ... ကင်းစေရန် အောက်ပါအတိုင်း စီရင်လုပ်ဆော...

ပထမဆုံး **အမြိတ္တစုတ်ရက်**ကို ရွေးချယ်ပါ... **ကလေးမွေးနံ၏ ဆပွတ်ဓာတ်အရောင်...** **အပ်ချည်(၁၅)ပင်**ကို အရှည်(၂)ပေဆွဲခန့် ... **ကြာနေရာ၌ အချို့ဆရာကြီးများက နဝင်... ယူ၍ (၉)ပင် သုံးသော်လည်း ကျွန်ုပ်၏ ...**



www.burmeseclassic.com

www.burmeseclassic.com

**ကမှ ၂–လ်ာဂြိုဟ်ကို ကိုယ်စားပြုသော ဂြိုဟ်သက်(၁၅)အား လည်းကောင်း၊ ရတနာရွှေချိုင့်ပါဠိ(၁၅)ပိုဒ်အား လည်းကောင်း ဦးထိပ်ထားသော အနေဖြင့်(၁၅)ပင်ကိုသာ ယူပါသည်။]**

**ကလေးမွေးနံ၏ ဆပွတ်အရောင်မှာ** အောက်ပါအတိုင်းဖြစ်ပါသည်။

* * *

| မွေးနံ | ဆပွတ်အရောင် |
|---|---|
| ၁-နွေ | အပြာရောင် |
| ၂-လ်ာ | အနက်ရောင် |
| ၃-ဂါ | အနီရောင် |
| ၄-ဟူး | အဖြူရောင် |
| ၅-တေး | အညိုရောင် |
| ၆-ကြာ | အစိမ်းရောင် |
| စနေ | အဝါရောင် |

ပြီးလျှင် **ထိုအမြိတ္တစုတ်ရက် နေ့လယ် (၁၂း၀၀)နာရီ ကျော်စေရန်** အထူးသတိပြု၍ ဘုရားစင်ရှေ့၌ ငါးပါးသီလခံ၊ ဘုရားဝတ်ပြုကာ အောက်ပါအတိုင်း အထုံး(၁၅)ထုံး,ထုံးပါ။

၁။ယာသန္တာဂတာ ဗုဒ္ဓါ ဇိတ္ဝာ မာရံ သဝါဟနံ။
စတုသစ္စာမတရသံ၊ ယေ ပိဝိံ သု နရာသဘာ။
**ဟု ဆို၍ တစ်ထုံး။**

၂။တဏှင်္ကရာဒယော ဗုဒ္ဓါ အဋ္ဌဝီသတိ နာယကာ။
သဗ္ဗေ ပတိဋ္ဌိတာ မယှံ၊ မတ္ထကေ တေ မုနိဿရာ။
**ဟု ဆို၍ တစ်ထုံး။**

၃။သီသေ ပတိဋ္ဌိတော နောသိ၊ ဗုဒ္ဓေါ ဓမ္မော ဒွိလောစနေ။
သံဃော ပတိဋ္ဌိတော မယှံ၊ ဥရေ သဗ္ဗ ဂုဏာကရော။
**ဟု ဆို၍ တစ်ထုံး။**

၄။ဟဒယေ မေ အနုရုဒ္ဓေါ၊ သာရိပုတ္တောစ ဒက္ခိဏေ။
ကောဏ္ဍညော ပစ္ဆိဘာဂသ္မိံ၊ မောဂ္ဂလာနော စ ဝါမကေ။
**ဟု ဆို၍ တစ်ထုံး။**

၅။ဒက္ခိဏေ သဝနေ မယှံ၊ အာသုံ အာနန္ဒရာဟုလာ။
ကဿပေါ စ မဟာနာမော၊ ဥဘောသုံ ဝါမသောတကေ။
**ဟု ဆို၍ တစ်ထုံး။**

၆။ကေသန္တေ ပိဋ္ဌိဘာဂသ္မိံ၊ သူရိယောဝ ပဘင်္ကရော။
နိသိန္နော သိရိသမ္ပန္နော၊ သောဘိတော မုနိပုင်္ဂဝေါ။
**ဟု ဆို၍ တစ်ထုံး။**

၇။ကုမာရကဿပေါ နာမ၊ မဟေသီ စိတြဝါဒကော။
သော မယှံ ဝဒနေ နိစ္စံ၊ ပတိဋ္ဌာသိ ဂုဏာကရော။
**ဟု ဆို၍ တစ်ထုံး။**

၈။ပုဏ္ဏော အင်္ဂုလိမာလောစ၊ ဥပါလိ နန္ဒ သီဝလိ။
ဣမေ ပဉ္စ မဟာထေရာ၊ နလာဋေ တိလကာ ဝိယ။
**ဟု ဆို၍ တစ်ထုံး။**

၉။တေဟိ သေသာ မဟာထေရာ၊ ဇိတဝန္တော ဇိနောရသာ။
ဇလန္တာ သီလတေဇေန၊ အင်္ဂမင်္ဂေသု သဏ္ဌိတာ။
**ဟု ဆို၍ တစ်ထုံး။**

၁၀။ရတနံ ပုရတော အာသိ၊ ဒက္ခိဏေ မေတ္တသုတ္တကံ။
ဓဇဂ္ဂံ ပစ္ဆတော အာသိ၊ ဝါမေ အင်္ဂုလိမာလကံ။
**ဟု ဆို၍ တစ်ထုံး။**

၁၁။ခန္ဓ မောရ ပရိတ္တဉ္စ၊ အာဋာနာဋိယ သုတ္တကံ။
အာကာသေ ဆဒနံ အာသိ၊ သေသာ ပါကာရ သဏ္ဌိတာ။
**ဟု ဆို၍ တစ်ထုံး။**

၁၂။ဇိနာနံ ဗလသံယုတ္တေ၊ ဓမ္မပါကာရ လင်္ကတေ။
ဝသတော မေ အကိစ္စေန၊ သမ္မာသမ္ဗုဒ္ဓ ပဉ္စရေ။
**ဟု ဆို၍ တစ်ထုံး။**

၁၃။ဝါတပိတ္တာဒိ သဉ္ဇာတာ၊ ဗာဟိရဇ္ဈတ္တု ပဒ္ဒဝါ။
အသေသာ ဝိနယံ ယန္တု၊ အနန္တဂုဏ တေဇသာ။
**ဟု ဆို၍ တစ်ထုံး။**

၁၄။ဇိနပဉ္စရ မဇ္ဈမှိ၊ ဝိဟရန္တံ မဟီတလေ။
သဒါ ပါလေန္တု မံ သဗ္ဗေ၊ တေ မဟာပုရိသာ သဘာ။
**ဟု ဆို၍ တစ်ထုံး။**

၁၅။ကတော ဣစ္စေဝမေကန္တံ၊ သုရက္ခော ဇိနာနုဘာဝေ။
ဟာတာရိသံဃော သံဃသ၊ တေဇေန ဂုဏာ ကရသ။
**ဟု ဆို၍ တစ်ထုံး။**

စုစုပေါင်း **အထုံး(၁၅)ထုံး ထုံးပါ။**

ဤ၌ **အထူးသတိပြုရန်မှာ** နောက်ဆုံးအထုံး ဖြစ်ပါသည်။

နောက်ဆုံး (၁၅)ခုမြောက် အထုံးမှာ ကလေးလည်ပင်း ဆွဲသာရုံ ဦးခေါင်းမှ စွပ်ချလျှင် ရရုံ ကွင်းအကျယ်ထား၍ ကြိုးအရင်း၊ အဖျားနှစ်ခုပူး၍ ထုံးရိုက်


www.burmeseclassic.com

www.burmeseclassic.com

ခြင်းသာ ဖြစ်ပါသည်။

တစ်နည်းဆိုရသော် နောက်ဆုံး(၁၅)ခုမြောက် အထုံးထုံးပြီးသောအခါ လည်ဆွဲကွင်းကလေး ဖြစ်သွားရမည် ဖြစ်ပါသည်၊

ပြီးလျှင် ဘုရားစင်ရှေ့၌ပင် **လည်ဆွဲလေးကို ညာလက်ဖြင့် ဆုပ်ကိုင်ရင်း** သရဏဂုံ(၉)ခေါက် (ဒုတိယမ္ပိ,တတိယမ္ပိ အပါအဝင်) ဂုဏ်တော်(၉)ပါး (၉)ခေါက် ရွတ်ဖတ်သိဒ္ဓိတင်ပါလေ။

ပြီးမှ ကလေး၏ မွေးနံ နံနက်(၉း၄၅)နာရီတွင် ဖခင်(သို့မဟုတ်)မိခင်ကိုယ်တိုင်မှ လည်ဆွဲကွင်းကလေးကို ကလေး၏ ဦးခေါင်းမှ စွပ်ချရင်း…

'ဒီနေ့မှစ၍(မောင်…မ…ဘယ်သူ) မလန့်ရ မတက်ရ၊ အန္တရာယ်ကင်းကင်းနှင့် ချမ်းသာစွာ နိုးထရမည်၊ ချမ်းသာစွာ အိပ်ပျော်ရမည်'

စသဖြင့် လိုရာအမိန့်ပြန်ပါလေ။

ထိုဂမ္ဘီရလည်ဆွဲ ဆင်မြန်းပြီးချိန်မှစ၍ ကလေးငယ်မှာ အနာရောဂါ ကင်းရှင်းစွာနှင့် ချမ်းသာစွာ အိပ်ပျော်၊ နိုးထနိုင်ပါလိမ့်မည်။

မကြာဖမ်းစားခြင်း၊ တစ္ဆေမြေပုတ်ဖမ်းစားခြင်းငှာ မတတ်နိုင်တော့ပါပေ။ လွန်စွာ အခြောက်အလှန့်နိုင်၍ အန္တရာယ်ကင်းစေသော လည်ဆွဲအစီရင် ဖြစ်ပါသည်။

တက်ခြင်း၊ သရေယိုခြင်း၊ ထိတ်လန့်ခြင်း၊ လိပ်ပြာလွင့်ခြင်းများ ရှိပါကလည်း လည်ဆွဲ ဆင်မြန်းပြီးချိန်မှစ၍ ပျောက်ကင်းသွားပါလိမ့်မည်။

ညနေရာ၌ လည်ဆွဲစီရင်ရမည့်နေ့မှာ **အမြိတ္တစုတ်ရက်နှင့် တိုက်ဆိုင်သောနေ့ဖြစ်ပါ၍ လွယ်ကူစွာ ရွေးတတ်စေရန် ဖယားချ၍** ဖော်ပြလိုက်ပါသည်။

* * *

| နေ့ | လဆန်း/လဆုတ် |
|---|---|
| သောကြာ | ၁ |
| ဗုဒ္ဓဟူး | ၂ |
| တနင်္လာ | ၃ |
| ကြာသပတေး | ၄ |
| စနေ | ၅ |
| အင်္ဂါ | ၇ |
| တနင်္ဂနွေ | ၈ |

**ဖယားအရ မည်သည့်လမဆို လဆန်းလဆုတ်မဆို (၁)ရက်နေ့သည် သောကြာနေ့ဖြစ်ခြင်း၊ (၂)ရက်နေ့သည် ဗုဒ္ဓဟူးနေ့ဖြစ်ခြင်း ကြုံပါက အမြိတ္တစုတ်ရက် ဖြစ်ပါသည်။**

အမြိတ္တစုတ်ရက် နံနက်(၆း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း အထက်ပါအတိုင်း စီရင်ရန် ဖြစ်ပါသည်။

ရတနာရွှေချိုင့်ပါဠိ၏ အနက်များကို ဤ၌ စာရှည်မည်စိုး၍ မဖော်ပြလိုတော့ပါ။ အကယ်၍ အနက်အလိုရှိပါက သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက ထုတ်ဝေသော "ဗုဒ္ဓဘာသာကောင်းတစ်ယောက်" ဟူသော စာအုပ်၌ ကြည့်ရှုနိုင်ပါသည်။

ကျွန်ုပ်သည် ကလေးငယ်များကို လွန်စွာ သနား၏။ လွန်စွာမှလည်း ချစ်ခင်၏။ သူတို့သည် ငယ်ရွယ်စဉ် စကားမပြောတတ်၍ နာလည်းငို၏၊ ယားလည်း ငို၏၊ ပူလည်းငို၊ အိုက်လည်း ငို၏။ ရောဂါဖြစ်လျှင် ဆေးထိုးရန်၊ ဆေးသောက်ခိုင်းရန်မှာလည်း မလွယ်ကူလှ။

အချို့ကလေးများ၌ သူငယ်နာရောဂါများ ပါလာတတ်သေး၏။ အချို့ကလေးများမှာ အချိန်မှန် ထိတ်လန့်ခြင်း၊ မကြာခဏတက်ခြင်း၊ သွားရေယိုခြင်းများ ဖြစ်တတ်ပြန်ရာ အထက်ပါ ဂမ္ဘီရလည်ဆွဲအစီရင်များကို သာ မေတ္တာဖြင့် အခမဲ့စီရင်ပေးခဲ့သည်သာဖြစ်[illegible]။

ကျွန်ုပ် ချစ်[illegible]တတ်သော နှလုံးသားကြောင့်လား မသိ။ ကလေးငယ်[illegible]သည် ကျွန်ုပ်၏ လည်ဆွဲအဆောင် ဆွဲပြီးချိန်မှစ၍ [illegible]နာကင်း၍ ဘေးရှင်းသွား[illegible] သည်သာ။

ထို့ကြောင့် ငွေကုန်ကြေးကျ မများသော ဤအစီရင်ကို ကလေးငယ်ရှိသော မိဘတိုင်း ပြုလုပ်စီရင်[illegible] ကလေးအား ဆွဲပေးထားစေလိုပါသည်။ ကလေးငယ် အားလုံးကျန်းမာကြပါစေ။


***သင့်ဘဝ သာယာပါစေ။***

**သတိုးစော(သုံးဖက်လှ)**



www.burmeseclassic.com

www.burmeseclassic.com



# အနာရွှေ့သည့် မနန်းစိန်

လှငွေးကို (ထီလာ)

စာရေးသူတို့၏ အိမ်အနောက်ဘက် ကပ်လျက်တွင် မနန်းစိန် ဆိုသော အမျိုးသမီးကြီးတစ်ဦး ရှိပါသည်။

သူမသည် အာခေါင်၊ မျက်နှာ၊ လည်ပင်း စသည့် နေရာများတွင် သက်တန့်နှာဟု ခေါ်သည့် အနာဖြစ်ပါက လက်မထိသို့ လည်းကောင်း၊ ပေါင်ခြံရင်ခေါင်းပိုင်းတွင် အနာဖြစ်ပါက ခြေမထိသို့ လည်းကောင်း စတီလုပ်ပြီး အနာရွှေ့ပေးလေ့ရှိပါသည်။

အဆိုပါ မျက်နှာလည်ပင်းတို့မှ အနာအပူအကျိတ်သည် နောက်နှစ်ရက်၊ သုံးရက်တွင် လက်မ၌သာ ပေါက်ကျပြီး အနာဖြစ်နေပါသည်။

မနန်းစိန်သည် "ဆေးမြစ်တစ်ခုကို ကျောက်ပျဉ်၌ သွေးပြီး မူလအနာကို စတင်လိမ်းကာ ခြေမ(သို့မဟုတ်) လက်မ ထိတိုင်အောင် ဆွဲချလိမ်းပေးပြီး အဝတ်သန့်သန့်(သို့မဟုတ်)ပတ်တီးစသဖြင့် စည်းပေးထားလိုက်ပါသည်။"

အနာရွှေ့နေစဉ် စိတ်ထဲမှ တစ်စုံတစ်ရာကို အသက်အောင့်ပြီး ရွတ်ဆိုသည်ကိုတော့ သတိထားမိပါသည်။ အနာ ပြင်းထန်သောသူများကို နှစ်ရက်၊ သုံးရက်ဆက်၍ လိမ်းပေး ရွှေ့ပါသည်။

ခြေမ(သို့မဟုတ်) လက်မသို့ အနာရောက်လာပါက ဆေးဆက်၍ လိမ်းပေးခြင်းဖြင့် အနာသည် ရှင်းရှင်းပျောက်ကင်းလေ့ရှိပါသည်။

လွန်ခဲ့သည့် (၁၀)နှစ်ကျော်ကာလ တမာမြေဆေးရုံတစ်ခု၌ တာဝန်ကျနေစဉ်က လည်ပင်းပေါ်တွင် အနာဖြစ်နေသည့် လူနာတစ်ယောက်နှင့်ပတ်သက်၍ မနန်းစိန်အကြောင်းကိုပြောပြရာ လုပ်ဖော်ကိုင်ဖက်များနှင့် စစ္စတာတို့မှ ယုတ္တိမရှိ၊ မဖြစ်နိုင်ဟုဆိုကာ စာရေးသူအား ဟားတိုက်၍ ရယ်မောခဲ့ကြဖူးပါသည်။

အသေးအဖွဲ့ကိစ္စလေးတစ်ခုသာ ဖြစ်သော်လည်း အနာရွှေ့သည်ကို အကြိမ်ကြိမ် မျက်မြင်ကြုံတွေ့ခဲ့ဖူးသည်မှန်သည့်တိုင် အထောက်အထား ခိုင်ခိုင်လုံလုံဖြင့် လက်တွေ့လုပ်ဆောင်၍ မပြနိုင်ခဲ့သဖြင့် စာရေးသူ၏ စိတ်ထဲ၌ မကျေနပ်နိုင်ခဲ့ပေ။

ထို့ကြောင့် ရပ်ရွာသို့ တစ်ခါတစ်ခေါက် ပြန်ရောက်ခဲ့လျှင် မနန်းစိန်ထံမှ အဆိုပါ စတီလုပ် အနာရွှေ့ပေးနိုင်သည့် ဆေးနည်းကို ဆည်းပူး ရယူ့,သင်ယူမည်ဟု အားခဲ မျှော်လင့်ထားခဲ့ရာ အမှန်တကယ်ရွာသို့



www.burmeseclassic.com

www.burmeseclassic.com

ပြန်ရောက်ဖြစ်သည့်အချိန်တွင် မနန်းစိန်သည်ကား ကွယ်လွန်ခဲ့လေပြီ။

သူမ၏ သားသမီးများထံသို့လည်း ယင်းပညာအမွေမပေးခဲ့ကြောင်း သိရရာပညာကို သေရွာအထိ ယူသွားခဲ့သည့်အတွက် နှမြောဖွယ်ကောင်းပါသည်ကတော့ အမှန်ပင်။

ရွာမှ အမေအိုကတော့ ဤသို့ ပြောပြဖူးပါသည်။

'သက်တန့်နာမှန်သမျှ ခပ်ပုပ်မြစ်ကို သွေးပြီး အရည်ဖြင့် လိုရာသို့ ရွှေ့ပြောင်းနိုင်သည်။ သက်တန့်ဆေးမင်းမြစ်ကိုလည်း ကျို၍ သောက်ပေးရသည်'

ဟု ဆိုသည်။

သို့ရာတွင် ဤမျှလောက်ဖြင့် မနိုင်လုံသဖြင့် အချိန်ယူပြီး ရှာဖွေလေ့လာရာ **ယောအေသ လက်တွေ့ကုထုံး ဆေးကျမ်းငယ်ပေမူတစ်ခု**တွင် ဤသို့ တွေ့ရပါသည်။

'အနာရွှေ့လိုစေလိုသော်... အောက်ချင်းဇာမြစ်ကို ချ၍ မှန်ကူမြစ်၊ ဒေါက်ရပ်ဖိုမြစ်(၂)ပါးကို သွေး၍ အနာဆီကာစပြီး အထက်သို့ပင့်၍ သုတ်၊ အောက်ဘက်သို့ ရွှေ့စေလိုသော အောက်ဆီကို လျော၍သုတ်၊ သက်တန့်အနာရွှေ့ဆေး အတိတ်ရ'

ဟူ၍ ဖြစ်ပါသည်။

**နောက် ဆေးကျမ်းကြီးတစ်စောင်၌ကား...**

'အတွင်းသက်တန့်ရောက်အုံ့အမှန်၊ သုံးပန်လှုမြစ်၊ နှမ်းသစ်ဆီကူ၊ အလိုက်ကျကျည်တောက်၊ ဇောက်ထိုး၍သာ၊ သွင်းပြီးခါမှ၊ ပီးမှာ လေးလေး၊ ချက်၍နွေးလျှင်၊ လက်တွင်သုတ်မှ၊ ရင်ဝကင်၊ တင်ပါးသို့ကျ၊ ထက်ကအနာ၊ အောက်မှာလာ၍၊ တစ်နေ့သုံးခါ၊ ဆေးသုတ်ရာ၏။

ထွက်လာလတ်သော်၊ ပေါ်သည့်အနာ၀၊ သေလကမူ ထုံးဖြူမယွင်း၊ လေးရွေးသွင်း၍ အတွင်းသောက်စေ၊ ကင်းပျောက်ပြေလိမ့်၊ မသေပျောက်လိမ့်သက်ကြွင်းတည်း'

ဟူ၍ ဖြစ်ပါသည်။

အနာရွှေ့သည့်ကိစ္စနှင့် ပတ်သက်၍ ရန်ကုန်မြို့တွင် ဆေးကုခန်းဖွင့်လှစ် ကုသပေးလျက်ရှိသော ကမ္ဘာလှည့် ဆရာကြီးတစ်ဦးက သူ၏ ဓာတ်လုံးဖြင့် အနာကိုပြောင်းရွှေ့ပေးနိုင်သည်ဟူ၍ ပြောပြဖူးပါသည်။

ဆရာကြီးသာဂဒိုးရေးသော စူလာနဖာပင်နှင့် ဆေးနည်းဆေးပင်များ(၃)စာအုပ်၌ **ကျောက်ရောဂါဖြစ်သော မိန်းမပျိုလေးအား မျက်နှာတွင် အမာရွတ်ပေါက်များ မကျန်စေရန် သူ၏ တင်ပါးသို့ ရွှေ့ပြောင်းပေးသည့်**ကိစ္စ ဖော်ပြပါရှိပါသည်။

စပယ်တောင်မှ ဆေးဆရာအဘိုးကြီးသည်လည်း မိုးကြိုးသွားဖြင့် အနာရွှေ့ပေးခဲ့ဖူးပါသည်။

သို့ဆိုသော် သက်တန့်အနာမှန်သမျှသည် နေရာရွှေ့ပြောင်း၍ ရနိုင်သည်ကို အနောက်တိုင်းသိပ္ပံပညာ ဆေးဆရာများ၏ အဆိုအားဖြင့် မတွေ့မိသေးသော်လည်း (စာရေးသူ လေ့လာမှုအားနည်း၍လည်း ဖြစ်နိုင်ပါသည်။) အရှေ့တိုင်းမြန်မာ့ဆေးပညာရှင်များ၏ လက်တွေ့ကုထုံးများ၊ မှတ်တမ်းများအရမူ အနာကို ရွှေ့ပြောင်းပေးနိုင်သည်မှာ တိကျသေချာစွာ တည်ရှိနေပါကြောင်း။

*လုပ်ဖော်ကိုင်ဖက်များသို့ အမှတ်တရ...*

*လှဋ္ဌေးကို(ထီလာ)*



F.21B. December



www.burmeseclassic.com

www.burmeseclassic.com

# အင်းဖွဲ့ခြင်း အခြေခံပညာ

အမှတ်(၁)

ကျော်ဝင်းရာဇာ (အင်းရွာ)



◆ ရှေးဆရာကြီးများ ဘုရားပန်းပေါင်းဆုံကို ဂုဏ်တော်ကိုးပါးအပြင် ထူးခြားသည့် ဘုရားဂုဏ်တော်တို့ဖြင့် စီမံပြုလုပ်ခဲ့သော မြတ်စွာဘုရားဆင်းတုတော် ဖြစ်ပါသည်။ [ထိုဆင်းတုတော်၏ အစွမ်းတို့မှာ သီးခြား ဖော်ပြသင့်၍ ပုံတော်သာ ပြလိုက်ပါသည်။]

တစ်နေ့ ကျွန်တော်နှင့်အတူ တိုင်းရင်းဆေးပညာ သင်ကြားခဲ့သည့် ဆရာဦးကူးမောင် ရောက်လာခဲ့ပါသည်။

'လာ... ဆရာဦးကူးမောင် အကြောင်းရှိလို့လား'

'ဟုတ်တယ် ဆရာ... ဆရာက အင်းပညာတွေရော သင်ကြားတတ်မြောက်ထားတယ်လို့ သိလိုက်လို့ နည်းနည်း လေ့လာချင်လို့ပါဆရာ'

'ဪ...ရပါတယ်၊ ကျွန်တော်က ဖနီးဆုံးပြီးတော့ လူအားတစ်ဦးလို ဖြစ်နေပြီလေ၊ အိမ်စီးပွားရေးက သားသမီးတွေ လုပ်ကိုင်ကြပြီမို့ ရှာဖွေသင်ကြားဖြစ်တာပါ။ ဒီပညာကို စုံစမ်းရှာဖွေလိုက်တာ တစ်နှစ်ကျော်ကျော် ကြာသွားတယ်၊ ခက်ခက်ခဲခဲပဲဗျို့'

'ဒါဆို ဘယ်ဒေသမှာ တွေ့ပြီး သင်ကြားလေ့လာခဲ့တာလဲ'

"စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ဥရုမြစ်နားက ရေပေါ်မီးလို့ခေါ်တဲ့ ရွာမှာ သွားတွေ့ပြီး သင်ကြားတတ်မြောက်ခဲ့တာတယ်" ဆိုပါတော့၊ ထို ရေပေါ်မီးရွာမှာက အင်းပညာ၊ ဆေးပညာ၊ ဂမ္ဘီရပညာတွေအပြင် ရှမ်းမော်ပညာတွေကောင် တွေ့ရတယ်ဗျ'

'ဪ...ဒါဆို ပညာစုံတဲ့ရွာလို့ ဆိုရမှာပေါ့နော်'

'ဟုတ်တာပေါ့...ကျွန်တော် သင်ခဲ့တဲ့ သူက ဘုန်းတော်ကြီးတစ်ပါး **သူက ရေပေါ်မီးရွာက သုံးမိုင်ခန့် ဝေးတဲ့ ကျောက်ဂူထဲမှာ** တရားအားထုတ်နေတဲ့ ဆရာတော်ကြီးပါ။ သူ့ထံ ခုလိုပညာတွေ ဆည်းပူးဖို့ တော်တော်များ ရောက်ကြတယ်။ သူက အကြားအမြင်ပညာ၊ သမာဓိပညာ၊ စိတ်ပညာတွေကိုလဲ တတ်မြောက်ကျွမ်းကျင်နေတော့ သင်ပေး၊ ပညာပေးသင့်သူကို သူသိတယ်၊ သွားသူတိုင်း မရဘူးဗျ'

'အင်း...ဆက်ပြောပါဦး၊ တော်တော် စိတ်ဝင်စားစရာဖြစ်လာပြီ၊ ခင်ဗျားတို့ ကျွန်တော်တို့လို တိုင်းရင်းဆေးဆရာတိုင်း မပေးဘူးလား'

'မပေးဘူးဗျ၊ ကျွန်တော့်ကိုလဲ ရှမ်းတိုင်းရင်းဆေးဆရာ ဦးစိုင်းပန်းစိန် ခေါ်သွားပေးတာ၊ ခု ခင်ဗျားကို ပြောပြတာလဲ သူပြောပြတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com

ပြောပြတာဗျ'

'ဒါဆို ခင်ဗျားကို အဲဒီဆရာတော်ကြီးကတွေ့တော့ ဘယ်လိုက စပြောတာလဲ'

'ဘာမှမပြောဘဲ ခြေဆုံးခေါင်းဆုံး အရပ်ကြည့်တယ်။ ပြီးတော့ "**အင်းပညာပေးရမယ့် တစ်ဦးတော့ ရောက်လာပြန်ပါရောလား တဲ့**" ကျွန်တော် ဝမ်းသာသွားတာပေါ့။

**ပြီးတော့ ပညာတွေ သင်ပေးခဲ့ပါတယ်။ ပညာတွေ သင်ပေးပြီးတော့ ယောဂီ ဆေးတော့ရားတစ်ဆူ ပြီးတော့ ကျမ်းဂန်ပုတီးတစ်ကုံးကို ပေးခဲ့တယ်။**


**ဆေးကုတိုင်း၊ အင်းပညာဖြင့် ဆေးကုတိုင်း၊ ယောသည့် အထက်ဆရာကြီးများ စီးထားတဲ့ ဆေးပေါင်းစုံဘုရား၊ ကိုယ်စားတော်နဲ့ ယောဂီ နှစ်ပေါင်းတစ်ရာကျော်မှ အထက်ဆရာကြီးများ ဆရာတော်များ စီးထားတဲ့ ကျမ်းဂန်ပုတီးကို ဆောင်ယူသွားရမည်။**

**ထိုဘုရားကိုယ်စားတော်နှင့်ကျမ်းဂန်ပုတီးကို မြင်တိုင်း မိမိသည် အထက်ဂိုဏ်းဝင်ဆရာတစ်ပါးဟု သတိရနေလိမ့်မယ်။ ဒီဆို မိမိတို့ သန္တာဆိုတာ တာ အမြဲပေါ်နေလိမ့်မယ်တဲ့ဗျာ'**

ကျွန်တော်ပြသည့် ဆေးပေါင်းစုံ ဆင်းတုတော်လေးနှင့် ကျမ်းဂန်ပုတီးကုံးကို ဆရာဦးကူးမောင် ကိုင်ကြည့်လိုက်ပြီး...

'တော်တော် လက်ရာမြောက်ပြီး ထူးခြားမှုတွေနဲ့ ခံစားရတယ် ဆရာ။ ပြီးတော့ ဆရာသင်ခဲ့ရပုံနဲ့ အင်းပညာ နည်းနည်း လေ့လာခွင့်ပေးပါလား'

'ပေးရမှာပေါ့ဗျာ... ခင်ဗျားရဲ့ စိတ်ဓာတ်ကိုလဲ ကျွန်တော်သိနေတာမို့ အခြေခံအဆင့်တော့ ပေးလိုက်ပါမယ်'



◆ ဤပုတီးတော်သည်လည်း လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်ခန့်မှ စီရင်ခဲ့ ဆေးပုတီး(ဇေါ်)ကျမ်းဂန်ပုတီးတော်ဖြစ်ပါသည်။
[ထိုပုတီး၏ အစွမ်းများလည်း သိကြား ပေါ်ပြူးပါမည်။]

'ကျေးဇူးပါပဲ ဆရာ... ဒါနဲ့ **ဆေးကောင်းတာ အင်းစောင်းသလောက်**ပဲဆိုတာ ဟုတ်ရဲ့လား ဆရာ'

'ဟုတ်တယ်... သိပ်ဟုတ်တယ် ဆရာကူးမောင် ဆေးဘယ်မျှစွမ်းပါစေ၊ ထက်ပါစေ အင်းတစ်ချပ် စနစ်တကျ မဖြစ်ဘဲ အနည်းငယ် အစီရင်လွဲတာ၊ အင်းဆန် အသွင်းလွဲတာလောက်တောင် မစွမ်းဘူးလို့ ဆိုတယ်၊ ဒါကြောင့် ဒီအင်းပညာကို ရှာဖွေရတာလေ ဆရာရဲ့'

'ပေါက်ပြီ၊ ကျွန်တော် သဘော ပေါက်ပြီ၊ ဒါနဲ့ သည်အင်းပညာ က ဝိဇ္ဇာဖော်ကိုတို့ထံမှာ ဆင်း တယ်ဆိုတာရော ဟုတ်ရဲ့ ဆရာ'

'တစ်ပိုင်းက ဟုတ် တစ်ပိုင်းက မှားတယ်ဗျ'

'ဘာတုန်းဆရာ... တစ် မှန်တယ်၊ တစ်ပိုင်းက မှ ဆိုတာကြီးက...'

'ဪ...ဒီလိုပါ မှန်တယ် က အင်းပညာတွေကို ဝိဇ္ဇာ ပုဂ္ဂိုလ်တွေဆီက လာတ



www.burmeseclassic.com

www.burmeseclassic.com

မှန်တယ်။

ဇော်ဂျီတွေကြတော့ ဆေးကြိတ်၊ ဆေးဖော်ကြတာက များတယ်။ အင်းပညာတွေက သူတို့ဆီက နည်းတယ်လို့ ပြောချင်တာပါ'

'ဪ...'

'နောက်ပြီးတော့ အဲဒီအင်းများကို ပိုင်ဆိုင်ကြသူတွေက အင်းဝိဇ္ဇာတွေပဲ၊ အဲဒီ အင်းဝိဇ္ဇာနဲ့အတူ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ အင်္ဂဝိဇ္ဇာ၊ ဆေးဝိဇ္ဇာဆိုပြီး ဝိဇ္ဇာငါးမျိုး ရှိတယ်ဗျ။

ထို့ကြောင့် အင်းစီမံတော့မယ်၊ အင်းဖွဲ့တော့မယ်ဆို ထိုဝိဇ္ဇာကြီးတွေကို ကန်တော့ရတယ်။

အဲဒီလို အင်းဖွဲ့ အင်းစီမံမှ မဟုတ်ဘဲ ထိုဝိဇ္ဇာကြီးတွေကို ကန်တော့တဲ့ ဂါထာကို ရွတ်ဖတ်ပြီး နေ့စဉ် ပုတီးစိပ်ရင်လဲ ကျန်းမာပြီး ကုသိုလ်ကောင်းမှုတွေ စီးပွားရေးတွေ ကောင်းစေတယ်လို့ ဆရာတော်ကြီး မှာခဲ့တယ်ဗျ၊ အသက်လဲ ရှည်တယ်တဲ့'

'ထိုဂါထာကို ပြောပြပါလား ဆရာ'

'ပြောပြမှာ မဟုတ်ဘူး၊ ရော့... ...ရွက်နဲ့ ရေးမှတ်သွား ပြီးရင် ပုတီး ...နာစိပ်ကြည့်ပါ၊ ထူးခြားမှုတွေ ...ရှိမှာမယ်'

'ဟုတ်ကဲ့...ဟုတ်ကဲ့ ကျေးဇူးပါပဲ ...ရာ'

"ပြဒါးဝိဇ္ဇာ" ဩမဟာနဘာဝေါ
...ဇောဓာတု သမဏော
...ဗ္ဗသိဒ္ဓိ ပူရဏော
...ယော မဟိဒ္ဓိ မဟိဒ္ဓိ
...ဟယျ သွဟုံ။

"ဆေးဝိဇ္ဇာ" ဩစတုဓာတု ပသိဒ္ဓိ
...ဘာသမံ သငှက
...ရှာစရံ သဗ္ဗသိဒ္ဓိ သွဟုံ။

၃။ "သံဝိဇ္ဇာ" ဩံမဟာဝိဇ္ဇ စရာ စရိယေန
အသမ္ဗိန္နံ ဿဟာ ဓာတု
ပသိဒ္ဓိသဗ္ဗ သိဒ္ဓိသွာဟုံ။

၄။ "အင်းဝိဇ္ဇာ" ဩံ အဂ္ဂပိန္နစ ပဌမံ
စတုက္ခရံ စတုဓာတံ။

၅။ "အင်္ဂဝိဇ္ဇာ" စရေန သဗ္ဗသိဒ္ဓိ ဧယော
ဇယတု သွဟာ ယျ သွဟုံ။

လို့ ပေးထားတယ်။

အန္တရာယ်ကင်း **ဝိဇ္ဇာပေါင်းချုပ်ပုတီးစိပ်**လို့လဲ ခေါ်တယ်။ ဆရာကူးမောင် အဲဒါကို နေ့စဉ် ပုတီးစိပ်ပါ'

'ဒါဆို ထိုဝိဇ္ဇာကြီးတွေရဲ့ အင်းဂါထာတွေကရောဗျ'

'ပြောပြမှာပေါ့ဗျာ... ထိုဝိဇ္ဇာကြီးတွေဟာ အထက်ပုဂ္ဂိုလ်ကြီးတွေဆိုတာ ထိုအင်းဂါထာတွေ၊ အင်းဆန်တွေကို ကြည့်တာနဲ့ သိနိုင်တယ်ဗျ။ ဥပမာ–အနီးဆုံး အင်းဂါထာတစ်ခုကို ပြောပြမယ်ဗျာ...

ဧ–စက္ခုမာစရ ယာစိဗ္ဗော၊
ဓ–ဓမ္မည္ဆု ဓမ္မသာမိကော။
ဗ–ဗလူမေတော ဗလဓရော၊
ဝ–ဝရဒေါဒေတု မေဝရံ၊

ဆိုတဲ့ ဂါထာဟာ... ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ မြတ်စွာဘုရားရှင်တို့ရဲ့ တန်ခိုးတော်၊ ဂုဏ်တော်တို့ကို ဖွဲ့ဆို ထည့်သွင်းထားတာဗျ။

ဒီအင်းဆို၊ အင်းဖွဲ့ရတာ အတော်လွယ်ပါတယ်။ ဒါပေမယ့် သူ့မှာက နက္ခတ်အချိန်တွေ သိပ်များတယ်။

သူရဿတီနက္ခတ်၊ ဝေဒဗ္ဗနက္ခတ်တို့ မွန်းတည့်ချိန်မှာ အပြီးရေးဖွဲ့ရမယ်။ ထိုကဲ့သို့ နက္ခတ်မိသွားရင် မိမိ လိုအင်ဆန္ဒပြည့်ဝစေတဲ့ အင်းလို့ ဆိုတာပဲ ဆရာကူးမောင်'

'လိုအင်ဆန္ဒတွေက ဘယ်လိုဆန္ဒတွေနဲ့ သက်ဆိုင်တာလဲ ဆရာ'

'ဪ...ဒါက အနုအင်း၊ကုန်တိုက်အင်း၊ အန္တရာယ်ကင်းအင်း၊ ရန်နိုင်အင်း မဟုတ်ဘူးလေဗျာ။ သူက ဘုရားအင်းလေ၊ သူပေးနိုင်တာက စီးပွားချမ်းသာ၊ အသက်ချမ်းသာ၊ ဘဝချမ်းသာခြင်းတို့ကို ပေးစွမ်းတာလေ'

'ဪ ဟုတ်ကဲ့၊ ဟုတ်ကဲ့... ဒါဆို အင်းချတဲ့အခါ အင်းပေါင်ခတ်တာတို့၊ အင်းဆန်ထည့်တာကိုလဲ ရှင်းပြပါဦးလား'

ကျွန်တော် လက်မှ နာရီကို ကြည့်လိုက်ပါသည်။ ပြီးတော့...

'ကဲ...ကဲ ခင်ဗျားနဲ့ ကျွန်တော် ထိုင်ပြီး ဆွေးနွေးတာ, ရေးမှတ်ကြတာ တစ်နာရီကျော်သွားပြီဗျ။ လူတစ်ဦးက တစ်နာရီခန့် ထိုင်ပြီးရင် ခဏနားပြီး လမ်းလျှောက်ပေးရမယ်လေ။

ဒါကြောင့် ခဏနားပြီး လမ်းလျှောက်လိုက်ကြဦးစို့၊ ပြီးမှ ပြန်ဆက်ကြတာပေါ့။

အဲဒီခါမှာ အင်းပေါင်ခတ်နည်း၊ အင်းပေါင်ခတ်တဲ့ချိန် ရွတ်ဖတ်ရမယ့်ဂါထာကို ဆက်ဆွေးနွေးကြတာပေါ့ ဟုတ်ပြီလား'

'ဟုတ်ကဲ့...ဟုတ်ကဲ့'

---

**ရှေ့လ ဆက်ဖတ်ပါရန်**

---

ကျော်ထင်ရာဇာ
*(အင်းရွာ)*



www.burmeseclassic.com

www.burmeseclassic.com

ရှေးခေတ်

# သူခိုးဖမ်းကိရိယာ

သိလ (ရေတာ်ခွန်တောင်)



[ ၁ ]

ပေတစ်ရာကျော်ပတ်လည် ဝင်းထဲမှာ မျက်နှာဝ ပေငါးဆယ်နဲ့ အကျယ် အစိတ်လောက် ပတ်လည် နေရာလေးကို ဆူးတွေချ သဲတွေ ခင်းပြီး ဝင်းထရံနဲ့ ပိတ်ထားတယ်။

လူတွေ အပြောကတော့ ဒီနေရာက ကြမ်းတယ်။ မမြင်အပ်ရာတွေ မြင်ရတယ်။ လမ်းထဲကို ညအချိန်ဆို လူတွေ ဖြတ်သွားဖြတ်လာ မလုပ်ကြဘူး။

အဲဒီနေရာကို ရေတာ်ခွန်တောင် ဆရာတော်ကြီးက ကျွန်တော့်ကို နေခိုင်းတယ်။ ပြောတာကတော့ အဲဒါ ကျွန်တော့်နေရာတဲ့။

ထားပါတော့.... ဒါက နှစ်,နှစ်ဆယ်လောက် ကြာခဲ့ပါပြီ။

အဲဒါ ဒီနှစ်အစပိုင်းလောက် တော့ ဟိုဘက်ခြမ်း မြေကြီးကို ပိုင်ရှင်က ရောင်းလိုက်ပြန်တယ်။

ဝယ်တဲ့သူက ကြက်သွန်ဂိုဒေါင် လုပ်ထားလိုက်တယ်။

ဂိုဒေါင်က နေ့မှာ အလုပ် သမားတွေရှိပြီး ညမှာလူမနေဘဲ ပိတ်ထားတယ်။

လူသွားလူလာနည်းတဲ့ လမ်းထဲကို တစ်နေ့ကညမှာ တော့ ဝင်းထဲဝင် ဂိုဒေါင် ပြတင်းတံခါး သံတိုင်တွေ ကြားထဲကနေ ကြက်သွန်အိတ် တွေ ချိတ်နဲ့ ဆွဲယူ ကဲ့ထုတ်ပြီး ကြက်သွန်တွေ အခိုးခံလိုက်ရတော့တယ်။

အဲဒီလို အခိုးမခံရခင် ညနေ နေဝင်ခါစ အလုပ်တွေ အသိမ်းမှာ ပိုင်ရှင်က ကျွန်တော့်အိမ်ကို အဆက်အစပ် မရှိဘဲ နာနတ်သီးတစ်လုံး လက်ဆောင်လာပေးသွား တာလေးက လောလောဆယ်ဆယ် ရှိနေတော့...

'ကဲ...လာပါဦးဗျာ'

အခိုးခံရတဲ့ ညနေပိုင်းမှာပဲ ပိုင်ရှင်ကို စကားပြောရတော့တယ်။ အိမ်က ယူမိတဲ့ နာ တစ်လုံး ကျေးဇူးကြောင့်ပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

အခုထိ ရှိပါသေးတယ်။ အ.မ.က ကျောင်းအုပ်ကြီး အငြိမ်းစားတစ်ယောက်ဆီကို တစ်ခါတစ်ခါ မနက်ပိုင်း... နက်ပိုင်းမှာ သွား...သွားပြီး လက်ဖက်ရည် အတူ သောက်တဲ့အကျင့် ကျွန်တော့်မှာ ရှိတယ်။

အဲ... တစ်မနက်ကတော့ အဲဒီ အဘကြီးက ကျွန်တော် လာလိုလာငြား ဆိုပြီး စောင့်နေတာနဲ့ သွားဆိုးတယ်။ သူ့မိသားစုတွေလဲ ဝိုင်းလို့ပေါ့လေ။

အဲဒီမှာ...

'ခင်ဗျားအတွက် ဂမ္ဘီရဆန်တဲ့ ကိစ္စတစ်ခု မနက်က ဖြစ်သွားတယ်ဗျ။ ဟိုမှာ ကြည့်လိုက်ပါဦး'

ဆိုပြီး **အိမ်အဝင် တံခါးအပေါ်နဲ့ အိမ်အနောက် ဘက်အထွက် တံခါးအပေါ်တွေကို** ညွှန်ပြတော့တယ်။

**အဲဒီမှာက ဓါးမှတလှတစ်ချောင်းစီကို ကြိုးရှည်ပြီး ထုထုး [illegible] ချိတ်ထွဲထားလို့။**

ဒါနဲ့...

'ကဲ...ပြောပါဦး'

ကျွန်တော်က ထောက်လိုက်တော့...

'ဒါက ကျွန်တော့်ယောက္ခမ ရှမ်းကလေးကျွန်း ဆရာကြီး(သူလဲ အခုထိ ရှိပါသေးတယ်။) အစီအရင်သဘောနဲ့ လုပ်ပေးထားတာ။ သူ့သတ္တိက သူခိုး မခိုးနိုင်ဘူး။ သူခိုး အိမ်ထဲဝင်ပြီးလဲ ပြန်မထွက်နိုင်ဘူးတဲ့ဗျ။

ဒါက ကြာခဲ့ပါပြီ။

ဒီမနက်မှာပေါ့ဗျာ...လင်းနေပါပြီ။ ကျွန်တော် အိပ်ရာကထ အိမ်နောက်ဖေးတံခါး ဖွင့်ထွက်တော့ လူငယ် တစ်ယောက် ချာချာလှည့်သွားနေတာ တွေ့ရသဗျ။

ကျွန်တော်လဲ ရုတ်တရက်တော့ လန့်သွားတာပေါ့။ နောက်မှ သူခိုးမှန်းသိပြီး ဖမ်းရတော့တာ။

ရပ်ကွက်လူကြီးတွေ လာတော့ သူခိုးက သူ ညကတည်းက မျက်စိလည်ပြီး ပြန်ထွက်မရ ဖြစ်နေတာလို့ ပြောသမျှ'

[ ၃ ]

ဒါလေးကို ကြက်သွန်ကိုဒေါင် ပိုင်ရှင်ကို ပြောပြလိုက်ရတယ်။

ကျန်တဲ့ တခြားလူတွေလဲ သိပါစေတော့ရယ်လို့ပါ။ သတိရတုန်း ရေးလိုက်တဲ့ သဘောပါ။

**သီလ(ရေတံခွန်တောင်)**

စာမျက်နှာ (၁၆၈)မှ အဆက်

ညာလက်ကို ကြမ်းပြင်မှ အထက်သို့ မြှောက်နိုင်သမျှ မြှောက်ပါ။ စိတ်ထဲမှ (၁ မှ ၅၀)အထိ မှတ်ပြီး ပြန်ချပါ။

ဘယ်ခြေကို ကြမ်းပြင်မှ အထက်သို့ မြှောက်နိုင်သမျှ မြှောက်ပါ။ စိတ်ထဲမှ (၁ မှ ၅၀)အထိ မှတ်ပြီး ပြန်ချပါ။

ညာခြေကို ကြမ်းပြင်မှ အထက်သို့ မြှောက်နိုင်သမျှ မြှောက်ပါ။ စိတ်ထဲမှ (၁ မှ ၅၀)အထိ မှတ်ပြီး ပြန်ချပါ။

ဘယ်လက်၊ ညာခြေ တစ်ပြိုင်တည်း ကြမ်းပြင်မှ အထက်သို့ မြှောက်နိုင်သမျှ မြှောက်ပါ။ စိတ်ထဲမှ (၁ မှ ၅၀)အထိ မှတ်ပြီး ပြန်ချပါ။

၆။ ညာလက်၊ ဘယ်ခြေ တစ်ပြိုင်တည်း ကြမ်းပြင်မှ အထက်သို့ မြှောက်နိုင်သမျှ မြှောက်ပါ။ စိတ်ထဲမှ (၁ မှ ၅၀)အထိ မှတ်ပြီး ပြန်ချပါ။

၇။ ရှေ့လက်နှစ်ဖက်၊ နောက်ခြေနှစ်ချောင်း တစ်ပြိုင်တည်း ကြမ်းပြင်မှ အထက်သို့ မြှောက်နိုင်သမျှ မြှောက်ပါ။ စိတ်ထဲမှ (၁ မှ ၅၀)အထိ မှတ်ပြီး ပြန်ချပါ။

အထက်ဖော်ပြပါ လေ့ကျင့်ခန်းအား မနက်တစ်ကြိမ်၊ နေ့တစ်ကြိမ်၊ ညနေတစ်ကြိမ် ပြုလုပ်ပေးပါက ခါးနာ ရောဂါ လက်တွေ့ ပျောက်ကင်းသွားမည် ဖြစ်ပါတယ်။

**ဤ ခါးနာရောဂါပျောက်နည်း လေ့ကျင့်ခန်းအား လက်ဆင့်ကမ်း ပြသပေးသော ရမည်းသင်း မွေးမြူရေးဖုံ အထူးအရာရှိ ဦးအောင်ဝင်းအား အထူး ကျေးဇူးတင်ရှိပါတယ်။**

**ဆလိုင်းငွန်သိန်း**
**(ရမည်းသင်း)**



www.burmeseclassic.com

www.burmeseclassic.com

# ခါးနာရင်

## ဒီလိုလုပ်ပါ

ဆလိုင်းမြန်သိန်း (ဂုမည်းသင်း)

လူတွေအဖြစ်များတဲ့ရောဂါတွေထဲမှာ ခါးနာရောဂါဟာလဲ တစ်ခုအပါအဝင် ဖြစ်ပါတယ်။ အသက် နှစ်ဆယ့်ငါးနှစ်အတွင်း လူတွေရဲ့ (၉၀%)ဟာ ခါးနာရောဂါဖြစ်ဖူးကြပါတယ်။

အသက်ကြီးလာတာနဲ့အမျှ ဖြစ်လေ့ဖြစ်ထရှိတဲ့ရောဂါ တစ်ခုပါပဲ။ ရောဂါကြီးလားဆိုတော့လဲ မဟုတ်ပါဘူး။ ဒါပေမယ့် အလုပ်ပျက်၊ အကိုင်ပျက်၊ အသွားအလာ ပျက်ပြီး ဝေဒနာကို ခံစားကြရပါတယ်။

ခါးနာရောဂါဖြစ်ရခြင်း အကြောင်းရင်းတွေကတော့ အမျိုးမျိုးပါပဲ။ အများဆုံးဖြစ်ရတဲ့ အကြောင်းအရင်းကတော့ လေးလံတဲ့ပစ္စည်းတစ်ခုခုကို မ,လိုက်ရင် အဖြစ်များပါတယ်။

ဒါကြောင့် လူကြီးတွေက လေးလံတဲ့ပစ္စည်းတစ်ခုကို မ,တော့မယ်ဆိုရင် ခါးမနာအောင် ဒူးကွေးပြီး မ,ရတယ်လို့ ပြောလေ့ပြောထ ရှိပါတယ်။

နောက် ခါးနာရတဲ့အကြောင်းရင်းတွေကတော့ ချိုင့်ခွက်လေးထဲကို ခြေထောက်လဲကျသွားရင်၊ ကြာကြာထိုင်နေရာမှ ရုတ်တရက် ထ,ထိုင်လိုက်ရင် ဘယ်လှည့်၊ ညာလှည့် အလှည့်အဆင်မပြေရင် ပစ္စည်းတစ်ခုခုကို မမီမကမ်း လှမ်းဆွဲလိုက်ရင် စသည်ဖြင့် ခါးနာရောဂါ ရတတ်ပါတယ်။

ခါးနာရောဂါနဲ့ပတ်သက်လို့ အနောက်တိုင်း စားဆေး၊ လိမ်းဆေးတွေလဲ အမျိုးမျိုးရှိကြပါတယ်။

အရှေ့တိုင်း မြန်မာအပါအဝင် စားဆေး၊ လိမ်းဆေးတွေလဲ အမျိုးမျိုးရှိကြပါတယ်။ ဘာဆေးကိုပဲသုံးသုံး ငွေမကုန်ရင်တောင် သွားရ,လာရ,ရှာရ,ဖွေရနဲ့ အလုပ်တော့ ရှုပ်သွားမှာပဲ။

ကျွန်တော်တင်ပြချင်တဲ့ ခါးနာပျောက်နည်းလေးကတော့ လွယ်လွယ်လေးလုပ်လို့ရတဲ့ လေ့ကျင့်ခန်းလေး တစ်ခုပါပဲ။

ဘာ့ကြောင့်ပဲ ခါးနာခါးနာ ဒီလေ့ကျင့်ခန်းလေးလုပ်လိုက်ရင် တဖြည်းဖြည်း သက်သာပျောက်ကင်းသွားတာပါပဲ။

တစ်ခုတော့ရှိတယ် **ကျောက်ကပ်ရောဂါကြောင့်** ခါးနာရင်တော့ ဒီနည်းနဲ့ မပျောက်ပါဘူး။



ဒီနည်းလေးက ကျွန်တော် ကိုယ်တိုင် လက်တွေ့ ပျောက်တဲ့ နည်းလေးပါ။ ဒီနည်းလေး မသိခင် တုန်းကတော့ ဆေးအမျိုးမျိုးလဲ သောက်ဖူးပါတယ်။ လိမ်းဆေးအမျိုးမျိုးလဲ လိမ်းဖူးပါတယ်။ ဒီနည်းလေးလောက်တော့ မြန်မြန် မပျောက်ပါဘူး။

ဒီ နည်းလေးကို ကျွန်တော် အကြံပေးလို့ ခါးနာရောဂါ ပျောက်သွားတဲ့ လူတွေလဲ များပါပြီ။ ကိုယ်တိုင် တစ်ယောက်တည်း လုပ်လို့ရတဲ့ နည်းလေးပါ။

၁။ ကြမ်းပြင်ပေါ်တွင် အခင်းတစ်ခုခင်းပြီး ဝမ်းလျားမှောက်... လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်တန်းပြီး မေးစေ့ကို ကြမ်း... ရှေ့တည့်တည့်ကိုကြည့်ပါ။
ဘယ်လက်ကို ကြမ်းပြင်မှအထက်သို့ မြှောက်ပါ... (၁ မှ ၅၀)အထိ မှတ်ပြီး ပြန်ချပါ။

စာမျက်နှာ (၁...



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့်

# ဥနဲကျိုးပေါင်း

ဇော်မင်းအောင်



နေရာအနှံ့ ရပ်ကွက်များတွင် ကလေးသူခိုး ထိတ်လန့်နေသောအချိန်ကာလတွင် ဖြစ်ပါသည်။ ရပ်ကွက်အတွင်းနေ လမ်းသူလမ်းသားများမှာ မျက်နှာစိမ်း(မမြင်တွေ့ဘူးသူ)များဆိုလျှင် သတိထား စောင့်ကြည့်သော ကာလတစ်ခုဟု ဆိုရမည်။

ကျွန်ုပ်မှာ ဌာနဝင်း လိုင်းခန်းတွင် နေထိုင်သူဖြစ်၍ ရပ်ကွက်အတွင်းသို့ အသွားအလာနည်းပါသည်။ တစ်နေ့ ...မျိုးသမီးဖြစ်သူနှင့် ဈေးဝယ်လိုက်သွားရာမှ မထင်မှတ်...ဲ ကျွန်ုပ်လိုချင်သော ပစ္စည်းတစ်ခုကို တွေ့ရှိပါသည်။

ကျွန်ုပ်လိုချင်သော ပစ္စည်းမှာ ငွေပေးဝယ်၍ မရသလို ...်ချင်း ရယူရန်မှာလည်း ကျွန်ုပ်တွင် အဆင်သင့် ...ိသေးပါ။

ကျွန်ုပ်ရောက်ရှိနေသော နေရာမှာ **မှော်ဘီမြို့၏ ...ွက်ဈေးလမ်းလည်းဖြစ်၊ ပြည်လမ်းသို့ ဝင်ထွက် ...သောကြောင့် လူအသွားအလာ အမြဲရှိနေပါ...ည်။** ကျွန်ုပ်မှာ လိုချင်မှုတစ်ခုကိုသာ စိတ်တွင်ရှိ၍ ...ဒေသနှင့် အခြေအနေအားလုံးကို မေ့နေခဲ့ပါ...ည်။

...လိုရှိသော ပစ္စည်းကြောင့် ကျွန်ုပ်မှာ ပတ်ဝန်းကျင် ...အရာအားလုံးကို သတိမထားမိတော့ပါ။ ကျွန်ုပ် ...သောပစ္စည်းအတွက် လုပ်ငန်းစတင်တော့သည်။ ...ုပ်၏ စိတ်ထဲတွင်လည်း...

...သူဖော်စား မသိသူကျော်သွား စကားရှိသားပဲ၊ ...ဆိုက်လို့ ငါရတယ်'

... အတွေးနှင့် ပျော်နေမိပါသည်။

...ုပ်၏ စိတ်တွင် ပျော်ရွှင်ချိန်များများ မရလိုက်ပါ။ ...စိတ်ဇောကြောင့် လည်းကောင်း၊ နေရာအခက် ...် သက်နက်ပစ္စည်းမစုံလင်သောကြောင့် အချိန် ...ကြာသွားခဲ့ပါသည်။

...ကြာလာသည်နှင့်အမျှ လမ်းသွားလမ်းလာများနှင့် ဈေးခွေးများ၏ အခြေအနေကို ကြည့်ရပါတော့သည်။ ခွေးလေခွေးလွင့်များနှင့် ခရီးသွားများအားလုံး အသွားအလာ အစားအသောက်မပျက် လှုပ်ရှားသွားလာနေသည်ကို ကျွန်ုပ် တွေ့မြင်နေပါသည်။

ကျွန်ုပ်လိုချင်သော ပစ္စည်း ရရှိချိန်အထိ ပတ်ဝန်းကျင်မှာ ပုံမှန်အတိုင်း ရှိနေပါသည်။

ကျွန်ုပ်ရရှိသော ပစ္စည်းမှာ **ဥနဲကျိုးပေါင်း**ဖြစ်ပါသည်။ ဥနဲကျိုးပေါင်း ဘာကောင်းသည်၊ ဘာစွမ်းသည် ကျွန်ုပ်သေချာမသိပါ။ ပါးစပ်ရာဇဝင်များတော့ ကြားဖူးပါသည်။

တစ်ခါက စပါးရောင်းသူ လှည်းသမားတစ်ယောက်သည် လှည်းမောင်းသွားစဉ် လှည်းနားစောင့်(လှည်းဘီးကျွံထွက်မသွားရန် ဝန်ရိုးတွင် တပ်ဆင်ထားသော သစ်သားချောင်း)ကျိုးသွား၍ နီးစပ်ရာသစ်ပင်မှ အကိုင်းတစ်ကိုင်းကို ခုတ်၍ လှည်းနားစောင့်တုတ် လုပ်သွားခဲ့ပါသည်။

ဒိုင်ရောက်၍ သူ၏စပါးများကို ချိန်ကြည့်ချိန်တွင် စပါးများ တိုးနေသည်ကို အံ့သြစွာ တွေ့ရပါသည်။ ထိုသို့ စပါးများ တိုးနေခြင်းမှာ ဥနဲကျိုးပေါင်းအစွမ်းဟု

စာမျက်နှာ (၁၇၁) သို့

www.burmeseclassic.com

ကျေးရွာအလှူမှရခဲ့သော

# ငါးရံ့ခေါင်းတို ဆေးနည်း

ဦးကိုကိုကြီး (စစ်ဆေးရေး)
ကစစ(၁၂)၊ ထုံးဘို

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်နေ့က ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ရွာထောင်(ဗမာရွာ)မှ ဦးသောင်းစိန်(ဦးမေးတို)၏ဖနီး ဒေါ်မကြီး(ဒေါ်မပိန်) ကွယ်လွန်အနိစ္စရောက်ခဲ့သည်မှာ တစ်လပြည့်ပြီဖြစ်သဖြင့် စာရေးသူတို့အား တစ်လပြည့် ဆွမ်းသွတ် တရားတော်နာဖိတ်ကြားလာသဖြင့် ဖနီးချစ်ညိုကို ခေါ်ကာ မော်တော်ဆိုင်ကယ်ဖြင့် သွားရောက်ခဲ့ကြပါသည်။

အလှူပြီးနောက် ရေနွေးကြမ်းသောက်ကြရင်း စကားစမြည် ပြောနေရင်းက စာရေးသူနှင့် အင်မတန်ရင်းနှီးသော မနီနီဆိုသည့် အမျိုးသမီးနှင့် ပိုမို၍ စကားတွေ ပြောဖြစ်သွားပါသည်။

ပြောနေရင်း စကားဖြတ်၍ စာရေးသူမှ...

'နီနီ နင့်ကို ကြုံလို့ မေးရဦးမယ်။ မနှစ်က နင့်ခြေသလုံးမှာ ပေါက်နေတဲ့ အနာကြီး ပျောက်သွားပြီလား'

ဟု မေးလိုက်မိပါသည်။

ထိုအချိန်က မနီနီအား စာရေးသူ အလေးထားမိသည်မှာ သူမ၏ အနာကြီးသည် အကျယ်(၂)လက်မပတ်လည်ခန့်ရှိပြီး ပြည်တစိုစိုနှင့် လနှင့်ချီ၍ ကြာကာ မပျောက်နိုင်ဘဲ ညော်တွေလာရင် ရှောင်ရ၊ အစားအသောက်တွေ ရှောင်ရ၊ ဝေဒနာတွေ တစိမ့်စိမ့်ခံစားရသဖြင့် အိမ်အလုပ်ကို ကောင်းကောင်း မလုပ်နိုင်သလို လမ်းပင် ကောင်းကောင်းမလျှောက်နိုင်လောက်အောင် ခံစားနေရသူ ဖြစ်ပါသည်။

မနီနီသည် စာရေးသူ၏ အမေးကို ဖြေရန်အတွက် ထဘီစကို ခြေသလုံးအထက်သို့ အနာမြင်သာရန် အပေါ်သို့ ဆွဲတင်လိုက်ပြီး...

'ကိုကိုကြီး ကန်တော့နော်၊ ဒီမှာလေ ကိုကိုကြီး မေးတဲ့အနာကြီး အမာရွတ်ပဲ ကျန်ခဲ့တော့တယ်။ လုံးလုံးပျောက်သွားပါပြီ။

မပျောက်ခင်က ကိုကိုကြီးရယ်... ကျွန်မ အရမ်းကို ဒုက္ခတွေ ရောက်ခဲ့ရပါတယ်။ ဟိုလူက ဒီဆေးကောင်းတယ်ဆို လိမ်း၊ ဒီလူက ဟိုဆေးကောင်းတယ်ဆိုလိမ်းနဲ့



လိမ်းလိုက်ရတာ ပျောက်တယ်လို့ကို မရှိခဲ့ပါဘူး

မြန်မာတိုင်းရင်းဆေးတွေ မရလို့ အနောက်တိုင်း... ဆေးတွေ မြို့ကို မှာပြီး လိမ်းပြန်တော့လဲ မသက်သာ... ကိုကိုကြီးရယ်။

ဒီလိုနဲ့ ဝေဒနာခံစားနေခဲ့ရာက (၂)လလောက်... ကြာမယ်ထင်တယ်။ အင်း...ဟို ကိုကိုကြီးလဲ ... တွေ တွေ့ရင် မျှဝေနိုင်အောင်၊ ဗဟုသုတလဲရ... ပြောရဦးမယ်။

တစ်နေ့မှာ ကျွန်မလို ခံစားဖူးတဲ့ ကျွန်မ သူ... တစ်ယောက်တွေ့တော့ သူကပြောပြတာ...

ငါးရံ့ခေါင်းတို ငါးကောင်ဝယ်ခိုင်းတယ်။

ငါးရံ့ခေါင်းတိုလို့ ပြောရတာက ငါးရံ့မှာ ... ခေါင်းက ရှည်နေလို့ ငါးရံ့ခေါင်းရှည်ဆိုပြီး ... ငါးမျိုးလဲ ရှိတယ်။ ဒါကြောင့် မှားမှာစိုးလို့ ငါးရံ့... လို့ ခွဲခြားပြီး ပြောရတာ ကိုကိုကြီးရေ။

အဲဒီ ငါးရံ့ခေါင်းတို ဦးခေါင်းတွေကို ဓားနဲ့ ဖြတ်...





www.burmeseclassic.com

www.burmeseclassic.com

ကိုယ်လုံးတွေကိုတော့ မယူရဘူး။ ကြိုက်ရင်တော့ သပ်သပ်ချက်စားပေါ့။

ငါးရံ့ခေါင်းတို့ (၅)ခေါင်းရပြီဆိုရင် မီးဖိုမှာ မီးမွေးပြီး မီးဖိုပေါ်ကို ဒယ်အိုးတင်ပြီးတော့ နှမ်းဆီငါးကျပ်သားလောင်းထည့် ဆီပူလာပြီဆိုရင် ငါးရံ့ခေါင်းတို့ရဲ့ ဦးခေါင်း(၅)ခေါင်းကို ထည့်လိုက်ပြီး ကြွပ်နေအောင် ကြော်ရမယ်။ တူးတော့ မသွားစေနဲ့... ဒါတော့ ဂရုစိုက်ရမယ်။

ကြွပ်ပြီဆိုတာနဲ့ မီးဖိုပေါ်ကချပြီး အအေးခံထားလိုက် အေးပြီဆိုတာနဲ့ ပုလင်းသန့်သန့်ထဲ ထည့်ထားပြီး အနာကြီးကို မနက်,နေ့,ည သုံးကြိမ်ခွဲပြီး ခပ်ရွှဲရွှဲလေး လိမ်းနိုင်းတယ်။ လိမ်းရမယ်။

ကိုကိုကြီး... လိမ်းလို့ (၃)ရက်မြောက်ကတည်းက ပြည်တစိုစို ဖြစ်နေတဲ့ အနာကြီး ပြည်သိပ်မထွက်တော့ဘူး။ တစ်ပတ်လဲ ပြည့်ရော ပြည်တွေ မထွက်တော့ဘဲ တန့်သွားတယ်။

နှစ်ပတ်ပြည့်တော့ အနာကြီးဟာ ခြောက်ခြောက်သွေ့သွေ့ ဖြစ်သွားတယ်၊ သုံးပတ်လောက်လဲ ပြည့်ရော လုံးလုံးကို ပျောက်သွားတာ... မယုံမရှိနဲ့ ကျွန်မကိုယ်တွေ့ပဲ။

လနဲ့ချီပြီး ခံစားလာရတဲ့ ဝေဒနာဟာ ဒီငါးရံ့ခေါင်းတိုဆေးနဲ့ တွေ့တော့မှာပဲ ရင်အေးရတော့တယ်။

ကျွန်မ ပြောပြနေတဲ့ အနာကြီးက အနာက အကြီးကြီးဖြစ်နေလို့ အနာကြီးလို့ပြောတာနော်၊ ကူးစက်တတ်တဲ့ လက်ပရိုစီလို အနာကြီးရောဂါမျိုးကို ပြောတာမဟုတ်ဘူး'

ဟု မနီနီက သေချာ ရှင်းပြပြောဆိုခဲ့ပါသည်။

စာရေးသူလည်း မနီနီ ပြောပြမှုကို စိတ်ဖြင့် သေချာစွာ မှတ်သားထားလိုက်ပြီး နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးသို့ စာဖတ်ပရိသတ်တို့အတွက် ရေးသားပေးပို့မည်ဟုလည်း ဆုံးဖြတ်လိုက်ပါသည်။

ငါးရံ့ခေါင်းတိုဆေးအကြောင်း သိရှိကြ၍လည်း မိမိ၌ ကိုယ်တိုင်ကြုံလျှင်ဖြစ်စေ၊ အခြားသူများ၌ ကြုံတွေ့လာလျှင်ဖြစ်စေ အသုံးပြုနိုင်ကြပါစေရန် အရိုးခံစေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပါပေသည်။

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးနှင့်တကွ စာဖတ်ပရိသတ်များအား အစဉ်လေးစားတန်ဖိုးထားလျက်...**

**ဦးကိုကိုကြီး(*စစ်ဆေးရေး*)**
**ကစစ(၁၂)၊ ထုံးဘို**

စာမျက်နှာ (၁၆၉)မှ အဆက်

နောက်မှ သိရပါသည်။

နောက်တစ်ဦးမှာ လယ်ထွန်ရင်း ကြိမ်လုံး (နွားကန်) ကျိုးသွား၍ လယ်ထွန်သားသည် နီးစပ်ရာ သစ်ပင်မှ သစ်ကိုင်းတစ်ကိုင်း ခုတ်၍ လယ် ဆက်ထွန်၏ ဘေးလူ များက နွားနှင့် ထွန်တုံးကိုသာ မြင်ရ၍ သူကို မမြင်ကြပေ။ နွားမောင်းသံ တို့ကိုလည်း ကြားနေရသော်လည်း သူကို မမြင်ရခြင်းမှာ ဥနဲကျိုးပေါင်း အစွမ်းဟု နောင်မှ သိရပါသည်။

ထို ပါးစပ်ရာဇဝင်များကြောင့် ဥနဲကျိုးပေါင်းကို ဥနဲပင် မြင်တိုင်း ကြည့်မိရာ ယခုပင် တွေ့ရှိခဲ့ပါပြီ။ ဥနဲကျိုးပေါင်းအကြောင်း စိတ်ဝင်စားသူများ သိရှိသူများ သတိထား ကြည့်ပါလျှင် မော်ဘီမြို့တွင် ဥနဲပင် အလွန်ပေါများပါသည်။ **သဲအင်းဂူ ဆရာတော်ကြီး ရဟန်းတရား ရရှိသောနေရာမှာ ဥနဲပင်အောက်** ဖြစ်ပါသည်။ ထိုဥနဲပင်ကြီးကို ယနေ့တိုင် တွေ့မြင်နိုင်ပါသည်။

ကျွန်ုပ်၏ ထူးခြားမှုတစ်ခုမှာ ဥနဲကျိုးပေါင်း ဖြတ်ယူနေစဉ် အချိန်တွင် မျက်နှာစိမ်း (မမြင်မတွေ့ဘူးသူ)ကျွန်ုပ်ကို ဈေးရှိ ခွေးများ ဟောင်ခြင်း၊ ရပ်ကွက်နေသူများ၊ လမ်းသွားလမ်းလာများ လှည့်ကြည့်ခြင်း၊ မေးစမ်းခြင်း၊ စပ်စု ခြင်း၊ စောင့်ကြည့်ခြင်းများ မရှိခြင်းသည် ဥနဲကျိုးပေါင်း၏ အစွမ်းကြောင့် ပင်လား ပြောရမည်ဖြစ်သည်။

သို့မဟုတ်ပါက ကလေးသူခိုးအထင်ဖြင့် အဆွဲခံရလျှင် အလျှောက်ကောင်းသော်မှ နှစ်ချက်လောက်တော့ အထောင်းခံရမည်မှာ သေချာပါသည်။

**ဇော်မင်းအောင်**



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော်က မြွေလမ္ဘာယ်နှင့် မြွေဖမ်းဆီးရေးအဖွဲ့တွင် ခေါင်းဆောင်ပိုင်းမှ ပါဝင်ခဲ့ပါသည်။

စာရေးသူတို့၏အဖွဲ့မှာ (၃)ဖွဲ့ခွဲပြီး မြွေများကို ဖမ်းဆီးကြပါသည်။ ရရှိလာသော မြွေများကို ဆေးဝါးထုတ်လုပ်ရေး(ဘီပီအိုင်)သို့ ပို့ခြင်း၊ အချို့မြွေများ မျက်လှည့်ဆရာ၊ မြွေလမ္ဘာယ်ဆရာ၊ ဆေးကြော်ငြာ စသည့် ဆရာများကို ပြန်လည်ရောင်းချခြင်း ဖြစ်ပါသည်။

ပထမအဖွဲ့ကို **နဂါးမရှောင် ဆရာဆောင်**မှ ဦးဆောင်ပြီး သာယာဝတီ၊ သုံးဆယ် စသည့် ဒေသနယ်မြေများသို့ သွားရောက်ဖမ်းဆီးပါသည်။

ဒုတိယအဖွဲ့ကို **မြွေဆရာကြီးဦးစိုးမြင့်မှ** ဘိုကလေး၊ မော်ကျွန်း၊ လပွတ္တာလုတ်ကြီး စသည့် နယ်မြေများသို့ သွားရောက် ဖမ်းဆီးပါသည်။

**စာရေးသူမှ** ရမည်းသင်း၊ မိတ္ထီလာ၊ ကျောက်ဆည် စသည့် ဒေသနယ်မြေများသို့ သွားရောက်ဖမ်းဆီးပါသည်။

ဤအလုပ်သည် အလွန်ပင် အန္တရာယ်များကြောင်း၊ ရန်များကြောင်းကို အထူးဖော်ပြဖို့ မလိုတော့ပါ။

စာရေးသူသည် သတ်မှတ်ထားသော ခရီးစဉ်ကို အစမှအဆုံးတိုင် သွားရောက်နိုင်သော်လည်း ကျန်အဖွဲ့နှစ်ဖွဲ့မှာ သူတို့ သတ်မှတ်ထားသော ခရီးစဉ်ကို အဆုံးတိုင် မရောက်ကြ။ အတိုက်အခိုက်၊ အနှောင့်အယှက်၊ အဖျက်အဆီးများနှင့် ရင်ဆိုင်တွေ့ကြုံရပြီး အချို့နေရာဒေသတို့တွင် အသက်လုပြီး ပြေးခဲ့ရကြောင်း သိရသည်။

စာရေးသူသည်လည်း ထိုသူများကဲ့သို့ပင် အတိုက်အခိုက်၊ အနှောင့်အယှက်၊ အဖျက်အဆီးများနှင့် ရင်ဆိုင်တွေ့ကြုံရပါသည်။ တော်တော်များများ ရင်ဆိုင်တွေ့ကြုံရပါသည်။

စာရေးသူ မမြင်ဘူး၊ မကြားဘူးသော ထူးထူးဆန်းဆန်း တိုက်ခိုက်ခြင်းမျိုးလည်း ခံရပါသည်။ သို့သော် စာရေးသူမှာ မပြေးခဲ့ရ။ တွေ့ကြုံလာသော အနှောင့်အယှက်၊ အဖျက်အဆီး အားလုံးတို့ကို ကျော်လွှားနိုင်ခဲ့သည်။

# တန်ပြန် (အကျော်ပြန်)

ဂါထာတော်ကြီး

ဝိဇ္ဇာမဟာဂီတ္တ ဆရာဦးသန်းမြင့် (တိုင်းရင်းဆေး)




စာရေးသူထိုကဲ့သို့ မြွေများကို ဖမ်းဆီးပြီး အသ... ဝမ်းကျောင်း ပြုနေသည်ကို **မ/ဦးက္ကလာပ၊ စ/ရပ်...** **သန္တာ(၃)လမ်းမှ အဘဆရာကြီး ဦးအော...** စာရေးသူအား သမ္မာအာဇီဝဖြင့်သာ အသက်မွေး... ထိုအလုပ်ကို ဆက်ပြီး မလုပ်ရန် ဆုံးမြဩဝါ... စာရေးသူမှ မိရွယ်ဖရွယ် သက်ကြီးရွယ်အို ဆရာ... ကြီး၏ စကားကို မပယ်ရှားဘဲ နားထောင်... ဖမ်းဆီးခြင်း အလုပ်ကို စွန့်လွှတ်လိုက်တော့...

စာရေးသူတို့မိသားစု စားဝတ်နေရေးအတွက်... တော်မှ ပေးထားသော ဆေးလက်မှတ် ... ကုန်ဝယ်စာအုပ်ဖြင့် ပရဆေးများ ဝယ်ယူပြီး ...

www.burmeseclassic.com

www.burmeseclassic.com



မြန်မာဆေးဖြင့် စားဝတ်နေရေးကို ဆေးဆရာတစ်ဦး အဖြစ် ရပ်တည်လိုက်တော့သည်။

ထိုသို့ ကောင်းမွန်စွာ နေလာသော အချိန်မှာပင် စာရေးသူနှင့် တစ်လမ်းတည်းနေ အတူနေဆရာအချို့တို့မှ စာရေးသူအား အထင်မှား အမြင်မှားဖြင့် အုပ်စုလိုက် ဝိုင်းဝန်းတိုက်ခိုက်ကြပြန်သည်။

စာရေးသူအား အောက်လမ်းဆရာဟူ၍ လည်းကောင်း၊ အောက်လမ်းဝိဇ္ဇာ ဟူ၍လည်းကောင်း ကင်ပွန်းတပ်ပြီး တိုက်ခိုက်ကြတော့သည်။

စာရေးသူ သိတာလည်း ရှိသကဲ့သို့ မသိတာလည်း ရှိပါသည်။ စာရေးသူနှင့် ရင်းနှီးရာ ရင်းနှီးကြောင်း မိတ်ဆွေများနှင့် တပည့်အချို့တို့မှ လာရောက် ပြောကြား၍ သိရပါသည်။

နောက်ဆုံးတွင် ထိုဆရာအုပ်စုမှာ ဖရိုဖရဲနှင့် ပြိုကွဲသွားပါတော့သည်။ အချို့လည်း နေအိမ်ကို ရောင်းချသွားပါသည်။ အချို့လည်း မိသားစုများ အကွဲကွဲအပြားပြား ဖြစ်ကုန်ကြသည်။

အချို့လည်း စီးပွားပျက်ပြီး အိမ်ကြိုအိမ်ကြား မြောင်းကြိုမြောင်းကြားတို့တွင် ကန်စွန်းရွက်ခူးပြီး ရောင်းချစားသောက်ရသည်။ အချို့လည်း စာရေးသူအား လာရောက်တောင်းပန်ကြသည်။ စာရေးသူကား ဘာမှ မသိရပါ။

စာရေးသူ ထိုကဲ့သို့ ရှည်ရှည်ဝေးဝေး တင်ပြနေခြင်းမှာ ကိုယ်ရည်သွေးနေခြင်း မဟုတ်ပါ။ စာရေးသူ ဖော်ပြသည့် **တန်ပြန်(ဒဏ်ပြန်)ဂါထာတော်ကြီး**ကို ယုံကြည်စိတ်ချစေရန် စာရေးသူ၏ အတွေ့အကြုံကို တင်ပြခြင်းသာ ဖြစ်ပါသည်။

စာရေးသူသည်လည်း အိုတိအိုမအရွယ်သို့ ရောက်ရှိနေပြီဖြစ်၍ ပညာကို သေရွာသို့ မယူလိုသော ဆန္ဒဖြင့်လည်းကောင်း၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များလည်း ပညာဗဟုသုတတိုးပွားစေရန် လည်းကောင်း... စာရေးသူ တစ်ချိန်က အားကိုးအားထားဖြစ်သော တန်ပြန်(ဒဏ်ပြန်)ဂါထာတော်ကြီးကို ဖော်ပြလိုက်ပါသည်။

---

တန်ပြန်(ဒဏ်ပြန်)ဂါထာတော်ကြီး

---

ဥုံ ကပ်ကမ္ဘာပေါ်ဦးစွာက ပူစာလော်ပီးမှုရှိန်ကြီး ဣ
မြင်းမိုရ်တောင်လုံးမှုမှုပြန်း ဣ
အသည်းကျောက်ဖျာ လွှားလွှားကွာ ဣ
ဘုရားလေးဆူ နိဗ္ဗာန်ယူ ဣ
စန္ဒာလမင်း စင်းစင်းသေ ဣ
ခန္ဓာအပေါင်း ပွပွပျောင်း ဣ
မကောင်းဘေးဒဏ် သဒ္ဒါလုံ ဣ
ကြမ္မာမကောင်း ရန်အပေါင်းလည်း ထောင်းမျက်ကြေ
စင်းစင်းသေ ဣ

သေလည်း ဆရာသေ၊ ကျေလည်းဆရာကျေ၊ အသည်းပြောင်းပြန်လန်အောင်ကွဲလည်း ဆရာကွဲ၊ ကျေလည်း ဆရာကျေ၊ ပြေးလည်း ဆရာပြေး၊ သေလည်းဆရာသေ၊

ဥုံ... နင့်ဆရာကား ငါတကား တောင်ကြီး(၇)လုံး ဖြုံးဖြုံးပြို၏။ ကောင်းကင်ပြင်မှာ စန္ဒာလမင်း စင်းစင်းသေ၏။ သမုဒ္ဒရာမြစ်ဂင်္ဂါလည်း ချာချာလည်၏။ မြေကြီးအထဲ သလဲကျောက်ဖျာ ရွရွကွာ၏။ ဥုံ...ဖဟိ ဖဟိ အာဖဟိ သွာဟ'

ညအိပ်ရာဝင် (၉)အုပ်၊ နံနက်အိပ်ရာထ (၉)အုပ် ရွတ်ပါ၊ ကျန်အချိန်များလည်း ရွတ်နိုင်လျှင် ကောင်းပါသည်။

သူတစ်ပါး မကောင်းမကြံနိုင်ပါ၊ စုန်း၊ နတ်၊ ပယောဂ ဟူသမျှ ရေမန်းတိုက် ပျောက်ကင်း၏။ အသုံးကား ကျယ်ဝန်းလှပါသည်။ **"ဣ"(၈)ချက်ဂါထာ** ဟူ၍လည်း ခေါ်ပါသည်။

***ဆင်းရဲကင်းပျောက် ချမ်းသာရောက်ကြပါစေ။***

**ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်(*တိုင်းရင်းဆေး*)**




www.burmeseclassic.com

www.burmeseclassic.com

(၁၂)လရာသီ နက္ခတ်ဓာတ်စာ
(2017-October လအတွက်)






# သီတင်းကျွတ်လ

## တူရာသီ (Libra)

# နက္ခတ်ဓာတ်စာ

### ဆောင်ရန်ရှောင်ရန် ဆေးဖက်ဝင် အစားအစာများ





မြန်မာ့ဆယ်နှစ်လရာသီခွင်မှာ မိုးအကုန် ဆောင်းဦး အစ ပထမလရာသီချိန်ခါ တူရာသီ(Libra)ကို ဝါလကင်းလွတ် သီတင်းကျွတ်လဟု ဆိုစမှတ်ပြုကြပြီး **''သီတင်းကျွတ်လတွင် ပလ္လင်ဆေးမိုး ရွာသွန်းဖြိုး''** ဆိုသည့် တောင်သူဦးကြီးများ ရိုးရာ မိုးလေဝသ မှတ်သားဖွယ်ရာ လင်္ကာမှတ်တမ်းအရ...

သီတင်းကျွတ်လရာသီ အခါသမယတွင် မိုးလေဝသကင်းစင်ပြီး သာသာယာယာရှိလှသည့် သဘာဝဖြစ်ပြီး အကယ်၍ မိုးရွာခဲ့လျှင်တောင်မှ ဘုရားဆွမ်းတော်ကပ်သည့် သင်ပုတ်ပလ္လင်တော်ကို နောက်ဆုံး သန့်စင်ဆေးကြောသည့် အနေနှင့် နှုတ်ဆက်ရွာသွန်းသည့် မိုးဟု ဆိုစမှတ်ပြုကြပါသည်။

**မြန်မာ့ပညာရှင် ကင်းဝန်မင်းကြီးက...**

'သီတင်းကျွတ်ပြီ တူရာသီ အဿဝနီ ရှိန်ဝါထွန်းပြီး ကြာမျိုးလဲစုံ မီးမြင်းမိုရ် ဗဟိုအချာထွန်း'

ဟု သံပေါက်စပ်ဆိုထားခဲ့သလို ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာပုဏ္ဍရိက်၊ ကြာပဒုမ္မာ စသည့် ကြာမျိုးငါးပါးတို့သည် တူရာသီ(Libra) သီတင်းကျွတ်လ၏ ရာသီပန်းများ ဖြစ်ကြပါသည်။

ကောင်းကင်မှာ အဿဝနီနက္ခတ် စန်းယှဉ် ထွန်းလင်းနေပြီး ရာသီပွဲတော်အားဖြင့် မီးမြင်းမိုရ်ပွဲ ဆီမီးပူဇော် မီးထွန်းပွဲတော် ကျင်းပကြပါသည်။

တူရာသီ သီတင်းကျွတ်လသည် (၁၂)လရာသီခွင်တွင် မူလ ဝါယောအိမ် ရာသီခွင်ဖြစ်၍ မိုး[illegible] ဆောင်းဦးကာလအဝင် စပ်ကူးမတ်ကူး ဝါ[illegible] မြူးပြီး ဝေဖောဓာတ် ပျက်တတ်ခြင်းကြော[illegible]

တူရာသီတွင် ပါစက ဝမ်းမီးဓာတ် အားနည်း[illegible] စေတတ်သော သဘာဝဖြစ်၍ **အပူအစပ် အ[illegible] နှင့် အရက်သေစာ သောက်စားသူများ [illegible] တိုးပွားကြစေနိုင်ပါသည်။**

**[သွေးတိုးရောဂါ၊ အဆစ်ရောင်၊ [illegible] ရောဂါရှင်များ သတိပြုရပါမည်။]**

ချွေးစေးထွက်ပြီး ခြေလက်အေးစက် တ[illegible]



www.burmeseclassic.com

www.burmeseclassic.com

များနာရင်ကျပ် သလိပ်ကပ် အအေးပတ် နှာစေးတတ်သည့် ရာသီဖြစ်ပါသည်။ အကြောအဆစ် နာကျင်တတ်ကြပါသည်။

သို့ဖြစ်၍ တူရာသီမှာ အနာရောဂါ ကင်းရှင်းကြစေရန်...

## ရှောင်ရန် အစားအစာများ

ပါစကာဝမ်းမီးကို ဆန့်ကျင် အားနည်းစေတတ်သော ကြော်ခဲသည့် အစားအစာများ၊ အပူအစပ်၊ လက်ဆုပ်ချဉ်နှင့် အပုပ်ခံပြုလုပ်ထားသည့် အစားအစာများကို အထူးရှောင်ပါ။

ဘဲသား၊ ဘဲဥ၊ ကျွဲသား၊ ကျွဲနို့၊ တညင်းသီး၊ ဘောပတ်ထမင်း၊ နို့ထမင်း၊ ကောက်ညှင်း များများစားခြင်း၊ ငါးပိကောင်၊ ငါးပိတစ်၊ ပဲငါးပိ၊ ပဲပုတ်၊ ဆီတိုဟူး၊ ချဉ်ပုပ်ရွက်၊ ရှမ်းနံနံ၊ ထမနဲ၊ ဆီထမင်း၊ လေ့ဘ်စာ၊ ငါးသတ္တာ၊ ဝက်အူချောင်းကဲ့သို့သော အစားအစာများကို ရှောင်ကြဉ်ပါ။

## ကျန်းမာရေးအတွက် အကျိုးပြု ဆေးဖက်ဝင် ဓာတ်စာ စားသုံးသင့်သည့် အစားအစာများ

**သီးအရွက်အနေဖြင့်...**

ဥသျှစ်ရွက်၊ ရဲယိုရွက်၊ ပုစွန်စာရွက်၊ ကြိတ်မှန်ရွက်၊ ကန်စွန်းရွက်၊ ကန့်ချုပ်နီ၊ ပေါက်ပန်းဖြူအရွက်,အပွင့်၊ ကျည်းရွက်၊ မန်ကျည်းသီး၊ လဲလူရွက်၊ ပဲကတ္တီပါ၊ ဘောပတ်၊ ကုလားပဲ၊ ပဲလိပ်ပြာ၊ ပဲနီလေး(ပဲရာဇာ)...

ပန်းဂေါ်ဖီ၊ မုန်ညင်းစိမ်း၊ မုန်လာရွက်၊ ဟင်းဂလာ၊ သီး၊ ဘူးညွှန့်၊ ဂေါ်ရခါးသီးအညွှန့်၊ သခွားသီး၊ ကြက်ကင်းဥ၊ ပတဲကော...

သဘောသီးအစိမ်း၊ ရွှေဖရုံသီး၊ ရွှေဖရုံပွင့်၊ ခဝဲသီး စသည်တို့ကို စားသုံးနိုင်ပါသည်။

**အသားငါးအနေဖြင့်...**

ငါးကျည်း၊ ငါးရံ့၊ ငါးပတ်၊ ငါးဖယ်၊ ငါးသလဲထိုး၊ ငါးမြွေထိုး၊ နွားသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ငှက်သား၊ ဆတ်သား၊ ချိုးသား၊ စာကလေးသား၊ ကြက်...

ကဏန်း၊ ပုစွန်၊ ငါးမြင်း၊ ငါးတန်၊ ငါးကြင်း၊ ဆတ်သားခြောက်၊ ဆိတ်သားခြောက် စသည့် သားငါးများကို စားသုံးနိုင်ပါသည်။



## အချိုပွဲအတွက် စားသုံးရန် အသီးအနှံနှင့်ယိုများ

သဘောသီးမှည့်၊ တည်သီးမှည့်၊ ကတွတ်ယို၊ ဇီးယို၊ ရှောက်ယို၊ ဆီးပန်းသီး၊ သစ်တော်သီး၊ နဂါးမောက်သီး၊ ဖရဲသီး၊ သခွားမွှေး၊ ဆန်းကစ်သီး၊ ငှက်ပျောသီး...

ပန်းသီး၊ ပန်းသစ်တော်သီး၊ ကြက်မောက်သီး၊ အုန်းကြာဆံ၊ စပျစ်သီး၊ သီဟိုဠ်စေ့၊ ဇွေးချိုသီး၊ သီးသီး၊ သလဲသီး၊ သဖန်းချိုသီး၊ ကရေကရာ၊ မုန့်ကွဲသည်း စသည်တို့ကို စားသုံးနိုင်ပါသည်။

**အချဉ်သီးအနေဖြင့်...**

ရှောက်သီး၊ သံပရာသီး၊ မန်ကျည်းသီးမှည့်,စိမ်း၊ ပန်းသီး၊ ရှာလကာရည်၊ ဆန်ပုံးရည်၊ ပအုန်းရည်၊ သံပရာသီးသနပ်၊ ကြက်ပေါင်သီး...

သပြုသီး၊ ဇွေးချဉ်သီး စသည်တို့ကို လိုအပ်သလို အသုပ် ဟင်းပွဲတို့တွင် ထည့်သွင်း စားသုံးပေးနိုင်ပါသည်။

## အထူးသဖြင့်

ဤတူရာသီ သီတင်းကျွတ်အခါသမယတွင် **ဖျားနာ၍ နှုတ်ခံတွင်းမလိုက်ဖြစ်နေသော နာလန်ထစလူများအတွက်...**



www.burmeseclassic.com

www.burmeseclassic.com



နေမွန်းတည့်ချိန်တွင် ရှောက်သီးကို ပုစွန်တုပ် ပီးဖုတ်နှင့် ငရုတ်စိမ်းနိုင်နိုင်နှင့် ချဉ်ငံစပ်၊ မွှေး စပါးလင် ပါးပါးလေးလှီးထည့်၍ သုပ်ပြီး…

ဒန့်သလွန်ရွက် ဟင်းခါးလေးဖြင့် တွဲဖက်ပြီး ဓာတ်ပွင့်၊ အခိုးပွင့်၊ ဓာတ်စာကျွေးပေးခြင်းဖြင့် ကျန်းမာ၍ နှုတ်ခံတွင်း အရသာပေါ်လွင်လာပြီး အမြန်အားပြည့်လာပါလိမ့်မည်။

**ပါစကဝမ်းမီးဓာတ် အားနည်းနေသူများအတွက်…**

**လင်းနေမြစ်ကို ကွမ်းရွက်(၃)ထပ်** ကတော့ချွန်လုပ်ပြီး ဆားမီးဖုတ် လုပ်ထားသည့် ဆားမီးဖုတ်နှင့်တွဲပြီး တစ်နေ့(၂)ကြိမ်၊ မန်ကျည်း(၃)စေ့ခန့် ရေနွေးဖြင့် တိုက်ပါက ဝမ်းမီး ပြန်လည်အားကောင်းပါလိမ့်မည်။

---

မိသားစု ထမင်းဝိုင်းအတွက်

---

ဆေးဖက်ဝင်ဓာတ်စာ ဟင်းစပ်အတွဲများ

---

[၇-ရက်(၁)ပတ်စာ ဟင်းပွဲများ]

---

**၁။ငါးကျည်းခြောက် ခရမ်းချဉ်သီးအုပ်ချက် ဆီပြန်ဟင်း**

- ❖ ကန့်ချုပ်နီဟင်းခါး၊
- ❖ ငှက်ပျောဖူး ပုစွန်ခြောက်ကြော်၊
- ❖ ပုစွန်ငါးပိ သံပရာသီး အချဉ်သုပ်၊

**၂။ငါးမြင်းသား,သပြုသီး အချဉ်ဆီပြန်ဟင်း**

- ❖ ပုစွန်ခြောက် ဗာလချောင်ကြော်၊
- ❖ မြင်းခွာရွက် သံပရာအချဉ်ဆမ်းသုပ်၊
- ❖ ချဉ်ပေါင်မှန်ရောင်ဟင်းချို၊

**၃။ငါးခူစဉ်းကော ရဲယိုရွက်ကြော်**

- ❖ ပုစွန်ချဉ်သုပ်(နံနံပင်နှင့် ငရုတ်စိမ်းအုပ်)
- ❖ ငါးပိလိမ္မာချက်၊
- ❖ ဆီးဖြူသီးထောင်း၊

**၄။ဝက်သားသစ်တိုသီးချက်**

- ❖ လဲလူရွက်ဟင်းချို၊
- ❖ ခရမ်းသီးမီးအုံးသုပ်၊
- ❖ ခံတက်ချဉ်နှင့် ငါးပိရည်ကျို၊

**၅။ငါးဖယ်ရှမ်းငါးပေါင်းနှပ် *(အုန်းနို့ နည်းနည်းထည့်…***

- ❖ မန်ကျည်းရွက်ဟင်းချို၊
- ❖ ချဉ်ပေါင်,ပုစွန်ကျော့နိုင်းချင်းကြော်၊
- ❖ ရုံးပတီသီး,အာလူး ရခိုင်ချက်

**၆။ပုစွန်ငရုတ်စိမ်း ချဉ်စပ်ဟင်း**

- ❖ ဆိတ်သားဗာလချောင်ကြော်
- ❖ မဲဇလီဟင်းချို၊
- ❖ ကျောက်ပွင့်သုပ်၊

**၇။ကြက်သားကာလသားချက်**

- ❖ ရှောက်သီးသုပ်*(ပုစွန်,ငရုတ်စိမ်း,စပါးလင်ထည့်…)*
- ❖ မြင်းခွာရွက်ဟင်းခါး၊
- ❖ ပုစွန်ခြောက်ဗာလချောင်ကြော်၊

ယခုတင်ပြခဲ့သည့်(၇)ရက်တစ်ပတ်စာ ဟင်းစပ်အတွဲများသည် တူရာသီ**(Libra)** သီတင်းကျွတ်လ … သမယနှင့် သင့်လျော်သည့် ရိုးရာတိုင်းရင်းဆေး… အမြင်နှင့် အပူ၊ အအေး၊ အချုပ်၊ အသက်၊ … အာကာသဓာတ် စသော သဘောတရား … ဓာတ်စာ ဆေးပညာဖြင့် ချင့်ချိန်၍…

ဆေးဖက်ဝင် ရောဂါပျောက် နှုတ်မြိန်စား… ဆေးဓာတ်စာ ဟင်းလျာများအဖြစ် သက်ရောက်… စေတနာဖြင့် တွဲစပ်စီမံပေးထားသည့် **"ဓာတ်… ဟင်းလျာ"**များဖြစ်ပါသည်။

***စားသမျှ ဆေးဖက်ဝင်၍ ကျန်းမာကြပါစေ…***


**ဆရာ မင်းချမ်းသာ**



www.burmeseclassic.com

# ကွင်းထိုးနေသော ဒိုးမင်း

ဂမ္ဘီရ ဇော်ရန်နိုင်
(ကလေးဝ)



ကျွန်တော်တို့ မြန်မာလူမျိုး အသီးသီး၏ရင်ထဲတွင်ကိန်းအောင်းနေသော အယူအဆများသည် အရမ်းကာရော မှတ်ယူထားကြသည် မဟုတ်။

ထူးခြား ဆန်းပြားသော အကြောင်းအရာများ၏ ကိုယ်တွေ့ဖြစ်ရပ်မှန် ကြောင်းချင်းရာများမှ တစ်ဆင့် ဆင်းသက်လာခဲ့ခြင်းများ ရှိပါသည်။

ရှေးဂမ္ဘီရပညာရှင်ကြီးများ၏ ဂမ္ဘီရပညာများမှတစ်ဆင့် လူထုအတွင်း စီးဝင်နေသော မှတ်သားနာယူဖွယ် ကြောင်းချင်းရာ အစိတ်ပိုင်း အသီးသီးသာလျှင် ဖြစ်ပါသည်။

ယခုဖော်ပြသော ဒိုးတောင့်သည် ဖြစ်ပေါ်ခဲ့သော အမြုတေပစ္စည်း ဆိုလျှင် မမှားပေ။ သဘာဝလွန် ပုံသဏ္ဍာန် ထူးခြားဆန်းပြားကာဖြင့် ဓာပေလောကတွင် တွေ့မြင်ရသော နွယ်ကွင်းထိုး၊ သစ်ကွင်းထိုး၊ ငါးကွင်းထိုးဆိုတာမျိုးလို ကွင်းထိုးနေသော ဒိုးတောင့်တစ်ခု ဖြစ်ပါသည်။

ရှေးလူကြီးသူများ၏ ဆိုရိုးစကားရှိသလို မိမိနေထိုင်သော နေအိမ်ကို ချမ်းသာကြွယ်ဝစေဖို့ ဒိုးတောင့် ချိတ်ဆွဲကြဟု မှတ်သားဖူးပါ၏။

ယခု ဒိုးတောင့်သည် လောင်မီး ကွင်းစေခြင်း၊ ကွင်းထိုးနေသော ကြောင့်အမြုတေဓာတ်ကိန်းအောင်း နေခြင်းတို့ဖြင့် အလွန် အကျိုးထူးသော စွမ်းရည်များရှိသည့်အတွက် ရေးသားဖော်ပြလိုက်ပါသည်။

ဒိုးပင်သည် အပင်ကြီးမျိုးဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

နွယ်ဆန်သော အသီးများ စုဖွဲ့၍ သီးသောအပင်ဖြစ်ပြီး တောတောင် အတွင်းများတွင်သာလျှင် တွေ့မြင်ရသော အမျိုးအစားဖြစ်ပါသည်။

တချို့ ကျေးရွာအနီးများတွင်လည်း တွေ့မြင်ကြရပါသည်။ မြန်မာ့ ဆေးဖက်ဝင်အပင်မျိုးလည်း ဖြစ်ပါသည်။ အနာအဖုအကျိတ်များကို ဒိုးဆန်သွေးလိမ်းခြင်းဖြင့် ပျောက်ကင်းနိုင်စေပါသည်။

အပင်မှ အသီးသီးလျှင် နွယ်ဆန်သောအတောင့်များ အိမ်ဖွဲ့၍ တစ်ကန့်စီ အိမ်ဖွဲ့သီးသော အပင်မျိုးဖြစ်ပါသည်။ ဒိုးနွယ်ဆီသည် အလွန်ရှားပါးသော ပရဆေးဖက်ဝင်ပစ္စည်းဖြစ်ပေသည်။

ဒိုးတောင့်၏ အသုံးဝင်ပုံများစွာသည် မြန်မာ့တိုင်းရင်းဆေးနယ်ပယ်တွင် အထင်အရှားရှိပါသည်။

ယခုဖော်ပြသော ဒိုးတောင့်သည် ရှားပါးစွာ ကွင်းထိုးပြီး "ဝ"ကွင်းနေပါသည်။ တစ်နည်းဆိုရလျှင် ဂမ္ဘီရအမြုတေဓာတ်ရှိသော ဂမ္ဘီရနွယ်ကွင်းထိုး ဒိုးမင်းတစ်ခုဖြစ်ပါသည်။

၎င်းကွင်းထိုးသော ဒိုးတောင့်ကို တော့ဖြင့် ကျွန်တော်တို့အစ်ကိုကြီးတစ်မျှ ရင်းနှီးခင်မင်သော ဦးသန်းဆွေ(စာရင်းစစ်မှူး)ဆီက ရရှိခဲ့ပါသည်။

သူ၏လက်ဝယ်တွင် (၁၅)နှစ်ခန့် ထိန်းသိမ်းထားရှိခဲ့သော ပစ္စည်းဖြစ်ကြောင်းလည်း သိရှိရပါသည်။

ကျွန်တော်တောင်းခံစဉ် သေချာကျနစွာ ထိန်းသိမ်းပါမည်ဟု ကတိအတန်တန်ခွေ့မှ ပေးအပ်ခဲ့ပါသည်။

စာရေးသူလည်း ရရှိပြီးခြင်းဆိုတာလို သန့်စင် ရေဆေး အမြုတေဓာတ်ကို အဖြူရောင်ဆေးခြယ် ရွှေရောင်ဆေးဖြင့် အနားကွပ်ပြီး နေအိမ်ဘုရားခန်းတွင် အမွန်အမြတ် ချိတ်ဆွဲထားရှိခဲ့ပါသည်။

အကြောင်း တိုက်ဆိုင်ခဲ့လျှင် စာရေးသားဖော်ပြရန် ရည်မှန်းထား ပြီး ကျွန်တော့်ထက် ပိုသိနားလည် ကြသူများရှိပါကလည်း နက္ခ ရောင်ခြည်မဂ္ဂဇင်းမှ ရေးသားဖေ ကြရန် စာရေးသူမှ ဖိတ်ခေါ်အပ် ပါသည်။

**[ယခုဖော်ပြခဲ့သော ဒိုးတောင့်ကို မေတ္တာရ ပေးအပ်ခဲ့သော အစ်ကိုကြီး ဦးသန်းဆွေ (စာရင်းစစ်မှူး)အား ဂါရဝပြုအပ်ပါသည်။**

***သတ္တဝါများ ချမ်းသာပွားစေဗျ***

**ဂမ္ဘီရ စောရန်နိုင်**
***(ကလေးဝ)***

---

စာမျက်နှာ (၁၇၉)မှ အဆက်

ကျွန်မတော့ အမဲခြောက်တို့ ထမင်းကြမ်းနဲ့ဆားနဲ့ ကြိတ်ပြီး အံ့တာတို့တောင် မပျောက်ဘူး'

'စမ်းကြည့်စမ်းပါဗျာ၊ ကြက်သွန်နီဥတစ်လုံး ဘယ်လောက်မှ တန်ဖိုး မရှိပါဘူး'

မလုပ်ဘူး။ လုပ်မယ်တော့ ပြောမသွားဘူး ခဏနေပြီး ပြန်သွားသည်။ ငွေကုန်ကြေးကျ သက်သာမည့်နည်းဆိုတော့ နည်းနည်းတော့ စိတ်ဝင်စားပုံရသည်။

မကြာပါ၊ (၂)ရက်မြောက်နေ့ကျတော့ ဒေါ်ချိုတီ ပလတ်စတစ် အထုပ်ကလေးဖြင့် ရောက်လာသည်။

'ဆရာရေ… ဆရာ့ဆေးနည်းက ကောင်းလိုက်တာ (၂)ရက်ပဲ စည်းလိုက်ရတယ်။ ကန္တာစိမ်းဆူး အလို လိုထွက်လာတာ ဟောဒီမှာကြည့်'

ဟုတ်ပါသည်။ စာရေးသူ အသေအချာကြည့်မိသည် **ဆူးက စပါးစေ့ တစ်စေ့ခန့် ရှိသည်။**

သူခံစားနေရသည့် ဝေဒနာ ပျောက်ကင်းသွား၍ ဝမ်းသာသလို စာရေးသူလည်း ဝမ်းသာမိပါသည်။

သို့ကြောင့် ထိုနည်းတူ **ကန္တာစိမ်းဆူးများ စူးခဲ့လျှင် ကြက်သွန်နီကို မမေ့ပါနှင့်လို့** စေတနာထား၍ သား တင်ပြလိုက်ပါသည်။

**မှတ်ချက်။ ။ ကန္တာစိမ်းဆူး စူးခဲ့လျှင် တွင် အဆင်မသင့်က အန္တရာယ် ဖြစ်တတ်သည်။**

**ချစ်ပိုင်(မလွန်)**






www.burmeseclassic.com

www.burmeseclassic.com

# ကန္တာရစိမ်းဆူး

အလွယ်တကူ ထွက်အောင်

ချစ်ပိုင် (မလွန်)



အငြိမ်းစားဆိုပေမယ့် အငြိမ်း မစားနိုင်တဲ့ မလွန်(က.စ.စ ၁၇)မှ ဒေါ်ချိုတီ။ ပင်ကိုမိရိုးဖလာက တောင်သူမျိုးနွယ်စု ဆိုတော့ တောင်သူလုပ်ငန်းကို မပစ်ပယ်နိုင်။

ဒါကြောင့် တောင်သူတစ်ဖက်၊ ဝန်ထမ်းတစ်ဖက် လုပ်ကိုင်လာခဲ့ရာမှ ယခုတော့ ဝန်ထမ်းလုပ်သက်၊ သက်ပြည့်ဖြင့် ပင်စင်(အငြိမ်းစား) ရနေပြီ။

သို့သော်လည်း အစိုးရဝန်ထမ်း အလုပ်သာ အငြိမ်းစားရသည်။ တောင်သူလုပ်ငန်းက မစွန့်လွှတ်နိုင်တော့ အငြိမ်မနေရ။

နိစ္စဓူဝ နေ့နေ့ညညဆိုသလို ယာထဲကိုင်းထဲ အလုပ်လုပ်ရန် သွားရသည်။ လောဘသားဆိုတော့လည်း လောဘသံပတ် ရှည်သမျှ လှုပ်ရှားနေရဦးမည်မှာ ဓမ္မတာ။

ထိုအခါ ယာကိုင်း မိမိပိုင်နယ်မြေစည်းရိုးမှ မလိုအပ်သော အပင်များကိုလည်း နပန်းသတ် (ပိုင်းဖြတ်) ခြင်းများ ပြုလုပ်ရသည်။

သည်အထဲ ကန္တာစိမ်းဆူးပင်များလည်း ရှိသည်။ ဒေါ်ချိုတီ၏ အမျိုးသားရှေ့မှ ထယ်ရေးထွန်ရေးငင်သမျှ ထွန်တုံးနှင့် တိုက်ပါလာသော အမြိုက်များကို လိုက်ခံကောက်ယူရှင်းလင်းရသည်က ဒေါ်ချိုတီ အလုပ်ဖြစ်သည်။

* * *

စာရေးသူအိမ်နှင့် ဒေါ်ချိုတီအိမ်က တစ်လမ်းနှင့် တစ်အိမ်သာခြားသည်၊ ခင်မင်ရင်းနှီးမှုလည်း ရှိကြသည်။ တစ်နေ့တော့ ဒေါ်ချိုတီအိမ် အလည်ရောက်လာသည်။

လက်ကလေး တစ်ဖက်ကို ရင်ခေါင်းဝ မရောက်တရောက် ကျန်သည့် လက်တစ်ဖက်ဖြင့် မ,တင်ထားသည်။

မ,တင်ခြင်းခံရသော လက်ကို ကြည့်လိုက်တော့ လက်သူကြွယ်လေးတစ်ချောင်းက (ဒုတိယအဆစ်) ကွေးနေသည်။

စာရေးသူမှ မေးကြည့်သောအခါ ဒေါ်ချိုတီမှ...

'အမြိုက်ကောက်တာ အမြိုက်ကလဲ မြေစာမြက်ပုံပါ'

'အခု ဘာလုပ်ထားသလဲ'

'ဆေးတော့ထိုးတာပဲ ဒါပေမယ့် အကိုက်အခဲပျောက်တာပဲ ရှိတယ်၊ လက်ချောင်းက ဆန့်မရဘူး။ (၅) ရက်လောက်တောင် ရှိနေပြီ'

-'ဒါဆို...ဒေါ်ချို ခင်ဗျား လက်မှာ ဆူးရှိလိမ့်မယ်'

'မရှိဘူး၊ ခဏခဏထွင်ကြည့်တာ မတွေ့ဘူး။ နောက်ပြီး ကျွန်မ ကောက်တဲ့အမြိုက်ပုံကလဲ မြေစာ မြက်ပုံရှင့် ဘာဆူးမှ မပါနိုင်ဘူး'

စာရေးသူ တစ်ချက်တွေးကြည့်လိုက်သည်။ ယာစည်းရိုး အနားသတ်မှ ကန္တာစိမ်းဆူး အမြိုက်ထဲမှာ ရောထွေးပါလာတာ မသိလိုက်လို့ ဖြစ်လိမ့်မည်။

'ဒါဆို... ဒီလိုလုပ်ကြည့်ပါလား။ ခင်ဗျား ပိုက်ဆံလဲ မကုန်ဘူး။ ဝေဒနာလဲ ပျောက်ရမယ်'

သူက ကော်တရာကပ်စေး ဆိုတော့ စကားပလ္လင် ခံထားရသေးသည်။

'လုပ်ပါဦး ဆရာရယ်...ပိုက်ဆံ မကုန်ဘဲ အကျိုးရှိတဲ့လုပ်ငန်းဆို သိပ်စိတ်ဝင်စားတာ'

'တခြားမဟုတ်ဘူး မီးဖိုချောင်သုံးဆေးပျား ကြက်သွန်နီကို အဖတ်လိုက် ခွာလိုက်ပါ၊ ခွာပြီး ရလာတဲ့ အဖတ်ကလေးတွေကို ဒဏ်ရာရတဲ့နေရာမှာ အုံပြီး အဝတ်စ သန့်သန့်နဲ့ စည်းပေးထားရုံပဲ'

ဒေါ်ချိုတီမှာ တွေတွေဝေဝေဖြစ်သွားပြီး...

'ဆရာရယ် ဟုတ်နိုင်ပါ့မလား။

 စာမျက်နှာ (၁[illegible]) သို့

www.burmeseclassic.com


www.burmeseclassic.com

စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။ * * *



ယခုလအတွက် **နံပါတ်(၁)**နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ **အသက်သုံးဆယ်ကျော်** အသားလတ်လတဆ် အမျိုးသားတစ်ဦး ဖြစ်ပါသည်။

**"စံသာမြင့်"**ဆိုသော နာမည်သုံးလုံးတွဲကို မြန်မာအက္ခရာစာလုံးဖြင့် လက်မှတ်ထိုးထားကြောင်း သိရပါသည်။

**ထိုးမြဲလက်မှတ် သင်္ကေတမှာ** ခွက်မှောက်သင်္ကေတ၊ အပြိုင်သင်္ကေတနှင့် ငှက်ပျံသင်္ကေတ စုပေါင်းထားသည်။ ငွေမပြခြင်း၊ အိမ်ထောင်ရေးရှုပ်ထွေးပြဿနာကြုံတတ်ခြင်း၊ ကိုယ်ရောစိတ်ပါ လှုပ်ရှားသွားလာ လုပ်ကိုင်နေရခြင်းမျိုး ဖြစ်တတ်သည်။

သူ၏မွေးသက္ကရာဇ်မှာ **မြန်မာလို ၁၃၄၆ ခုနှစ်၊ ဝါခေါင်လ၊ အင်္ဂါနေ့**ဖြစ်၍ မူလမဟာဘုတ်ခွင်နှင့် နာမက္ခရာတိုင်စဥ် ချကြည့်လျှင် အောက်ပါအတိုင်း တွေ့ရှိရသည်။

* * **[နံပါတ်-၁]*


အင်္ဂါ ပုတိဖွားဖြစ်သူကို အင်္ဂါအစ၊ သောကြာလယ်၊ ကြာသပတေးဆုံး နာမည်ပေးထားသဖြင့် **ပုတိ+အဓိပတိ+မရဏ=အနိဋ္ဌ+ဣဋ္ဌ+အနိဋ္ဌ** နာမည်ဖြစ်သည်။ နာမက္ခရာတိုင်စဥ် မှန်သော်



လည်း နာမည်ညံ့ဖြစ်၍ ထိုနာမည်သုံးလုံးတွဲ လက်မှတ်မထိုးသင့်ပါ။

မူလမဟာဘုတ်ခွင်တွင် အဓိပတိဌာနရှိ သောကြာနံစာလုံး **"သာ"** တစ်လုံးတည်းကိုသာ လက်မှတ် ရွေးထိုးသင့်ပါသည်။ အင်္ဂါ ပုတိဖွား ဖြစ်ပြီး ပြည်ပတွင် သွားရောက် လုပ်ကိုင်မည့်သူလည်းဖြစ်၍ အင်္ဂလိပ်စာလုံးဖြင့် လက်မှတ်ထိုးသင့်သည်။

* * *



အောက်ခြေ လုံးဝိုင်းပုံ ငွေအိတ်သင်္ကေတ ထည့်ပြီး လက်မှတ်အောက်က မျဉ်းမသား သင့်ပါ။

၂။ * * *



ယခုလအတွက် **နံပါတ်(၂)**နေရာ**တွင်** ဖော်ပြပေးလိုက်သော ထိုး[illegible] လက်မှတ်ပိုင်ရှင်မှာ အသက်သုံး[illegible] ငါးနှစ်ခန့် အသားလတ် ပိန်ပိန်[illegible] အမျိုးသမီးတစ်ဦး ဖြစ်ပါသ[illegible]

**"သီတာအေး"**ဆိုသော နာမည်သုံး[illegible] တွဲကို မြန်မာစာလုံးဖြင့် လက်မှ[illegible] ထားကြောင်း ပြောပြပါသည်။

**ထိုးမြဲလက်မှတ်ပုံသဏ္ဌာန်မှာ** [illegible] **မျက်နှာပုံ ခွက်မှောက်နှင့် ကြ[illegible] ကြက်ခြေခတ်ပါ၊ အပေါ်ပိ[illegible] လက်မှတ်ညွှန်ပါသည်။ ငွေ[illegible] အလုပ်တာဝန်ပိ၊ အနှောင့်အယှ[illegible] အခက်ကြုံ၊ အိမ်ထောင်ကွဲ ဖေ[illegible]**

| | အဓိပတိ | |
|---|---|---|
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

မူလမဟာဘုတ်ခွင်

နံပါတ်-၁

| ၁ | |
|---|---|
| ၀ | ၆ |
| ၅ | ၄ |
| ၃ | ၂ |

နာမက္ခ[illegible]



www.burmeseclassic.com

www.burmeseclassic.com

**ခြစ်တတ်ပါသည်။**

သူမ၏ မြန်မာလို မွေးသက္ကရာဇ်မှာ ၁၃၄၃ ခုနှစ်၊ **သီတင်းကျွတ်လ၊** သောကြာနေ့ဖြစ်၍ မူလမဟာဘုတ်ခွင်နှင့် နာမက္ခရတိုင်စဥ်တို့ ချကြည့်လျှင် အောက်ပါအတိုင်း တွေ့ရသည်။

* * **[နံပါတ်–၂]*

နံပါတ်–၂

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

မူလမဟာဘုတ်ခွင်

| | |
|---|---|
| ၅ | |
| ၄ | ၃ |
| ၂ | ၁ |
| ၀ | ၆ |


နာမက္ခရတိုင်

သောကြာ၊ ဘင်္ဂဖွားဖြစ်သူကို **သောကြာ+စနေ+တနင်္ဂနွေ = ဘင်္ဂ+ပုတိ+သိုက်=အနိဋ္ဌ+အနိဋ္ဌ+ဣဋ္ဌ** နာမည်ပေးထားသဖြင့် နာမည်ညံ့ပါသည်။ နာမက္ခရတိုင်စဥ်မှန်သော်လည်း နာမည်ညံ့သည်။

၎င်းနာမည်ညံ့မျိုးကို အပြည့်အစုံ လက်မှတ်တွဲ မထိုးသင့်ပါ။ သောကြာ၏ အတွင်းမိတ်ဖြစ်သော တနင်္ဂနွေမှာ မူလမဟာဘုတ်တွင် သိုက်ဌာနၡ ရှိပြီး နာမည် နောက်ဆုံးစာလုံး ပညတ်လည်း ကောင်းသဖြင့် **"အေး"** တစ်လုံးတည်းကိုသာ လက်မှတ်ရွေးထိုးသင့်သည်။

ပြည်တွင်းမှာသာ နေထိုင်လုပ်ကိုင်သူဖြစ်၍ မြန်မာစာလုံးဖြင့်သာ လက်မှတ်ထိုးသင့်သည်။

* * *



အရာရာခိုင်မြဲစေရန် တြိဂံပုံဒွေးအိတ်သင်္ကေတ ထည့်ပြီး အညွန့်နေရာတွင် ပွင့်ဖတ်ငါးခုပါသော ပန်းပွင့်သင်္ကေတ ထည့်ခြင်းဖြင့် ကြာသပတေးကိုယ်စားပြု မူလမဟာဘုတ်တွင် အထွန်းဌာန အောင်မြင်ကံကောင်းခြင်း ဖြစ်စေနိုင်ပါသည်။

***၎င်းမျှနှင့်သာ ကျေနပ်နိုင်ကြပါစေ။***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
***(ဥပဒေဘွဲ့)***
**လက္ခဏာဗေဒင်ပညာသုတေသီ**

# သံစမ်းနည်းများ



အဂ္ဂိရတ်ဆရာများသည် သံကောင်းများရရှိရန် ကြိုးစားရှာဖွေကြပါသည်။ သံများရရှိပါက ကောင်း,မကောင်း အောက်ပါအတိုင်း စမ်းသပ်ပြီး လမ်းစဥ်အတိုင်း ထိုးကြရန်ဖြစ်ပါသည်။

၁။ ပေါက်ခေါက်,ယမ်းစိမ်း ဆတူ သံပရာရည်နှင့်ဖျော်၍ ရေနွေးနွေးတွင် သံ ၁ျူး(၁မူး)သားကျို၍၊ (၃)ခါလောင်း၍ မကုန်လျှင် ကောင်း၏။

၂။ သံ ၁ဲ (၁ပဲ)၊ ဖွဲနု ၁ဲ (၁ပဲ) ရောကျို ပြီး ရေပူပူတွင်လောင်း၍ တွဲလျှင် မကောင်း၊ ပိန်ရှုံ့၍ ခံလျှင် ကောင်း၏။

၃။ သံ ၁ဲ (၁ပဲ)၊ နာ ၁ဲ (၁ပဲ) ရောထိုး၊ သံကျန်လျှင်ကောင်း၏။

**သံကောင်းရပါက သံသန့်နည်းများ**

**ပထမနည်း**

**မြန်မာဆားခါးနှင့် ဆေးရွက်ကြီး** ဆတူ အမှုန့်ပြု၍ထား၊ ၎င်းဆေးကို **လက်ချားနှင့်** ချော်ချက်။

အရည်ပျော်လျှင် သံကိုထည့်၊ ဆေး(၂)ဆ၊ သံ(၁)ဆ သံခိုးမထွက်ဘဲ သံတွယ်လွှတ် အစင်အကြယ်ရ၏။ အဆီသက်သက်သာကျန်သည်။

**ဒုတိယနည်း**

စင်ကြယ်ပြီး သံ ၁ိ (၁ကျပ်)သားကို ဒုတ္တာ ၃ိ (၃ကျပ်)သားနှင့် စီရင်။

**စီရင်ပုံမှာ...**

ဒုတ္တာကို သံပရာရည်နှင့်ဖျော်၍ နေနှင့်ချက်၊ ခြောက်လျှင် သံပေါ်တင်၍လက်ချားမီးပေါက်သင့်အောင်ထည့်ပြီး ဖော်မံပြီး ထိုးပါ။ ကျန်ရှိသည့် သံကို မိမိတို့ ကြိုက်နှစ်သက်ရာ သံနည်းလမ်းများနှင့် ထိုးပါ။

ကျွန်တော်ကိုယ်တိုင် သံနှင့်ပတ်သက်၍ မှားယွင်းမှုကြုံတွေ့ခဲ့ရပါသဖြင့် ခိုင်မာသောသံ ရရှိမှသာ သံကို ဆက်ထိုးပါ။

**တင်လှ *(ဆ–မ–ငြိမ်း)***



www.burmeseclassic.com

www.burmeseclassic.com

# ရှင်ဥပဂုတ္တဂါထာတော်နှင့်

## မီးကွင်းသည့် ဖြစ်ရပ်ဆန်း

သမုတိဗိုလ်မြင်
(မင်းလှ)



၁။ ဥပဂုတ္တော မဟိဒ္ဓိကော၊ သမ္ဗုဒ္ဓေန ဝိယာကတော၊
မာရဉ္စ မာရဗလဉ္စ၊ ဒမေဿတိ အနာဂတေ။
၂။ မဓယသီသေ ပတိဋ္ဌိတော၊ မာရေနော သုဏိတံကတွာ၊
အန္တရာယော ဝိနဿန္တု၊ အဟံဝ ဝန္ဒေ ဣဒ္ဒါနေဝ။
၃။ ဥပဂုတ္တံ မဟိဒ္ဓိကံ၊ ရာဇတောဝါ ဥပဒ္ဒဝေ၊
သောကရောဂါ ဝိရောဓာယ၊ ပရိတ္တံ ဇယမင်္ဂလံ။
၄။ ဥပဂုတ္တော မဟာဝီရော၊ သမ္ဗုဒ္ဓေန ဝိညာဂတော၊
မာရဉ္စ မာရဗလဉ္စ အနာဂတေ စ အာဂတော။
၅။ တာဒိသော ထေရောမာရေန၊ ဝိနတံ တက္ကာ စ သဗ္ဗေ၊
အန္တရာယော ဝိနဿန္တု၊ ဣဒ္ဒါနေဝ ဥပဂုတ္တော၊
မဟိဒ္ဓိကော ယံ ယံဥပဒ္ဒဝံ ဇာတံ၊ ဝိဒ္ဓံသေတု အသေသတော။

အနက်အဓိပ္ပာယ်

၁။ **ဥပဂုတ္တော**–ဥပဂုတ် အရှင်မြတ်သည်၊ **မဟိဒ္ဓိကော**–တန်ခိုးကြီးတော်မူ၏။ **သမ္ဗုဒ္ဓေန**–မြတ်စွာဘုရားသည်၊ **အနာဂတေ**–နောင်အခါ၌၊ **မာရဉ္စ**– မာရ်နတ် ကိုလည်းကောင်း၊ **မာရဗလဉ္စ**–မာရ်နတ်၏ စစ်သည် ဗိုလ်ပါ အပေါင်းကိုလည်း၊ **ဒမေဿတိ**–ဆုံးမလတ္တံ့၊ (**ဣတိ**–ဤသို့) **ဝိယာကတော**–ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

၂။ **မဓယသီသေ**–အကျွန်ုပ်၏ ဦးခေါင်းထက်၌၊ **ပတိဋ္ဌိတော**–တည်တော်မူ၍၊ **မာရေန**–မာရ်နတ်သည်၊ **အသုဏိတံ-အဟိံသိတံ** – မညဦးဆဲနိုင်သည်ကို၊ **ကတွာ**–ပြုတော်မူ၍၊ **အန္တရာယော**–အန္တရာယ်တို့သည်၊ **ဝိနဿန္တု**–ပျောက်လွင့်စေကုန်သတည်း၊ **အဟံဝ**–အကျွန်ုပ်သည်ပင်လျှင်၊ **ဣဒ္ဒါနေဝ**–ယခုအခါ၌၊ **ဝန္ဒေ**–ရှိခိုးပါ၏။

၃။ **ဥပဂုတ္တံ**–ဥပဂုတ်ကို၊ **မဟိဒ္ဓိကံ**–တန်ခိုးကြီး၏ဟု၊ **ရာဇတောဝါ**–မင်းမှမူလည်း၊ **ဥပဒ္ဒဝေ**–ဥပဒ်အဝေါ တို့ကို၊ **သောကရောဂါ ဝိရောဓာ**... စိုးရိမ်သောက ရောဂါတို့မှ ချုပ်... ခြင်းငှာ၊ ... ပရိတ်တော်... **ဇယမင်္ဂလံ**–အော... မင်္ဂလာ ရှိပါ...

၄။ **ဥပဂုတ္တော**–ဥပဂုတ် အရှင်မြတ်သည်၊ **မဟာဝီ**... ကြီးမြတ်သော လုံ့လနှင့်ရဲရင့်ခြင်း ရှိတော်မူ၏... **ဂတေ**–နောင်အခါ၌၊ **အာဂတောစ** – ရော... သည်ရှိသော်ကား၊ **မာရဉ္စ**–မာရ်နတ်ကိုလည်း... **မာရဗလဉ္စ**–မာရ်နတ်၏ စစ်သည်ဗိုလ်ပါအပေါင်း... လည်း၊ **သမ္ဗုဒ္ဓေန**–မြတ်စွာဘုရားသည်၊ ... **ဂတော-အနာဂတံသ**–ဉာဏ်တော်ဝ၌ ... သိမြင်တော်မူ၏။





www.burmeseclassic.com

www.burmeseclassic.com

**တာဒိသော**–ထိုကဲ့သို့ သဘောရှိသော၊ **ထေရော**–ဥပဂုတ္တမထေရ်သည်၊ **မာရေန မာရံ**–မာရ်နတ်သားကို၊ **ဇနိတံ**–အောင်အပ်သည်၏အဖြစ်ကို၊ **ကတွာစ**–ပြု၍သာလျှင်၊ **သဗ္ဗေ**–အလုံးစုံကုန်သော၊ **အန္တရာယော**–အန္တရာယ်တို့ကို၊ **ဝိနသသန္တု**–ပယ်ဖျောက်တော်မူပါစေသတည်း။

**ယံယံဥပဒ္ဒဝံ** – အကြင် အကြင်သော ဥပဒ်သည်၊ **ာတံ**–မထင်မှတ် ဖြစ်ပေါ်လာလက်၏။

**တံတံဥပဒ္ဒဝံ**–ထိုထို ဘေးဥပဒ်ကို၊ **မဟိဒ္ဓိကော**–ကြီးမားသည့် တန်ခိုးရှိတော်မူသော၊ **ဥပဂုတ္တော**–ဥပဂုတ္တထေရ်သည်၊ **အသေသတော**–အကြွင်းအကျန် မရှိအောင်၊ **ဝိဒ္ဓံသေတု**–ဖျောက်ဖျက်ပါစေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည် …ခင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး …ဆန်းအောင်ရွှေ စွမ္မာစရိယ(မဟာဝဏ္ဏိဒီပြန်မာဂုဏ်ထူး)၊ …သာဆက–ဒီယနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ …ဆိုပေးပါသည်။ ]*

…စာရေးသူ အသိမိတ်ဆွေတစ်ဦးမှ ရင်ထိုက်ကုန်း…ရွာ ရင်ထိုက်ကုန်းကျောင်းတိုက်တွင် ကထိန်အလှူ…သို့ ကြွရောက်ရန် ဖိတ်ကြားသဖြင့် စာရေးသူ…ထိန်ခင်းသော ကျောင်းတိုက်သို့ ရောက်ရှိခဲ့၍ …ကျောင်းတိုက်မှာ ပြုပြင်တည်ဆောက်ပြီး ဆေးသုတ်…သောကြောင့် ကျက်သရေမင်္ဂလာအပေါင်းနှင့် …စုံနေသည်ကို စာရေးသူ တွေ့မြင်လိုက်ရသဖြင့် …ထဲမှ ကြည်နူးမိခဲ့ပါသည်။


…စာရေးသူ ကျောင်းတိုက်ပေါ်သို့ ရောက်ရှိချိန် ဇနီးသည် …မှ ဆွေမျိုးသားချင်းများနှင့် စကားလက်ဆုံ …နေစဉ် ရွာမှ အသက်ရှည် အဘိုးသက်ပြင်းနှင့် …ဆုံ၍…

'…နောင်ကြီး… မီးလောင်တုန်းက ကျန်ခဲ့တဲ့ ဘုန်းကြီး…ကျောင်းက ဒီကျောင်းလား'

'…တ်တယ် မောင်ရင်၊ အဲဒီတုန်းက မင်းလှမြို့မဈေး…မင်းထုပ်, ရေသန့်ဘူးများ ပေးပို့ခဲ့ရသေးတယ်'

'…နောင်ကြီး မီးလောင်မှုနဲ့ ပတ်သက်တဲ့ ဖြစ်ရပ်ကလေး…တော့်ကို ပြောပြပေးပါ'

*…ခဲ့သော(၂၀)နှစ် ပတ်ဝန်းကျင်က ရန်ကုန်မြို့မှ*



ကုန်သည်ပွဲစားများ၊ လုပ်ငန်းရှင်များက စုပေါင်း၍ ရှင်ဥပဂုတ္တဖောင်တော်ကို လှူဖွယ်ပစ္စည်းမျိုးစုံနှင့် ပူဇော်ပြီး ရန်ကုန်မြစ်မှ ဖောင်မျှောခဲ့ရာ မင်းလှမြို့၊ ရင်ထိုက်ကုန်းကျေးရွာသို့ ဖောင်တော် ဆိုက်ကပ်ပါသည်။

ကျေးရွာပတ်ဝန်းကျင်မှ ဗုဒ္ဓဘာသာဝင်များက တတ်နိုင်သလောက် သစ်သီး၊ ဆွမ်း၊ ပန်း၊ ဆံပင်၊ ဝတ္ထုငွေကြေးများ ကပ်လှူပူဇော်ကြသဖြင့် ရင်ထိုက်ကုန်းကျေးရွာမှာ တိုးမပေါက်အောင် စည်ကားနေသည်။ ကျေးရွာမှ ဈေးရောင်းလာကြသော ဈေးသည်များ၊ လက်မအားလောက်အောင် အရောင်းအဝယ် ကောင်းသဖြင့် စားဝတ်နေရေး ဒုက္ခကို ဖြေရှင်းနိုင်ခဲ့ပါသည်။

ရင်ထိုက်ကုန်း ကျောင်းတိုက်မှ ဆရာတော် ကြွလာပြီး ဒကာ,ဒကာမအပေါင်းတို့အား ရှင်ဥပဂုတ္တဖောင်ပေါ်မှ လှူထားသော ပစ္စည်းများကို မယူငင်စေရန် မေတ္တာရပ်ခံပြီး ကျောင်းတိုက်သို့ ပြန်ကြွသွားခဲ့သည်။

နောက်(၃)ရက်မြောက် နေ့လယ် (၂)နာရီလောက်တွင် မြစ်ကမ်းနံဘေးရှိ အိမ်တစ်လုံးမှ မီးထလောင်သဖြင့် တစ်ရွာလုံးကျွတ်မတတ် မီးလောင်ခံခဲ့ရသဖြင့် ဘုန်းကြီးကျောင်းနှင့် အိမ်အိုတစ်လုံးပဲ ကျန်ခဲ့ပြီး ရွာလုံးကျွတ် ပြာပုံဘဝသို့ ရောက်ရှိခဲ့သည်။

ဆရာတော်နှင့် ကျေးရွာမှ လူကြီးမင်းများ မီးလောင်မှုကို *စုံစမ်းပြီး ရှင်ဥပဂုတ္တဖောင်ပေါ်သို့ တက်ရောက်* ဖူးမြော်စဉ် ယခင် ရောက်ရှိခဲ့တုန်းက ဖောင်တော်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



တွင် လှူဒါန်းပူဇော်ထားသော လှူဖွယ်ပစ္စည်းအချို့ ပျောက်ရှနေသည်ကို တွေ့ရှိခဲ့သဖြင့် အကြောင်းရင်းက ဖောင်တော်ပေါ်မှ ပစ္စည်းများ လောဘစိတ်နှင့် ယူငင်မိကြသော ကျေးရွာရှိလူများ သောကမီး၊ လောဘမီး ဖြစ်၍ ရွာလုံးကျွတ် မီးလောင်ခဲ့ရသည်ကို လက်တွေ့မြင်ခဲ့ရသည်။

မီးလောင်မှုပြီး၍ **ကျန်ခဲ့သောအိမ်သို့** စုံစမ်းမေးမြန်းရန် ကျေးရွာလူကြီးများ ရောက်ရှိသွားခဲ့ကြသည်။

အိမ်အိုထဲမှ ခြေထောက် မသန်စွမ်းသော အသက်(၈၀)ကျော် အဘိုးတစ်ယောက် ချိုင်းထောက်နှင့် ထွက်လာပြီး ကျေးရွာမှ လူကြီးများကို အိမ်ထဲသို့ ကြွရောက်ရန် ဖိတ်ကြားသဖြင့် ကျေးရွာမှ လူကြီးများ အိမ်ပေါ်သို့ ရောက်ရှိခဲ့စဉ် တွေ့မြင်လိုက်ရသော စားပွဲခုံပေါ်တွင် ရှင်ဥပဂုတ္တကိုယ်တော်မြတ်ကြီးကို ဖလုံကြီးထဲတွင် တွေ့လိုက်ရသဖြင့် အံ့ဩနေကြစဉ် အိမ်အိုမှ အဘိုးမှ...

'ဒီ...ရှင်ဥပဂုတ္တကိုယ်တော်ကို ရေသပ္ပါယ်ထားပါ'

လူကြီးများက အဘိုးကို မေးမြန်းလေသည်။

'မီးလောင်တုန်းက အဘိုး ဘယ်မှာ ရှိနေသလဲ'

'ဘယ်မှ သွားလို့ မရလို့ အိမ်ထဲမှာနေပြီး ဘုရားကျောင်းဆောင်က ရှင်ဥပဂုတ္တကိုယ်တော် ပင့်ပြီး ရေဖလုံထဲထည့်ပြီး ဦးခေါင်းတော်မှ ရေသပ္ပါယ်ပေးပြီး ရှင်ဥပဂုတ္တ(၅)ဂါထာကို ရွတ်ဖတ်ပြီး ဆက်တိုက် ရေသပ္ပါယ်ပေးပြီး...“တပည့်တော် ခြေမသန်စွမ်းတဲ့သူ ဖြစ်ပါ၍ ဘာမှ လုပ်မရပါသဖြင့် အရှင်ဥပဂုတ္တကိုယ်တော်မြတ်ရဲ့ တန်ခိုးတော်ကြောင့် မီးကွင်းရရန်” ဂါထာရွတ်ဖတ်ပြီး ဆုတောင်း နေလိုက်တာ မီးငြိမ်းသွားတော့ အဘိုးအိမ် မီးကွင်းသွားတယ်'

'အဘိုး နေပါဦး... ဒီ ရှင်ဥပဂုတ္တကိုယ်တော်ရဲ့ (၅)ဂါထာက ဘာတွေ အစွမ်းထက်သလဲ'

'အဘိုး ပြောပါမယ်။ အဘိုးတို့ မျိုးရိုးစဉ်ဆ...
ကိုးကွယ်လာတာ၊ အခုထက်ထိပဲ။ အဘိုး ရှင်ဥပဂု...
ကိုယ်တော်မြတ်ကြီး ရင်ထိုက်ကုန်းကျေးရွာကို ဖော...
တော် ဆိုက်ကပ်လာတဲ့အခါ အဘိုးကို လူငယ်တစ်စု...
ဆောင်ပန်းပုခက်နဲ့ ပို့ပေးတယ်။

အဘိုး ဆွမ်း၊ သစ်သီး ကပ်လှူခဲ့တယ်။ ဖောင်...
ပေါ်မှာ ရွှေ၊ ငွေ၊ ပစ္စည်း မျိုးစုံတွေ့လိုက်ရတယ်။ လူ...
လောဘတက်ရင် ဒုက္ခတွေ့တော့မယ်လို့ အဘိုး ထ...
တယ်။ အခုတော့ ထင်တဲ့အတိုင်း လောဘ...
လူတစ်စုကြောင့် ဒုက္ခရောက်ခဲ့တယ်။

ရှင်ဥပဂုတ္တကိုယ်တော်က တန်ခိုးကြီးတယ်။ သီရိ...
သောကမင်းကြီးလက်ထက်က စေတီတော်ပူ...
အောင်မြင်စေရန် မာရ်နတ်ရဲ့ အန္တရာယ်ကို ခုခံကာ...
နိုင်တဲ့ ရှင်ဥပဂုတ္တကိုယ်တော်ကို ပင့်၍ မာရ်နတ်ရဲ့...
ကာကွယ်စေနိုင်တယ်။

ရှင်ဥပဂုတ္တကိုယ်တော်မြတ်ကြီးဟာ မာရ်နတ်...
သာမဟုတ်...တစ်ထောင့်တစ်သောင်းသော မာ...
မင်းများကို ဆုံးမနိုင်တဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ဖြ...

သီရိဓမ္မာသောကမင်းကြီးရဲ့ စေတီပူဇော်ပွဲမှာ...
နတ်မင်းရဲ့ အန္တရာယ်ကို တားဆီးတော်မူနိုင်တဲ့...
မင်းကြီးက ပွဲကို အောင်မြင်စွာ ကျင်းပနိုင်...
မာရ်နတ်ကို အောင်မြင်စွာ တိုက်ခိုက်နိုင်သော...
တွေ ရှိတယ်။

အဘိုး ယုံကြည်စွာ ကိုးကွယ်ဆည်းကပ်ခဲ့...
တွေ့ခံစားနေရတယ်။ မြင်တဲ့အတိုင်းပဲ ထ...
မီးဘေးသင့်တာ အဘိုးအိမ်နဲ့ ဘုန်းကြီး...
ကျန်ခဲ့တာပဲ။ အထူးပြောစရာ မလိုတော့...

'ပြောတဲ့ အဘိုးရဲ့ ဝမ်းသာပီတိကို ကျ...
တွေ့ခဲ့ရတာ။ ကဲ...သိတာတွေ ပြော...
မောင်ရင်က စာရေးနေတော့ စာတစ်ခု ရ...

'ဟုတ်ကဲ့ပါ... ကျွန်တော် ကထိန်ပွဲကို...
နပ်သွားပါပြီ'

ရှင်ဥပဂုတ္တကိုယ်တော်မြတ်ကြီး၏ တန်ခိုး...
ရက်သားသမီးများ သိစေရန် ရေးသားလို...

**သမုတိမျိုးမြင့်(မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com


မဟာမုနိရုပ်ရှင်တော်မြတ်ကြီး





ဗိုလ်မင်း (မင်းလှ)

# မဟာမုနိ ဂါထာတော်နှင့်

## မုနိ(၄)ဆူ ကိုးကွယ်ခြင်းအကျိုး

၂၀၁၇ ခုနှစ်၊ မတ်လ(၈)ရက်နေ့တွင် စာရေးသူနှင့် အတူ မိတ်ဆွေ စာရေးဆရာဖြစ်သော မင်းလှမြို့ ဗျူဝန်ရပ်ကွက်တွင် နေသူ ကျော်ညွန့်(စစ်တွေ)တို့ သည် ကိစ္စတစ်ခုနှင့် သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့ ဈေးကြီး၌ လျှပ်စစ်ပစ္စည်း ဝယ်/ရောင်း လုပ်ကိုင်သူ ဦးသာညွန့်ဆိုင်သို့ နံနက်(၉)နာရီခန့်တွင် ရောက်ရှိခဲ့ကြ သည်။

ဦးသာညွန့်မိသားစုနှင့် စာရေးသူတို့သည် မိသားစု ကဲ့သို့ ခင်မင်ကြသူများ ဖြစ်ပါသည်။

ဦးသာညွန့်၏ လျှပ်စစ်ပစ္စည်းဆိုင်၌ ဝယ်သူ/ရောင်းသူ များဖြင့် လူစည်ကားလျက် ရှိပါသည်။

ဆိုင်တွင် အခြားသော အလုပ်သမားများ မရှိဘဲ မိသားစုအားလုံး ဆိုင်လုပ်ငန်းမှာ ပါဝင်လုပ်ကိုင်နေကြ သည်မှာ အတုယူစရာ ဖြစ်ပါသည်။

ဦးသာညွန့်၏ သားသမီးများမှာ ဘွဲ့ရ ပညာတတ်များ ဖြစ်ကြသော်လည်း မိဘများနှင့်အတူ ကူညီလုပ်ကိုင် ကြသည်မှာ မိဘများအတွက် ဂုဏ်ယူဝမ်းမြောက် စရာ ကောင်းလှပါသည်။

စာရေးသူတို့အား နံနက်ပိုင်းတွင် လက်ဖက်ရည်,မုန့် များဖြင့် ဧည့်ခံကျွေးမွေးပြီး...နေ့လယ်စာကို နေအိမ်သို့ ခေါ်ဆောင်၍ ကျွေးမွေးပါသည်။ နေ့လယ်စာ ထမင်း စားကြရင်း ဘာသာရေးကိစ္စ စကားစပ်မိကြရာ စာရေးသူမှ...

'ကိုသာညွန့်ကို ကျွန်တော် တစ်ခုမေးပါရစေဗျာ' ဟု ပြောလိုက်ရာ ကိုသာညွန့်က...

'ဆရာဗိုလ် မေးပါ...မေးပါ...ကျွန်တော် ဖြေပါ့မယ်'

'ဒီလိုပါဗျာ... ကိုသာညွန့်ရဲ့ ဘုရားစင်ရှေ့မှာ ချိတ်ဆွဲထားတဲ့ မဟာမုနိဂါထာတော်အကြောင်းကို သိချင်လို့ပါ'

ဟု မေးကြည့်ရာ ကိုသာညွန့်က...

'ဒီမဟာမုနိဂါထာတော်က ကျွန်တော့်ဘဝနဲ့ ပတ်သက်နေတယ် ဗျာ။ ပြောရရင်တော့ အရှည်ကြီးပေါ့...ဒီဂါထာတော်ကို ကျွန်တော် ငယ်စဉ်က ဘကြီးဘုန်းကြီးက သင်ပေးခဲ့တာပါ။

ဘယ်ကိုသွားသွား ဘာတွေလုပ်လုပ် ဒီဂါထာတော်ကို နေ့စဉ် အိပ်ရာဝင်(၇)ခေါက်၊ အိပ်ရာထ(၇)ခေါက် ရွတ်ဖတ် ပူဇော် ရတယ်။

ဒီမဟာမုနိဂါထာတော်ရဲ့ ကျေးဇူးကြောင့် ကျွန်တော့်ဘဝမှာ ကြီးမားတဲ့ အန္တရာယ် မရှိခဲ့ဘူး။ အခက်အခဲတော့ ကြုံဖူးပါတယ်။ ဒါပေမယ့် အောင်မြင်ခဲ့တယ်။

စီးပွားလဲ အဆင်ပြေမှုရှိတယ်။ အရောင်း/အဝယ်လဲ ကောင်း တယ်။ လာဘ်လာဘ မပိတ်ဘူး။ လူအများ ချစ်ခင်လေးစားမှု ရှိတယ်။

ဒီဂါထာတော်ကို ကျွန်တော်တို့ တစ်အိမ်သားလုံး နေ့စဉ် ရွတ်ဖတ်ပူဇော်ကြပါတယ်ဗျာ။ ဒီဂါထာရဲ့ အကျိုးကတော့ များ





www.burmeseclassic.com

www.burmeseclassic.com




ကြီးပါ'

ဟု ရှင်းပြပါသည်။

'နောက်...ထူးခြားမှုတစ်ခုက ရှိသေးတယ်ဗျာ။ အဲဒါကတော့ ကျွန်တော် အသက်(၃၀)အရွယ်မှာ ဆရာကြီးဦးသာထွန်းက အကြံပေးတာနဲ့ မဟာမုနိဂါထာတော်ကို ပူဇော်တဲ့အခါမှာ မဟာမုနိရုပ်ပွားတော်(၄)ဆူကို ကိုးကွယ်ပါလို့ ပြောတယ်။

အဲဒီ ဆရာကြီးဦးသာထွန်း ပြောပြတဲ့အတိုင်း...

၁။ မန္တလေးမဟာမြတ်မုနိ
၂။ ရခိုင်မဟာမုနိ
၃။ ရွှေဘုံသာမုနိ
၄။ ဇလွန်မြို့ ပြည်တော်ပြန်မုနိ

(၄)ဆူကို ကိုးကွယ်ဆည်းကပ်ခဲ့တယ်။

မုနိ(၄)ဆူ ရုပ်ပွားတော်များဟာ ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ် ကိုယ်တော်တိုင် သွန်းလုပ်တော်မူခဲ့တဲ့ ရုပ်ပွားတော်တွေ ဖြစ်တယ်။ ပိုပြီးတော့ စိတ်ထဲက သဒ္ဓါတရား တိုးပွားပါတယ်။

မုနိ(၄)ဆူ ကိုးကွယ်ခြင်းအကျိုးနဲ့ မဟာမုနိဂါထာတော် ရွတ်ဖတ်ပူဇော်ခြင်း အကျိုးကြောင့် ကျွန်တော်တို့ မိသားစု စီးပွားလာဘ်လာဘ တိုးတက်လာတယ်။ ဘာအန္တရာယ်မှ မရှိဘူးဗျာ။

ဒါကြောင့်... ကျွန်တော် ကိုးကွယ်ဆည်းကပ်တဲ့ ဘုရားကျောင်းဆောင်ရှေ့မှာ မဟာမုနိဂါထာတော်ကို အများသူငါ ရွတ်ဖတ်နိုင်ကြစေရန် ကပ်လှူထားတာပါ'

ဟု စိတ်ရှည်စွာဖြင့် ရှင်းပြပါသည်။

စာရေးသူနှင့်အတူ ကျော်ညွန့်(စစ်တွေ)တို့ နှစ်ဦးသား ဂါထာတော်ကို ရေးမှတ်ပူဇော်ကြပြီး စာဖတ်ပရိသတ်များ ကုသိုလ်တိုးပွား အကျိုးများကြစေရန် စေတနာမှန်ဖြင့် ရေးသားဖော်ပြအပ်ပါသည်။

## မဟာမုနိဂါထာတော်

မုနိရာဇ ဒိပ္ပထေရာ၊ သီသေဌှတ္ထာန မေသဒါ။
ဒိနေ ဒိနေ ဩဝဒိတွာ၊ သဗ္ဗသိဒ္ဓိ ဇယံ ဒဒါ။
အန္တရာယာ နဘာဝေန၊ ဝိနဿန္တု အသေသတော။

ခက်ခဲသော ပါဠိအသံထွက်

**ဒိပ္ပထေရာ** = ဒိပ်ပထေရာ
**သီသေဌှတ္ထာန** = သီသေထတ်တဝါန
**ဩဝဒိတွာ** = အောဝဒိတ်တဝါ
**သဗ္ဗသိဒ္ဓိ** = သပ်ဗသိတ်ဒိ
**အန္တရာယာ** = အန်တရာယာ
**ဝိနဿန္တု** = ဝိနတ်သန်တု

အနက်

**မုနိရာဇာ**–ဘုရားမြတ်သည်လည်းကောင်း၊ **ဒိပ္ပထေ**[...] –သိက္ခာသုံးစင်း ကျင့်မယွင်းသဖြင့် ထွန်းလင်းတော[...] ကုန်သော ထေရ်မြတ်တို့သည်လည်းကောင်း...

**မေ**–အကျွန်ုပ်၏၊ **သီသေ**– ဦးခေါင်းထက်၌၊ [...] အခါခပ်သိမ်း၊ **ဌတွာန**–တည်တော်မူ၍၊ **ဒိနေ ဒိ**[...] နေ့တိုင်းနေ့တိုင်း၊ **ဩဝဒိတွာ**–အနှုန်းအလှ အ[...] အောင် ဆုံးမတော်မူ၍၊ **သဗ္ဗသိဒ္ဓိဇယံ**–အလုံးစုံ [...] အောင်မြင်ခြင်းကို၊ **ဒဒါ**–ပေးတော်မူသည်ဖြစ်၍ [...]

**အာနုဘာဝေန** – တန်ခိုးရှိန်စော် အာနုဘော[...] **အန္တရာယာ** – အန္တရာယ်အပေါင်းတို့သည်၊ **အ**[...] **သတော** – အကြွင်းမရှိသောအားဖြင့်၊ **ဝိနဿ**[...] လွင့်ပျောက်ပါစေကုန်သတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရော*[...] *မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆ*[...] *ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒိမြန်မာ*[...] *ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယ*[...] *ပြန်ဆိုပေးပါသည်။]*

**[သုံးဆယ်မြို့ဈေးအတွင်းမှ လျှပ်စစ်**[...] **ရောင်း/ဝယ်ရေးဆိုင် ပိုင်ရှင် ဦးသာညွန့်အ**[...] **ဆောင်းပါးဖြင့် ကျေးဇူးတုံ့ပြန်အပ်ပါသည်။]**

*မိုလီမင်း(မင်းလှ)*



F.24B. December

www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲ၊ အကျပ်အတည်းတွေ
ကင်းလွတ်မလေ ရှုတ်လိုက်ကြ

# နှမောတော

မောင်ဖြောင့်ကြော်
(အိမ်မဲ)



၁၃၇၈ခုနှစ်၏ ဝါဆိုလပြည့်နေ့ ညချမ်းအချိန်လေးတွင်ဖြစ်၏။ တဖြည်းဖြည်း မြင့်တက်လာသော လဝန်းကြီး၏အရောင်သည် အဘအောင်၏ အိမ်ရှေ့ ကွပ်ပျစ်ကလေးပေါ်သို့ ဖြာကျနေ၏။

ကွပ်ပျစ်ကလေးပေါ်၌ အဘအောင်၊ ရပ်ကွက်ထဲမှ မောင်ထွန်းနိုင်ဆိုသော လူငယ်လေးနှင့် ကျွန်တော်သည် ရေနွေးကြမ်းနှင့် ထန်းလျက်ကို မြည်းရင်း စကားစမြည် ပြောနေကြလေသည်၊ စကားပြောနေကြရင်း မောင်ထွန်းနိုင်က အဘအောင်ကို…

'အဘ…သားစာအုပ်တစ်အုပ်ထဲမှာ ဖတ်လိုက်ရတယ်၊ လပြည့်ညမှာ လဟာ ဆွဲငင်ဓာတ် အပြည့်ရှိတယ်တဲ့၊ အဲဒါ ဟုတ်သလားအဘ'

ဟု မေးလေ၏။ ထိုအခါ အဘအောင်က…

'ဟုတ်တယ် လူလေးရဲ့…လပြည့်နေ့တွေမှာ လထွက်လာတာနဲ့ ဒီရေတက်လာတာလဲ လရဲ့ ဆွဲငင်အားကြောင့်လို့ အဘ မှတ်သားဖူးတယ်။

တချို့ ယတြာအစီအရင်တွေ အဓိဋ္ဌာန်ကျင့်စဉ်တွေဆို လပြည့်ညမှာ စီရင် ကျင့်ဆောင်ကြတယ်ကွယ့်'

မောင်ထွန်းနိုင်က အလွန်စိတ်ဝင်တစားနှင့်…

'ဟုတ်လားအဘ… အဲဒီအစီအရင် ကျင့်စဉ်တွေအကြောင်း ပြောပြပါလားအဘ၊ သား မှတ်သားထားချင်လို့ပါ'

ဟု တောင်းဆိုလေ၏။ အဘအောင်က ပြုံးလိုက်ပြီး…

'လူလေးမောင်ထွန်းနိုင်လဲ ဒီစာရေးဆရာလိုပဲ၊ အားရှိ ဘယ်နေရာက ပညာထွက်လာမလဲ ကြည့်ပြီး ခွင်ဝင်တာနဲ့ ပညာကို နှိုက်ထုတ်တော့တာပဲကွယ်'

ဟု ကျွန်တော့်ကျောကုန်းကို လက်ဖြင့် ပုတ်ပြီး ပြုံးစစနှင့် စနောက်လေ၏။ ကျွန်တော်လည်း…

'မထူးတော့ပါ အဘရယ်… လပြည့်နေ့မျိုးမှာ ကျင့်ဆောင်ရမယ့် ကျင့်စဉ်တစ်ခုလောက် ပြောပြပေးပါ။ စာရေးချင်လို့ အဘရေ'

ဟု ချော်လဲရောထိုင် ပူဆာလိုက်လေ၏။

အဘအောင်က ပြုံးရုံတင်မကတော့ဘဲ တဟားဟားရယ်ကာ…

'အေးပါ လူလေးရယ်၊ အေးပါကွာ'

ဟု ပြောရင်း ရေနွေးတစ်ခွက်ကို ငှဲ့သောက်ပြီး…

'အဟမ်း'

ဟု လည်ချောင်းရှင်းကာ…

'အခု အဘပြောပြမယ့် ကျင့်စဉ်က အတော်လွယ်တယ်။ လွယ်တယ်ဆိုပြီး အထင်တော့ မသေးနဲ့ လူလေးတို့၊ ဒီကျင့်စဉ်ကို လွန်ခဲ့တဲ့ နှစ်(၃၀)လောက်က အဘနဲ့ ဆုံခဲ့တဲ့ ဖိုးသူတော်ကြီးတစ်ပါး ချီးမြှင့်ခဲ့တာကွယ့်။

အဘအနေနဲ့လဲ ဒီနေ့ထိ ကျင့်တယ်။ လူတိုင်းမှာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အလုပ်အကိုင်၊ ရာထူးရာခံကိစ္စတွေမှာ အခက်အခဲ အကျပ်အတည်းတွေ ရှိကြစမြဲပဲ။

အဲလို အခက်အခဲတွေကြုံနေတဲ့သူတွေကိုလဲ ဒီနည်းကလေး ပေးခဲ့တယ်။ တော်တော်များများ အဆင်ပြေသွားကြတယ်ကွယ်။ ရက်ရှည်ကြီးလဲ လုပ်ရတာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

လေတော့ ကရိကထလဲ မများဘူး။ လပြည့်နေ့လေး တစ်ရက်ပဲ ကျင့်ဆောင် ရွတ်ပွားရတာကွယ်'

ဟု ဆိုကာ အောက်၌ ဖော်ပြထားသည့် ကျင့်စဉ်အား ပြောပြလေတော့သည်။

- **ဤယတြာကျင့်စဉ်ကို မည်သည့်လ၏ လပြည့်နေ့၌မဆို နံနက်(၉)နာရီတိတိတွင် ဘုရားရှင်အား ဆွမ်း, ပန်း, ရေချမ်း, ဆီမီးများ ကပ်လှူကာ စတင် ကျင့်ဆောင်ရမည်။**
- ဘုရားဆောင်ရှေ့တွင် စားပွဲလေးတစ်လုံးချကာ ပိတ်ဖြူစလေး ခင်းထားပါ။ ထိုစားပွဲပေါ်တွင် လင်ပန်းတစ်ချပ်ချကာ လင်ပန်းထဲတွင် ဖယောင်းတိုင် (၉)တိုင် စိုက်ပါ။

ထိုဖယောင်းတိုင်စိုက်ထားသော လင်ပန်းထဲသို့ ရေ လက်တစ်လုံးလောက် ထည့်ပါ။

- ပြီးလျှင် ငါးပါးသီလ ခံယူဆောက်တည်ပြီး လင်ပန်းထဲက ဖယောင်းတိုင်(၉)တိုင်ကို မီးညှိကာ အောက်ပါ **နေနတ်သားဂါထာတော်**ကို (၁၀၈)ခေါက် ရွတ်ပွား ပူဇော်ပါ။

---

နေနတ်သား ဂါထာတော်

---

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓ ပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။
တထာဂတံ အရဟန္တံ၊ သူရိယော သရဏံ ဂတော။
ရာဟု သူရိယံ ပမုဉ္စဿု၊ ဗုဒ္ဓါ လောကာနု ကမ္ပကာ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဗုဒ္ဓဝီရတ္ထု** | = ဗုတ်ဓဝီရတ်ထု |
| **ဝိပ္ပမုတ္တောသိ** | = ဝိပ်ပမုတ်တောသိ |
| **သဗ္ဗဓိ** | = သပ်ဗဓိ |
| **သမ္ဗာဓပဋိပန္နောသ္မိ** | = သမ်ဗာဓပ်ပတိပန်နောသမိ |
| **တဿ** | = တတ်သ |

အနက်

**ဝီရ**– ကြီးသောလုံ့လရှိတော်မူသော၊ **ဗုဒ္ဓ**– မြတ်စွာဘုရား၊ **တေ**– အရှင်ဘုရားအား၊ **နမော**– ရှိခိုးခြင်းသည်၊ **အတ္ထု**– ဖြစ်ပါစေသတည်း၊ **တွံ**–အရှင်ဘုရားသည်၊ **သဗ္ဗဓိ**–ဘဝ၌ တွယ်တာ ကပ်ငြိတတ်သော ဉပဓိတရားလေးပါးမှ၊ **ဝိပ္ပမုတ္တော**– လွတ်သည်၊ **အသိ**– ဖြစ်တော်မူပါ၏။ (**အဟံ**–တပည့်တော်သည်။) **သမ္ဗာဓ ပဋိပန္နော**– အကျဉ်းအကျပ်သို့ ရောက်သည်၊ **အသ္မိ**– ဖြစ်ပါ၏။ **တဿမေ**– ထိုတပည့်တော်၏၊ **သရဏံ**– ကိုးကွယ်ရာသည်၊ **ဘဝ**– ဖြစ်တော်မူပါဘုရား။

**အရဟန္တံ**–ပူဇော်အထူးကို ခံတော်မူထိုက်သော **တထာဂတံ**– မြတ်စွာဘုရားကို၊ **သူရိယော**– (နေ နတ်သား)သည်၊ **သရဏံ**–ကိုးကွယ်ခြင်းသို့ **ဂတော**– ရောက်၏။ **ရာဟု**–ရဟုအသူရိန်၊ **သူရိယံ**– နေ (နတ်သား)ကို၊ **ပမုဉ္စဿု**–လွှတ်လိုက်ပါလော့၊ **ဗုဒ္ဓါ**–ဘုရားရှင်တို့သည်၊ **လောကာနုကမ္ပကာ**– လောကကို အစဉ် သနား စောင့်ရှောက်တော်မူကြကုန်၏။

နေနတ်သားဂါထာတော်ကို (၁၀၈)ခေါက်ရွတ်ပွား ပြီးနောက် အောက်ပါအတိုင်း သစ္စာပြုဆုတောင်း

'ဘုန်းတော်ကြီးတော်မူလှသော ဘုရားရှင်ကိုယ်တော်မြတ် ဘုရား... ဘုရားတပည့်တော်သည် ဘုရား၊ တရား သံဃာ ရတနာမြတ်သုံးပါးကို ယုံကြည်ပါ၏ ဘုရား။

ဤလပြည့်နေ့ အခါသမယ၏ နံနက်ခင်း၌ နေနတ်သား ဂါထာ တော်ကြီးကို (၁၀၈)ခေါက်တိတိ ရွတ်ပွားပူဇော်ပါ၏ ဘုရား ဤမှန်ကန်သော သစ္စာစကားကြောင့် ဘုရားတပည့်တော် ကြုံတွေ့နေရသော (...)အခက်အခဲ အကျပ်အတည်းမှ လွတ်မြောက်ရပါလို၏ ဘုရား'

- သစ္စာပြုဆုတောင်းပြီးနောက် အမျှဝေပါ။ (...) ထားသောနေရာတွင် မိမိ၏ အခက်အခဲ ပြဿနာကို ထည့်ပြီး ဆုတောင်းရန်။
- **ထိုလပြည့်နေ့၏ ညပိုင်း(၉)နာရီတွင် နံနက်ပိုင်းက ပြုလုပ်သည့်အတိုင်း လင်ပန်းထဲ တွင် ဖယောင်းတိုင်(၉)တိုင် စိုက်၊ ထိုလင်ပန်း ထဲသို့ ရေ လက်တစ်လုံးခန့် ထည့်။**

ငါးပါးသီလ ခံယူဆောက်တည်ပြီး ဖယောင်းတိုင်များ ကို မီးညှိကာ အောက်ပါ လနတ်သားဂါထာတော်ကို (၁၀၈)ခေါက် ရွတ်ပွား ပူဇော်ပါ။

---

လနတ်သား ဂါထာတော်

---

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ၊



www.burmeseclassic.com

www.burmeseclassic.com



သမ္ဗာဓ ပဋိပန္နောသို့၊ တဿ မေ သရဏံ ဘဝ။
တထာဂတံ အရဟန္တံ့ စန္ဒိမာ သရဏံ ဂတော။
ရာဟုစန္ဒံ ပမုဉ္စဿု၊ ဗုဒ္ဓါ လောကာ နုကမ္ပကာ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဗုဒ္ဓ** | = ဗုတ်ဓ |
| **ဝိပ္ပမုတ္တောသိ** | = ဝိပ်ပမုတ်တောသိ |
| **သမ္ဗဓိ** | = သပ်ဗဓိ |
| **သမ္ဗာဓ** | = သမ်ဗာဓ |
| **ပဋိပန္နောသို့** | = ပတိပန်နောသမိ |
| **တဿ** | = တတ်သ |
| **အရဟန္တံ** | = အရဟန်တံ |
| **စန္ဒိမာ** | = စန်ဒိမာ |
| **စန္ဒံ** | = စန်ဒံ |
| **ပမုဉ္စဿု** | = ပမုန်စတ်သု |
| **ကမ္ပကာ** | = ကမ်ပကာ |

အနက်

**ဝီရ**–ကြီးမြတ်သော လုံ့လရှိတော်မူသော၊ **ဗုဒ္ဓ**–မြတ်စွာဘုရား၊ **တေ**–အရှင်ဘုရားအား၊ **နမော**–အကျွန်ုပ်၏ ရှိခိုးခြင်းသည်၊ **အတ္ထု**–ဖြစ်ပါစေသတည်း။

**တွံ**–ရှင်တော်မြတ်ဘုရားသည်၊ **သမ္ဗဓိ**– ခပ်သိမ်းသောအခါ ကာလတို့၌၊ **ဝိပ္ပမုတ္တော**– ခပ်သိမ်းသောအချုပ် အနှောင်အဖွဲ့မှ လွတ်မြောက်တော်မူသည်၊ **အသိ**– ဖြစ်တော်မူပါပေ၏။ (**အဟံ**–အကျွန်ုပ်ကား)၊ **သမ္ဗာဓပဋိ ပန္နော**– အကျဉ်းအကျပ်သို့ ရောက်သည်၊ **အသို့**– ဖြစ်ရပါ၏။

**တဿမေ**– ထိုအကျဉ်းအကျပ်သို့ ရောက်နေရသော အကျွန်ုပ်၏၊ **သရဏံ**– ကိုးကွယ်အားထားရသည်၊ **ဘဝ**– ဖြစ်တော်မူပါလော့။

**[ဤဂါထာကား ရာဟု အသူရိန်နတ်မင်းကြီး၏ ဖမ်းဆီးခြင်းကို ခံရသော လနတ်သားက မြတ်စွာဘုရားအားလှမ်း၍ လျှောက်လိုက်သော ဂါထာဖြစ်၏။]**

**ရာဟု**– ရာဟုမည်သော အသူရိန်နတ်မင်း၊ **စန္ဒိမာ**– လနတ်သားသည်၊ **အရဟန္တံ**–ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ **တထာဂတံ**– ငါဘုရားကို၊ **သရဏံ**– ကိုးကွယ်ခြင်းသို့၊ **ဂတော**–ရောက်သောသူတည်း၊ (**တသ္မာ**–ထို့ကြောင့်)၊ **စန္ဒံ**–လနတ်သားကို၊ **ပမုဉ္စဿု** – လွှတ်လိုက်လေလော့၊ **ဗုဒ္ဓါ**– ဘုရားရှင်တို့သည်၊ **လောကာနုကမ္ပကာ**– ဤလောကသား သတ္တဝါများကို သနားစောင့်ရှောက်တော်မူကြကုန်၏။

**[ဤဂါထာကား မြတ်စွာဘုရားက ရာဟု အသူရိန်နတ်မင်းကြီးအား မိန့်တော်မူလိုက်သော ဂါထာဖြစ်၏။]**

***[ဤဂါထာတော်များ၏ ပါဠိအနက်ကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ(မြောစရိယ (မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက– ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ))]မှ ပြန်ဆိုပေးပါသည်။]***

လနတ်သားဂါထာတော်ကို ရွတ်ပွား ပူဇော်ပြီးနောက် အောက်ပါအတိုင်း သစ္စာပြု ဆုတောင်းပါ။

'ဘုန်းတော်ကြီးတော်မူလှသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးဘုရား... ဘုရားတပည့်တော်သည် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ယုံကြည်ပါ၏ ဘုရား။

ဤလပြည့်နေ့ အခါသမယ၏ ညချမ်းချိန်၌ လနတ်သားဂါထာတော်ကြီးကို (၁၀၈)ခေါက်တိတိ ရွတ်ပွားပူဇော်ပါ၏ ဘုရား။

ဤမှန်ကန်သော သစ္စာစကားကြောင့် ဘုရားတပည့်တော် ရင်ဆိုင်ကြုံတွေ့နေရသော(...)အခက်အခဲ အကျပ်အတည်းမှ လွတ်မြောက်ရပါလို၏ ဘုရား'

- သစ္စာပြု ဆုတောင်းပြီးနောက် ပြုသမျှ ကုသိုလ် အပေါင်းအား အမျှပေးဝေပါ။

**(မှတ်ချက်။ ။ ဆုတောင်းရာ၌ နံနက်ပိုင်းကော၊ ညပိုင်းကော အလိုချင်ဆုံး ဆုတစ်ခုကိုသာ တောင်းရမည်ဖြစ်သည်။)**

နမောတေ ဂါထာတန်ခိုးဖြင့် အခက်အခဲများ ကင်းလွတ်ကြပါစေ။

***သဗ္ဗေ ဗုဒ္ဓါယ နမာမိ***

**မောင်အောင်ကျော်(***အိမ်မဲ***)**



www.burmeseclassic.com

www.burmeseclassic.com

## တနင်္ဂနွေ

**စီးပွားရေး** ။။ လုပ်ငန်း လုပ်ကိုင်နေစဉ် ငွေကြေးလိုအပ်ချက်ရှိမည်။ မိမိက ယုံပြိုင်ဘက်ဟု သတ်မှတ်ထားသူက ငွေကြေးအကူအညီပေး၍ ဆက်လက်နိုင်မည်။

**ဝန်ထမ်းရေးရာ** ။။ အလုပ်,လုပ်ငန်းခွင်တွင် လူချစ်လူခင်များမည်။ ကူညီမည့်သူပေါများမည်။ ငွေကြေး တောင်းရခက်နေမည်။

**အိမ်တွင်းရေး** ။။ အိမ်တွင်းရေး အဆင်ပြေမည်။ သားသမီးများ ပြဿနာမလုပ် လိမ္မာရေးခြားရှိ၍ မိဘတို့ဝမ်းမြောက်ကြည်နူးရမည်။

**အချစ်ရေး** ။။ စိတ်ထားပေ့သသိမ်ပြီး မနာလိုသူများကြောင့် အချစ်ရေးတွင် အထင်မှားမှုများ။ စွပ်စွဲမှုများ ပေါ်ပေါက်လာမည်။

**ပညာရေး** ။။ ပညာရေးတွင် ကြိုးစားရလိမ့်မည်။ အခက်အခဲကြီးမားမှ အောင်မြင်မှု ကြီးမားမည်။ အချစ်ရေးကြောင့် ပညာရေးကို မထိခိုက်ပါစေနှင့်။

**ကျန်းမာရေး** ။။ ကျန်းမာရေးကောင်းမည်။ အကြောတက်ခြင်း၊ အကြောနာခြင်း ဖြစ်တတ်၍ ကိုယ်လက်လှုပ်ရှားပေးပါ။ အနည်းဆုံး လမ်းလျှောက်ပေးပါ။

**ဆောင်ရန်ရက်များ** ။။ ၂, ၄, ၇, ၉, ၁၁, ၁၄, ၁၆, ၁၈, ၂၁, ၂၀, ၂၃, ၂၅, ၂၈, ၃၀။

**ရှောင်ရန်ရက်များ** ။။ ၃, ၅, ၈, ၁၀, ၁၂, ၁၅, ၁၇, ၁၉, ၂၂, ၂၄, ၂၆, ၂၉။

**ထီထိုးရန်ရက်များ** ။။ ၄, ၆, ၉, ၁၃, ၁၆ ၂၀, ၂၃, ၂၇, ၃၁။

**ထီထိုးရန်ဂဏန်းများ** ။။ **၄, ၆, ၉, ၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ တနင်္ဂနွေထောင့်တွင် မြတ်စွာဘုရားအား အုန်းကြီးရွက်(၂၅)ညွန့်ကို ကပ်လှူ၍ လျှပ်စစ်မီး လှူဒါန်းပူဇော်ပါ။ လျှပ်စစ်မီး မရှိလျှင် ဖယောင်းတိုင်(၂၅)တိုင် ထွန်းညှိပူဇော်ပါ။

## တနင်္လာ

**စီးပွားရေး** ။။ အလုပ်အကိုင်များ အောင်မြင်ဖြစ်ထွန်းမည့်ကာလဖြစ်သည်။ အထည်ချုပ်စက်ရုံလုပ်ငန်း၊ ငွေကြေးရောင်းဝယ်လဲလှယ်ရေး လုပ်ငန်းများ အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။။ အလုပ် လုပ်ရာတွင် အနှောင့်အယှက် ကင်းကင်း ပြဿနာ အရှုပ်မခံရဘဲ ပျော်ရွှင်စွာ လုပ်ကိုင်ရမည်။ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်ပြေမည်။

**အိမ်တွင်းရေး** ။။ မိသားတစ်စု ပြဿနာကင်းကင်း၊ အန္တရာယ်ကင်းကင်း အတိုက်အခိုက်ကင်းကင်းဖြင့် သာယာချမ်းမြေ့စွာ နေထိုင်ရမည်။

**အချစ်ရေး** ။။ ချစ်သူက တစ်ရပ်တစ်ကျေးသို့သွား၍ ခေတ္တခွဲခွာနေရမည်။ သစ္စာရှိရှိဖြင့် ချစ်စမ်းပါ။

**ပညာရေး** ။။ ပညာရေးကံဇာတာ တက်နေပါသည်။ ဖြေဆိုရန်ရှိလျှင် ဝင်ရောက်ဖြေဆိုပါ။ ကောင်းစွာအောင်မြင်မည်။

**ကျန်းမာရေး** ။။ ခန္ဓာကိုယ်ဆိုင်ရာ ကျန်းမာရေး ကောင်းသော်လည်း စိတ်ရှုပ်ထွေး ပင်ပန်းမှုကြောင့် ရုပ်ပိုင်းကို ထိခိုက်လိမ့်မည်။

**ဆောင်ရန်ရက်များ** ။။ ၂, ၅, ၇, ၉, ၁၂, ၁၄, ၁၆, ၁၉, ၂၁, ၂၃, ၂၆, ၂၈, ၃၀။

**ရှောင်ရန်ရက်များ** ။။ ၃, ၆, ၈, ၁၀, ၁၃, ၁၅, ၁၇, ၂၀, ၂၂, ၂၄, ၂၇, ၂၉, ၃၁။

**ထီထိုးရန်ရက်များ** ။။ ၄, ၇, ၉, ၁၁, ၁၄, ၁၆, ၁၈, ၂၁, ၂၅, ၂၈, ၂၉။

**ထီထိုးရန်ဂဏန်းများ** ။။ **၄, ၅, ၇, ၉** ဂဏန်းများများပါ အောင် ရွေးချယ်ပါ။



၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်မှ (၃၁)ရက်နေ့

ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျော်ဇွဲသည်



**အဆောင်ယတြာ** ။။ အုန်းသီးဆန် (၁၅)စိတ်ကို ... ဘုရားအား ကပ်လှူပူဇော်...

## အင်္ဂါ

**စီးပွားရေး** ။။ ငွေပန်းထိမ်လုပ်ငန်း၊ ယာဉ်ကား... ဝယ်ရေးလုပ်ငန်း၊ အမျိုးသ... အဆောင်ပစ္စည်းများ အရောင်း... ကောင်းမည်။ အကျိုးအမြတ် ...



**ဝန်ထမ်းရေးရာ** ။။ အလုပ်အကိုင်များ ချောချော... မရှိ။ လုပ်ငန်းအတွက် လိုအပ်... မရ၍ ကြန့်ကြာမည်။



**အိမ်တွင်းရေး** ။။ ငွေရေးကြေးရေးကြောင့် အိမ်တွင်း... ပြဿနာဖြစ်မည်။ သားသမီး... နိုင်ငံခြားခရီး အဆင်ပြေမည်...

**အချစ်ရေး** ။။ အချစ်ရေးတွင် အောင်မြင်... မည်။ လက်ထပ်လိုပါက မင်္ဂလာ... ထိပ်တန်းရောက်နေသော ... ၍ လက်ထပ်နိုင်သည်။



**ပညာရေး** ။။ အချစ်ရေး စန်းပွင့်နေသော... ပညာရေးတွင် အထစ်အငေါ့ဖြ... သည်။ သို့သော် ပညာရေး...



**ကျန်းမာရေး** ။။ ကြီးကျယ်သော ရောဂါဆိုး... ပွားသော်လည်း သွေးသေ... ခြေလက်များ ထုံကျဉ်တတ်...

**ဆောင်ရန်ရက်များ** ။။ ၃, ၅, ၇, ၁၀, ၁၂, ၁၄, ၁၇, ၁၉, ၂၁, ... ၂၈, ၃၁။

**ရှောင်ရန်ရက်များ** ။။ ၄, ၆, ၈, ၁၁, ၁၃, ၁၅, ၁၈, ၂၀, ... ၂၇, ၂၉။

**ထီထိုးရန်ရက်များ** ။။ ၅, ၉, ၁၂, ၁၄, ၁၆, ၁၉, ၂၁, ၂၃, ၂...

**ထီထိုးရန်ဂဏန်းများ** ။။ **၅, ၇, ၉, ၀** ဂဏန်းများ... ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ မိဘနှစ်ပါး (သို့မဟုတ်) သက်ကြီးရွယ်... နွားနို့နှင့်ပေါင်မုန့် ကျွေးမွေးပါ။

## ဗုဒ္ဓဟူး


**စီးပွားရေး** ။။ စိန်ရတနာ အရောင်းအဝယ် ကောင်း... ထုတ်လုပ်ရေး ရောင်းဝယ်ရေးလုပ်ငန်း... ကြီးပွားမည်။ လျှပ်စစ်ပစ္စည်းများ ရောင်း... ကောင်းမည်။

**ဝန်ထမ်းရေးရာ** ။။ ငွေကြေးပြဿနာ ပေါ်တတ်၍ ငွေကြေး... သုံးစွဲသူများ စာရင်းအတိအကျထား... များ၊ ပစ္စည်းမှတ်တမ်းများကို သေချာ...

www.burmeseclassic.com

www.burmeseclassic.com

**အိမ်တွင်းရေး** ။။ သားသမီးများ မိဘတို့အပေါ် အထင်အမြင်လွဲမှားတတ်သည်။ ငွေကြေးအခက်အခဲ ဖြစ်ရတတ်သည်။ အိမ်ထောင်ဖက်၏ ကျန်းမာရေး ဂရုစိုက်ပါ။



**အချစ်ရေး** ။။ အချစ်ရေး ပြဿနာကင်းကင်းဖြင့် ချစ်နေနိုင်မည်။ လူကြီးမိဘတို့ကလည်း သဘောတူခွင့်ပြုလိမ့်မည်။ မင်္ဂလာကြိုဟ်ညံ့နေ၍ အိမ်ထောင်မပြုပါနှင့်ဦး။



**ပညာရေး** ။။ ပညာရေးတွင် အထူးကြိုးစားရမည့်ကာလ ဖြစ် သည်။ စိတ်ဓာတ် မကျပါနှင့်။

**ကျန်းမာရေး** ။။ အရိုးအဆစ်များ နာကျင်ကိုက်ခဲခြင်း၊ ဝမ်းဖောဝမ်းရောင် ဖြစ်တတ်၍ အထူးသတိထားပါ။

**ဆောင်ရန်ရက်များ** ။။ ၄,၆,၉,၁၃,၁၅,၁၈,၂၂,၂၄,၂၇,၃၁။

**ရှောင်ရန်ရက်များ** ။။ ၅,၇,၁၀,၁၄,၁၆,၁၉,၂၃,၂၅,၂၈,၃၀။

**ထီထိုးရန်ရက်များ** ။။ ၃,၆,၈,၁၁,၁၂,၁၅,၁၇,၂၀,၂၁,၂၄,၂၆,၂၉။

**ထီထိုးရန်ဂဏန်းများ** ။။ ၄, ၆, ၈, ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ ဗုဒ္ဓဟူးအရပ်တွင် မြတ်စွာဘုရား ရုပ်ပွားတော်များ ရေသက်စေ့ ရေသပ္ပါယ်၍ စံပယ်ပန်း(၁၇)ကုံးကို ကပ်လှူပူဇော်ပါ။

## ကြာသပတေး

**စီးပွားရေး** ။။ ဆေးနှင့်ဆေးပစ္စည်းများ အရောင်းအဝယ် ကောင်းမည်။ ဆန်စပါး ရောင်းဝယ်ရေးလုပ်ငန်း အကျိုးအမြတ် များမည်။ ရွှေ၊ ငွေ၊ ပွဲစား ကောင်းစားမည်။

**ဝန်ထမ်းရေးရာ** ။။ လုပ်ငန်းဆိုင်ရာ ခရီးထွက်ရကိန်းရှိသည်။ ခရီးထွက်ခြင်းကြောင့် တာဝန်ယူထားသော လုပ်ငန်းများ အချိန်မီ ပြီးစီးမည်။

**အိမ်တွင်းရေး** ။။ အိမ်တွင်းရေး အဆင်ပြေသာယာမည်။ သားသမီးများ လိမ္မာရေးခြားရှိ၍ မိဘများစိတ်ချမ်းသာရမည်။ သားအတွက် မင်္ဂလာကိစ္စ ဆောင်ရွက်ပေးရလိမ့်မည်။

**အချစ်ရေး** ။။ ချစ်သူရှိသူများ အပြောအဆို အပြုအမူတို့ကြောင့် ချစ်သူ၏ အထင်လွဲခြင်း ခံရတတ်သည်။ ဆင်ခြင်နေထိုင်ပါ။

**ပညာရေး** ။။ ပညာရေးကို အာရုံစိုက်၍ အထူး ကြိုးစားရမည့် ကာလဖြစ်သည်။ အချစ်ရေးတွင် နစ်မျောမနေပါနှင့်။

**ကျန်းမာရေး** ။။ ကျန်းမာရေး ကောင်းပါသည်။ ဝမ်းဗိုက်အောင့်ခြင်း၊ နာခြင်းဖြစ်တတ်၍ လက်လုပ်ချဉ်များ၊ အသုပ်စုံများကို ရှောင်ပါ။

**ဆောင်ရန်ရက်များ** ။။ ၄,၆,၁၀,၁၄,၁၆,၂၀,၂၄,၂၆,၃၀။

**ရှောင်ရန်ရက်များ** ။။ ၅,၇,၁၁,၁၅,၁၇,၂၁,၂၅,၂၇,၃၁။

**ထီထိုးရန်ရက်များ** ။။ ၃,၆,၈,၉,၁၂,၁၃,၁၆,၁၈,၁၉,၂၂,၂၃,၂၈,၂၉။

**ထီထိုးရန်ဂဏန်းများ** ။။ ၃, ၄, ၆, ၈ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ ကြာသပတေးအရပ်တွင် မြတ်စွာဘုရား ရုပ်ပွားတော်အား စွယ်တော်ပန်း(၁၉)ပွင့် (ပန်းမရပါက) စွယ်တော်ညွှန့်(၁၉)ခက်ဖြင့် ကပ်လှူပူဇော်ပါ။

## သောကြာ

**စီးပွားရေး** ။။ အမျိုးသမီး အသုံးအဆောင်များ၊ အသင့် ချုပ်ပြီးသား အဝတ်အထည်များ ရောင်းအားကောင်းမည်။ အမြတ်ငွေ အမြောက်အမြားဝင်မည်။

**ဝန်ထမ်းရေးရာ** ။။ မမျှော်လင့်သော အခက်အခဲများ ပြဿနာများ ဝင်လာတတ်သည်။ ငွေရေးကြေးရေး အရှုပ်အရှင်း ဖြစ်တတ်၍ သက်ဆိုင်သူကို ကြိုတင်ရှင်းပြထားပါ။

**အိမ်တွင်းရေး** ။။ အိမ်ထောင်ဦးစီးတို့ စကားပြော အဆင်မပြေ သဘောထား မတိုက်ဆိုင်မှုကြောင့် စကားများရတတ်သည်။

**အချစ်ရေး** ။။ ချစ်သူရှိပြီးသူများ အချစ်ရေယဉ်ကြောတွင် ပျော်ရွှင်စွာ လွင့်မျောနိုင်ကြပါမည်။ ချစ်သူမရှိသေးသူများ ရုပ်ချော ပညာတတ်နှင့် ချစ်သူဖြစ်လိမ့်မည်။

**ပညာရေး** ။။ နည်းနည်းကြိုးစားလိုက်ရုံနှင့် များများအောင်မြင်မည့်ကာလဖြစ်သည်။

**ကျန်းမာရေး** ။။ ပြောပလောက်သော ရောဂါဆိုးကြီးများကို မခံစားရသော်လည်း ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း ဝေဒနာ ခံစားရတတ်သည်။

**ဆောင်ရန်ရက်များ** ။။ ၂,၆,၈,၁၀,၁၄,၁၆,၁၈,၂၂,၂၄,၂၆,၃၀။

**ရှောင်ရန်ရက်များ** ။။ ၃,၇,၉,၁၁,၁၅,၁၇,၁၉,၂၃,၂၅,၂၇,၃၁။

**ထီထိုးရန်ရက်များ** ။။ ၄,၅,၈,၁၂,၁၃,၁၆,၂၀,၂၁,၂၄,၂၈,၂၉။

**ထီထိုးရန်ဂဏန်းများ** ။။ ၂, ၆, ၈, ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ မွေးနေ့နံနက် (၉:၃၀)နာရီတွင် ဒိဗ္ဗတပတိ ဂါထာတော်ကို (၂၁)ခေါက်၊ မေတ္တာသုတ်ကို(၆)ခေါက် ရွတ်ပွားပေးပါ။

## စနေ

**စီးပွားရေး** ။။ လျှပ်စစ်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း ရောင်းဝယ်ရေးလုပ်ငန်းများ အမြတ်များမည်။ ကိုယ်စားလှယ်၊ ရွှေ၊ နေ၊ ပွဲစားများ အလုပ်ဖြစ်မည်။ ငွေရွှင်မည်။

**ဝန်ထမ်းရေးရာ** ။။ အလုပ်အကိုင်များ အဆင်ပြေပြေ ချောချောမွေ့မွေ့ လုပ်ကိုင်ရမည်။ မိမိ လုပ်ဆောင်ရမည့် အလုပ်များ၊ တာဝန်များ အချိန်မီ ပြီးစီးမည်။

**အိမ်တွင်းရေး** ။။ မိသားတစ်စု ပျော်ရွှင်ချမ်းမြေ့ရသောကာလ ဖြစ်သည်။ စီးပွားရေး၊ ကြီးပွားရေး ကောင်းကာ ပြဿနာမရှိသောကာလ ဖြစ်မည်။

**အချစ်ရေး** ။။ မိမိ၏ အပြောအဆို၊ အနေအထိုင်၊ အပြုအမူကြောင့် ချစ်သူက အထင်လွဲခံရတတ်သည်။ သစ္စာရှိဖို့က အရေးကြီးဆုံးပါ။ ပြုပြင်လိုက်လျှင် အဆင်ပြေသွားမည်။

**ပညာရေး** ။။ ဆရာသမား မိဘများ၏ အားပေးကူညီမှုကြောင့် ပညာရေးတွင် ထူးချွန်စွာ အောင်မြင်မည်။

**ကျန်းမာရေး** ။။ သွေးတိုးသွေးကျရောဂါ ဖြစ်တတ်ပါ၍ အအိပ်အနေ အစားအသောက် ဆင်ခြင်ပါ။ ကိုယ်ရော စိတ်ပါ လုံးဝ အနားယူပေးပါ။

**ဆောင်ရန်ရက်များ** ။။ ၃,၆,၈,၁၁,၁၄,၁၆,၁၉,၂၂,၂၄,၂၇,၃၀။

**ရှောင်ရန်ရက်များ** ။။ ၄,၇,၉,၁၂,၁၅,၁၇,၂၀,၂၃,၂၅,၂၈,၃၁။

**ထီထိုးရန်ရက်များ** ။။ ၃,၅,၈,၁၀,၁၃,၁၆,၁၈,၂၁,၂၄,၂၆,၂၉။

**ထီထိုးရန်ဂဏန်းများ** ။။ ၃, ၅, ၆, ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ ဘုရား(၉)ဆူကို ရည်မှန်း၍ ကန်တော့ပါ။ တတ်နိုင်လျှင် ဘုရားကိုးဆူ ပူဇော်ပွဲ ပြုလုပ်ပေးပါ။

*ကျန်းမာ ချမ်းသာကြပါစေ*

**ဆရာ ရောင်ခြည်**



www.burmeseclassic.com

www.burmeseclassic.com

ဦးကြီးဦးဘိုနေ၏

# နွားရောဂါ



## ကြိုတင်ကာကွယ် ဆေးနည်းများ

နတ်မောက်မြို့နယ်၊ ညောင်ကျပွင်ကျေးရွာအုပ်စု၊ မိုက်ပင်ကျေးရွာတွင် တောင်သူဦးကြီး ဦးဘိုနေ ဆိုတာ ရှိပါသည်။ သူသည် ဗဟုသုတ နှံ့စပ်သူဖြစ်ပြီး စာပေ ချစ်သူတစ်ဦး ဖြစ်ပါသည်။

စာရေးသူသည်လည်း စာပေချစ်သူဖြစ်၍ စာပေ ချစ်သူအချင်းချင်း ရင်းနှီးခဲ့ရပါသည်။

ဦးဘိုနေသည် နွားများ ဖြစ်လေ့ဖြစ်ထရှိသော နွားရောဂါများကိုလည်း လက်လှမ်းမီသလောက် ကုသ ပေးနေသူတစ်ဦး ဖြစ်ပါသည်။

ဦးဘိုနေက စာရေးသူအား...

'နွားရောဂါနဲ့ ပတ်သက်လို့ ကုသတဲ့ ဆေးနည်းတွေ ကတော့ အများကြီးပေါ့ဗျာ။ ကျွန်တော်ကတော့ မိဘ ဘိုးဘွားအစဉ် အဆက်အသုံးပြုခဲ့တဲ့ ဆေးနည်းတွေ ကိုပဲ သုံးပါတယ်။

နောက်ပြီး ကျေးရွာစာကြည့်တိုက်က ငှား၊ငှားဖတ်လို့ ရတဲ့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲကပါတဲ့ တိရစ္ဆာန် ဆိုင်ရာရောင်ခြည်၊ ဆေးဗေဒရောင်ခြည်တို့၊ ဆေးမြီးတို ရောင်ခြည်တို့ကိုလဲ ဖတ်မှတ်လေ့လာ ရှာဖွေစုဆောင်း ထားတယ်ဗျ။ ခွင်ဝင်လာရင် ကွက်တိ အသုံးချလိုက် တာပဲဗျ'

ဟု ပြောပါသည်။

'ရောဂါဖြစ်လာမှ ကုသခြင်းထက် ရောဂါမဖြစ်ခင် ကြိုတင်ကာကွယ်ကုသခြင်းက ပို၍ ကောင်း၏ ဆိုတဲ့ ဆောင်ပုဒ်အရ ကျွန်တော်ကတော့ နွားတွေ ရောဂါ မဖြစ်ခင် ကြိုတင် ကာကွယ်ဆေး တိုက်ကျွေးလိုက်တာ ပဲဗျ ဥပမာ...

### (က) နွားတွေ လျှာနာ၊ခွာနာ ရောဂါအတွက်ဆိုရင်...

ကျောက်ဖရုံသီးတစ်လုံးကို ထိပ်ဝဖွင့်ပြီး တဆေး လေးလုံး ကျောက်ဖရုံသီးအသားထဲ ထည့်ပြီး ထိ... ကို သူ့အသားနဲ့သူ ပြန်ပိတ်၊ လေးရက်ခန့်ထား... ထိပ်ဝကို ပြန်ဖွင့်ကြည့်လိုက်ရင် ကျောက်ဖရုံသီးအ... သားများ အရည်ပျော်သွားတာ တွေ့ရလိမ့်မယ်။

အဲဒီအရည်အားလုံးကို တိုက်ပါ။ အဲဒါ နွားတစ်ကော... အတွက် **လျှာနာ၊ခွာနာ မဖြစ်စေရန် ကြိုတင်ကာကွ... ဆေးပါပဲဗျာ။**

### (ခ) နွားတွေ အမောဖောက်ရောဂါအတွက်

ရေသုံးပုလင်းကို ဆူအောင်တည်၊ ရေနွေးဆူရင် အဲဒီ ... ထဲကို ဒုတ္တာမှုန့် တစ်ကျပ်သားထည့် ရောမွှေပြီး အအေး... လိုက်ပါ။

အေးပြီဆိုရင် အဲဒီအထဲကို ပျားရည်သင့်... ထည့်ပြီး သက်လုံမကောင်းလို့ မောနေတဲ့ နွား အ... ပင်ပန်းလို့ မောနေတဲ့နွား၊ ဗိုက်ကြီးကား... ပိန်လိုက်၊ဖောင်းလိုက်ဖြစ်နေတဲ့၊ အမောဖောက်... နွားမှန်သမျှ တိုက်လိုက်ပါ သက်သာပျောက်ကင်း... ပါလိမ့်မယ်။

### (ဂ) နွားတွေ ချောင်းဆိုးရောဂါ ဖြစ်နေသလား

အဲဒါဆိုရင် **ပဒိုင်းရွက် လေးရွက်လောက်... စိမ်းနည်းနည်းထည့် ညက်အောင်ထောင်းပြီး... လိုက်ပါ။** သက်သာပျောက်ကင်းသွားပါလိမ့်...

အနယ်နယ် အရပ်ရပ်မှ တောင်သူလယ်သ... များ နွားရောဂါအတွက် စိတ်မပျက်ကြရ... စေတနာကောင်းဖြင့် နက္ခတ္တရောင်ခြည်... တစ်ဆင့် ရေးသားလိုက်ရပါသည်။

**မောင်စိုးနွယ်(ပညာရေး)**



www.burmeseclassic.com

www.burmeseclassic.com



◆ မွန်တိုင်ပင်ပိုရှင် မွန်တိုင်ပင်အမ နှစ်ပင်ကို ယှဉ်တွဲတွေ့မြင်ရပုံ

ဒေါက်တာ (LL.B)

မွန်တိုင်အဖိုနှင့်

# မွန်တိုင်အမ

(စုံတွဲ)မြင်ဖူးလိုလျှင်

**မကွေးတိုင်းဒေသကြီး၏ မြောက်ဘက်ခြမ်း ရေစကြိုမြို့အပိုင် ဆင်ကြို့ရွာ သည် ပခုက္ကူ–ပခန်းကြီး မော်တော်ကားလမ်းအတိုင်း** လမ်းတစ်ဝက်ခန့်တွင် အရှေ့ဘက် ချင်းတွင်းမြစ်ကမ်းခြေအထိ မော်တော်ကားလမ်းပေါက်သောရွာ ဖြစ်ပါသည်။

ဆင်ကြို့ရွာ ရွှေဂူဘုရားမှာ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်၍ နေ့စဉ် ဘုရားဖူးရိုသတ်များပြားစွာ ဝင်ရောက်ဖူးမြော်ကြသည်။

ဓာတ်စည်သူမင်းကြီးကို သိကြားမင်းဆက်သခဲ့သည့် သရက္ခန်သားဖြင့် ထုလုပ်ပူဇော်ထားသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တည်ရှိသဖြင့် **"လိုတရ ရက္ခန်ရွှေဂူဘုရား"**ဟု ဘွဲ့မည်တော်တွင်ခြင်း ဖြစ်သည်။

ဆင်ကြို့ရွာတွင် တည်ရှိသဖြင့် **"ဆင်ကြို့ရွှေဂူ"**ဟု ပို၍ လူသိများပါသည်။

ထိုဘုရားပရိဝုဏ်တွင် **"အောင်မြေဘုရား"**ဟု ဘွဲ့အမည်တော်ရှိသည့် စေတီတော်တစ်ဆူကို အရှေ့အရပ် မြစ်ကမ်းဘက်တွင် ဖူးမြင်ရသည်။

ဆင်ကြို့ရွာ ဒေသခံ အမျိုးသားတစ်ဦးက လိုက်ပြသဖြင့် အောင်မြေဘုရားစေတီတော်ကို ဖူးတွေ့ရခြင်းဖြစ်ပါသည်။ ထိုစေတီတော်အနီးမှာရှိသည့် မွန်တိုင်ပင် နှစ်ပင်ကိုလည်း သေချာညွှန်ပြသဖြင့် ဓာတ်ပုံရိုက်မှတ်တမ်းတင်နိုင်ခဲ့သည်။

တစ်ပင်နှင့်တစ်ပင် (၉)ပေခန့်သာ ကွာဝေးသော မွန်တိုင်ပင်(၂)ပင်၏ ထိပ်ဖျားရှိ ထူးခြားချက်ကို သေချာတွေ့မြင်ခဲ့ရသည်။ ကျွန်ုပ်ဘဝတွင် ပထမဆုံး ခွဲခြားသိရှိခြင်းဟု ဝန်ခံပါရစေ။

သိမ်ဖြူဆရာတော် အရှင်နာဂသိန်၏ ပုံပြဆေးအဘိဓာန် ဒုတိယတွဲမှာ မွန်တိုင်ပင်အကြောင်း ဖတ်ရှုမှတ်သား





www.burmeseclassic.com

www.burmeseclassic.com





▲ မုန်တိုင်းပင်အမပင်၏ထိပ်များ အပွင့်ပိုင်းပုံ

▲ မုန်တိုင်းအဖိုပင်ထိပ်များမှ အပွင့်ရှည်မျှော့များ(နာနတ်သီးပုံ)ကို မြင်ရစဉ်

ဖူးပါသည်။

ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင်လည်း မုန်တိုင်းပင်များကို သဘာဝအတိုင်း တွေ့မြင်ခဲ့ဖူးပါသည်။ သို့သော် မုန်တိုင်း
တွင် အဖိုနှင့်အမရှိသည်ဟု မသိခဲ့၊ မမြင်ခဲ့ဘူးပါ။

**ယခုမှ တွေ့မြင်သိရှိရသည့် မုန်တိုင်းပင်၏ ထိပ်များတွင် ထိပ်ဖူးကွက်တွေ ရထားသလို ပုတီးစိပ်ထား အသီးကြီးရှိသော အ မုန်တိုင်းအမပင် ဖြစ်ကြောင်းသိရသည်။**

မြန်မာနိုင်ငံအနှံ့ ဘုရားဖူးထွက်ခဲ့သော ကျွန်ုပ်အနေဖြင့် အချို့သော ဘုရားစေတီပရိဝုဏ်များ၊ ကျောင်းတိုက်ပ
များတွင် ထိုမုန်တိုင် အမပင်များကိုသာ တွေ့မြင်ခဲ့ဖူး၍ မထူးခြားလှပါ။

**မုန်တိုင်းပင်၏ ထိပ်များဝိုင်းတွင် အဝါရောင် နာနတ်သီးကြီးလို အပွင့်ထွက်ခြင်းကို ယခုမှ သေချာတွေ့ရှိရသည်။ ထို မုန်တိုင်းအဖိုပင်ဟု ခေါ်ကြောင်း သိရပေသည်။**

ထိုမုန်တိုင်ပင်၏ အရွယ်အစားကို ကြည့်၍ နှစ်သက်တမ်း အတော်ကြာပြီဟု သတ်မှတ်နိုင်သည်။

ဤမုန်တိုင်ပင်နှစ်ပင်ကို အလုစိုက်ထားခြင်း ဖြစ်ဟန်မတူပါ။ ဂမ္ဘီရပညာ ကျွမ်းကျင်သူ ပုဂ္ဂိုလ်တစ်ဦးမှ ရည်ရွ
တစ်ခုခုကြောင့် စနစ်တကျ စိုက်ပျိုးထားခြင်း ဖြစ်နိုင်ပေသည်။

ဆင်ကြို့ရွာ သရက္ခန်ရွှေဂူဘုရား သို့ ဘုရားဖူးရောက်ရှိလျှင် လေ့လာ ကြည့်ရှု မှတ်တမ်းတင်ခြင်းဖြင့်ဗဟုသုတ
ရရှိကြပါစေ။

*စေတနာမှန်လျှင် ကံကောင်းမည်။*

**အောင်ဇ(LL.B)**



www.burmeseclassic.com

www.burmeseclassic.com



# ဥ-ပြဿဒ္ဒ ကျောင်းလမ်း (၂)

ရွှေတောင် ခင်မောင်ကြည်

### ယခင်လမှ အဆက်

၁။ လုံ
၂။ လုံထား
၃။ တတ်(၈)ပါး
၄။ ချော်သေ မသေ
၅။ မီး(၄)ပါး...ဉဏ္ဏ၊ ပါစက၊ ဒါဟနဲ့ ကောလီ
၆။ ခံရည်...တို့ ဖြစ်ကြပါတယ်။

နံပါတ်(၆) ခံရည်ကတော့ နားလည်ဖို့ လွယ်ပါတယ်။ တစ်ခုတော့ ရှိတယ်။ အင်္ဂရတ်ထိုးစ "လက်သင်"ဆိုရင်တော့ မလွယ်ပြန်ဘူး။

အဓိက အရေးကြီးတာက [၁,၂,၃,၄,၅]ပဲ။ အဲဒီ (၅)ချက်က အတွင်းဖောက်ပြီး သိရမှာ။ သိကို သိရမှာ။ သိရင် ဆုံးရှုံးမယ်။

ရင်းကျမ်းလက်ာမှာ...

လောကီသိပ္ပံ ပညာဉာဏ်ဖြင့်......ဆုံးတတ်တိဂ်။ အဲဒါ လုံ။ အယသိရုံ စွယ်မစုံမှု......အဲဒါက လုံထား။ ဆရာရာ၊ အဖြာဖြာကို......... ကိုးပိုင်းလက်ချာ။ ဤသို့ အားဖြင့်...

ဓာတ်ရှစ်ပါးနဲ့ သူတို့ရဲ့ အလေးချိန်ကို ဗားမဲ့ဆရာတော်ကြီးရဲ့ လမ်းညွှန်ချက်။ ဩဝါဒ။ အာစရိယဝါဒ။ ကျေးဇူးကြီးလှ။

မောင်ဖိုးဟန် မော်လမြိုင် ဆရာအတတ်သင်သိပ္ပံကနေ သင်တန်းအပြီး တရုတ်မော်ကို ပြန်အရောက်။ နောက်တစ်နေ့ မနက်(၈)နာရီသာသာမှာ ဘကြီးဦးတက်တိုးအိမ် ရောက်သွားတယ်။

'မင်း မနေ့က ပြန်ရောက်တယ်ကြားတယ်။ ဒီနေ့တော့ မင်းလာမှာပဲဆိုပြီး ညွှန့်မောင်ပါ ရောက်နေတယ်။ ရေနွေးသောက်ကွာ။ အမြည်းစား'

'ဟုတ်တယ် ကျွန်တော် ကားပေါ်က ဆင်းဆင်းချင်း မမခင်တင့်ကို နှုတ်ဆက်ခဲ့တာပဲ။ ဘကြီး သိပြီပေါ့'

'မော်လမြိုင်အကြောင်းလေး ပြောပါဦးကွ။ ဘာတွေ ထူးထူးခြားခြား တွေ့ခဲ့ရသလဲ'

'အများကြီးပဲ တစ်ခုစီ ပြောပြမှ ဖြစ်မယ်။ "ဗားမဲ့ ဝိဇ္ဇာဆရာတော်ကြီး" ရေးသားစီရင်တဲ့ "မဟာသိဒ္ဓိကျမ်းရင်းကြီး" တွေ့တာနဲ့ ပထမတွဲရော ဒုတိယတွဲရော (၂)တွဲစလုံး ဝယ်လာတယ်'

'ဘယ်လို တွေ့ပြီး ဝယ်ဖြစ်တာလဲ'

'ပြောပြမယ် ဘကြီး၊ တဝကြီး နားထောင်ရမယ်။ ကျေးဇူးရှိခဲ့တဲ့ ကျေးဇူးရှင်တွေအကြောင်းလဲ ပါမယ်'

'ပြောမှာသာ ပြောစမ်းပါကွ။ စကားချိုးမနေစမ်းပါနဲ့'

*　　*　　*

ကဲ...

၁၉၈၁–၁၉၈၂ ခုနှစ် ပညာသင်နှစ်မှာ ဖိုးဟန် မော်လမြိုင် ဆရာအတတ်သင်သိပ္ပံမှာ အလယ်တန်းဆရာဖြစ်သင်တန်း တက်ခဲ့ပါတယ်။ ရွှေတောင်မြို့နယ်က အမျိုးသားဆရာ ဖိုးဟန် တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခွင့်စာမေးပွဲ ရေးဖြေယှဉ်ပြိုင်ပြီး မော်လမြိုင် ရောက်ခဲ့တယ်။

မောင်ဖိုးဟန် ဒေသတစ်ခုကို ရောက်ပြီဆိုရင် ဒီဒေသရဲ့ ရောက်သင့်ရောက်ထိုက် သွားသင့်သွားထိုက်တဲ့ နေရာဒေသတွေကို သွားတတ်ပါတယ်။

ဘာလို့လဲဆိုတော့ မိမိ ရောက်ဖူးတဲ့ နေရာဒေသကို နောက်တစ်ခေါက် ပြန်ရောက်ဖို့ မလွယ်ပါဘူး။ ရောက်တုန်းရောက်ခိုက်…

မော်လမြိုင် တောင်တန်းတွေပေါ်က စေတီဘုရားရုပ်ပွားတော်တွေ စနေ့တနင်္ဂနွေမှာ သွားရောက်ဖူးမြော်ကန်တော့ပါတယ်။ မိတ်ဆွေတွေက ဘုရားသမိုင်းရှင်းပြကြတယ်။

အထူးသဖြင့်တော့ ဘုရားဖူးအဖွဲ့ထဲမှာ ချောင်းဆုံမြို့နယ် **ကလော့ရွာက ဒေါ်တင်တင်ချို**ဆိုရင် အသေးစိတ် ပင်တိုင်ရှင်းပြခဲ့တယ်။ တောင်ဝိုင်းမှာ အချိန်ယူပြီး ဖူးမြော်ကန်တော့ တော်တော်ကြာတယ်။

နောက်တစ်ယောက်က မုဒုံမြို့နယ် **ကော့ပရံရွာက ဦးခင်မောင်စိုးပါ။** ဖိုးဟန်နဲ့ တော်တော်ခင်ပါတယ်။ ညီအစ်ကိုသဖွယ်။

သူ့အိမ်ကို အလည်ခေါ်တယ်။ ကြက်သားကြော်/ချက်၊ ငါးခူကြော်၊ ငါးခူချက်တွေနဲ့ ထမင်းလက်ဆောင် ဟင်းလက်ဆောင်။ မော်လမြိုင်ကထွက်၊ ပြန်ရောက်တဲ့အထိ ကုန်ကျစရိတ်မှန်သမျှ တစ်စမကျန်ရှင်း။ ဖိုးဟန်တို့ကို တာဝန်ကင်းစေတယ်။ ကျေးဇူးကြီးမားလှပါဘိ။ တစ်သက်မမေ့နိုင်တဲ့ ညီငယ်။

တစ်နေ့တော့ ၁၉၈၁ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့ စနေနေ့။

မိုင်ဒါကွင်းကနေ ကမ်းနားဘက်ကိုအဆင်း ကာစတ… ရုံးရှေ့က အမှတ်–၁၂၀(ဘီ) "ကောက်ပွားအင်ဆန်း" ဒေါ်ခင်ညွန့် ပိဋကတ်စာအုပ်ဆိုင်ကို ရောက်သွားတယ်။

စာအုပ်တွေကို ကြည့်ရင်း ရှုရင်း ဖတ်ကြည့်ရင်း… "ဗားမဲ့ဝိဇ္ဇာဆရာတော်ကြီး"၏ ဗားမဲ့ဝိဇ္ဇာအမည်ရှိသော… **"မဟာသိဒ္ဓိကျမ်းရင်းကြီး"** ပထမတွဲနဲ့ ဒုတိယတွဲ… တွေ့တယ်။

ဝမ်းသာလိုက်ပါဘိခြင်း။ စိတ်တွင်းပျော်မိ။ ပီတိ… ဖြာ။ ရင်မှာ ဂယက်ထ။ လိုအင်တော့ ပြည့်ဝပြီ။

မန္တလေးမြို့ အောင်ဆန်းလမ်း ပိဋကတ်… ပြန့်ပွားရေး ပုံနှိပ်တိုက်က ထုတ်ဝေတာပါ။

ပထမတွဲက **၁၃၂၄ ခုနှစ်၊ ကဆုန်လ။** ဒုတိယတွဲ… သီတင်းကျွတ်လ။ တစ်နှစ်တည်း (၂)တွဲထုတ်… ဈေးမေးလိုက်တော့ တစ်အုပ်ကို (၃၀)ကျပ်တဲ့။

သင်တန်းဆိုတာ ငွေကုန်ကြေးကျ များတယ်။ … မှာ လိုလဲလိုချင်…မနိုင်ဘူး ဖြစ်နေတယ်။ ဒါနဲ့ မ… တော့ဘူးလားဗျာ (၂)အုပ်စလုံး ယူပါ့မယ်ဆိုတော့…

ဆိုင်ရှင်အမျိုးသားရဲ့ နှုတ်ဖျားက တန်ဖိုးရှိတဲ့ … တစ်သက်တာ မှတ်သားစရာ စကားတစ်ခွန်း ပြော… လာတယ်။

'ပညာတန်ဖိုး သိရင် ဈေးမဆစ်ပါနဲ့ဗျာ'

တဲ့။ သူ့စကား အဓိပ်အနက်ကို ဖိုးဟန် … နားလည်သွားတယ်။ အဲဒီပုဂ္ဂိုလ်ကြီးကို အရမ်း… ကျေးဇူးတင်သွားတယ်။ အခုထိလဲ ကျေးဇူးတင်… ပါ အစ်ကိုကြီး။ ဒီနေရာက ကျေးဇူးစကား ဆို…

ဖိုးဟန် ချက်ချင်းပဲ ငွေ(၆၀)ပေးပြီး ဝယ်လာ… ဝယ်ခဲ့တယ်။

အဆောင်ပြန်ရောက်တော့ ပထမတွဲ စာမျက်… နိဒါန်းက စလို့ ဖတ်လိုက်တယ်။ ဆရာကြီး ဦး… ဆီက ရေးကူးထားတာတွေနဲ့ အတူတူပါပဲ။

အက္ခရာအလွဲက (၂)ခု… သတ်ပုံအလွဲ… သွားတွေ့တယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက်က… တယ်။ ဦးလှတင်ဆီက စာအုပ်က ထုတ်… စောပုံရတယ်။ စာအုပ်တွေဟာ စုတ်နေတော့ …



www.burmeseclassic.com

www.burmeseclassic.com

မရှိတော့ဘူး။

၁၉၇၄ ခုနှစ်၊ ဧပြီလမှာ ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ (၃)တွဲစလုံး မောင်ဖိုးဟန် ဖတ်ရှုလေ့လာခဲ့တယ်။ ဒါပေမယ့် ဘာမှ နားမလည်ဘူး။

ရေး...ရေးမှုမပေါ်။ ဖော်ကို မဖော်နိုင်တာ။ မေးစရာ ဆရာ မရှိ။ ဦးလှတင်ကို မေးကြည့်တော့လဲ သူမသိ။ မပြောနိုင်။ စီရင်နည်းတွေ မသိ။

ဖတ်လိုက်... လေ့လာလိုက်။ မရလိုက်။ စိတ်ဦ ထွေပြား၊ အချိန်အားတိုင်းတွေး၊ ဝါတွင်း(၃)လ ရောက်ခဲ့ ရပြီ။ ကြာလှပေါ့။

ဝါတွင်း(၃)လမှာ ဥပုသ်နေ့တိုင်း မောင်ဖိုးဟန် ဥပုသ် စောင့်တယ်။ ဘုန်းတော်ကြီးက ဖိုးဟန် ဆရာရင်း... **ဥသျှစ်ပင်ကျောင်းဆရာတော် ဦးကလျာဏ**။ အဆုံး အမ ဩဝါဒတွေ ခံယူ ကျောင်းမှာ တစ်နေ့လုံးနေ။ မိုးချုပ်မှ အိမ်ကိုပြန်။

ရွှေမြင်တင်စေတီတော် အရှေ့ဘက် တန်ဆောင်းထဲ မှာ နေ့လယ်နေ့ခင်း ဥပုသ်သည်ချင်း တရားစကားတွေ ပြောကြ။ ဖိုးဟန်က နားထောင်သမား။ ကြားမဝင်။ တချို့လဲ ပြောကြဆိုကြရင်း ငြင်းကြခုန်ကြရင်း ကျောဆန့်။


ဥပုသ်နေ့ တစ်နေ့မှာတော့ ဆရာကြီးဦးလှတင်ဆီက ရေးကူးယူထားတဲ့ **"မဟာသိဒ္ဓိကျမ်းရင်းကြီး"** စာအုပ် ကို ဥပုသ်စောင့်သွားရင်း ဖိုးဟန် ယူသွားတယ်။ ပုဆိုး အပိုတစ်ထည်လဲ ပါတယ်။ လူကြီးတွေ ပြောကြတဲ့ တရားစကားတွေ နားထောင်ရင်း...

မောင်ဖိုးဟန် **"အာသောက"** **အင်း**ကို ဖတ်ရှုလေ့လာ တယ်။ သင်ဆရာ မရှိတော့ ဘာမှ မသိ။ အသိဉာဏ် တုံးလိုက်ပါဘိ။

ပါလာတဲ့ ပုဆိုးအပိုတစ်ထည်ကို ခေါက်။ အုတ်ခဲ တစ်လုံးပေါ်တင်။ ပုဆိုးခေါက်ပေါ်က စာအုပ်ကလေးကို ထပ်တင်။ စိတ်ညစ်ညစ်နဲ့ အိပ်ပစ်လိုက်တယ်။

အိပ်ပျော်နေတုန်း အိပ်မက်ထဲမှာ ရဟန်းတော်တစ်ပါး ကို ဖူးတွေ့ရတယ်။

အသားတော်က အဖြူဘက်ကို လှတယ်။ ဝင်းဝါ။ မျက်နှာတော်က မို့မို့။ စိုပြည်တဲ့ ကိုယ်ကာယ။ ခေါင်းတော်က နည်းနည်းချွန်...စို့စို့ကလေး။ သင်္ကန်း



တော်က သစ်ခေါက်ရောင်။ လက်ကတော့ထိုး မထားဘူး။ သင်္ကန်းရုံထားတယ်။

မောင်ဖိုးဟန် ရှိခိုးဦးချ ကန်တော့တော့ ရဟန်းတော် က နှုတ်တော်ဟလို့ မိန့်တော်မူတယ်။

'အာသောကအင်း ဘာခက်သလဲကွ...ကြည့်'

အင်းပေါင်သားတာကအစ...သနချေ, သိဒ္ဓိတင်ပြီး တဲ့အထိ ဩဝါဒကထာ လမ်းညွှန်သင်ပြ ပညာပေးတော် မူတယ်။

အင်းတော် အစအဆုံး...အသုံးတွေပါ သင်ကြားပေး တော်မူတယ်။

သင်ကြားမှု ဆုံးတာနဲ့ အိပ်မက်က နိုး...ထ... ပြောက်။ ရဟန်းတော်အရှင်မြတ်လဲ ပျောက်ကွယ် သွားတယ်။

မောင်ဖိုးဟန် အိပ်ရာက လူးလဲထ။ မှတ်စုစာအုပ် ကလေးကိုကိုင် ဘော(လ်)ပင်နဲ့ ရေးမှတ်တော့တာပဲ။ တစ်ဆင့်စီ တစ်ဆင့်စီ ရေးရတယ်။ တွေးရတယ်။ တွေး...တွေးပြီး ရေးရတယ်။

ရဟန်းတော်အရှင်မြတ်က "အာ သော က" အင်းတော် ကို အိပ်မက်ထဲမှာ သင်ပြပေးတော်မူလို့ မောင်ဖိုးဟန် တတ်မြောက်...လိုအင်ပြီးမြောက်။ ခရီးရောက်ခဲ့လေပြီ။

နောက်တစ်ပတ် ဥပုသ်စောင့်သွားတော့ မနက်စာ စားအပြီး တန်ဆောင်းထဲကို ရောက်တာနဲ့...

'ဗားမဲ့ဝိဇ္ဇာဆရာတော်ကြီးဘုရား... ဘုရားတပည့်တော်အား "သုံးလုကေသီ"အင်းတော်ကို လမ်းညွှန်မိန့်ကြား ပညာများ ပေးသနားတော်မူပါဘုရား'

တောင်းပန်လျှောက်ထားပြီးတာနဲ့ ဖိုးဟန် အိပ်တော့



www.burmeseclassic.com

www.burmeseclassic.com

တာပဲ။ အိပ်ပျော်သွားတာနဲ့ ဆရာတော်ကြီးက သင်ကြားပေးတော်မူပြန်တာပါပဲ။

**ဥပုသ်နေ့တိုင်း ဥပုသ်နေ့တိုင်း ဝိဇ္ဇာရေအင်း...မိုးရွာအင်း... နေပူအင်း... နေကြောက်အင်း... လကြောက်အင်း... ဇဝံ အဓိဋ္ဌာန်အင်း...ပီယမိတ်ပေါက်အင်း စတဲ့ အင်းတော်တွေကို တစ်ဆွေ့စီ တစ်ဆွေ့စီ လျှောက်ထားတောင်းပန် ပညာရခဲ့မြဲပါတယ်။**

"**ဝိဇ္ဇာဓရအင်း**"ဆိုရင် စုန်းပယောဂများ အလွန်ကြောက်။ စွမ်းလှသကော။ ဝိဇ္ဇာဓရအင်းတော်ကို ညာလက်ဝါးပေါ်တင်။ အင်းတော်ကို ထောင်ပြီးတော့ များ ပယောဂဝေဒနာရှင်ကို ပြလိုက်ရင် တစ်ကိုယ်လုံး တုန်ခါ။ ခေါင်းငိုက်စိုက်ကျ။ သူ လုပ်ထားသမျှ အမှောင့်ပယောဂကို နုတ်သိမ်း။ ဝေဒနာငြိမ်း။

ဒါကြောင့် ဆေးကောင်းတယ်ဆိုတာ အင်းစောင်း သလောက်ပဲ ရှိတယ်လို့ ဆိုစကား ထားခဲ့ဟန် တူပါရဲ့။ အင်း... အင်းကောင်းတယ်ဆိုတာ ဓာတ်ပြောင်း သလောက်ပဲရှိတယ်...ဆိုတာလဲ ရှိပါရဲ့။

အင်းပညာ မတတ်ပေမယ့် အင်းတော်တွေရဲ့ သိဒ္ဓိ အစွမ်းတွေကို သိထားလေတော့ မောင်ဖိုးဟန် ဝယ်ကို ဝယ်တယ်။ ဝယ်ခဲ့တယ်။ ငွေ(၆၀)။

* * *

ဖိုးဟန် စကားဆုံးတော့ နှစ်ယောက်စလုံး အံ့သြ။ ဘကြီး ဦးတက်တိုးနဲ့ ဗိုလ်ညွှန့်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်...

"တို့ မဖတ်ဖူးဘူး"တဲ့။

ဖိုးဟန်က စာအုပ်ကလေး (၂)အုပ်ကိုထုတ်။ ဒုတိယ တွဲမှာ စာမျက်နှာ(၅)ကိုဖွင့်...

'ဒုတိယတွဲမှာ "၉–ဖြာသိဒ္ဓိရှောင်လမ်း"ဆိုတာ ပါတယ်။ ပြဒါးကို ဓာတ်နဲ့ဖမ်းတာ ဘကြီးရဲ့'

'ပေးစမ်းကွာ... ဟာ... ငါ့မျက်စိက မှုန်ပါတယ်။ မင်း ဖတ်ပြစမ်း'

မောင်ဖိုးဟန် ရေနွေးခွက်တောင် လက်မလှမ်း နိုင်ဘူး။ ချက်ချင်းဖတ်ပြရတယ်။ ကျမ်းရင်းလက်ဘ်ကို ဖြတ်...ဖြတ်ပြီး ဖတ်ပြတာ။ ဘကြီးကတော့ ခေါင်း တညိတ်ညိတ်။

ညာဘက်လက်ကို စားပွဲပေါ်တင်။ လက်ညှိုး



လက်ခလယ်နဲ့ လက်သူကြွယ် (၃)ချောင်းကို [illegible] တဒေါက်ဒေါက်နဲ့ ခေါက်ရင်း နားထောင်နေတ[illegible] မျက်နှာကလဲ ပြုံးယောင်သမ်းနေတယ်။ ပီတိဖြစ်[illegible] သလိုပဲ၊ သိများ သိနေရောသလား။ ဖိုးဟန် တွေးတ[illegible]

ကျမ်းရင်းလက်ဘ် ဖတ်လို့ ဆုံးသွားတော့[illegible] ဘကြီးက...

'ဖိုးဟန် ဓာတ်လမ်းစဉ်ကို မင်း သိသလား'

'ဟာ...ဘကြီးနှယ် ဝယ်သာလာတာ။ "အင်း"[illegible] သိတယ်။ "ဓာတ်"ကို မသိဘူး။ ဖတ်ကြည့်တာမျ[illegible] လမ်းစဉ်တော် မသိဘူး'

'ငါက ကျမ်းရင်းကို မမြင်ဖူးဘူး။ လမ်းစဉ်တော်[illegible] သိတယ်။ "ရဲရှင်"ပြောပြထားတာ။ အကုန် မှတ်[illegible] တယ်။ မမေ့ဘူး။ သူ့ဆရာကြီးက အဂ္ဂိရတ် ထိုးတ[illegible] ရဲရှင်က ဖိုဆွဲ။ (၄)ကြိမ် လုပ်တယ် ပြောတယ်'

တရုတ်မှော်မှာ မောင်ရှင်(၂)ယောက်ရှိတယ်။ [illegible] ပြောတာက ဦးရဲရှင်၊ ဖ.ဆ.ပ.လခေတ် ပျူစောထီး[illegible] တွေဖွဲ့တော့ ဦးမောင်ရှင်က ခေါင်းဆောင်။ မော[illegible] ကနေ ရဲရှင်လို့ နာမည်ပြောင်းလိုက်တယ်။

ဦးရဲရှင်က သူ့ကို ဦးမောင်ရှင်လို့ ခေါ်ရင် မကြို[illegible]



www.burmeseclassic.com

www.burmeseclassic.com

ရဲရှင်မှ ရဲရှင်။

ဖိုးဟန်ကငယ်ငယ် (၇)နှစ်သား။ ကျောင်းနေစအရွယ်။ အထက်တန်းကျောင်းရဲ့ခြေရင်း မြောက်ဘက်ကပ်လျက် ဦးရဲရှင်ရဲ့ သွပ်မိုး ပျဉ်ထောင်အိမ်ကြီးရှိတယ်။

တစ်နေ့တော့ ဖိုးဟန်တို့ကစားနေတဲ့နေရာ…ကျောင်းမျက်နှာစာ ညောင်ပင်အောက်ကို ဦးရဲရှင် ရောက်လာတယ်။ သူ့လက်ထဲမှာ လက်ကိုင်ပဝါ အဖြူလေး တစ်ထည်။

ဖိုးဟန်တို့အနား ဦးရဲရှင် ရောက်လာတော့ လက်ကိုင်ပဝါကို လက်နှစ်ဖက်နဲ့ ဆွဲဆန့်။ ဖြန့်ပြတယ်။ လက်ထဲမှာ လုံးချေပြီး ဖိုးဟန်တို့ရှေ့ (၅)တောင်ကွာလောက်ကို [illegible]စ်ပေါက်ပြီး ချလိုက်တယ်။

လက်ကိုင်ပဝါက မြွေကြီးဖြစ်သွားတယ်။ ခေါင်းကြီးထောင်လို့။ ခေါင်းအောက်မှာ လည်ပင်းကြီးက ပြားနေတယ်။ ဦးရဲရှင်က လက်ဖျောက်တီးပြီး မြွေကြီးကို [illegible]ဆီခေါ်တယ်။

လေးတန်းကျောင်းသား ကိုကြည်စိန် မြင်တာနဲ့ [illegible]လာပြီး "မြွေဟောက်ကြီး…မြွေဟောက်ကြီး" လို့ [illegible]တယ်။

ကိုကြည်စိန် အော်သံကြောင့် ဆရာကြီးဦးဘလှိုင်နဲ့ [illegible] ဆရာမတွေ အပြေးရောက်လာကြတယ်။

ဦးရဲရှင်က မြွေကြီးကို ညာလက်နဲ့အုပ်…ဆုပ်လိုက် [illegible]ပဝါ။

ဆရာကြီး ဦးဘလှိုင်က…

'[illegible]ယ်ရဲ့ ကလေးတွေကို မစပါနဲ့။ မထိတ်သာ မလန့်သာဗျာ။ [illegible]နေပါ့မယ်။ မလုပ်ပါနဲ့ဗျာ။ တောင်းပန်ပါတယ်'

[illegible]တော့…

'[illegible]မှာ ဒီပညာ ရှိတယ်ဆိုတာ ပြလိုက်တာ'

[illegible] ပြောပြောဆိုဆို ချာခနဲလှည့်။ သူ့အိမ် ပြန်သွား[illegible]

[illegible]ကြီးပြောတာ အဲဒီဦးရဲရှင်…ဗိုလ်ရဲ။

'[illegible]ဟန် မင်း ဒီဓာတ်ကို မီးကာစားချင်လို့လား'

'[illegible](၅)ကျပ်သားက မလျော့…ပြဒါးသေသတဲ့ဗျ' [illegible]ဓာတ်ကို ထိုးချင်နေပြီပေါ့။ ဟုတ်လား'

'[illegible]ယ်တကြီး။ ဓာတ်ပစ္စည်း အစုံရှိတယ်။ မော်လမြိုင်



ကဲလဲ ဝယ်လာသေးတယ်။ မငြိုမငြင် ထိုးချင်သလို ထိုးလို့ရတယ်'

'စိတ်ရှည်ရလိမ့်မယ် မောင်ဖိုးဟန်။ မင်းက စိတ်တိုတယ်။ စိတ်ဆတ်တယ်။ လက်တစ်ဆစ်။ မဖြစ်ပါဘူးကွာ'

'ဖြစ်အောင်ထိုးမယ် ဘကြီး။ ကျမ်းရင်းလက်ာထဲက ဦးရဲရှင် ပြောပြထားတာတွေ ပြောပါ။ ထိုးမှာ'

'မပြောဘူးကွာ။ ဓာတ်ထိုးတော့မှ ပြောမယ်။ ဘယ်နေ့ ထိုးမလဲ'

'မနက်ဖြန် ထိုးမယ်။ အကုန်ရှိတယ်။ အလုပ်အားတယ်'

'ညွှန့်မောင် မင်းကြားတဲ့အတိုင်းပဲ။ ဖိုးဟန်ကို ငါကြောက်တယ်။ ပြောမရ၊ ဆိုမရ၊ ဖျောင်းဖျလို့မရ။ လုပ်ချင်တာ စွတ်လုပ်တဲ့ တဇောက်ကန်းကြီး။ တစ်ပွဲတစ်လမ်း စမ်းကြည့်ပေါ့ကွာ'

ဦးညွှန့်မောင်က ခေါင်းညိတ်။ ဖိုးဟန်ကို ပြုံးပြုံးကြီး ကြည့်တယ်။ ဓာတ်ဆီကိုး။

ဘကြီးက ပြက္ခဒိန်ဓာတ်ကို လှမ်းကြည့်ပြီး…

'တားမရရင် ထိုး။ မနက်ဖြန် နေ့လဲကောင်းတယ်ကွ။ ရက်ရာဇာ လဲ ကျတယ်။ အမြိတ္တစုတ်'


ဦးညွှန့်မောင်က ကြားဝင်လာတယ်။

'ဓာတ်လမ်းစဉ်မှာ လျှို့ဝှက်ချက်တော့ ရှိလိမ့်မယ်။ မင့်ဘကြီးက ဗိုလ်ရဲ ပြောစကား နားနဲ့ကြားထားတဲ့ ကြားသိ။ သိတဲ့သူက ပြောရင် မင်း နားထောင်ရမယ်။ ဘယ့်နှယ်လဲ'



www.burmeseclassic.com

www.burmeseclassic.com



'နားထောင်မယ်ဗျာ၊ နားထောင်မယ်'

'ဟုတ်ပါ့မလား...မောင်ကာဠုရဲ့'

'ဥသျှစ်ပင်ကျောင်းဆရာတော်ကြီး ဆိုဆုံးမဖူးတယ်။ ''အဂ္ဂိရတ်'' စိတ်ရှည်ရမယ်။ စိတ်မရှည်ရင် လိုရာပြီးမြောက် ခရီးမရောက်တဲ့။ အလွန်ချော့ရတယ်ဆိုပဲ။ ဆရာတော်ကြီး နိုင်းနှိုင်းပြတဲ့ ဥပမာကိုတော့ မပြောတော့ပါဘူး'

'မနက်ဖြန် မင်းလာရင် ဘာမှ ယူမလာခဲ့နဲ့။ မဟာသိဒ္ဓိကျမ်းရင်းကြီး ဒုတိယတွဲပဲ ယူလာ။ လုံးရှိတယ်။ လုံးကိုဖော်မံရမယ်'

'လုံးကို ရွှံ့နဲ့ ဖော်မံတာများ ဘာကြီးရယ်။ ခက်ခက်ခဲခဲ'

'ဟော့ကောင် ဖိုးဟန်... မင့်အသိက နယ်လွန်နေတယ်။ ရဲရှင်က ဆရာကွ။ သူပြောတဲ့အတိုင်း တစ်သဝေမတိမ်း လုပ်ဆောင်ရမယ်။ သူ ပြောထားတာတွေ အကုန်မှတ်မိတယ်။ အခုထိ ကြားယောင်နေတုန်းပဲ။ မင်း ထင်ရာလျှောက်ပြောမနေနဲ့'

ဖိုးဟန် အသာလေးငြိမ်။ ကုပ်နေရတယ်။ ခွန်းတုံ့မပြန်ဝံ့ဘူး။ ရေနွေးသောက်ရင်း မော်လမြိုင် ဆရာအုတတ်သင် တက်ခဲ့စဉ်က ထူးခြားကြောင်းရာတွေ မေးကြလို့ ပြန်ပြောင်း ပြောပြရတယ်။ အကြာကြီး။ မနက်စာ စားခါနီးမှ အိမ်ပြန်ခဲ့တယ်။

နောက်နေ့မနက် ဘကြီးအိမ်ကို ဖိုးဟန် ရောက်သွားတော့ ဗိုလ်ညွန့် ရောက်နေပြီ။ တစ်အောင့်လော... တောင်ကြာပြီဆိုပဲ။ စားပွဲပေါ်မှာ လုံတစ်လုံး။ (၅)နံ... ဖောက်လုံ လုံရှည်။ မှောက်တင်ထားတယ်။

ဖိုးဟန်က ''မဟာသိဒ္ဓိကျမ်းရင်းကြီး'' ဒုတိယတွဲ... ဘကြီးလက်ထဲ ထည့်လိုက်တယ်။

'မင်း...ဖတ်'

'မဖတ်ဘူးဗျာ၊ အလွတ်ရတယ်'

'အောင်မယ် ကြွားနေပြန်ပြီ။ ဟုတ်မှ လုပ်ပါ...

နမောတဿ...ကစပြီး ဖိုးဟန် ရွတ်ချလိုက်တ... ကြောင်းမှစွန်စား ကျွတ်ကျွတ်ဝါးသို့။ အမှား... လုံးပတ်စေ့။

'လောကီသိပ္ပံ ပညာဥာဏ်ဖြင့် ထက်သန်သောသူ ဤ... ယူကြစေသား သဘောထား၍ မိန့်ကြားခဲ့သည် ပီးနား... စီရင်ကြလော့......'

အာဂုံဆောင်သမျှ ရွတ်လို့မှ အစရှိသေး...ဘကြီး... ''ရပ်...ရပ်''တဲ့။ ...ဖိုးဟန်မှာတော့ နားဝေတိမ်... ဦးညွန့်မောင်က ယောင်နန။

**'တာမွဲဝိဇ္ဇာဆရာတော်ကြီးရဲ့ ပညာနဲ့ ထော... ကျမ်းရင်းအစမှာပဲ မင်းတို့ မြင်ကြရပြီ။**

**နောင်လာနောက်သား၊ တပည့်တွေ ဦး(၃)ကြိမ်... အကြိမ်ကြိမ် ဦးနှိမ်ချ စိတ်ကာရိုကျိုး လက်စုံမိုး ... ကြရမှာကွ။ အေး... အာစရိယဆရာထံက ပညာ... ဦး(၃)ကြိမ်ချ ကန်တော့ပြီးမှ ပညာယူရတယ်။**

ဒီစာအုပ်က ဆရာတော်ကြီးရဲ့ ကိုယ်ပွားကို... ဆရာတော်ကြီးကဲ့ စိတ်အာရုံညွတ်ပြီး ဦး(၃)ကြိမ်... ကန်တော့ကြ...။ ပညာပေးဖို့ တောင်းပန်... ထားကြ...'

''မဟာသိဒ္ဓိကျမ်းရင်းကြီး'' ဒုတိယတွဲ ... စားပွဲပေါ်တင် ဘကြီး အပါအဝင် (၃)ယော... မြေပြင်မှာ ဝပ်စင်းလို့ ဦး(၃)ကြိမ်ချ ကန်... ပညာတောင်းကြ။ ပီတိသောမနဿ။

**ရွှေလ ဆက်ဖတ်ပါရန်**

**ရွှေတောင် ခင်မောင်ကြည်**



www.burmeseclassic.com

www.burmeseclassic.com

# ငွေ ပွင့် ပွေးမြူ


## ဖမ်းဆီး ရောင်းဝယ်ရေးလုပ်ငန်း အကျိုးပေးခြင်းနှင့် လက္ခဏာပညာ


သရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ


ယခု ဖော်ပြထားသော လက္ခဏာ
...မှာ **အသက်(၄၄)နှစ်အရွယ်
...မျိုးသားတစ်ဦး** ဖြစ်ပါသည်။

**(က)အက္ခရာနှင့်** ညွှန်ပြထား
...သာ သင်္ကေတမှာ **ဉာဏလမ်း
...ကြောင်းနှင့် ကာယလမ်းကြောင်း
...များ ကွာဟနေခြင်းဖြစ်သည်။**
ကိုယ်ပိုင်လုပ်ငန်း တည်ထောင်လုပ်ကိုင်
အကျိုးပေးနိုင်သော သင်္ကေတ ဖြစ်ပါ
သည်။


**(ခ)အက္ခရာနှင့်** ညွှန်ပြထား
...သာ သင်္ကေတမှာ လက်သူကြွယ်
...အောက် တနင်္ဂနွေဂြိုဟ်ခုံပေါ်မှာ
**...ဒေါင်လိုက်မျဉ်းပြိုင်ရှိခြင်း** ဖြစ်
...သည်။




...ထိုသင်္ကေတ
...မှာ လုပ်ငန်း
...အောင်မြင်
...အဆင်ပြေတိုးတက်ခြင်း၊
...ငွေအစုအပုံ ဝင်ရောက်
...ပြည့်စုံချမ်းသာခြင်းကို ဖြစ်စေနိုင်
...သည်။

**(ဂ)အက္ခရာနှင့်** ညွှန်ပြထား
...သာ သင်္ကေတမှာ **ငွေဝင်လမ်း
...ကောင်းခြင်း။ ကုန်သည်အလုပ်၊
...ပညာအလုပ်၊ ရေကြောင်း
... အတွက်ပစ္စည်းအလုပ်**

www.burmeseclassic.com




**များ အကျိုးပေးခြင်း** ဖြစ်စေနိုင်ပါသည်။

**(ဃ)အက္ခရာနှင့်** ညွှန်ပြထားသော သင်္ကေတမှာ **ကမ္မလမ်း (ထီးရိုး)**သည် တနင်္လာဂြိုဟ်ခုံအောက်မှ စတင်ပြီး ကမ္မလမ်းပေါ်မှ ဗုဒ္ဓဟူးဂြိုဟ်ခုံအောက်သို့ လမ်းခွဲတစ်ခု ထွက်နေခြင်း ဖြစ်ပါသည်။

ထိုသင်္ကေတကြောင့် တနင်္လာဂြိုဟ်ခုံနှင့် ဗုဒ္ဓဟူးဂြိုဟ်ခုံတို့ကို အားကောင်းစေပြီး ရေကြောင်းဆိုင်ရာလုပ်ငန်းများ၊ ရေထွက်ပစ္စည်းများ လုပ်ကိုင်ရောင်းဝယ်ခြင်း အကျိုးပေးစေပါသည်။

**(င)အက္ခရာနှင့်** ညွှန်ပြထားသော သင်္ကေတမှာ **ကမ္မလ[...] ကြောင်းနှင့် ကာယလမ်းကြော[...]** အောက်ခြေတို့မှာ **ငွေအ[...] သဏ္ဍာန်၊ အမြစ်ဥသဏ္ဍာန် ရှိ[...]** ဖြစ်ပါသည်။


ထိုသင်္ကေတကြောင့် စီးပွားရေးလု[...] ကြီးများ တည်ထောင်လုပ်ကိုင် အော[...] ကံကောင်းနိုင်ပါသည်။


လက္ခဏာပညာအရ လက်[...] ပြင်၌ အထက်ဖော်ပြပါ သင်္ကေ[...] (၅)ချက်အရ ငါး၊ ပုစွန် မွေးမြူ[...] ဖမ်းဆီးရေး၊ ရောင်းဝယ်ရေးလု[...] များ လုပ်ကိုင် စီးပွားဖြစ်ထွ[...] ပေးသည်။

[...]

လက္ခဏာ[...]
အဆိုပါ လုပ်[...]
လုပ်ကိုင်အော[...]
လျက်ရှိသူတစ်ဦး ဖြစ်[...]

* * *






*အောင်မြင်ကျော်ကြား [...] ကြီးပွားအောင်...*

**ဆရာကြီး ဦးအော[...]**
*(ဉပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာ[...]**






www.burmeseclassic.com

www.burmeseclassic.com

# လိင်ဥရောင်ရောဂါဆေး

## လင်းတပါးပျဉ်းမြစ်နှင့် ခွေးလျှေးယားမြစ်

ထွေးအောင်





ဆေးနည်းပြောပြသော
သန့်တည်းခိုခန်းပိုင်ရှင် ဦးငြိမ်း

လင်းတပါးပျဉ်းပင်

ညနေမှ ဆေးခန်းဖွင့်တာမို့ ပြီးရင် ကျောက်ဆည်ပြန်ဖို့ မလွယ်တော့ဘူး။ တည်းခိုခန်း၊ ထမင်းဖိုး၊ ဆေးဖိုးဝါးခ သိပ်ထောင်းတာပဲ။

ဆေးစစ်ပြီး ခွဲစိတ်ဖို့ ရက်ချိန်းပေးလို့ ကျောက်ဆည်ပြန်နားရချိန် စောလှကုန်း သူငယ်တော်ရွာက ဦးကြီးတစ်ယောက်ပေးတဲ့ မြန်မာဆေးနည်းနဲ့ ကုလိုက်တာ မခွဲမစိတ်ရဘဲ ကောင်းသွားတယ်။ ငွေကုန်သက်သာပြီး အစွမ်းထက်တဲ့ ရိုးရာဆေးကောင်းတွေ ရှိပါတယ်။ ဒါကို အထောက်အထား ခိုင်မာစွာ ဖော်ပြပေးလို့ အကျိုးရှိတယ်လို့ ပြောရတာပါ'

'ဆရာကြီး အခန်းက ကျနေ ခံထားတော့ အခုအချိန် ပူအိုက်နေမှာပဲ။ ဆောင်းတွင်းဆိုရင် အတော်ပဲ။ နွေးနွေးထွေးထွေး ရှိတယ်'

ကျောက်ဆည်မြို့၊ ရုံးကြီးလမ်းရှိ "သန့်" တည်းခိုခန်း ...ှင်း အိုက်စပ်စပ်ရှိလှသဖြင့် ညည့်ခန်းသို့ ထွက်လာစဉ် ...်ဦးငြိမ်းက ပဋိသန္ဓာရ စကားဆိုခြင်း ဖြစ်သည်။

'ဆရာကြီးတို့ မဂ္ဂဇင်းက ဆေးနည်းတွေလဲ ဖော်ပြတော့ အကျိုး ...ယ်ဗျာ။ ကျွန်တော့်သားလေး (၃)နှစ်သားလောက်က လိင်ဥ ...င်လို့ မွန္တလေး အထူးကုဆီ သွားစစ်ဆေးကြည့်တယ်။

ဦးငြိမ်းက သူ့သားငယ်ရောဂါအကြောင်း ဆက်လက်၍ ပြောပြသည်။ **ကလေးမှာ လိင်ဥတစ်ဖက် အနည်းငယ်ကြီးကာ ရောင်တင်းလာပါက ရောဂါတစ်ခု**

နတ္ထုဗ္ဗာရောင်ခြည်မဂ္ဂဇင်း၂၀၀၃ စာမျက်နှာ (၂၄၆) သို့

www.burmeseclassic.com





မေ-ပုပါး

ထူးဆန်းသော

# ဆာဒူးကြီးရဲ့စကား

[ ၁ ]

လောကတွင် တကယ့်ဖြစ်ရပ်မှန်သည် စိတ်ကူးယဉ်ဝတ္ထုထက် လွန်စွာ ဆန်းကြယ်လှပါသည်။

[ ၂ ]

ကျွန်မသည် ပင်ကိုသဘာဝအားဖြင့် မည်သည့်ကိစ္စမဆို လက်တွေ့မှ ယုံတတ်ပါသည်။ စိတ်ကူး မယဉ်တတ်ပါ။ လွန်ခဲ့သည့် **၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ပထမပတ် တနင်္ဂနွေနေ့ နံနက်(၇)နာရီခန့်တွင်** ဖေဖေ့ စာရေးစားပွဲရှေ့သို့ ကုလားအဘိုးကြီးတစ်ဦး လာရပ်ပါသည်။

ကျွန်မဖေဖေသည် ထိုစဉ်က **သထုံခရိုင်၊ ဇင်းကျိုက်ကျေးရွာလေးတွင်** ရဲဌာနာအုပ်(ယခုအခေါ် ရဲစခန်းမှူး) တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

ထိုကုလားအဘိုးကြီးသည် [illegible] မပါ၊ ကိုယ်အထက်ပိုင်း [illegible] အဝတ်ဖြူပိုင်းတစ်စကိုသာ [illegible] ပတ်ထားပါသည်။

ခေါင်းထိပ်တွင် ဆံထုံး [illegible] သည်မှာ နှစ်ပေါင်း မည်မျှ [illegible] မသိပါ။ ဂျပ်ခဲကြီးပင် ဖြစ် [illegible]

မည်သည့်ပစ္စည်းမှလည်း [illegible] တွင် မပါ။ အထူးခြားဆုံးမှာ [illegible] မျက်လုံးများပင် ဖြစ်ပါသည် [illegible]

ထိုစဉ်က ပဌမတန်း [illegible] မျှသာ ရှိသေးသော ကျွန် [illegible] လူ၏ ခန္ဓာကိုယ်ကို ဖောက် [illegible] မလှားဟုပင် ထင်ရသော [illegible]



www.burmeseclassic.com

www.burmeseclassic.com

ကြည်အေးချမ်း၍ စူးရှလွန်းသော သူ၏ မျက်လုံးများကို တအံ့တဩ ဖြစ်ခဲ့မိပါသည်။

ဖေဖေက **"အဲဒါ ဆာဒူးကြီး"** ဟု တိုးတိုးလေး ပြောပြပါသည်။ ဆာဒူးကြီးဆိုသည့် ဖေဖေ့စကားကို ထိုစဉ်က ကျွန်မ နားမလည်ခဲ့ပါ။

ဖေဖေ ညှော်ဝတ်ပြုသည့် လက်ဖက်ရည်နှင့်မုန့်များကို ငြိမ် သက်တိတ်ဆိတ်စွာ စားပါသည်။ စားပြီးနောက် ဖင်းကျိုက်ရေတံခွန်သို့ လိုက်ခဲ့ရန် ဖေဖေ့အား ခေါ်ပါသည်။

ဖေဖေ၊ မေမေ၊ ကျွန်မနှင့် ကျွန်မ ၏မမ၊ အစောင့်ရဲသားနှစ်ယောက်နှင့် ဆာဒူးကြီးပါ (၇)ဦး ဖင်းကျိုက်ရေတံခွန်သို့ သွားခဲ့ကြပါသည်။

ဆာဒူးကြီးသည် ရေအနက်ဆုံး နေရာသို့ တဖြည်းဖြည်း ဆင်းသွားပြီးလျှင် ရေအောက်သို့ တင်ပျဉ်ခွေလျက် ထိုင်ချလိုက်ရာ မြုပ်သွားပါတော့သည်။

ကျွန်မသည် ကလေးအတွေးဖြင့် ဆာဒူးကြီး ရေနစ်သေသွားမည်ကို စိုးရိမ်ကြီးစွာ ငေးကြည့်နေခဲ့မိပါသည်။

ဆာဒူးကြီးသည် ရေအောက်မှ တင်ပျဉ်ခွေထိုင်လျက် အနေအထားဖြင့်ပင် ပက်လက်ပေါ်လာပြီး မျက်စိမှိတ် လက်ပိုက်ကာ ရေပေါ်တွင် ခေါ်လောမျှောနေပါသည်။

ဆာဒူးကြီး ရေထဲ စ,ဆင်းချိန်ကပင် ဖေဖေသည် နာရီကြည့်၍ မှတ်ထားပါသည်။ အတော်ကိုကြာမှ ရေထဲက ပြန်တက်လာပါသည်။



ဖေဖေမှ...

'ရေပေါ်တွင် အချိန်(၁)နာရီကြာထိ ပက်လက်နေနိုင်အောင် ဘယ်လိုကျင့်ကြံ အားထုတ်ပါသလဲ'

ဟု မေးရာ ပြုံး၍သာ နေပါသည်။ အဖြေပြန်မပေးပါ။

ထို့နောက် အံ့သြခြင်းကြီးစွာဖြင့် မော့ကြည့်နေသော ကျွန်မ၏ ခေါင်းပေါ်သို့ ဆာဒူးကြီးက လက်ဝါးဖြင့် အုပ်ကိုင်ပြီး...

'ဒီကလေး ကြီးလာရင် ထူးခြားတဲ့ ဆရာသမားနဲ့တွေ့ပြီး ထူးခြားတဲ့ ဆရာမ တစ်ယောက် ဖြစ်လာလိမ့်မယ်'

ဟု ပြောပြီး တစ်လှမ်းချင်း ထွက်ခွာသွားပါသည်။

ထိုစဉ်က (၁၀)နှစ်အရွယ် ကျွန်မ သည် "ငါ ကြီးလာရင် ကျောင်း ဆရာမ ဖြစ်လိမ့်မယ်လို့ ပြောသွားတာပဲ" ဟု ပေါ့ပေါ့ပါးပါးလေးသာ တွေးခဲ့မိပါသည်။

ထို ပေါ့ပေါ့ပါးပါး အတွေးလေး သည် ယခုအခါ လေးလေးနက်နက် အဓိပ္ပာယ် ရှိလာပြီ ဖြစ်ပါသည်။

## [၃]

ကျွန်မ အသက်(၂၆)နှစ်တွင် ဘဝတစ်လျှောက်လုံး၌ စိတ် အဆင်းရဲဆုံး နေ့ရက်များကို ကြုံ တွေ့ခဲ့ရသော်လည်း စိတ်၏ထွက် ပေါက်ကို မှန်ကန်စွာ ရှာတတ်ခဲ့ပါ သည်။

ထိုနည်းမှာ တစ်နေ့တစ်ကြိမ် ဂုဏ်တော်ကိုးပါး တစ်ပုဒ်ဆုံးလျှင် ပုတီးတစ်လုံးချဖြင့် နေ့စဉ် မပျက် မကွက် လုံးရေတစ်သောင်း စိပ်ဖြစ် ခဲ့ပါသည်။ (၁၀၈)လုံးပါ ပုတီးဖြင့် (၉)ပတ်နှင့် (၂၈)လုံး စိပ်ရပါသည်။

ထိုသို့ မှန်မှန်စိပ်လာပြီး (၇)နှစ် အကြာတွင် ယခု ရတနာဂူမြတ်စွာ ဘုရားအနီး အမရပူရရှိ သာသနာ ပြုနေသော **"အဘကြီး"**နှင့် တွေ့ဆုံရပါတော့သည်။

တွေ့ဆုံပုံမှာလည်း အဘ၏ သီလ,သမာဓိ၊ အဘ၏ ထူးခြားမှု ဂုဏ်သတင်းများကို ကြားရစဉ် မယုံ၍ ရန်ကုန်မှ အမရပူရရှိ အဘ ထံသို့ **၁၉၈၆ ခုနှစ်၊ စက်တင်ဘာလ** က လာခဲ့ခြင်း ဖြစ်ပါသည်။

အဘနှင့်တွေ့ပြီး သိပ္ပံပညာနှင့် တိုင်းတာ၍ ဘယ်လိုမှ မရနိုင်သော ကိစ္စရပ်များ များစွာကြုံတွေ့ရပါ သည်။

အဘ၏ အံ့မခန်းသော ပညာရပ် များစွာအနက် ထူးခြားဖြစ်စဉ်တစ်ခု မှာ ၁၉၈၉ ခုနှစ်၊ သကြ်န်အတက်နေ့ တွင် ပုပ္ပါး၌ လူ(၅၀)ကျော်ခန့်ရှေ့ တွင် လေထဲမှ ဆွဲယူပေးလိုက်သော ဉာဏ်တော် အမြင့်(၆)လက်မခန့်ရှိ လာဘမုနိရုပ်ပွားတော်ပင် ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ယခု ကျွန်မနေအိမ်တွင် ကိုးကွယ်ထားပါသည်။

၁၉၉၂ ခုနှစ်တွင် ကျွန်မသည် ရန်ကုန်မှလာ၍ အမရပူရရှိ အဘအား လာရောက်ကန်တော့ပါသည်။ ထိုစဉ် အဘကြီးဘိုးမင်းခေါင် အဘထံတွင် ဓာတ်စီးကြွလာပြီး...

'ဓာတ်နတ်သိုက်ပိုင်း ဆိုင်ရာကို မဖြစ်မနေ သင်ရတော့မယ်။ နောက်လ (၂၅) ရက်အတွင်း အမရပူရသို့ ရွှေ့လာ'

ဟု အမိန့်ချပါသည်။

ကျွန်မလည်း...

'ရာသီဥတု အစားအသောက် အနေအထိုင် ရန်ကုန်နဲ့မတူသလို ဆွေမျိုးသားချင်းမရှိတဲ့ သူများတွေ စော်ကားကြန်မြဲကြမှာကို ကြောက်ပါတယ် မရွှေ့ပါရစေနဲ့'

ဟု မျက်ရည်ပေါက်ပေါက်ကျပြီး ပြန်ငြင်းခဲ့မိပါသည်။

အဘမှ ကျွန်မအား...

'ညည်း... တစ်ချိန်မှာ လှူမ်းလှူမ်းတောက် အောင်မြင်မှ ဘိုးမင်းခေါင်စေတနာ နားလည်ပါလိမ့်မယ်။ စကားနားထောင်ပြီး ပြောင်းလာခဲ့ပါ'

ဟု မိန့်ပါသည်။

[ ၄ ]

သို့နှင့်... ကျွန်မတို့မိသားစု အဘကြုံရှိသော ရတနာဂူဘုရားသို့ အဘကြီးဘိုးမင်းခေါင်၏ မိန့်ကြားချက်ဖြင့် ရွှေ့ပြောင်းလာရာ (၂၆-၂-၁၉၉၂)မှဆိုလျှင် အမရပူရရောက်သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ ဖြစ်ပါသည်။

ထိုကာလအတွင်း အဘ၏ ကျင့်ကြံအားထုတ်မှု၊ သီလ,သမာဓိ ဂုဏ်အံ့ရ၊ အဘ၏ ပါရမီအရ မယုံနိုင်စရာ ကောင်းလောက်သော ထူးဆန်းအံ့သြဖွယ်ရာများ များစွာ ကြုံတွေ့ခဲ့ရသကဲ့သို့ မေတ္တာ... ခန္တီအရာတွင်လည်း အတုယူဖွယ် ပညာများ များစွာရခဲ့ပါသည်။

[ ၅ ]

၁၉၆၂ ခုနှစ် လွန်ခဲ့သော(၄၂)... က ထူးဆန်းသော ဆာဒူးကြီး... တစ်ခွန်းတည်းသော စကားသည် ၂၀၀၄ ခုနှစ်တွင် ရာခိုင်နှုန်း... မှန်ကန်ခဲ့ပါသည်။

ထို့ကြောင့်ပင် လောက... တကယ့်ဖြစ်ရပ်မှန်သည် စိတ်... ယဉ်ဝတ္ထုထက် လွန်စွာ ဆန်းကြ... လှပါသည်။

မေ-ပုပါး

စာမျက်နှာ (၂၀၃)မှ အဆက်

**ဖြစ်တော့မည်ကို ကြိုသိရသည်။** အနောက်တိုင်းနည်းဖြင့် ခွဲစိတ်ရန် စိတ်လေးနေစဉ် လူနာရှင်တစ်ဦးဖြစ်သော ထိုဦးကြီးက **လင်းတပါးပျဉ်းမြစ်၊ ခွေးလေးယားမြစ် ဆတူယူ၍ ဆန်ဆေးရည်ဖြင့် မပျစ်မကျဲသွေးကာ လိင်ဥအား အောက်မှ အထက်သို့ လိမ်းတင်ပေးရသည်။ ရေချိုး၍ ဆေးပျယ်သွားပါက ထပ်မံလိမ်းပေးသည်။**

တစ်နေ့လျှင် အနည်းဆုံး (၃)ကြိမ် (၇)ရက်ခန့် လိမ်းပြီးသည့်အခါ နဂိုအတိုင်း ပြန်ကျ၍ ကျန်းမာရွှင်လန်းလာခဲ့သည်။ ယခုအခါ အိမ်ထောင်ကျနေပြီဖြစ်သော သားငယ်ဝေဒနာရှင်သည် ထိုအချိန်မှစ၍ လုံးဝ ပြန်ဖြစ်မှု မရှိဟု သိရသည်။

'ပညတ်အရ ဓာတ်သက်ယူတာလို့ ထင်တယ်။ ကျွန်တော့်တို့အခေါ် လင်းတလပျဉ်း(လင်းတပါးပျဉ်း)၊ ငွေးငယ်မြစ် (ခွေးလေးယား... ခေါ်သကို။ လည်ပျဉ်း(လပျဉ်း)ဆိုတာ လိင်ဥအောက်ကို ... တာ၊ ခွေးငယ်(ငွေးငယ်)ဆိုတဲ့အတိုင်း ကြီးနေ၊ ရော... ငယ်သွားစေတယ်။ ဆန်ဆေးရည်ဆိုတဲ့အတိုင်း အထက်... လိမ်းတင်ပေးရတယ်။

ဘေသဇ္ဇ အရှက်အမြစ်စွမ်းအင်နဲ့ ပညတ်ဓာတ်သက်... ရောဂါပျောက်သွားစေတာပေါ့။ ဆေးနည်းပေးတဲ့ ဦးကြီး... သွားကန်တော့၊ ဒါနပြုခဲ့ပါတယ်'

ဦးငြိမ်း၏ ကိုယ်တွေ့ဆေးနည်းမှာ အံ့ကျို... သူ၏အယူအဆမှာလည်း စိတ်ဝင်စားဖွယ်... သဖြင့် မှတ်တမ်းပြု တင်ပြအပ်ပါသည်။

ထွေးမောင်



www.burmeseclassic.com

www.burmeseclassic.com

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ

# ကျန်းမာရေးအတွက်

အကြံပေးချက်

ဆေးသုတေသီ



**▲ မိဿရာသီဖွား [မတ်လ(၂၁)ရက် မှ ဧပြီလ(၂၀) ရက်အတွင်းမွေးသူ]တို့သည် တေဇောဓာတ်စာကို အားပြုစားသုံး၍ အာပေါဓာတ်စာကို လျှော့ပေါ့သုံးဆောင်ပါ။**

တေဇောဓာတ်စာ ။ ။ မြွေပွေးသား၊ မြွေဟောက်သား၊ ငါးပြေမ၊ ငါးဖမ်းမ၊ ငါးတန်၊ ကကတစ်၊ ကဘီလူး၊ ငါးကြင်း၊ ငါးသလောက်၊ ကြောင်သား၊ ကြွက်သား၊ ရှဉ့်သား၊ တောင်ကြောင်သား၊ တောကြက်သား၊

ဒူးရင်းသီး၊ ရဲယိုသီး၊ သဘော်သီးမှည့်၊ ဩဇာသီး၊ စောင်းလျားသီး၊ မရန်းသီး၊ သံပရာသီး၊ ရှောက်ချဉ်သီး၊ ဆီးချဉ်သီး၊ ကနစိုးသီး၊ လက်လုပ်ချဉ်မျိုးစုံ၊ မုန်လာဥ၊ မှို၊ မျှစ်၊ ကြက်သွန်ဖြူ၊ ချင်း၊ ပိတ်ချင်း၊ ငရုတ်ကောင်း၊ ငရုတ်သီး၊ ကရဝေး၊

သစ်ကြပိုး၊ လေးညှင်း၊ ပတဲကော၊ ဘဲပြားရွက်၊ ဒန့်သလွန်ရွက်၊ တောင်သလဲရွက်၊ ပေါက်ပန်းဖြူ၊ ပေါက်ပန်းနီ၊ ကြိတ်မှန်ရွက်၊ ကင်ပွန်းရွက်၊ ကန့်ချုပ်နီ၊ ချဉ်ပေါင်၊ လဲလူရွက်၊ ဝါရွက်၊ သက်ရင်းငုံ၊ ကြာဟင်း၊ ကုက္ကိုရွက်၊ ထန်းရည်၊ ဝဥ၊ အင်ဥ၊ ပီလောပီနံဥ၊

ဝါယောဓာတ်စာ ။ ။ ငါးခုံးမ၊ ငါးမြင်း၊ ငါးမြစ်ချင်း၊ ကဘီလူး၊ ကကတစ်၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ၊ လိပ်ဥ၊ ငှက်မျိုးစုံ၊

ကင်ပွန်းရွက်၊ မာလာဖူး၊ ပုတတ်စာ၊ သရက်ကင်းဥ၊ ချွေးတောက်ရွက်၊ သပွတ်ခါးသီး၊ ကြောင်လျှာသီး၊ သဘော်သီးရင့်၊ တမာရွက်၊ ယင်းပြား၊ ရှားစောင်း၊ သက်ဖက်၊ ကန့်ကလာ၊

ကြက်ဟင်းခါး၊ မဲဇလီ၊ ဆီးဖြူသီး၊ ဖန်ခါးသီး၊ မုန်လာရွက်၊ သခွတ်ပွင့်၊ လက်ပံပွင့်၊ ဆူးပုပ်ရွက်၊ ကစော့ခါး၊ ကြောင်ပန်းရွက်၊ စပါးလင်၊ မန်ကျည်းမှည့်၊ ဟင်းနုနယ်၊ ထန်းလျက်၊ ကနဖော့၊ မုန်ညင်းခါး။

**▲ ပြိဿရာသီဖွား [ဧပြီလ(၂၁)ရက်မှ မေလ(၂၀) ရက်အတွင်းမွေးသူ]တို့သည် ပထဝီဓာတ်စာကို အားပြုစားသုံး၍ အာပေါဓာတ်စာကို ရှောင်ကြဉ်သင့်သည်။**

ပထဝီဓာတ်စာ ။ ။ ကြက်သား၊ ချိုးသား၊ ခါသား၊ ဆတ်သား၊ ချေသား၊ သမင်၊ ဒရယ်သား၊ ဆိတ်သား၊ ဝက်ပေါင်သား၊ အမဲ(နွား)သား၊ ဖွတ်၊ ပုတတ်သား၊ လင်းမြွေ၊ စပါးကြီးမြွေ၊ ပုရစ်၊ ပလူ၊


ငါးခူ၊ ငါးရှဉ့်၊ ငါးကြင်း၊ ငါးစင်ရိုင်း၊ ငါးစင်စပ်၊ ငါးသလောက်၊ ငါးပတ်၊ ငါးမြွေထိုး၊ ပုစွန်၊ ဆိတ်နို့၊ ကျွဲနို့၊ နွားနို့၊ ထောပတ်၊

ပိန်းဥ၊ ကိုင်းဥ၊ မျောက်ဥ၊ ကန်စွန်းဥ၊ ဥသျှစ်၊ တညင်းသီး၊ မာလကာသီး၊ ဒူးရင်းသီး၊ မန်ကျည်းမှည့်၊ ပိုးစာရွက်၊ မုန်လာဥ၊ ကောက်ညှင်း၊ ရွှေဖရုံသီး၊ မြေပဲ၊ ပဲလွန်း၊ ပဲကြီး၊ စားတော်ပဲ၊ အုန်းသီး၊ သစ်ကြားသီး၊ ဒန့်သလွန်သီး။



www.burmeseclassic.com

www.burmeseclassic.com



အာပေါဓာတ်စာ ။ ။ ရေမြွေသား၊ ကျွဲသား၊ ကြံ့သား၊ ရေကြက်သား၊ ဝက်သုံးထပ်သား၊ လိပ်သား၊ ခရု၊ ကဏန်း၊ ကနုကမာ၊ ဖျိုင်းသား၊ ဘဲသား၊ ငန်းသား၊ ဖားသား၊

ငါးလင်ပန်း၊ ငါးဖန်းမ၊ ငါးသိုင်း၊ ငါးခူ၊ ငါးကျည်း၊ ငါးရံ့၊ ငါးဝက်မ၊ ငါးသင်းအုံ၊ ကကူရံ၊ ကဘီလူး၊ ကသပေါင်း၊ ကသပို၊ ငါးသလဲထိုး၊

စပျစ်သီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ နာနတ်သီး၊ ပုံလုံသီး၊ ဘူးသီး၊ သခွားသီး၊ ကျောက်ဖရုံသီး၊ သဘော်သီးနု၊ မန်ကျည်းသီးစိမ်း၊ ဆီးချိုသီး၊ လိမ္မော်သီး၊ ရှောက်ချိုသီး၊ သရက်သီး၊ ငှက်ပျောသီး၊ မင်းကွတ်သီး၊ ရေထိကရုံး၊

ကြက်သွန်နီ၊ လယ်ပတူ၊ အောင်မဲညို၊ ရေညို၊ ကျောက်ပွင့်၊ တော်သလင်းဖူး၊ ဂေါ်ဖီထုပ်၊ နံနံ၊ ဆိပ်ဖူး၊ မုန်ညင်းဖြူ၊ ပုံးရည်ကြီး၊ ကြံရည်၊ အုန်းရည်၊ မဲဇလီကြီး၊ ဖလံတောင်ဝှေး၊ ရေသရက်ကင်းညွှန့်။

**▲ မေထုန်ရာသီဖွား [မေလ(၂၁)ရက် မှ ဇွန်လ(၂၀) ရက်အတွင်းမွေးသူ]တို့သည် ဝါယောဓာတ်စာကို အားပြုစားသုံး၍ တေဇောဓာတ်စာကို လျှော့ပေါ့ ရှောင်ကြဉ်ပါ။**

**▲ ကရကဋ်ရာသီဖွား [ဇွန်လ(၂၁)ရက် မှ ဇူလိုင်လ (၂၁)ရက်အတွင်းမွေးသူ]တို့သည် အာပေါဓာတ်စာကို အဓိက စားသုံး၍ ပထဝီဓာတ်စာကို လျှော့ပေါ့ ရှောင်ကြဉ်ပါ။**

**▲ သိဟ်ရာသီဖွား [ဇူလိုင်လ(၂၂)ရက် မှ ဩဂုတ်လ (၂၁)ရက်အတွင်းမွေးသူ]တို့သည် တေဇော ဓာတ်စာကို အားပြုသုံးဆောင်၍ ဝါယောဓာတ်စာ ကို သတိပြုဆင်ခြင်ပါ။**

**▲ ကန်ရာသီဖွား [ဩဂုတ်လ(၂၂)ရက်မှ စက်တင် ဘာလ(၂၁)ရက်အတွင်း မွေးသူ]တို့သည် ပထဝီ ဓာတ်စာကို ပိုမို စားသောက်၍ အာပေါဓာတ်စာ ကို လျှော့ပေါ့သုံးဆောင်ပါ။**

**▲ တူရာသီဖွား[စက်တင်ဘာလ(၂၂)ရက်မှ အောက် တိုဘာလ(၂၂)ရက်အတွင်း မွေးသူ)တို့သည် ဝါယောဓာတ်စာကို အားပြုသုံးဆောင်၍ တေဇော ဓာတ်စာကို ဆင်ခြင်သုံးဆောင်ပါ။**

**▲ ဗြိစ္ဆာရာသီဖွား [အောက်တိုဘာလ(၂၃)ရက်မှ နိုဝင်ဘာလ (၂၁)ရက်အတွင်းမွေးသူ)တို့သည် အာပေါဓာတ်စာကို အဓိကသုံးဆောင်ကာ ပထဝီ ဓာတ်စာကို ဆင်ခြင်လျှော့ပေါ့ပါ။**

**▲ ဓနုရာသီဖွား [နိုဝင်ဘာလ(၂၂)ရက်မှ ဒီဇင်ဘာလ (၂၀)ရက်အတွင်းမွေးသူ)တို့သည် တေဇော ဓာတ်စာကို အဓိကအားပြု၍ ဝါယောဓာတ်စာကို လျှော့ပေါ့သုံးဆောင်ပါ။**

**▲ မကာရရာသီဖွား [ဒီဇင်ဘာလ(၂၁)ရက်မှ ဇန်နဝါရီ လ(၁၉)ရက်အတွင်း မွေးသူ)တို့သည် ပထဝီ ဓာတ်စာကို အားပြုသုံးဆောင်၍ အာပေါဓာတ်စာ ကို ဆင်ခြင်မှီဝဲပါ။**

**▲ ကုံရာသီဖွား [ဇန်နဝါရီလ(၂၀)ရက်မှ ဖေဖော်ဝါရီလ (၁၈)ရက်အတွင်းမွေးသူ)တို့သည် ဝါယောဓာတ်စာ ကို အဓိက သုံးဆောင်၍ တေဇောဓာတ်စာကို လျှော့ပေါ့စားသုံးပါ။**

**▲ မိန်ရာသီဖွား [ဖေဖော်ဝါရီလ(၁၉)ရက်မှ မတ်လ (၂၀)ရက်အတွင်းမွေးသူ)တို့သည် အာပေါ ဓာတ်စာကို အဓိက အားပြု၍ ပထဝီဓာတ်စာကို ဆင်ခြင်လျှော့ပေါ့ရန်ဖြစ်သည်။**

*အာရောဂျဆုလာဘ်နှင့် ပြည့်ဝကြပါစေ*

ဆေးသုတေသီ



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ

အဖြေညှိကြစို့

သရာကြီးဦးအောင်မြင့်
(ဥပဒေအဖွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ယခုလအတွက် ဖော်ပြပေးလိုက်သော ဝဲဘက် လက်ဖဝါးပုံစံ ပိုင်ရှင်မှာ ရောဝတီတိုင်းဒေသကြီးမှ အမျိုးသမီး တစ်ဦးဖြစ်ပါသည်။

ထိုလက်ဖဝါးပုံစံကို သေချာကြည့်ရှု လေ့လာ စစ်ဆေးပြီးမှ အောက်ပါ မေးခွန်းများကို ဖြေကြည့်ပါ။


၁။ နာမည်ဂုဏ်သတင်း ထင်ရှားကျော်ကြား ချမ်းသာကြွယ်ဝနိုင်သူလား။ သာမန် သူလိုကိုယ်လို အောက်ခြေလူတန်းစားထဲကလား။

၂။ အိမ်ထောင်ကျ ကံကောင်းခဲ့သူလား။ ကံမကောင်းခဲ့သူလား။

၃။ အလုပ်အကိုင်စီးပွားရေး တစ်ခုတည်း လုပ်ကိုင် စီးပွားဖြစ်နိုင်သူလား။ အလုပ်အကိုင် အမျိုးမျိုး လုပ်ကိုင်စီးပွားဖြစ်နိုင်သူလား။

မိမိတို့၏ အဖြေများကို အကြောင်းပြချက်နှင့်တကွ သီးခြားစာရွက်လွတ်တွင် ရေးမှတ်ပြီးမှသာ လက္ခဏာ ပဟေဠိ အဖြေများနှင့် တိုက်ဆိုင်စစ်ဆေး ကြည့်ပါရန် အကြံပေး တိုက်တွန်းအပ်ပါသည်။

ပဟေဠိ အဖြေများကို
စာမျက်နှာ(၂၁၀)တွင်
ကြည့်ရှုပါရန်။






www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၂၀၉)မှ အဆက်

**လက္ခဏာပဒေသာ္တိ အခေပြမျှား**

**၁။ နာမည်ဂုဏ်သတင်း ထင်ရှားကျော်ကြား ချမ်းသာ ကြွယ်ဝနိုင်သူ ဖြစ်ပါသည်။**

အဘယ်ကြောင့်ဆိုသော်... လက်သူကြွယ်ရင်း တနင်္ဂနွေဂြိုဟ်ခုံတွင် ကြာပင်ကြာဖူး မင်္ဂလာအခြံအရံ ထင်ရှားစွာ ပါရှိခြင်းကြောင့် ဖြစ်သည်။ **"ခ"အက္ခရာ** ဖြင့် ညွှန်ပြထားပါသည်။

* * *





**၂။ အိမ်ထောင်ကျ ကံကောင်းခဲ့သူဖြစ်သည်။**

အဘယ်ကြောင့် ဆိုသော်... နှလုံးလမ်းကြောင်း အဖျားမှာ လှပသော ခက်ရင်းခွသဏ္ဍာန်ဖြင့် လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခွင်ရှိ **ညောင်ရွက်ပုံမင်္ဂလာ** အခြံအရံအတွင်း တိုးဝင်နေခြင်းကြောင့်ဖြစ်ပါသည်။

ပညာ,ဩဇာ,ဥစ္စာ,အလုပ်အကိုင် စသည်တို့ အဆင့်အတန်းမြင့်သော ခင်ပွန်းကောင်း၊ ယောကျ်ားကောင်း ရနိုင်သူဖြစ်သည်။ **"ဂ"အက္ခရာ**နှင့် ညွှန်ပြထားပါသည်။

* * *




**၃။ အလုပ်အကိုင်အမျိုးမျိုး လုပ်ကိုင်စီးပွားဖြစ်နိုင် သည်။**

အဘယ်ကြောင့်ဆိုသော်... အလုပ်အကိုင်နှင့် ဆ သက်သော ကံလမ်းထီးရိုးမှ လမ်းခွဲများ ဖြာထွက်နေ သောကြောင့် ဖြစ်သည်။ **"က"**အက္ခရာဖြင့် ညွှန်ပြထား ပါသည်။

* * *




***လက္ခဏာပညာသုတ တိုးပွားရရှိကြပါစေ***

***ဂုဏ်အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

ဆ ရာကြီး ဦးအောင်မြိုင် *(ဥပဒေဘွဲ့)*
[လက္ခဏာဗေဒင်ပညာသုတေသီ]

---

စာမျက်နှာ (၂၁၁)မှ အဆက်

မီးတွင် (၂၄)နာရီစိုက်ထားက ပြာနှ ကျ၏။ ထိုပြာကို တစ်ရွေးယူ၍ ကြေးနီ(၁၀)ကျပ်သားမှာပစ်၊ ရွှေ (၁)ပဲသား အသက်သွင်းလျှင် ရွှေ ဒင်္ဂါးရည်ရ၏။

**(ဒုတိယ)**ယင်းကို ပြဒါးလေးတူရော (၂၄)နာရီ ဖွဲမီးစိုက် ပြာနှကျ ပြန်၏။ ပြာတစ်ရွေးယူ ကြေးနီ(၁၀) ကျပ်သားမှာ ပစ်၊ ရွှေ (၅)ပဲသား အသက်သွင်း အခေါက်ရည်မီ၏။ (၃/၄)ဆင့်မှာ လက်လွတ် ဖြစ်၏။ (၅)ဆင့်မှာ စားပြာဖြစ်၏။

စားပုံ

**ပျားရည်(၁)ပိဿာမှာ ပြာ တစ်ရွေးထည့်** နံနက်၊ ည မှန်မှန် တစ်ဖွန်းစီ စားပါလေ။ ရက်မပျက်ဘဲ ပြာ(၁)ကျပ်သားကုန်လျှင် (၁၆)နှစ် သားအရွယ်ကဲ့သို့ နုပျိုလိမ့်မည်။

မစားခင် **ပြာသေ၊ မသေ စမ်း လိုလျှင်...**

ငှက်ပျောသီးမှည့်မှည့် အတွင်းသို့ ပြာကွမ်းရိုးတစ်တို့ခန့် သွတ်၊ လုံ အောင် ပြန်ပိတ်။ လေလုံရာမှာထား၊ စိမ်းလာမည်။

ဤကဲ့သို့ သေမှ စားလေ၊ မသေ လျှင် ပြဒါးထည့်ပြီး အကြိမ်ကြိမ် စိုက်လေ၊ **(ပြာသေမှ စားပါ)** ပြာ ကိုဆက်စားပါက အာယုပေါက် ပြာသေကို ပြဒါးတွင် သ ဆက်သွားပါက မဆုံးနိုင် ပြာသေလမ်းကြီးဖြစ်၏။

ဦးစောထွန်း(မဟာအောင်

---

စာရေးသူ၏ အမှာ ထပ်ဆင့်ဖော်ပြအပ်ပါသည်...

**လွန်ခဲ့သော အနှစ်(၃၀)ကျော်ခန့်က အဂ္ဂိရတ်ပညာကို လိုက်စားခဲ့စဉ် သော လမ်းစဉ်တစ်ခု ဖြစ်ပါသည်။ လွယ်ကူစွာ ရရှိခြင်းမဟုတ်ပါ။ စာ စီးသောကြောင့် အကြောင်းစုံ မရေးခြင်းဖြစ်သည်ဟု စာရေးသူမှ ကျွန် ပေးသောစာတွင် ဖော်ပြထားပါသည်။**

***လေးစားစွာဖြင့်...***

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်**





www.burmeseclassic.com

www.burmeseclassic.com

မည်သည့်နည်းနှင့်မဆို ဖမ်းပြီး သော သွပ်၊ အခိုးမီးတောက်ငြိမ်းပြီး သော သွပ်၊ အဖြူ၊ အဝါ တစ်ခုခုကို ရလျှင် ချုပ်ဆေးနှင့် (၃)လုံ လုံပိတ် (၃)နာရီခန့် ထိုးပါ။

### (၁)ပထမချုပ်ဆေး

- စတုပညာသ (၁)ကျပ်သား
- ဇဝက်သာ (၁)ကျပ်သား၊
- ဖန်ဝါကွဲမှုန့် (၁)ကျပ်သား
- ကျောက်ချဉ် (၁)ကျပ်သား၊
- လက်ချား (၁)ကျပ်သား
- ဟင်းရိုင်း (၁)ကျပ်သား

ထိုခြောက်ပါး (၁)ကျပ်သားစီ အမှုန့်ပြု။

### (၂)ခံရည်

ပထမချုပ်ဆေးနှင့် (၃)လုံထိုးပြီး နောက် ခံရည်လောင်းပါ။

၁။အရက်ပြန်နှင့် ပျားရည်တွဲ၍ (၃)ကြိမ်၊
၂။ဝက်ဆီနှင့် (၃)ကြိမ်၊
၃။မရန်းသီးမှည့်ရည်မှာ (၃)ကြိမ်၊

(၉)မီးလောင်းပါ၊ အလွန် **ပျဉ်းပျော့၍ ဖြူဖွေးစင်ကြယ်**လာ၏။

### (၃)အခိုးထုတ်ဆေး

- ဟင်းရိုင်း (၁)ကျပ်သား၊
- ပရွတ် (၁)ကျပ်သား
- လက်ချား (၁)ကျပ်သား
- ဇဝက်သာ (၁)ကျပ်သား၊
- ယမ်းစိမ်း (၁)ကျပ်သား

ထိုဆေး(၅)မျိုးနှင့် လုံပိတ်ထိုး ...ရိုးစင်ကြယ်မည်။

...စင်မစင် သိလိုက သံပရာရည် ...နှင့် လောင်းကြည့်ပါ။ ခြေသိမ်း၍

# သွပ်တက်လမ်း

ဗိုလ်စောထွန်းကြား
(မဟာအောင်မြေ)



လုံးနေပါလိမ့်မည်။ ပြဒါးရည်မှာ ချကြည့်က ငုပ်လိမ့်မည်။

ဤသို့ ငုပ်ခြင်း လုံးခြင်း မရှိသေး ပါက အထက်ပါ အခိုးထုတ်ဆေးနှင့် ထပ်၍ ထိုးပါ။ **လုံးပြီး ပြဒါးငုပ်ခဲ့ လျှင်** ပျားကလေး(ပျားငယ်) ဖယောင်းဆီတွင် (၇)မီးလောင်းပါ၊ မီးရပ်ဓာတ်လုံးဟု ခေါ်၏။

### (၄)ဒေါသထုတ်ဆေး

ထို့နောက် **ဒေါသထုတ်ဆေးနှင့်** ထိုးရမည်။

**ဆေးကား...**

* ပရွတ်၊
* လက်ချား၊
* ဇဝက်သာ၊
* ယမ်းစိမ်း

အထက်ပါ (၄)ပါး **(၁)ကျပ်သား စီကို** သမအောင်ပြု၍ ထိုးလေ။

ဒေါသကုန်သော ဓာတ်လုံး ဖြစ်၏။ **မီးရပ်ဓာတ်လုံး**ဟုလည်း ခေါ်၏။

### (၅)နိဗ္ဗာန်တင်ဆေး

ထိုမီးရပ်ဓာတ်လုံးကို တဖန် သတ်ရန် ဆေးကား...

၁။ ပထမဆေး (၄)ပဲသား၊ အခိုး ထုတ်ဆေး(၄)ပဲသား၊ ဒေါသ ထုတ်ဆေး(၄)ပဲသားတို့နှင့် (၂) နာရီခွဲ၊ (၃)နာရီခန့် ထိုးပြီးသည့် အခါ သွပ်သေဓာတ်လုံးဟု ခေါ်ရ ၏။

### သွပ်သေဓာတ်လုံး

**(ပထမ)**သွပ်သေ(၄)ပဲသား၊ ရွှေ (၁)ကျပ်သားတွဲပါ။

**တွဲပုံမှာ...**

ရွှေကို အရည်ကျို၊ ဓာတ်လုံးကို နည်းနည်းချင်း ပေါက်ထို၊ မီးမှုန်း မှုန်းမှ မီးပြင်းပြင်းကျအောင် တက်၍ ထိုးပါ။

ထိုးပြီးနောက် အအေးခံထားပါ လေ၊ **အရည်တင်းခြောက်၍ ထုံး ပြာသဘောသို့** ရောက်လာပါလိမ့် မည်။

ထိုထုံးနှင့် ပြဒါးလေးတူ တွဲ၍ဖို



စာမျက်နှာ (၂၁၆) သို့
www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအတွက် ပုံရိပ်ရှင်တို့

# ကံကြမ္မာ

ဟူကျင်းဇီ
(Hu Jin Zhi)





**ကြွက်နှစ်ဖွား**

စိတ်ကူး အကြံအစည်များ လွဲချော်နေတတ်သောကာလ ဖြစ်သည်။ တွက်ချက်မှန်းဆရသော လုပ်ငန်းများကို ခေတ္တဆိုင်းငံ့ထားသင့်သည်။

အစားအသောက် မှားယွင်း၍ ဘေးဥပဒ် ဖြစ်တတ်သည်။ မြေထည်,ကြွေထည် ပစ္စည်းများ အကျိုးပေးပါမည်။ အိမ်ဂေဟာသို့ လူဆိုးသူခိုးများ ချဉ်းကပ် ဒုက္ခပေးနိုင်သဖြင့် ကြိုတင်ကာကွယ်သင့်သည်။



**နွားနှစ်ဖွား**

တန်ခိုးအာဏာ တိုးတက်မြင့်မားမည်။ ပြောဆိုသမျှ အောင်မြင်သောကာလ ဖြစ်သည်။ ပတ်ဝန်းကျင်၌ ပေါ်ပေါက်လာမည့် ကိစ္စပြဿနာများတွင် ခုံသမာဓိ လူကြီးအဖြစ် တာဝန်ယူ ဖြေရှင်းရကိန်းရှိသည်။

အဖျော်ယမကာ သောက်သုံးဖွယ်ပစ္စည်းများ ဝင်နိုင်သည်။ အမျိုးသမီးများ ခင်ပွန်း (သို့မဟုတ်) အဘွားထံမှ လက်ဆောင်ရတတ်သည်။



**ကျားနှစ်ဖွား**

တန်ခိုးအာဏာ ထက်မြက်မည်။ ပြောစကားဆိုစကား အောင်မြင်သည့်ကာလ ဖြစ်သည်။ အမွေအနှစ်ကိစ္စ ဆွေးနွေးပြောဆိုဖြစ်မည်။ ရေထွက်ပစ္စည်း လုပ်ငန်းများ အကျိုးပေးသောအချိန်ဖြစ်သည်။

တစ်ကိုယ်ရည် အမျိုးသမီးတို့ အိမ်ထောင်ကျကိန်းရှိသည်။ အမျိုးသားတို့မှာ သားသမီး (ညီအစ်ကိုဘက်မှ) တူ,တူမများတွက် ဝမ်းမြောက်ရဖွယ်ရှိသည်။



**ယုန်နှစ်ဖွား**

လုပ်ငန်းဆောင်တာများ အဆင်ပြေ ချောမောမည်။ ခရီးယာယီများ သွားလာနေ... သည်။ လူအများနှင့် ဆက်ဆံရသောကာလ ဖြစ်...

နေအိမ်တွင်းရှိ လျှပ်စစ်အသုံးအဆောင် ပစ္စည်း... အန္တရာယ်ကင်းရှင်းအောင် ကြိုတင် ကာကွယ်ပါ... နှ^ ့ အူသိမ်ဆိုင်ရာ ရောဂါများ ခံစားရဖွယ်ရှိ...

စွမ်းအင် လောင်စာများနှင့် ပတ်သက်၍ ... အကျိုးအမြတ် ရရှိနိုင်သည်။



**နဂါးနှစ်ဖွား**

ရာထူးဌာနန္တရများ ...မည်။ ဖိမ်ခံပစ္စည်းများ ...သည်။ အဝေးသတင်း... ရမည်။ ဆိုးဆေးနှင့် ... ဖွယ်ပစ္စည်းများကြောင့် ဘေးဥပဒ်တွေ့နိုင်သည်...

ပန်းချီ,ပန်းရန် လုပ်ငန်းများ အကျိုးပေးသော... ဖြစ်သည်။ နားကပ်,နားတောင်း,ဖုန်းတို့နှင့် ပတ်သက်... သောကကြုံရဖွယ်ရှိသည်။



**မြွေနှစ်ဖွား**

ကျန်းမာရေး ငွေကြေးကိစ္စများအတွက် ကူညီထောက်ပံ့မှုများ ခံစားရဖွယ်ရှိသည်။ မျက်မှန် တီဗွီ ဗီဒီယိုစက်များဝင်နိုင်သည်။ အခြေအရံ ရရှိမည်။ အသည်းနှင့် သည်းခြေဆိုင်... များ သတိထား ကာကွယ်ပါ။

စက္ကူနှင့် အထည်အလိပ် လုပ်ငန်းများ ...



www.burmeseclassic.com

www.burmeseclassic.com

မည်။ လူငယ်တို့ပညာရေး ထူးချွန်ပွင့်လင်းသောကာလဖြစ်သည်။



◎ မြင်းနှစ်ဖွားများ

ဆွမ်းခံရင်း ငှက်သင့်ကိန်း ကြုံရတတ်သည်။ မိမိနှင့် တိုက်ရိုက်မသက်ဆိုင်သော ကိစ္စပြဿနာများတွင် ဝင်ရောက်စွက်ဖက်ခြင်းကို ဆင်ခြင်ပါ။

သစ်တောထွက် ပစ္စည်းများနှင့် ဆက်စပ်၍ ငွေကြေးအမြတ်အစွန်း ရရှိနိုင်သည်။ စကားများယွင်းပြောဆိုမိခြင်းကြောင့် မလိုလားအပ်သော ကိစ္စများ ပေါ်ပေါက်လာတတ်သည်။



◎ ဆိတ်နှစ်ဖွားများ

ရာထူးအလုပ်အကိုင် တိုးတက်လာမည်။ ပတ်ဝန်းကျင်တွင်ဖြစ်ပေါ်လာသော အမှုကိစ္စရပ်များအတွက် ပုဏ္ဏားတိုင်လူကြီးအဖြစ် တာဝန်ယူ ဖြေရှင်းပေးရတတ်သည်။

လူချစ်လူခင် များသောကာလဖြစ်သည်။ စားသောက်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးပေး ထက်သန်သည်။

နေအိမ်ဂေဟာသို့ ဂုဏ်သရေရှိ ဧည့်သည် အလည်ရောက်လာမည်။



◎ မျောက်နှစ်ဖွားများ

ငွေကြေးအခက်အခဲများ ပြေလည်သွားမည်။ ထီ၊ ကံစမ်းမဲအချို့လည်း ရရှိနိုင်ကြသည်။ ရပ်ဝေးမှ မျှော်လင့်နေသောသတင်းကောင်းများ ကြားသိရမည်။


ကြေး၊သံ၊သတ္တု ပစ္စည်းများ အကျိုးပေး ထက်သန်သောကာလဖြစ်သည်။ နား၊ ကျောက်ကပ်ဆိုင်ရာ ရောဂါများ သတိပြု ကာကွယ်သင့်သည်။ သားသမီးအကျိုးခံစားရကိန်းရှိသည်။

◎ ကြက်နှစ်ဖွားများ

ငွေကြေး အမြောက်အမြား ပိုင်ဆိုင်ရဖွယ်ရှိသည်။ သိမ်ယူမှတ်သားထားသော တတ်သိပညာများမှလည်း ဝင်ငွေတိုတိုထွာထွာ ဝေဆာစွာ ဝင်လာတတ်သည်။



ယာဉ်ရထား ကံတိုက်လုပ်ငန်းများ အကျိုးပေးထက်သန်သောကာလဖြစ်သည်။ အဆုတ်နှင့် အသက်ရှူလမ်းဆိုင်ရာ ရောဂါများ ကြိုတင်ကာကွယ်ပါ။



◎ ခွေးနှစ်ဖွားများ

ဝေဖန်ပြစ်တင်ခြင်း ခံရတတ်သည်။ မလိုလားအပ်သောဖြစ်ရပ်၊ အနိဋ္ဌာရုံမြင်ကွင်းများ တွေ့ကြုံရကိန်း ရှိသည်။ မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် မိမိလမ်းကို ဆက်လျှောက်သင့်သည်။

ဆိုးဆေး အဖျော်ယမကာ လုပ်ငန်းများ အကျိုးပေးမည်။ အရိုးအကြောဆိုင်ရာ ဝေဒနာများကို သတိပြုပါ။ ပင်ပန်းခက်ခဲသော ခရီးကြမ်းများ သွားလာရဖွယ်ရှိသည်။



◎ ဝက်နှစ်ဖွားများ

ငွေကြေးများစွာ ပိုင်ဆိုင်ရကိန်း မရှိသော်လည်း စုဆောင်းမြှုပ်နှံထားသော လုပ်ငန်းအရင်းအနှီးများမှ အကျိုးအမြတ် ရရှိချိန်ဖြစ်သည်။

ထိဆုငယ်ကလေးများ ပိုင်ဆိုင်ရတတ်သည်။ ခရီးသွားလာခြင်းဖြင့် စီးပွားရေး၊ ကျန်းမာရေး အကျိုးဖြစ်ထွန်းနိုင်သည်။

အဏ္ဏဝါထွက်ပစ္စည်းများ လက်ဆောင်ရတတ်သည်။ အူသိမ်ဆိုင်ရာ ဝေဒနာများ ကြိုတင်ကာကွယ်ပါ။

ဤလတွင် ကြမ္မာဆိုးဝါးနိမ့်ပါးနေသူတို့သည် အသက်ငယ်ပိုင်း အမျိုးသားတစ်ဦးအား ကောက်ညှင်းဖြင့် ပြုလုပ်ထားသော စားဖွယ်တစ်မျိုးမျိုး လက်ဆောင်ပေး ကျွေးမွေးပါ။ ကြာသပတေးနေ့တွင် ပြုလုပ်ပါ။ အဆိုးများ တဖြည်းဖြည်း လျော့နည်းပပျောက်သွားပါလိမ့်မည်။

***ကြိုဆောင်သမျှ အောင်မြင်ကြပါစေ***

**ဟူကျင်းဇီ(Hu Jin Zhi)**



www.burmeseclassic.com

www.burmeseclassic.com

ဦးရဲမြင့်
(သံပရာကျေးရွာ၊ ကံမမြို့နယ်)



# ရေတွင်းကန်းလျှင် ဖော်နည်း

လွန်ခဲ့သောနှစ်များက နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အဟောင်းများကို ဖတ်မိရင်း **"ရေတွင်းကန်း၍ နည်းလမ်းပေးကြပါ"** ဟု ခေါင်းစဉ်လေးကို ဖတ်လိုက်ရတော့ စိတ်မကောင်းဖြစ်သွားမိပါသည်။

အဘယ်ကြောင့် ဆိုသော် ကျွန်တော် ကိုယ်တိုင် (၁၈)နှစ်ကြာမျှ မိုးတွင်းရေရ၊ နွေရာသီရေခန်းဒုက္ခကို ကိုယ်တိုင် ခံစားခဲ့ရသောကြောင့် ဖြစ်ပါသည်။

ယခု ရေအောင်နေပါပြီ။ ယင်းရေအောင်နည်းကို ယခု ဖော်ပြလိုက်ပါရစေ။

ယခု ဖော်ပြမည့်နည်းမှာ ကျွန်တော်ကိုယ်တိုင် ကြုံးပမ်းတွေ့ရှိခဲ့သောနည်း ဖြစ်ပါသည်။

**ပထမ ရေတွင်းတူးဖော် မပြုလုပ်ခင် မိမိတို့ အသေအလိုက် ပူဇော်ပသထိုက်သူများကို ဘုရားအမှူးပြု၍ ပူဇော်ပသပြီးမှ ရေတွင်းကို တူးဖော်မှု စတင်ပြုလုပ်ပါ။**

ဦးဆောင်ဦးရွက် ပြုမည့်သူသည် ကတိ၊ သစ္စာ၊ သမာဓိ၊ သီလ ပြည့်စုံသူဖြစ်ပြီး ရေတွင်းရေကန် အဖျော်ယမကာများကို သန့်ရှင်းစွာ လှူဒါန်းထားသူများ ဖြစ်လျှင် ပို၍ပို၍ ကောင်းပါသည်။ ပဋ္ဌာန်းဆက်များ အားကောင်းရန် ဖြစ်ပါသည်။

ရေတွင်းသည် ရှေးအခါက တူးသင့် မတူးသင့် နေရာများကို ရွေးချယ်နိုင်ခဲ့သော်လည်း ကာလရွေ့လျားလာသော ယခု မျက်မှောက်ခေတ်ကာလတွင် မိမိ ပိုင်ဆိုင် မိမိလိုလားသော နေရာများတွင်သာ အများအားဖြင့် တူးဖြစ်ကြသည်သာ များပါသည်။

ရေတွင်းတူးလျှင် လိုက်နာရမည့် အခြေခံ အချက်များ ရှိပါသည်။ မိမိတို့နေထိုင်သည့် ရာသီဥတု အလိုက်ရေ အခန်းဆုံးလရက်ကို သေချာစွာ ရွေးပြီး ရေတွင်းအား ယင်းရက်မှ စတင်တူး သင့်ပါသည်။

ထို့အပြင် မိုးဦးစောစောကြသည့် နှစ်နှင့် မိုးဦးနှောင်းကြသည့် နှစ်ဟူ၍ ရှိပါသည်။ မိုးဦးစောကြမည့် နှစ်ဖြစ်လျှင် မိမိတို့ ရေခန်းမည့်ရက် တွက်ချက်ထားသော အချိန်ထက် အနည်းငယ် အချိန်စော၍ တူးလျှင် ပိုပြီးသင့်တော်ပါသည်။

ရေတွင်းတူးပြီဆိုလျှင် အချို့သော နေရာများ၌ ပထမသဲကြောအတိုလေးများကို တွေ့ရတတ်ပါသည်။ ယင်း သဲကြောအတိုလေး[...] များ တွေ့၍ ရေထွက်အနေအထား[...] ကြိုက်လောက်နေပြီဟု ခံယူ[...] သံချွန် အရှည်များနှင့် အောက်[...] ရိုက်ကြည့်ရပါမည်။

အောက်မှာ နှန်းကြော ကြ[...] ကြောများ ရှိနေသေးလျှင် မိမိ[...] တွေ့ရှိထားသော သဲကြော အ[...] တကယ် တို့၍ စိတ်မချရ[...] ရေတွင်းတူးခြင်းကို အဆုံးမသ[...] သင့်သေးပါ။ (၇)ပေမှ (၁၀)ပေ[...] ရှိသော ကွန်ကရစ်ခွေကို [...] အောက်ခြေမှ သစ်သား ဘောင်[...] ပါ အပြီးဆင်၍ စတင်လော[...]

အသားသေသော ရက်[...] လျှင် ယင်းရေများနှင့် နွံများ[...] အား များများသုံးပြီး အ[...] တစ်ပြိုင်တည်း ယက်တင် ထ[...] ပါ။ ထိုကွန်ကရစ်ခွေကြီးဟာ[...] တဖြည်းဖြည်း အောက်သို့ [...]



www.burmeseclassic.com

www.burmeseclassic.com

လိုက်မည် ဖြစ်ပါသည်။

ကြုပ်ပြာနှံများကုန်သွားပြီး သဲကြော ထင်မံ စမ်းသပ်၍ စိတ်ချသည့် အနေအထားရှိမှ ရေတွင်းတူးခြင်းကို ရပ်ပါ။ ထိုနည်းသည် ရာနှုန်းပြည့် အောင်မြင်သောနည်း ဖြစ်ပါသည်။

ဒုတိယအချက်ကတော့ ရေတွင်းကန်းဖော်နည်း ဖြစ်ပါသည်။ ရေတွင်းကန်ရခြင်း၏ အဓိက အကြောင်းရင်းကတော့ ရေတွင်း **တူးသည့် အချိန် မမှန်ကန်ခြင်း ရေထွက်ပါလျှင် အောက်သို့ သင်မံ မစစ်ဆေးခြင်းတို့ကြောင့်** ကာလကြာလာသည့်အခါမှာ ရေတွင်းကန်းခြင်း ပြဿနာများကို ကြုံတွေ့ကြရခြင်း ဖြစ်ပါသည်။


ထို ကန်းသွားသော ရေတွင်းကို ပြန်ထွက်အောင် သေချာသော ကိရိယနည်းသက်သက်နဲ့ပဲ တင်ပြပါမည်။

ကန်းသွားသော ရေတွင်းကို ပထမ ရေတွင်း စတူးသည့် အချိန်ကာလ ရွေးနည်းအတိုင်း ရေအခန်းနည်း အချိန်ကို ရွေးပါ။

၁။ ရေတွင်းထဲသို့ လူတစ်ယောက်မှ နှစ်ယောက်ဆင်းပါ။

၂။ အပေါ်မှ လူ(၄,၅)ယောက်က အလယ်တည့်တည့်တွင် စက်သီး ဆုံးကြိုး အပြည့်အစုံနှင့် အဆင်သင့်လုပ်ထားပါ။

၃။ အောက်မှ လူများက ယင်းရေတွင်းထဲရှိသော ရေအမှိုက်များနှင့် ညှော်နေသော ရွှံ့နွံများကို အပေါ်သို့ ကုန်စင်အောင် တင်ပေးပါ။




၄။ ရေနှင့် ရွှံ့နွံကုန်စင်သွားလျှင် အောက်အလယ်ပေါက် တည့်တည့်နေရာတွင် မြေအနည်းငယ် အမာ တွေ့သည်အထိ တူးရှင်းနှင့် အဝ ထွာဆိုင်ခန့် တူးပါ။

**(မှတ်ချက် ။ ။ ရေလုံးဝ စင်မှ တူး၍ရသော နည်းဖြစ်ပါသည်။ ရေမစင်ပါက ယင်းတူးသည့် ကိရိယာထဲတွင် မြေများ ပါမလာနိုင်၍ တူးမဖြစ်ပါ။**

၅။ ထို့နောက် ပုံတွင် ပြထားသည့် တူးကိရိယာကို အပေါ်မှ စက်သီးနှင့် အောက်သို့ ကြိုးကို ခိုင်ခိုင်ချည် ၍ချပေးပါ။

၆။ အောက်မှ လူက တူးထားသော ထွာဆိုင်တွင်းထဲသို့ လက်နှင့်ကိုင်၍ တည့်ပေးပါ။

၇။ ထို့နောက် အောက်မှ တိုင်ပင်ခေါ်ပါ။ အပေါ်က လူများက (၂)ပေလောက် မြှောက်မြှောက်ပြီး ဆောင့်ပေးပါ။ (၄,၅)ချက်မျှ ဆောင့်လိုက်လျှင် တူးကိရိယာထဲသို့ မြေများ ပြည့်လာပါမည်။

ပြည့်လျှင် အပေါ်သို့ ဆွဲတင်ပြီး မြေစာများ ထုတ်ပစ်ပါ။ တုတ်ချောင်း အလောတော်နှင့် တည်၍ ရိုက်ထုတ်လျှင် ပိုပြီးမြန်ပါသည်။ ထိုကဲ့သို့ အကြိမ်ကြိမ် ပြုလုပ်၍ သွားပါက ရေရှိသော သဲကြောသို့ (၂)နာရီ၊ (၃)နာရီလောက်မျှအချိန်နှင့် ရောက်ရှိသွားပါမည်။

ရောက်လျှင်ရောက်ချင်း ရေများ ဒလဟော ထွက်လာပါလိမ့်မည်။ ရေများ အပေါ်သို့ တက်လာလျှင် တူးခြင်းကို ရပ်လိုက်ပါ။

၈။ ယင်း ရေထွက်နေသော တွင်းကလေး၏ အောက်အဆုံးနှင့် ရေတွင်း၏ အောက်အနား ဘယ်လောက် ကွာဝေးသည်ဆိုတာ တုတ်နှင့် ထောက်တိုင်းပြီး ယင်းတုတ်ကို သေချာစွာ မှတ်၍ သိမ်းထားပါ။

အောက်သို့ ကွန်ကရစ် ထပ်လောင်းရမည့် အနေအထားမှာ ယင်းတုတ်ကလေးက ဆရာဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ထိုတုတ်နှင့် တိုင်းပြီး ကွန်ကရစ်တွင်းငယ်ကို ထပ်လောင်းရမည် ဖြစ်ပါသည်။ ရေတွင်းကျယ်လျှင် တွင်းထဲ တွင်လောင်းလို့ ရပြီး ရေတွင်းကျဉ်းလျှင် အပေါ်မှ (၃)ပေမျှ ကွန်ကရစ်ခွေများကို လောင်း၍ မာလာမှ ကြိုးနှင့် ချပေးပါ။

၉။ အထက်ပါ ကိစ္စများအားလုံး ပြီးစီးသွားပါက ရေထွက်နေသော တွင်းကလေးထက် အတန်ငယ်ကြီးသော လက်ကိုင်ရှိ ပုံပါ သတ်ကို ရိုက်သွင်းဆောင့်သွင်းလိုက်ပါ။

အကြောင်းမှာ ရေတွင်း ထပ်တူးသည့်အခါ အောက်မှ ရေများ ထွက်မလာနိုင်အောင် ခေတ္တပိတ်ထား ခြင်း ဖြစ်ပါသည်။

၁၀။ ကွန်ကရစ်ခွေထွက် အတန်ငယ် ကျယ်သောတွင်းကို တူး၍ (၁)ပေမျှ ကျတိုင်း အပေါ်မှ ကွန်ကရစ်ခွေကို ရေလောင်း၍ နင်းချပေးပါ။

တစ်ခါတစ်ရံ မြေသားနှင့် ကွန်ကရစ်ခွေ ကပ်နေ၍ နင်းမရဘဲ ကပ်နေတတ်ပါသည်။ စိတ်ရှည်ရှည်ထား၍ နင်းပါ။

၁၁။ မြေတူး၍ နက်လာတိုင်း စို့ကို အောက်သို့ တွင်းဆုံးသည် အထိ ရိုက်သွင်းပေးပါ။ အောက်ဆုံး ရောက်၍ သတ်ပေါ်နေပြီး အဆုံးသတ်တော့မည် ဆိုလျှင် သတ်ကို လျင်မြန်စွာ ချွတ်ပြီး အဝမှ မြေများကို လျင်မြန်စွာ ယက်ဖက်နိုင်ဖို့ လိုပါသည်။

အောက်မှ ရေထွက်ပေါက် ကျယ်ရန်နှင့် ရေထွက်အားကောင်းရန် ဖြစ်ပါသည်။

၁၂။ အားလုံး ပြီးစီးသွားပါက အလယ် ရေထွက်ပေါက် တည့်တည့်ကို ကျောက်စရစ်များ (၁)တင်းသားခန့် အလျင်အမြန် လောင်းထည့်ပေးပါ။

အောက်မှ လူသည်လည်း ကိုယ်လုံးမှ စက်သီးကြိုး ကြိုးဆင်ထားပြီး အလျင်အမြန် အပေါ်သို့ တက်ပါ။

**မှတ်ချက်။ ။ နောက်ဆုံးအဆင့် တူးသည့်အခါ တူးသည့် လူများကို စက်သီးနှင့် ဆင်ထားခြင်းသည် စိတ်အချရဆုံးသော နည်းပညာတစ်ခု ဖြစ်ပါသည်။**

တစ်ခါတစ်ရံ အားလုံးပြီးသွားသည့်တိုင် ကျောက်ခွေများ ကတ်နေတတ်ပါသည်။ ကိစ္စမရှိပါ။ နာရီအနည်းငယ်ကြာမှ လူအများနှင့် ထပ်နင်းပါ။ ကျသွားပါမည်။

နင်းသည့်လူများ အပေါ်မှ ကြိုးများကို ဆွဲထားပြီး နင်းပါ။ ကျောက်ခွေဆောင့်ကျလျှင် လဲမသွားရန် ဖြစ်ပါသည်။ ကျောက်ခွေ ကျသွားပြီးလျှင် မိမိတို့ဒေသအလိုက် လိုအပ်သလို ဆက်လုပ်ကြပြီး လူသားအားလုံး ရေရှား ဘေးဒုက္ခမှ သုခဘဝသို့ ရောက် ရှိနိုင်ကြပါစေရန် မေတ္တာ စေတနာနှင့် ရေးသား တင်ပြလိုက်ရပါသည်ခင်ဗျား။

**ဦးရဲမြင့်**

***(သံပရာကျေးရွာ၊ ကံမမြို့နယ်)***

စာ
ဖ
ဖို့
လို
က...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မ
အမှတ် ၂၁၀ (ပထမ
၂၉-လမ်း (အထ
ပန်းဘဲတန်းစာတိုက်
ရန်ကုန်မြို့
ဖုန်း-
၀၉-၇၇၆၃၄၉၇
၀၉-၄၄၃၂၁၇



www.burmeseclassic.com

www.burmeseclassic.com

# ကျိုးဖြူဆရာတော်၏

## ထမင်းတစ်လုတ် ရေတစ်မှုတ်

ဦးကျော်
(လှိုင်သာယာ)





တစ်နေ့သ၌ ကျွန်ုပ်သည် ဘင်္ဂလားလိလ်နယ်မြေ အတွင်းရှိ အင်းယားလမ်းတွင် မြန်မာစာ အထိက ဆရာဦးအေးဖေ၏ နေအိမ်၌ ဖွင့်လှစ်ထားသော ကျိုးဖြူ ဆရာတော်၏ ဓာတ်ဘုရားခန်း အတွင်း၌ ဆရာဦးအေးဖေနှင့်အတူ ထူးမံအင်းများ အကြောင်းကို ပြောကြား ဆွေးနွေးနေသည်။

ထိုစဉ် ကျွန်ုပ်တို့ရှိနေရာ ဓာတ်ဘုရားခန်းအတွင်းသို့ ကျိုးဖြူ ဆရာတော်ကြီးသည် မျက်နှာတော် တပြုံးပြုံးနှင့် ဝင်ရောက်လာခဲ့သည်။ ဆရာဦးအေးဖေနှင့် ကျွန်ုပ်သည် ဆရာတော်ကြီးအား ဖူးမြော်ကန်တော့ကြပြီး ခရီးဦးကြို ပြုလိုက်ကြသည်။

ဆရာတော်ကြီးသည် ဓာတ်ဘုရားခန်းအတွင်းမှ ဘုရားများကို ဝတ်ပြုကာ ထိုနေရာ၌ပင် ထိုင်နေတော်မူစဉ် အသက်(၅၀)ဝန်းကျင်ခန့်ရှိ လူပုဂ္ဂိုလ်ကြီးတစ်ယောက် ဓာတ်ဘုရားခန်းအတွင်းသို့ ဝင်ရောက်လာပြီး ဆရာတော်အား ဦးနှိမ်ချ ကန်တော့ကာ ဆရာတော်အား...

'အရှင်ဘုရား၊ တပည့်တော် သားလေးရဲ့ အသက်ကို ကယ်တင်တော်မူပါဘုရား... သားရဲ့ ရောဂါက ဘာမှန်း မသိရသလို အနာသိ ဆေးမရှိတဲ့ ရောဂါမျိုး ဖြစ်နေပါတယ် ဘုရား။

အဲဒါ ဆရာတော်မှတစ်ပါး မကယ်တင်ဘူးဆိုရင် ရေတိမ်မှာ နစ်မြုပ်ဖို့ပဲ ရှိပါတော့တယ်ဘုရား။

ညက တပည့်တော် ဆရာတော်ကို ရည်ရွယ်ပြီး ခွင့်ပန်ကြား လျှောက်ထားခဲ့တဲ့အတိုင်း ဒီနေ့ ဒီနေရာမှာ ဆရာတော် ရောက်ရှိလာမယ်ဆိုတာ ဆရာတော်ရဲ့ အိပ်မက်ထဲက မိန့်မှာ ကြားရတဲ့အတိုင်း တပည့်တော် ရောက်လာခဲ့ပါပြီ ဘုရား'

ကျွန်ုပ်သည် **အိပ်မက်ထဲမှ ဆရာတော်နှင့် အိပ်မက်အရ ဒီ**





www.burmeseclassic.com

www.burmeseclassic.com

**နေရာသို့ ရောက်လာခဲ့သော ဒကာ ဆိုသူတို့၏ မျက်နှာများကို** တစ်လှည့်စီ ကြည့်ရင်း နားလည်ရန် ခက်ခဲသည့် အဓိပ္ပာယ်တစ်ခုကို အဖြေထုတ်ကြည့်နေမိသည်။

ဆရာတော်သည် အဆိုပါ ဒကာ၏ အပြောကို ပြုံးပြုံးလေးဖြင့် နားထောင် နေတော်မူသော်လည်း မည်သည့်စကားသံမှာ မမြွက်ကြားဘဲ ရှိနေစဉ် အဆိုပါ ဒကာသည် ဆရာတော်၏ မတုန်မလှုပ် အပြုအမူကို အားမလို အားမရဖြစ်ကာ ဆရာတော်၏ထံပါးသို့ အနည်းငယ်မျှ တိုးကပ်သွားကာ...

'အရှင်ဘုရားမှ တပည့်တော်ရဲ့ သားကို မကယ်ရင် သေဖွယ်ရာသာ ရှိပါတော့တယ် ဘုရား။ သားရဲ့ ရောဂါဟာ ဘာမှန်း မသိရဘဲ တစ်နေ့တခြား နေရင်းထိုင်ရင်းနဲ့ ဝမ်းဗိုက်ကြီး ဖောင်းကားလာကာ မနေနိုင် မထိုင်နိုင် အော်ဟစ်နေရပါတယ် ဘုရား။

တပည့်တော်တို့ လက်လှမ်းမီရာ ဆေးရုံ ဆေးခန်းတွေမှာ ဓာတ်မှန်ရိုက် ပြသကြည့်သော်လဲ မည်သည့်ရောဂါဆိုတာ အဖြေရှာမရ ဖြစ်နေပါတယ်။

ဒ့ါအပြင် တတ်သိနားလည် ကျွမ်းကျင်တော်မူတဲ့ မြန်မာသမားတော် ဗိန္ဓောဆရာ၊ ဓာတ်ဆရာတွေ ပါမကျန် သားရဲ့ ဝေဒနာ သက်သာရာ သက်သာကြောင်း ပြသကြည့်သော်လဲ ယခုတိုင် ဘာမှအကြောင်း မထူးပါဘူး ဘုရား။

ဒါကြောင့် ညက တပည့်တော် ဆရာတော်ကို ပင့်ဖိတ်ပြီး လျှောက်ထား အသနားခံခဲ့ရတာပါ။

ယခု...ညက ဆရာတော် မှာကြားချက်အတိုင်း တပည့်တော် ရောက်လာခဲ့ပါပြီဘုရား။ သားလေးရဲ့ အသက်ကို ကယ်မတော်မူပါ ဘုရား'

'ကဲ...ကဲ ဒကာကြီး၊ ခုချုပ်ကို တွေ့ရပြီ မဟုတ်လား။ ဘာမှ စိတ်သောကတွေ ရင်ထဲမှာ မထားနဲ့တော့။ ဒါနဲ့... ဒကာကြီးရဲ့သားနာမည်က ဘယ်လိုခေါ်သလဲ'

'မောင်ဝင်းပါ ဘုရား'

'အင်း...အင်း ဟုတ်ပြီ ဒကာလေးရဲ့ နာမည်က မောင်ဝင်းတဲ့လား။ ဗုဒ္ဓဟူးသား ဆိုပါတော့။ ဒါက နတ်မရိုက်တူး။ ဓာတ်ခိုက်တာကွယ့်။ ဝက်ထမ်းလူမျိုး ရေမချိုးရ ဆိုတဲ့ နံတူမိတဲ့ ကိန်းသဘောပေါ့။ နံတူသတ်က အသေရဆိုတဲ့ စကားမမှာလို မဟုတ်ဘူးလား ဟေ့...ဒကာအေးဖေ'

'မှန်ပါ့ ဘုရား'

ဆရာတော်နှင့် ဆရာဦးအေးဖေတို့ အပြန်အလှန် ပြောဆိုနေကြသည့် ဓာတ်သဘော ဓာတ်သဘာဝတို့ကို ကျွန်ုပ်၏ စိတ်၌ အချို့ကို သိသလိုလို၊ အချို့ကို ဝိုးတဝါးဖြင့် ယောင်နန ရှိနေချိန်တွင် ဆရာတော်သည် ကျွန်ုပ်အား...

'ဟေ့... မောင်အောင် ဟုတ်တယ် မဟုတ်လားကွယ့်'

ကျွန်ုပ်ဘက်သို့ ရုတ်တရက် လှည့်ကာ မေးလိုက်သော်လည်း ကျွန်ုပ်သည် ဘာပြောရမှန်းမသိ အလျင်စလိုသာ "ဘုရား"ဟုသာ ထူးလိုက်ရသည်။

'အေး...အေး ဝအောင် မင်း လိုက်သွားပြီးတော့ အဖြေရှာပေးလိုက်ပါကွာ။ သိတယ် မဟုတ်လားဟေ့... ဝက်ထမ်းလူမျိုး ရေမချိုးရ၊ ချိုးရင် ဘာဖြစ်မယ် ဆိုတာ။ ဗုဒ္ဓဟူးသား ဗုဒ္ဓဟူးနံ ဓာတ်ခိုက်နေတာ။ သူ့အိမ်ခြံဝိုင်းအတွင်း မရှာနဲ့ ခြံစည်းရိုးအပြင် ဗုဒ္ဓဟူးနံကို တွေ့အောင် ရှာပေးပြီးတော့ ဖယ်ပေးလိုက်ပါကွာ။ မင်းနာမည်က ဝအောင်ဆိုတော့ အောင်တတ်ပါပြီးသားပဲဟေ့ ဟုတ်လား။ ဟန်နဲ့ပန်နဲ့ လုပ်ပေးလိုက်စမ်းပါ။ ဝအောင်ရေ ကြားလားဟေ့။ ကဲ...ကဲ လိုက်သွားပေတော့'

ဆရာတော်သည် ကျွန်ုပ်အား အဆိုပါ ဒကာနှင့်အတူ လိုက်သွားဆို၍သာ ထလိုက်လာခဲ့ရသည်။ မိမိကိုယ်မိမိ ယုံကြည်မှု အားနည်းနေသော်လည်း ဆရာတော်၏ သီလ ဂုဏ်၊ သမာဓိဂုဏ် စွမ်းပကား ကျွန်ုပ်သည် အပြည့်အဝ ယုံကြည် ပြီးသား ဖြစ်သည်။

ကျွန်ုပ်တို့နှစ်ဦး ဆရာတော်အား ဝတ်ဖြည့်ပြီး ဓာတ်ခန်းအတွင်း ထွက်လာစဉ်...

'မောင်ထိန်လင်း မောင် လင်း'

ဆိုသည့် ဆရာဦးအေး သားအမည်ကို . တကြော် အော်ခေါ်နေသည့် ဓာတ် အတွင်း တစ်နေရာရှိ လှောင် အတွင်းမှ သာလိကာငှက် တစာစာ အသံသည် ကျွန်ုပ် နောက်၌ ဝေးကွာ ကျန်ရစ် သည်။

* * *

ကျွန်ုပ်တို့နှစ်ဦးသည် အင် လေးအပိုင်းမှ ကျော်လွန်





www.burmeseclassic.com

www.burmeseclassic.com

အင်းယားလမ်းအတိုင်း လျှောက်လှမ်းလာခဲ့သည်။ လမ်းဝဲ,ယာတို့တွင် ကုက္ကိုပင်ကြီးများ၊ ငုဝါပင်တန်းများသည် ပေါက်ရောက်နေကြသည်။ ထိုစဉ်က တက္ကသိုလ် အရန်တပ်ရင်းနှင့် ဩဂတ်စတင်း ဘုရားကျောင်းကို ကျော်လွန်သောအခါ ရှေ့၌ ကုက္ကိုပင်အိုကြီးများ၊ မြရာပင်များ၊ ငုဝါပင်များနှင့် တောအုပ်ကြီးတစ်ခုပမာ တက္ကသိုလ်ပင်မရေစက်ဝင်းကြီးကို လှမ်းမြင်တွေ့လိုက်ရသည်။

ထိုနေရာသည် ထိုစဉ်က ဝန်ထမ်းများ မိမိဘာသာ ဆောက်လုပ်နေထိုင်ကြသည့် ဝန်ထမ်းရပ်ကွက်တစ်ခုဖြစ်သည်။ *(ယခု ပညာရေးခန်ကြီးဌာန)*

ကျွန်ုပ်တို့ ထိုရပ်ကွက်အနီးသို့ ရောက်ရှိသွားစဉ် ကျွန်ုပ်အား ခေါ်ဆောင်လာခဲ့သော ပုဂ္ဂိုလ်သည် လူနာရှိရာ အိမ်ပေါ်သို့ တက်ရောက်ရန် ဟန်ပြင်လိုက်သော်လည်း ကျွန်ုပ်သည် လိုက်ပါမသွားဘဲ အောက်၌ ကျန်ရစ်ခဲ့သည်။

ထိုလူနာအိမ်၌ ဂိုဏ်းဆရာများ၊ ဆရာကြီးများဟု ယူဆရသူများသည် ဘုရားခန်းရှေ့ ၌ ဝိုင်းဖွဲ့ကာ စကားပြောနေကြသည်။ ကျွန်ုပ်သည် အိမ်ပေါ်သို့ မတက်ဘဲ ဆရာတော် မှာကြားခဲ့သော အိမ်ဝိုင်း၏ အပြင်ဘက်၌ ရေမြောင်းနှင့် ပတ်သက်သော အကြောင်းကိုသာ ရှာဖွေရန် အာရုံစိုက်နေသည်။

ကျွန်ုပ် ရှာဖွေလိုသည့် ဗုဒ္ဓဟူးနံ



နှင့်ပတ်သက်သည့် အကြောင်းအရာကို (၃)ပေခန့် ကျယ်ဝန်းသည့် ရေမြောင်းတစ်ခုအတွင်းမှ "ရေ"ဆိုသည့် ဗုဒ္ဓဟူးနံကို ဆက်စပ် ရှာဖွေရန်အတွက် ဦးနှောက်ကို အလျင်အမြန် အလုပ်ပေးနေစဉ် **အိမ်ခြံဝိုင်းအတွင်းမှ (၁၂)နှစ်အရွယ် ကလေးငယ်တစ်ဦး ထွက်လာသည်**ကို လှမ်းမြင်လိုက်ရသဖြင့် လှမ်းခေါ်လိုက်ပြီး မုန့်ဖိုးပေးကာ အကူအညီ တောင်းခံလိုက်သည်။

'ပို့တူကြီး... ဒီရေမြောင်းအတွင်းက ဘူးခွံ ဘူးခွက်တစ်ခုကို ရှာပေးစမ်းပါကွာ၊ ဦး...မင်းကို မုန့်ဖိုးပေးပါ့မယ်။ ရော့'

ကျွန်ုပ်သည် ပြောပြောဆိုဆိုနှင့် ကလေးငယ်၏ အိတ်အတွင်းသို့ (၂၅)ကျပ်တန်တစ်ရွက်ကို ထိုးထည့်ပေးလိုက်သည်။ ကလေးငယ်မှာ အားရဝမ်းသာစွာနှင့် ရေ တစ်တွာတစ်မိုက်ခန့်သာ ရှိနေသော ရေမြောင်းအတွင်း ငါးစမ်းသလို စမ်းရင်းဖြင့် လက်ဖြင့် ကိုင်မိရာ အရာအားလုံးကို ကုန်းပေါ်သို့ လှမ်းတင်ပေးနေသည်။ ထိုအထဲမှ ထူးထူးဆန်းဆန်း တစ်ခု ကျွန်ုပ်၏ မျက်စိရှေ့သို့ ရောက်လာသည်။

ထိုအရာသည် တခြားမဟုတ် **လတ်လတ်ဆတ်ဆတ် မြှုပ်နှံထားသော ဝါးဆစ်ဘူးပိတ်တစ်ခု ဖြစ်သည်။** ကျွန်ုပ်သည် အဆိုပါ ဝါးဆစ်ဘူးပိတ်ကို သန့်စင်လိုက်ပြီး **အထဲမှ ပိတ်ဆို့နေသော အရာများကို ဖွင့်ထုတ်လိုက်သည်။ အထဲမှ လဲမှို့စများနှင့် စပါးစေ့များထွက်ပေါ်လာသည်။** ကျွန်ုပ်သည် ထိုအရာအားလုံးကို ကုန်စင်အောင် ထုတ်ယူပြီး ဝါးဆစ်ဘူးခွံနှင့်အတူ နေလှန်းထားလိုက်သည်။

ကျွန်ုပ် လုပ်ကိုင်နေသည်များကို မမိုတ်မသုန် ကြည့်နေသော လူနာရှင်ဦးကြီးမှ...

'ဆရာလေး ဒါက ဘာလဲဟင်'

'ဒါလား ဆရာတော် မှာကြားလိုက်တဲ့ တတ်ခိုက်နေတဲ့ ပစ္စည်းရဲ့ တရားခံပဲ၊ ကဲ...ကဲ ခင်ဗျားရဲ့ သားတော်မောင်ကိုသာ ခေါ်လာခဲ့ပါ'

အဆိုပါ ပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်အား သူ၏ အိမ်နံဘေးရှိ အိမ်တစ်လုံးပေါ်သို့ ခေါ်ယူခဲ့ပြီး သူ၏ ရောဂါသည် သားငယ်ကို သွားရောက် ခေါ်ငင်လိုက်သည်။

မကြာမီမှာ ဝေဒနာ ခံစားနေရသော သားငယ်နှင့်အတူ အမေဖြစ်သူတို့ပါ အတူလိုက်ပါလာကြပြီး သူတို့နှင့်အတူ တစ်ဖက်အိမ်တွင် ရှိနေသော ဆေးဆရာကြီးများပါ ရောက်လာကြသည်။

ကျွန်ုပ်၏ အနီးသို့ လူနာ ရောက်လာလျှင် ထွေထွေထူးထူး ဘာမှ မေးမြန်းခြင်း မပြုတော့ဘဲ မီး၌ မီးလှုံခိုင်းလိုက်ရသည်။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com

လုပ်ကိုင်ရသည်မှာလည်း ဆရာတော် မှာကြားလိုက်သည့် ''ဝက်ထမ်းလူမျိုး ရေမချိုးရ၊ ရေချိုးမိက မီးလှုံရ'' ဆိုသည့်စကားကို နားဖြင့် ကြားယောင်မိသဖြင့် လုပ်ကိုင်နိုင်းလိုက်ရခြင်း ဖြစ်သည်။

ထိုသို့ ကျွန်ုပ်၏ စေခိုင်းမှုအတိုင်း ပြုမူလုပ်ကိုင်နေစဉ် လူနာသည် ရောဂါဝေဒနာမှ အတော်အတန် သက်သာသွားသည်ကို တွေ့လိုက်ရသည်။

ပရိသတ်အားလုံးသည် ကျွန်ုပ် ပြုမူ လုပ်ကိုင်နေပုံကို စိတ်ဝင်တစားဖြင့် ဝိုင်းကြည့်နေပြီး ထိုအထဲမှ အသက်အရွယ်ကြီးကြီး ပုဂ္ဂိုလ်တစ်ဦးမှ...

'ဒါဆို ဆရာလေးရယ်... တရားခံက ဘယ်သူလဲဆိုတာ ဖော်ထုတ်ပေးစမ်းပါ။ ဒီကိစ္စက တော်တော်ယုတ်မာပက်စက်တဲ့အကြံပဲ'

ပရိသတ်အားလုံးသည် ထိုပုဂ္ဂိုလ်ကြီး၏ တောင်းဆိုမှုကို စိတ်ဝင်စားသလိုဖြင့် ငြိမ်သက် နားထောင်နေကြသည်။ ထိုအချိန် တွင် လူနာ၏ အမေသည် ထစ်ထစ်ငေါ့ငေါ့နှင့်...

'တရားခံက ဘယ်သူမှ မဟုတ်ပါဘူးရှင်၊ ကျွန်မပါပဲ'

ပရိသတ်အားလုံး၏ မျက်လုံးများသည် မယုံကြည်ဖွယ်ရာ လူနာရှင်၏ မိခင်ဆီသို့ ရောက်ရှိသွားပြီး တအံ့တသြ ဖြစ်သွားကြသည်။ မိခင်ဖြစ်သူမှာ မျက်ရည်လေး တစမ်းစမ်းနှင့် ကျွန်ုပ်အား ဦးချကန်တော့နေသည်ကို လက်ကာပြ တားလိုက်



ရသည်။

အမေဖြစ်သူမှ သူမ၏ အပြစ်များကို ခွင့်လွှတ်ဖို့ အကြိမ်ကြိမ် ဦးနှိမ်ချ တောင်းပန်နေသဖြင့် ပရိသတ်အားလုံးသည် ထိုဖြစ်ရပ်ကို အစီပွါယ်ကို နားမလည်ကြသလို ကျွန်ုပ်ကိုယ်တိုင်လည်း နားမလည်နိုင်အောင် ဖြစ်နေရသည်။

ဆရာတော် မှာကြားလိုက်သည့် မိသားစု ဇာတ်ချုပ်ကြီးဆိုသည့် အသီလောက်သာ သိခွင့်ရပြီး ဘာဆိုတာ ဂဃနဏ နားမလည်ခဲ့ပေ။ အမေလုပ်သူ၏ မျက်ရည်တစမ်းစမ်းနှင့် ရှင်းပြပြောပြမည့် စကားကိုသာ အာရုံစိုက်နေမိသည်။

'ဆရာလေးရယ်...အခုကိစ္စက ကျွန်မရဲ့ ပကြံစည်ကောင်းတဲ့ အရာကို ကြားဖူးနားဝနဲ့ လုပ်လိုက်ရပေမယ့် ခုလို သားလေးရဲ့ ခံစားနေရတဲ့ ဝေဒနာကို မကြည့်ရက်ခဲ့ပါဘူး။ ကျွန်မကိုယ်တိုင် ဒီဖြေဆေးကို မသိခဲ့လို့ လက်ပိုက်ကြည့်နေခဲ့ရတာပါ။

ဒီ မပြုကောင်းတဲ့ ဇာတ်လမ်းအစကို ကျွန်မ ပြောပြရရင် ဒီသားလေးဟာ ကျွန်မရဲ့ မွေးစားသားပါ။ သားအရင်း မဟုတ်ပါဘူး။ ဝမ်းနဲ့လွယ်မမွေးခဲ့ရပေမယ့် ဒီကလေးဟာ ကျွန်မတို့လက်ထဲကို ရောက်လာတော့ လသားအရွယ်လေးပါ။

ကလေးရဲ့ မိဘနှစ်ပါးက လှည်းတန်းဈေးအနီးက ရပ်ကွက်ကြီး မီးလောင်တော့ စိတ်ဆင်းရဲကိုယ်ဆင်းရဲနဲ့ ရှေ့ဆင့်နောက်ဆင့်ဆိုသလို သေဆုံးသွားကြတယ်။ မသေဆုံးခင်မှာ ကျွန်မတို့ကို မွေးစားဖို့ ဒီကလေးကို အပ်နှံသွားတာပါပဲ။

ကျွန်မတို့ လက်ထဲ ဒီကလေး ရောက်လာပြီး သိပ်မကြာပါဘူး ဟောဒီဘက်က သမီးလေး ကိုယ်ဝန် ရှိလာတာပါပဲ။ ဒါကြောင့် ဒီသွေး မစပ်တဲ့ မောင်နှမနှစ်ယောက်ရဲ့ နောင်ရေး စိတ်အေးရအောင် ဆို စိတ်နဲ့ သားလေး ဘွဲ့ရလာတဲ့ နှစ် သူတို့နှစ်ယောက်ကို ပေး ကျွန်မ ကြံစည်ခဲ့ရတာပါ။

ဒါပေမယ့် ကျွန်မရဲ့ အကြံအ က မအောင်မြင်ခဲ့ပါဘူး။ ဘာဖြ လဲဆိုတော့ သားမှာ တက္ကသို တက်တုန်းက ချစ်သူရည်းစား ပြီ။ ခု...သူနဲ့ လက်ထပ်တော့ ဆိုတာ သိလာရတာနဲ့ သူချ ကွဲကွာသွားအောင် ကျွန်မ ဒီအ အစည်ကို အကောင်အထည် လိုက်ရပါပဲရှင်'

*အဘွားကြီးမှာ သူ့ရင်ထဲ* သိပ်ထားခဲ့ရသော စကား ယခုမှ ကရားရေသွန် ပြော သည့်အတွက် စိတ်သက်သ သလို တစ်ဖက်မှ ကျွန်ုပ်အာ အညီတောင်းခံလိုသည့် သ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ မျက်နှာကို စေ့စေ့သာ ကြည့်နေသဖြင့် ကျွန်ုပ်သည် အဘွားကြီးကို အားပေးလိုက်ရသည်။

'ကဲ...ဆက်ပြောစမ်းပါဦး'

'တစ်နေ့တော့ ကျွန်မသားက ချစ်သူနဲ့ ရုံးမှာ လက်ထပ်သွားမယ်ဆိုတာ ကြားသိလိုက်ရတာနဲ့ နေ့နံနဲ့ တိုက်မယ့်နေ့ကို သွားဖို့ ကောင်းဖျလိုက်ပြီး အဲဒီနေ့မှာ ကျွန်မ ောင်ရွက်လိုက်တာပဲ။

အဲဒီလို လုပ်တဲ့နေ့ကလဲ သူ့ရဲ့ နေ့ ဗုဒ္ဓဟူးနေ့ ဗုဒ္ဓဟူးအခါကို တိုက်မိအောင် လုပ်လိုက်တော့ မျိုး ဗိုက်ကြီးက တစ်နေ့တခြား ပွလာပြီး မရှုနိုင်မကယ်နိုင်တဲ့ ကို ရောက်သွားရတာပါပဲ။

ကျွန်မ ခုလို ထုတ်မပြောဘဲ နှုတ်ပိတ်နခဲ့တယ် ဆိုပေမယ့် လုပ်ခဲ့တဲ့ အပြစ်ကို ကျွန်မ ပြန်မကုနိုင်တော့ဘဲ ခုလိုအဖြစ်မျိုး ရောက်သွားရတာပါ။ ခုတော့ ကျွန်မ ဒီ မကောင်းတဲ့ စိတ်တွေကိုလဲ စွန့်လွှတ်လိုက်ပါပြီ။ မလုပ်ကောင်း မပြုကောင်းတဲ့ အလုပ်တွေကို ကျွန်မ နောင်လဲ မလုပ်တော့ပါဘူး ဆရာလေးရယ်'

ကျွန်ုပ်သည် အမျိုးသမီးကြီး၏ ဓာတ်စုံ ရှင်းပြသည့်အတွက် ဓာတ်ရည်လည် သဘောပေါက်သွားသလို ဝေဒနာ ခံစားနေရသော လူငယ်မှာလည်း သက်သာသွားသည်ကို တွေ့လိုက်ရသည်။

ကိစ္စအားလုံး ရှင်းလင်းသွားပြီမို့ သူတို့ အားလုံးကို နှုတ်ဆက်ကာ ဆရာတော်ထံပါးသို့ ပြန်လာခဲ့သည်။

ကျွန်ုပ်သည် လမ်းတစ်လျှောက်လုံး ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်တို့ကို အကြိမ်ကြိမ် အောက်မေ့ ဆင်ခြင်မိကာ ဆရာတော်၏ အမြင်အကြား ဓာတ်တို့ကို မအံ့သြဘဲ မနေနိုင်တော့ချေ။

ကျွန်ုပ်သည် ဆရာတော် ရှိနေရာ ဓာတ်ခန်းအတွင်းသို့ ပြန်လည် ရောက်ရှိလာချိန်တွင် ကျွန်ုပ်အား ပြုံးပြုံးကြီး လှမ်းမျှော်ကြည့်နေသော ဆရာတော်ကို ဖူးမြင်တွေ့လိုက်ရသည်။

'ဘယ့်နှယ်လဲဟေ့ ငအောင်... ဟန်နဲ့ ပန်နဲ့ အောင်ခဲ့ပြီ မဟုတ်လားကွယ်'

ကျွန်ုပ်သည် ဆရာတော်၏ အနီးသို့ တိုးကပ်သွားကာ ဦးနှိမ်ချကန်တော့လိုက်သည်။ ဆရာတော်၏ အနီးတွင် ထိုင်နေသော ကျွန်ုပ်၏ အောင်မြင်မှုအတွက် ဂုဏ်ယူနေသည့် ဟန်ဖြင့် ကျွန်ုပ်ကို ကြည့်နေသည်။

'မှန်ပါ့ဘုရား... ဆရာတော်ရဲ့ ဂုဏ်ကျေးဇူးကြောင့် အခက်အခဲ မရှိဘဲ ဒုက္ခရောက်နေသူတစ်ဦးကို ကယ်တင်ခွင့် ရခဲ့ပါပြီဘုရား။ အခုလို သူတစ်ပါး မကြံစည်နိုင်အောင် ဘယ်လို အကာအကွယ်များနဲ့ ကာကွယ်ရမယ်ဆိုတာ နည်းပေးလမ်းပြ မိန့်ကြားပေးတော်မူပါဘုရား'

**'အေး...အေး... ဒီလို ရှိတယ်လေကွာ။ သူတစ်ထူး မကြံစည်နိုင်အောင် အစား အသောက်စားတဲ့အခါ တဝတပြဲ စားကောင်းတိုင်း မစားရဘူး။ တစ်လုတ်တစ်ဆုပ် ဆိုသလို ချိုးပြီးတော့ စားရင် ဘယ်လိုရည်မှန်းမှ သူတစ်ပါး မပြုစားနိုင်ဘူးပေါ့။ ဓာတ်သဘောအရ ဓာတ်ပျက်သွားတာပေါ့ ငအောင်...ဟုတ်လား။ ဓာတ်မခိုင်ရင် ဓာတ်ပျက်တာပေါ့'**

ကျွန်ုပ်သည် ဆရာတော်၏ ဆက်လက် မိန့်ကြားလာမည့် စကားသံကို စောင့်စားနေသော်လည်း ဆရာ တော်သည် မျက်စိကို မှိတ်၍ မည်သည့်စကားသံမှ ထွက်ပေါ်မလာဘဲ တိတ်တဆိတ်နေတော်မူနေသည်ကို မမှိတ်မသုန် ကြည့်နေရင်းဖြင့်သာ...။

မှတ်ချက်

***ဓာတ်ဆရာကြီး၏ ဘဝအတွေ့အကြုံများမှ...***

**ဦးအေကျော်(လှိုင်သာယာ)**



www.burmeseclassic.com

www.burmeseclassic.com



ဗေဒါ

# ရေငအောက်သိုက်မှ

ဝေးသည်ထင်

နက္ခတ္တရောင်ခြည် မဂ္ဂဇင်း ပရိသတ်များ သုတရရှိစေရန်နှင့် ဂမ္ဘီရဝါသနာရှင်များ သုတေသနပြု စီရင် အသုံးပြုနိုင်ရန် တင်ပြအပ်ပါသည်။

အချိန်ရာသီကာလ **ကဆုန်လ ၁၃၈၂ ခုနှစ်ကာလ**မှ ဖြစ်ပါသည်။ ကျွန်တော်ဗေဒါ စစ်သားငယ်ဘဝ မြစ်ဝကျွန်းပေါ်ဒေသတွင် စစ်ဆင်ရေး တာဝန်ဖြင့်(ထိုစဉ်က အမှတ်–၆ ဗမာ့သေနတ်ကိုင်တပ်ရင်း) မအူပင်၊ ပံသပွတ်စခန်းဝယ် ခေတ္တနားနေစဉ် ကာလက ဖြစ်ပါသည်။

ဇမ္ဗူတစ်ခွင် မအူပင်ဟူ၍ ခြင်ကိုက်သည့်ဒဏ်က အတော်ခံရခက်၍ တပ်ခွဲမှူးနှင့်အတူ ပံသပွတ်ရေဆိပ်ဝယ် ငါးမျှားနေရင်း အထက်အမိန့် စောင့်နေရပါ၏။

တပ်ခွဲမှူးသည် ကချင်တိုင်းရင်းသားကြီးဖြစ်၍ စစ်ရည်ဝသော အတွေ့အကြုံများသော ဗိုလ်ကြီး ဖြစ်ပါသည်။ ခရစ်ယန်ဘာသာဝင် ဖြစ်၍ ကျွန်တော်ကလည်း ထိုစဉ်က ရေဖြန်းခြင်း မင်္ဂလာခံယူထားသော ခရစ်ယန် ဘာသာဝင်ဖြစ်ပါ၏။

ငါးမျှားရင်း တပ်ခွဲမှ စစ်သည်များအား ချောင်းဆုံဖြစ်သော ဤပံသပွတ်ချောင်းထဲသို့ ဘယ်သူမှ ရေဆင်းမကူးရန် တားမြစ်ထားပါသည်။

**ရွှေဂျိုးဖြူ မူလခဲ** သိုက်ရှိသည့် ...
ညော့သည့်တပ်များဆိုရင် ...
သေဆုံးကြသော ဖြစ်ရပ်ရှိ၍ အ...
အလာဖြစ်ကာ ရေဆင်းမကူး...
ခြင်း ဖြစ်ပါသည်။

'ဗေဒါ ငါးမျှားချိတ် ငြိနေပြီ...'

တပ်ခွဲမှူးက ကျွန်တော့်ကို ...
ပြောသည်။

ကျွန်တော့် ငါးမျှားချိတ်က...
ကုက္ကိုပင် ခြေရင်းအောက်ဝယ် ငြိ...
သည်။ ဆရာတပည့်နှစ်ယော...
တိုက်တိုက်ဆိုင်ဆိုင် ဖြစ်နေ၍...

'ဗိုလ်ကြီးရေ...လာခဲ့မယ် ...
လဲ ငြိနေတယ် ဗိုလ်ကြီးရဲ့'

ကျွန်တော်က အော်ပြော...
ဗိုလ်ကြီးထံ လာခဲ့ပါသည်။

'ငါဆင်းမယ်'

ဗိုလ်ကြီးက ပြောပါသည်။

'ဟာ...ဗိုလ်ကြီး မဆင်း...
ကျောက်ခဲ ရေထဲကျ ပြန်ပေါ်...
ဗိုလ်ကြီးဖိုးဝ ကိုယ်နဲ့ဆို မဟ...

နောက်ပြီး အမိန့်လေ ...
ဘယ်သူမှ မဆင်းရဆို၊ ကျွ...
က တပ်ခွဲမှူး၏ လက်ပွန်း...
နေရသော အကျူရဲဘော်ပီ...
ရင်းနှီးစွာ သားအဖပမာ ပြော...
ရသည်။

'ဒီလိုဆို...'



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ကြီးအသံက မဆုံးမီ ကျွန်တော်က...

'ဒီလို...ဒီလိုလေ ဗိုလ်ကြီး'

ဟု ပြောပြောဆိုဆို ရေထဲ ဒိုင်ဗင် ထိုးဆင်းလိုက်ပါတော့သည်။

ရေထဲ လက်နှစ်ဖက်က တစ်စုံ တစ်ခု ငြိပါလာသည်။ ကျွန်တော် ရေထဲမှ အပေါ်ပြန်တက်လာသည်။ လက်ထဲမှာ သဲများနှင့် **မယ်တော် ဓာရိပုံပါ ပုတီးကုံး...**

ခေတ္တအမောဖြေရင်း တပ်ခွဲမှူး ...က်ထဲ အပ်လိုက်သည်။ တပ်ခွဲမှူး ...က အံ့ဩစွာ ကိုင်ကြည့်နေစဉ် ...နှ်တော် ဒုတိယကြိမ်မြောက် ရေ ...ထဲ ငုပ်ပြန်သည်။

ဒီတစ်ခါတော့ ရေထဲမှာ ငြိနေ ...သာ ငါးမျှားချိတ်ကို ဖြုတ်ယူပြီး ...င်းလက်သောအရာတစ်ခု တွေ့၍ ...နှ်တော် ကောက်ယူကာ ရေပေါ် ...တက်လာပါတော့၏။

...အပေါ်ရောက်သောအခါ ဗိုလ်ကြီး ...ကျွန်တော်အား ရေထဲသို့ ပြန် ...င်းစေတော့ပါ။

...က်ထဲမှ ဝင်းလက်သောအရာ ...ည် **အဖြူရောင် တစ်ပေသာသာ ...င့်(၁)လက်မခွဲမျှ ရှိသော ...ျှောငယ်တစ်ခု** ဖြစ်နေသည်။ ...သော့ခလောက်မှ မရှိပါ။ ...သော့ခလောက်နေရာမှာ ကလစ် ...ချောင်းနှင့် ထိုးထားသည်ကို ...၍...

...တပည့်နှစ်ယောက် သေချာ ...ငြိုး သတိနှင့် ဖွင့်ကြရသည်။ ...ထဲမှာတော့...

**စမရှစ် အင်းသုံးအင်းနှင့်...**

**ငွေသားနှင့် ပီသစွာ မြလုပ်ထား သော ယင်ကောင်ငယ်တစ်ရာ၊ ဆေး တောင့်များ၊ မပီသသော အင်းချပ်များ၊ ဆေးလုံးများ၊ ရွှေသွဲ့ကြိုးနှစ်ကုံး၊ လက်စွပ်တစ်ကွင်း၊ လှပသော ထီးပဝ သော၏ ဖင်ကျယ်သော ကြေးအိုးငယ် လေးထဲမှ ဝင်းလက်သော ပြားများ ပါ ရှိသည်ကို တွေ့ရှိရပါသည်။**

**စမသုံးရှစ်ပုံတော်များမှာ...**

ကြေးနီပြားပေါ်ဝယ် ပီသစွာ ထင် ဟပ်နေပါသည်။ ထိုနေ့မှစ၍ ကျွန်တော်သည် ဘဝတစ်ဆစ်ချိုး ပြောင်းကာ တပ်ခွဲတွင် ဟောလိုက် ပြောလိုက်နှင့် ဂါထာမန္တန်များ လေ့ကျက်ခြင်း ဝါသနာပါခဲ့ပါတော့ သည်။

ကျွန်တော် ရေထဲမှ ရရှိပြီး ည နေပိုင်းတွင် ဘယ်အချိန်က တားမြစ် ထားသည့်အမိန့် သတိမမူဘဲ ရေ ဆင်းကူးရာ တပ်သားငယ် ရဲဘော် တစ်ဦး ရေနစ်သေဆုံးရပါသည်။

အလောင်းက နောက်တစ်နေ့ လည်း ရှာမရ။ တပ်ခွဲမှူးက ကျွန်တော်ကို မေးပါသည်။

'ကဲ...ဗေဒါ မင်းနဲ့ ကိုက်ညီမယ် လုပ် ကြည့်ကွာ။ အလောင်းရဖို့ အရေးကြီး တယ်'

ဟု ဆိုရာ ကျွန်တော်က...

'စစ်သားမို့ သည်းခံပါ၊ အမှားရှိခွင့်လွှတ်ပါ၊ အလောင်းပြန်ပေးပါ၊ ညှိသည်များ ဖြစ်ပါ သည်'

ဟု ပြောပြီး ခေတ္တ မျက်စိ ဖွင့် လိုက်ဖိတ်လိုက်နှင့် ပုဂ္ဂိုလ်များနှယ် လုပ်နေရာ ဘေးမှ ရဲဘော်များ ပြုံး စိစိနှင့် ကြည့်နေကြပါသည်။

'ဗိုလ်ကြီး... ဟိုကမ်း ကျောက်တောင် စွန်းနားက ထုံးဖွေးဖွေးစေတီငယ် တည် ရှိတဲ့ ကျောက်ဆောင်ခြေရင်းမှာ'


ဟု ပြောလိုက်ရာ လှေနှင့် သွား ကြပါတော့သည်။ ရေနစ်သေဆုံး ရရှာသော ရဲဘော်လေး၏ အလောင်းအား ထိုနားမှာပင် ရရှိ လိုက်ပါတော့၏။

နောက်တစ်ကြိမ်တွင်...

'အသင့်ပြင် ခရီးထွက်မယ်၊ ရေကျော် ဆားမလောက်'

နားထဲ ကျွန်တော် ကြားနေရ သည်။ နောက် ရေပြင်ကျယ်ကြီး ဖြတ်ကျော်ပြီး မထင်မရှား ရွာအဝင် တိုက်ပွဲဖြစ်နေသည်များ မြင်နေရ သည်။

နောက်တစ်ဖန် အလောင်း တစ်လောင်း လှေပေါ်တင်ပြီး ပြန်





www.burmeseclassic.com

www.burmeseclassic.com



လာသော ကျွန်တော်တို့တပ်ခွဲ။ ထို အလောင်းမှာ ကျွန်တော်၏ အလွန် ရင်းနှီးသော ချင်းတိုင်းရင်းသား ဒုတပ်ကြပ်လုံ့ရှဲရား ဖြစ်နေသည်။

ကျွန်တော်လက်က ကျောပိုး အိတ်များ ပြင်ဆင်သလို ဘေးမှ ဆေးတပ်သား စစ်သည်ကို...

'မောင်အေးကို ပြောလိုက်... တပ်ခွဲအသင့်ပြင်ထား ခရီးထွက်မယ် တပ်ခွဲမှူး ပြောခိုင်းတာ'

ဟု ပြောလိုက်ရာ ဆေးတပ်သား စစ်သည်,သည် ပြေးလွှား သွားပြော ပါတော့သည်။

သူပြန်ရောက်သောအခါ [ထိုစဉ် က တပ်မဟာ(၁၂)]ခွင်မှီ အမိန့်က ကျွန်တော်တို့တပ်ခွဲ ခရီးထွက် ရှင်း လင်းလှုပ်ရှား စစ်ဆေးရေးခရီး အမိန့် ရောက်လာပါတော့၏။

ကျွန်တော် ထင်မြင်နေရသော အာရုံနိမိတ်တို့သည် အမှန်ပင် ဖြစ် နေပါတော့သည်။ ရေကျော်–ဆား မလောက်မှ ရေပြင်ကျယ်ကြီးကို လှေငယ်များနှင့် ပြန်လာသော ကျွန်တော်တို့တပ်ခွဲသည် မထင်ရှား သော "ကွန်တိုင်းလေး" ရွာငယ် အဝင်ဝယ် တိုက်ပွဲဖြစ်ပါတော့၏။

ကျွန်တော်ဘက်မှ ဒုတပ်ကြပ် လုံ့ရှဲရား ချင်းတိုင်းရင်းသားသည် ကျဆုံးရရှာပါသည်။

ကျွန်တော် စဉ်းစားမိပါသည်။ ရေထဲမှ ရရှိသော ကြွေအိုးထဲမှ ဝင်းလဲ့လဲ့ရှိသော ပြာကို တံတွေးနှင့် ဆွတ်ပြီး လျှာပေါ်တင် မျိုချကြည့် မိသည်ကြောင့်လား သို့မဟုတ် ရွှေယင်ကောင် ငွေရုပ်ကလေးကို ရေစိမ်သောက်မိ၍လား...

စမ အင်းတော်ရုပ်စမတို့၏ အာနုဘော်ကြောင့်လား မသိ။ ထူးခြားမှု အာနိသင်ကို ရရှိသည်မှာ အမှန်ပင် ဖြစ်ပါတော့သည်။

ပို၍ ထူးခြားသည်မှာ ...

နောက်တန်းသို့ ပြန်အရောက် ဝယ် တပ်ခွဲမှူးသည် ရာထူးတစ်ဆင့် တိုး၍ တပ်ပြောင်းသွားရသည်။

တပ်ခွဲမှူးက ကျွန်တော့်အား ရေ ထဲမှရသော ရွှေဆွဲကြိုးနှင့် လက်စွပ် ပါရှိသော ပစ္စည်းများကို ကျွန်တော် ကိုပေးပြီး ပံသပွတ်ချောင်းထဲမှ ပထမဦးဆုံး ကျွန်တော်ရရှိသော မယ်တော်မာရိပုံပါရှိသည့် ပုတီးကုံး ကိုမူ တပ်ခွဲမှူး၏ လည်ပင်းမှာ ဆွဲ ထားလေပြီ။ တပ်ခွဲမှူးက တပည့် ခေတ္တနားတုန်း...

'မင်း ကမ္ဘောဇကို ခွင့်ပြန် ခွင့်(၁၀)ရက် ပြည့်ခါနီးမှာ အေသခံတပ်ရင်းမှာ ထ... တိုးခွင့် (၁၀)ရက်တင် တို့တပ်ရင်း... ခွင့်ပြုသည်၊ မပြုသည် မစောင့်နဲ့ ... ထပ်တိုးခွင့်တင်တဲ့ စာရွက်ဖြတ်ပိုင်း... သာ ယူခဲ့ပေတော့။ အေး... လိမ္မာ... ပညာချင့်တတ်ပါစေ'

'ဒါနဲ့ မင်းဆီလာနေတဲ့ လိပ်စာ... ရှမ်းမလေးအမည်က ဘယ်သူ...'

ဟု မေးပါသည်။

ကျွန်တော်က "**နန်းခမ်း...**" ဒုဋ္ဌဝတီက ကမ်းခြေကရွာ။ ... လိုက်ရာ ဆရာတပည့်နှစ်ယော... ပြုံးတူ ရယ်မောလိုက်ကြပါတော့ ၏။

နဂ္ဂတ္တာရောင်ခြည်မဂ္ဂဇင်း စာ... ပရိသတ်များနှင့် ဂမ္ဘီရဝါသနာ... များသို့ လေးစားစွာ တင်ပြလို... သည်။

ရွှေဂျိုးဖြူ မူလခဲ သိုက်... အထင်ကရပင် မဟုတ်ပါလား...

စစ်သားငယ်ဘဝ ထိုစဉ်က ... လောကီရပညာရပ်တို့ကို ... ပါရန်ဝေးစွ တခြားဘာသာ... နေပြီး...

ယခုအခါဝယ်...

မူလ ရှမ်းဘုန်းကြီး(ဝါ) ... (ဗေဒါ)ဂမ္ဘီရလောကမှာ ... ဝမ်းရေးပြုနေသည်မှာ ... သိုက်မှ ပေးသည်ထင်၍... နိုင်ပါ။

**သုစိတာ ဟော...**

ဗေဒါ



www.burmeseclassic.com

မိဘနှစ်ပါးအား ပြုစုလုပ်ကျွေးသဖြင့်

# မိုးကြိုးပစ်ချယော်လည်း

သေကံမရောက်

# သက်မပျောက်ခဲ့သူ

အေးချမ်းမြေ့
(မင်းလှ)



၂၀၁၇ ခုနှစ်၊ မေလ(၂၅)ရက်နေ့က ဖြစ်ပါသည်။

စာရေးသူနှင့် အတန်းအတူတူ တက်ခဲ့သူ၊ သူငယ်ချင်းခင်နှင်းရီ တစ်ယောက် ကျန်းမာရေးမကောင်းသဖြင့် သရက်တောရွာမှ မင်းလှမြို့ ပြည်သူ့ဆေးရုံသို့ ရောက်လာပါသည်။

နေထိုင်မကောင်းသဖြင့် ရောက်ရှိလာသော သူငယ်ချင်းကို သွားရောက်အားပေးရန် အစ်မအကြီးဆုံး ဈေးဆိုင်မှ အိုဗာတင်းဘူး၊ ကိတ်မုန့်၊ အချိုရည်ဘူးများ ကိုင်ဆွဲပြီး ဆေးရုံဘက်သို့ လူနာမေးရန် ထွက်လာခဲ့ပါသည်။

ငယ်ရွယ်စဉ် ကလေးဘဝကစပြီး အတူကစား၊ အတူကျောင်းတက်၊ အတူ စာကျက်ခဲ့ကြပါသည်။ အခုအချိန်မှာတော့ တစ်နှစ်တစ်ခါ တွေ့ဆုံဖို့တောင် တကယ်မလွယ်ပါ။

စာရေးသူ ဆေးရုံထဲ ရောက်တော့ အမျိုးသမီး လူနာဆောင်ဘက်ကို လျှောက်သွားပြီး သူငယ်ချင်းကို ရှာ ...က်ပါသည်။

သူငယ်ချင်း ခင်နှင်းရီ ခုတင်ပေါ် ... တစောင်းလေး လှဲနေပါသည်။ ...ရေးသူကို လှမ်းမြင်တော့ လက် ...း လှမ်းပြပြီး ထထိုင်ဟန် ...ပါသည်။

...ရေးသူကနေ သူငယ်ချင်း ...သလိုနေပါ ပြောတော့...

'...ယ် သူငယ်ချင်း'

...း အတင်းထထိုင်ပြီး ငယ် ...က အဌမတန်းကျောင်း တက်တော့ ရွာအရှေ့ပိုင်း အမေထွေး အိမ်ကို ဆီးတော်သီးသွားဝယ်လို့ ကျောင်းနောက်ကျတဲ့အကြောင်း...

စာမရလို့ ဆရာကြီးဦးစန်းလွင်က ဒဏ်ပေးလို့ သောက်ရေအိုးတွေ ရေဖြည့်ရဖို့ အ.ထ.က ကျောင်းသစ်ဖွင့်ပွဲတွင် မှုန်ရွှေရည်သီချင်းဖြင့် ကပြခဲ့ကြပုံတွေ နှစ်ယောက်သား ရှေးဟောင်းနောက်ဖြစ် ပြန်ပြောဖြစ်ခဲ့ပါသည်။

'သူငယ်ချင်းရေ... စကားလဲ ပြောလို့ကောင်း သူငယ်ချင်းကို ရှင်ရှင်လန်းလန်းနဲ့ တွေ့လိုက်တော့ ဝမ်းသာသွားတယ်။ ဒီမှာ သူငယ်ချင်းအတွက် မုန့်၊ အချိုရည်၊ အိုဗာတင်းတွေ ပါလာတယ်။ ဆေးရုံပိတ်ခါနီးပြီး ပြန်လိုက်ဦးမယ် သူငယ်ချင်းရေ၊ ပြန်ရင်လဲ အိမ်ကို ဝင်ခဲ့ပါဦး'

ဆိုပြီး ပြောပြောဆိုဆိုဖြင့် သူငယ်ချင်းကို နှုတ်ဆက်ပြီး ယောက်ျားဆောင်ဘက်ကနေ ပြန်လာခဲ့ရာ မိုးကြိုးပစ်ချ၍ သတိမေ့နေသူ





www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားကလေး တစ်ယောက် ဆေးပိုက်တွေ တန်းလန်းဖြင့် တွေ့မြင်ခဲ့ရပါသည်။

အဲဒီနေ့ စာရေးသူ အချိန်လည်း မရတော့ပါ။ ဆေးရုံပိတ်ခါနီးနေပြီ ဖြစ်သည့်အတွက် လူနာကို အပေါ်ယံသာ ကြည့်ပြီး ပြန်ခဲ့ရပါသည်။

နောက်တစ်နေ့ ဆေးရုံဖွင့်တဲ့ အချိန်မှာဖြင့် စာရေးသူကိုယ်တိုင် မိုးကြိုးပစ်ချခံရသူ လူနာဆီကို အအေးဘူးများဖြင့် သွားရောက် မေးမြန်းခဲ့ပါသည်။

လူနာမှာ စိန်ကန့်လန့်ကျေးရွာ အရှေ့ဘက် ကျောင်းရွာမှ မောင်ပိုင်သူချစ်ဆိုသူ လူငယ်လေး အသက် (၁၇)နှစ်အရွယ် ဖြစ်ပါသည်။

သူ၏ မိခင်ဖြစ်သူ ဒေါ်မွှေးမွှေးရီ ပြောပြချက်အရ မောင်ပိုင်သူချစ် သည် အိမ်မှာ အကြီးဆုံးသော သားလိမ္မာလေးတစ်ယောက် ဖြစ်ပါသည်။

ရွာထဲက လူကြီး လူငယ်အားလုံး သူ့ကို မသိသူ မရှိပါဘူး။ အားလုံးက သူ့ကို လိမ္မာလို့ ချစ်ကြပါတယ်။ အားလဲ ကိုးရပါတယ်။

ကျွန်မက မွေးခါနီးဖွားခါနီး ဖြစ်နေတော့ သားလေးက သူ့အဖေနဲ့ ကျပန်း ရရာအလုပ်ကို လုပ်ပါတယ်။ အခုလဲ သူ့ရဲ့ သူငယ်ချင်းတွေနဲ့ ကိုင်းခုတ်ပြီးသား အမှိုက်တွေ မြက်ပင်ပေါက်ပင်တွေကို မီးရှို့ဖို့ တစ်ဖက်ရွာကို ရေနံဆီ သွားဝယ်ဦးမယ်။ ပြောပြီး အိမ်ကနေ ထွက်သွားတာ အခုလို မိုးကြိုးပစ်ချခံရတာပါ။

စာရေးသူမှ မောင်ပိုင်သူချစ် အား...

'အခုကို မိုးကြိုးပစ်ခါနီး ဘာတွေ ထူးထူးခြားခြား ခံစားလိုက်ရသလဲ'

'ဟုတ်ကဲ့... သားရဲ့ခန္ဓာကိုယ်ကြီး မီးပူဟပ်သလို၊ မီးတောက်တွေနား ရပ်နေရသလိုမျိုး ပူပူလောင်လောင်ကြီး ဖြစ်လာတယ်။

နောက် ဘာဖြစ်သွားမှန်း မသိလိုက်တော့ဘူး။ အခု သား သတိပြန်ရလို့ စဉ်းစားကြည့်လိုက်တော့ သားတို့ ကျောင်းရွာရဲ့နောက် လယ်ကွင်းပြင်မှာဖြစ်တာ...

သား မဖြစ်ခင်တော့ သူငယ်ချင်းတွေက သူတို့ရွာကို လာခဲ့ဖို့ ဖုန်းနဲ့ လှမ်းပြောတယ်။

သားလဲ စကားပြန်ပြောလိုက်တဲ့ အချိန်မှာ မိုးတွေခြိမ်း၊ လျှပ်စီးတွေ တဝင်းဝင်းဆိုတော့ ဖုန်းကို ဘောင်းဘီအိတ်ထဲ ထည့်လိုက်တယ်။ စက်ကိုတော့ မပိတ်လိုက်မိဘူး'

'မောင်ပိုင်သူချစ် ဘယ်နှစ်ရက် ကြာမှ သတိရလာတာလဲ'

'တစ်ရက်နဲ့ တစ်ညနေ ကြာမှ သတိရတာပါ'

'သား အခုအချိန်ထိတော့ ခေါင်းထဲမှာ မူးနောက်မူးနောက်နဲ့ သိပ်တော့ ကြည်ကြည်လင်လင် မရှိသေးပါဘူး'

'မောင်ပိုင်သူချစ်ကို ဘယ်သူ အရင်ဦးဆုံး တွေ့တာလဲ'

'သားတို့ရွာထဲက ဦးလေးဦးသိန်းဝင်းပါ။ ဦးလေးက မိုးတွေ သဲသဲမဲမဲ ရွာတုန်း လယ်ထဲမှာ စပါးပျိုးချပြီးလို့ ပြန်လာတာ သားကို ရေအိုင်ကလေးမှာ လူးလှိမ့်နေတာတွေ့လို့ ဦးလေးက အရင်ကယ်ခဲ့တာပါ။

ဦးလေးတွေ့တော့ သားတစ်ကိုယ်လုံး ရွှံ့တွေနဲ့ ပေကျံနေတာတဲ့ သားလည်ပင်းမှာ သားအဖေ လှူပို့ထားတဲ့ ဆွဲခဲ့တဲ့ စတီးဆွဲကြိုးကလဲ တအားပူနေတာ။

အဲဒါကို အရင်ဆုံး ပုဆိုးနဲ့ကိုင်ပြီး ဖြုတ်လိုက်ရတယ်။ ဖုန်းကတော့ သား လက်တစ်လံလောက်အကွာ ရေအိုင်ထဲမှာ တစ်စစီ မှန်ကွဲပြီး ကြေမွပျက်စီး တယ်ပြောတယ်။

အဲဒီဦးလေးကပဲ လယ်ကန်စပ်ကို လျှောက်သွားတဲ့လူကို လှမ်းခေါ် အကူအညီတောင်းပြီး နှစ်ယောက် 'သား ရွာနားထိ ပွေ့ချီလာကြတယ်။

ပြီးတော့ ရွာထဲက ဦးကျော်စိန် အိမ်က ကျောက်ဖရုံသီးကို လူကြီး သွားယူခိုင်းပြီး သူကိုယ်တိုင် ကျောက်ဖရုံသီးတွေ အရည်ညှစ် ပါးစပ်ထဲဝင်အောင်ထည့်၊ သား ထည့်တဲ့နေရာက အရေပြား လန်ပြီး ဒဏ်ရာရတဲ့နေရာ ကျောက်ဖရုံသီးအဖတ်တွေနဲ့ ပေးတယ်။

ထော်လာဂျီ သွားခေါ်သူက သားကို ရွာနောက်ကနေ ထမ်းစင်လုပ်ပြီး တာပေါ် အောင် ပို့သူကပို့၊ ထော်လာ ကို ဝိုင်းတင်ပြီး မင်းလှဆေး ခေါ်ခဲ့ကြတယ်။

သားအမေကိုတော့ ကိုယ် နဲ့ဆိုတော့ ထိတ်လန့်သွား လို့ နောက်ကနေ ဆိုင်ကယ် ဖြည်း လိုက်ခဲ့ရန် မှာခဲ့တယ်

တွေ့တဲ့သူတွေ သားရဲ့ အသားအရေတွေ





www.burmeseclassic.com

www.burmeseclassic.com

နေတာ၊ အခု ဆေးရုံရောက်တော့မှ ဆေးသွင်းဆေးသောက် လုပ်တော့မှ သားရဲ့ အသားအရေတွေ အခုလို ပုံမှန်ပြန်ဖြစ်သွားတာ'

ပိုင်သူချစ်ရဲ့ လည်ပင်းကရော ဒဏ်ရာရှိလားမေးတော့ ရှပ်အင်္ကျီ ကြယ်သီးလေးကို ဖြုတ်ပြပါတယ်။ လည်ပင်းတစ်ဝိုက် စတီးဆွဲကြိုး ဆွဲထားတဲ့ နေရာတစ်ဝိုက်မှာ မီး လောင်ထားသလိုမျိုး အပူလောင် သလို အရည်ကြည်ဖုတွေ လည်ပင်း ပတ်လည်မှာ တွေ့ရပါတယ်။

'ဖုန်းထည့်လိုက်တဲ့နေရာ ဒဏ်ရာ ကို ပြပါဦး'

လို့ ပြောတော့ လက်တစ်ဝါး လောက်ဒဏ်ရာကြီး အရေပြားတွေ လောင်နေတယ်။ ဒဏ်ရာကိုတော့ တ်တီးအုပ်ပြီး ပလာစတာနဲ့ သေ သေချာချာ ကပ်ထားပါတယ်။

ဘောင်းဘီနဲ့ အင်္ကျီရော ရှိသေး ား ရှိရင်ပြပါဦး ပြောတော့ ာင်းဘီနဲ့အင်္ကျီကို ပြပါတယ်။ ကျီလက်ရှည် လည်ပင်းပတ်လည် မီးလောင်ထားတဲ့ အပေါက်တွေ စ်ထည်လုံး နီးပါးပါ။

ဘောင်းဘီကတော့ ဖုန်းထည့်တဲ့ ရာမှာ ပန်းကန်ပြားတစ်ချပ်စာ ာက်ပေါက်ပြီး ရှို့တွပြီး လုံးလုံး ဖြစ်သွားပါတယ်။ ညှော်သင်းနံ့ တောင် ရှိနေပါတယ်။

င်သူချစ်ကနေ…

'သား ကုသိုလ်ကောင်းမှုတွေ လုပ်တာ မိဘကို လုပ်ကျွေးနေတာကြောင့် ပစ်သော်လဲ အသက်မသေရတာပါ'

ားပိုင်ချစ်သူက ကုသိုလ် င်းမှုတွေ ဘာတွေလုပ်ဖြစ်လဲ'

လို့ မေးသောအခါ…၊

'သားတို့ကျောင်းရွာက ရွာဦးကျောင်း ဆရာတော်ဦးကေလာသ ဆရာတော် ကျောင်းကို ဝေယျာဝစ္စကုသိုလ် လုပ်ပေး တယ်။

ဆရာတော်ရွာအနီးအနားက ရွာတွေ အလှူအတန်းရှိလို့ ပင့်ရင် တရားချီးမြှင့်ဖို့ ပင့်ဖိတ်တဲ့အခါ ဆရာတော်က သားကို ဆိုင်ကယ်နဲ့ မောင်းပို့ပေးဖို့ ခေါ်ပါတယ်။ ဆွမ်းချိုင့်တွေလဲ အားရင် အားသလို ဆွဲပို့ပေးပါတယ်။

ဆရာတော်က သားကို လိမ္မာရေး ခြားရှိဖို့ သွန်သင် ဆုံးမပေးပါတယ်။

အနန္တောအနန္တငါးပါးကို မမေ့ဖို့နဲ့ ညအိပ်ရာဝင်တိုင်း မိဘ၊ ဆရာ သမားတွေ ကျေးဇူးရှင်တွေကို ကန်တော့ပြီးမှ အိပ်ဖို့ ဆရာတော် သင်ပေးထားတဲ့ သဝေမပါ ကိုးဂါထာ ကိုလဲ သားနေ့စဉ် ရွတ်ဆိုပါတယ်'

**စာရေးသူကနေ သဝေမပါ ကိုးဂါထာဆိုတာ…**

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိကို
ပြောတာလား'

'ဟုတ်ပါတယ်၊ အဲဒီဂုဏ်တော်ကို နေ့စဉ် ညတိုင်း သား သက်စေ့ ပူဇော်ပါတယ်'

မောင်ပိုင်သူချစ်ရဲ့ ကုသိုလ်ကံ စေတနာရယ်၊ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို နေ့စဉ် ပူဇော်တာနဲ့ မိဘကို လုပ်ကျွေးနေတဲ့ သားလိမ္မာ လေးတစ်ယောက် ဖြစ်တဲ့အတွက် မိုးကြိုးလက်နက်နဲ့ ပစ်ချသော်လဲ အသက်မသေခဲ့ပါ။

စာရေးသူက…

'မိဘကို လုပ်ကျွေးပြုစုနေတဲ့ သားကောင်းရတနာ မောင်ပိုင်သူ ချစ်ကလေး ကျန်းမာပါစေ၊ ချမ်း သာပါစေ၊ အသက်ရာကျော်ရှည်ပါ စေ၊ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ ခြင်းအပေါင်းနဲ့ ပြည့်စုံပါစေ'

ဟု ဆုတောင်းမေတ္တာ ပို့သပြီး ဆေးရုံမှ ပြန်ခဲ့ပါသည်။

နောက်တစ်နေ့ နံနက်(၈)နာရီခွဲ မှာတော့ မောင်ပိုင်သူချစ်တို့ သားအမိနှစ်ယောက် စာရေးသူ ဗေဒင်ဟောခန်းသို့ လာရောက် နှုတ် ဆက်ပြီး ဆေးရုံမှ ဆင်းသွားပါတော့ သည်။

ဖော်ပြပါ ဖြစ်ရပ်မှန်အကြောင်း အရာကို မင်းလှမြို့၏ အရှေ့ဘက် စိန်ကန့်လန့်ရွာအနီး ကျောင်းရွာမှ မောင်ပိုင်သူချစ် မိသားစုများ၏ ခွင့်ပြုချက်ဖြင့် ရေးသား ဖော်ပြခြင်း ဖြစ်ပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းစာတည်း မှူးချုပ်နှင့် စာပေမိသားစုဝင်များ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့နှင့် ပြည့်စုံ ကြပါစေလို့ မေတ္တာပို့သလိုက်ပါ သည်။

**အေးချမ်းမော်(မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော် (လှိုင်သာယာ)

# လော်သံကို နားမခံလိုသည်

ပရလောကသား

တစ်ခုလုံး နီမြန်းရဲတွတ်နေသော
မဏ္ဍပ်အတွင်း ဆရာကြည်
၏ ဒေါသအိုးကြောင့် တ
ငြိမ်ကုပ်စွာနှင့် သွားလာ
နေကြရသည်။

ယနေ့ အလှူမှာ ဟော
မည့်အစား ဆရာကြည်
ဒေါသအိုးကြောင့် အ
လွတ်လွတ်လပ်လပ် မ
ဖြစ်နေသည်။

ယနေ့အလှူပွဲသည်
ကြည်ညွှန့်၏ အလှူပွဲ
သည်။ ဆရာကြည်ညွှန့်

'ဟေ့… တတ်စက်ဆရာ ခုအချိန်ထိ မင်းစက်ကြီးက- ဖွင့်မရသေးဘူးလားဟ၊ မနက်ဖြန် ဘုန်းကြီးတွေ ရောက်လာလို့မှ မင်းစက် ဖွင့်မရရင်တော့ကွာ ဒုက္ခပဲ'

ဆရာကြည်ညွှန့်၏ ဗျစ်တောက် ဗျစ်တောက် အသံများသည် လှုပ်ရှ လှုပ်ရှ ရှိနေသော မဏ္ဍပ်တစ်ခုလုံး လွှမ်းမိုးသွားသည်။

ဆရာကြည်ညွှန့်သည် မဏ္ဍပ် အတွင်း အရှေ့,အနောက် ခေါက်တုံ့ ခေါက်ပြန် လျှောက်လိုက်၊ ခါးထောက်ရပ်လိုက်ဖြင့် မျက်နှာကြီး

www.burmeseclassic.com

နွေရာသီရောက်တိုင်း နွမ်းပါးသူ လုပ်သားများကို ပဥ္စင်းတက်ပေးသည့်ပွဲဖြစ်သည်။

ထိုပဥ္စင်းတက်ပွဲမှာ စည်စည်ကားကား ဖြစ်စေရန်အတွက် ဓာတ်စက်ငှားကာ ဖွင့်စေခဲ့သော်လည်း ဖွင့်မရခဲ့။

သည်ဓာတ်စက် မကောင်းသဖြင့် နောက်တစ်ဦး ပြောင်းကာ ဖွင့်စေခဲ့သော်လည်း ယခုထိတိုင် ဖွင့်မရနိုင် ဖြစ်နေသည့်အတွက် ဆရာကြည်ညွှန့်၏ ဒေါသတွေ ပေါက်ကွဲထွက်ကုန်သည်။

ယခု အလှူမဏ္ဍပ်ကို အလုပ်ခွင်နှင့် မနီးမဝေး အရိပ်ကောင်းကောင်းရသည့် ကုက္ကိုပင်အုပ်စုဝိုင်းနားတွင် ပြုလုပ်ကြခြင်းဖြစ်သည်။

ကျွန်တော်တို့၏အဖွဲ့သည် စက်ရုံသစ်တစ်ခုကို တည်ဆောက်ရန် မြေတူးဖော်ရသည့်အဖွဲ့ လုပ်သားများ ဖြစ်ကြသည်။ ထိုအဖွဲ့ လုပ်သားများထဲမှ ပဥ္စင်းဘောင် တက်လိုသူ လုပ်သားများကို ဆရာကြည်ညွှန့်မှ အကုန်အကျခံကာ ပြုလုပ်ပေးသည့်ပွဲ ဖြစ်သည်။

ထိုအချိန်တွင် လူငယ်ရွာသားတစ်ယောက်သည် ဆရာကြည်ညွှန့်အနီးသို့ ရောက်လာပြီး...

'ဆရာ...ဆရာကြီး ဟို လော်ကြီးကို ဟိုဘက်အပင် ပြောင်းချိတ်လိုက်ပါလား'

'ဘာကွ... နို့... နေစမ်းပါဦး အခုအပင်က ဘာဖြစ်နေလို့လဲကွ၊ ဒါလဲ ကုက္ကိုပင်၊ မင်း ဟိုကဟာလဲ ကုက္ကိုပင်ပဲ။ ...များထူနေလို့လဲ၊ ဒီလခွီးမှ စိတ်ညစ်



ရတဲ့အထဲ ပိုအလုပ်ရှုပ်အောင်လို့ကွာ'

ဆရာကြည်ညွှန့်သည် နာရီကို ကြည့်လိုက် လမ်းမဘက်ကို မျှော်ကြည့်လိုက်ဖြင့် အသံချဲ့စက် ဆရာကို လှမ်းခေါ်လိုက်သည်။

'ဟေ့... သူငယ် မင်းစက်က ခုအထိ ပြင်လို့မှ မရရင် ပြန်သိမ်းသွားတော့ကွ၊ အချိန်ကုန်တယ်။ မောင်ပု...ဟေ့...မောင်ပု နောက်စက်တစ်လုံး ရအောင် သွားရှာကွာ၊ မင်းငှားလာတဲ့ စက်တွေက အကုန်အစုတ်တွေချည်းပဲ'

မောင်ပုဆိုသူသည် ဆရာကြည်ညွှန့်အနီးမှ ခပ်သွက်သွက် ထွက်ခွာသွားစဉ် အနီး၌ ရောက်နေသော အသံချဲ့စက် လူငယ်လေးသည် ဆရာကြည်ညွှန့်အား...

'ဆရာ ကျွန်တော် ဘက်ထရီအိုးအသစ်နဲ့ တစ်လှည့်ဖွင့်ကြည့်ပါရစေဆရာ၊ ဘက်ထရီအိုး ယူနိုင်းလိုက်တဲ့လူ ပြန်လာနေလို့ပါ'

ဆရာကြည်ညွှန့်သည် စက်ဆရာ၏ အပြောကို ဘာမှ ပြန်ပြောမနေတော့ဘဲ ထိုလူငယ်၏ဆန္ဒကို လိုက်လျောသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်သည်။

အသံချဲ့စက် လူငယ်လေးသည် အသစ်ရောက်လာသော ဘက်ထရီအိုးနှင့် ပြောင်းလဲကာ ထပ်မံ စမ်းသပ်ပြင်ဆင်နေတော့သည်။

စက်သံမှာ မည်သို့မှ ထူးမခြားနားဖြစ်နေစဉ် စောစောက လော်ကြီးကို ပြောင်းချိတ်ရန် ပြောလာသည့် လူငယ်သည် ဓာတ်စက်ဆရာကို ကြည့်လိုက်၊ ဆရာကြည်ညွှန့်ကို ကြည့်လိုက် ရှိနေရာမှ စက်ဆရာအနီးမှ ကြိုးရှည်တစ်ချောင်းကို ကောက်ယူကာ လော်ကြီး တပ်ထားသည့် ကုက္ကိုပင်ပေါ်သို့ တက်သွားလိုက်သည်။

လူငယ်သည် လော်ကြီးနှစ်လုံးကို ကြိုးဖြင့်ချည်၍ အောက်သို့ လျှောချလိုက်သည်။

လူငယ်သည် ထိုအပင်ထက်မှ ဆင်းလာပြီး အနီးရှိ ကုက္ကိုပင်တစ်ပင်ပေါ်သို့ အလျင်အမြန် တက်သွားကာ လော်ကြီးများကို ကြိုးဖြင့်ဆွဲတင်လိုက်သည်။

ထို လူငယ်အပြုအမူကို ဆရာကြည်ညွှန့်နှင့် အဖွဲ့သားများသည် ဝိုင်းမော့၍သာ ကြည့်နေကြသည်။

လူငယ်သည် သစ်ပင်၌ လော်ကြီးများကို ချည်နှောင်ပြီးသည့်အချိန်တွင် စက်ဆရာကို လက်လှမ်းပြကာ စက်ကို ဖွင့်ခိုင်းလိုက်သည်။

ထိုအချိန်ကျမှ လော်ကြီးအတွင်းမှ တွံတေးသိန်းတန်၏ နှမလက်လျှော့နေလေတော့ သီချင်းသံသည် စူးစူးဝါးဝါး ပေါ်ထွက်လာခဲ့တော့လေသည်။

ထိုလော်ကြီး၏အသံကို ကြားလိုက်ရမှ ဆရာကြည်ညွှန့်နှင့် တစ်ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

သားလုံးသည် ပျော်ရွှင်နိုင်ကြလေတော့သည်။

လူငယ်လေးသည် ဆရာကြည်ညွှန့်အနီးသို့ ရောက်လာပြီး…

'ဆရာကြီး တွေ့တယ် မဟုတ်လား။ အခု ဆရာရဲ့ လော်ကြီးက အသံထွက်သွားပြီလေ။ ကျွန်တော် အစောကြီးကတည်းက ပြောနေတာ ဆရာက ယုံမှ မယုံတာကို'

'ဟ… ငါက ဘာကို ယုံရမှာလဲကွ'

'ဒီအပင်မှာ လော်ချိတ်ပြီး ဖွင့်ရင် မရဘူးဆိုတာ အခု ဆရာကြီး လက်တွေ့ပဲလေ။ ဆရာ ယုံအောင် ဒီအပင်မှာ လော်ကြီးကို ကျွန်တော် ပြန်ချိတ်ထားပြမယ်။ ဆရာ့ လော်ကြီး အသံမထွက်စေရဘူး'

ဆရာကြည်ညွှန့်သည် လက်ကလေး အလျင်အမြန်ကာပြကာ…

'ဟော့…ဟော့…မောင်ရင် တော်ပါ…တော်ပါတော့ကွာ၊ မင်း လက်တွေ့လဲ ပြမနေပါနဲ့။ ဘာကြောင့်ဆိုတာကိုပဲ ပြောပြနိုင်ရင် ပြောပြပေါ့ကွာ'

'ဒီလို ဆရာရဲ့… တစ်ခါက ဒီအပင်ကြီးမှာ သေသွားခဲ့တဲ့ လူငယ်တစ်ယောက်ရှိတယ်။ တစ်နေ့ အဲဒီလူငယ်လေးဟာ သူ့ချစ်သူနဲ့အတူ ခိုးရာထွက်ပြေးခဲ့ကြတယ်။

အဲဒီအချိန်မှာ မိန်းကလေးရဲ့ မိဘမောင်ဘွားတွေက သိသွားကြပြီး နောက်က လိုက်ရှာကြတော့ ဒီအပင်ကြီးနားမှာ နောက်က လိုက်လာသူတွေ မီလာကြပြီး မိသွားကြတယ်။ မိန်းကလေးကို သူ့ရဲ့ မိဘ



တွေက ပြန်ခေါ်သွားကြပြီး အိမ်ထောင် ချပေးလိုက်တယ်ဆရာ'

လူငယ်လေးသည် ပတ်ဝန်းကျင်ကို မသိမသာ အကဲခတ်ရင်း ဆရာကြည်ညွှန့် မျက်နှာကို စူးစိုက်ကြည့်ကာဖြင့် သူ့၏ စကားစကို ဆက်၍ ပြောပြနေသည်။

'အဲဒီလိုပေါ့ ဆရာရယ်… သူချစ်သူက သူ့ဟာသူ မိဘတွေရဲ့ လက်ထဲမှာ ရုန်းကန်လိုက်ပါသွားနေရတာကို ကြည့်ရင်း ရင်ထဲမှာဆို့ပြီး အသက်ထွက်သွားတော့တာပဲ။ သူ့မှာ နဂိုကတည်းက နှလုံးရောဂါအခံကလဲ ရှိတာကိုး ဆရာရဲ့'

ဆရာကြည်ညွှန့်သည် လူငယ်လေး ပြောပြနေသည့် ဇာတ်လမ်းလေးကို စိတ်ဝင်တစား နားထောင်နေရာမှ…

'နို့…နေစမ်းပါဦး အခု မင်း ဂို့ကို ပြောပြနေတဲ့ ဇာတ်လမ်းနဲ့ မင်းပြောတဲ့ လော်ကြီး ဖွင့်မရတဲ့ အပင်ကြီးက ဘယ်လို ပတ်သက်နေလို့လဲ'

'ဪ… ဒီလိုလေ ဆရာ၊ ကျွန်တော်တို့ ဒီအရပ် ဒီဒေသက ဘာပဲလုပ်လုပ် ဒီလော်ကြီးပါမှ ပွဲကစည်တာကိုး။ အဲဒီလူငယ်လေးရဲ့ ချစ်သူ မင်္ဂလာဆောင်ပွဲမှာ လော်ကြီးက ပါတယ်။

အဲဒီလော်သံကို ကြားရပြီး လူငယ်ဟာ အလိုလို ဒေါသတွေ ပေါက်ကွဲထွက်နေတယ်။

ဒါပေမယ့် သူ ဘာမှ မတတ်နိုင် ပေမယ့် အခုလို သူရှိနေတဲ့ ဒီအပင် မှာ ဒီလော်ကြီး လာချိတ်ပြီး ဖွင့်တာ ကို သူ ဘယ်လက်ခံပါ့မလဲ ဆရာ ဒါကြောင့် ဆရာတို့လော်ကြီး ဒီ အပင်မှာ ချိတ်တာ ဘယ်မှာလာပြီး အသံထွက်လို့လဲ၊ ခုတော့ ဆရာ့ လော်ကြီး အသံထွက်နေပါပြီ။

ဒါ… ဟိုလူငယ်လေး မပိုင်း မဆိုင်တဲ့ အပင်မှာ ဆရာတို့ သွား လို့ပေါ့ ဆရာရယ်၊ တကယ် ဆရာတို့ ဒီအပင်မှာ ဒီလော်ကြီး ချိတ်ပြီး ဆက်ဖွင့်ဦးမယ်ဆိုရင် လေ…'

အမည်မသိ၊ လူမသိ ထိုလူငယ်လေးသည် သူ၏ စကား ကို ဆုံးအောင်ပင် မပြော မဏ္ဍပ်အတွင်းမှ ချာခနဲ လှည့် ထွက်ခွာသွားတော့သည်။

ဆရာကြည်ညွှန့်သည် ထိုလူ ထွက်ခွာသွားရာ ကုက္ကိုပင်တော တန်းလေးဆီသို့ ငေးမျှော် ရင်း…

ထိုလူငယ်နှင့် တစ်ခါက နှစ်ဦးတို့၏ ဘဝပုံရိပ်များကို စပ်ပုံဖော် တွေးတောရင်းဖြင့် အတွင်း၌ ကျန်ရစ်ခဲ့လေ သည်။

ဦးကျော်(လှိုင်သာယာ)



www.burmeseclassic.com

www.burmeseclassic.com

မုန့်သည် အမြည်းပေးသော မုန့်နှင့်

# ဝါးနေသော ဆားမှုန်း

ဒွိ (အာမရပူရ)



တစ်ညနေ အိမ်သို့ ကြွလာရင်း ထူးထူးကို ကိုယ်ပူ စမ်းကာ၊ ထူးထူးမျက်နှာကို သေချာကြည့်ရင်း မိဘများအား ရိုးရိုးဖျားနာတာ မဖြစ်နိုင်ကြောင်း မိန့်သွားပါသည်။

တပေါင်းပွဲတော် ...ရားပွဲတစ်ခုသို့ ...သားစု ဘုရားဖူး ...လာပြီး ထူးထူး နေမကောင်းနေသည်မှာ (၅)ရက်ခန့် ...နပြီ ဖြစ်ပါသည်။

...မိသားစု ဆရာဝန်ဖြင့် ဆေးထိုးနေသော်လည်း ...က်သာပါ။ အစားအသောက်လည်း ကောင်းကောင်း ... ကိုယ်အပူရှိန်လည်း မကျ၊ ခေါင်းလည်း ...က်နေသဖြင့် မိဘများက ဆရာဝန်ဖြင့် ဆေးထိုးနေ ...ပါသည်။

...ထူး နေမကောင်းသဖြင့် မိသားစုသာမက ဘကြီး ...သူ ကျောင်းထိုင် ဆရာတော်လည်း စိတ်ပူနေပါ ...ည်။

မိခင်ကြီး၏ အစ်ကိုလတ် တော်စပ်သူ ဘကြီးစိန် အား ခေါ်ခိုင်းပြီး ပယောဂထင်ကာ ဆေးစစ်ခိုင်း ပါသည်။

ဘကြီးစိန်သည် ဘုရားဂိုဏ်းတော်ဝင် အထက်လမ်း ဆရာကြီးတစ်ဦး ဖြစ်ပါသည်။ ဆားမန်း၊ ရေမန်း၊ ဆေးလိပ်မန်း၊ ဆေးတော်များဖြင့် ပယောဂများကို မေတ္တာဖြင့် ကုသပေးပါသည်။

အောက်လမ်းပညာဖြင့် ပြုစားထားသည့် ပယောဂ ရောဂါများကို အင်းတော်များ၊ လက်ဖွဲ့များ၊ ဂါထာမန္တရား များဖြင့် ကုသပေးပါသည်။ ရောဂါဝေဒနာရှင်များလည်း

www.burmeseclassic.com

အန္တရာယ်ကင်းပျောက်စေပါသည်။

ကျောက်ဆည်၊ ရွှေဘိုမြို့ တောရွာများက အထူးရှိသေလေးစား အားထားရသော အထက်လမ်းဆရာကြီးတစ်ဦးလည်း ဖြစ်ပါသည်။ ဆေးဖိုးဝါးခကို လူနာရှင်က စေတနာသဒ္ဓါကြေး ကန်တော့သည်ကိုသာ လက်ခံပါသည်။ ငွေကြေး သတ်မှတ်ကာ ကြေးမဖြတ်ပါ။

လူနာရှင်က ငွေကြေး မတတ်နိုင်ပါက ရှိသေစွာ ကန်တော့သော ရာသီထွက် သစ်သီးဝလံများ၊ မုန့်များကိုသာ လက်ခံပါသည်။ ထိုသူများက တပည့်အဖြစ်ခံယူကာ ဆရာကြီးအဖြစ် သတ်မှတ်ရှိသေကြပါသည်။

ထူးထူးတို့အိမ်သို့ ဘကြီးစိန် ရောက်လာပြီး ဘုရားကန်တော့ပါသည်။ ထို့နောက် မီးဖိုချောင်သုံး ဆားအနည်းငယ် တောင်းယူပြီး ညာလက်ဖဝါးထဲ ထည့်ကာ မန်းမှုတ်လိုက်ပါသည်။

ဘကြီးစိန် နှုတ်ဖျားမှ "ဥုံ"ဟူသော ရွတ်ဆိုသံကိုသာ ကြားရပြီး အချိန်အနည်းငယ်ကြာ ဆားကို မန်းကာ ထူးထူး လက်ဖဝါးထဲသို့ ထည့်ပေးလိုက်ပါသည်။ ဆားမန်းကို လျက်ဆားကဲ့သို့ လက်ညှိုးနှင့်တို့ကာ ထူးထူးကို စားခိုင်းပါသည်။

အရသာကို သေချာစွာ ပြောရန် ထူးထူးကို ပြောပါသည်။ ထူးထူးမှ ဆားမန်း စာပြီးသောအခါ ရှုံ့မဲ့၍ ငိုမဲ့မဲ့ မျက်နှာဖြင့်...

'ခါးတယ်...ခါးတယ်'

ဟု ပြောလိုက်ပါသည်။ ထိုအခါ ဘကြီးစိန်မှ ပြုံးကာ ခေါင်းညိတ်လိုက်ပြီး ထူးထူးအား လက်အုပ်ချီ ဒူးတုပ်ထိုင်ခိုင်းကာ ဘုရားကို ကန်တော့ခိုင်းလိုက်ပါသည်။ ထို့နောက် ဘကြီးစိန်မှ...

'ကလေးမ ထူးထူးကို ပြုစားထားသောသူ ကြားစေ၊ အခု ဆရာခေါ်နေတယ်။ ရောက်ရာနေရာ ဒေသကနေ အခု လာရောက်စေပါ့ဆရာအမိန့်'

ဟု ပြောလိုက်ပါသည်။

ထူးထူး၏ မိသားစုများက ဘေးမှ ဝိုင်းထိုင်ကာ ထူးဆန်းစွာ ကြည့်နေကြပါသည်။ လက်အုပ်ချီ ဒူးတုပ်ကာ ထိုင်နေသော ထူးထူးသည် ဘကြီးစိန် အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ကိုယ်ခန္ဓာသည် ဘယ်ညာ



ယိမ်းထိုးလာပါသည်။

ပြုစားထားသောသူသည် ထူးထူး ခန္ဓာကိုယ်ထဲ... ဝင်လာပါသည်။ ဘကြီးစိန်မှ ပြုစားထားသူကို...

'ဆရာမေးတာမှန်လျှင် ခေါင်းညိတ်ပါ။ မှားလျှင် ခေါင်း...

ဟု ပြောပြီး ဘကြီးစိန်မှ ပြုစားသူအား စ...မေးပါသည်။ ဘကြီးစိန်မှ...

'မည်သည့်အတွက် ကလေးမထူးထူးအား ပြုစားတာ... လား'

ဟု မေးသောအခါ ခေါင်းခါပြပါသည်။ "ချစ်လို့..." ဟုမေးသော **"ချစ်လို့"**ပါဟု ခေါင်းကို ညိတ်...

ထိုအခါ ဘကြီးစိန်မှ ချစ်လျှင် ယခုကဲ့သို့... ပြောလိုက်ပါသည်။ ဘကြီးစိန်မှ ဆက်ပြီးမေး... ပြုစားထားသူမှ...

'ဘုရားဈေးတန်းမှ မုန့်ရောင်းသူဖြစ်ကြောင်း... အမြည်းပေးသည့်အထဲတွင် သူမ၏ပညာ အော... ဖြင့် အစာကို ထည့်ပေးလိုက်ကြောင်း...

ထိုမုန့်ခေါင်းအုံးကို ထူးထူး၏မိခင်က ... ဈေးမတည့်၍ မဝယ်သဖြင့် ကလေးမကို ပြု... ကြောင်း၊ မိခင်သည် ဘုရားတရား မြဲသဖြင့်... သဖြင့်ထူးထူးကိုအောက်လမ်းပညာဖြင့်ပြုစား...

ဟု ပြောပါသည်။

ထိုအခါ ထူးထူး၏မိခင်မှ မုန့်အမြည်းကို...

စာမျက်နှာ (...)



www.burmeseclassic.com

www.burmeseclassic.com

# ဒေးဝန်ဘာကျောက်တောင်မှ မြကန်သာ (၁)

ကနက်သီရိ ဆရာထွန်းရွှေ



မြကန်သာ

မြကန်သာတွင်း ကြာရနံ့သင်းလို့
င်းကျင်းပုံက မြိုင်ယံတစ်ခွင်၊
င်သပ်ရှုမော အံ့ဩစရာ၊
ဘ်ဒေဝါဖန် မြကန်သာ။


ကန်ရဲ့သဘောဟာ ကြာရှိမှ တင့်တယ်တယ်။ ငှက်ကလေးတွေ၊ ဗျိုင်းလေးတွေ အစာကောက်ရမယ်။ သားသမင်များ ရေဆင်းသောက်ရတယ်။ ငါးကလေးများ ပြေးဆော့နေရမယ်။

ယခု မြကန်သာမှာ ထူးခြားတာက မည်သည့်ပစ္စည်းမှမရှိ၊ သန့်ရှင်းကြည်လင်တဲ့ ရေပြင်နဲ့ ဗောဓိပင်ကြီး တစ်ပင်သာ ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com




အညွှန်း
၁။ မြကန်သာကန်ပေါင်
၂။ ကြည်လင်နေသော မြကန်သာ ထဲမှရေ
၃။ နဝရတ်ရေအိုင်
၄။ နဝရတ်ရေအိုင်ကို မတွေ့ရ အောင် အပေါ်မှ ဖုံးအုပ်ထား သော ဗောဓိပင်ကြီး
(မည်သည့် သတ္တဝါနှင့် အရိုး သရိုက် ကင်းရှင်းသော ရေတ ဖြစ်သည်။ နဝရတ်ရေအိုင်မှာ တော့ လူတိုင်း မတွေ့ရသောအိုင် ဖြစ်သည်။)

လမ်းသွယ်ကျဉ်းမြောင်း လမ်းကလေးတွေနဲ့ ကျောင်းသခ်မ်းလိုလို တစ်ခါတလေ တွေ့ရတတ်တယ်။ ဩော်… ဒီနေရာလဲ ဝိဇ္ဇာ,ဇော်ဂျီ, တပသီများ ရေသုံးသပ်သော နေရာတစ်ခုတည်း။

ဒီလို ထူးဆန်းတဲ့နေရာ မြကန်သာတွင် ခေါင်းဆေးသန့်စင်ခွင့်ရသော ကျွန်တော် ဘယ်လိုဝိဇ္ဇာတွေနဲ့ ကြုံဆုံရပါဦးမည်နည်း။ ကျွန်တော် တွေးနေခိုက်မှာပင် မိုးစင်စင်လင်းလာပါပြီ။

**အဖေ ။ ။** 'သား'

ကယောင်ကတမ်း အိပ်ရာမှထပြီး ခေါ်နေတယ်။

**ကျွန်တော် ။ ။** 'အဖေက အိပ်ပဲ အိပ်နေတာ၊ ဒီမှာ ကျွန်တော့်ကို လာကြည့်ပါဦး၊ ဘာဘာဝတ်စုံ ဝတ်ထားလဲဆိုတာ လာကြည့်ပေးပါဦး အဖေ'

**အဖေ ။ ။** (လှမ်းလာရင်း) 'သားက ဘာဝတ်စုံ ဝတ်ထားလို့လဲ'(မေးရင်း လျှောက်လာသည်။)

**ကျွန်တော် ။ ။** 'ရှပ်အင်္ကျီ အဖြူလက်ရှည်၊ လည်ကတုံးနဲ့ တိုက်ပုံအနက် လုံချည်ကွက်ကျားလေးနဲ့ အဖေရဲ့၊ ကျွန်တော် သိပ်သန့်မနေဘူးလား အဖေ'

**အဖေ ။ ။** 'သား…သား… ဘယ်လိုဖြစ်နေလဲကွယ်၊ မနေ့တုန်းက ဝတ်ထားတဲ့ ဂျီကျူစပို့ရှပ်လေးနဲ့ ရိုးရိုးလုံချည် ဝတ်ထားတာပါ သားရယ်။ သတိထားစမ်းပါဦး၊ သား အမြင်မှားနေတာပါ'

**ကျွန်တော် ။ ။** 'ဘယ်လိုကြောင့် အဖေ မမြင်တာပါလိမ့်၊ ထူးဆန်းလိုက်တာ'

**ဝတ်လဲတော်ဆင် ။ ။** 'အမြင်,အကြား အာရုံဟာ သားလေးက သူများထက် စွမ်းထက်နေသော သားရဲ့ အဖေ ဘယ်မြင်မလဲကွယ် ဒါကြောင့် မြကန်သာရှိ နဝရတ် အိုင်မှာ ခေါင်းဆေးမင်္ဂလာ သန့်ရှင်းပြီးရင် မလိုအပ်ဘဲ မြင် ရတာတွေ ပျောက်သွားလိမ့် သားလေး'

ကျွန်တော် ညတုန်းက အပျက်တွေကို သဘောပေါက်

ကျွန်တော်သာ သိ ကျွန်တော်သာ မြင်တယ်။ ဝိဇ္ဇာ ပညာဆိုတာ ဆန်းကြယ်လှ

တဝီဝီ အော်သံ ကြားရ အရိပ်တစ်ခု ကျလာတယ်။ လိုက်တာ။

'ဟော…' 'အို…'

ကျွန်တော်တို့ ယောက် အာမေဍိတ်သံ အော်မိပါတော့တယ်။

ရောမ ကျွန်းပင်ကြီး





www.burmeseclassic.com

www.burmeseclassic.com

ကျောက်တောင်ကြီး
သဏ္ဌာန် ပျောက်ပြီး
နွယ်ကြိုးကြီးတစ်ပင်
တယမ်းယမ်း
လှုပ်ခါနေတယ်။

ကျွန်တော်နဲ့ အဖေဟာ ကျွန်းပင် အရင်း သစ်မြစ်ခွကြားတွေမှာ ထိုင်နေရတယ်။ အစာအတွက်တော့ လုံးဝ သတိမရပါ။ ဆာလဲ မဆာပါ။ အထူးသဖြင့် ဆာလောင်မွတ်သိပ်ခြင်း ကင်းပါတယ်။

'သားအဖနှစ်ယောက်
သွားရမှာ နည်းနည်းဝေးတဲ့ကွယ့်၊ အားတင်းထားပါ'

နွယ်ကြိုးကြီးက တယမ်းယမ်း လှုပ်ခါနေတယ်။

'နေမပူခင် ခရီးသွားရဦးမယ်ကွယ်တို့ မြင်နေရတဲ့လမ်းအတိုင်းသာ လိုက်သွားပါ။ ကြောက်စရာ မရှိပါ ဝိဉာဉ်ငယ်'

အေးငြိမ်း သာယာနာပျော်ဖွယ် အသံကို ကြားရပါတယ်။

**အမေ ။ ။** 'ယခုမြင်နေရတဲ့ လမ်း
ဆိုရင် ရှေ့မြောက်အရပ်
ကို သွားရမှာဖြစ်တယ်'

ဘုရားကို ကိုးကွယ်ပါ၏။
တရားကို ကိုးကွယ်ပါ၏။
သံဃာကို ကိုးကွယ်ပါ၏။
ဝိဉာဉ်သွားရာ ဘေးကင်းကွာရန် စည်းချပါ၏။



---

အရပ်(၁၀)မျက်နှာ

စည်းချဂါထာ

---

ဘုရား၊ တရား၊ သံဃာ ကျွန်တော်မျိုး ရှိခိုးဦးခိုက်ပါ၏ဘုရား။

၁။ သဗ္ဗေ ဗုဒ္ဓါ ကကုသန္ဓပဗ္ဗတာ၊
ပစ္စေကာ နန္ဒ ယာကုသန္ဓိ၊
အရဟန္တာ နန္ဒ တေဓေနေ၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၂။ သဗ္ဗေ ဗုဒ္ဓါ ခေမပဗ္ဗတာ၊
ပစ္စေကာ နန္ဒ ယောခေမော၊
အရဟန္တာ နန္ဒ တေဓေနေ၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၃။ သဗ္ဗေ ဗုဒ္ဓါ ဇယပဗ္ဗတာ၊
ပစ္စေကာ နန္ဒ ယောဇယော၊
အရဟန္တာ နန္ဒ တေဓေနေ၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၄။ သဗ္ဗေ ဗုဒ္ဓါ လာဘပဗ္ဗတာ၊
ပစ္စေကာ နန္ဒ ယောလာဘော၊
အရဟန္တာ နန္ဒ တေဓေနေ၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၅။ သဗ္ဗေ ဗုဒ္ဓါ တေဇပဗ္ဗတာ၊
ပစ္စေကာ နန္ဒ ယောတေဇော၊
အရဟန္တာ နန္ဒ တေဓေနေ၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၆။ သဗ္ဗေ ဗုဒ္ဓါ ဗလပဗ္ဗတာ၊
ပစ္စေကာ နန္ဒ ယံဗလံ၊
အရဟန္တာ နန္ဒ တေဓေနေ၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၇။ သဗ္ဗေ ဗုဒ္ဓါ ယသပဗ္ဗတာ၊
ပစ္စေကာ နန္ဒ ယောယသော၊
အရဟန္တာ နန္ဒ တေဓေနေ၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၈။ သဗ္ဗေ ဗုဒ္ဓါ သိရီပဗ္ဗတာ၊
ပစ္စေကာ နန္ဒ ယာသိရီ၊
အရဟန္တာ နန္ဒ တေဓေနေ၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၉။ သဗ္ဗေ ဗုဒ္ဓါ ဓနပဗ္ဗတာ၊
ပစ္စေကာ နန္ဒ ယာဓနံ၊
အရဟန္တာ နန္ဒ တေဓေနေ၊
ရက္ခံ ဗန္ဓာမိသဗ္ဗသော။

၁၀။ သဗ္ဗေ ဗုဒ္ဓါ နိဗ္ဗပဗ္ဗတာ၊
ပစ္စေကာ နန္ဒ ယံနိဗ္ဗ၊
အရဟန္တာ နန္ဒ တေဓေနေ၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အနက်

၁။ **သဗ္ဗေ ဗုဒ္ဓါ** – ခပ်သိမ်းကုန်သော ဘုရားရှင်တို့သည်၊ **ကကုသန္ဓပဗ္ဗတာ** – အနန္တတန်ခိုးတော်သို့ ရောက်ရှိတော်မူကြကုန်၏။ **ပစ္စေကာနန္ဒ** – အရှင် ပစ္စေကဗုဒ္ဓါတို့အားလည်း၊ **ယာကုသန္ဓိ** – အကြင်တန်ခိုးတော်သည်၊ **အတ္ထိ** – ရှိပါပေ၏။

**တာယာကုသန္ဓိယာစ** – ထိုဘုရား ပစ္စေကဗုဒ္ဓါတို့၏ တန်ခိုးတော်ဖြင့်လည်းကောင်း၊ **အရဟန္တာနံ** – ရဟန္တာအရှင်မြတ်တို့၏၊ **တေဓေနေစ** – တန်ခိုးတော်ဖြင့် လည်းကောင်း၊ **သဗ္ဗသော** – ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊ **ရက္ခံ** –အစောင့်အရှောက်ကို၊ **အဟံ**–အကျွန်ုပ်သည်၊ **ဗန္ဓာ**–ဖွဲ့ပါ၏။

၂။ **သဗ္ဗေ ဗုဒ္ဓါ** – ခပ်သိမ်းကုန်သော ဘုရားရှင်တို့သည်၊ **ခေမပဗ္ဗတာ**–



www.burmeseclassic.com

www.burmeseclassic.com

သောရေနှံ့မသန်း အေးချမ်းခြင်းသို့ ရောက်တော်မူကြကုန်၏၊ **ပစ္စေကာနဉ္စ** – အရှင်ပစ္စေကဗုဒ္ဓါတို့အားလည်း၊ **ယောခေမော** – အကြင် အေးချမ်းခြင်းသည်၊ **အတ္ထိ** –ရှိပါပေ၏။

**တေန ခေမေနစ** – ထိုဘုရား ပစ္စေကဗုဒ္ဓါတို့၏ အေးချမ်းခြင်းအားဖြင့် လည်းကောင်း၊ **အရဟန္တာနံ**– ရဟန္တာအရှင်မြတ်တို့၏ **တေဇေနစ** –တန်ခိုးတော်ဖြင့် လည်းကောင်း၊ **သဗ္ဗသော**–ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊ **ရက္ခံ**–အစောင့်အရှောက်ကို၊ **အဟံ** –အကျွန်ုပ်သည်၊ **ဗန္ဓာ**–ဖွဲ့ပါ၏။

၃။ **သမ္ဗေ ဗုဒ္ဓါ** – ခပ်သိမ်းကုန်သော ဘုရားရှင်တို့သည်၊ **ဇယပတ္တာ**– အောင်ခြင်းသို့ ရောက်တော်မူကြကုန်၏၊ **ပစ္စေကာနဉ္စ** – အရှင်ပစ္စေကဗုဒ္ဓါတို့အားလည်း၊ **ယော ဇယော**–အကြင် အောင်မြင်ခြင်းသည်၊ **အတ္ထိ** –ရှိပါပေ၏။

**တေနဇယေနစ** – ထိုဘုရား ပစ္စကဗုဒ္ဓါတို့၏ အောင်ခြင်းဖြင့် လည်းကောင်း၊ **အရဟန္တာနံ**– ရဟန္တာအရှင်မြတ်တို့၏ **တေဇေနစ** –တန်ခိုးတော်ဖြင့် လည်းကောင်း၊ **သဗ္ဗသော**–ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊ **ရက္ခံ**–အစောင့်အရှောက်ကို၊ **အဟံ**–အကျွန်ုပ်သည်၊ **ဗန္ဓာ**–ဖွဲ့ပါ၏။

၄။ **သမ္ဗေ ဗုဒ္ဓါ** – ခပ်သိမ်းကုန်သော ဘုရားရှင်တို့သည်၊ **လာဘပတ္တာ** –များသော လာဘ်လာဘကို ရတော်မူကြကုန်၏။ **ပစ္စေကာနဉ္စ** – အရှင် ပစ္စေကဗုဒ္ဓါတို့အားလည်း၊ **ယောလာဘော**–အကြင် များသော လာဘ်လာဘသည်၊ **အတ္ထိ** –ရှိပါပေ၏။

**တေန လာဘေနစ** – ထိုဘုရား ပစ္စကဗုဒ္ဓါတို့၏ များသော လာဘ်လာဘဖြင့် လည်းကောင်း၊ **အရဟန္တာနံ**–ရဟန္တာအရှင်မြတ်တို့၏၊ **တေဇေနစ** –တန်ခိုးတော်ဖြင့် လည်းကောင်း၊ **သဗ္ဗသော**–ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊ **ရက္ခံ** –အစောင့်အရှောက်ကို၊ **အဟံ**– အကျွန်ုပ်သည်၊ **ဗန္ဓာ**–ဖွဲ့ပါ၏။

၅။ **သမ္ဗေ ဗုဒ္ဓါ** – ခပ်သိမ်းကုန်သော ဘုရားရှင်တို့သည်၊ **တေဇပတ္တာ** – ထက်မြက်သော တန်ခိုးတော်နှင့် ပြည့်စုံခြင်းသို့ ရောက်တော်မူကြကုန်၏။ **ပစ္စေကာနဉ္စ**– အရှင် ပစ္စေကဗုဒ္ဓါတို့အားလည်း၊ **ယော တေဇော** – အကြင် ထက်မြက်သော တန်ခိုးတော်သည်၊ **အတ္ထိ** –ရှိပါပေ၏။

**တေန တေဇေနစ** – ထိုဘုရား ပစ္စကဗုဒ္ဓါတို့၏ ထက်မြက်သော တန်ခိုးတော်ဖြင့် လည်းကောင်း၊ **အရဟန္တာနံ**–ရဟန္တာအရှင်မြတ်တို့၏၊ **တေဇေနစ** –တန်ခိုးတော်ဖြင့် လည်းကောင်း၊ **သဗ္ဗသော**–ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊ **ရက္ခံ** –အစောင့်အရှောက်ကို၊ **အဟံ**– အကျွန်ုပ်သည်၊ **ဗန္ဓာ**–ဖွဲ့ပါ၏။

၆။ **သမ္ဗေ ဗုဒ္ဓါ** – ခပ်သိမ်းကုန်သော ဘုရားရှင်တို့သည်၊ **ဗလပတ္တာ**– ကိုယ်တော်အား(၁၀)ပါး၊ ဉာဏ်တော်အား(၁၀)ပါးသို့ ရောက်တော်မူကြကုန်၏။ **ပစ္စေကာ** **နဉ္စ**–အရှင် ပစ္စေကဗုဒ္ဓါတို့အာ လည်း၊ **ယံဗလံ**–အကြင် ကိုယ် တော်အား၊ ဉာဏ်တော်အာ သည်၊ **အတ္ထိ** –ရှိပါပေ၏။

**တေန ဗလေနစ** – ထိုဘုရ ပစ္စကဗုဒ္ဓါတို့၏ စွမ်းအားဖြင့်လည် ကောင်း၊ **အရဟန္တာနံ**–ရဟ အရှင်မြတ်တို့၏၊ **တေဇေနစ** – တန်ခိုးတော်ဖြင့် လည်းကော **သဗ္ဗသော**–ခပ်သိမ်းသော အခြ အရာအားဖြင့်၊ **ရက္ခံ**–အစေ အရှောက်ကို၊ **အဟံ**–အကျွ သည်၊ **ဗန္ဓာ**–ဖွဲ့ပါ၏။

၇။ **သမ္ဗေ ဗုဒ္ဓါ** – ခပ်သိမ်းကုန် ဘုရားရှင်တို့သည်၊ **ယသပ** – များသောအခြံအရံ ရို အဖြစ်သို့ ရောက်တော်မူကြ ၏။ **ပစ္စေကာနဉ္စ**– အရှင်ပစ္စေ ဗုဒ္ဓါတို့အားလည်း၊ **ယောယသော** – အကြင် အခြံအရံသည်၊ **အတ္ထိ** –ရှိပါပေ၏။

**တေန ယသေနစ** – ထိုဘု ပစ္စကဗုဒ္ဓါတို့၏ အခြံအရံအာ လည်းကောင်း၊ **အရဟန္တာ** ရဟန္တာအရှင်မြတ်တို့၏၊ **တေဇေ** –တန်ခိုးတော်ဖြင့် လည်းကော **သဗ္ဗသော**–ခပ်သိမ်းသော အခြ အရာအားဖြင့်၊ **ရက္ခံ**–အစေ အရှောက်ကို၊ **အဟံ**–အကျွ သည်၊ **ဗန္ဓာ**–ဖွဲ့ပါ၏။

၈။ **သမ္ဗေ ဗုဒ္ဓါ** – ခပ်သိမ်းကု ဘုရားရှင်တို့သည်၊ **သီ** – လက္ခဏာကြီးငယ် ခြောက်သွယ်ဖြင့် တ



www.burmeseclassic.com

www.burmeseclassic.com

မသေ့ ကျက်သရေနှင့် ပြည့်စုံခြင်းသို့ ရောက်တော်မူကြကုန်၏။ **ပဇ္ဇေကာနုဥ္ဇ** – အရှင်ပစ္စေကဗုဒ္ဓါတို့အားလည်း။ **ယာသိရိ**–အကြင် တင့်တယ်လက်ဝေ အသရေတော်သည်၊ **အတ္ထိ**–ရှိပါပေ၏။

**တာယာသိရိယာ** – ထိုဘုရား ပစ္စကဗုဒ္ဓါတို့၏ အသရေတော်ဖြင့်လည်းကောင်း၊ **အရဟန္တာနံ**–ရဟန္တာအရှင်မြတ်တို့၏။ **တေဇေနစ**–တန်ခိုးတော်ဖြင့် လည်းကောင်း။ **သဗ္ဗသော**–ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊ **ရက္ခံ**–အစောင့်အရှောက်ကို၊ **အဟံ**–အကျွန်ုပ်သည်၊ **ဗန္ဓာ**–ဖွဲ့ပါ၏။

၉။ **သဗ္ဗေ ဗုဒ္ဓါ** – ခပ်သိမ်းကုန်သော ဘုရားရှင်တို့သည်၊ **ဈာနပတ္တာ**–ရူပ, အရူပ နှစ်ဝရင်းထား အစားစားသော ဈာန်သို့ ရောက်တော်မူကြကုန်၏။ **ပစ္စေကာနုဥ္ဇ**–အရှင် ပစ္စေကဗုဒ္ဓါတို့အားလည်း။ **ယံဈာနံ**–အကြင် ဈာန်သည်၊ **အတ္ထိ**–ရှိပါပေ၏။

**တေနဈာနေနစ** – ထိုဘုရား ပစ္စကဗုဒ္ဓါတို့၏ ဈာန်တော်ဖြင့်လည်းကောင်း၊ **အရဟန္တာနံ**–ရဟန္တာအရှင်မြတ်တို့၏။ **တေဇေနစ**–တန်ခိုးတော်ဖြင့် လည်းကောင်း။ **သဗ္ဗသော**–ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊ **ရက္ခံ**–အစောင့်အရှောက်ကို၊ **အဟံ**–အကျွန်ုပ်သည်၊ **ဗန္ဓာ**–ဖွဲ့ပါ၏။

၁၀။ **သဗ္ဗေ ဗုဒ္ဓါ**–ခပ်သိမ်းကုန်သော ဘုရားရှင်တို့သည်၊ **နိစ္စပတ္တာ**–မဖောက်မပြန် မြဲမြံသော သမာဓိသို့ ရောက်တော်မူကြကုန်၏။ **ပစ္စေကာနုဥ္ဇ**– အရှင် ပစ္စေကဗုဒ္ဓါတို့အားလည်း။ **ယံနိစ္စံ**–အကြင် မြဲမြံသော သမာဓိသည်၊ **အတ္ထိ**–ရှိပါပေ၏။

**တေနနိစ္စေနစ** – ထိုဘုရား ပစ္စကဗုဒ္ဓါတို့၏ မြဲမြံသော သမာဓိဖြင့်လည်းကောင်း။ **အရဟန္တာနံ**–ရဟန္တာအရှင်မြတ်တို့၏။ **တေဇေနစ**–တန်ခိုးတော်ဖြင့် လည်းကောင်း၊ **သဗ္ဗသော**–ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊ **ရက္ခံ**–အစောင့်အရှောက်ကို၊ **အဟံ**–အကျွန်ုပ်သည်၊ **ဗန္ဓာ**–ဖွဲ့ပါ၏။

*[ ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ(မဟာဝဂ္ဂီဒီ မြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

ဘုရားတပည့်တော်သည် စည်းချ၍ မေတ္တာထားပါသည်။ ကမ္ဘာ့ သာသနာစောင့် နတ်မင်းကြီးလေးပါးသည်လည်း ကူညီဝိုင်းမပါကုန်လော့။

**ဘိုးဘိုး။ ။** 'တပည့်လေး သွားရမယ့်နေရာက အလွန်အရေးကြီးတဲ့ နေရာကွယ့်၊ အတတ်ပညာမျိုးစုံနဲ့ တွေ့ရမယ့် နေရာလမ်းခရီးပဲ။ ဒါကြောင့် စည်းချနေရတာပါ။

တပည့်ဟာ အခု ခြေကျင်ဝိဇ္ဇာဖြစ်ပါပြီကွယ့်။ လူတွေက ပြောမှာပေါ့။ ဖိုအောင်ပြီး ဝိဇ္ဇာဆိုတာ မြေလျှိုးပြီး မိုးပျံရမယ်ဆိုတာ ပြောပြလိမ့်မယ်။

ဘိုးဘိုးတို့လို ဖိုအောင်ပြီး ပုဂ္ဂိုလ်တွေက မဒိုရာ, မနာရာ ပုဂ္ဂိုလ်တွေကွယ့်။ တပည့်လေးက ဒို,နာလွတ်ကင်းလို့ မရသေးဘူးကွယ့်။

အထက်ပုဂ္ဂိုလ်များနဲ့ စကားပြောနိုင်တဲ့ ဝိဇ္ဇာသာဖြစ်တယ်။ တစ်နည်းပြောရရင် သာသနာအတွက် ဝိဇ္ဇာကိုယ်စားလှယ်ပေါ့။ ဒီတစ်ဘဝမှာတော့ လူသက်တမ်းနဲ့ နေသွားရမှာပေါ့။

ရှေးရှေးတုန်းကလဲ ထားဝယ် ရှင်ကိုးရှင် တန်ခိုးကြီးဘုရားတစ်ဆူဖြစ်တဲ့ ကလိန်အောင် ဆံတော်ရှင်ဘုရားမှာ ဆံတော်ရှင်ဘုရားကို စောင့်ရှောက်ပေးနေရတဲ့ ခြေကျင်ဝိဇ္ဇာ ရှိတယ်။ မှတ်တမ်းမှတ်ရာတွေ မချန်ထားဘူး။

ဒီကြောင်းကို သိတဲ့သူတွေလဲ ရှိတော့ရှိတယ်။ အသက်အရွယ်ကြီးပြီး ဆုံးပါးသွားကြပါပြီ။

ဒါကြောင့် တပည့်လေးကို ဂရုတစိုက် ပဋိသန္ဓေ အစကတည်းက သတိပြုပြီး ဝိဇ္ဇာဓိုရ်များကြောင့် စောင့်ရှောက်နေကြတာ။ အခုတော့...' (ဆက်မပြောတော့ဘူး။)

---

သာဓုခေါ်

---

ဝိဇ္ဇာဓိုရ်ဓိုရ် ကျွန်ုပ်ကို ဝိုင်း၍
တုနှိုင်းမကုန် မေတ္တာဟုန်နှင့်
ယုန်ငယ်ပမာ စောင့်ရှောက်ကာပ
သာဓု သာဓု သာဓု ခေါ်ပါ၏ ဘုရား။

**ကျွန်တော် ။ ။** 'သွားကြပါစို့ အဖေ' ကျွန်တော် ခေါ်နေရပြီ။ အဖေ

www.burmeseclassic.com

ကျွန်တော့်လို ကြားခြင်း သိခြင်း နည်းလာပြီ။

ကျွန်းပင်ကြီး အရိပ်အာဝါသမှ သားအဖနှစ်ယောက် ထွက်ခွာလာပါပြီ။ လမ်းလျှောက်ရင်း...

**ကျွန်တော်**။ 'အဖေ ကျွန်တော် အတိတ်ကို တရေးရေး ပြန်မှတ်မိလာပြီ'

**အဖေ**။ 'ဘာများတုန်း သားရဲ့၊ ပြောစမ်းပါဦး သားရဲ့'

**ကျွန်တော်**။ 'အရင်က ကျောက်ဂူ တောင်မှာ ရဟန်းရယ်၊ ဘိုးဘိုးရယ်၊ ရသေ့ကြီးတို့နဲ့ အတူတူနေဖူးတယ် အဖေ'

**အဖေ**။ 'သား ဘယ်နေရာမှာ နေသလဲကွယ့်'

**ကျွန်တော်**။ 'အဲဒါ ပြောမလို့၊ ကျွန်တော်ဟာ ရသေ့ကြီး အလွန်ချစ်တဲ့ သားလို့ညီလို့ တပည့်လို ရသေ့ငယ် တစ်ပါးပါ အဖေ'

**အဖေ**။ 'အလို... ဒါကြောင့် သား မွေးကတည်းက မကောင်းတာတွေ မလုပ်တာကိုး။ စုံလင်စွာ အဖေ့ကို ပြောပြပါဦး'

**ကျွန်တော်**။ 'အဖေ ငယ်ငယ်တုန်း က လူလတ်အရွယ် သတ္တုတူးဖော် လုပ်ကိုင်နေတဲ့ အချိန် အမေ မပါဘူးလေ'

**အဖေ**။ 'အိမ်း... ဆက်ပြော သား'

**ကျွန်တော်**။ 'အဖေဟာ အလုပ် အားတဲ့ အချိန် ကျောက်ဂူမှာ သန့်ရှင်းရေး အမြဲလာလုပ်ပေးတယ်။



တစ်နေ့ တပေါင်းလပြည့်နေ့ ည (၉)နာရီအထိ ဂူထဲမှာ ရှိနေတယ်။ ဘုရားရှိခိုးတယ်။ ဂူထဲမှ ရေကို ဆေးအဖြစ် သောက်နေတယ်။

ဒီကျောက်ဂူထဲမှာ အစောင့် သူတော်ကောင်းဘိုးဘိုးများ ရှိရင် ကျွန်တော့်အား သားကောင်းရတနာ တစ်ယောက် ပေးပါလို့ ဆုတောင်းပါ တယ်။

အဖေ ဆုတောင်းတဲ့အချိန်မှာ ကောင်းကင်မှ ကြယ်သုံးလုံး ကြွေ တယ်အဖေ။

ရသေ့ကြီးဟာ သူ့နားမှာရှိတဲ့ ရသေ့ငယ် ကျွန်တော့်ကို လှမ်းယူ လက်ဖဝါးနှစ်ဖက်နဲ့ ဂေါ်လီလို လုံး လိုက်ပြီး အဖေ့ကို ပစ်ပေါက်လိုက် တယ်။

"ဤဆုတောင်းပြည့်၍ ဝုံးသားတယ့် ရသေ့ငယ် လူဘဝ ကူးစေသတည်း"

လို့ ရသေ့ကြီးက ဆုတောင်းတာ ကို နောက်ဆုံးသတိရတာပါပဲ အဖေ'

**အဖေ**။ 'ဟုတ်မယ်၊ သိပ်မကြာ ခင်မှာဘဲ သားအမေမှာ

ပဋိသန္ဓေတည်တာပါပဲ သားရယ် အဖေ အမြဲပြောတယ် ကျောက်ဂူ တောင်က လိုက်လာတဲ့ သား...

**ရသေ့ကြီး**။ 'သားလေး သတိ... လာလိမ့်မယ် ဆို... သိနေကြပါတယ်'

**ဟသာ်ာထဉ်**။ 'ဝမ်းသာပါတယ် သား... လေးကို ပြုစုစော... ရှောက် ရတာ... ကျေနပ်လှပါပြီ'

ဟသ်ာဒုက် တစ်ကောင်... ကောင်းကင်မှ ပျံဝဲထိုးဆင်းလာ... ကျွန်တော့်ရဲ့ နံဘေးမှပျံဝဲပြီး ... ပါလာတယ်။ ကျွန်တော့်ရဲ့ ... ပေါ်မှ မပျံတော့ပါ။

ဝိဇ္ဇာဓိုရ် အပေါင်း... ကျွန်တော့်နံဘေးမှ ခြံရံ၍ ... လာတယ်။ တဖြည်းဖြည်းနဲ့ ... လာတယ်။ ထူးခြားတာက ... ပိုက်ပြီး လိုက်လာတဲ့ နတ်မင်း... ပါပဲ။

ဝိဇ္ဇာတွေခြံရံ နံဘေး ... တစ်နေရာမှ မျက်နှာ... အရုပ်ဆိုး ပုံသဏ္ဌာန် ... လိုက်နေပြီး ပြောဆိုနေတာ... တွေ့ရတယ်။

သို့သော်လဲ ဝိဇ္ဇာအခြံအ... ဝင်လို့တော့ မရတာကို ... တယ်။ ထိုအဖြစ်အပျက်... အဖေ လုံးဝ မသိတော့... တော့ လျှောက်နေတယ်... သူ မသိပါ။

သိပ်လဲမကြာလိုက်ဘူး... (၃)နာရီလောက်တော့ ... ဟန် ရှိတယ်။ နေသိပ်...



www.burmeseclassic.com

www.burmeseclassic.com

ရှေ့မှာ ကွင်းပြင်ကျယ်ကြီးတစ်ခု၊ အလယ်မှာ ရေကန်တစ်ခု၊ ရေကန်ထိပ်လို့ ထင်ရသော နေရာတွင် ဗောဓိပင်ကြီးတစ်ပင်ကို အရိပ်အာဝါသကောင်းနဲ့ တွေ့မြင်ရပါတယ်။

"ဝီ ဝီ ဝီ"အသံတွေ ကြားရတယ်။ ကျွန်တော့်ရဲ့နံဘေး ဝိဇ္ဇာတွေထဲမှ အသံပါပဲ။ ဟင်...မမျှော်လင့်ဘဲ ပျားတွေပါလား။

ပျားတုပ်ခံရမယ်။ ငါ မြန်မြန်လျှောက်မှပဲ။ အဖေ့နားမှာ ပျားတစ်ကောင်မှ မရှိ။ ကျွန်တော့်မှာသာ ပျားဝိုင်းဝိုင်းလည်ပါလား။ ရေကန်နဲ့ အလွန်နီးကပ်နေပြီး ကန်ရေပြင် ပကတိ ငြိမ်သက်လျက်တည်ရှိနေတယ်။

ကျွန်တော့်မှာသာ ပျားတွေဝိုင်းဝိုင်းလည်နေတယ်။ ပျားလဲတော်များတယ်။ ကျွန်တော့်ရှေ့ လူသွားလမ်း ပိုမိုကျယ်ပြန့်ပြီး မှာမွေ့နေတယ်။ ဟာ... ပျားတုပ်တော့မယ်။ ရေထဲခုန်ချမှ ဖြစ်မယ်။

'ဝုန်း...'

ကျွန်တော် ရေကန်ထဲ ခုန်ချလိုက်တယ်။ ပျားဝဲနေဆဲပါ။ ကျွန်တော့်ကိုယ်လုံး ရေထဲမှာ ငုပ်လိုက်၊ လိုက် (၃)ကြိမ် လုပ်လိုက်တယ်။ တော ခပ်တိမ်တိမ်ပါပဲ။

(၃)ခါ,(၄)ခါ ငုပ်ပြီး ပြန်ပေါ်တော့ ပျားတစ်ကောင်မှ မရှိပါ။

'ဟား...ဟား...ဟား'

ယ်သံတွေ ကြားရတယ်။ အဖေတော့ ငေးပြီးကြည့်နေပါတယ်။ ပျားလိုက်တာ အဖေမှ မမြင် မသိတာကိုး။

**ဘိုးဘိုး ။ ။** 'ရပြီကွယ် သားလေး၊ အဲဒါ မြကန်သာပဲကွယ်၊ သားလေးကို အညစ်အကြေး ဆေးကြောခိုင်းတာပါ။

တကယ့်ပျားအစစ် မဟုတ်ပါ။ ဟိုမှာမြင်နေတဲ့ ကျောင်းသခ်မ်းလေးမှာ သားနဲ့အဖေတို့ တည်းကြပါ။ စားစရာတွေလဲ ရှိတယ်'

အဖေနဲ့ကျွန်တော် ဘိုးဘိုး ညွှန်ပြတဲ့ ကျောင်းသခ်မ်းလေးမှာ သွားရောက် အနားယူနေထိုင်လိုက်တယ်။ ကျောင်းသခ်မ်းကို ပတ်လည်လှည့်ပြီး အကဲခတ်လိုက်တယ်။ မည်သည့်ပစ္စည်းမှ အထူးအထွေ မရှိပါ။

ခေါင်းရင်းစင် တစ်ခုပေါ်တွင် ဟသ်ာငယ်သဏ္ဌာန် ပုံငယ်တစ်ခု ရှိတယ်။ ရေအိုးနဲ့ သစ်သီးတစ်မျိုး ရှိတယ်။ သစ်သီးအနံ့ မွှေးနေတယ်။ ပိုင်ရှင်ကျွေးမှ စားရမယ်လေ။ ခွင့်မပြုရင် သူခိုးနဲ့တူတယ်။

**မိန်းကလေး ။ ။** 'သားအဖ နှစ်ယောက် အေးအေးဆေးဆေး အနားယူပါ။ သစ်သီးလဲ စားပါ။ ရေလဲသောက်ပါ။ အိပ်လဲ အိပ်ပါ။ မည်သည့်အန္တရာယ်မှ မရှိပါ။ စိတ်ချပြီးနေကြ။ ကြားလား'

သစ်သီးအနံ့ ပိုမွှေးလာတယ်။ ကျွန်တော် မနေနိုင်တော့ပါ။ ထပြီး သစ်သီးကို ယူလိုက်တယ်။ သစ်သီးက မွှေးပြီး အိနေတယ်။

ကျွန်တော် အဖေ့ကို တစ်ခြမ်း ပေးလိုက်တယ်။

'အဖေ စားပါခင်ဗျား၊ ပိုင်ရှင် ခွင့်ပြုနေပြီပဲ။ စားပါအဖေ'

**အဖေ ။ ။** 'ခါးလိုက်တာ... အဖေ မစားနိုင်ဘူး သား။ ရော့ သားပဲစားပါ'

ကျွန်တော် အဖေ ပေးလိုက်တဲ့ သစ်သီးတစ်ခြမ်းကို စားလိုက်တာ ချိုမွှေးအေးလို့ ကောင်းလိုက်တာ၊ ကျွန်တော့်အတွက် နောက်တစ်ခြမ်း စားပြန်တယ်။

'အိုး...ကောင်းလိုက်တာ'

ပလုတ်ပလောင်း ကျွန်တော် စားနေတာကို အံ့ဩခြင်းတွေနဲ့ ကြည့်ပြီး အဖေက မေးလိုက်တယ်။

**အဖေ ။ ။** 'သား ဒီလောက်ခါးတာ စားနိုင်လား'

**ကျွန်တော် ။ ။** 'အဖေကလဲ ဒီလောက် ကောင်းတဲ့ သစ်သီးကို ဘယ်ခါးမလဲ အဖေ'

**မိန်းကလေးအသံ ။ ။** 'သစ်သီး စားပြီး အိပ်လိုက်နော်။ ပင်ပန်းတယ်။ လန်းဆန်းသွားအောင်'

စကားမဆုံးခင်ပါဘဲ ကျွန်တော့် မျက်ခွံ လေးနေပါပြီ။ မည်သည့် အသံမှ မကြားတော့ပါ။

တခါခါနဲ့ ကျွန်တော် မွန်းလွဲ (၁)နာရီကျော်တော့မယ်။ နေ့လယ်စာ အိပ်တယ်ဆိုရမှာပေါ့။

* * *

ရှေ့လဆက်ဖတ်ပါရန်

**ကနက်သီရိ ဆရာအုန်းရွှေ**



www.burmeseclassic.com

စာမျက်နှာ (၂၃၂)မှ အဆက်



အတူ စားမိခဲ့ကြောင်း ဘကြီးစိန်ကို ပြောလိုက်ပါသည်။ ဘကြီးစိန်မှ ပြုစားသူ မိန်းမအား...

'မကောင်းသော အကုသိုလ် အတတ်ပညာဖြစ်ကြောင်း၊ ကလေးမကို ပြုစားထားသော အတတ်ပညာ ပြန်ပြီးဖယ်ပေးပါ။ ဆရာက မေတ္တာနဲ့ ပြောနေတာပါ'

ဟု ပြောလိုက်ပါသည်။

ထိုပြုစားထားသော မိန်းမက ပထမတွင် လုပ်မပေးနိုင်သည့်ပုံစံ ရှိနေပါသည်။ ထိုအခါ ဘကြီးစိန်မှ **''အောက်လမ်းပညာကို ကလေးမထံမှ မဖယ်ရှားလျှင် လူပုံအလယ်တွင် အောက်လမ်းပညာသည် အဖြစ် အရှက်ရမှာ မကြောက်ဘူးလား''**ဟု မေးလိုက်ပါသည်။

ဆရာ့စကား နားမထောင်လျှင် ပြုစားတတ်သူဖြစ်ကြောင်း လူတွေသိအောင် လုပ်ပေးလိုက်မည်ဟု ပြောလိုက်ပါသည်။ ထိုအခါ ပြုစားထားသူ မိန်းမက...

'ဆရာ ကျွန်မ ကလေးမကို လုပ်ထားတဲ့ ပညာကို ဖယ်ပေးပါ့မယ်။ ကျွန်မကို အမြန်ပြန်လွှတ်ပါ။ အဖေသိရင် ကျွန်မကို ဆူတော့မှာပဲ။ နောက်ဖေးခြံထဲကို ဆင်းသွားတာ ကြာရင် လိုက်လာကြတော့မှာ။ ကျွန်မကို ပြန်လွှတ်ပါတော့နော်'

ဟု ဘကြီးစိန်အမေးကို ခေါင်းညိတ် ခေါင်းခါကာ ဖြေလိုက်ပါသည်။

ဘကြီးစိန်မှ ထိုပြုစားထားသူ မိန်းမအား...

အောက်လမ်းပညာကို ဆရာ့ကို လှူပါ။ နောက်တစ်ခါ မည်သူ့
မပြုစားရန် အမိန့်ပေး တောင်းခံသောအခါ လှူပါမည်
ခေါင်းညိတ်ပြလိုက်ပါသည်။

ထိုမိန်းမ၏ ခန္ဓာကိုယ်သည် နောက်ဖေးခြံထဲတွင်
ရှိနေပြီး စိတ်သည် ဆရာ့ထံတွင် ရောက်နေသဖြင့်
သက်မဲ့ပုံ ဖြစ်နေကြောင်း ဘကြီးစိန်မှ ပြန်ပြော
ပါသည်။

ပြုစားသော မိန်းမ၏ ဖခင်ကြီး တွေ့ပါက ပြုစား
တတ်ကြောင်း သိသွားမည်ကို စိုးရိမ်ပြီး မြန်မြန်ပြန်လွှတ်
ရန် ပြောနေခြင်း ဖြစ်ပါသည်။

ထိုမိန်းမ၏ ဖခင်သည် ထိုအောက်လမ်းပညာကို
မကြိုက်သဖြင့် ဖခင် တွေ့မည်ကို စိုးရိမ်နေပါသည်။

ဘကြီးစိန်၏ ပြောပြမှုအရ ထိုပြုစားသော မိန်းမသည်
တောင်ပေါ်ဒေသတွင် နေထိုင်သောသူတစ်ဦး
ဖြစ်ကြောင်း သိရပါသည်။ ထိုမိန်းမအား ကတိတည်
ပြောပြီး ပြန်လွှတ်လိုက်ပါသည်။

ထို ပြုစားသူမိန်းမ ထွက်သွားပြီး ရေတစ်ခွက်
မန်းကာ ထူးထူးအား တိုက်လိုက်ပါသည်။ ထိုအခါ
ထူးထူးလည်း ကျန်းမာလာကာ အစားအသောက်
စားကာ ရောဂါပျောက်ကင်းသွားပါသည်။

ဘကြီးစိန် မန်းလိုက်သော ဆားမန်းသည် သူ
ပြုစားမထားဘဲ ပကတိ ပယောဂကင်းနေသူ စား
ငန်သည့်အရသာပဲ ရှိနေပါသည်။

အောက်လမ်းပညာဖြင့် ပြုစားခံရသော ပယောဂ
ဆားမန်းကို စားပါက ငန်သည့်အရသာ မရှိဘဲ
ခါး၊ ချဉ်လျှင် ချဉ်၊ စပ်လျှင် စပ်သည့် အရသာ
ဘကြီးစိန်က ပြောပြပါသည်။

ဘကြီးစိန်မှ သူတစ်ပါးကျွေးသည့် အစား
စားလျှင် သရဏဂုံရွတ်ဆို၍ စားရကြောင်း ပြော
ဘကြီးစိန် ကုသပေးမှုကြောင့် ဆားမန်းဖြင့်
ပြုစားထားသည်ကို ထူးထူးမှာ ပျောက်ကင်း
သွားပါတော့သည်။

*[ဘကြီးစိန်အား ကန်တော့လျက်*

**ချို(အမရပူရ)**



www.burmeseclassic.com



ဓားချွန်းအောင်
(ရမည်းသင်း)

ညောင်ပင်ကြီးနှင့်
ပိုင်းပတ်တောက်ထားသော
ဝါးများ

# သူ့အာဂုပ် သူ့ဒေသနှင့်

## သူ့ဓလေ့ထုံးစံများ

ကျွန်တော်ရယ်၊ စောဖိုးခွားရယ်၊ င်းသက်ရယ် သုံးဦးသား ရှမ်းရိုးမ တောင်တန်းကြီးတွေပေါ်မှာဝါးတော တွေ တောနင်းလိုက်ကြည့်နေတာ ရက်ရှိပြီဖြစ်သည်။

ဝါးတူစက်ရုံတွက် လိုအပ်တဲ့ ဝါး ခြအနေ၊ ထုတ်ယူရမည့် လမ်း ကြောင်း စသည် စသည်များ လေ့လာနေကြခြင်းလည်း ဖြစ်လေ သည်။

စောဖိုးခွားက လမ်းပြအဖြစ် လိုက်ပါလာကာ၊ သွက်လက် ချက် ချာသော မင်းသက်ကို အဖော်အဖြစ် ကျွန်တော် ခေါ်လာခဲ့သည်။ စော ဖိုးခွား၏ မိတ်ဆွေ တောင်ယာထဲမှာ ညအိပ်နားကြပြီး တောနင်းနေကြ ခြင်း ဖြစ်သည်။

နွေဦးပေါက်စ ပြုနေပြီဖြစ်သော် လည်း နံနက်(၉)နာရီလောက်မှ တောတိုးနိုင်သည်။ တောတောင် ကြီးမားခြင်းကြောင့် နှင်းကမကွဲနိုင်။ အအေးဓာတ်ကလည်းကြောက်စရာ

www.burmeseclassic.com

ကောင်းသေးသည်။

ညဘက်ဆိုလျှင် နှင်းကျသံ တဖြောက်ဖြောက်နှင့် အတူ တောကောင်မျိုးစုံတို့၏ အော်သံ ဟောက်သံ၊ ညဥ့်ငှက်မျိုးစုံတို့၏ အော်ဟစ် ပျံသန်းနေသံတွေက မကြာမကြာ ကြားနေရသည်။

အတွေ့အကြုံ အားနည်းနေသော ကျွန်တော့်အဖို့ စိုးရိမ်စိတ်များနှင့် အိပ်ပျော်ရန် ညစဉ်ခက်ခဲ့သည်။

လူကို ရန်ရှာမည့် တောကောင်တွေမရှိတာ သိနေသော်လည်း စိတ်ကမလုံ။ အိပ်ပျော်မည်ဖြစ်တော့ တဲအောက်မီးဖိုက မီးကျသွားပြီမို့ တဲပေါ်ကဆင်း မီးထည့်ရသည်။

မီးကျသွားလျှင် အအေးဓာတ်က ဝင်စီးလေ့ရှိသည်။ ပါလာတဲ့စောင်တွေနဲ့ တောင်ပေါ်အအေးဒဏ်ကို မကာကွယ်နိုင်။

တဲရှင်နှင့် စောဖိုးခွားတို့ကတော့ တောင်ပေါ် အအေးဒဏ်ကို အသားကျနေပြီထင်သည်။ အိပ်နေကြတာ တုပ်တုပ်မျှပင်မလှုပ်။ ညစဉ်အိပ်ရေး ပျက်နေသော ကျွန်တော်မှာ ပင်ပန်းတဲ့ဒဏ်ကိုလည်း မခံနိုင်။

တောတကာတော၊ တောင်တကာတောင် အားလုံးနင်းပြီးပြီမို့ နောက်ရက်ဆို တောင်ပေါ်မှ ပြန်ဆင်းတော့မည်။ ကုမ္ပဏီအတွက် လုပ်ငန်းလုပ်ဆောင်ရန် ကုန်ကြမ်း ရရှိနိုင်မှု အခြေအနေ သိခဲ့ပြီးလည်း ဖြစ်သည်။

အသည်းခိုက်တမျှ အေးလှသော တောင်ပေါ် ဆောင်းနှောင်းရာသီကို အလူးအလဲခံစားရင်း အိပ်မပျော်နိုင်သည့် ကျွန်တော့်မှာ တောကြက်တွေ၏ လင်းကြက်တွန်သံကိုသာ နားစွင့်နေမိတော့သည်။

မိုးလင်းခါနီးမှ အိပ်ပျော်သွားခဲ့သည်။ နိုးလာတော့ နံနက်(၉)နာရီ ထိုးနေပြီ။ ကျွန်တော့်အကြောင်း သိထားနေကြပြီမို့ ဘယ်သူမှ မနှိုးဘဲ နေခဲ့ကြသည်။

နံနက်စာ စားသောက်ပြီးသည်နှင့် တောင်ပေါ်မှ ကျွန်တော်တို့ ဆင်းခဲ့ကြသည်။ စကားတပြောပြောနှင့် ဆင်းလာခဲ့ကြရာ တောင်စောင်းတစ်နေရာအရောက်တွင် **ကြီးမားလှသော ညောင်ပင်ကြီး**တစ်ပင်ကို တွေ့လိုက်ရသည်။

**ညောင်ပင်ကြီး၏ ဝန်းကျင်နှင့် ညောင်ပင်ကြီးအောက်တွင် တလင်းပြင်လို ရှင်းနေသည်။ ညောင်ပင်ကြီး ရောက်လာကြသူတို့က ရှင်းထားခြင်း ဖြစ်နိုင်သည်။**

**ညောင်ပင်ကြီး၏ ခြေရင်းပတ်လည်တွင် ဝါးများဖြင့် ဝိုင်းပတ်ထောက်ထားသည်ကို တွေ့လိုက်ရသည်။**

**ထောက်ထားသည့်ဝါးများမှာ ရာနှင့်ချီပြီး ရှိမည်ထင်သည်။**

ညောင်ပင်ကြီးအောက် ကျွန်တော်တို့ ခရီးတစ်ထောက် နားလိုက်ကြသည်။

အထူးအဆန်း ဖြစ်နေသော ကျွန်တော်က…

'စောဖိုးခွား၊ ဒါ ဘာလုပ်ထားတာလဲ'

'ဩော်…တောထဲလာတဲ့ သစ်ခုတ်၊ ဝါးခုတ်၊ တောဝင်တဲ့သူတွေက အန္တရာယ်ကင်းပြီး လုပ်ငန်းကိုင်ငန်း အဆင်ပြေအောင် လုပ်ကြတာ။ ညောင်ထောက်တယ်လို့ ခေါ်တယ်ဗျ'

'ဩော်…'

'အဲ…ဒါတွေက အယူအဆတွေပါဗျာ။ ကျွန်တော်ကတော့ လက်မ[...]ဘူး'

ရုတ်တရက် ပြောလိုက်[...] မင်းသက်ကို စောဖိုးခွား[...] ကျွန်တော် ကြည့်မိကြသည်။

'မဟုတ်တူးလေကွာ… တို့[...] တို့ဝလေ့၊ တို့အယူအဆနဲ့ လုပ်ကြ[...] ပါပဲ။ အကြောင်းမဲ့ အဓိပ္ပာယ်မဲ့ ဘယ်[...] အပင်ပန်းခံလုပ်မလဲ မင်းသက်ရာ'

စောဖိုးခွားက မင်းသက်[...] ထိုကဲ့သို့ ရှင်းပြလေသည်။

'ပညာမဲ့တဲ့သူတွေရဲ့ ရယ်[...] အလုပ်တွေပါဗျာ'

မင်းသက်က ပြောလည်း[...]

**ညောင်ပင်ကြီးကို ထောက်[...] တဲ့ ဝါးတွေကို ခြေနှင့်ကန် ထဲ[...] နေသည်မို့…။**

'မင်းသက် ဟေ့ကောင်… အဲ[...] မလုပ်နဲ့။ မင်း မယုံတာ လက်မခံ[...] အပြစ်မပြောဘူး။ အဲလိုလုပ်တာ [...] ဓလေ့နဲ့ သူတို့ယုံကြည်မှုကို [...] တာပဲ ခုရပ်စမ်း'

ကျွန်တော် အော်လိုက်[...] ဝါးတွေ ကန်လှဲနေသော မင်း[...] ရပ်သွားလေသည်။ စော[...] မျက်နှာမကောင်းပေမယ့် [...] တော့ဝင်မပြော။

အမောပြေတော့ ကျွန်[...] ခရီးဆက်ကြသည်။

* * *

လုပ်ငန်းတာဝန်ပြီးဆုံး၍ [...] ခရီးမို့ ကျွန်တော် စိတ်လက်[...] နေသည်။ စောဖိုးခွား[...] စကားသိပ်မပြော။ မင်း[...] လုပ်ရပ်ကို သူကျေနပ်ပုံ[...]

မင်းသက်ဆိုတဲ့ ကောင်[...]





www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ရှုးကြောင်ကြောင်၊ ကြည့်လေ စောစောက သူ့လုပ်ပုံက အဓိပ္ပာယ်မရှိ စိတ်ထင်ရာ လျှောက် လုပ်ခဲ့သည်။

စောဖိုးခွားက သူ့အပေါ် အစာ မကြေတာ ရိပ်မိနေပြီမို့ စကား တစ်ခွန်းမျှမပြောဘဲ နောက်က တကုပ်ကုပ်လေး လိုက်လာနေ သည်။

'အစ်ကိုကြီးရေ... ဒီတောင်ကြီးထိပ်က ကြည့်ရင် အနားဝန်းကျင်က တောင်တွေ ထက်မြင့်တော့ ကျွန်တော်တို့ရွာကို ရေးရေးလေး လှမ်းမြင်ရတယ်ဗျ။ ဒီနေရာကမြင်ရတဲ့ ရှုခင်းက သိပ်လှတာ ဓာတ်ပုံရိုက်ဦးလေ'

စောဖိုးခွားက ကျွန်တော့်ကို ပြောပြသည်။ အမြင်ဆန်း လှပတဲ့ ရှုခင်းတွေတွေ့ရင် ကင်မရာထုတ်၊ ဓာတ်ပုံရိုက်လေ့ရှိတာမို့ အသိပေး ခြင်း ဖြစ်သည်။

အနားဝန်းကျင်က တောင်တွေ ဆက် အတော်ပင် မြင့်မားသော တောင်ကြီးဖြစ်လေတော့ အရပ် လေးမျက်နှာ ရှုခင်းတွေကို တစ်ဝ ကြီး ကြည့်ရသလို ပုံတွေလည်း အတော်များများ ရိုက်ဖြစ်ခဲ့သည်။

တောင်ထိပ်မှာပင် ကျွန်တော်တို့ အမောဖြေရင်း နားလိုက်ကြသည်။

'ဒီတောင်ကြီးကဆင်းပြီး အောက် မြင့်နေရတဲ့ တောင်ထိပ် ကျော ...းတိုင်းလိုက်သွားပြီး အောက် ဆက်ဆင်းလိုက်ရင် ကျွန်တော့် တောင်ယာခင်း ရောက်ပြီဗျ။ ကဲ... အမောလဲပြေရောပေါ့၊ သွားစို့ဗျာ'

ကျောပိုးအိတ် ကောက်လွယ်ပြီး မင်းသက်ထိုင်နေရာဆီ ကျွန်တော် အကြည့် ရောက်သွားသည်။ ကျွန်တော့်နောက်နားမှာထိုင်နေတဲ့ မင်းသက်ကို မတွေ့မိ။

'စောဖိုးခွား မင်းသက်ကို မတွေ့ ပါလား'

'ဒီကောင် အပေါ့အပါးသွားနေ လား မသိဘူး။ စောင့်လိုက်ပါဦးဗျာ'

အတန်ကြာ ကျွန်တော့်တို့ စောင့် နေပေမယ့် မင်းသက်က ပေါ်မလာ။ စောင့်ရတာ စိတ်မရှည်ချင်။ စောဖိုး ခွားက...

'ဟေး... မင်းသက် လာကွ တို့သွားတော့မယ်'

စောဖိုးခွား အော်ခေါ်သံတွေက တောအထပ်ထပ် ပဲ့တင်သံတွေသာ ရိုက်ခတ်သွားသည်။ မင်းသက်အသံ ကိုတော့ ပြန်မကြားရ။ ကျွန်တော် တို့နှစ်ယောက် တောင်ထိပ်ကဆင်း ပြီး အနီးဝန်းကျင်တွေကို တကြော် ကြော်ခေါ်ရင်းရှာကြသည်။ အကြောင်း ကမထူး။

'ဒီတောတောင်မှာ လူကို အန္တရာယ်ပြုတဲ့ သတ္တဝါတွေ ရှိနေ လို့များလား'

မင်းသက်ကို ရှာမတွေ့သည့် အဆုံး ယင်းကဲ့သို့ ပြောမိတော့...

'လုံးဝမရှိပါဘူးဗျာ။ ဒီကောင် သူလုပ်ခဲ့တာ ကျွန်တော် သူ့အပေါ် မကြည်တာ ရိပ်မိတယ်ဗျာ။ စကား မပြောဘဲ လိုက်လာတာ ခုလဲ စိတ်ရှုးပေါက်ပြီးများ တစ်ယောက်တည်း ထွက်သွားတာများလား'

'မဖြစ်နိုင်ဘူး စောဖိုးခွား။ ဒီကောင် တစ်ယောက်တည်းဒီလောက်နက်တဲ့ တောထဲ သွားရဲတဲ့သတ္တိ မရှိပါဘူး။ တစ်ခုခု ဖြစ်နေလို့လား'

'တောနက်ပေမယ့် အန္တရာယ် ပေးမယ့် သတ္တဝါ မရှိပါဘူးဗျာ။ အကြောင်းတစ်ခုခုတော့ ရှိမယ်ဗျာ။ အချိန်ရသလောက်တော့ ရှာကြတာ ပေါ့'

အော်ရင်း၊ ခေါ်ရင်းနှင့် တစ်နေရာ ပြီးတစ်နေရာရှာနေကြတဲ့ ကျွန်တော် တို့နှစ်ယောက် စိတ်မောလူမောနှင့် မပြောမဆို ထွက်သွားတဲ့ မင်းသက်ကို ဒေါသတွေလည်း ဖြစ်နေမိသည်။

အချိန်တွေသာ ကုန်သွားလေ သည်။ ပျောက်ချင်းမလှပျောက်သွား တဲ့မင်းသက်ကိုတော့ ရှာမတွေ့။ နေလည်း အတော်စောင်းသွားပြီ ဖြစ်သည်။ ဆက်ရှာလို့ မဖြစ်နိုင် တော့။ ဒီည ရွာအရောက်ပြန်။ လူအင်အားနှင့် နောက်ရက်ရှာရ



www.burmeseclassic.com

မည်။

မတ်စောက်လွန်းသော တောင်ကြီးကို တစ်နေ့လုံး တက်လိုက်ဆင်းလိုက်နှင့် ခြေကုန်လက်ပန်းကျနေပြီဖြစ်သော်လည်း မင်းသက်တွက် စိုးရိမ်စိတ်တွေကြောင့် ကျွန်တော့်မှာ မောပန်းနေသည်ကိုပင် သတိမထားမိနိုင်။

နှစ်ယောက်သား စကားမပြောမိကြဘဲ ကိုယ့်အတွေးနှင့်ကိုယ် ရွာအမြန်ဆုံး ရောက်ရေးသာ ဒခလေးထားနေရသည်။



* * *

မင်းသက် ရှာပုံတော်ကို တစ်တောဝင် တစ်တောင်တက် ရွာသားတွေ အကူအညီနှင့် ရှာဖွေကြသည်။ အချိန်တွေသာ ကုန်သွားခဲ့သည်။ ဘာမှ ထူးခြားမလာ။

လူအင်အားနှင့် ပိုက်စိတ်တိုက်ရှာဖွေနေခြင်း ဖြစ်သော်လည်း မင်းသက်၏ အရိပ်အယောင်ပင် မတွေ့ရဘဲ နေရောင်ပျောက်တော့ ရွာပြန်ခဲ့ကြသည်။ ဘာပဲဖြစ်ဖြစ် နောက်နေ့တွေမှာလည်း ဆက်ရှာမည်ကို အားလုံးသိနေကြသည်။

အတူတူနားနေရင်းက ထူးဆန်းစွာ ပျောက်သွားသည်ဆိုတော့ အားလုံး အံ့ဖွယ်ပဟေဠိဖြစ်လို့နေလေသည်။

တကယ်ဆိုလျှင် မင်းသက် ပျောက်သွားတာနှင့် ပတ်သက်ပြီး ကျွန်တော့်မှာ တာဝန်ရှိသည်။ တောနင်းသွားတဲ့ခရီးမှာ မင်းသက်ကို ကျွန်တော်ခေါ်လာခဲ့သည်။

လုပ်ငန်းနှင့် ပတ်သက်လျှင်လည်း ကျွန်တော်က အထွေထွေတာဝန်ခံ ဖြစ်နေခြင်းကြောင့် မင်းသက် ပျောက်သွားတဲ့ကိစ္စလုံးလုံးလျားလျား ကျွန်တော့်မှာ တာဝန်ရှိနေသည်မို့ ကျွန်တော်တကယ်ပင် စိတ်ပူနေရသည်။

သူ့မိဘတွေ သိသွားခဲ့လျှင် ဘယ်လောက် စိတ်ပူလိုက်မလည်းဆိုတာ ကျွန်တော်မတွေးရဲ။ မင်းသက်ရှာဖို့ လိုက်လာသူတွေကို နောက်ရက်ကစပြီး နေ့တွက်ပေးခေါ်ယူရမည်။ လူမှုရေးအရ တစ်ရက်သာ အကူအညီတောင်းသင့်သည်။

အားလုံးနှင့်တူ ကျွန်တော်ကိုယ်တိုင် တစ်တောင်ဆင်း၊ တစ်တောင်တက် မနေမနား တစ်နေ့လုံး သွားလာခဲ့၍ ပင်ပန်းနေသော်လည်း စိတ်ပူပန်နေမှုတွေကြောင့်ပင်ပန်းနေတာကို သတိမထားမိနိုင်။

တစ်ညအိပ်လိုက်ရပြန်ပြီ၊ မင်းသက် ပျောက်သွားခဲ့တာ တစ်ရက်နှင့်နှစ်ညအိပ် ရှိတော့မည်။ မင်းသက်တစ်ယောက် ဘယ်ဆီကိုများ ရောက်နေပြီလဲ။ အသ[illegible] ရှင်လျက်နဲ့ ရှိပါ့မလား။ ပူ[illegible] သော ကျွန်တော့်အတွေး[illegible] အိပ်လို့လည်းမပျော်။

သန်းခေါင်ကျော်မှ အိပ်ပျော်[illegible] ခဲ့သည်။ အိပ်ရာက နိုးနိုးချင်း [illegible] စာ စားနေချိန်တွင် တောတို[illegible] အဖွဲ့တွေ ရောက်လာကြသည်[illegible]

ဒီနေ့တော့ တောကျွ[illegible] မုဆိုး(၃)ဦး ဦးဆောင်မှုဖြင့် [illegible] ကြမည်ဖြစ်သည်။ ဘုရား[illegible] မလို့ ဒီနေ့ မင်းသက် တွေ့[illegible] ကျွန်တော် ဆုတောင်းနေ[illegible]

တောင်ခြေရွာလေး [illegible] ကြောင့် ရွာကထွက်လိုက်[illegible] တောင်ပေါ်တက်ရသည်။ [illegible] နှင့်မှစကားမပြောဖြစ်တဲ့တ[illegible] တည်း အဆွေးပူတွေနဲ့ လို[illegible] ခဲ့သည်။

ဒီနေ့လည်း မင်းသက်[illegible] တဲ့ တောင်ကြီးထိပ် ရော[illegible] သည်။ မင်းသက်ကို တ[illegible] အော်ခေါ်ကြရင်း တော[illegible]

www.burmeseclassic.com



နားလိုက်ကြသည်။

တောကျွမ်းတဲ့ မုဆိုးကြီးတွေက လှိုဏ်တွေ၊ ချောက်ကြီးတွေ ရှိတဲ့ နေရာတွေကို ရှာဖို့ လူစုခွဲကြသည်။ သူ့ကို ညွှန်ပြသော လှိုဏ်ကြီး၊ ချောက်ကြီးများကို ရှာကြပြန်လေသည်။

အချိန်တွေသာ ကုန်သွားခဲ့ပြန်သည်။ မည်သည့် ထူးခြားမှုမျှမတွေ့ ရသဲ နေဝင်တော့ လက်လျှော့ပြန်ခဲ့ရသည်။ ကျွန်တော် အကြီး အကျယ် စိတ်ဓာတ်ကျနေပါသည်။

မင်းသက်တွက် မျှော်လင့်ချက် မရှိတော့ပြီလား။

* * *

နံနက် ကျွန်တော် အိပ်ရာနိုးသည်နှင့် စောဖိုးခွားက…

'အစ်ကိုကြီး… ရွာကလူကြီးတွေက မေးတယ်။ မင်းတို့ တောထဲမှာ ဘာအမှားလုပ်ခဲ့လဲတဲ့။ ကျွန်တော်တို့ပြန်လာတော့ လမ်းမှာတွေ့တဲ့ ညောင်ပင်ကြီးမှာ ထောက်ထားတဲ့ ဝါးတွေကို အယုံအကြည် မရှိဘူးဆိုပြီး မင်းသက်က ဝါးတွေကို ဘန်လုံပစ်တာပြောပြတော့…

ညောင်ပင်ကြီးကို ပွဲတင်တောင်းပန်ဖို့ ပြောလို့ ကျွန်တော် အားလုံး စီစဉ်ထားတယ်။ အစ်ကိုကြီး သဘောကကော'

'ဟာ… လုပ်ပါ လုပ်ပါ လုပ်ရမှာပေါ့ကွာ။ လုပ်စရာရှိတာလုပ်လေ။ ဒါက နားလည်တာ မဟုတ်ဘူး။ မြို့ဓလေ့, ရွာဓလေ့, တောဓလေ့ မင်းတို့ အသိဆုံးပဲ'

ထိုနေ့က ပွဲတင်ပြီး တစ်နေ့လုံး ကျွန်တော်တို့ တောနင်း ရှာကြပြန်သည်။ (၃)ရက်မြောက်ပြီ။ အချိန်တွေသာ ကုန်သွားခဲ့သည်။ ဘာမျှ မထူးခြား။

စိတ်မောလူမောနှင့် ကျွန်တော့်မှာ မျှော်လင့်ချက်များ ထားနေသော်လည်း နေဝင်သွားတော့ ပြန်ခဲ့ရသည်။ ဖြစ်နိုင်လျှင် မအိပ်မနေ ရှာလိုက်ချင်ပါသည်။

နောက်ရက်ဆိုလျှင် မင်းသက် မိဘတွေထံ အကြောင်းကြားမှ ဖြစ်တော့မည်။ နှစ်ရက်,သုံးရက် လွန်လာသည်အထိ အသိမပေးတာ ကျွန်တော့်ကို ခွင့်လွှတ်မည်မဟုတ်။ ဘာပဲဖြစ်ဖြစ် အကြောင်းကြားမှ ဖြစ်မည်။

ရွာကိုပြန်ရောက်တော့ ကျွန်တော် အဖျားဝင်လာသည်။ အိပ်ရေးပျက်များလာတာရယ်၊ ပင်ပန်းတာရယ် ကြောင့် ဖျားထလာခြင်း ဖြစ်သည်။

ပါလာသောဆေးကိုသောက်သော်လည်း သက်သာရုံပဲရှိသည်။ ဒီတိုင်းဆို နောက်နေ့ မင်းသက်ရှာပုံတော် ကျွန်တော် လိုက်နိုင်ပါ့မလားတွေးပူမိပြန်သည်။

ထိုညက တစ်ညလုံး အရိုက်ခံထားရသလို နာကျင်ကိုက်ခဲနေတော့ တစ်ညလုံး မအိပ်နိုင်၊ တလူးလူးတလိမ့်လိမ့်နှင့် မိုးပင် လင်းတော့မည်။

စောဖိုးခွားက တစ်ညလုံး ကျွန်တော့်ကို ပြုစုပေးသည်။ သူလည်း မအိပ်ရ။ ယခု မနက်စာချက် ပြုတ်နေသည်။

စောဖိုးခွား အိမ်ပေါ်မှအောက် ဆင်းသွားသည်။ စကားပြောသံ အချို့ ကြားလိုက်ရသည်။ အလင်းရောင်ပင် ကောင်းကောင်းမလာသေး။ ဘယ်သူများ စောစောစီးစီး ရောက်နေပါလိမ့်ဟု တွေးနေစဉ် စောဖိုးခွားနှင့်လူတစ်ယောက် အိမ်ပေါ်တက်လာသည်ကို မြင်တွေ့ရသည်။

'အစ်ကိုကြီး အစ်ကိုကြီး အိပ်ပျော်နေတယ်နဲ့ တူတယ်ကွ'

'ဟေ…အိပ်မပျော်ပါဘူးကွာ'

'မင်းသက်လေ မင်းသက်… ပြန်ရောက်လာပြီ အစ်ကိုကြီး'

'ဘာ'

စောဖိုးခွား ပြောလိုက်တဲ့စကားကြောင့် ကျွန်တော် "ဝုန်းခနဲ" ထထိုင်လိုက်မိသည်။

'ဟုတ်တယ် အစ်ကိုကြီး၊ မင်းသက်ပြန်ရောက်လာပြီ'

မင်းသက်ကို ကျွန်တော် ဓာတ်မီးနှင့် ထိုးကြည့်လိုက်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



'မင်းသက် မင်းကွာ မင်း တော်တော် ဒုက္ခပေးတဲ့ကောင်။ မင်းကြောင့် တစ်ရွာလုံး ရှာလိုက်ရတာ နေ့တိုင်း။ ငါ့မှာလဲ မင်းအတွက် ဘယ်လောက်ပူရတယ်ဆိုတာ မင်းမသိဘူး'

ကျွန်တော် တကယ့်ကို စိတ်ဆိုးမိပါသည်။ မျက်တွင်းဟောက်ပက်ဖြစ်နေတဲ့မင်းသက် ရက်ပိုင်းအတွင်း အတော်သိုင် ပိန်သွားသည်ကို သတိထားမိသည်။ ကျွန်တော့်အနေနှင့် ဘယ်လိုဖြစ်တာလဲဆိုတာ မေးဖို့ သတိမရ။ မင်းသက်ကတော့ခေါင်းငုံ့နေသည်။ ဘာမျှ ပြန်မပြော။ ကျွန်တော်ပြောသမျှ၊ ဆူပူသမျှကို ငြိမ်ပြီး နားထောင်နေသည်။

စိတ်ထဲရှိတာတွေ အတော်ပြောပြီးမှ မေးမိပါသည်။

'ပြောစမ်းပါဦး... တောင်ထိပ်မှာ နားနေတုန်း မင်း ဘယ်ထွက်သွားတာလဲ'

ခေါင်းငုံ့နေရာမှ ဖြည်းဖြည်းချင်း ခေါင်းထောင်လာကာ...

'ကျွန်တော် အပေါ့သွားချင်လို့ တောင်စောင်းဘက်သွားပြီး အပေါ့သွားပါတယ်။ အပေါ့သွားပြီး အစ်ကိုကြီးတို့ဆီ ပြန်လာတော့ ကျွန်တော့်ကို တစ်ယောက်ယောက်က ချုပ်ထားသလို သွားလို့မရတော့ဘူး။ အစ်ကိုကြီးနဲ့ ကိုဖိုးခွား ခေါ်နေတာ ကြားပါတယ်'

'ခေါ်နေတာကြားလျက်နဲ့ ဘာလို့ ပြန်မထူးတာလဲ'

'ပါးစပ်လဲ ဟလို့မရတော့ဘူး။ လှုပ်လို့လဲ မရဘူး။ ကျွန်တော့်နား အစ်ကိုကြီးတို့နှစ်ယောက် လာရှာတာ ခေါ်နေတာသိပေမယ့် ပြန်ထူးလို့ မရလို့ပါ။ ကျွန်တော့်နားမှာ ကျွန်တော့်အကြောင်းတွေပြောနေတာ ပြန်ပြောလို့ မရလို့ပါ'

မင်းသက် စကားကြောင့် သူပျောက်သွားခဲ့တဲ့ နားနေတဲ့ တောင်ကြီးထိပ်ကို သတိရမိသည်။

'မင်း ဘယ်တွေ လျှောက်သွားနေသေးလဲ'

'အဲဒီနေရာမှာပဲ ဘယ်မှသွားမရဘူး'

'ထမင်း မဆာဘူးလား'

'ဆာတာပေါ့ဗျာ။ ရေတော့ မဆာဘူး။ ညဆို သိပ်အေးလွန်းလို့ အိပ်လို့လဲ မရဘူး။ မနေ့ည သန်းခေါင်ကျော်မှာ သွားလို့ရတာနဲ့ ရွာကို ပြန်လာခဲ့တာ'

'ရွာရောက်အောင် ပြန်လာတတ်လို့ တော်သေးတာပေါ့'

'ရွာကို အဲဒီတောင်ထိပ်က မြင်နေရတယ်လေ။ ရွာရဲ့တောင်ဘက်မှာရှိနေတဲ့ တောင်ချွန်ကြီးကို ကြည့်ပြီး ပြန်ခဲ့တာ'

'အေး... ခုလိုဖြစ်တာတောင်ပေါ်မှာ မင်းဘာလုပ်လို့ဆိုတာ သိပြီနော်'

'ဟုတ်ကဲ့ ကိုဖိုးခွား... ညောင်ထောက်ပင်ကြီးမှာ ထောက်ထားတဲ့ ဝါးကိုင်းတွေကို ကန်လှဲလို့ အရှင်ကြီးတွေကမကြိုက်လို့ အပြစ်ပေးတယ်ဆိုတာ ကျွန်တော်သိပါပြီ။

ကိုဖိုးခွားတို့၊ အစ်ကိုကြီးတို့ ရှာလူတွေ ကျွန်တော့်အနားရောက်... ကြပေမယ့် ဘယ်သူမှ ကျွန်တော့်... မမြင်မတွေ့ကြဘူး။ ကျွန်တော်... မြင်နေရတာ။ ဘာကြောင့်ဆို... အဲဒီတော့ သိလာပါတယ်'

'ကျွန်တော့်ပါးစပ်က စကားပြော... မယ့် စိတ်ထဲက တောပိုင် တော... အရှင်ကြီးတွေကို မေတ္တာပို့ရင်းနဲ့ တော... ပန်နေတာ အချိန်တိုင်းပါ'

'အေး... တို့ကလဲ မင်း... ပျောက်သွားတာအဲဒါကြောင့်... ညောင်ထောက်ပင်ကြီးကို ... တောင်းပန်ကြတယ်'

'ကိုယ်မသိနိုင်တဲ့ အရာ... တစ်ယူသန်စိတ်နဲ့ ဘယ်နေရာ... ကိုယ်မယုံရင် အသာနေ၊ စော်... မမိစေနဲ့၊ သူ့ဓလေ့နဲ့သူ၊ ... အဆနဲ့သူ၊ နေရာတိုင်းမှာ ရှိ... တယ်။ အဲဒါ မင်းသိထား'

'မင်းထမင်းစားဖို့ ခူးထား...' ဟု စောဖိုးခွားက ပြောလေ...

'သွား...စားလိုက်လေ'

ကျွန်တော်က ပြောလိုက်... မီးဖိုချောင်ထဲ ပြေးဝင်သွား... မင်းသက်ကို ကျွန်တော်... ကျွန်တော့်မှာ ခုမှပဲ သက်... ပါတော့သည်။

**အေးချမ်းအောင်**
**(ရမည်းသင်း)**



www.burmeseclassic.com

www.burmeseclassic.com

# ထန်းတောထဲက ဖုတ်ပြိတ္တာ

မေသစ္စာရှင်
(ဘုတလင်)

စာရေးသူ ကလေးဘဝ ငါးတန်းကျောင်းသူအရွယ်က ဖုတ်ဝင်နေသည်ဟု အရပ်ထဲမှာ ပြောနေကြသည့် အသက်(၆၀)ခန့် ရှိပြီဖြစ်သော ဒေါ်နှင်းဥဆိုသူ အမျိုးသမီးကြီးတစ်ဦးကို မြင်ခဲ့ဖူး၏။

ဒေါ်နှင်းဥသည် သူမ၏ခင်ပွန်း ဆုံးပါးသွားသော်လည်း ခင်ပွန်းရှာထားခဲ့သော ဥစ္စာပစ္စည်းများနှင့် ချမ်းသာသော အမျိုးသမီးတစ်ဦးဖြစ်သည်။ သားထောက်သမီးခံ မရှိသောကြောင့် အနီးရှိ ဆွေမျိုးများက စောင့်ရှောက်ခဲ့ကြသည်။

ဒေါ်နှင်းဥမှာ ခြေလက်များ ဖောရောင်သော ရောဂါကြောင့် လမ်းမလျှောက်နိုင်တော့ပေ။ အိမ်နီးချင်း၊ ဆွေမျိုးများက ထမင်း၊ဟင်းများကို ချက်၍ အလှည့်ကျ ပို့ပေးကြသည်။

သူမမှာ ခြံဝင်းအကျယ်ကြီးထဲက အိမ်အိုကြီးထဲတွင် တစ်ယောက်တည်း အထီးကျန်စွာ နေရသည်။ ဆွေမျိုးများကလည်း သူ့အိုးသူ့အိမ်တွေနှင့်ဆိုတော့ အနီးကပ် စောင့်ရှောက်နိုင်ကြ။

အစားအသောက်များ ပို့ပေးကြသော်လည်း ကိုယ့်ကိုယ်ကို အနိုင်နိုင် စားသောက်နေကြရသောကြောင့် ရောဂါကိုတော့ မကုပေးနိုင်ကြပါ။

ထိုအိမ်အိုကြီးသည် စာရေးသူတို့ ညကျောင်းသွားသောလမ်းမှာ ရှိနေသဖြင့် ညကျောင်းသွားရင်း စာရေးသူတို့ သူငယ်ချင်းတစ်သိုက် သွား၍ ချောင်းကြသည်။ ကြောက်ကြောက်နှင့် အိမ်ထဲသို့ မဝင်ရဲ။ ချောင်းကြည့်ပြီးတာနှင့် စာရေးသူတို့ သူငယ်ချင်းတစ်သိုက် ကြိုးတည်း ပြေးကြရသည်။

ဒေါ်နှင်းဥသည်ကိုယ်ရောင်ကိုယ်ဖောရောဂါ ဝေဒနာ ခံစားနေရသည်။ လပေါင်းများစွာ ကြာနေပါပြီ။ ကြောင့် လူတချို့က ဒေါ်နှင်းဥကို ဖုတ်ဝင်နေသည်ဟု ဆိုနေကြပါသည်။

ကြောင့် အချိန်ကြာလာသောကြောင့် ဆွေမျိုး ...

ဒေါ်နှင်းဥကြီး ဖုတ်ဝင်နေပြီထင်တယ်။ ကိုယ်ရောင်ကိုယ်ဖော ...လဲ ဆေးလိမ်းပေးမယ့် မပျောက်သေး။ ထမင်းပို့ရင် ...ဘက် အကုန် ကုန်တာပဲ'





www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောကြပါသည်။

ထိုသို့ ဒေါ်နှင်းဥကို သွားရောက်ကြည့်ရှုပြီး ပြန်ခဲ့သော နေ့ညအခါသို့ ရောက်သောအခါ စာရေးသူ၏ ဘဘကို မေးကြည့်သည်။

ထိုအခါ ဘဘပြောပြသည်မှာ…

'အစားတွေ အများကြီးစားလို့ ဖုတ်ဝင်တယ်လို့ ပြောလို့မရဘူးကွယ့်။ အဖောအရောင်ရောက်ဖြစ်ရင် အစားအစာကို အများကြီး စားတတ်တယ်။

ဖုတ်ဝင်နေတဲ့ သူဟာ သားစိမ်း,ငါးစိမ်းကို အရမ်းစားချင်ကြတယ်။ ခု…ဒေါ်နှင်းဥဟာ သူများ ထမင်းပို့မှ စားရတဲ့ဘဝပေါ့။

ဖုတ်မဝင်ရှာပါဘူး။ လွန်ခဲ့တဲ့(၃)နှစ်က ထန်းသမား ကျော်ရင်ကမှ ဖုတ်ဝင်တာ။ ငါ့မြေးသိအောင် ဘဘပြောပြမယ်နော်'

'ဟုတ်ကဲ့ ဘဘ ပြောပြပါ။ သမီး အရမ်းသိချင်တယ်'

'အေး…အေး… ငါ့မြေးသိချင်တယ်ဆိုရင် ပြောပြရမှာပေါ့ကွယ်'

လွန်ခဲ့သော (၃)နှစ်ခန့်က…

ဘဘသည် ဆေးဖော်စပ်ရန်အတွက် ထန်းတောသို့ သွား၍ ထန်းရည်ချိုဝယ်ရာ ကိုကျော်ရင်နှင့် တွေ့လေသည်။ သို့ရာတွင် ယခင်က အဘနှင့် တွေ့လျှင် အမြဲ နှုတ်ဆက် ဂါရဝပြုနေကျဖြစ်သည်။ ယခုမူ နှုတ်မဆက်ဘဲ မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်နေလေသည်။

နောက်တစ်နေ့တွင် ဘဘသည် ဆေးဆရာကြီး ဦးဘထင်အား ပြောပြလိုက်သည်။ ဦးဘထင်က ဤသည်မှာ မရိုးသားကြောင်း ပြော၍ ဘဘနှင့်အတူ ထန်းတောဘက်ကို ထွက်ခဲ့ကြသည်။

ဦးဘထင်က ကိုကျော်ရင်၏မိန်းမ မခင်မကို **"အရင်က ဘာဖြစ်ဖူးသလဲ"**ဟု မေးကြည့်ရာ…

'အရင်(၁)လခန့်က ထန်းပင်တက်ရာ ပြုတ်ကျဖူးတယ်'

ဟု ပြောပြသည်။ သို့သော် ခဏလေး သတိမေ့ပြီး ပြန်သတိရလာကြောင်း၊ သူမမှာ ယောကျ်ားဖြစ်သူ မသေ၍ တအားဝမ်းသာကြောင်း ပြောပြရှာသည်။

'ကဲ… ခင်မ နှင့်ယောကျ်ား အမူအကျင့်တွေဟာ သွေးရိုးသားရိုးမဟုတ်ဘူး။ ခုတလော ဘာတွေထူးလဲ မှတ်မိသလောက် အကုန်ပြောပြပါ'

'ဒီလိုပါ ဦးဘထင်ရယ်… ကျုပ်ယောကျ်ားဟာ အရင်က အမဲသားကို မကြိုက်ဘူး။ ပြီးခဲ့တဲ့ (၂)ရက် အမဲသားစား… တယ်ဆိုလို့ ချက်ကျွေးရတယ်။ (၅၀)သားဝယ်ပြီး ချက်ကျွေး… တစ်ရက်တည်း အကုန်စားပစ်တာပဲ'

ဟုပြောပြလေသည်။

ဦးဘထင်က…

'အဲဒါ ဖုတ်ဝင်စီးနေတာကွယ့်'

ဟု ပြောရာ…

'**ဦးဘထင်ရယ်…ကျုပ်ကိုကယ်ပါ။** ဖုတ်ဝင်နေ… သူနဲ့ အတူတူမနေရဲပါဘူး။ သူ့မျက်နှာကိုလဲ မကြည့်… တော့ပါဘူး'

ဟု ပြောရင်း ငိုရှာသည်။

ဦးဘထင်က…

'မပူပါနဲ့ ခင်မရယ်… ငါပြောသလို လုပ်မယ်… ဖုတ်ထွက်သွားမှာပါ'

ဟု ပြောရင်း မိုင်းကိုင်စက္ကူပေါ်တွင် ဂါထာများ… ချရေးပြီး ဆေးမှုန့်ထုပ်ကလေးကို ထုတ်၍ မခင်မ… ပေးလိုက်သည်။

'အဲဒီထဲက ဆေးမှုန့်ကို သူမသိအောင် သူအိပ်တဲ့ … ဖျာအောက်မှာ ဖြူးထားလိုက်။ ဂါထာတော် ရေးထားတဲ့ … ခေါင်းအုံးထဲ ထည့်ထားလိုက် ဖုတ်ကောင် မနေနိုင်ဘဲ ထွက်… လိမ့်မယ်'

ဟု ပြောလေသည်။

'အဲဒါဆို အဲဒီဖုတ်ကောင် ထွက်သွားတာပေါ့… ဘဘ'

'ထွက်သွားရတာပေါ့။ မနက်ခင်းရောက်လို့ ဖုတ်… နံနေတာကြောင့် ခုတင်ပေါ်ကို ကြည့်လိုက်တော့… နေတဲ့ ကိုကျော်ရင်ရဲ့ အလောင်းကို တွေ့ရတော့… ပေါ့။ ပုပ်ပွနေလို့ နေ့တွင်းချင်းမှာပဲ သင်္ဂြိုဟ်… တာပေါ့'

ဟု ဘဘက ပြောပြပါသည်။

**[ဘဘပြောပြသော အကြောင်းအရာကို … ရေးဖွဲ့ တင်ပြလိုက်ရပါသည်။]**

**မေသစ္စာရှင်(ဘုတလင်)**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် နိုင်ငံခြား ပင်လယ်ကူးသင်္ဘောမျိုးစုံတွင် အနှစ် အစိတ်ကျော်ကျော် အမှုထမ်းခဲ့ဖူး၏။ အရာရှိ အဖြစ်ပင် နှစ်များစွာ ကြာခဲ့၏။

၁၉၇၂ ခုနှစ်ခန့်ကတုန်းဆီကဟု ဆိုကြပါစို့။

ကျွန်ုပ် လိုက်ပါအမှုထမ်းသော ပထမဦးဆုံး ကုန်တင် သင်္ဘောသည် မိခင် စင်ကာပူနိုင်ငံနှင့် အိန္ဒိယ၊ မလေးရှား၊ သီရိလင်္ကာ(သီဟိုဠ်)နိုင်ငံအပြင်... တစ်ခါ တစ်ရံ မြန်မာနိုင်ငံ ဆိပ်ကမ်းမြို့များသို့လည်း ကုန်တင် ကုန်ချ ပြုလုပ်တတ်ပါ၏။ ထိုသင်္ဘောသည် စင်ကာပူ နိုင်ငံ အလံတင်ထားသော **M.V.SEALUCK** ကုန်တင် သင်္ဘော ဖြစ်၏။

တစ်ခုသော ပင်လယ်ခရီးတွင် အိန္ဒိယနိုင်ငံ "**ကာကီနာဒါး**"ဆိပ်ကမ်း မြို့ငယ်ကလေး၌ ကျောက်ချ ရပ်ထားသည့်အချိန်။

ပင်လယ်ကူးသင်္ဘောသားတို့၏ သဘာဝအတိုင်း အားလပ်ချိန်ရပါက "ကူးတို့"မော်တော်ကလေးဖြင့် ဆိပ်ကမ်းပေါ် တက်ကြ၏။

ထိုသူများထဲတွင် ကျွန်ုပ်လည်း တစ်ယောက် အပါအဝင်။

အိန္ဒိယနိုင်ငံ တောမြို့ကလေး ဖြစ်သည်နှင့်လျော်ညီ စွာ လမ်းပေါ်၌ ဆိုက်ကားများက ပိုများနေ၏။

ထိုစဉ်က မော်တော်ဆိုင်ကယ် ရှိသော်လည်း မော်တော်ကားမှာမူ လွန်စွာ နည်းသေး၏။

ကျွန်ုပ်လည်း ဆိုက်ကားတစ်စင်းလုံး ငှားပြီး "**ဟောရာဂျာ**"လုပ်ကာ ဟိုမှဒီမှ သွားလာနေမိ၏။ ...ကော်နှင့် ဝေးရင်ပြီးရော ဘယ်ရောက်ရောက် ဘယ် ...ကပ်ပေါက်။

မြို့အစွန်ဘက် တစ်နေရာအရောက်တွင် "**ဆာဒူး**" ...ကို မကြာခဏ တွေ့နေရ၏။

...နွင်းအဝါရောင် ဆိုးထားသည့် ဝတ်စုံနှင့်။

...တော့ မဖီးမလိမ်းထားသည့် ဂျပ်ခဲနေသော ဆံပင် ...ကြီး၊ မုတ်ဆိတ်ရှည်ကြီးများနှင့်။

ကျွန်ုပ်သည် တွေ့မြင်ရသမျှ "ဆာဒူး"တိုင်းလိုလို ... အခွင့်သင့်သည်နှင့် တစ်ပြိုင်နက် ဆိုက်ကား ...င်းလိုက်၏။ ပြီး...အိန္ဒိယငွေ (တစ်ရူပီ) လှူဒါန်းခဲ့

ဂန္ထီရဝိဇ္ဇာ၊ ပရလောကနှင့် သင်္ဘောသား

# မြန်မာနိုင်ငံ နိုင်ငံခြားနှင့် သင်္ဘောပေါ်မှ ကြုံရပ်မှန်များ (၂)

ရက္ခစိုးချို



သိဗ္ဗတ်ရှင်သာဓူနှင့် နာဂလိုဏ်ဂူ အဘိုးကလေးဆရာတော်

လေ့ ရှိပါသည်။

လှူဒါန်းပြီးသည်နှင့် မတ်တတ်ရပ် လက်အုပ်ချီ ကန်တော့ပြီးမှ ဆိုက်ကားပေါ်သို့ ပြန်တက်ပြီး ထွက်ခွာ



www.burmeseclassic.com

www.burmeseclassic.com

လာလေ့ရှိ၏။

နိုင်ငံခြားခရီးသွားများသည် ယောဂီ "ဆာဒူး" များအား တွေ့မြင်ပါက အနှောင့်အယှက် မပြုလုပ်ရန်နှင့် ကင်းရှင်းစွာ နေပေးကြပါရန် သတိပေးထားကြောင်းလည်း ကျွန်ုပ် သိရှိထားပြီးသား။

သို့သော်...ကျွန်ုပ်တို့မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များအဖို့ အိမ်နီးချင်း နိုင်ငံသား ဘာသာရေးပုဂ္ဂိုလ် "ဆာဒူး" များအား အနှောင့်အယှက်ပြုခြင်း မဟုတ်။ ဂါရဝပြုလှူဒါန်းခြင်းသာ ဖြစ်၏။

တစ်ချိန်တစ်ခါတုန်းဆီက ကျွန်ုပ်တို့နိုင်ငံ အနှံ့အပြားတွင်လည်း ထူးထူးဆန်းဆန်း ဂမ္ဘီရပညာစွမ်းများ တတ်ကျွမ်းသည့် အိန္ဒိယနိုင်ငံသား "ဆာဒူးကြီး" များ ရှိခဲ့ဖူးပါသည်။

**[သမိုင်းဝင်ဓာတ်ပုံနှင့်တကွ သက်သေပြနိုင်သော ပဲခူးမြို့(အနောက်ဘက်တော သာသနာထွန်းကားရေး) "မဟာကြီးစေတီတော်" ထီးတော် တင်စဉ်က ရန်ကုန်မြို့ "နာဂလိုဏ်ဂူ ကလေးဝတောရကျောင်း" အဘိုးကလေးဝဆရာတော်နှင့် ဆာဒူးကြီး ဓာတ်ပုံကို တာဝန်ခံ ဖော်ပြပေးလိုက်ပါသည်။**

**ထို "ဆာဒူးကြီး" ကို "ဗားမဲ့ဆရာတော်" အဖြစ် ထင်မှတ် ယုံကြည်ကိုးကွယ်နေကြသူများလည်း ယနေ့ထက်တိုင် ရှိနေဆဲပါ။**

**ထိုအကြောင်းအရာနှင့် ပတ်သက်၍ အကိုးအကား နိုင်လုံစွာဖြင့် ဖြစ်ရပ်မှန် သိထားနိုင်စေရန် အခွင့်သင့်သလို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် တာဝန်ယူ တင်ပြပါဦးမည်။ *စာရေးသူ*]**

သင်္ဘောပေါ်တွင် အချိန်ပို လုပ်ခငွေလည်း မရ။ သာမန် သင်္ဘောသားတစ်ယောက်၏ လစာရင်းထက် သုံးလေးဆ နည်းသော ကျွန်ုပ်။ ရာထူးကတော့ CADET OFFICER အလုပ်သင်အရာရှိကြီး...ပါတဲ့။

ဤသို့ပုံနှယ် ချို့ငဲ့သော ကျွန်ုပ်၏ အလှူငွေဖြစ်ခြင်းနှင့် ငွေလှူဒါန်းပြီးတိုင်း လက်အုပ်ချီ ရှိခိုးကန်တော့ခြင်းများ အမြဲမပြတ် ပြုလုပ်နိုင်လေ့ ရှိခဲ့၏။ ထိုသို့ အရိုအသေပေးမှုအပေါ် "ဆာဒူးကြီး" များက နားလည်နိုင်ကြပေမည်။ သိထားနှင့်ပြီးသားလည်း ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မည်။

ကျွန်ုပ် တင်ပြသောအချက် မှန်ကန်ပါကြောင်း တစ်ခုသော လမ်းငယ်ကလေးအပေါ်မှ ဖြစ်ပျက်ခဲ့မှု သက်သေခံနေပါပြီ။

တစ်ညနေခင်း "ဆာဒူးကြီး" တစ်ပါးကို ဆိုက်ကား ပေါ်မှ ကျွန်ုပ် လှမ်းမြင်လိုက်၍ အနီးတွင် ရပ်တန့် ဆင်းလိုက်၏။ ကျွန်ုပ် ပြုမြဲဝတ်တိုင်း ငွေ(တစ်ရူ လှူပြီး ကန်တော့လိုက်ပါသည်။ ရှည်လျားရှုပ်ထွေး ပြီး အသီးအသီး ဖြစ်နေပါသော ခေါင်းလိမ်းဆီ ကင်း နေသည့် ဆံပင်ကို အမှတ်မထင် ကြည့်လိုက်မိ၏။

သတ္တဝါများအပေါ် မေတ္တာထား သက်သတ်လွတ် စားသည့် ယောဂီသူတော်စင်တို့၏ သမထကျင့်စဉ်မှု ကြောင့် ထိုဆံပင်များအကြား ဝင်းပနေသည့် မျက် တော်ကို ဖူးမြင်လိုက်ရပါသည်။

အံ့သြပြီးယောင်သမ်းသွားသည့်နှယ် ထင်ရ မျက်နှာမှ နီတျာတျာ နှုတ်ခမ်းနှစ်လွှာ ပွင့်ဟလာ

၁။ "သင်သည် ဤအလုပ်မှ ပြုတ်လိမ့်မည်"

၂။ "သင်၏ အသက်အန္တရာယ် ကြုံတွေ့နိုင်သည်"

၃။ "သင်သည် ဤလုပ်ငန်းတွင် ရာထူးတိုးပြီး အဆ ချမ်းသာမည်"

ဟု နိမိတ်စကားကြီးသုံးခွန်းကို အင်္ဂလိပ်လို ပီပီ ကြီး မိန့်ကြားတော်မူလိုက်၏။

လျှာရှည်တတ်ပြီး ငယ်ရွယ်သေးသော ကျွန် ဉာဉ်အရ **"ဘယ်တော့ ဖြစ်ပါမလဲ"** ဟု စေ မေးလိုက်မိ၏။ "ဆာဒူးကြီး" သည် ပြန်လည် မ ဘဲ ပါးစပ်မှ ပွစိပွစိနှင့် အသံတိတ် ရွတ်ဆို ပြီး...ချက်ချင်း လှည့်ထွက်သွား၏။

ထိုစဉ်က ဂါထာမန္တရားများ ရွတ်ဆိုသွားခြင်း ဖြ ကို နားလည်သဘောပေါက်မှု မရှိပါကြောင်း ဝန်ခံပါရစေ။

ထို့နောက် ကျွန်ုပ်တို့၏ M.V.SEA LUCK ကြီးလည်း အိန္ဒိယနိုင်ငံမှ ထွက်ခွာလာပြီး "သီ နိုင်ငံ" "ကိုလံဘို" ဆိပ်ကမ်းသို့ ဆိုက်ကပ်

မြန်မာနိုင်ငံမှ ကိုလံဘိုမြို့သို့ ကြွရောက် နှစ်ပေါင်းများစွာ သာသနာပြုနေတော်မူသော





www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါး ရှိ၏။ ဗုဒ္ဓဘာသာ မြန်မာဘုန်းတော်ကြီးကျောင်းတွင် တစ်ပါးတည်း သီတင်းသုံးနေတော်မူသည့် ဘုန်းတော်ကြီး။ ဘွဲ့တော်က **"ဆရာတော် ဦးဥတ္တမ"**။

"ဆာဒူးကြီး" ပြောခဲ့သော စကားကြီးသုံးခွန်းကို ဆရာတော်အား မေးလျှောက်ချင်သော ကျွန်ုပ်သည် သင်္ဘောပေါ်မှ ဆိပ်ကမ်းဆင်းခွင့် ရလျှင်ရချင်း အပြေးကလေး သွားရောက်ဖူးမြော်လိုက်ပါသည်။

**"အလုပ်ပြုတ်ခြင်း"**၊ **"အသက်အန္တရာယ်ရှိခြင်း"**၊ **"ချမ်းသာခြင်း"**နှင့် **"ရာထူးတိုးခြင်း"**ဆိုသည့် အချက်များအနက် နံပါတ်(၂)အချက် အသက်အန္တရာယ်နှင့် နီးကပ်ခွင့်ရှိမှုကို လွန်စွာမှ စိုးရိမ်မိပါကြောင်း ဆရာတော်ထံ လျှောက်ထားလိုက်၏။ ညိုးငယ်ကြောက်ရွံ့နေသည်က ကျွန်ုပ်၏မျက်နှာ။

မိမိ တိုင်းပြည်နှင့် နှစ်အတန်အကြာ ခွဲခွာလာခဲ့သည့် ဆရာတော်။

အလှူအတန်း ဆွမ်းဝတ်နည်းပါးသည့် တိုင်းတစ်ပါးတွင် အစားဆင်းရဲ အနေဆင်းရဲစွာဖြင့် တရားဓမ္မကျင့်ကြံနေရရှာသည့် ဆရာတော်။

အစစအရာရာ ချို့ငဲ့ရှာသော်ငြား သတ္တဝါများအပေါ် မေတ္တာရှေ့ထား ဗုဒ္ဓသာသနာပြုပေးနေသော ဆရာတော်။

ထိုဆရာတော် ဦးဥတ္တမထံမှ အကောင်းဆုံး အကြံဉာဏ်ကို ဝမ်းမြောက်ဖွယ် ကြားနာခွင့် ရခဲ့ပါတော့သည်။

ဆာဒူးကြီး၊ ဆိုက်ကားဆရာနှင့် ကျွန်ုပ် အပါအဝင် ပေါင်း(သုံးဦး)။

ပြီးတော့ တွေ့ဆုံကြသည့် အချိန်ကလည်း ညနေ ခရီ ပတ်ဝန်းကျင်ခန့်။ ထို့ကြောင့် အဖြစ်အပျက် မှာ အစောဆုံး သုံးလ ပတ်ဝန်းကျင်မှသာ ဖြစ်ပျက်ခြင်း ဖြစ်ပျက်နိုင်မည်ဖြစ်၏။

အကယ်၍ ထိုထက်စောပိုပြီး သုံးရက် သုံးပတ်ခန့် ဖြစ်မည်ဆိုပါက ဆာဒူးကြီးအနေဖြင့် အထူးတလည် ပြောပေးလိမ့်မည်ဖြစ်ကြောင်း ယူဆထားသည်။

ဖြစ်၍ **"အစောဆုံး သုံးလ"**ဟု ယူဆနိုင်သလို **"ရာထူးတိုးမည်...ပြီးတော့ ချမ်းသာမည်"**ဟုလည်း ဟောထားသေးသည်။

ထိုအချက်ကို ပြန်လည်သုံးသပ်ပါက အသက်အန္တရာယ်မှ လွတ်ကင်းဖို့ ကြံဆနိုင်သေး၏။ ယတြာချေဆောင်ရွက်နိုင်ရန် အခွင့်အရေး ကျန်ရှိသေးသည်ဟု ယူဆနိုင်ပေလိမ့်မည်။

နောက်ဆုံး အချက်ကိုကား အသက်သုံးဆယ်တွင်ဖြစ်စေ၊ သုံးနှစ်လွန်မြောက်လျှင်ဖြစ်စေ၊ ဥစ္စာစီးပွား တိုးတက်ချမ်းသာမည်ဖြစ်ကြောင်း အတိတ်နိမိတ်ကောက်ယူဟောကြားပေးလိုက်၏။ ဆရာတော်က အသက်အန္တရာယ် လုံးဝကင်းဖို့လည်း အရေးတကြီး အကြံပေး၏။

ထိုအကြံပေးချက်ကား...

"ဗုဒ္ဓယတြာ"ဟု တင်စားသမုတ်နိုင်မည့် **"ဒုလ္လဘ" အဖြစ် ရဟန်းဘဝ** ခေတ္တ ခဏငယ်ကလေး ပြောင်းထားပေးရန်ပင်တည်း။

*  *  *

မောင်......(အလုပ်သင်အရာရှိ)**CADET OFFICER**

အသက်( ၂၀ )နှစ်

ဘဝတစ်ပါးသို့ ပြောင်းသွားခြင်း

**(O.S.E/SINGAPORE MARINE TIME CO.Ltd)**

**MV.SEA LUCK** သင်္ဘောပေါ်တွင် "အလုပ်သင်အရာရှိ" အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော မောင်...(အဘ ဦးမောင်မောင်)သည် ...နေ့တွင် သီဟိုဠ်နိုင်ငံ(သီရိလင်္ကာ)၊ ကိုလံဘိုမြို့တွင် နိမ့်ကျသော လူ့ဘဝမှ မြင့်မြတ်သော ဒုလ္လဘရဟန်းရှင်သူမြတ်ဘဝသို့ ဆရာတော်ဦးဥတ္တမ(ကိုလံဘို)အား ဥပဇ္ဈာယ်ပြု၍ "ဘဝကူးပြောင်း"သွားပါကြောင်း သိစေအပ်ပါသည်။

***မောင်...(အလုပ်သင်အရာရှိ) ခေတ္တ ကိုလံဘိုမြို့***

အထက်ပါ ခေါင်းစဉ်ကို မြန်မာနိုင်ငံ ရန်ကုန်မြို့မှ ကျွန်ုပ်၏ မိခင်က ဖတ်လိုက်ရ၏။ ဦးစွာ ရုတ်တရက် ထိတ်လန့်သွားသည်ဆို၏။ မကြာသေးမီက ဖခင်ကွယ်လွန်သွားသော သားဖြစ်သူ ကျွန်ုပ်အတွက် စိုးရိမ်မိသည်က မိခင်တို့၏ မေတ္တာတရား။

စာကိုဆုံးအောင် ဖတ်ပြီးတော့မှသာ... ကျွန်ုပ် လက်ရေးနှင့် စာ၏ အဓိပ္ပာယ်ကို နားလည်သဘောပေါက်ပြီး ကြည်နူးဝမ်းမြောက်သွားသည်ကတော့ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



၏ မိခင်။

"သွင်းကုန်"ပစ္စည်းများ ချပေးပြီးသော်လည်း ကုန်ပြန်သယ်ရန် "ထွက်ကုန်" အဆင်သင့် မဖြစ်သေး။ သင်္ဘောကို ကျောက်ချရပ်နားထားရန် ရေလယ်ကောင်သို့ ပြောင်းရွှေ့လိုက်ရ၏။

စောင့်ဆိုင်းရမည်က ခန့်မှန်း ရက်သတ္တပတ်ကျော်ကျော်။

ဘာသာခြား သင်္ဘောမာလိန်မှူး(CAPTAIN)ထံ ခွင့်တောင်းပြီး အခက်အခဲများကြားမှ ထိုရက်ပိုင်းအတွင်း ဒုလ္လဘရဟန်းဝတ်ခွင့် ရခဲ့ခြင်းဖြစ်သည်။

"ခရစ်ယာန် သာသနာပြုအဖွဲ့" အသင်းတော်မှ လှူဒါန်းဖွင့်လှစ်ထားသော ပင်လယ်ကူး "သင်္ဘောသားအသင်း"SEAMEN CLUB(COLUMBO)မှ ဘာသာရေး မခွဲခြားဘဲ သူတို့ကိုယ်တိုင် လိုက်၍ ပြောဆိုဆောင်ရွက်ပေးကြ၏။

ထိုသို့ ကယ်တင်ဆောင်ရွက်ပေးခြင်းများ၏ ကျေးဇူးတော်သည် ကျွန်ုပ်၏တစ်သက်တာပတ်လုံး မမေ့အပ်သော အောက်မေ့ဖွယ်ရာများပင်တည်း။

ကျွန်ုပ်တို့သင်္ဘောကြီးသည် "ကိုလံဘို"ဆိပ်ကမ်းမှ ကုန်တင်ထွက်လာပြီး "စင်ကာပူ"ဆိပ်ကမ်းသို့ ဆိုက်ကပ်လိုက်၏။ ကုန်များချပြီး စင်ကာပူ ကုမ္ပဏီရုံး(ခွဲ)အပိုင် ကျွန်ုပ်တို့၏ သင်္ဘောအပါအဝင် သင်္ဘောသုံးစင်း စလုံး ရောင်းချလိုက်တော့သည်။

(HONG KONG)ဟောင်ကောင် O.S.E ပင်မ ကုမ္ပ... ပိုင် သင်္ဘောများပေါ်သို့ ကျွန်ုပ်တို့ ပြောင်းရွှေ့သွား... ရ၏။

မိခင်ကုမ္ပဏီ ဖြစ်သော်လည်း အလုပ်သင်အ... CADET OFFICER နေရာ လစ်လပ်မှု မရှိသ... QUARTER MASTER"တက်မကိုင် သင်္ဘောသား... အဖြစ်သာ ဝင်ရောက်လုပ်ကိုင်ကြရပါသည်။ ရာ... လျှော့ချခံရသည် ဆိုသော်ငြား လစာငွေက သုံး,လေး... ပိုရပါသေးသည်။

ထိုသင်္ဘောကြီးပေါ်သို့ ရောက်၍မျှ ရက်ပိုင်းမ... အကြောင်းတစ်ခုကြောင့် ကျွန်ုပ် အပါအဝင် မြ... သင်္ဘောသားအချို့ အမိမြန်မာနိုင်ငံသို့ ပြန်... ခံရ၏။

သင်္ဘောသားအလုပ် ပြုတ်သွားသည်ဟု ဆိုကြ...

**ရန်ကုန်မြို့ရောက်ပြီး တစ်ပတ် ဆယ်ရက်ခန့် ...ကျွန်ုပ် အလုပ်ပြုတ်ဆင်းလာခဲ့ရသော M.V........သင်္ဘော... ကြီးမှာ ဂျပန်နိုင်ငံပိုင်ကမ်း "ဂိုဘီတာကီး"အနီး ... သွားကြောင်းနှင့် သင်္ဘောသားတစ်ဦး သေဆုံး... ဝမ်းနည်းစွယ် ကြားသိလိုက်ရပါသည်။**

အကယ်၍သာ **အိန္ဒိယနိုင်ငံ "ကာကီ... ဆိပ်ကမ်းမှ "ဆာဒူးကြီး" မိန့်ကြားခဲ့သော ... များကို ဥပေက္ခာပြုပြီး ဒုလ္လဘရဟန်း... (ယတြာချေ) ဘဝကူးပြောင်းခြင်းပြုရန် ... ကြားနာခွင့် မရခဲ့ပါမူ** သေဆုံးသူနေရာတွင် ... မဖြစ်နိုင်ပါဘူးဟု မည်သူသည် တပ်အပ်သေ... ပြောနိုင်ပါအံ့နည်း။

နှစ်ပိုင်းအနည်းငယ်အတွင်း ကျွန်ုပ်သည် ... ဆင့်ကဲဆင့်ကဲ တိုးတက်လာခဲ့ပြီး ပစ္စည်းဥစ္စာ ... ခြံမြေများ ဒီရေအလား ဆက်တိုက်ဆိုသလို ... မားမား ပိုင်ဆိုင်ရရှိလာခဲ့၏။

ထိုသို့သော အချက်များကြောင့် ဆာ... ကရုဏာရှေ့ထား ဟောကြားချက်များကို ... ယုံယုံကြည်ကြည် လက်ခံလိုက်ရုံမှတစ်ပါး ... တော့ချေတကား။

**ရက္ခစိုးမျိုး**



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီး ဦးတိုက်စိ ၏

အကျင့်စရိုက် (၁)

အေးရွှေ
(ဇီးကုန်း)



ဆရာဦးသန်းစိုး (ချောင်းနက်)၏ ထူးခြားဖြစ်စဉ်များမှ **"အကျင့်စရိုက်ပါရမီ ထူးခြားသော ပုဂ္ဂိုလ်များ တွေ့ရှိပါကလည်း ရေးသား တင်ပြပေးပါရန် တောင်းဆိုပါသည်"**ဟူသည့် ဆောင်းပါးအရ **"ဦးညွန့်စိန်၏ အကျင့်စရိုက်များ"** ဟူသော ဆောင်းပါး ရေးပြီး ယင်းဆောင်းပါး၌ ဦးညွန့်စိန်နှင့် စိတ်ချင်း ဆက်သွယ်မှု ရှိနေသည့် **ဆရာကြီး ဦးတိုက်စိ** အကြောင်းကို ရေးသားရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ပရိသတ်ကြီးအား ဝန်ခံထားခဲ့သည့်အတိုင်း ရေးသား တင်ပြလိုက်ရပါသည်။

ယခု ရေးသားတင်ပြမည့် ဆရာကြီးဦးတိုက်စိ၏ အကြောင်းအရာများမှာလည်း ယင်းတို့ နယ်သူနယ်သားများ ပြောကြားချက်များအရ ဂမ္ဘီရဆန်လွန်းလှသော ဖြစ်ရပ်များ ဖြစ်သည့်အတွက် ရေးသားထိုက် တင်ပြထိုက်သည့် အကြောင်းအရာဟု ထင်မြင်ယူဆမိသဖြင့် ရေးသား တင်ပြရခြင်း ဖြစ်ပါသည်။

**ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်အတွင်းရှိ** မြစ်သာရွာကြီးတွင် လွန်ခဲ့သည့် နှစ်ပေါင်း (၁၀၀)နီးပါးလောက်က ဆရာကြီးဦးတိုက်စိ ဟူသော ပုဂ္ဂိုလ်ထူးကြီးတစ်ဦး ထူးခြားစွာ ပေါ်ပေါက်ခဲ့ဖူးလေသည်။

ထိုထူးခြားသော ပုဂ္ဂိုလ်ထူးကြီးနှင့်ပတ်သက်၍ မြစ်သာရွာကြီးနှင့် ပတ်ဝန်းကျင် ကျေးရွာဒေသများတွင် အံ့ဩမကုန်နိုင်သည့် ဆရာကြီးဦးတိုက်စိ၏ အကြောင်းများကို အဆင့်ဆင့် လက်ဆင့်ကမ်း သယ်ဆောင် ပြောကြားလျက်ရှိကြရာ ယနေ့တိုင် အောင်ပင် ပြော၍မကုန် ဆုံးနိုင်အောင်ပင် ရှိနေသေးတုန်း ဖြစ်ပေ၏။

ကျွန်တော်သည် ဆရာကြီး ဦးတိုက်စိ၏ အကြောင်းများကို ကြားရသည်နှင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်း အမှတ်(၂၄၇)၊ ဖေဖော်ဝါရီလ ၂၀၀၇ ခုနှစ်၊ စာ(၂၃၅)တွင် -

[ ၁ ]

မြစ်သာရွာမှာ မြို့နှင့် အတန်ငယ်ဝေးသည့် မြစ်နားအရပ် (မြစ်နှင့်နီးသည့်ဒေသ)ရှိ မြေနိမ့်ပိုင်းမှ ရွာကြီးတစ်ရွာ ဖြစ်ပေသည်။

မြစ်နှင့်နီးသည့် အရပ်ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com

နှင့်အညီ စောက်ပြာချုံ၊ နဘဲချုံ၊ ခရာဆူးချုံတို့အပြင် ကျူပင်ကိုင်းပင်တို့ ထူထပ်စွာ ပေါက်ရောက်ရာ နုန်းတင်မြေနုအရပ်ဖြစ်၍ မိုးရာသီများတွင် အမြဲမပြတ် မြစ်ရေကြီး မြစ်ရေလျှံရာ ဒေသဖြစ်ပေ၏။

မြစ်သာရွာကြီးနှင့် ပတ်ဝန်းကျင်ဒေသရှိ မင်းအို၊ ကျောက်ဝ၊ ထန်းကုန်း၊ ပေါမိကုန်း အစရှိသည့် ကျေးရွာများနှင့် တောင်ယာတောကြီး၊ တောင်ယာတောလေး၊ သမီးလှ၊ ရေမွှေး၊ ပုတ်သင်ကြီး အစရှိသော ကျေးရွာများတွင် နေထိုင်ကြသူများသည် မိုးရာသီများ၌ လယ်ယာကိုင်းကျွန်းလုပ်ငန်းများ မလုပ်ကြပါ။

မိုးအကုန် ဆောင်းအကူးနှင့် နွေဦးရာသီများတွင်သာ ပဲ၊ ပြောင်း၊ နှမ်း၊ မြေပဲ၊ ပဲကြီး၊ ကုလားပဲစသည့် သီးနှံများသာ စိုက်ပျိုးကြရရာ မိုးရာသီဆိုလျှင် ငါးဖမ်းခြင်းလုပ်ငန်းအမျိုးမျိုး၊ ပုစွန်ထောင်ခြင်းလုပ်ငန်းအမျိုးမျိုးတို့ကို အစဉ်ထာဝရ လုပ်ကိုင် အသက်မွေးဝမ်းကျောင်းရသောဒေသ ဖြစ်ပေသည်။

သို့သော် နယ်မြေဒေသအရ မဖြစ်မနေလုပ်ရသည့် လုပ်ငန်းများကို ငယ်စဉ်ကပင် ဆရာကြီးဦးတိုက်စီလောင်းလျာ မောင်တိုက်စီသည် ဆင်းရဲနွမ်းပါးသည့် မိဘနှစ်ပါးမှ မွေးဖွားလာသူ ဖြစ်သော်လည်း ထိုအလုပ်များကို လုံးဝ မလုပ်ဘဲ လွတ်အောင် ရှောင်ရှားခဲ့ပေ၏။

မောင်တိုက်စီသည် သိတတ်စအရွယ်မှစ၍ သူတစ်ပါး၏ အသက်ဖြစ်သော သတ္တဝါတို့၏ အသွေးအသားတို့ကို သိလျက်နှင့် မစားဘဲ အထူးလွတ်အောင် ရှောင်ခဲ့ပေသည်။ အဆုံးစွန်းဆိုလျှင် ကျွဲနို့ နွားနို့များကို သောက်စားခြင်း မရှိခဲ့ပါပေ။

မိဘများကလည်း ဆင်းရဲနွမ်းပါးသူ ဖြစ်ကြသော်လည်း သားလေးတစ်ယောက်တည်းဖြစ်သဖြင့် အလိုလိုက် ခွင့်လွှတ်ပြီး မောင်တိုက်စီ၏ ဆန္ဒအတိုင်းသာ ဖြစ်စေခဲ့ပေ၏။

မောင်တိုက်စီကလည်း ငယ်ပင်ငယ်သော်လည်း ကိုယ်ချင်းစာတရားအပြည့်၊ အသိတရားအပြည့်နှင့် ဖြစ်ပေသည်။ သူတစ်ပါးအသက် မသတ်ခြင်း၊ သူတစ်ပါးအိမ်ယာ မကျူးလွန်ခြင်း၊ သူတစ်ပါး၏ ပစ္စည်းမှန်သမျှ တံတွေးပေါက်မျှအောက်မေ့၍ မယူမငင် လွတ်အောင်ရှောင်ခြင်း၊ လိမ်လည် မပြောဆိုခြင်း၊ ဆေးလိပ်၊ ကွမ်းယာမှအစ မူးယစ်သောက်စားမှု ကင်းခြင်း အစရှိသည့် ဂရုဓမ္မသီလကိုလည်း အထူးစောင့်ရှောက် ထိန်းသိမ်းခဲ့ပေသည်။

ထို့ကြောင့်လည်း မောင်တိုက်စီ၏ ဂုဏ်သတင်းက ငယ်စဉ်ကပင် မွှေးခဲ့ပေ၏။

မောင်တိုက်စီ မွေးဖွားပြီးသည့်အချိန်မှစ၍ မိဘနှစ်ပါးမှာလည်း တစ်နေ့တခြား စီးပွားတိုးတက်လာခဲ့ပေသည်။ ခြေတုံးလုံး လက်တုံးလုံးဘဝမှ လယ်နှင့်ကိုင်းနှင့်၊ ကျွဲနှင့်နွားနှင့်၊ ရွှေနှင့်ငွေနှင့် ဖြစ်လာကြသည်။

**"ကြီးမားသည့် စည်ကြီးကို လည်တွင်ဆွဲပြီး တစ်ကိုယ်လုံး ဖြူဆွတ်နေသော ဆင်ဖြူတော်ကြီးတစ်စီး"** ဝင်လာသည်ဟု အိပ်မက်မြင်မက်ပြီး မောင်တိုက်စီအား ကိုယ်ဝန်ဆောင် မွေးဖွားလာ သည့် မောင်တိုက်စီ၏ **"ရွှေဘုန်းရှိပ် ကံရှိပ်များကြောင့်"** ယခုကဲ့သို့ ကြီးပွားတိုးတက်လာခြင်း ဖြစ်ကြောင်း မိဘများကလည်း အမြဲတမ်း မောင်တိုက်စီကို အမွှမ်းတင် ပြောကြားလေ့ရှိပေသည်။

[၂]

မောင်တိုက်စီ ခုနစ်နှစ်သား လောက်အရွယ်တွင် မိဘများ ရွာဦးကျောင်း ဆရာတော်ထံ အပ် ၍ စာပေသင်ကြားစေပြီး ဆယ် သားအရွယ်၌ ရှင်သာမဏေ ပေးခဲ့ကြ၏။

သာမဏေဘဝဖြင့် သဘော နှစ်မြိုက်နေသော မောင်တိုက်စီ ရဟန်းဘောင် ဆက်လက်တက် အားခဲခဲ့သော်လည်း မောင်တိုက် (၁၈)နှစ်သားအရွယ်လောက်၌ ကြီး အတော် နာမကျန်းဖြစ် မဖြစ်မနေ လူဝတ်လဲခဲ့ရပေသည်

ဖခင်ကြီး ကျန်းမာလာသည့် တွင်တော့ မိဘနှစ်ပါးနှင့်ဆွေမျိုး က ကျွန်းကြီးရွာမှ ဆွေရိပ်မျိုး မကင်းသည့် မယ်လှနှင့် အ အိမ်ထောင် ချခဲ့ကြပေသည် မောင်တိုက်စီသည် အစ၌ ထောင်မပြုရန် ငြင်းဆန်ခဲ့ သော်လည်း မလွန်ဆန်နိုင်သည့် အဆုံး မိဘနှစ်ပါး၏...

'တို့...စိတ်ချမ်းသာအောင် ပြုပါ လူလေးရယ်၊ တို့မှာရှိ အစ်ကိုမှ အစ်မမှ ညီမှ ဖြစ်နေတဲ့ လူလေးအတွက် စိုးလို့ပါ၊ ဒီအတိုင်းနဲ့ တို့သေ



www.burmeseclassic.com

www.burmeseclassic.com

အတွက် တို့ အယူဖြောင့်မှာ မဟုတ်ဘူးကွယ်'

ဟု ထပ်ခါတလဲလဲ ဆိုသဖြင့် ခေါင်းညိတ်လိုက်ရပေတော့၏။

သို့သော် မောင်တိုက်စီသည် ဇနီးဖြစ်သူ မယ်လှအား သူ့ပါရမီ ကူညီဖြည့်ပါရန် တောင်းပန်၍ သဘောပေါက် ရှင်းလင်းပြောပြပြီး သူတစ်ပါး လုပ်နိုင်ခဲသည့် အလုပ်တစ်ခုကို လုပ်ခဲ့ပေသည်။

ထိုအလုပ်မှာ **"မမြတ်သော အကျင့်ဖြစ်သည့် အမြဲဟွစရိယ"** သိက္ခာပုဒ်ကို သက်ဆုံးတိုင် စောင့်ရှောက် ထိန်းသိမ်းသွားခဲ့ခြင်းပေတည်း။

သည်ကဲ့သို့ ဃရာဝါသတွင်းမှ လူတိုင်း ကျင့်နိုင်ခဲလှစွာသော အကျင့်ကို သက်ဆုံးတိုင် ကျင့်သွားခဲ့သည်ကိုတော့ မောင်တိုက်စီနှင့် မယ်လှမှလွဲ၍ မည်သူမျှ သိနိုင်ကြသည် မဟုတ်ပါချေ။

မောင်တိုက်စီသည် နေ့စဉ် ည, နက် ဘုရားဝတ်ပြု မေတ္တာဘာဝနာပွား၊ ပုတီးစိပ်၊ တရားထိုင်သည့် အလုပ်များကိုလည်း ဝတ်မပျက် ပြုလုပ်ခဲ့ပေသည်။

အဆုံးစွန်ဆိုလျှင် ကျွဲများ,နွားများကျောင်းရာ၌ပင် ကျွဲနွားများကို ကိုင်းတောကြီးထဲ မောင်းလွှတ်လိုက်ပြီး ကိုင်းကောင်းရာ သစ်ပင်ကြီးများအောက်၌ ဖြစ်စေ၊တောင်ပို့ကောင်းနေရာ၌ဖြစ်စေ၊ ပုတီးစိပ် တရားမေတ္တာပို့ ပရိတ်ရွတ် လုပ်နေခဲ့ပေသည်။

ကျွဲနွားကျောင်းခြင်း အလုပ်ကလည်း သူ့အလုပ် ဖြစ်ပေသည်။ လယ်ယာ ကိုင်းကျွန်းလုပ်ငန်းတို့ကို ဖခင်ကြီးက လုပ်သားများ ငှားရမ်း၍ ဦးစီးလုပ်ကိုင်သဖြင့် မောင်တိုက်စီမှာ ကျွဲနွားကျောင်းခြင်း အလုပ်တစ်ခုကိုသာ လုပ်ကိုင်ရပေသည်။

သည်လိုနှင့် တစ်ခုသော ညနေနေဝင်လုလု အချိန်လေးတွင် ဖြစ်ပေသည်။ ကျွဲ(၁၀)ကောင်နှင့် နွား(၁၅)ကောင်လောက်တို့သည် မောင်တိုက်စီမပါဘဲ သူတို့ အလိုလျောက် အိမ်သို့ ပြန်ဝင်ခဲ့ကြပေ၏။

အစ၌ မောင်တိုက်စီက ကျွဲ,နွားများ မောင်းလွှတ်လိုက်ပြီးနောက်၌ ကျန်နေခဲ့သည်ဟု ထင်ကြလေသည်။ သို့သော် မိုးချုပ်သည့်တိုင် ပေါ်မလာတော့မှ စိုးရိမ်တကြီး တစ်ရွာလုံး မီးတုတ်များ အောက်လင်း ဓာတ်မီးကြီးများဖြင့် မောင်တိုက်စီ ကျွဲနွားများ ကျောင်းတတ်ရာနေရာများဆီ လိုက်၍ အော်ဟစ် ခေါ်ငင်ရှာဖွေကြသည်။

သို့သော် မောင်တိုက်စီကို ရှာမတွေ့ကြတော့ဘဲ အစအနပျောက်ခဲ့ရပေတော့၏။ နောက်နေ့များတွင်လည်း ဆက်လက် တောနင်းရှာဖွေ



ခဲ့ကြပြန်ရာ အချည်းနှီးသာ ဖြစ်ခဲ့ကြပါတော့သည်။

မိဘနှစ်ပါးနှင့် ဇနီးဖြစ်သူ မယ်လှသည့် တစ်လလောက်ကြာသည့်တိုင် မောင်တိုက်စီကို ရှာဖွေကြသေးသော်လည်း သတင်းအစအနပင် မကြားကြရတော့သည့် အဆုံးအကြောင်းတစ်ခုခုဖြင့် သေဆုံးသွားပြီဟု ယူဆကြကာ မောင်တိုက်စီအား ရည်မှန်း၍ သပိတ်သွတ်၊ ဆွမ်းကျွေး၊ ကောင်းမှုကုသိုလ်များပြုလုပ်ပြီး ဝမ်းနည်း ပူဆွေးကြစွာဖြင့် အမျှ ပေးဝေလိုက်ကြလေတော့၏။

[၃]

မောင်တိုက်စီတစ်ယောက် ဆိုင်းမဆင့်ပုံမဆင့် ပျောက်ဆုံးသွားသည့်သတင်းက တစ်မုဟုတ်ချင်း တစ်နယ်လုံးသို့ ပျံ့နှံ့သွားလေသည်။ မကြားစဘူး၊ မကြုံစဘူး အဖြစ်မျိုးမို့ တအံ့တဩနှင့် လောလောဆယ် အုတ်အော်သောင်းတင်း ဖြစ်သွားကြသည်။

ရက်လနှစ်တို့ ကြာလာမှ တဖြည်းဖြည်း မေ့မှန်းမသိ၊ မေ့ပျောက်မှန်းမသိ ပျောက်လျက် မေ့ပျောက်လာကြရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မောင်တိုက်စီ ပျောက်ဆုံးသွားသည်မှာ သုံးနှစ်အတွင်းသို့ပင် ချဉ်းနင်းဝင်ရောက်ခဲ့ပေပြီ။ မိဘနှစ်ပါးနှင့် ဇနီးသည်မယ်လှမှာ အချိန်တို့ ကြာလာခဲ့ကြသည်နှင့်အမျှ မောင်တိုက်စီ အကယ်ပင် သေလေပြီဟု တထစ်ချ တွက်လိုက်ကြရပေတော့၏။

ထိုသို့သော အချိန်ကျမှ မောင်တိုက်စီ ပျောက်ဆုံးခဲ့သည့် တစ်ခုသော ညနေခင်း အမှောင်ပျိုးစ အချိန်လေးတွင် မောင်တိုက်စီ၏ အမေဒေါ်စောငွေသည် အိမ်ရှေ့ဆီမှ လှစ်ခနဲ ဝင်လာသော လူရိပ်တစ်ခုကို ရိပ်ခနဲ မြင်လိုက်ရသဖြင့်...

'ဟဲ့...အိမ်ရှေ့က ဝင်လာတာ ဘယ်သူတုံး'

ဟု မေးလိုက်လေသည်။

'ကျုပ်ပါ အမေရဲ့ တိုက်စီရယ်'

လူရိပ်ဆီမှ "တိုက်စီဖြစ်ကြောင်း" ပြန်ဖြေသံ ထွက်ပေါ်လာလေသည်။ ဒေါ်စောငွေလည်း အသံလာရာဆီသို့ ကဲကြည့်လိုက်ရာ အကယ်ပင် မောင်တိုက်စီ ဖြစ်နေသည်ကို တွေ့လိုက်ရလေတော့၏။

ထိုအခါ ဒေါ်စောငွေသည် ကိုယ့်နားကိုယ် မယုံ၊ ကိုယ့်မျက်လုံး ကိုယ်မယုံဖြစ်ကာ မောင်တိုက်စီ သေဆုံးပြီးနောက် မကျွတ်မလွတ်ဘဲ ပရလောကသား (ပြိတ္တာ)တစ်မျိုးမျိုး ဖြစ်နေပြီး စိတ်လည်လာ၍ အိမ်သို့ ပြန်လာလျက် ကိုယ်ထင်ပြသည် အထင်နှင့် မောင်တိုက်စီကို စိမ်းစိမ်းစူးစူးစိုက်စိုက်ကြည့်ပြီး...

'လူလေးရေ... မောင်တိုက်စီရဲ့ ငါတို့ ပြုလုပ်သမျှ ကောင်းမှုကုသိုလ်တို့ကို မောင်တိုက်စီအား အမျှပေးဝေပါတယ်။ အမျှရပြီး ချမ်းသာတဲ့ ဘုံဘဝရောက်ရှိ စံစားခံစားနိုင်ပါစေကွယ်'

ဟု ဝမ်းနည်းပန်းနည်း ကြေကွဲလှိုက်လှဲစွာ အမျှပေးဝေလိုက်လေသည်။

'ဟာ...အမေ ဘာတွေပြောနေတာတုန်း၊ ကျုပ် ဘယ်တုန်းက သေသေးလို့လဲ တစ်ခုခုတော့ မှားနေကြကုန်ပြီ ထင်တယ်'

ဟု ထပ်မံပြောဆိုသံ ထွက်ပေါ်လာပြီး၊ ဒေါ်စောငွေသည် မောင်တိုက်စီကို သေချာစေ့ငုစွာ စူးစမ်းသလို ကြည့်လိုက်ရင်း...

'လူလေး...မင်းတကယ် မသေဘူးနော် ဟုတ်စ'

ထပ်မေးလိုက်လေ၏။

'မသေပါဘူး အမေရဲ့...ဘယ်က သေရမှာလဲ အမေတို့ကလဲ ကျုပ် တစ်ရက်တစ်လေလေး ခရီးထွက်သွားတာနဲ့ ဘာတွေဖြစ်နေကြပြီလဲ မသိတော့ဘူး'

'ဘာကွ... မင်းအိမ်က ထွက်သွားတာ တစ်ရက်တစ်လေလေး ဟုတ်စ ဘုရား...ဘုရား'

မောင်တိုက်စီ၏ အဖြေကြောင့် ဒေါ်စောငွေ အံ့အားသင့်စွာ "ဘုရား" တလိုက်မိပေ၏။ ထို့နောက် ဒေါ်စောငွေသည် မောင်တိုက်စီအား ပြေး၍ဖက်လိုက်ပြီး **"မသေကောင်းမပျောက်ကောင်း လူလေးရယ်"** ဟုဆိုပြီး မျက်ရည်များ ဖြိုင်ဖြိုင်ကျလျက် ရှိုက်ကြီးတငင် ငိုကြွေးလိုက်ရင်း အိမ်တွင်ဘက်သို့ လှဲ၍...

'ကိုသာထိုရေ...ဒီမှာ လူလေး ပြန်လာပြီ'

ဟု လှမ်းအော်လိုက်သဖြင့်...

'ဟေ...ဟုတ်လား'

ဟူသည့် အံ့အားသင့်စွာ ဦးသာ[illegible] ထို၏ မေးသံဖြင့်အတူ ဦးသာ[illegible] လည်း ဝမ်းပန်းတသာ ပြေးထွ[illegible] လာခဲ့လေတော့သည်။

'မယ်လှရော'

'သြော်...မယ်လှလဲ မင်းပျော[illegible] သွားတော့ တကယ်သေပြီလို့ထင်[illegible] ခုတော့ ရေခင်းက ဘုန်းတော်ကြီး[illegible] ကျောင်းတစ်ကျောင်းမှာ သီလ[illegible] သွားဝတ်နေတာ တစ်နှစ်[illegible] ကျော်သွားပြီ လူလေးရဲ့'

ညရောက်သည်နှင့် ဦးသာ[illegible] ဖြစ်ကြောင်းကုန်စင်ကို အစမှ[illegible] တိုင် မောင်တိုက်စီအား [illegible] သဖြင့် အခြေအနေမှန် အဖြစ်[illegible] သိလိုက်ရသော မောင်တိုက်စီ[illegible]

'ဗျာ...ကျုပ်အိမ်က ပျောက်[illegible] သုံးနှစ်တောင်ကြာပြီဟုတ်လား [illegible] ကျုပ်ကတော့ တစ်နေ့တည်း [illegible] တည်းပဲ ထင်နေတာ၊ ဒါကြောင့် [illegible] ပြန်ရောက်လာတော့ ဘယ့်နှယ်[illegible] ထွက်သွားတာ တစ်နေ့တစ်ရ[illegible] အပြောင်းလဲကြီး ပြောင်းလဲ[illegible] အောက်မေ့နေတာ'

ဟု အစချီရင်း သူ့အဖြ[illegible] အကြောင်းများကို လုံး[illegible] အောက်ပါအတိုင်း ပြန်လည်[illegible] လိုက်ပါလေတော့သည်။

**ရွှေလ ဆက်ဖတ်[illegible]**

**အေးရွှေ(စီးကုန်[illegible]**



www.burmeseclassic.com

www.burmeseclassic.com

# သူတော်ကောင်းတို့၏ ခရီးစဉ်မှ

## ဖြစ်ရပ်ဆန်းများ

ဘာဂဝတီ မောင်ရွှေသောင်း
(ဟသ်ာတ)





နံနက်စောစော နိုးနေကျ ဖြစ်သဖြင့် (၃)နာရီလောက်တွင် အိပ်ရာမှ ထခဲ့သည်။

ကိုယ်လက် သန့်စင်ပြီးနောက် ဆရာသမားတို့၏ ဆုံးမမှုအတိုင်း (...)ဘုံနေ ဝေနေယျသတ္တဝါ အပေါင်းတို့အား ရည်စူး၍ မေတ္တာ ...ယှဉ်သည့် ပရိတ်တော်များကို ...ဖတ်ပွားများ၍ ပြီးချိန်၌ (၄)နာရီ ...ထိုးခဲ့လေပြီ။

ထို အေးချမ်းငြိမ်သက်လှသော ...ချိန်လေးတွင် ဟိုဝေးဝေးဆီမှ ...ပြည်လေညင်း၏ တစ်ခါတစ်ရံ ...ဆောင်မှုကြောင့် ခဏတာမျှ ...လိုက်ရသော အသံလေးမှာ...

...တ္တာ... သတ္တော... အနန္တော...
မြတ်ရှင်စော...... ဟောခဲ့တာတွေ...
သတ္တဝါတွေ...ကျန်းမာပါစေ...မေတ္တာ
ရေလောင်း...ဆုတောင်းမှုတွေ......'

အသံချဲ့စက်မှ ဖွင့်လိုက်သော ဤအသံလေးမှာ မကြားတစ်ချက် ကြားတစ်ချက်ဖြင့် နားဝင်ပီယံ ဖြစ်လွန်းလှသည်။

အတိုင်းအဆ မရှိသော အာကာသဓာတ်ကြီးကဲ့သို့ အေးစိမ့်နေသော မေတ္တာရေလျှဉ်ကို ပို့နိုင်လျှင် ပို့နိုင်သလောက် ခရီးရောက်သည့် အနန္တမေတ္တာ အကြောင်းကို သီကုံးဖွဲ့ဆိုထားသဖြင့် မြတ်နိုးမိသည်။

ဗုဒ္ဓဘာသာဝင် တစ်ဦးသည် မေတ္တာဖြင့် နိုးထ၍ နေ့တစ်နေ့ကို စတင်သင့်သည်။

**''သတ္တဝါမှန်သမျှ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာကြပါစေ''**ဟု မေတ္တာပို့ခြင်းသည် အလွန် မွန်မြတ်သောအလုပ်ဖြစ်သည်။

မေတ္တာလောက် အင်အားကြီးသောတရား၊ မေတ္တာလောက် အေးချမ်းသောအရာ မရှိတော့ပြီ။

ထိုမေတ္တာကို မိမိဉာဏ်ပြေးသလောက် ပွားများမိသည်။ ထိုပွားများသော မေတ္တာမှာ သူတော်ကောင်းကြီးများ၏ အားထုတ်ပွားများသော မေတ္တာကို မှီနိုင်စရာရှိတော့မည်မဟုတ်။ သို့သော် အားထုတ်ရမည်မှာ မိမိအပိုင်းပင် ဖြစ်ရမည်။

ထိုသို့ စဉ်းစားနေရင်းနှင့် အရွေး

www.burmeseclassic.com

တစ်ခုက ဝင်လာသည်။ ရှင်တော်မြတ်ဘုရားကြီး၏ သားတော်များပီပီ သာသနာအကျိုး သတ္တဝါတို့၏ အကျိုးကို ရည်ရွယ်၍ မေတ္တာခရီးစဉ်ကို မကြာခဏ လှည့်တော်မူတတ်သော **ဟံသာတမင်းကျောင်း ဆရာတော်ကြီး၏** တွေ့ကြုံဆုံစည်းခဲ့ရသည့် ဖြစ်ရပ်ဆန်း ဖြစ်ရပ်မှန်တို့ကို မှတ်မိသလောက် သိရှိသမျှကို သဒ္ဓါတရား တိုးပွား၍ ကြည်ညိုနိုင်ရန် ဆန္ဒရှိသည့်အတိုင်း ဖော်ပြရသော်…

**၁၂၆၉ ခုနှစ်၊ တန်ခူးလဆန်း (၁၄)ရက် ဖြစ်သဖြင့်** လရောင်မှာ လင်းအား ကောင်းလာသည်။

ပူအိုက်သော ရာသီကြောင့် ရှေးဆရာတော်ကြီးများမှာ ညချမ်းအခါကို ရွေး၍ ခရီးသွားလေ့ ရှိသည့်အတိုင်း မင်းကျောင်းဆရာတော်ကြီးသည် ညဘက်ကို ရွေး၍ ခရီးထွက်ခဲ့သည်။

ဆရာတော်ကြီးကို လာပင့်သော လှည်းနှစ်စီးနှင့် ရွာခံလှည်းသုံးစီးနှင့် ဆိုပါက လှည်းငါးစီးဖြစ်သည်။

လှည်းငါးစီး တန်းလျက် စတင်ထွက်လာသည်။ ဆရာတော်ကြီးလှည်းက နောက်ဆုံးကဖြစ်သည်။

အကြောင်းရှိက ငါ့ကိုလျှောက်ထားကြပဟု မိန့်ကြားပြီး ဆရာတော်ကြီးမှာ မေတ္တာဘာဝနာများကိုသာ အခါခါ အထပ်ထပ် ပွားများ၍သာ နေတော့သည်။

ရှေးအခါက ကားလမ်းများ မရှိသေးသဖြင့် လှည်းများကိုသာ အသုံးပြု၍ သွားလာရသည်။ နွေအခါ ရိတ်သိမ်းပြီးသော လယ်ကွင်းများကို ဖြတ်၍သွားလာရသည်။

သွားရမည့်ခရီးက **ဟံသာတမြို့၏ အနောက်မြောက်ဘက်တွင်ရှိသော ဝိနဲ့ကွင်းရွာသို့ပင်** ဖြစ်သည်။

ထိုရွာမရောက်မီ လမ်းခရီး၌ **ရွာသစ်၊ အင်ပို၊ ကျုံခနီး၊ စစ်ပင်၊ မန်ကျည်းစု၊ ထိန်ငူ** စသော ရွာပေါင်းများစွာကို ဖြတ်ကျော်၍ သွားရမည်။

ညချမ်းအခါ ဖြစ်သဖြင့် လမ်းခရီး ကျွမ်းကျင်သော လှည်းသမားက ရှေ့ဆုံးမှ ဦးဆောင်ပြီး မောင်းရသည်။

ထွက်လာခဲ့သည်မှာ ခရီးစဉ် တစ်ဝက်လောက် အရောက်တွင် ရွာများနှင့် အတော်လှမ်းသော ကွင်းကြီးထဲ ဖြစ်သဖြင့် လရောင်ကြောင့် အစစအရာရာကို မြင်သင့်သလောက် မြင်ရသည်။

တစ်နေရာအရောက်တွင် ရှေ့ဆုံးက မောင်းနေသော လှည်းမှ နွားများသည် ရှေ့မသွားဘဲ…

'ဖူး…ဖူး…ဖူး'

နှာမှုတ်သံများ မြည်လျက် ထခုန်မတတ် ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြင့် ဟိုဆွဲဒီဆွဲ လုပ်တော့သည်။

လှည်းသမား ကိုမာဒင်က…

'ကဲကွာ…ကဲကွာ… ဒီလောက်တောင် ရှိတဲ့ကောင်တွေ'

ကြိမ်လုံးကြီးဖြင့် ရိုက်တော့သည်။

'ဖြန်း…ဖြန်း…ဖြန်း'

နွားများမှာ ဘယ်လောက်ပင် ရိုက်ရိုက် အသေသာခံမည့်ပုံ ဖြစ်နေသဖြင့်…

'ကဲ…ကိုမာဒင် အကြောင်းရှိလို့ နွားတွေ ဒီလောက် ဖြစ်နေတာ… အောက်လဲ ဆင်းကြည့်ဦးလေ'

နောက်လှည်းမှ ''ထွန်းခင်''က ပြောသဖြင့် ဆင်းကြည့်သည်။

'ဟ…ဘာမှလဲ မတွေ့ပါလား'

ရှေ့လှည်းများ ရပ်ကုန်သဖြင့် နောက်လှည်းများပါ ရပ်ကုန်တော့သည်။

နောက်လှည်းသမားများက…

'ဟ…ဟေ့ကောင်တွေ ဘာဖြစ်… နေကြတာလဲ၊ မောင်းလေကွာ'

'အေး… မင်းတို့ ပြောတာတော့ ဟုတ်တယ်၊ နွားတွေ မောင်း… မရဘူး'

'ဘာဖြစ်နေလို့လဲ'

'ဘာမှန်း မသိပါဘူးကွာ'

လှည်းသမားများ ဟိုကြည့်… ဒီကြည့်ဖြင့် အလုပ်ရှုပ်တော့သည်… ထိုစဉ် ထွန်းခက…

'ဟာ… ဟေ့… ဟေ့… ဟို… ဘာကြီးတွေလဲ…ဘာတွေလဲ…

ထွန်းခ လက်ညှိုးထိုး၍ ပြ… အားလုံးမှာ…

'ဟာ… ဟုတ်တယ်ဟေ့… ဆင်းလိုက်နဲ့ ဘာလုံးကြီးတွေလဲ…

သူတို့အားလုံး၏ရှေ့ ထ… အမြင့်လောက်တွင် **အုန်းသီး… မျှရှိသော နီနီလုံးကြီး(၅)… အပေါ်တက်သွားလိုက်၊ … ကိုဆင်းလိုက်လာဖြင့်** … ကောင်းနေသည်။

ထိုအထဲတွင် အမြင့်ဆုံး… အလုံးကြီးမှ မီးပန်းများ… ဖွာဖွာကျ၍ နေသည်။

လှည်းသမားများ … ကမ္ဘာဋ္ဌာန်းတရားကို …





www.burmeseclassic.com

www.burmeseclassic.com



သော ဆရာတော်ကြီးက…

'ဟဲ့…ဟိုကောင်တွေ ဘာလုပ်နေကြတာလဲ၊ မောင်းကြလေ'

'မှန်…မှန်ပါ့ ဘုရား… ဟို… ဟိုမှာ ဟိုအလုံးကြီးတွေကြောင့် …နွားတွေ မောင်းလို့ မရဘူးဘုရား'

'အင်း… ဒီကောင်တွေ တယ်ခက်တာပဲ။ စောစောက လျှောက်မှပေါ့'

'မှန်…မှန်ပါ့ ဘုရား။ တပည့်တော်တို့ နားမလည်လို့ပါ ဘုရား'

နောက် ဆရာတော်ကြီးက ကောင်းကင်တွင် တက်လိုက်, ဆင်းလိုက် လုပ်နေသော အလုံးကြီး များကို လက်ဝါးထောင်၍ ပြလိုက် သည်တွင် ကောင်းကင်တွင် [illegible]န်ရေး ပြနေသော အလုံးကြီးများ ပြုတ်ကျပြီး ပျောက်ကွယ်ကုန်တော့ သည်။

ထိုအခါမှ နွားများမှာ မမောင်း [illegible]ဘဲ အလိုလိုသွားကြသည်။

ည(၁၂)နာရီလောက်တွင်…

'ဟော့… ထွန်းခ ဟိုရှေ့မှာ မီးတွေ ထိန်လင်းနေတာ ဘာလဲ မသိဘူးကွ'

'အေး… ဟုတ်တယ်ကွ၊ အနား [illegible]ရောက်တော့ သိမှာပေါ့'

'ဟာ…ဟော့…မာဒင် **မဏ္ဍပ်ကြီး** [illegible]ား'

'အေး… ဟုတ်တယ်ဟ၊ အကြီး [illegible]

[illegible]ဟ…တော်တော်လှတဲ့ မဏ္ဍပ် [illegible]

[illegible]တယ်… အထဲမှာ လင်းထိန်နေတယ်။ ဘာနဲ့ ထွန်းထားတာလဲ မသိဘူး'

ရှေးအခါက လျှပ်စစ်မီးကလည်း မရှိသေး၊ မီးဆွဲများကလည်း မသုံးဘဲနှင့် ယခုခေတ် မာကျူရီ မီးသီး ထွန်းထားသလို လင်းအားကောင်းလှသည်။

မဏ္ဍပ်ကြီးမှာ ငါးခန်းတွဲဖြစ်သည်။ မဏ္ဍပ်၏ဝန်းကျင်တွင် မည်သည့်အရာမှ မတွေ့သလို ဘာသံမှလည်း မကြားရ ဖြစ်သည်။

ထိုအချိန်တွင် မဏ္ဍပ်တွင်းမှ အရွယ်တူမိန်းကလေးများ ထွက်လာသည်။ ငှက်ပျောညွန့်ရောင် အဝတ်များ ဝတ်ထားပြီး အရွယ်အားဖြင့် (၁၆)၊ (၂၀)မျှသာ ရှိသော အလွန်လှသည့် မိန်းကလေးများ ဖြစ်သည်။

ထိုမိန်းကလေးများက ပြုံးရွှင်စွာဖြင့်…

'ဟောဒီက…ဦးလေးတို့ ဆော်ကြီးတို့ လှည်းပေါ်က ဆင်းကြပါဦး။ ဟော…ဟိုမှာ "ဓနုံးအိ"မုန့် ချိုချိုလေးကို စားသုံးကြပါဦး၊ ပြီးမှ ခရီးဆက်ပါ'

ဟု ချိုသာသော စကားသံတို့ဖြင့် ဖိတ်ခေါ်လျက် ရှိသည်။

မဏ္ဍပ်၏ ရှေ့တွင် ယွန်းဗျပ်ကြီးများနှင့် ထည့်ထားသော **"ဓနုံးအိ" မုန့်များကို** လှပစွာ တွေ့ရသဖြင့် မာဒင်က…

'ကဲ…ဟော့ကောင်တွေ ဆင်းကြကွာ…သွားစားမယ်။ တစ်ညလုံး မောင်းရတာ ဆာတယ်ကွာ။ စားမယ်'

ထိုအခါ လှည်းသမားအားလုံးက…

'အေး…စားကြမယ်ဟော့၊ ဆာနေတာနဲ့ အတော်ပဲ။ ဆင်းကြမယ်ဟော့'

ထိုအခါ မင်းကျောင်းဆရာတော်ကြီးက…

'ဟဲ့ကောင်တွေ… နေကြဦး ငါ မှာထားလျက်နဲ့… အစားငမ်းတဲ့ကောင်တွေ ငါ စားခိုင်းတော့မှ စားကြ'

လှည်းပေါ်မှ ဆရာတော်ကြီး ဆင်းသွားပြီး လက်ထဲက တောင်ဝှေးကြီးနှင့် ယွန်းဗျပ်ကြီးတွေထဲမှာ ရှိနေသည့် ဓနုံးအိမုန့်တွေကို မွှေတော့သည်။ မွှေပြီးသည်နှင့် ဆရာတော်ကြီးက…

'ဟဲ့ကောင်တွေ… စားကြစမ်း ဝအောင်စားထားကြ'

ဆရာတော်ကြီးမှာ ပြောပြောဆိုဆိုဖြင့် လှည်းပေါ် တက်သွား



www.burmeseclassic.com

www.burmeseclassic.com

သည်။

လှည်းသမားများမှာ ချိုဆိမ့်ပြီး အရသာရှိလှသော ခနုံးအိမ့်များကို အားရပါးရ ဝအောင် စားကြလေသည်။

အဝအပြ စားပြီးနောက် လှည်းများ မောင်းပြီး ထွက်ခွာကြသည်။ မဏ္ဍပ်ကြီး လွန်ပြီးနောက် ဆရာတော်ကြီးက…

'ဟကောင်တွေ…မင်းတို့ပိုက်ကို မင်းတို့ ပြန်စမ်းကြည့်ကြစမ်း'

လှည်းသမားများမှာ ဆရာတော်ကြီး မိန့်ကြားသဖြင့် စမ်းကြည့်သည့်အခါ…

'ဟာ…ဟော့…ဗိုက်ထဲမှာ မရှိတော့ဘူး'

'အေး…ဟုတ်တယ်ကွ… မာဒင် ဘာမှ မရှိတော့ဘူး'

ထိုအခါ ဆရာတော်ကြီးက…

'အေး…အေး… မင်းတို့နောက်မှာ ကျန်ခဲ့တဲ့ မဏ္ဍပ်ကြီးကိုလဲ လှည့်ကြည့်ကြဦး'

ဆရာတော်ကြီး မိန့်ကြားသဖြင့် လှည့်ကြည့်ရာ…

'ဟာ…ဟာ…ဟော့… မရှိတော့ဘူး'

ရှေ့ဆုံးက မောင်းနေသည့် မာဒင်က…

'ဟော့…ဟော့ကောင်… ထွန်းခ ဘာမတွေ့တာလဲ'

'မဏ္ဍပ်လေ… မဏ္ဍပ်ကြီး မရှိတော့ဘူး'

မာဒင်က မယုံသဖြင့် လှည့်ကြည့်ရာ…

'ဟုတ်…ဟုတ်တယ်ဟ၊ ဘယ်… ဘယ်ရောက်သွားတာလဲ'

'ဟ…ဟော့ကောင် ဘယ်ရောက်ရမှာလဲ၊ ဒီကွင်းကြီးထဲက အရှင်းကြီး ပျောက်သွားတဲ့ဥစ္စာ… မင်းအမြင်ပဲ မဟုတ်လား'

'အင်း…ဟုတ်တယ်၊ ဟော့ကောင် ဟုတ်တယ်၊ အံ့သြစရာကောင်းသလို ကြောက်လဲ ကြောက်ဖို့ကောင်းနေပြီ'

'အေး… အဲဒါ ဆရာတော်ကြီး ပါလို့ပေါ့ကွာ၊ ပါသာ မပါရင် မင်းတို့ ငါတို့ ဒုက္ခကောင်းကောင်းကြီး ဖြစ်တော့မှာကွ'

'ဟုတ်တယ်ဟော့၊ ငါ…ငါတောင် ချွေးပြန်လာပြီ'

လှည်းသမားတို့မှာ ထိုအခါမှ ခေါင်းနားပန်းကြီးများ ထလျက် ကြောက်ကြောက် လန့်လန့်ဖြင့် ဆရာတော်ကြီးထံ ပြေးကပ်ပြီး…

'ဆရာတော်ကြီးဘုရား… တပည့်တော်တို့ နောင်အခါ ဤကဲ့သို့ မလုပ်တော့ပါဘုရား… အစာများလဲ စားမိထားသဖြင့် ဒုက္ခမဖြစ်ရအောင် ကယ်တော်မူပါ ဘုရား'

ဟု ဝိုင်းဝန်းလျှောက်ထားကြသည်။

ထိုအခါ ဆရာတော်ကြီးက မေတ္တာတရား ကြီးမားစွာဖြင့်…

'အေး…အေး… ကောင်းပြီကွယ်၊ ကဲ…ရော့ ဟောဒီကွမ်းဖတ်လေးကို နည်းနည်းစီ စားကြ စားထားကြ ကိစ္စမရှိပါဘူး၊ ကဲ…ဘေးအပေါင်း ရန်အပေါင်းမှ ကင်းကြပါစေကွယ်'

လှည်းသမားအားလုံး ဆရာတော်ကြီး၏ ကွမ်းဖတ်ကို စားပြီးနောက် ရှေ့ခရီးစဉ်အတွက် ထွက်ခွာခဲ့ကြသည်။ လမ်းတစ်လျှောက်လုံး မည်သည့်ထူးခြားချက်မှ မတွေ့ရဘဲ အေးချမ်းစွာဖြင့် "ပိန္နဲကွင်း"ကို ရောက်ရှိကြသည်။

နောက်နေ့တွင် ဆရာတော်ကြီးသည် ဒကာရင်း တပည့်ရင်း[illegible] နေအိမ်တွင် သီတင်းသုံး၍နေ[illegible] အားကိုးယုံကြည်မှု ရှိကြသည်[illegible] တပည့်ဒါယကာ အပေါင်းတို့[illegible] ဆွမ်း,ကွမ်း,အချို,အချဉ် စသည်[illegible] ကောင်းနိုးရာရာ သစ်သီး,သင်[illegible] များကို လာရောက် ဆက်ကပ်[illegible] သည်။

တစ်နေ့သော နံနက်စော[illegible] တွင် အမျိုးသမီး ခပ်ရွယ်ရွယ်[illegible] တစ်ယောက်မှ ယွန်းဆွမ်းအုပ်[illegible] ကြီးဖြင့် ရောက်ရှိလာပြီး ဆရာတော်[illegible] ကြီးကို ဆက်ကပ်လေသည်။

'ဆရာတော်ကြီးဘုရား… [illegible] တော်မကို သနားသဖြင့် တပည့်တော်[illegible] လှူဒါန်းသည့် ဤကန်စွန်းဥကို [illegible] တော်မူပါဘုရား'

'အေး…အေး… ကောင်း[illegible] ဒကာမလေး ကောင်းပြီ'

ထိုအမျိုးသမီးမှာ ကန်[illegible] ထည့်ထားသည့် ဆွမ်းအုပ်ကြီး[illegible] ထားပြီး ပြန်သွားတော့သည်။

ယင်းနောက် ဆရာတော်ကြီး[illegible] တပည့်များကို…

'ဟဲ့… ဟိုကောင်တွေ ဒီ[illegible] ယွန်းအုပ်ကြီးကို သိမ်း[illegible] ဘုရားကို ကပ်ပြီးမှ စားကြ[illegible]

ယွန်းအုပ်ကြီးကို ဖွင့်ကြ[illegible] အလွန်ကြီးသော ကန်စွန်း[illegible] တွေ့ကြသဖြင့်…

'ဟ…တော်တော်ကြီး[illegible] ပဲကွ၊ စားလို့ သိပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

အဆင်ပြေတယ်ဟေ့... သိမ်းထား
လိုက်မယ်'

တပည့်များက ဝမ်းသာအားရ ပြောကြပြီး သိမ်းထားကြသည်။

နာရီဝက်လောက် အကြာတွင် စူးစူးဝါးဝါး အသံတစ်ခုက ကျယ်လောင်စွာ ထွက်ပေါ်၍ လာခဲ့သည်။

'အု...အဲ အု...အဲ အု...အဲ'

ဤအသံကြောင့် ဆရာတော်ကြီးမှလွဲ၍ အားလုံးသော သူများမှာ လန့်ထိတ်လျက် ဗရုတ်ဗရက် ဖြစ်ကုန်ကြသည်။

ထွက်လာသည့်အသံက ကလေးငိုသံနှင့် ခပ်ဆင်ဆင် တူလှသည်။

သမာဓိ အားကောင်းလှသော ဆရာတော်ကြီးက...

'ဟဲ့...ဟိုကောင်တွေ မင်းတို့ထားတဲ့ ကန်စွန်းဥကြီးကို ဖွင့်ကြည့်ကြဦး'

''ဘယ်က ထွက်လာသည့် အသံလဲ''ဟု စဉ်းစားနေကြသော မာဒင်တို့လူစုသည် ဆရာတော်ကြီး မိန့်ကြားသဖြင့် ယွန်းအုပ်ကြီးကို ဖွင့်ကြည့်ရာ...

'ဟာ...ဟ...လုပ်ကြပါဦး၊ ကြောက်...ကြောက်စရာကြီး'

ဖွင့်လက်စ ယွန်းအုပ်ကြီးကို အတိုင်း ထားခဲ့ပြီး ဆရာတော်ကြီးဆီကို ကြောက်လန့်စွာ ပြေးလာကြသည်။

ဆရာတော်ကြီးမှ...

'ဟ...ဟဲ့ကောင်တွေ... ဘာဖြစ်ပြီလဲ၊ တယ်ခက်တာပဲကွယ်'

'မှန်...မှန်ပါ့ဘုရား၊ ကြောက်...ကြောက်စရာကြီး ဘုရား'

'အေး...အေးလေ... ဘာတွေ့လို့လဲ'

ထိုအခါ ထွန်းခက,...

'ဟို...ဟို...ဖားလိုလို အကောင်ကြီး ဘုရား'

ယွန်းခွက်ကြီးထဲတွင် ရှိနေသည်က အကွက်အကွက်ကြီးများဖြင့် အလွန်အကျည်းတန် အရုပ်ဆိုးလှသည့် ပေါင်လုံးမျှရှိသည့် ဖားကြီး တစ်ကောင် ဖြစ်၍နေသည်။

ဆရာတော်ကြီးက...

'ကဲ...ကဲ... ထွန်းခ ဖားကြီးကို ပြန်အုပ်ထားလိုက်ပါကွယ်'

ဆရာတော်ကြီး မိန့်ကြားသည့်အတိုင်း ထွန်းခမှာ ကြောက်ကြောက်လန့်လန့်ဖြင့် ဖုံးအုပ်ထားလိုက်သည်။ တစ်အောင့်လောက်အကြာတွင် ဖားကြီး၏ အော်သံပါ တိတ်ဆိတ်၍ သွားတော့သည်။

အတန်ကြာပြီးနောက် ဆရာတော်ကြီးမှ...

'ဟိုကောင်တွေ ဖားကြီးကို ဖွင့်ပြီး လွှတ်ကြ'

'မှန်...မှန်ပါ့ ဘုရား'



ထွန်းခတို့ လူစုမှာ ကြောက်လန့်နေသော်လည်း ဆရာတော်ကြီး မိန့်ကြားသဖြင့် ဖွင့်ကြရာ...

'ဟာ...ဘယ်...ဘယ်လို ဖြစ်သွားပါလိမ့်'

အံ့သြခြင်းများစွာဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး မှင်တက်မိကုန်ကြသည်။

အကြောင်းမှာ ယွန်းအုပ်ထဲက ဖားကြီးသည် ထူးဆန်းစွာ အရည်ပျော်သွားခြင်းကြောင့်ဖြစ်သည်။

'ဆ...ဆရာတော်ကြီးဘုရား ဖား...ဖားကြီး...အရည်ပျော်သွားပြီဘုရား'

'အေး...အေးကွယ်၊ ဖားအစစ်မှ မဟုတ်တဲ့ဥစ္စာပဲ။ သူတို့ရဲ့ ပညာနဲ့ လုပ်ထားတဲ့ ဖားအတုဆိုတော့ အင်း...ဒီလိုပဲ ဖြစ်ရမှာပေါ့ကွယ်။ ကဲ...လွှတ်တဲ့နေရာကို သွန်ပြီး ဆွမ်းအုပ်ကြီးကို ဆေးထားလိုက်တော့'

ထိုအကြောင်းကို ပိန္နဲကွင်းနှင့် ပတ်ဝန်းကျင်ရွာများမှ တပည့် ဒကာ, ဒကာမများ ကြားသိကြသဖြင့် များစွာ အံ့သြဝမ်းမြောက်လျက် ဆရာတော်ကြီး၏ သီလ,သမာဓိ, ပညာ စသည်တို့ကို ကြည်ညိုရ၍ မဆုံးနိုင်အောင်ပင် ရှိခဲ့ပေသည်။ ထိုအကြောင်းကို **ဘဘကြီး ဦးမာဒင်၏ မှတ်တမ်းစာအုပ်အရ** ကြည်ညိုသဒ္ဓါပွားစေရန် ခြယ်မှုန်းလျက်...

**ဘက်ထရီ မောင်သောင်း**
*(ဟသ္သာတ)*



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးလက်ဆို

# နှစ်ဘဝစံလူသား

နှစ်ဘဝစံလူသားဆိုတာ လူ့ဘဝကို နှစ်ခါပြန် ခံစားသူဟု ဆိုလိုပါသည်။ အမှန်အားဖြင့် သတ္တဝါတို့မည်သည် ''ဘဝ''တစ်ခုကို တစ်ခါသာ ရသည်ဟု သိရပါသည်။ ရှာ့,ရောက်ရာ ဘဝမှာ ပျော်နေကြ၏။ သေကြရပြီးခါ အဆုံးသတ်လေသည်။

ဂမ္ဘီရဆန်သော သတ္တဝါလူသားအချို့သာလျှင် (၂)ဘဝအဖြစ် စံစားရရှိရသည်မှာ ထူးခြားသောအဖြစ်တွေဟု ဆိုရမှာဖြစ်ပါသည်။

စာရှုသူ ခံစားကြည့်နိုင်ရန်မှာ နိုင်ငံခြားပြန်''ဦးသောင်း'' ထိုသူမှာ မြန်မာနိုင်ငံ၏ အဓိက တံန်ခိုးကြီးဘုရားတစ်ဆူအဖြစ် ထင်ရှားလှသော ရွှေတိဂုံစေတီတော်ကြီး၏ လက်ရှိ သံတန်ဆောင်းကြီးကို တည်ဆော[illegible] လက်သမားဆရာကြီးလည်း ဖြစ်ပါသည်။

သေခါနီးဇော (၇)တွေ့ဆိုက်ရောက်ချိန်၌ သူ[illegible] ဖြစ်သူက...

'မင်း ကောင်းမှုပြုနေတာ သေရင် နတ်ပြည်ရောက်[illegible]'

ဟု ပြောသောစကား အမှတ်ထားမိလေပြီး [illegible] မရောက်သော်လည်း အင်္ဂလန်ပြည် ဝါရှင်တန်[illegible] ကတော်တစ်ဦးဝမ်း၌ လူဝင်စားတစ်ယောက် [illegible] လေသည်။

ပြောတတ်စ အရွယ်တွင် **''ဂိုးတင်း(ရွှေ) [illegible] (ဘုရား)''၊ ''မြန်မာနိုင်ငံ (ဗားမား)''** [illegible] ပြီး နောင်အခါ အရွယ်ရောက်လာပြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ဖြစ်လာသဖြင့် တက္ကသိုလ်ကျောင်းသားဘဝ ဗုဒ္ဓဘာသာလေ့လာနိုင်သော "ပါဠိဘာသာတွဲ"ယူခဲ့သည်။

မြန်မာနိုင်ငံသို့ လေ့လာရေးခရီး ထွက်လိုစိတ် ပြင်းထန်သဖြင့် လေ့လာရေးအဖွဲ့နှင့် လိုက်ပါလာခဲ့လေသည်။

မြန်မာနိုင်ငံရောက်၊ ရန်ကုန်မြို့သို့ ရောက်သောအခါ သူ့အိပ်မက်ထဲတွင် ခဏခဏ မြင်ခဲ့ဖူးသော ဘုရားဟု ပြောပြီး အလွန်ကြည်ညိုလေးစားပြီးအမှတ်တရဖြစ်နေခဲ့ကြောင်းကို ပြောဆိုလေသည်။

သူကိုယ်တိုင် တည်ဆောက်ခဲ့သော သံတန်ဆောင်းကြီးရှေ့ ရောက်သောအခါ မနေနိုင်တော့ဘဲ မည်သူမှ မတိုက်တွန်းရဘဲ သူကိုယ်တိုင် ထိုင်ကန်တော့ပြီးနောက် စိတ်တွေ ဝေဝါးစွာဖြင့် သူ ဝှက်၍ သိမ်းထားခဲ့သော ရွှေငွေပစ္စည်းအချို့ကို အံဝှက်ဖြင့် ထားသဖြင့် မည်သူမှ မသိသော်လည်း သူကိုယ်တိုင် သိရှိရှာဖွေယူပြီး ဘုရားတွင် ဂေါပကများအား လှူဒါန်းပြုခဲ့ကြောင်းကို ရွှေတိဂုံဘုရားဂေါပကများ ပြန်လည် ပြောပြသဖြင့် သိရသည်။

သူကိုယ်တိုင် ရဟန်းပြုလိုကြောင်း ဝန်ခံသဖြင့် ယခုအခါ ရဟန်းဘဝဖြင့် ယခုတိုင် ရှိနေကြောင်း တိတ်ခွေမှ အမြဲကြားသိနိုင်သော (၂)ဘဝစံ ဦးသောင်း နိုင်ငံခြားသားအဖြစ် ရှိနေပါကြောင်း တင်ပြမှုကို လေးစားစွာ တင်ပြလိုက်ပါသည်။

စာရှုသူ ဝေဖန်လက်ခံနိုင်ပါကြောင်း တင်ပြလိုက်ပါသည်။

ဤထူးခြားသော အဖြစ်အပျက်တစ်ခု **၁၉၇၀ ပြည့်နှစ်** လောက်ကပါ ဖြစ်ပွားခဲ့ပါသည်။ ယခု ကျွန်တော်တို့ ရွာတွင် **ဦး"မောင်သိန်းအေး"**ဟု လူအများ ခေါ်ကြသည်။ လယ်လုပ် တောလုပ် တောင်ယာ ခုတ်စားပါသည်။

ကျန်ခဲ့သည့် လူ့ဘဝအမည်ကတော့ မောင်ရွှေစံ၊ မရမ်းကွင်းရွာမှာ နေပါသည်။ သူနှင့် လယ်စပ်ချင်းရှိသူက **ဦးဂွတို "ငါးပြေမရွာ"က** ဖြစ်ပါသည်။

တစ်နေ့ လယ်ထွန်ရင်းမှာ "မောင်ရွှေစံ" ပိုးထိလေသည်။ ယခုအခေါ် မြွေကိုက်သည် ဖြစ်ရှိသည်။ လယ်နီးစပ် ဦးဂွတိုက မရမ်းကွင်းရှိ မောင်ရွှေစံအိမ်ကို တွဲပို့ပေးသည်။ မောင်ရွှေစံသေတော့ တွဲကူပြန်ပို့ပေးသည့် ဦးဂွတို မရမ်းကွင်းအိမ် မဟုတ်သည့် ငါးပြေမရွာမှာ လူဝင်စား ဖြစ်လာသည်။ မောင်သိန်းအေးဟု အမည်ပေးထားသည်။

စကားပြောတတ်စမှာ...

'မရမ်းကွင်းမှာ ငါ့မိန်းမရှိတယ်၊ မယ်ခဆီ သွားချင်တယ်။ ကျန်တဲ့အမွေတွေ ခွဲပေးရမယ်'

စသည်ဖြင့် ပြောပြသည်။

ခဏခဏ မရမ်းကွင်းသွားလိုကြောင်း ပူဆာသဖြင့် အဖဦးဂွတိုနှင့် ဒေါ်သိန်းက လိုက်ပို့ပေးသည့်အခါ အိမ်ဝရောက်တော့ တန်းပြီး အိမ်ထဲဝင်၍...

'မယ်ခ...နင်နေကောင်းလား'

စသဖြင့် သားမယားကဲ့သို့ (၄,၅)နှစ်သားလေးက ပြော၍ ရှက်ကြသည်။

နောက် ပုဆိုး၊ အင်္ကျီ၊ ရွှေကြယ်သီး၊ လယ်ကွက်၊ နွားရှဉ်းများ လိုက်လံကြည့်ပြီး သူပစ္စည်းတွေမှန်သမျှ ရွေးထုတ်ပြနိုင်၍ ယုံကြည်ကြတော့မှ...

'ငါပြန်တော့မယ် မယ်ခ...ကောင်းကောင်းလုပ်စား။ သားကြီးကို အတူနေမယ်ဆိုရင် နွားရှဉ်းကို ပေးလိုက်၊ လယ်လုပ်ခ နင်ယူ၊ မယားရရင် လက်ဖွဲ့လိုက်ပါ'

ဟု မှာခဲ့ပြီး အမွေခွဲပေး၍ ပြန်လာပြီး ငါးပြေမရွာမှာ နေထိုင်နေပြီး မိန်းမနှင့်ကလေးများ နောက်ထပ် ရခဲ့ပါသည်။

ပြန်ပြီး မရမ်းကွင်း မသွားတော့။ ဦးဂွတို၊ ဒေါ်သိန်းတို့ကိုသာ လုပ်ကျွေး၍ နေပါတော့သည်။ နောက်ဘဝအဖြစ် မပြောတော့ပါ။ မေးလည်း မပြောဘဲ "ပြီးခဲ့ပြီ"



www.burmeseclassic.com

www.burmeseclassic.com

ဟုသာ ပြောတော့သည်။

ယခုတော့ ဝမ်းတွင်း အစာအိမ်ကင်ဆာနှင့် သေတာ (၂)နှစ် ရှိပါပြီ။

မသေမီ ကျွန်တော် စာရေးသူနှင့် ဥပုသ်စောင့်ရင်း ပြန်ပြောခိုင်းသဖြင့် ပြောပြသောကြောင့်သာ ဤဆောင်းပါးကို ရေးလိုက်ရခြင်း ဖြစ်ပါသည်။

စာရှုသူ မည်သို့ ယူဆမိပါသနည်း နောက်တစ်မျိုး ပြပါမည်။

---

(မချစ်စုလေး-ခပ်ငယ်ငယ်) ဘာဖြစ်တာလဲကွယ်

---

ကျွန်တော် စာရေးသူက ငါးပြေမအောက်စုရွာမှာ နေပါသည်။ အထက်စုရွာမှာ ဦးမောင်သောင်း၊ ဒေါ်မပု ဆိုသူတို့က သမီးလေး မယ်နုကို မွေးဖွားခဲ့သည်။

လက်ခုံပေါ်တွင် မည်းနက်သော အမှတ်ကြီးတစ်ခု ထင်ရှားစွာ ပါလာခဲ့ပါသည်။ ယခု မနုလေး (၁၂)နှစ်သမီး ရှိပါပြီ။

ငယ်တုန်းကဆိုလျှင် အိမ်ရှေ့အိမ်က ဒေါ်ချက်စု အကိုင်အချီမခံ ငိုပါသည်။ ကော့လန်ဆင်းပါသည်။ သူ့သမီးလေး သေသွားစဉ်က လက်ခုံမှာ မည်းအိုး



သုတ်လိုက်သည်။ ဒါကြောင့် သူ့သမီးပါဆိုပြီး ခဏခဏ လာချီယူ ချော့မြူပါသည်။ ကလေးက လက်မခံပါ

တခြားသူချီလျှင် ရယ်ပြုံးနေပါစေ… သူတို့ချီလျှင် ချက်ချင်းငိုပါလေသည်။ (၇,၈)နှစ်သမီး ပြောတတ် အထိ ခေါ်လျှင် ငိုသည်။ ကျွေး၍ မစား၊ ပေး၍ မ တစ်ဖက်လှည့်နေသည်။ နှုတ်ခမ်းစူစူနေသည်။ ကပ် လျှင် ထပြေးသည်။ ဝေးဝေးမှာနေသည်။ ချောင်း၍ ခဏခဏ ကြည့်ပါသည်။ မျက်စောင်းထိုးပါသည်။

စကားပြောတတ်စ အရွယ်တွင် ပြန်ပြောသည်မှာ…

'သူတို့ ဆေးမှားတိုက်လို့ သေရတာ။ မသေခင် အ လင်မယား လာကြည့်တော့ စိတ်မှာ စွဲလို့ ပြန်ရောက်လာ ဖြစ်ကြောင်း'

သိရပါသည်။

ထိုအကြောင်းကို စာရေးသူ မေးကြည့် ဒေါ်ချက်စု ပြောပြသည်မှာ…

သူတို့ သမီးလေးကို အလွန်ချစ်ပါကြောင်း။ (၂) သမီးထိ အလွန်ချူချာကြောင်းနှင့် အာအဆာ လွန်းသဖြင့် သူများပြောသော ဆေးများ၊ တေ လက်ကမ်းဆေးများ တိုက်ကျွေးရာမှ သေမည့် ဆေးမှားတိုက်မိသဖြင့် ဝမ်းအလွန်သွားပြီး အသ ပါသွားသဖြင့် ချစ်လျက်နှင့် စွန့်ပစ်လိုက်ရသော လက်ခုံပေါ်တွင် မည်းအိုးမည်းမည်းကြီး သု လိုက်မိကြောင်း ဝန်ခံကတိပေးပါလေသည်။

အဆွေ စာဖတ်သူ မည်သို့ ထင်မြင်ယူဆပါ

ကျွန်ုပ် စာရေးသူကတော့ ဗုဒ္ဓဘာသာဖြစ်တာ ''ကံ''၊ ''ကံ အကျိုး''ကို ယုံကြည်ပါသည်။ ဘ ကိုလည်း လက်ခံပါသည်။

လူဝင်စား(၂)ဘဝစံများရှိကြောင်း တွေ့ရှိ သည်။ ဘာကြောင့်လဲဆိုတော့… သံသရာ ကြောင်း ယုံကြည်ပါသဖြင့် ကံမကုန်သေးသ သံသရာ တစ်ကွေ့တစ်နေရာမှာ ပြန်ဆုံ ဆိုတာ သေချာနေပါသည်။

**တွေ့ကြုံဆုံကွဲ ဖြစ်မြဲဝမ္မတာ၊ ကံ ကံသာအဖပါတဲ့ဗျာ။**

ပျိုးလက်ညို



www.burmeseclassic.com

www.burmeseclassic.com



နှလုံးခုန်နှုန်းရပ် သေဆုံးပြီးမှတ်သော

# လူနာများမှ ကခုန်ကြခြင်း

ဖြစ်ရပ်ဆန်း

**ဇော်ဝင်း (ဒီပဲယင်း)**

**၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ၏ နေ့တစ်နေ့**တွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ အများပြည်သူတို့ ယုံကြည်နိုင်လောက်သည့် ဖြစ်ရပ် တစ်ခု အမှန်ဖြစ်ပွားခဲ့ဖူးသည် ဆိုပါလျှင်...

**'သရဲတွေ...သရဲတွေ'**

ဟု အော်သူက အော်၊

**'တစ္ဆေတွေ...တစ္ဆေတွေ'**

ဟု ပြောသူက ပြော။

**'ပြေးကြ...ပြေးကြ'**

ဟု ပြောပြောဆိုဆို ပြေးသူက ဖြင့် ထိုနေ့က ညနေပိုင်းတွင် လေး ပြည်သူ့ဆေးရုံကြီး၌ အုတ် သောင်းတင်းဖြင့် ဟိုးလေး ကျော် ဖြစ်ခဲ့ရသည်ဟု ဆိုပါ သည်။

နောက်ကြောင်းပြန် ဖြစ်ရပ်မှန် ဇာတ်လမ်းကို စိတ်ဝင်စားစွာ ပြောကြားနေသူသည် အသက်(၇၀)ခန့်ရှိ ဦးပဥ္စင်းကြီးတစ်ပါး ဖြစ်ပါသည်။

လူအမည်မှာ ဦးသိန်းမင်းဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့ အ.ထ.ကမှ အထက်တန်းပြဆရာ တစ်ဦးဖြစ်ခဲ့၍ အငြိမ်းစားယူပြီး နောက် ရဟန်းဝတ်ခဲ့ကြောင်း သိရ ပါသည်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ(၁၅)ရက်နေ့ နံနက်(၈)နာရီခန့်တွင် စာရေးသူသည် စာရေးသူနေထိုင်ရာ ဒီပဲယင်းမြို့ လမ်းဆုံလမ်းခွရှိ အောင်ဆုမြတ် လက်ဖက်ရည်ဆိုင်သို့ ရောက်ရှိခဲ့ သည်။

ဆိုင်အတွင်းတွင် စာရေးသူ ယခင်က မတွေ့ဘူး မမြင်ဘူးသော ဦးပဥ္စင်းကြီးတစ်ပါးနှင့် မြို့ခံ အထက် တန်းပြဆရာ ဆရာဦးကျော်မင်းတို့ သည် တစ်ဦးနှင့်တစ်ဦး တရင်းတနှီး စကားလက်ဆုံကျနေသည်ကိုတွေ့



www.burmeseclassic.com

www.burmeseclassic.com

ရသည်။

'သူငယ်ချင်း ကိုကျော်မင်းရေ... မင်းက သိပ္ပံသမား၊ လက်တွေ့သမားဆိုတော့ ငါ ပြောတာတွေကို မင်းယုံချင်မှ ယုံမယ်။ ငါလဲ မင်းလိုပါပဲ လက်တွေ့သမား တစ်ယောက်ပါ။

အခု ငါပြောတာတွေက ငါ့ကိုယ်တွေ့ ဖြစ်ရပ်မှန်တွေပို့... ငါတို့ မင်းတို့နေတဲ့ လောကကြီးမှာ မမြင်အပ်၊မြင်အပ်တဲ့ ပရလောကသားတွေရှိပါလား၊ စုန်းကဝေနဲ့ အမှောင့်ယောဂဆိုင်ရာ ပညာသည် တွေ ရှိပါလား...ဆိုတာတွေကို ငါလက်ခံ ထားပြီးပြီကွ'

ထိုစကားကို ကြားလိုက်ရ၍ စာရေးသူသည် မိမိထိုင်နေရာ စားပွဲမှ ကျောင်းဆရာဦးကျော်မင်းတို့ စားပွဲသို့ ကူးပြောင်းကာ မျက်နှာစိမ်း ဦးပဥ္စင်းကြီးအား မိမိကိုယ် မိမိ မိတ်ဆက်ပေးပြီးနောက်...

'ခုနက ဦးပဥ္စင်းကြီး အမိန့်ရှိတဲ့ အထဲမှာ ကိုယ်တွေ့ဖြစ်ရပ်ဆိုတာ ကြားလို့ပါဘုရား။ တပည့်တော် အဲဒီ ဖြစ်ရပ်လေး သိခွင့်ရရင် သိချင်ပါ တယ် အမိန့်ရှိပေးပါဘုရား'

ဟု လျှောက်ထားမိပါသည်။

ဦးပဥ္စင်းကြီးက စာရေးသူအား ပြုံးပြုံးရွှင်ရွှင်ဖြင့် ကြည့်၍ လိုလို လားလားနှင့်ပင် အောက်ပါအတိုင်း ပြောပြသည်မှာ...

'နှစ်ကတော့ ကြာခဲ့ပြီပေါ့ဗျာ... တိတိ ကျကျ ဆိုရရင် ၂၀၀၂ ခုနှစ်၊ ဩဂုတ်လ၊ ရက်ကတော့ မမှတ်မိတော့ပါဘူး။ အဲဒီက ဒိုင်ယာရီစာအုပ် အဟောင်းလေးထဲတော့ မှတ်ထားတာ ရှိတာပေါ့'

'အဲဒီနေ့ မနက်(၉)နာရီလောက်မှာ ကျုပ်ဇာတိမြို့လဲဖြစ်၊ ကျုပ် နေထိုင်ရာမြို့လဲဖြစ်တဲ့ မြောင်မြို့ ဆိပ်ကမ်းကို ဧရာဝတီမြစ်ကြောင်း တစ်လျှောက်က မျောလာတဲ့ ရေနံ ကန်ကြီးတစ်ကန်က လာတင်တယ်။ ရေနံကန်ရဲ့ အကန့်တစ်ကန့်မှာလဲ မီးလောင်နေတယ်။

ရေနံကန်က အကန့်၊အကန့်နဲ့ဗျ။ မီးလောင်နေတာက အကန့်တစ်ခု မှာပါ။ ဦးပဥ္စင်းတို့ မြို့ကလဲ ယခင်က ဒါမျိုး တစ်ခါတစ်ရံမှ မမြင်ဘူး၊မကြုံ ဘူးလေတော့ ဆိပ်ကမ်းဘက်ကို သွားကြည့်ကြတာ တစ်မြို့လုံးလိုလို ပါပဲ။

ရေနံကန် စတင်တဲ့ နေ့ကတော့ လူတွေက အထူးအဆန်းအဖြစ် ကြည့်ကြရုံ သက်သက်ပါ။ အဲ... ဒုတိယမြောက်နေ့ကျတော့ မရှိး ကုန်းရွာက ရွာလူကြီးဦးပုရဲ့သား အောင်ရှမ်းနဲ့ အိုးပုတ်တို့ ညီအစ်ကို နှစ်ယောက်က သူတို့ပိုင် ပဲ့ထောင် စက်လှေနဲ့လာပြီး ရေနံကန်ထဲက ရေနံစိမ်းတွေကို သူတို့နိုင်သလောက် ခပ်ယူသွားကြတယ်ဗျ'

စာရေးသူက နားထောင်ရင်း စကားဖြတ်၍...

'နေပါဦး ဦးပဥ္စင်း... အဲဒီရေနံကန်မှာ ပိုင်ရှင်ပါမလာဘူးလား။ ပိုင်ရှင်က ဘယ်သူ လဲ၊ ဘယ်လို ဒီကန်ကြီးက မျောလာတာ လဲ ဘုရား'

ဟု မေးမိပါသည်။

ထိုအခါ ဦးပဥ္စင်းကြီးက...

'ကျုပ်လဲ သိချင်လို့ စုံစမ်းခဲ့ပါ တယ်။ ကျုပ် ကြားသိရသလောက် ပြန်ပြောရရင် ပိုင်ရှင်က ရေနံကုန် သည် အမျိုးသမီးကြီးတစ်ဦးပါ။ သူ က ရေနံစိမ်းအပြည့်ပါတဲ့ ရေနံကန် ကို မော်တော်တစ်စီးနဲ့ ဆွဲယူလာ ရာမှာ ရေနံကန်ရဲ့ အကန့်တစ်ကန် ကို မီးလောင်တော့ မော်တော်ကို မီးကူးစက်လောင်မှာစိုးလို့ ဆွဲလာ တဲ့ မော်တော်ကနေ ဖြုတ်လွှတ် လိုက်တာတဲ့။

ဒီရေနံကန်ကြီးက ပထမ မြင်း ဆိပ်ကမ်းမှာတင်တယ်။ မြင်းမူဆိပ် ကမ်းက လူတွေက ရေနံကန် မီး လောင်ပေါက်ကွဲရင် မြို့ကို မီး ကူး စက်လောင်ကျွမ်းနိုင်တယ် ဆိုပြီး တွန်းလွှတ်လိုက်ကြတော့ ဒီရေနံ ကန်ကြီးက မြစ်ကြောင်း တစ် လျှောက် ပြန်မျောလာပြီး ဦးပဥ္စင်း တို့နေတဲ့ မြောင်ဆိပ်ကမ်းကို လာ တင်တယ်လို့ သိရတယ်ဗျ'

. 'တင်ပါ့ဘုရား... စိတ်ဝင်စား စရာပါပဲ။ ဆက်အမိန့်ရှိပါဦးဘုရား'

'အဲဒီ ဒုတိယမြောက်နေ့မှာ အ... သူတွေက ပဲ့ထောင်စက်လှေ... ရေနံစိမ်းတွေ နိုင်သလောက် ခပ်ယူ သွားကြတာကိုမြင်မှ ကျုပ်တို့မြို့ က လက်လုပ်လက်စား လူ... အကြံရပြီး တချို့က လက်ဆွဲ... နဲ့ တချို့ကလဲ အဆိုင်းထမ်း... နဲ့ ရေနံတွေကို သွားခပ်ယူ... အဲဒီနေ့ တစ်နေ့ကုန်ပါပဲ။

တတိယနေ့ကျတော့ ... မှာ မီးလောင်အားက ... တယ်။ ရေနံခပ်ယူရတာလဲ ... လှပါဘူး။

သံကန်က ပူလွန်းလို့ ... တွေ အပူခံပြီး သံကန်ပေါ် ...





www.burmeseclassic.com

www.burmeseclassic.com



အောင် ခြေထောက်နှစ်ဖက်လုံးကို အဝတ်စုတ်တွေနဲ့ ပတ်စည်းပြီးမှ တက်လို့ရတာပါ။ အဲဒီနေ့ မနက်ပိုင်း ထိတော့ လူခပ်များများ တက်ခပ် ကြပါသေးတယ်။

မနက်(၁၀)နာရီလောက်မှာ ကျုပ် ရယ်၊ ကျုပ်မိတ်ဆွေများဖြစ်ကြတဲ့ ကိုထွန်းမင်း၊ကိုဘဖွေးနဲ့ ကိုဇင်မင်း ထွန်းတို့ မြောင်အ.မ.က(၁)ကျောင်း ရဲ့ အရှေ့ဘက်ကနေပြီး ရေနံခပ်တဲ့ သူတွေကို သွားကြည့်ခဲ့တယ်။ ကျုပ် တို့လိုပဲ မြို့ပေါ်က လူအချို့လဲ လာ ကြည့်နေကြတာ တွေ့ရပါတယ်။

အဲဒီအချိန်မှာ ရေနံကန်ကြီးက ဝုန်းခနဲ ပေါက်ကွဲသံကြီး မြည်ဟည်း ပြီး မီးညွန့်တွေ မီးခိုးလုံးကြီးတွေ ကောင်းကင်ကို ထိုးတက်သွား တယ်။ ကျုပ်တို့လဲ ထိတ်ထိတ်လန့် လန့်နဲ့ ဆက်ကြည့်ကြတော့ ရေနံ ခပ်နေတဲ့ လူ(၇)ယောက်က ထန်း တစ်ဖျားခန့် အမြင့်ထိ ပေါက်ကွဲသံနဲ့ အတူမြောက်ပါသွားပြီး မီးခိုးလုံးတွေ အကြားမှာ ဝဲနေတာ မြင်ရတယ်။

အောက်ပြန်အကျကြတော့ ပုံစံ က အမျိုးမျိုးပါပဲ။ တချို့က မှောက် လျက်၊ တချို့က ပက်လက်၊ တချို့ ကြတော့ ဒိုင်ဗင်အလှထိုးဆင်တဲ့ ပုံစံမျိုးပါ။ တရုတ်သိုင်းကားတွေ ကြည့်ရတာ ထက်တောင် သာမယ် ထင်ပါတယ်။

ကျုပ်တို့အဖွဲ့ကလဲ ဒီလူတွေ အပေါ် စိုးရိမ်စိတ်ကတစ်မျိုး၊ ကြည့် ကောင်းတာကလဲ တစ်မျိုးနဲ့ မျက် တောင်မခတ်ဘဲ ကြည့်နေဆဲမှာပဲ လူ(၇)ယောက်လုံး မြစ်ထဲ ပြန်ကျ လာပြီး ရေထဲကို အားလုံး နစ်မြုပ် သွားကြပါတယ်'

'ဟာ... အဲလိုဆို ဒီလူတွေက မီးလောင်ခံရတာရော ရေနစ်မြုပ် တာရောနဲ့ အားလုံး သေကြပြီပေါ့'

ဟု စာရေးသူက ထင်မြင်ချက် ပေး၍ ဦးပဥ္စင်းစကားကို ဝင်ရောက် ထောက်မိပါသည်။

ထိုအခါ ဦးပဥ္စင်းကြီးက...

'ကျုပ်လဲ အစကတော့ ဒကာပြောသလို ထင်မိခဲ့တာပါပဲ။ ဒါပေမယ့် ဒီလူတွေက မသေကြဘူးဗျ။ (၇)ယောက်လုံး ရေထဲ က ပြန်ပေါ်လာပြီး လူများ စုရုံးကြည့်နေ ကြတဲ့ ဆိပ်ကမ်းဘက်ကို လက်ပစ်ကူး လာကြတယ်'

'ဆိပ်ကမ်းနဲ့ သူတို့ ကူးလာတဲ့ နေရာက ဘယ်လောက် ဝေးပါ သလဲ ဘုရား'

'အင်း... ခုနစ်ဆယ့်ငါးကိုက် လောက်တော့ ဝေးမှာဗျ'

'ဆက်မိန့်ပါဦးဘုရား... ဒီလူတွေ က ထူးဆန်းနေလို့ပါ ဘုရား'

'အဲဒီလူ(၇)ယောက်လုံးက ဆိပ် ကမ်းပေါ် တက်လာကြတယ်။ ဆိပ် ကမ်းပေါ်ရောက်မှ အရုပ်ကြိုးပြတ် လဲကျသွားကြပြီး အားလုံး သတိ လစ်သွားကြတယ်။

ကျုပ်တို့ အတူကြည့်နေကြတဲ့ သူငယ်ချင်း(၄)ယောက်က အသေ အချာ သိချင်လို့ အနီးကပ်သွားကြ တော့ တစ်ကိုယ်လုံး မီးလောင်အက်ရာ တွေ တွေ့ရတယ်။ အဝတ်အစားတွေ လဲ မရှိကြတော့ဘူး။ လူတွေကလဲ မီးသွေးတုံး၊ မီးသွေးခဲတွေဖြစ်လို့... မျက်လုံး၊ ပါးစပ်၊ နှာခေါင်းမှအစ တစ်ကိုယ်လုံး ရွဲ့စောင်းနေကြတယ်။

အမြင်ရ ဆိုးလှန်းပါတယ်။ ကျုပ်လဲ အများနဲ့ မို့ ကြည့်ရဲတာပါ။ ကြည့်နေ ကြတဲ့လူတွေထဲက မိန်းမတွေ ကလေး တွေနဲ့ လူခပ်များများက ဆက်မကြည့် ရဲကြတော့လို့ ကြောက်လန့်တကြား နဲ့ အော်ဟစ်လို့ မြင်မြင် ကြပါတယ်။

တိုတိုနဲ့လိုရင်း ပြောရရင်တော့ဗျာ အချုဖြစ်ပွားတဲ့ လူ(၇)ယောက်ရဲ့ မိဘဆွေစုတွေ၊ အာဏာပိုင်အဖွဲ့ အစည်းတွေ၊ မြို့မိမြို့ဖတွေ ချက် ချင်း ရောက်လာကြပြီး မြောင်ဆေးရုံ ကိုပို့တယ်။ မြောင်ဆေးရုံက မနိုင် တော့ အဲဒီနေ့မှာပဲ မန္တလေးဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com

ကြီးကို ကားတွေနဲ့ ပို့ရတာပါပဲ။ လူနာတွေကတော့ ညည်းနေကြလို့ မသေကြဘူးလို့ပဲ ပြောရမှာပေါ့ဗျာ။

အဲ... လူနာတင်ကားပေါ်မှာ ငှက်ပျောရွက်တွေခင်းပြီး ဆီသုတ်ပြီးမှ မီးလောင်လူနာတွေကို တင်သွားကြတာပါ။

မန္တလေးဆေးရုံကြီး ရောက်တော့ ဒီလူနာတွေမြင်တဲ့သူ အားလုံးက တစ္ဆေသရဲတွေ ဝင်လာတယ်လို့ အော်ပြေးကြတယ်။ ပြေးတဲ့အထဲမှာ ကျန်းမာရေး ဝန်ထမ်းတွေတောင် ပါကြသတဲ့'

'ကျန်းမာရေး ဝန်ထမ်းတွေက နေ့တိုင်းလိုလို လူသေတွေ၊ ရုပ်ပျက်ဆင်းပျက်အလောင်းတွေ တွေ့မြင်နေကျပဲ။ ကြောက်ပါ့မလား ဦးဖင်းရဲ့'

ဟု စာရေးသူက ဝင်ပြောတော့ ဦးပဉ္စင်းကြီးက...

'မတူဘူးလေဗျာ... ဒီလူနာတွေက ရုပ်ဆင်းအင်္ဂါလဲပျက်၊ အသံဆိုးကြီးတွေနဲ့လဲအော်၊ လှုပ်ရှားမှုတွေကလဲ ရုပ်ရှင်ဇာတ်ကားတွေထဲက သရဲတစ္ဆေပုံစံတွေလို ဖြစ်နေကြတာကို။

ဆေးရုံထဲမှာ ပြေးသံ လွှားသံ အော်ဟစ်ဆူညံသံတွေ ကြားရတော့ ဆေးရုံအုပ်ကြီးကိုယ်တိုင် လာကြည့်ပြီး ဒီလူနာ(၇)ယောက်ကို (၄)ယောက်က တစ်ခန်း၊ (၃)ယောက်က တစ်ခန်းခွဲပြီး အခြားလူနာတွေနဲ့ အဝေးဆုံးနေရာမှာ ထားပေးတယ်။

အခန်းတွေကို အပြင်က သော့ခတ်ထားပြီး လူနာစောင့်တွေကိုလဲ



အခန်းအပြင်ဘက်မှာ ထားစောင့်ခိုင်းတယ်။ တာဝန်ရှိသူမှအပ ဘယ်သူမှ အခန်းထဲ အဝင်မခံဘူးတဲ့။

အဲ... ပြောဖို့ တစ်ခုကျန်သွားတယ်။ ဆေးရုံအုပ်ကြီးက လူနာအားလုံးကို သွေးပေါင်ချိန်တိုင်းတယ်။ သွေးပေါင်က (၀)တဲ့။ နှလုံးခုန်နှုန်း တိုင်းတယ်၊ လုံး၀ နှလုံးမခုန်ကြဘဲ ရှပ်နေကြသတဲ့။

ဆရာဝန်ကြီးက သူ့တစ်သက် ဒီလိုလူနာမျိုးတွေ မတွေ့ဖူးဘူး။ အားလုံးက သွေးကြောတွေလဲ ပျက်စီးနေကြပြီ၊ အတွင်းကလီစာတွေလဲ မီးကျွမ်းနေကြပြီ၊ အလုပ်မလုပ်တော့ဘူး။

ဒါပေမယ့် လူနာတွေက ခေါင်းတယမ်းယမ်း၊ ခြေ့လက်တွေ တယမ်းယမ်းနဲ့ လုပ်နေတဲ့အပြင် ညည်းညူနေကြသေးတယ်။ ဒါကြောင့် အရပ်ထဲမှာ ပြောပြောနေကြတဲ့ အမှောင့်ပယောဂတို့ အယမီတယ်၊ အပကာတယ်ဆိုတာတွေကို ကျွန်တော် လက်ခံယုံကြည်ရတော့မှာပဲလို့တောင် မှတ်ချက်ပြုပါသတဲ့ဗျာ'

ထိုစဉ် ကျွန်တော်က ကြားဖြတ်၍...

'အတော် ထူးခြားဆန်းကြယ်တာပဲနော် ဦးပဉ္စင်း'

ထိုအခါ ဦးပဉ္စင်းကြီးက...

'ဒါ မထူးဆန်းသေးဘူး။ ဒီထက် ထူးခြားဆန်းကြယ်တာ ကျန်သေးတယ်'

ဟု ပြော၍ ရေနွေးကြမ်း သောက်လျက် ခေတ္တနားကာ အမောဖြေနေပါသည်။

ရေနွေးကြမ်း (၃)ခွက်လောက် သောက်ပြီးမှ ဦးပဉ္စင်းကြီးက ဆက်လက် ပြောပြပါသည်။

'အဲဒီ လူနာ(၄)ယောက်လုံး နေ့အချိန်မှာ ဆိုညည်းသံကလွဲ သတိလစ်မေ့မြောနေကြတယ်။ ည (၈)နာရီလောက်ဆိုရင် (၄)ယော ထားတဲ့ အခန်းထဲက လူနာ(၄) လုံး ထထိုင်ကြပြီး ဝိုင်းဖွဲ့စကား ကြတယ်။

ခဏကြာတော့ ခင်မောင် လူနာက ပါးစပ်ဆိုင်းနဲ့ ပတ် တီးတယ်။ ကိုဌေးဆိုသူက သီချင်းနဲ့ ငိုချင်းဟဲတယ်။ တင် ဌေးဆိုတဲ့လူနာက တွံတေးသီ သီချင်းတွေဆိုတယ်။ ကျန်တဲ့ ကိုမာက စည်းဝါးလိုက်နဲ့ ပါးပါးပဲဗျ။

သူတို့ကို လူနာရှင် အခန်း တွေက မှန်ပေါက်တွေက ကြည့်လို့မြင်ရတော့ သူတို့ အသေလွတ်ပြီ အခြေအနေ တယ်လို့ အစပထမ အားရဝမ်းသာ ဖြစ်နေကြ ဗျာ။

သူတို့ သီချင်းဆိုကြ



www.burmeseclassic.com

www.burmeseclassic.com

ကြတဲ့ အချိန်နှစ်နာရီလောက်ကြာတော့ မောပြီး အိပ်ကြပြန်ရော့။ နောက်နေ့ရောက်တော့ တစ်နေကုန် မထကြပြန်ဘူး။ အဲ... ည(၈)နာရီလောက် ရောက်ပြန်တော့ အရင်နေ့ညကလိုပဲ ဆိုကြ ကကြ တီးကြပြန်တယ်။

အဲဒါ (၃)ညတိတိပါပဲ။ စတုတ္ထနေ့ရောက်တော့ ဆရာဝန်က ပုံမှန် (Round)လှည့်တဲ့ အချိန်မှာ လူနာရှင်တွေကိုခေါ်ပြီး ခင်ဗျားတို့ လူနာတွေ သေဆုံးသွားကြပြီ အလောင်းတွေကို ပြန်ယူကြတော့လို့ ပြောတာကြောင့် မြောင်မြို့ကို ပြန်လည်ယူဆောင်ခဲ့ပြီး သင်္ဂြိုဟ်ခဲ့ကြတယ်ဗျ'

'အရှင်ဘုရား နောက်(၃)ဦးကရော ဘုရား'

'ကျန်တဲ့ လူနာ(၃)ယောက်ကလဲ နောက်(၃)ရက်လောက်မှာ တစ်နေ့တည်းမှာပဲ တစ်ဦးနဲ့တစ်ဦး နာရီပိုင်းပဲခြားပြီး ကွယ်လွန်သွားကြလို့ မြောင်မြို့ကို ပြန်ယူပြီး သင်္ဂြိုဟ်ခဲ့ကြရပါတယ်'

'သူတို့(၃)ဦးကရော မသေခင် ည,ညမှာ တီးကြဆိုကြကကြ မလုပ်ကြဘူးလား ဘုရား'

'အဲဒီ (၃)ယောက်က ည,ညမှာ ခဏတစ်ဖြုတ်လောက်ပဲ တစ်ဦးနဲ့တစ်ဦး စကားပြောတာလောက်ပဲ ရှိကြပါတယ်ဗျာ'

စာရေးသူက ဦးပဋ္ဌင်းကြီး ပြောပြပေးသော မြောင်မြို့မှ ဖြစ်ရပ်သည် ထူးခြားဆန်းကြယ်လှသဖြင့် ယင်းဖြစ်ရပ်မှန်ကို စာရေး၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ပို့လိုကြောင်း ခွင့်တောင်းခဲ့ပါသည်။

ဦးပဋ္ဌင်းကြီးမှ မူလက ယင်းကိုယ်တိုင်ပင် ရေးသားမည် စိတ်ကူးခဲ့သော်လည်း ရေးဖူးရေးစ မရှိ၍ မရေးဖြစ်ခဲ့ကြောင်းနှင့် စာရေးသူအား လိုလိုလားလား ရေးရန်ခွင့်ပြုပါသဖြင့် ရေးသားတင်ပြခြင်း ဖြစ်ပါသည်။ မြောင်မြို့မှ ဦးပဋ္ဌင်းကြီးအား ကျေးဇူးတင်စွာဖြင့် ဂါရဝပြုလျက်

**[ကွယ်လွန်သူများ၏ အမည်နာမများကို လွှဲပြောင်းရေးသားထားပါသည်။]**

**ဇော်ဝင်း *(ဒီပဲယင်း)***

# သံပရာဆီ



ယနေ့ချိန်ခါ အချိုရည်များ တံဆိပ်မျိုးစုံဖြင့် ရောင်းချနေတာကို မြင်တွေ့နိုင်ပါတယ်။ အလွယ်တကူ ဝယ်ယူသောက်သုံးနိုင်ကြသလို အနံ့အရသာများလဲ သစ်သီးရည်များနဲ့ ထပ်တူမကွာ ရှိပါတယ်။

သစ်သီးမျိုးတို့ရဲ့ အနံ့အရသာကို နည်းပညာများနဲ့ ဖော်စပ် ရောင်းချ သောက်သုံးသော အသီးများစွာထဲမှ သဘာဝ သံပရာနဲ့ ဖျော်စပ်နိုင်သော သံပရာဆီ ပြုလုပ်ပုံလေး တင်ပြရေးသားလိုက်ပါတယ်။

ကျွန်တော်ဟာ **မြေလတ်ဒေသ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ မလွန်တစ်နယ်မှ စစ်မှုထမ်းတစ်ဦးပါ။** ၂၀၀၆ခုနှစ်၊ တန်ခူးလမှာ စက်ရုံမှာ သင်္ကြန်အခါတွင်း ဒုလ္လဘ မဲပေါက်၍ မလွန်ရွာ သာကြောကျောင်းမှာ ရဟန်းဝတ်ခွင့်ကြုံခဲ့ပါတယ်။ ရဟန်းဝတ်စဉ်လှူဒါန်းမှု အစုစုထဲမှ အမှတ်ထင်စွာ သံပရာဆီ ...စ်ပုလင်းရဲ့ တန်ဖိုးကို မမေ့နိုင်အောင် ရှိခဲ့ပါတယ်။

ဃစ်ထုပ်ကြီး ဘဝကနေ ဒုလ္လဘပေါက် ရဟန်းဖြစ်...တော့ ဆွမ်းခံကြွတဲ့အခါ နေကပူ ရင်ကပူ ရေဆူမတတ် ...ညာနေ့အောက်မှာ ခန္ဓာကို ဘာဝနာနဲ့ ထိန်းရင်း သံပရာသီးဖျော်ရည်လေးနဲ့ ကုသိုလ်ပွားများဖို့ ချွေးသိပ် အမောပြေစေဖို့ လှူဒါန်းကုသိုလ်ပြုခဲ့သော ကိုအေးလွင် (ဆင်တဲ)အား ကျေးဇူးတင်မဆုံး ရှိခဲ့ရပါတယ်။

သံပရာဆီဖျော်စပ်ပုံက ဒီလိုပါ...

'ဘာလီပုလင်းဖြူထဲ သကြားသန့်သန့် လည်ပင်းနား မရောက်ခင် လက်နှစ်လုံးလောက် ချန်ထည့်ပါ။

သံပရာသီး အလုံးရင့်ရင့် (၂၀) (သို့မဟုတ်) (၂၅)လုံးလောက် ညှစ်ပြီး အရည်ကို စွပ်ကျယ်စဖြင့် စစ်၍ အပြည့်ထည့်ပါ။ လုံအောင်ပိတ်ပြီး နေလှန်းပါ။

သကြား ပျော်သွား၍ အဆီဖြစ်ရင် ကြိုက်သလောက်ထား၊ ကြိုက်တဲ့ အချိန်အခါမှာ ရေအေးအေးနဲ့ ဖျော်သောက်လို့ ရပါပြီ။ (အချိုကြိုက်ရင် စ,ပြုလုပ်ချိန်မှာ သကြားပိုထည့်ပါ။) အဆီတစ်ဇွန်း ရေတစ်ဖန်ခွက်နဲ့ သဘာဝ သံပရာရည်စစ်စစ်ကို ချိန်ခါမရွေး သောက်သုံးနိုင်ပါတယ်။

**အောင်မှတ် *(မြစ်ရှိုးတန်း)***



www.burmeseclassic.com

www.burmeseclassic.com

ကျားရဲ့ ပေါ်များသည့်

# ကျားခြေရာ ကျောက်ချောင်း

လှထု ဦးစိန်မြ



နွေဦးအပျောက် မိုးဦးပေါက်ခဲ့ပြီ။ သစ်ထုတ်ရေး ဆင်စခန်းများ လုပ်ငန်းရှိသော တောစခန်းများသို့ ပြောင်းရွှေ့ကြရသည်။ ဆင်စခန်း သစ်တစ်ခု ချသည်ဆိုလျှင်ပဲ ဆင်ခေါင်းများ (ဆင်သူကြီး)များ၊ ဆင်ဦးစီးများ နေထိုင်သော တဲငယ်ကလေးတွေ ဝိုင်းရံထားပြီး အလယ်တွင် "ဘိုတဲ"ဟုခေါ်သော ညှော်ဂေဟာတဲကြီး တစ်လုံးကို အားချင်း ဆောက်ကြရသည်။

ဆင်များ ထားစရာနှင့် ရေ လွယ်ကူသော နေရာကို ရွေးကြရသည်။ ယခု ရွေးထားသော နေရာသည် ရေလွယ်ကူရန် ဦးစားပေး ရွေးမိသည့်အတွက် **"ကျားခြေရာ ကျောက်ချောင်း"**ဘေးသို့ စခန်းချခဲ့မိသည်။

**ထိုစခန်း မြေပုံ... မိုးကုတ်–မန္တလေး ကား... ရေနံ့သာအရှေ့၊ လက်ဝဲ... မိုင်(၂၀)ဝေးသော တော...** ၌ နေရာရွေးခဲ့မိသည်။

အရှေ့ဘက်တွင် ... တောင်တန်းကြီးရှိ... တွင် **"ဟိုနီ"** ဆိုသော ...



www.burmeseclassic.com

www.burmeseclassic.com

နှင့် "**ရတနာသင်္ဂီမိုင်း**" ဆိုသော **ငွေတွင်း(ဘော်တွင်း)ကြီး ရှိသည်။** တောင်ဘက်မှာတော့ မတ္တရာမြို့နယ်၊ အနောက်ဘက်မှာတော့ စဉ့်ကူးမြို့နယ်၊ မြောက်ဘက်မှာတော့ မိုးကုတ်,မိုးမိတ်မြို့နယ်များ ရှိသည်။

**"ကျားခြေရာ ကျောက်ချောင်း" ဟု အမည်ပေါ်တွင်ရခြင်းသည် ထို အနီးဝန်းကျင်၌ ကျောက်ချောင်းတစ်ခု ရှိသည်။ ယင်းကျောက်ချောင်းသည် နံရံများ၊ သဲများ၊ အခြား မြေသားမရှိ၊ ကျောက်သားနှင့် လူများမှ ဖန်တီး လုပ်ကိုင်ထားသကဲ့သို့ သဘာဝဖြစ် နေသည်။ အရှည် သုံးဖာလုံခန့်လောက် ရှည်လျား၏။ အကျယ်မှာ ပေ(၂၀)ခန့် မျှ ကျယ်ဝန်းသည်။**

ထို ကျောက်ချောင်းအတွင်းသို့ လူများ သွားလိုက်လျှင် ရေထဲမှ ဖြတ်တက်သွားသော ကျားခြေရာ များကို ခေတ္တခဏ တွေ့ရတတ် သည်။ ကျားများ အမြဲတစေ နေထိုင် ကျက်စားသည်ကို ခန့်မှန်းနိုင်ပါ သည်။ ထို့ကြောင့် "**ကျားခြေရာ ကျောက်ချောင်း**"ဟု ခေါ်တွင်နေ ခြင်း ဖြစ်ပါသည်။

ဆင်စခန်း အဆောက်အအုံများ ...စီးသွားပြီး ဆင်ခေါင်း(ဆင်သူကြီး) ...မှ ဆင်ဦးစီးများ သူ့နေရာနှင့်သူ၊ ...သို့နေရာနှင့်ကိုယ် နေထိုင်နေ ...သည်။ ကိုဝင်းမောင်တစ်ယောက် ...ရှိလူလွတ်ဆိုတော့ အလယ်ဗဟို ညှို့ဂေဟာတွင် တစ်ယောက် ...နေရသည်။

...နေ နေဝင်သည်နှင့် တစ်ပြိုင် ...ကျားဟိန်းသံကြီးကို သုံးကြိမ် ...ကြောက်မက်ဖွယ်ရာ ကြား လိုက်ရသည်။ ဆင်တွေလည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ဆင်ကလေးတွေ အတွင်းမှာထားပြီး ဆင်ကြီးတွေက ဝိုင်းရံကာ သတိ အနေအထားနှင့် နားရွက်များ "စွင့်"ထားကြသည်။ ဆင်ဦးစီးတွေ အားလုံး တုတ်တုတ်မျှ မလှုပ်ကြ တော့ပါ။ သူ့တဲ,ကိုယ့်တဲတွင် ငြိမ်ဝပ် နေကြတော့သည်။

ကိုဝင်းမောင်က ဆင်ဝန်ထမ်း မဟုတ်ပါ။ ချောင်းခေါင်းတစ် ယောက်သာ ဖြစ်သည်။ သစ်ထုတ် လုပ်ရေးဌာန၏ ဝန်ထမ်းငယ်တစ်ဦး ဖြစ်သည့်အတွက် ဆင်များ သစ် ထုတ်ရာတွင် လိုအပ်သော အစီ အစဉ်များ ညွှန်ပြရန် တာဝန်အရ လိုက်ခဲ့သူ ဖြစ်ပါသည်။ ညှို့ဂေဟာ သည် အကာအရံ မရှိပါ။ ခေါင်းရင်း ဘက် တစ်ခုတည်းသာ ကာရံထား သည်။

ကိုဝင်းမောင် တစ်ယောက်တည်း အိပ်ရသည့်အခါ ခြင်ထောင်ကို ထောင်၍ စောင်ထူထူခြုံပြီး အိပ် လိုက်ရသည်။ လက်ထဲမှာတော့ သုံးတောင့်ထိုး ဓာတ်မီးတစ်လက်နှင့် ဓားရှည်တစ်ချောင်းကိုတော့ ကိုင် ထားပါသည်။

"ဂျောက်ဂျောက်" ဆိုသည့် အသံကြားတိုင်း ဓာတ်မီးနှင့် ထိုး ကြည့်လိုက်သည့်အခါ ကျားများကို အထင်းသား မြင်တွေ့ရသည်။ ဒီလိုနှင့်ပဲ ဟိုအော်ဒီအော်၊ ဟိုတီး ဒီတီးနှင့် တစ်ညလုံး မိုးလင်းခဲ့ကြ ရသည်။

သုံးရက်မြောက် နေ့မှာတော့ ရေနံ့သာရဲစခန်းသို့ အကူအညီ တောင်း၍ ရဲလေးယောက်နှင့် သေနတ်လေးလက် ကူညီလိုက်ပါ တော့သည်။ ရဲလေးယောက်နှင့် ကိုဝင်းမောင် ညှို့ဂေဟာမှာပဲ အိပ် ကြသည်။

ညအချိန်မတော် ကျားလာခဲ့လျှင် ပစ်ခတ်ရမည့် ပစ်ကွင်း,ပစ်မှတ်များ ကို ရဲများက နေ့ပိုင်းမှာပင် သတ်မှတ် ထားကြသည်။ ဆင်ဦးစီးများနေ သော တဲများရှေ့တွင် စက္ကူအဖြူ များ အမှတ်သား ပြုလုပ်ထားကြ သည်။ ညအချိန် အလွယ်တကူ ဆင်ဦးစီးတဲများ ရှောင်ရှားပစ်နိုင်ရန် အမှတ်သားများ ဖြစ်ကြသည်။

နေဝင်၍ အားလုံး တဲအတွင်း ဝင်ကုန်ကြပြီ။ အသံနက်ကြီးနှင့် ကြောက်မက်ဖွယ် သုံးကြိမ် ဟိန်း ဟောက်ပြန်သည်။ ကိုဝင်းမောင်နှင့် ရဲတွေ "ဗုဒ္ဓံ သရဏံ"တွေရော၊ "ဘုရား...ဘုရား" ဆိုတာတွေရော ဆူညံနေအောင် ရွတ်နေကြသည်။

အသံတစ်ခု ကြားရာသို့ ဓာတ်မီး နှင့် ထိုးကြည့်လိုက်ရာ ဆေးလိပ်မီး တစ်ခုလို "ရဲခနဲ" မြင်လိုက်ရသည်။ ရဲတွေက သေနတ်တွေကို ကိုင်ပြီး ကြောင်ကြည့်နေကြသည်။ ကိုဝင်း မောင်က "ပစ်...ပစ်"ဟု တိုးတိုး ပြောသည်။

ရဲတွေက...

'ကျားမျက်လုံးဆိုရင် နှစ်လုံး ဖြစ် ရမယ်။ အခု တစ်လုံးတည်း ရဲနေ တာမြင်ရတော့ ဆေးလိပ်မီးပဲ ဖြစ် ရမယ်'

ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျားတို့ ကြောင်တို့ ဆိုတာ ဓာတ်မီးနဲ့ထိုးရင် မျက်လုံးတစ်လုံးပဲ ပြတာ။ ပြီးတော့ ကျားမျက်လုံးက မီးလိုပဲ ရဲနေတတ်တယ်'

စသည့် စကားသံ ကြားတာ ကြောင့် ဝုန်းခနဲ ကျားကြီး ခုန်ထွက် သွားသည်။ အဲဒီတော့မှ အားလုံး "ကျား" ဟု အတည်ပြုကြသည်။

မကြာမီမှာပင် တစ်ခေါက် ပြန် လာသည်။

'ဒီတစ်ခါတော့ ရိုင်ဖယ်သေနတ်နဲ့ အပီ ပစ်မှာ။ ကျားတွေ သေဖို့သာ ပြင်ထား'

ဟု ရဲတစ်ယောက်က ကြိမ်းဝါး သည်။ ထိုသို့ ကြိမ်းဝါးနေစဉ် ကျား ဝုန်းခနဲ ရောက်လာ၍ ရိုင်ဖယ် သေနတ်နှင့် အပီပစ်လိုက်ရသည်။ သို့ပေမယ့် ကျားကို မထိဘဲ အသံနှင့် ခြောက်လိုက်သလို ဖြစ်သွားသည်။ တစ်ညလုံး ငြိမ်သက်သွားပေတော့ သည်။

နောက်တစ်နေ့ ရဲတွေက ဒီတစ်ခါတော့ အပီပစ်မှာဟု ဆိုပြန် သည်။ ယုံရခက် မယုံရခက် ဖြစ်နေ တော့သည်။ ညနေ ခြောက်နာရီ ကျော်၍ မှောင်ရီပျိုးပြီ။ ဆင်ဦးစီး တစ်ယောက်က မကြောက်မလန့် သောက်ရေမရှိ၍ သောက်ရေ သွား ခပ်သည်။

မိန်းမနှင့် ကလေးငယ် တဲထဲမှာ ထားခဲ့သည်။ ကြောက်ကြောက်နှင့် ကလေးချေးပါတာတောင် ထမလဲ ဘဲ အနီးရော စောင်စုတ်ပါ အိပ်ရာ ဘေး ထုပ်ပြီး သားအမိနှစ်ယောက် စောင် ခေါင်းမြီးခြုံ အိပ်တော့သည်။

'ကိုစိုင်းကျော်ဟန်... ကိုစိုင်း ကျော်ဟန်'

ဆိုသော အသံတစ်သံက ည အမှောင်ထုကို ခွင်းပစ်လိုက်သည်။

'မြန်မြန်လာပါ... မြန်မြန်လာပါ'

ဟု ဆင်ဦးစီးမိန်းမ၏ အလန့် တကြားအော်သံက တုန်လှုပ် ချောက်ချားကုန်ကြသည်။ အသံ လာရာသို့ ဓာတ်မီးများ ဝိုင်းထိုးထား လိုက်ကြသည်။

'ဘာကောင်ကြီးလဲ မသိဘူး။ တဲထဲ ဝင်နေပြီ'

ရဲများနှင့် ကိုဝင်းမောင်တို့က တဲ ဆီသို့ ထလာခဲ့ကြသည်။ ဝုန်းခနဲဆို ကျားကြီးတစ်ကောင် ခုန်ထွက်သွား သည်။ ပါးစပ်ထဲတွင် လူတစ်ယောက် ပါသွားသည်ကို အတိုင်းသား မြင် လိုက်ကြရသည်။

ဆင်ဦးစီးမိန်းမ ပါသွားပြီ။ အားလုံး စိတ်မကောင်းကြတာက လွဲ၍ မည်သူမျှ ကျားနောက် တော ထဲသို့ မလိုက်ရဲကြပါ။ ဆင်ဦးစီး စိုင်းကျော်ဟန်က ဓားတစ်လက်၊ ရေဘူးတစ်ဘူးနှင့် သူ့တဲသို့ စိုးရိမ် တကြီး ပြေးဝင်ကြည့်လိုက်၏။

သူ့မိန်းမ အဖြစ်အပျက်ကို ... သလဲ ပြောပြနေသည်။ သူ့... အသံ ကြားရတော့မှ သူ့... ပါမသွားကြောင်း သိကြရသည်...

**"ကလေး ပါသွားတာ ဖြစ်ရမယ်"**

ဟု အားလုံး ဝိုင်းဝန်းမေးသည်... ကလေးလည်း ပါမသွား... သိရသည်။ ကျားရဲက ကလေး... နှင့် စောင်စုတ်ကို ကလေး... ချီပြေးလေတော့သည်။

နံနက် မိုးလင်း၍ တော... ကြည့်သည့်အခါ သုံးမိုင်... ဝေးသည့် တောတွင်း တစ်... တွင် အနီးရော စောင်စုတ်... ကိုက်ဆုပ်ထားသည်ကို တွေ့... တော့သည်။ ကလေးနံ့... ကျားရဲဟု ခန့်မှန်းနိုင်ပါသည်...

**[တစ်ချိန်က သစ်... ဦးဝင်းမောင်၏ ကျားရဲ... ကို တင်ပြလိုက်ခြင်း ဖြစ်...**

**လူထု ဦးစိန်...**



www.burmeseclassic.com

www.burmeseclassic.com



မနောဟရ

ဘော်အိုင်ဆရာတော်ကြီး၏

# ကိုယ်ပျောက်ဝိဇ္ဇာအစွမ်း

ကျွန်ုပ်တို့ ရွာအမည်ကား **မကွေး ...ိုင်းဒေသကြီး၊ နတ်မောက် ...နယ်၊ ဘော်အိုင်ရွာဟု** အမည် ...ွင်ပါသည်။ ကျွန်ုပ်တို့ရွာမှ ရွာဦး ...ကျောင်းဆရာတော်ကြီး **(ညောင် ...ပွင် ဆရာတော်ကြီးဟုလည်း ...သိများသည်။)**သည် ကျွန်ုပ်တို့ ...သာမက အခြား ရွာနီးချုပ်စပ် ...သားများကပါ ကြည်ညိုလေးစား ...ခံရသော ဆရာတော်ကြီးဖြစ်၏။ ...ဆရာတော်ကြီး၏ ငယ်နာမည် ...အဂ်ါသား မောင်စံအိဖြစ်သည်။ ...န်းဝတ်သောအခါ ဦးဉာဏ္တိဏ္ဏ ...သာ ရဟန်းဘွဲ့နှင့် ထင်ရှား ...ျော်စောခဲ့ပေသည်။

ထင်ရှား ကျော်စောရခြင်းမှာလည်း ဆရာတော်ကြီး၏ သီလဂုဏ်၊ ပညာဂုဏ်၊ သမာဓိဂုဏ်တို့ကြောင့်ပဲ ဖြစ်ပါသည်။

ကျွန်ုပ် ယခု ရေးပြပေးမည်မှာ ဆရာတော်ကြီး၏ ဂမ္ဘီရပညာအစွမ်းများထဲမှ တချို့တစ်ဝက်မျှ ဖြစ်ပါသည်။

**ဆရာတော်ကြီး ငယ်စဉ်ဘုန်းတော်ကြီးကျောင်းသားဘဝတွင် ရွာသို့ရောက်လာသော ရှမ်းဆရာကြီးတစ်ဦးက အတက်အဆင်း ချောင်သော ကြောင်ရုပ်၊ ရေကူးရာတွင် ရေကွင်းစေသော ငါးရုပ်တို့ကို ထိုးပေးခဲ့၏။**

ထို့ပြင် လူကို လက်ပြန်ကြိုးတုပ်ထားကာ ကြိုးဖြေသောနည်း၊ အိမ်ထဲ,တိုက်ထဲ လုံလုံခြုံခြုံ ပိတ်ထားသည်ကို ဝင်ထွက်နိုင်သော ပညာရပ်များပါ စီမံပြုလုပ်ပေးခဲ့သည်ဟု





www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ၏ဖခင်က ပြောပြ၍ သိရှိရ၏။

ကျွန်ုပ်၏ဖခင်သည် ဆရာတော်ကြီး ရှာဦးကျောင်းမှာ ကျောင်းထိုင်ဆရာတော်ဖြစ်စက ဘုန်းကြီးကျောင်းသား ဖြစ်ခဲ့သည်။

**ထိုခေတ်က ကျွန်ုပ်တို့ မြန်မာနိုင်ငံ လွတ်လပ်ရေး မရသေး။** တောကျေးလက်ဒေသ များတွင် သူခိုး၊ ဓားပြများ အလွန်သောင်းကျန်ခဲ့သောကာလ။

တစ်ည...ထိုညက လဆန်းရက်။ လရောင်ကတော့ မိုးရိပ်တွေ ရှိနေ၍ အလွန်မတောက်ပ။ ကျွန်ုပ်တို့ရွာထဲ သူခိုးက ငွေကြေးကြွယ်ဝသော အိမ်တစ်အိမ်သို့ ရွှေထည်ပစ္စည်း ခိုးရန် ကပ်ခဲ့လေ၏။

အိမ်ရှင်ကသိ၍ ''သူခိုး...သူခိုး...သူခိုး...သူခိုးဗျို့''ဟု အော်ဟစ်လိုက်လေရာ သူခိုးမှာ အကြံမအောင်တော့ဘဲ ထိုအိမ်ပေါ်မှ ဆင်းပြေးလေ၏။ ရွာထဲတွင် သူခိုးဆိုတော့ တစ်ရွာလုံး ပွက်လောညံသွားသည်။

'ဘယ်ဘက် ပြေးသလဲ၊ လိုက်ကြဟေ့...လိုက်ကြ'

သူခိုးက ရွာသားတွေ ဝိုင်းလိုက်၍ ပြေးမိပြေးရာ ပြေးလေ၏။ ထိုအခိုက် ဘော်အိုင်ဆရာတော်ကြီးသည် ရွာတပ်စည်းကို ခုန်ကျော်ပြီး ရွာထဲသို့ ရောက်လာသည်။ ပြီးတော့ သူခိုးနောက်သို့ အပြေးလိုက်လေ၏။

သူခိုးက ရွာတပ်စည်း ခုန်ကျော်၍ ရွာအပြင်သို့ ထွက်လိုက်၏။ ဆရာ



တော်ကြီးကလည်း ဇွေ့ခနဲ ခုန်လိုက်က တပ်စည်းအပြင်ဘက် ခွေးကျ၊ ဝက်ကျ ကျသွားသော သူခိုးအပေါ် ခွမိလျက်သား။ သူခိုးခမျာ မပြေးသာတော့။

တခြားရွာမှ လာခိုးသည့် သူခိုး။ သူခိုးကလည်း ကြောင်ဆေး ထိုးထားသည်ဟု ဖခင်က ပြောပြပါသည်။ သို့သော် သူခိုး၏ ''ခိုးကြောင်''မှာ အတက်သာ အောင်ပြီး အဆင်းမအောင်။

အတက်ရော အဆင်းပါ အောင်သည့် ကြောင်ရုပ်ပိုင်ရှင် ဘော်အိုင်ဆရာတော်ကြီးက သူခိုးကို အပိုင်ဖမ်းပေးလိုက်သည့်ပွဲ။ ဤသည်မှာ ဆရာတော်ကြီး၏ ကြောင်ရုပ်အစွမ်း ဖြစ်ပေသတည်း။

ဘော်အိုင် ဆရာတော်ကြီးသည် ဘုန်းကြီး ကျောင်းသားကလေးများနှင့် ကိုရင်ကလေးတွေ မပျင်းအောင် ဆိုပြီး သူ့အား ကုလားထိုင်တွင် လက်ပြန်ကြိုး တုပ်ခိုင်းစေသည်။ ပြီးက စောင်တစ်ထည်ကို သူ့အပေါ် ဖုံးအုပ်ခိုင်းလေ၏။

ထိုသို့ စောင်နှင့် ဖုံးအုပ်ပြီးလို့ မကြာသေး ဆရာတော်ကြီး ကြိုးဖြေပြီး စောင်အပြင်ဘက် ထွက် ချလာသည်။ ဘုန်းကြီးကျောင်းသား ကလေးများရော ကိုရင်ကလေး ပါ အံ့အံ့သြသြနှင့် ကြည့်ရှုခဲ့ကြ လေသည်ဟု ဆို၏။

ဘော်အိုင် ဆရာတော်ကြီးသည် ဘော်အိုင်ချောင်းထဲ မိုးတွင်းကာလ ချောင်းရေ ကမ်းလုံးပြည့်လာချိန် လျှင် ကျောင်းသားကလေး ယောက်ကို သူ၏ ညာဘက် မောင်းရင်းနှင့် ဘယ်ဘက် မောင်းရင်းတို့မှာ ခိုင်မြဲစွာ တွဲ ပါသည်။

ပြီးလျှင် မည်သူမှ မကူးခဲ့ လှိုင်းများ တဝုန်းဝုန်း ရိုက်ခတ် သော ချောင်းရေထဲ ဆင်းသွား ၏။

ဆရာတော်ကြီးသည် ချောင်း သည်မှာဘက်ကမ်းမှ ချောင်း ဟိုမှာဘက်ကမ်းသို့ ကူးပြရာ ချောင်း ရေတို့သည် ဆရာတော်ကြီး ကွင်း၍ စီးသွားလေ၏။

ဆရာတော်ကြီးက ချောင်း ဟိုမှာဘက်ကမ်း ရောက်သော သည်မှာဘက်ကမ်းသို့ က ယောက်နှင့်အတူ ကူးပြပါ

ထိုအခါတွင်လည်း ချောင်း သည် ဆရာတော်ကြီးကို လျက်။ ရွာသူရွာသား ချောင်းကမ်းစပ်ဝယ် က





www.burmeseclassic.com

www.burmeseclassic.com



မှု စုပြုံတိုးဝှေ့ကြည့်ရှုလျက် ရှိကြကုန်၏။ ဤသည်မှာ ဆရာတော်ကြီး၏ ဗျိုင်းရုပ် အစွမ်းတည်း။

စာရေးသူ၏ဖခင် ဘုန်းကြီးကျောင်းသား ဖြစ်ခဲ့စဉ်အခါက ရွာထဲတွင် သူကြီးဦးခန့်ဟု ရှိခဲ့လေ၏။

ရွာလယ်ကောင်တွင် တိုက်နှင့် နေနိုင်သည်မှာ သူကြီးဦးခန့်သာ ဖြစ်၏။ သူကြီးဦးခန့်သည် နှစ်လုံးပြူးသေနတ်ကြီးကို ကိုင်ဆောင်ခွင့်ရသော သူကြီး။

ဥပုသ်နေ့ တစ်နေ့ဝယ် သူကြီးဦးခန့်က ဘော်အိုင်ဆရာတော်ကြီးထံ ဥပုသ်စောင့် သွားခဲ့သည် ဆို၏။ ဥပုသ်သီလ ပေးပြီးနောက် ဆရာတော်ကြီးက သူကြီးဦးခန့်အား...

'ဒကာခန့်'

'ဘုရား'

'ဒကာခန့်တိုက်က ညရေးညတာ ခြုံစိတ်ချရဲ့လား'

'စိတ်ချရပါတယ် ဘုရား'

ဆရာတော်ကြီးက သူကြီးဦးခန့်၏ ဖြေကြားချက်ကို ခေါင်းတညိတ်ညိတ်နှင့်။ ဆက်လက်၍ ဘာမှ မေးတော့။

နောက်တစ်နေ့ နံနက်တွင် ဆရာတော်ကြီးက ကျောင်းသားလေး တစ်ယောက်အား သူကြီးဦးခန့်ကို ရောက်ခေါ်ခိုင်းလေ၏။ သူကြီးခန့် ရောက်လာသော် ဆရာတော်က...

'ဒကာခန့်...ဒါ ဒကာခန့် နှစ်လုံးပြူးသေနတ်ကြီး မဟုတ်လား'

ဟု သေနတ်ကိုကိုင်၍ သူကြီးဦးခန့်အား မေးလိုက်ရာ သူကြီးဦးခန့် ခမျာ ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်လျက်။

ညက တိုက်တံခါးများကို သူကိုယ်တိုင် လုံလုံခြုံခြုံ စနစ်တကျ ပိတ်ပြီးမှ နှစ်လုံးပြူးသေနတ်ကြီးကို သူ့ခုတင်ခေါင်းရင်း တိုက်နံရံမှာ ထောင်ထားခဲ့ပေသည်။

နံနက်လင်းတော့ တိုက်တံခါးတွေလည်း လက်ရာခြေရာမပျက်။ ဘယ်အပေါက်မှ ပွင့်နေတာမရှိ။ သူ ပိတ်ခဲ့သည့်အတိုင်း လုံလုံခြုံခြုံပါပဲ။

ဆရာတော်ကြီးက ဘယ်နည်းဘယ်ပုံ တိုက်တံခါးတွေ တစ်ချပ်မှ မလပ်ဘဲ ဝင်ရောက်ခဲ့တာပါလိမ့်။ ယခု သူ့သေနတ်ကြီးက ဆရာတော်ကြီး၏ လက်ထဲ ရောက်နေလေပြီ။

လုံလုံပါသည်ဆိုသော သူ့တိုက်။ ဆရာတော်ကြီးနှင့်တွေ့မှ ဘယ်လိုဖြစ်သွားရတာလဲ။ ပြီးတော့ သူ့ခေါင်းရင်းနား ဆရာတော်ကြီး သေနတ်ယူလာတာ အအိပ်ဆတ်လှပါတယ်ဆိုတဲ့ သူကြီးဆိုတဲ့ငါ ဘယ်လိုလုပ် မနိုးရတာလဲ။

ကျွန်ုပ်တို့ ဘော်အိုင်ရွာက သူကြီးဦးခန့် မတွေးတတ်အောင် ဖြစ်နေသည်။ ဤသည်ကား ဘော်အိုင်ဆရာတော်ကြီး၏ "ကိုယ်ပျောက်ဝိဇ္ဇာအစွမ်း" ဟု ကျွန်ုပ်က အမည်ပေးဆောင်းပါး ရေးလေသော် ကျွန်ုပ်ပေးသော ဆောင်းပါးအမည်သည် သင့်လျော်လိမ့်မည်ဟု ယူဆလျက်။

**စာကြွင်း ။ ။ ဘော်အိုင် ဆရာတော်ကြီး ဦးဉာဏိဿရ ပျံလွန်တော်မူခဲ့သည်မှာ နှစ်ပေါင်း(၃၅) နှစ် ကျော်ပေပြီ။**

**ဆရာတော်ကြီးသည် နောက်ပိုင်းတွင် ဂန္ဓာရီပညာများကို အသုံးမချတော့ဟု ဘုရားထံမှာ သစ္စာဆိုပြီး ဘုရားရှင်၏ ဒေသနာတော်နှင့်အညီ ဝိပဿနာအလုပ်ကိုသာ ဝါမယာစိုက်ထုတ် ကျင့်ကြံကြိုးကုတ်သွားပါကြောင်း စာရေးသူဖခင်၏ ပြောပြသမျှကို မယွင်းအမှန် မခြွင်းမချန် ရေးသားလိုက်ရပါသတည်း။**

မဇ္ဈောဟာရ



www.burmeseclassic.com

www.burmeseclassic.com

# သုသာန်ဟောင်းမှ ခွေးသရဲ

မြို့ဦး (မတ္တရာ)

အချိန်ကာလအားဖြင့် အနှစ်(၃၀) ခန့်ပင်ရှိခဲ့ပေပြီ။ သို့သော်လဲ မှတ်မိနေဆဲပင်ဖြစ်၏။

ထိုအချိန်က ကျွန်တော်သည် တပ်မ(၃၃)၏ ခြေမြန်တပ်ရင်း တစ်ရင်းမှ တပ်မ(၂၂) လက် အောက်ခံတပ် ဖြစ်သော ခမရ(...) တပ်သို့ တပ်ကြပ်ကြီး အဆင့်တိုးဖြင့် ရောက်ရှိလာခဲ့ရ၏။

ကျွန်တော် တာဝန်ထမ်းဆောင်ရန် ရောက်ရှိခဲ့သည့်တပ်သည် မွန်ပြည်နယ်(...)မြို့နယ်အတွင်း၌ တည်ရှိ၏။

တပ်သစ်သို့ရောက်ရှိပြီး တပ်အင်အားစုစည်းနေစဉ်က တွေ့ကြုံခဲ့ရသော ပရလောက အတွေ့အကြုံတစ်ခုအား



စာရှုသူများအတွက် ရေးသားတင်ပြခြင်း ဖြစ်ပါ၏။

ထိုစဉ်က တပ်သစ်တွင် အရာရှိ စစ်သည်များနှင့် လက်နက်များ ဖွဲ့စည်းပုံ ပြည့်သွားသောအခြ တပ်တွင်းတွင် မွမ်းမံသင်တန်းများ ထပ်မံ၍ တက်ကြရ၏။

တပ်သစ်တွင် ပတ်ကားအဆောက် အဦးများ မဆောက်လုပ်နိုင်သေး လူပျိုလိုင်း၊ အရာရှိများ လူပျိုဆော တပ်ရင်းရုံးမှစ၍အားလုံးမှာ "ဘာ လိုင်းခေါ် ယာယီအဆောက်အ (ဓနိမိုး၊ ထရံကာ၊ ဝါးထရံခင်း) သာ နေကြရ၏။

အိမ်ထောင်သည်အရာရှိများ သည့် (ဗိုလ်ကြီး၊ ဗိုလ်မှူး)များ အရာရှိ အိမ်ထောင်သည်လိုင်း မရှိသေးသဖြင့် တပ်နှင့်နီး ကျေးရွာများ၌ အိမ်များငှာ နေထိုင်ကြရ၏။

တပ်ခွဲမှူးများမှာ မိမိတို့ စစ်သည်များ ပြ တစ်စုံတစ်ရာ မဖြစ် အထူးကြပ်မတ် ခဲ့

တပ်သစ်ဖွင့် ဖြစ်၍ အိမ် သည်ရဲဘော် မိသ ခေါ်ယူခွင့်မရကြ ထို့ကြောင့် ကျ အ

အိမ်ထော ရဲဘော်များမှာ သ လူပျိုဆောင်များတွင်



www.burmeseclassic.com

www.burmeseclassic.com

လူပျိုဆောင်မှ ရွာထဲသို့ အလည်အပတ်သွားချင်သည့် အခါများနှင့် အငြိမ့်၊ ဇာတ်သဘင်များ ကြည့်ရှုလိုသောအခါများတွင် လူပျိုလိုင်းနှင့် နီးသော ဂိတ်ပေါက်မှ ရွာထဲသို့ သွားကြရ၏။

လူပျိုလိုင်းဂိတ်တွင် နေ့ခင်း၌ တပ်ရဲခေါ်(RP)တစ်ယောက်စောင့်၍ ညပိုင်းတွင် ရဲဘော်များ ကင်းစောင့်ကြရ၏။

ကျွန်တော်တို့ လူပျိုလိုင်းမှ ရွာတွင်းသို့သွားရာလမ်း၌ သုသာန်ဟောင်းတစ်ခုရှိ၏။ ထိုသုသာန်မှာ လူနေအိမ်များနှင့် နီးနေသဖြင့် မြှုပ်နှံခွင့် မပြုတော့ဘဲ ပိတ်ထားလိုက်ခြင်းဖြစ်၏။

ဤသုသာန်၌ မြှုပ်နှံခွင့်မပြုတော့ကြောင်းလည်း စာကပ်ထားသည်ကို တွေ့ရှိရ၏။ သုသာန်ဟောင်းနှင့် (၁)မိုင်ခန့်ဝေးသော နေရာတွင် သုသာန်အသစ် ပြုလုပ်ထားသည်ကို တွေ့ရှိရ၏။

ခက်သည်က သုသန်သည် ပိတ်လိုက်သည်ဟုတော့ သိရ၏။ လူသေများ မြှုပ်နှံခြင်း မပြုလုပ်တော့သော်လည်း တရားဝင် ရွှေ့ပြောင်းခြင်း မပြုလုပ်ရသေးသဖြင့် အုတ်ဂူများ ကျန်ရစ်နေပေသေး၏။

အုတ်ဂူများရှိနေသေးသဖြင့် ညအချိန် ဖြတ်သွားဖြတ်လာ လုပ်ရသောအခါများ၌ စိတ်ထဲတွင် ကသိကအောက်ဖြစ်ရ၏။

စစ်သည်များမှာ ညအချိန်များတွင် ရွာတွင်းသို့ သွားရောက်လည်ပတ်ကြသော်လည်း ည(၉)နာရီ



တန်းစီလူစစ်ရန် အချိန်မီ ပြန်လာကြရ၏။

တပ်ရင်း၌ တပ်ခွဲ(...)ရှိ၍ ကျွန်တော်သည် ဌာနချုပ်တပ်ခွဲမှ လက်ဖြောင့် တပ်ကြပ်ကြီးဖြစ်၏။ ကျွန်တော်တို့ တပ်ခွဲတွင် ည(၉)နာရီ တန်းစီလူစစ်ကို တပ်ခွဲမှ တပ်ကြပ်ကြီးများက အလှည့်ကျ တန်းစီကြရ၏။

အခြားတပ်ကြပ်ကြီးများ အလှည့်တွင်တော့ မည်သို့ ထူးခြားမှုရှိသည် မသိရပေ။ ကျွန်တော်အလှည့်ကျ၍ ညအချိန် တန်းစီလူစစ်တိုင်း၌ သုသာန်ဟောင်းနှင့် ပတ်သက်ပြီး တစ်ခုခု အမြဲကြားနေခဲ့ရ၏။

သုသာန်တွင်းမှ မတ်တတ်ရပ်ပြခြင်း၊ သုသာန်အနီး ပိတောက်ပင်ပေါ်မှ ဖောက်ထိုးလုပ်ပြခြင်း၊ ရဲဘော်များနောက်မှ လိုက်၍ ပြေးလိုက်လာ၍ ပြေးခဲ့ရခြင်းနှင့် အနီရောင်ဝမ်းဆက်ဝတ်ထားသောမိန်းကလေးတစ်ယောက်အား တွေ့ရခြင်းများဖြစ်၏။

ရဲဘော်များထံမှ သုသာန်ဟောင်းနှင့် ပတ်သက်၍ ခြောက်လှန့်မှုများအား အမြဲလိုလို ကြားနေခဲ့ရသော်လည်း ကျွန်တော်ကတော့ ကိုယ်တွေ့မကြုံ၍ မယုံချင်ခဲ့ပါ။

တစ်ညတွင် ဌာနချုပ်တပ်ခွဲအား တန်းစီလူစစ်ရန် ကျွန်တော်တာဝန်ကျ၍ အချိန်ကိုကြည့်လိုက်ရာ ည(၈)နာရီ(၄၅)မိနစ်ရှိပြီ ဖြစ်ကြောင်း တွေ့ရ၏။

ကျွန်တော်က ယူနီဖောင်းဝတ်လိုက်ပြီး တန်းစီရန်အချိန် လိုသေးသဖြင့် တန်းစီမည့်နေရာ၌ ကုလားထိုင်တစ်လုံးချ၍ ထိုင်နေလိုက်၏။ ထိုစဉ်တွင် တပ်ခွဲ(၃) လူပျိုဆောင်ဘက်မှ ဆူဆူညံညံအသံများ ကြားလိုက်ရ၏။

ထို့ကြောင့် ဌာနချုပ်တပ်ခွဲမှ တန်းစီရန်စောင့်နေသည့် တပ်သား သိန်းငွေအား သွား၍ စုံစမ်းရန် လွှတ်လိုက်၏။ ခဏအကြာတွင် တပ်သား သိန်းငွေ ပြန်ရောက်လာ၏။ ယင်းမှ...

'ဆရာကြီး... တပ်ခွဲ(၃)တပ်ခွဲမှူးက သူ့ရဲဘော်တွေ စုံ,မစုံ လာကြည့်တာတဲ့၊ အဲဒီ သုသာန်ဟောင်းထဲမှာ ဗိုလ်ကြီးရဲ့ စက်ဘီးကို ဘာမှမမြင်ရတဲ့ ပရလောကသားက ဆွဲထားလို့ ဗိုလ်ကြီးလဲ စက်ဘီးပေါ်က ဆင်းပြေးလာခဲ့ရတယ်တဲ့'

'ဒါနဲ့...ဘာလို့ ဆူဆူညံညံ ဖြစ်နေရတာလဲကွ'

'အဲဒီအကြောင်းကို ဗိုလ်ကြီး ပြောပြလို့ ရဲဘော်တွေက မီးတုတ်တွေယူပြီး သုသာန်ဟောင်းဘက်ကို စက်ဘီး သွားကောက်ကြတာတဲ့ ဆရာကြီး'

'အေး... အေး... သူတို့ပြန်အလာကို စောင့်ကြည့်ကြတာပေါ့ကွာ။ ကဲ...ကဲ တို့တပ်ခွဲတန်းစီမယ်ဟေ့'

ဟု ပြောကာ ခရာမှုတ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

တန်းစီစေလိုက်၏။ လူစစ်ပြီး လူစုံသဖြင့် တန်းဖြုတ်ပေးကာ အားလုံးကို အိပ်ခိုင်းလိုက်ရ၏။ တပ်ခွဲ(၃)မှ လွဲ၍ အခြားတပ်ခွဲများလဲ တန်းစီလူစစ်ကြ၏။

မကြာမီတွင် တပ်ခွဲမှူး ဗိုလ်ကြီးသန်းထိုက်၏ စက်ဘီးကို သွားကောက်သောရဲဘော်များမှာ မီးတုတ်များဖြင့် ပြန်လာသည်ကို တွေ့ရ၏။

ဗိုလ်ကြီး၏ စက်ဘီးကိုလည်း ရဲဘော်တစ်ယောက်မှ တွန်းယူလာသည်ကို တွေ့ရ၏။ ထို့နောက် တပ်ခွဲ(၃)အား တန်းစီ၍ တပ်ခွဲမှူးထံ တန်းအပ်သည်ကို တွေ့ရ၏။

တပ်ခွဲမှူးမှ ရဲဘော်များအား စည်းကမ်းလိုက်နာရန် ညအချိန် တန်းစီပျက်ကွက်က နောက်နေ့တွင် အပြစ်ပေးခံရမည် ဖြစ်ကြောင်းနှင့် သုသာန်ဟောင်းကို ညအချိန် ဖြတ်သွားရာ၌ တစ်ယောက်တည်း မသွားဘဲ အဖွဲ့ဖြင့်သာ သွားကြရန် မှာကြားနေသည်ကို ကြားနေရ၏။

ထို့နောက် တန်းဖြုတ်ခိုင်းလိုက်ပြီး ဗိုလ်ကြီးမှ ပြန်ရန်အတွက် စက်ဘီးယူလာဖို့ ပြောလိုက်၏။

တပ်ခွဲမှ ဆရာများနှင့် ရဲဘော်များက ဗိုလ်ကြီးအားသုသာန်အလွန်အထိ လိုက်ပို့ကြမည်ဟုပြောကာ မီးတုတ်များပြင်ဆင်ကာ လိုက်ပို့ကြ၏။

ရဲဘော်(၁)ယောက်က ဗိုလ်ကြီး၏စက်ဘီးကို တွန်းသွားသည်ကိုလည်းတွေ့ရ၏။ ဗိုလ်ကြီးမှာ မိသားစုနှင့်ဖြစ်၍ တပ်တွင်း၌ နေစရာအဆောက်အဦး မရှိသောကြောင့် ရွာထဲတွင် အိမ်ငှားနေခြင်း ဖြစ်၏။

မိနစ်(၃၀)ခန့်အကြာတွင် လိုက်ပို့သောရဲဘော်များ ပြန်လာကြသည်ကို တွေ့ရ၏။ အချိန်မှာလည်း ည(၁၀)ဆယ်နာရီကျော်ပြီဖြစ်သဖြင့် ကျွန်တော်လည်း မိမိအိပ်ယာသို့ ဝင်၍ အိပ်လိုက်တော့၏။

နောက်နေ့မှစ၍ တပ်ခွဲ(၃)တပ်ခွဲမှူး ဗိုလ်ကြီးသန်းထိုက်၏ သတင်းမှာ တပ်တွင်း၌ ပျံ့နှံ့သွားတော့၏။

အခြား တပ်ခွဲမှူးများမှလည်း မိမိတို့တပ်ခွဲများအလိုက် ရဲဘော်များအား ညအချိန် သုသာန်ဟောင်းထဲတွင် ဖြတ်သွားရာ၌ အစုအဖွဲ့ဖြင့်သာ သွားလာကြရန် သတိပေးပြောကြားကြ၏။

ထို့ကြောင့် ရဲဘော်များမှာ သုသာန်ဟောင်းကို ဖြတ်ကျော်ရာ အဖွဲ့လိုက်ဖြင့်သာ သွားလာကြတော့၏။ ထို့ကြောင့် သုသာန်ဟောင်းမှ ပရလောကသားများ၏ ခြောက်လှန့်ခြင်း သတင်းကို မကြားရတော့ချေ။

တစ်လလောက် ကြာသည်အထိ သုသာန်ဟောင်း၏ အခြောက်အလှန့်ကတော့ ရပ်တန့်သွားခဲ့ရသည်ဟု ဆိုရပါမည်။



သို့သော်လည်း (၁)လကျော်ခန့် အကြာတွင် သုသာန်ဟောင်းမှ ပရလောကသား (ခွေးသရဲ)နှင့် "နဖူးတွေ့ဒူးတွေ့" တွေ့ရသူကတော့ ကံဆိုးသူ "မောင်ရှင်"မဟုတ်ဘဲ ကံဆိုးသူ "ကျွန်တော်"သာလျှင် ဖြစ်ခဲ့ရလေ၏။

ထိုနေ့ညနေက ကျွန်တော်တို့ တပ်ကြပ်ကြီး (၄)ယောက်သည် ချိန်းဆိုကြကာ မုဒုံမော်လမြိုင်သွားသော လမ်းဘေးရှိ စားသောက်ဆိုင်သို့ ရောက်ရှိလာခဲ့ကြ၏။ ကျွန်တော်(လက်ဖြောင့်တပ်ကြပ်ကြီး)နှင့် ဆေးတပ်ကြပ်ကြီးအေးမောင်၊ ဆက်သွယ်ရေးတပ်ကြပ်ကြီး စိုးဝင်း၊ ထောက်လှမ်းရေး တပ်ကြပ်ကြီး ဦးထွန်းလှတို့ ဖြစ်ကြ၏။

ကျွန်တော်တို့က တနင်္ဂနွေ ရုံးပိတ်ရက်ဖြစ်၍ လွတ်လွတ်လပ်လပ်ပင် သောက်စားခဲ့ကြ၏။ အားလုံးရေချိန်ကိုက်သွားမှ ရပ်တန့်လိုက်ကြတော့၏။

ထို့နောက် ကျွန်တော်တို့(၄)ယောက် ထမင်းနှင့် စားကြရန် အမဲကြော်တုံး(၁၅)တုံးခန့် ဝယ်လိုက်၏။

ဆိုင်ရှင်မှ သတင်းစာဖြင့်ထုပ်ပြီး နှီးဖြင့်ချည်ကာ လက်ကိုင်ဆွဲရန် လုပ်ပေးလိုက်၏။ ထို့နောက်ပြန်လာခဲ့ကြရာ လမ်း၌ တပ်ကြပ်ကြီး စိုးဝင်းမှ...

'ဟေ့...ဆရာကြီးတို့ ရွာထဲမှာ ဒီည ဇာတ်ပွဲရှိတယ်ဗျ။ သွားကြ

www.burmeseclassic.com

ကြမလား'

ဟု မေးရာ တပ်ကြပ်ကြီး အေးမောင်မှ....

'ကောင်းတာပေါ့ဗျာ။ အပျင်းပြေသွားကြတာပေါ့။ ဆရာကြီး ဦးထွန်းလှနဲ့ ဆရာကြီး မောင်စိုးရော ဘယ်လိုလဲဗျ... သွားကြမလား။ အချိန်က ည(၈)နာရီရှိပြီဗျ'

'သွားမယ်ဗျို့...၊ ကျွန်တော်လဲ လိုက်မယ်။ ဆရာကြီး မောင်စိုးရော ဘယ်လိုလဲဗျ'

'ကျွန်တော်တော့ မလိုက်တော့ပါဘူးဗျာ။ ဒီည တန်းစီ လူစစ်က ကျွန်တော့်တာဝန်ဗျ။ ခင်ဗျားတို့ပဲ သွားကြပါ။

ကျွန်တော် ထမင်းလဲ ဆာနေပြီ။ အမဲသားကြော်ထုပ် ပေးလိုက်ပါ။ ကျွန်တော် ယူသွားမယ်။ ခင်ဗျားတို့ပြန်လာရင် စားဖို့ ချန်ထားလိုက်မယ်လေ'

'ဒီလိုဆိုလဲ ကျွန်တော်တို့ (၃) ယောက်သွားတော့မယ်။ ရော့... အမဲသားကြော်ထုပ်'

ဟု ပြောကာ တပ်ကြပ်ကြီးစိုးဝင်းက သူ့လက်ထဲမှ အမဲသားကြော်ထုပ်ကို ကျွန်တော့်အား လှမ်းပေးလိုက်ပြီး သူတို့(၃)ယောက်မှာ ရွာတွင်းသို့ ဇာတ်ပွဲကြည့်ရန် ဝင်သွားကြတော့၏။

ကျွန်တော်လည်း အမဲသားကြော်ထုပ်ကို လက်ကိုင်မှဆွဲ၍ ကျွန်တော်တို့ တပ်ဘက်ဆီသို့ ပြန်လာခဲ့၏။

လမ်းတစ်လျှောက်တွင် လူငယ်လူရွယ်များ၊ အုပ်စုအလိုက်ဖြင့် ဇာတ်ပွဲဆီသို့ သွားနေကြသည်ကို တွေ့ရ၏။

ကျွန်တော်လည်း လမ်းလျှောက်လာရင်းဖြင့် လူပျိုလိုင်းဘက်သို့ဝင်ရာ လမ်းခွဲသို့ ရောက်ရှိလာခဲ့၏။ လမ်းခွဲမှ လူပျိုလိုင်းဂိတ်ပေါက်သို့ ဂိုက်(၁၅၀၀)ခန့် ဝေးလောက်၏။

ကျွန်တော်သည် လမ်းခွဲမှ ဝင်လာရင်းဖြင့် ဂိုက်(၅၀၀)ခန့်အရောက်တွင်ဘေးပတ်ဝန်းကျင်သို့ကြည့်လိုက်ရာလဆန်း(၁၀)ရက်ခန့်ရှိပြီဖြစ်သော လမင်းကြီး၏အလင်းရောင်အောက်၌ ကျိုးတိုးကျဲ အုတ်ဂူများကို တွေ့မြင်ရ၏။

သုသာန်ဟောင်းသို့ ရောက်ရှိလာပြီဆိုသောအသိဖြင့် သောက်လာသောအမူးများပင် ပြေမလိုဖြစ်ရပြီး ကျောချမ်းသလိုလည်း ဖြစ်ခဲ့ရ၏။

ကျွန်တော်က ဆိတ်ငြိမ်သော သုသာန်ဟောင်းလမ်း တစ်လျှောက်တွင် ကျိုးကန်းတောင်းမှောက် ကြည့်ရင်းဖြင့် လျှောက်လှမ်းလာခဲ့ရာ ကျွန်တော်စီးထားသော ဖိနပ်သံသည်ပင်ကျယ်လောင်လွန်းလှသည်ဟု ထင်မှတ်ရ၏။

ထိုသို့ ဟိုသည်ကြည့်ရင်းလာခဲ့ရာ ရုတ်တရက် အုတ်ဂူများကြားထဲမှ ခွေးမည်းမည်းကြီးတစ်ကောင် ပြေးထွက်လာသည်ကို တွေ့မြင်ရ၏။

ထို ခွေးမည်းမည်းကြီးမှာ ကျွန်တော့်နောက် ခပ်လှမ်းလှမ်းမှ လိုက်လာသည်ကို တွေ့ရ၏။ ခွေးမှာ သာမန်ခွေးများနှင့်မတူဘဲကျွန်တော်၏ ခါးလောက်အရပ်မြင့်ပြီး မျက်လုံးများမှာလည်း နီရဲနေသည်ကို မြင်ရ၏။ ထိုခွေးမည်းကြီးထံမှ မှျင်ငါးပိကို မီးဖုတ်ထားသကဲ့သို့သော အနံ့ကိုလည်း ရနေပြန်၏။

ဤသည်မှာ သာမန်ခွေး မဟုတ်နိုင် **"ခွေးသရဲ"**ဖြစ်မည်ဟု စဉ်းစားမိလိုက်သည်နှင့် ကျွန်တော့်မှာ ကြက်သီးများ တဖြန်းဖြန်းထကာ ချွေးသီးချွေးပေါက်များလည်း ကျဆင်းလာခဲ့ရ၏။

ထိုခွေးမှာ သုသာန်ဟောင်းကို ကျော်လွန်ပြီး ဆက်လိုက်လာခဲ့၏။ ကျွန်တော်က တကောက်ကောက်လိုက်နေသော ခွေးမည်းကြီးအား...

'ဟေ့...ခွေးမည်းကြီး ငါ့လမ်းငါသွားတာ မနှောင့်ယှက်ပါနဲ့။ မင်းလမ်းကို မင်းသွားပါ'

ဟု ပြောကာသွက်သွက်လျှောက်လှမ်းနေ၏။သို့သော်လည်း ခွေးမည်းကြီးကတော့ ဆက်၍ လိုက်လာနေဆဲပင်။

ကျွန်တော့်ကို ဘယ်တော့များ ခုန်အုပ်လိုက်မလဲဟု တွေးမိကာ သတိလည်း ထားနေရသေး၏။ ကျွန်တော်သည် စစ်သားခြေလှမ်းဖြင့် "လှမ်းကျဲ" လှမ်းကာ လျှောက်နေသော်လည်း ခွေးမည်းကြီးကတော့ မလှမ်းမကမ်းမှ လိုက်လာနေဆဲပင်။

ဤအချိန်တွင် ရဲဘော်များ အုပ်စုလိုက် ထွက်မလာကြသည်ကလည်း ထူးဆန်းနေရ၏။ သုသာန်ဟောင်း အလွန် ပိတောက်တန်းတွင် ကျွန်တော် တစ်ယောက်တည်း လျှောက်လှမ်းနေဆဲပင်ဖြစ်၏။

ထိုသို့ လျှောက်လှမ်းလာရင်းဖြင့် လူပျိုလိုင်းဂိတ်နှင့် ဂိုက်(၅၀)ကျော်ခန့်အကွာသို့ ရောက်ရှိလာခဲ့၏။

ခွေးသရဲကြီးကတော့ လိုက်လာနေဆဲပင်။ ကျွန်တော်သည် စိတ်ကူးရသွား၍...

'ဟေ့...ဂိတ်ကရဲဘော်တွေ လာကြပါဦး



www.burmeseclassic.com

www.burmeseclassic.com

ဝိနောက်ကို ခွေးသရဲလိုက်နေလို့ပါ'

ဟု (၃/၄)ကြိမ်ခန့် အသံကုန်အော်၍ အကူအညီ တောင်းနေမိတော့၏။ အော်ရင်းနှင့်လည်း ခွေးသရဲကြီးအား ကြည့်နေရသေး၏။ ထိုအချိန်တွင် စစ်ဖိနပ်သံ တဘုတ်ဘုတ်ဖြင့် ပြေးလာနေကြသော ရဲဘော်များ၏အသံအားကြားရ၏။

ရဲဘော်များ ရောက်ခါနီးတွင် ကျွန်တော့်နောက်သို့ တကောက်ကောက်လိုက်နေသော ခွေးသရဲမှာ ရုတ်တရက် ပျောက်ကွယ်သွားလေ၏။

ကျွန်တော့်ဆီသို့ အကူအညီ ပေးရန် ပြေးလာသော ရဲဘော်များမှ တစ်ယောက်က လရောင်အောက်တွင် ကျွန်တော့်ကိုကြည့်ကာ...

"ဆရာကြီးမောင်စိုးပါလား...ခွေးသရဲကြီးက ဘယ်မှာလဲဆရာကြီး'

'ဖော်မင်းရေ... ပြန်ရင်းနဲ့ ပြောကြတာပေါ့။ မင်းတို့လာမှ ခွေးသရဲက ပျောက်သွားတာကွ။ ကိုယ်ရောင်ဖျောက်သွားပေမယ့် သူ့ရဲ့အနံ့ကတော့ ရနေသေးတယ်ကွ။ ဟိုကွာ အနံ့က "မျှင်ငါးပိ"ကို မီးဖုတ်နေတုန်း ထွက်တဲ့အနံ့နဲ့တူတယ်။ မင်းတို့ရော အနံ့မရကြဘူးလား'

ကျွန်တော်တို့လည်း အဲဒီအနံ့ရကြတယ် ဆရာကြီး၊ ဒါထက် ဆရာကြီးလက်ထဲက ဘာထုပ်ကြီးလဲ'

ဟု ဖော်မင်းကမေးပြီး ကျန်ရဲဘော်(၃)ယောက်ကလည်း စိတ်ဝင်စားစွာ ကြည့်နေကြ၏။ ထိုအခါ ကျွန်တော်လည်း လက်တွင်ကိုင်ထားသောအထုပ်ကို သတိပြုမိရ၏။

'သြော်...ဒါက အမဲသားကြော်ထုပ်ပါကွာ။ တို့ဆရာကြီး အဖွဲ့တွေ ထမင်းနဲ့စားဖို့ ဝယ်လာတာပါ'

'ဟာ... အဲဒါကြောင့်ပေါ့ဆရာကြီးရယ်။ ခွေးသရဲက အမဲသားကြော်စားချင်လို့ လိုက်လာတာ ဖြစ်ရမယ်။ ပေး...ပေး ဆရာကြီး ကျွန်တော် "အစွဲ"ပစ်လိုက်မယ်'

ဟု ဆိုကာ ရဲဘော်ဖော်မင်းက ကျွန်တော့်လက်ထဲမှ အမဲသားကြော်ထုပ်အား ယူလိုက်ပြီး နှီးများဖြည်ကာ အတွင်းမှ အမဲသားကြော်(၃)တုံးကို ယူလိုက်၏။

ပြီးနောက် အထုပ်ကို ကျွန်တော့်အားပြန်ပေးသဖြင့် ပြန်ထုပ်ပြီး နှီးဖြင့်ချည်လိုက်၏။ ရဲဘော်ဖော်မင်းက လက်တွင် အမဲသားကြော်တုံးများကို ကိုင်ကာ...

'အသင်ခွေးသရဲ ဒီအမဲသားကြော်တုံးများကို စားပြီးပြန်ပါ။ ဘယ်သူ့ကိုမှ မနှောင့်ယှက်ပါနဲ့'

ဟု ပြောဆိုကာ အမဲသားကြော်တုံးများကို ကျွန်တော့်လာခဲ့သည့် သုသာန်ဟောင်းဘက်သို့ အားကုန်လွှဲ၍ ပစ်လိုက်လေ၏။

အမဲသားကြော်တုံးများ ပစ်လိုက်ပြီး နောက်ကွယ်တွင် ကျွန်တော်တို့ ရနေသော သရဲ၏အနံ့ (သို့မဟုတ်) မျှင်ငါးပိမီးဖုတ်အနံ့မှာလည်းပျောက်သွားတော့၏။

ရဲဘော်များ ကင်းစောင့်နေသော ဂိတ်ပေါက်ဝအရောက်တွင် အမဲကြော်တုံးများ ပစ်လိုက်သောနေရာသို့ တစ်ချက်လှမ်းကြည့်လိုက်ရာ အမဲကြော်တုံးများအား စားပြီး၍ သုသာန်ဟောင်းဘက်သို့ တရွေ့ရွေ့ဝင်သွားပြီး ပျောက်ကွယ်သွားသော ခွေးသရဲကြီးအား တွေ့လိုက်ကြရ၏။

ရဲဘော်များကို ည(၉)နာရီတွင် တန်းစီလူစစ်ပြီးနောက် ရင်တုန်ပန်းတုန်ဖြစ်သဖြင့် ထိုည ထမင်းပင် မစားဖြစ်တော့ပေ။

နောက် မကြာမီလများအတွင်း၌ သက်ဆိုင်ရာမှ သုသာန်ဟောင်းအတွင်းရှိ ဝိညာဉ်များကို သုသာန်သစ်သို့ တရားဝင်ရွှေ့ပြောင်းပေးကြပြီး အုတ်ဂူများကိုလည်း ရွှေ့ပြောင်းပေးလိုက်ကြပါ၏။

သုသာန်ဟောင်းသည် ရှင်းလင်းသွားပြီး မင်းမိန့်အာဏာကြောင့် ပရလောကသားများလည်း ခြောက်လှန့်မှု မရှိတော့ပါချေ။

ကျွန်တော်တို့၏ လူပျိုလိုင်းစီ... မှ ရွာတွင်းသို့ စားသောက်၊ လည်ပတ်၊ အငြိမ့်ဇာတ်များကြည့်... သွားကြသော ရဲဘော်များမှာလည်း အန္တရာယ်ကင်းစွာဖြင့် သွားလာ... ကြပြီဖြစ်၏။

ကျွန်တော့်အလှည့် ည(၉)နာ... တန်းစီ လူစစ်တိုင်း သုသာန်ဟော... အကြောင်းအား "စနည်းနာ"... ရာတွင်လည်း တစ်ဦးတစ်ယော... ပင် ပရလောကသားများ၏ ခြော... လှန့်မှုခံရကြောင်းကို မကြား... ချေ။

သို့သော်လည်း ကျွန်တော်... တော့ ထိုလမ်းမှ တစ်ယောက်... ဖြစ်မသွားတော့ပါကြောင်း ... စွာ ဝန်ခံရေးသားအပ်ပါ၏။

ဦးစိုး (မတ္တရာ)



www.burmeseclassic.com

www.burmeseclassic.com

အသက်ဝင်နေသော

# သစ်ဒိုလုံးရုပ်

ကိုဝင်းတင် (လယ်လှ)
(အထက်မင်းလှ)



ကွေးတိုင်းဒေသကြီး၊ အထက် ...မြို့နယ်၊ ကုန်းတန်းကျေးရွာမှ ...လွင်နှင့် မသန်းအေးတို့ ...သည် မိရိုးဖလာ တောင်သူ ...ကို ရိုးသားကြိုးစားစွာ ရှာဖွေ စားသောက်နေသော မိသားစုလေး တစ်စုဖြစ်ပါသည်။

ထိုသို့ လုပ်ကိုင်ရှာဖွေ စားသောက် နေသော တစ်နေ့မှာ ကိုစန်းလွင် တစ်ယောက် ယာစည်းရိုးအစပ် ဒဟတ်ပင်ကြီးပေါ်၌ သူစိုက်ထား သော ပဲပင်မှ ပဲသီးများ များပြားစွာ သီးနေသည်ကို တွေ့ရသဖြင့် ပဲသီး ခူးရန် ဒဟတ်ပင်ပေါ်သို့ လှမ်းတက် လိုက်စဉ် ဒဟတ်ပင် အခေါင်းထဲမှ နေ၍...





www.burmeseclassic.com

www.burmeseclassic.com

'ဒေါက်...ဖောက်...ဘုတ်'

ဟူသော ပစ္စည်းတစ်ခု ပြုတ်ကျသံကို ကြားရသဖြင့် ဒယ်ဘတ်ပင်အောက်သို့ ငုံ့ကြည့်လိုက်ရာ...

'ဟင်...ရုပ်တုလေးတစ်ခုပဲ ဘာရုပ်ကလေးပါလိမ့်'

ထိုသို့တွေးကာ ပဲသီးခူးရန် ဒယ်ဘတ်ပင်ကြီးပေါ်သို့ ဆက်မတက်တော့ဘဲ အောက်ပြန်ဆင်းပြီး အရုပ်ကလေးကို ကောက်ကိုင်ကြည့်လိုက်ရာ လေးလက်မအရွယ် ဘီလူးရုပ်ကလေးတစ်ရုပ် ဖြစ်နေသည်ကို တွေ့လိုက်ရပါသည်။

'တော်တော်လှတဲ့ ဘီလူးရုပ်ကလေးပါလား။ အိမ်မှာထားဖို့ ယူခဲ့မှပဲ'

ဟု စိတ်ထဲမှ မှတ်ချက်ချကာ လွယ်အိတ်ထဲထည့်ကာ အိမ်သို့ ပြန်လာခဲ့ပါသည်။

အိမ်ရောက်သောအခါ ဘယ်သူကိုမှ အသိမပေးဘဲ ဘီလူးရုပ်တုကလေးအား ကျွန်းသေတ္တာထဲ ထည့်၍ သိမ်းထားလိုက်ပါသည်။

ည လူခြေတိတ်ချိန်သို့ ရောက်သောအခါ ကိုစန်းလွင်တို့ တစ်မိသားစုလုံး အိပ်မောကျနေစဉ်...

'ဟေ့ကောင်...ငါ့ကို ငါ့နေရာကို ပြန်ပို့။ ပြန်မပို့ရင် မင်းတို့ တစ်မိသားစုလုံးကို ငါစားမှာနော်'

ကျွန်းသေတ္တာထဲက ဘီလူးရုပ်ကလေးက ကိုစန်းလွင်အား အော်ပြောသံကို ကြားရသဖြင့် ကိုစန်းလွင် လန့်နိုးလာစဉ် ကျွန်းသေတ္တာထဲမှ...

'ဒုန်း...ဒုန်း'

ဟူသော အသံကိုပါ ကြားနေရ



ပါသည်။ ကိုစန်းလွင်သည် သေတ္တာဆီမှ ''ဒုန်း...ဒုန်း'' သံမှာ ကြွက်များ ပြေးလွှားရင်း ခိုက်မိသံဟု ထင်နေပြီး အိပ်မက်အား ပြန်အမှတ်ရကာ...

'အင်း... ငါဘီလူးရုပ်ကလေး တွေ့တာကို စိတ်စွဲပြီး အိပ်မက်မက်တာနေမှာပါ'

ဟု စိတ်မှာ တွေးပြီး ပြန်၍ အိပ်ရာဝင်ခဲ့ရာ ခဏ၌ပင်...

'ဟေ့ကောင်...မနက်ကျရင် ငါ့ကို ငါ့နေရာပြန်ပို့။ မပို့ရင် ငါမင်းတို့ တစ်မိသားစုလုံးကို စားမှာနော်'

ဟူသော အသံနှင့်အတူ ကျွန်းသေတ္တာထဲမှလည်း...

'ဒုန်း...ဒုန်း'

နှင့် မြည်သံကိုပါ ထပ်မံ၍ ကြားလိုက်ရစဉ် ဦးရေများ တင်းလာကာ ဆံပင်များပင် ထောင်သွားသလားဟုပင် ထင်မှတ်ရလိုက်ပါသည်။

'အင်း...ငါတွေ့ခဲ့တဲ့ သစ်သားဘီလူးရုပ်ကလေးက အသက်ဝင်နေတဲ့ ဘီလူးရုပ်ကလေးလား မသိပါဘူး။ မဖြစ်ဘူး ဒါဆိုရင် ငါ့မိသားစုမှာ အန္တရာယ်ရှိလာနိုင်တယ်။ မနက်ပြန်ကျရင် သူ့နေရာကို ပြန်ပို့မှပဲ'

ဟု စိတ်ထဲမှ တွေးပြီး ပြန်လည် အိပ်ရာဝင်ခဲ့ပါသည်။ ထိုအချိန်ကျမှသာ ဘာသံမှ မကြားရတော့ဘဲ ကောင်းမွန်စွာ အိပ်ပျော်သွားခဲ့ပါသည်။

မနက်အချိန်သို့ ရောက်သောအခါ ယာထွန်သွားရန်အတွက် ထွန်တင်၊ ထမ်းပိုးတင်၊ ရေဘူးတင်၊ ထမင်းထုပ်တင်နှင့် အလုပ်ခွင်သွားရန်အတွက်သာ စိတ်စောပြီး ထိုသစ်သားဘီလူးရုပ်ကလေး ပြန်ပို့ရန်ကိစ္စကို မေ့သွားခဲ့သဖြင့် ဘီလူးရုပ်ကလေးမှာ ကျွန်းသေတ္တာကြီးထဲမှာပင် ကျန်နေခဲ့ပါသည်။

ယာသို့ရောက်သောအခါ ယာထွန် ပေါင်းကောက်နှင့်သာ အချိန်ကုန်လွန်ကာ အိမ်ပြန်ချိန်ရောက်မှ နွားများကို ထွန်မှဖြုတ်၍ လှည်းမှာ ချည်ထားပြီး...

'အင်း... ညနေစာ ဟင်းချက်ဖို့ ပဲသီးခူးဦးမှ ဟာ... ငါခုမှ သတိရတယ် သေတ္တာထဲမှာ ဘီလူးရုပ်ကလေး မေ့ကျန်နေခဲ့တာပဲ။ မတတ်နိုင်ဘူးလေ မနက်ရောက်မှပဲ သူ့နေရာကို ပြန်ထားရတော့မှာပဲ'

ဟု တွေးကာ ပဲသီးခူးရန် ဒယ်ဘတ်ပင်ကြီးပေါ်သို့ တက်သွားခဲ့ပါတော့သည်။

* * *

'တစ်နာရီလောက် ထိုင်ပြီးနေပြီ ကိုစန်းလွင် ယာတောသွားတာ ခုအချိန်ထိ မရောက်သေးဘူး။ ဘာများ ဖြစ်နေသလဲ မသိပါဘူး'

မသန်းအေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တောသို့သွားသော လင်ယောကျ်ားဖြစ်သူ ပြန်ရောက်ချိန်မှာ ပြန်ရောက်မလာသဖြင့် စိတ်ပူနေပါတော့သည်။

'မဖြစ်သေးပါဘူး အဖော် တစ်ယောက်လောက်ခေါ်ပြီး လိုက်သွားဦးမှပါ'

ဟု တွေးကာ မသန်းအေးသည် အိမ်နီးချင်း မိန်းကလေး တစ်ယောက်ကို အဖော်ခေါ်ကာ ယာတောသို့ လိုက်သွားခဲ့ပါသည်။ ယာတောသို့ ရောက်သောအခါ နွားများမှာ လှည်း၌ ချည်နှောင်ထားသည်ကိုသာ တွေ့ရပြီး လူကို မတွေ့ရသဖြင့်...

'ကိုစန်းလွင်...ကိုစန်းလွင်ရေ'

လှမ်းခေါ်သော်လည်း ပြန်ထူးသံကိုကား မကြားရပေ။ ထိုသို့ ပြန်ထူးသံကို မကြားရသဖြင့် ပါးစပ်မှလဲအော်ခေါ်၊ နီးရာပါးရာလဲ လိုက်ရှာနှင့် ရှာလာခဲ့ရာ ပဲနွယ်များ တက်နေသော ဒဟတ်ပင်ကြီးအောက်သို့ ရောက်သောအခါ...

'ဟင်...ဒီမှာ ကိုစန်းလွင် ဖိနပ်ပါလား'

ဒဟတ်ပင်အောက်၌ ချွတ်ထားသော ကိုစန်းလွင်ဖိနပ်ကို တွေ့ရသဖြင့် ဒဟတ်ပင်ပေါ်သို့ မော့ကြည့်လိုက်ရာ

'ဟင်'

ကမ္ဘာမြေကြီး အိုးထိန်းစက်ပမာ ချာလည်သွားသလားပင် ထင်လိုက်ရပါသည်။

ကိုစန်းလွင်ခမျာ ဘယ်လိုမှ ကြည့်ရက်၊ မမြင်ရက်စရာ ဒဟတ်ခွကြား၌ ခေါင်းညှပ်ကာ ခြေထောက်နှင့် ကိုယ်လုံးတို့မှာ တွဲလောင်းကြီးဖြင့် ဆွဲကြိုးချသေနေသူများကဲ့သို့ မျက်လုံးကြီးများ ပြူးထွက်၍ အသက်ပျောက်နေပါတော့သည်။

'အမယ်လေး...လာကြပါဦး ကယ်ကြပါဦး'

မသန်းအေးတစ်ယောက် ပဗ္ဗာမြေလူး အရှူးမီးဝိုင်းဖြင့် အရှေ့ပြေးအော်လိုက်၊ အနောက်ပြေး အော်လိုက် ဖြစ်နေပါတော့သည်။

'အစ်မ... ဒီအတိုင်း နေလို့မဖြစ်သေးဘူး။ ရွာကိုပြန်ပြီး လူသွားခေါ်ရအောင်၊ အစ်မရော ပြန်လိုက်မလား၊ ဒါမှမဟုတ် ဒီမှာပဲ နေခဲ့မလား'

အဖော်ပါလာသော ကောင်မလေးက ပြောမှပင် မသန်းအေး တစ်ယောက် သတိပြန်ဝင်လာကာ...

'အေး...အေး ရတယ်၊ နင်ရွာပြန်ပြီး ရွာလူကြီးကို အကျိုးအကြောင်း ပြောပြလိုက်နော်၊ ငါဒီမှာပဲ စောင့်နေခဲ့မယ်'

ထိုသို့ ပြောအပြီး အဖော် ကောင်မလေးမှာ အပြေးတစ်ပိုင်းနှင့် ရွာသို့ ပြန်လာကာ ရွာလူကြီးအား အကျိုးအကြောင်း ပြောပြလိုက်ရာ ရွာလူကြီးမှ စီစဉ်စရာရှိတာ စီစဉ်၍ ရွာမှ လူအများဖြင့် တောထဲသို့ လိုက်လာခဲ့ကြပါသည်။

ယာတောသို့ ရောက်သောအခါ ဒဟတ်ပင်ခွကြား၌ ခေါင်းညှပ်၍ တွဲလောင်းကြီး အသက်ပျောက်နေသော ကိုစန်းလွင်၏ အလောင်းအား လူနှစ်ယောက်၊ သုံးယောက်နှင့် တက်ဖြုတ်ကာ အောက်သို့ သယ်ယူခဲ့ကြပြီး ရွာလူကြီးမှ...

'အင်း... ပဲသီးခူးရင်း လိမ့်ကျရာက ဒဟတ်ပင်ခွကြား ခေါင်းညှပ်ပြီး သေနေတာပဲ။

ဘယ်လိုပဲဖြစ်ဖြစ် တို့ရပ်ရွာဓလေ့အတိုင်း တောထဲမှာ သေတဲ့လူကို ရွာပြန် မသယ်ကောင်းဘူး။ တောထဲမှာပဲ မြှုပ်ရအောင် ရွာသားတွေက လုပ်စရာရှိတာသာ လုပ်ကြတော့'

ရွာလူကြီးစကား ဆုံးသောအခါ ကျင်းတူးသူက တူး၊ အလောင်းပြင်သူက ပြင်ပြီး ထိုနေရာ၌ပင် ကိုစန်းလွင်အား မြေမြှုပ် သင်္ဂြိုဟ်ခဲ့ကြပါသည်။

မသန်းအေးခမျာ နေရာ၌ပင် ငိုရင်း ပျော့ခွေကျသွားရာ နှာနှပ်သူက နှပ်၊ ထိပ်မှုတ်သူက မှုတ်၍ သူတို့လှည်းနှင့်ပင် ရွာသို့ ပြန်သယ်လာခဲ့ရပါသည်။

ညအချိန်သို့ ရောက်သောအခါ မသန်းအေးမှာ ငိုထားရသဖြင့် ခေါင်းများ မူးဝေ၍ အိပ်ပျော်သွားစဉ် အိပ်မက်ထဲ၌ ဘီလူးကလေး တစ်ကောင်က သူ့အား လက်ညှိုး ထိုး၍...

'ငါ့ကို ငါ့နေရာကို ပြန်ပို့ပေး၊ ပြန်မပို့ရင်



www.burmeseclassic.com

www.burmeseclassic.com

နှင့်ကိုလဲ ငါစားမှာ'

ထိုသို့ ပြောပြီး ပျောက်သွားစဉ် ကိုစန်းလွင်ရောက်လာကာ...

'မယ်သန်း... ဒီတို့ ယာအစပ် ဒဟတ်ပင်အောက်က သစ်သားဘီလူးရုပ်ကလေး တွေ့လို့ ယူလာပြီး အိမ်က ကျွန်းသေတ္တာထဲမှာ ထည့်ထားတာ၊ အဲဒီအရုပ်ကလေးက ငါ့ကို သူ့နေရာကို ပြန်ပို့လို့ ပြောတာ ငါက မေ့ပြီး မပို့ခဲ့မိဘူး။ အဲဒီ ဒဟတ်ပင်ပေါ်မှာ ပဲသီးတက်ရူး တော့ ငါ့ကို တစ်ယောက်ယောက်က နောက်ကနေ တွန်းချလိုက်လို့ ငါလိမ့်ကျပြီး သေရတာ။

ငါ့ကိုတွန်းချလိုက်တာ အဲဒီဘီလူးရုပ်ကလေးပဲနေမှာ၊ အဲဒါကြောင့် တို့ယာစပ်က ဒဟတ်ပင်အခေါင်းကြီးထဲမှာ ပြန်ထားလိုက်ပါ။

နင်မသွားရဲရင် တခြား တစ်ယောက်ယောက်ကို ခိုင်းပေါ့။ ဒါမှမဟုတ် အဖော်ခေါ်သွား ဘီလူးရုပ်ကလေးကိုတော့ နင်ဘာမှ မလုပ်လိုက်ပါနဲ့ ပြန်ပို့ဖြစ်အောင်သာ ပို့လိုက်ပါ။ မဟုတ်ရင် နင့်ကိုပါ သူရန်ရှာလိမ့်မယ်'

ဟု ပြောပြီး ပျောက်ကွယ်သွားခဲ့ပါသည်။ ထိုအခါ မသန်းအေးမှာ လန့်နိုးလာစဉ် ကျွန်းသေတ္တာထဲမှ...

'ဒုန်း...ဒုန်း'

ဟူသော အသံကိုကြားရာ မသန်းအေးသည် အစတွင်...

'သေတ္တာထဲက ဘာသံပါလိမ့်'

ဟု တွေးနေစဉ် အိပ်မက်ထဲ၌ ကိုစန်းလွင်လာပြောသော စကားများအား ပြန်လည်ကြားယောင်ကာ...

'ဟင်... ဒါကိုစန်းလွင်ပြောတဲ့



သေတ္တာထဲက ဘီလူးရုပ်ကလေးက အပြင်ထွက်ချင်လို့ ခုန်ထွက်နေတဲ့ အသံပါလား ဘုရား...ဘုရား'

မသန်းအေးသည် အစပိုင်းတွင် ကြောက်စိတ်များ ဖြစ်ပေါ်လာကာ ဦးရေများတင်း၍ ဆံပင်မွေးညှင်းများပင် ထောင်သွားသလား ထင်မှတ်လိုက်ရပါသည်။ တဖြည်းဖြည်းကျမှ သတိပြန်ဝင်လာကာ...

'ငါ ဘာလို့ကြောက်ရမှာလဲ၊ တို့က လူတွေပဲ ဘုရားနဲ့ကျောင်းနဲ့ နေလာတာပဲ'

ဟုတွေး၍ ကျွန်းသေတ္တာနားသွားပြီး...

'စိတ်ချပါ ဘီလူးရုပ်ကလေးရယ် မနက်ကျရင် နင့်နေရာကိုရောက်အောင် ငါ ဆက်ဆက်ပို့ပေးပါ့မယ်၊ မနက်ရောက်အောင်တော့ ခေတ္တသည်းခံပြီး စောင့်ပေးပါဦး'

ဟု ပြောကာ မနက်မြေကျဆွမ်းသွတ်ရန်အတွက် ဆွမ်း၊ ဟင်းများ ချက်ပြုတ်နေပါတော့သည်။ မနက်အချိန်သို့ရောက်သောအခါ သံဃာ

(၃)ပါးအား အိမ်သို့ပင့်ဖိတ်ပြီး တရားနာခဲ့ပါသည်။ တရားနာပြီးသောအခါ ကျွန်းသေတ္တာထဲမှ ဘီလူးရုပ်ကလေးကို ယူ၍ ယာတောသို့ သွားပြီး ဘီလူးရုပ်ကလေးအား ဒဟတ်ပင်အခေါင်းထဲသို့ ပြန်ထည့်ကာ...

'ကိုစန်းလွင်နဲ့အတူ ဘီလူးရုပ်က... အပါအဝင် မကျွတ်မလွတ်ကြသေး... သော ဝေနေယျ သတ္တဝါအပေါင်း... ယနေ့ ကျွန်ုပ်ပြုလုပ်ခဲ့သမျှ... ကုသိုလ်ကောင်းမှု အစုစုတို့ကို အမျှ... ဝေပါတယ်။

ဝေနေယျသတ္တဝါအားလုံး သာ... အနုမောဒနာခေါ်ဆိုနိုင်ကြ၍ ကောင်း... ဘဝ ဘုံဌာနသို့ ရောက်ရှိနိုင်ကြ... အားလုံး အမျှ...အမျှ...အမျှ ... တော်မူကြပါကုန်လော့ သာဓု... သာဓု...သာဓု'

မသန်းအေးသည် မျက်ရည်... လက်နှင့် ဝိုရှိုက်ရင်း အမျှပေးဝေ... ရွာသို့ ပြန်လာခဲ့ပါတော့သည်။

ဤဖြစ်ရပ်အား ဖတ်ရှု၍ တ... ပရိသတ်များအနေဖြင့် **မိမိတို့ ...များ၌ မဆောင်သင့်သော၊ ... သင့်သောအရာများအား ဆော... ထားခြင်း၊ သိမ်းထားခြင်း... မပြုလုပ်ကြပါရန် ဆန္ဒပြုရင်း...**

***(ဖြစ်ရပ်မှန်အား ရွာ၊ လူပုဂ္ဂိုလ်... ၏ အမည်များကို လွှဲပြောင်း ရေး... ထားပါသည်။)***


***သတ္တဝါအများ ကျန်းမာ ချမ်း... ကြပါစေ။***

**ကိုဝင်းတင်(လယ်...)**
**(အထက်မင်းလှ)**

www.burmeseclassic.com

# အကျိုးဆက် အကြောင်းကံ

ခက်နွယ်





သေသေချာချာ စစ်စစ်ပေါက်ပေါက် တွေးကြည့်လျှင်တော့ ကိုတိုးချစ်တွင် ဘယ်လိုမှ အပြစ်မရှိလောက်။ ကြည့် ကိုတိုးချစ်က သူပိုင်ဘင်အမျိုးအစား ကားကလေးကို လမ်းအတိုင်း ဖြည်းဖြည်းမှန်မှန် မောင်းလာသည်။

မျက်နှာချင်းဆိုင် တူရူမှလည်း မော်တော်ဆိုင်ကယ်တစ်စီးက သူ့လမ်းကြောင်းအတိုင်းပင် မောင်းလာသည်။ ဟော... ရုတ်တရက် ဆိုင်ကယ်က ကားအနီးရောက်မှ ကားရှေ့မှတစ်ဆင့် တစ်ဖက်လမ်းချိုးသို့ ကွေ့ဝင်လိုက်သည်။

ကားကို အမြန်ဆုံး ဘရိတ်အုပ်လိုက်နိုင်၏။ လွတ်ပါသည်။ သို့သော် ဆိုင်ကယ် စီးလာသည့်သူသည် ကြောက်လန့်တကြားဖြင့် ကားကဲ့သို့ပင် ဘရိတ် အုပ်လိုက်မိသောကြောင့် ကျွမ်းပြန်ကာ လွင့်ကျသွား၏။

ရှေ့ဘက် နှစ်တောင် ,သုံးတောင်လောက်အထိ ကားလမ်းဘေးပေါ်တွင် ရှပ်တိုက် လျှောပါသွားလေသည်။ မြေပြင်နှင့်ဦးခေါင်း ဆောင့်မိသည့်အတွက် သတိလစ်သွားရှာသည်။ ခန္ဓာကိုယ်မှာလည်း အနည်းငယ် ပွန်းပဲ့သွားသည်ဟု သိရသည်။

တရားဥပဒေက မနေလမ်းပေါ်မှာဖြစ်သည့်ကိစ္စ လမ်းနှင့်ပင်ဆိုင်နေသည်။ ဆိုင်ကယ်စီးသမားကို ဆေးရုံသို့ အရေးပေါ်ပို့ရသည့်နည်းတူ ကားမောင်းသူ ကိုတိုးချစ်ကိုလည်း ယာဉ်မဆင်မခြင် မောင်းနှင်မှုဖြင့် ရဲစခန်းရောက်ကာ အချုပ်ခန်းမှာ နေစေသည်။

တစ်နေ့ခင်းနှင့် တစ်ညတာကြာပြီးမှ ကားကော,လူပါ အာမခံရသည်။ အချုပ်ခန်းတွင်းမှ အပြင်ထွက်ခွင့်ရသည်။

ကိုတိုးချစ်သည် တစ်သက်နှင့်တစ်ကိုယ် ရုံး၊ ဂါတ်တို့နှင့် ကင်းခဲ့၏။ တရားဥပဒေဆိုတာ နားမလည်။ တရားရုံးဆိုတာ ဘယ်လိုမှန်းမသိ။ အကြီးအကျယ် သူ စိတ်ထိခိုက်ရှာသည်။

**ငွေကြေးတတ်နိုင်သူဖြစ်၍ လှူစရာအတွက်လည်း တာဝန်ယူရပါမည်။ အထောက်အပံ့လည်း ကူညီပါမည် ပြောပါလျှက် ကာယကံရှင်လှူစရာက တော်တော်၊ သူ့အသိုင်းအဝန်းက တင်းခံနေသဖြင့် အမှုကိစ္စမပြီးပြတ်။**

ကိုတိုးချစ်က စိတ်ဆင်းရဲလွန်း၍ စိတ်ပြေလက်ပျောက် တစ်နေရာသို့ ခေတ္တခဏ သွားလိုကြောင်း၊ ရင်းနှီးသော **ကျွန်တော့်ကို အကူအညီတောင်းခေါ်သဖြင့်** ကိုတိုးချစ် လုံးဝမရောက်ဘူးသေးသော ခရီးစဉ်တစ်ခုကို ကျွန်တော်တို့နှစ်ယောက် ထွက်ဖြစ်ခဲ့ကြပါသည်။

* * *

ညောင်ဦးမြို့ရှိ ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ အရှေ့ဘက်စောင်းတန်းမှ လမ်း၏အစ နံဘေး


www.burmeseclassic.com

www.burmeseclassic.com

တွင်ရှိသော "ခရေတည်းခိုရိပ်သာ" တွင် ကျွန်တော်တို့ တည်းခိုခဲ့ကြသည်။ တည်းခိုခန်းက ရေ၊ မီးအစုံမို့ ဘာမျှ ပူပင်စရာမရှိ။ စားသောက်ဖွယ်ရာများတို့ကလည်း အနီးအနားဆိုင်တွေမှာပင် ရနိုင်သည်။

ညောင်ဦးမြို့တွင်းနှင့် ဈေးပါမဝေးလှသောကြောင့် ပို၍အဆင်ပြေကာ တစ်ကူးတက ရှာဖွေနေစရာ ဘာမျှမလို။ ဘာတွေဘယ်လို ပြည့်စုံနေနေ ကိုတိုးချစ်ကတော့ ရွှင်ရွှင်ပျပျ မရှိ။ အမျိုးမျိုး ကျွန်တော် အားပေးသော်လည်း သူ ထိုင်းထိုင်းမှိုင်းမှိုင်းပင်။

ရွှေစည်းခုံ စေတီတော်မြတ်ကြီးအား ကြည်ကြည်နူးနူး ဖူးမြော်နိုင်စေရန် ကိုတိုးချစ်ကို အရုဏ်ဦးအချိန်၌ ကျွန်တော်ပို့ပေးခဲ့သည်။ စေတီတော်မြတ်ကြီးသည် နံနက်ပိုင်းအချိန်၌ ရွှေရောင်တဝင်းဝင်း မီးရောင်စုံ အသွယ်အတန်းအပြည့်ဖြင့် အလွန်တစ်ရာ သပ္ပါယ်လှပေသည်။

စေတီတော်၏ ထီးတော်မှ ရွှေခေါင်းလောင်းကလေးများ၏ ကြည်လင်သော အသံသာသာသည် လေနုအေးနွဲ့နွဲ့၏ တိုက်ခိုက်ကြည်ဆယ်မှုကြောင့် ရင်ကိုအေးမြနေစေသည်။

ရင်ပြင်တော် တစ်ပိုက်မှာလည်း ဆွမ်းကပ်သူ၊ မီးပူဇော်သူ၊ ရေချမ်းကပ်လှူသူ ရဟန်းသံဃာများနှင့် ဘုရားဖူး ပြည်သူအပေါင်းသည် ပျားပန်းခပ်သဖွယ် ကြည်နူးစရာ လှုပ်ရှားနေသည်ကို မြင်ရပါသည်။

ကိုတိုးချစ်၏ အသွင်ပြင်က အားရစရာမရှိပါ။ စေတီတော်မြတ်ကြီးကို ကျွန်တော် ဦးချလျှင် ကိုတိုးချစ်လည်း ဦးချသည်။ ရင်ပြင်တော်တစ်လျှောက်သို့ ကျွန်တော် လှည့်လျှင် ကိုတိုးချစ်လည်း လိုက်လှည့်သည်။

စေတီတော်ရင်ပြင်ရှိ အရံအဆောင် စေတီ–ပုထိုး–ရုပ်ပွားများတို့သို့ ကျွန်တော်ဝင်လျှင်လည်း ကိုတိုးချစ် လိုက်ဝင်သည်။ ဘာမျှ ထူးခြားမှု မတွေ့ရ။

စေတီတော်မြတ်ကြီး ကြည်နူးစရာ တင့်တယ်ပုံကိုပင် မပြော။ ကြည်ညိုစရာ ကောင်းလှသည်ဟု တစ်စွန်းတစ်စမျှ မကြား။ သက်ပြင်းမောကိုသာ အကြိမ်ကြိမ် ကျွန်တော် ချနေရပါတော့သည်။

ပုဂံ အလိုတော်ပြည့်စေတီတော်သို့ ကားမောင်းဈပြန်သည်။ အလိုတော်ပြည့်သည် **အာလိုင်** = အလိုဆန္ဒ၊ **ပြည့်** = ပြည့်စုံခြင်း၊ **အစစအရာရာပြည့်စုံခြင်း။** အောင်မြင်ခြင်း အလုံးစုံ အပြီးအစီးသို့ ပို့ဆောင်ခြင်း၊ ပေါက်ရောက်ခြင်း၊ ပြီးစီးခြင်း အဓိပ္ပါယ်ဆောင်ကြောင်း ပြောပြလျက် စိတ်မချမ်းမြေ့မှု ဖြစ်နေခြင်းကို ရှင်လန်းအောင်မြင်သွားရန် သူ့ကို အလိုတော်ပြည့် ရုပ်ပွားတော်ရှေ့မှောက်သို့ ရောက်သည်အထိ ကျွန်တော် ဦးဆောင်ပို့ပေးခဲ့သည်။

ဒါလည်း ဦးသုံးကြိမ်ချသည်မှလွဲ၍ ရုပ်ပွားတော်အနီးက ခဏနှင့်ထ,သည်။ ကျွန်တော် စိတ်မကောင်းဖြစ်သွားမိရပြန်ပါသည်။

မြစ်ကမ်းနံဖူးပေါ်တွင် တည်ရှိသော ဖူးဘုရားစေတီတော်သို့ တစ်ဆင့်ထွက်ခဲ့ရပြန်သည်။ ထူးခြားဆန်းကြယ် တင့်တယ်လှသည့် ပုံတော်တစ်မျိုး သဏ္ဍာန် ဖူးဘုရားစေတီတော်ကို ဖူးမြော်စေသည်။

ထို့ပြင် ဧရာဝတီ၏ ရေစပ်အနီးသို့ရောက်သည်အထိ စိန်တန်း ညီညီညာညာ ကလေးတွေ့ဖြင့် ခရုပတ်သဖွယ် တင့်တယ်မှုနှင့် မြစ်ရေပြင်မှ တစ်ဖွေးဖွေး တစ်လက်လက် လှိုင်းကြက်ခွပ်ကလေးများတို့ကို ကျော်ဖြတ်ကာ တစ်ဖက်ကမ်းဆီမှ တောင်ညွှန့်၊ တောင်စွယ် သွယ်သွယ် တန်းတန်းကြီးများကို ကြည့်၍ စိတ်ပြောင်းလွဲလေမလားထင်မိသည်။

ဒါတွေကိုလည်း သူစိတ်မဝင်စား... စေတီတော်၏ ရှေ့မျက်နှာကွင်း... ရှိ ဈေးဆိုင်တန်းကို လှည့်သွား... ကျွန်တော်လည်း လိုက်ပါခဲ့ရပါ... သည်။

ဖူးဘုရားမှ ကျွန်တော်တို့ ခွာ... ကြ၏။ တောင်ဘက်သို့ ကားဦး... စဉ် တစ်ဖာလုံခန့်အကွာ အ... ၌ကား ဘယ်လိုဖြစ်သည်မသိ... ချို့ယွင်းသလိုဖြင့် ထိုးရပ်သွား... သည်။

အစဦးတော့ ထိတ်လန့်... မိသေး၏။ ကားကို စမ်းသပ်... ဘယ်လိုမှ ချို့ယွင်းမှုမရှိဟု... သည်။ မပြောတတ်တော့... ကိုတိုးချစ်သည် အနီး... သည့် စေတီတော်တစ်ဆူ...



www.burmeseclassic.com

www.burmeseclassic.com

ရံတံတိုင်းအတွင်းသို့ ရှေးရှု၍ ဝင်သွား၏။

စေတီတော်သည် ပုဂံမြေရှိ ဘုရားစေတီများအနက် အလတ်စားအရွယ်စေတီတစ်ဆူသာဖြစ်လေသည်။ အများနည်းတူ ရွှေရောင်တဝင်းဝင်းနှင့်လည်း မဟုတ်။ ထုံးဖွေးဖွေးသာ၊ ထုံးဖွေးဖွေးဆိုရသည်မှာ သစ်သစ်လတ်လတ် ထုံးဖွေးဖွေးမဟုတ်၊ ကွာသည့်နေရာကကွာ၊ မည်းသည့်နေရာက မည်းနှင့် မပေါ်လွင် မပီပြင်။

ရွှေစည်းခုံ စေတီတော်ကြီးနှင့်တော့ ပုံစံတူသည်။ သို့သော် ရွှေစည်းခုံလို မခံ့ညား၊ ရွှေစည်းခုံလို မထည်ဝါ။ လူလည်း မစည်ကား။ လူသူပင် အရောက်အပေါက်မရှိသလောက်။

ပြောရလျှင် ဘုရားဖူးများလာလျှင် ပူဇော်ကပ်လှူဖို့ ပန်းနံ့သာရောင်းချသည့် ဈေးဆိုင်များ ဝေးလို့ အရိပ်ခိုလှုံဖို့ ဇရပ်တန်ဆောင်းမှုလောက်ပင် မရှိ။


စေတီတော်ဝင်ပေါက် မုခ်တိုင်နှစ်ခုပေါ်မှာတော့ သွပ်ပြား ဆိုင်းဘုတ်နှင့်ရေးထားသည့် စေတီတော်ဘွဲ့တော်ကို ဖတ်လိုက်ရသည်။

**"အတွင်းစည်းခုံဘုရား"**တဲ့။

* * *

ကိုတိုးချစ်သည် အတွင်းစည်းခုံစေတီတော်ကို စိတ်ဝင်တစားဖြင့် မြော်၏။ ဒူးတုပ်လျက် လက်အုပ်ကာ ဆုများပင်တောင်းနေသေးသည်။

ကြာတော့ သည်စေတီ၏



အတွင်းစည်းခုံဘုရား

ရှေ့မှောက်မှာ တစ်နေ့တာ သူ အဓိဋ္ဌာန်ပြုလိုကြောင်း၊ ကျွန်တော့်ကို ပြောသည်ကြောင့် ဝမ်းသာအားရနှင့်ပင် အချိန်ကြာကြာနေထိုင်ဖို့ ကျွန်တော် နေရာရှာရသည်။

နေသည့်အခိုက် စားသောက်ဖို့ ရေနှင့် အစားအစာ ကျွန်တော် စီစဉ်ရသည်။ ကိုတိုးချစ်ကို ပါရမီဖြည့်သည့်အနေနှင့် သူနှင့်မလှမ်းမကမ်းမှနေ၍ တစ်စေ့တစ်စောင်းစောင့်ရှောက်ရသည်။

သည်လိုနေရင်းမှ ဗူးဘုရားဈေးတန်းတွင်တွေ့၍ အမှတ်မထင် ဝယ်ယူခဲ့မိသော ဆရာဦးမြသွင် ရေးသည့် ပုဂံမြို့ရှိ ထင်ရှားကြီးကျယ်သော ဘုရားကြီး(၂၇)ဆူ သမိုင်းစာအုပ်မှအတွင်းစည်းခုံဘုရားသမိုင်းကို ရှာဖွေဖတ်လိုက်ရပါသည်။

**သက္ကရာဇ် ၄၄၆ ခုနှစ်တွင်** ကျန်စစ်မင်း နန်းတက်တော်မူ၏။ အခါတစ်ပါးဝယ် ရခိုင်နယ်မြေရှိ သက်လူမျိုးတို့၏ မင်းတစ်ပါးဖြစ်သည့် ကတုံသည် တိုင်းစွန်ပြည်နားကို ခြားနားပုန်ကန်လာ၏။

စစ်သူကြီးတို့အား သက်မင်းကတုံကို ဖမ်းစေဟု စေတော်မူ၏။ မကြာမီမှာပင် ဖမ်းမိကာ ရွှေနန်းတော်ကြီး၏ အနောက်မျက်နှာစာရှိ တစ်ခုသော သစ်ပင်ကြီး၏ ခြေရင်းတွင်ထားသော မင်္ဂလာကျောက်ဖျာအပြင်၌ မင်းကြီးစံတော်မူခိုက် သက်မင်းကတုံရှေ့တော်သို့ ရောက်လာ၏။

မင်းကြီးလည်း သက်မင်းကတုံကို စစ်ဆေးတော်မူလေသည်။

ထိုအခါ ရှင်အရဟံကြွလာတော်မူ၍…

'မင်းကြီးသက်မင်းကတုံအား မသတ်လင့်၊ ရှေးဘဝ၌ ဆုပန်ဖက် မိတ်ဆွေဟောင်းဖြစ်ခဲ့ဖူး၏။ မင်းကြီးကား မင်းပင်ဖြစ်၏။ မြေးတော်ဇေယျသူရ (အလောင်းစည်သူ)ကား သားဖြစ်၏။ ငါကားပုဏ္ဏားဖြစ်၏။ မဟာဂီရိနတ်ကား သူဌေးသားဖြစ်၏။ သက်မင်းကတုံကား စစ်သူကြီးဖြစ်၏။

ထို လူငါးယောက်တို့သည် ဘုရားဝတ်ပြုလျက် မင်းသားကား ဘုန်းကြီးသော မင်းတစ်ပါးဖြစ်ရပါလို၏ဟု လည်းကောင်း၊ ပုဏ္ဏားကား မင်းတို့ဆရာ ရဟန်းဖြစ်ရပါလို၏ဟု လည်းကောင်း၊ သူဌေးသားကား မင်းတို့ပူဇော်ထိုက်သော နတ်ဖြစ်ရပါလို၏ဟု လည်းကောင်း၊

စစ်သူကြီးကား ပြည်ထောင်ဘက် ချင်းမင်း ဖြစ်ရပါလို၏ဟူ၍ လည်းကောင်း၊ အသင်မင်းကြီးကား' ထိုသူတို့ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com

အကြီးအကဲဖြစ်ရပါလို၏ဟု လည်းကောင်း အသီးသီး ဆုပန်ခဲ့ကြကုန်၏။

ရှေးဘဝမင်းကြီးကား မင်းကြီးပင်၊ စစ်သူကြီးကား သက်မင်းကတုံမင်း စသဖြင့် ဆုတောင်းတိုင်း အသီးသီးဖြစ်လာကြကုန်၏’

ဟူ၍ မိန့်ဆိုတော်မူသည်။ မဟာဂီရိနတ်ကလည်း ကိုယ်ထင်ပြ၍ ဆုပန်ဖက်ဖြစ်ကြောင်း ဆိုသည်။

မင်းကြီးသည် **“ဆုပန်ဖက်ဖြစ်လျက် သင်တို့ကား ငါဆင်းရဲစဉ်၌ မည်သူမှ မကူညီကြကုန်”**ဟု ဆို၍ မဟာဂီရိနတ်လည်း…

‘မင်းကြီး သင်ထယ်စဉ်၌ ခမည်းတော် အနော်ရထာက ကလေးငယ်တွေကို ကွပ်မျက်စေဆိုရာ၌ မပါဝင်အောင် လည်းကောင်း၊ အရိန္ဒမာလုံနှင့်ထိုးစဉ်က နောင်ကြီးကိုသာ ထိစေရန်လည်းကောင်း။

နောင်တော် စောလူးမင်းနှင့် ငရမန်ကန်းတို့၏ စစ်ပွဲ၌ အရေးနိမ့်စဉ် ပြည်တော်သာကျွန်းတွင်း တပ်ပျက်ခိုက်၊ လမ်းပြခဲ့ခြင်းဖြင့် လည်းကောင်း။

ငရမန်ကန်း ကုန်းတပ်သည်များလိုက်ရာတွင် ခိုလှုံဖို့ ကျွန်းဖန်ဆင်းပေးခဲ့ခြင်းဖြင့် လည်းကောင်း ကူညီ စောင့်ရှောက်ခဲ့ခြင်း ဖြစ်သည်’

ဟု ဆို၏။

ရှင်အရဟံ မဟာဂီရိနတ်၊ သက်မင်းကတုံ၊ အလောင်းစည်သူ၊ ကျန်စစ်မင်းကြီးတို့သည် ငါးဦး **စုဝေးတိုင်ပင်ရာအရပ်၌ အမျက်တော်ပြေခြင်း၊ ဒေါသစိတ်တွေ ငြိမ်းအေးခြင်းတို့ကို အမှတ်အသားဖြစ်စေရန် ဘိုးတော်ကွမ်းဆော်မင်းကြီး မူလတည်ထားခဲ့ပြီးသော စေတီဟောင်းကို အသစ်အဖြစ် ပြန်လည်ခြုံငုံ တည်တော်မူကြလေ၏။**

စေတီတော်ကို အုတ်မြို့ရိုးအတွင်း၌ တည်ထားခဲ့ခြင်းကြောင့် လည်းကောင်း၊ ရွှေစည်းခုံစေတီတော်ကြီးနှင့် ပုံစံတူစွာ တည်ထားခဲ့နိုင်ခြင်းကြောင့် လည်းကောင်း၊ အတွင်းစည်းခုံ စေတီတော်ဟု သတ်မှတ်တော် မူကြလေသည်။

* * *

နံနက်စောစောကပင် ပုဂံမြေမှ ကျွန်တော်တို့ ခွဲခွာခဲ့ကြသည်။ အပြန်ခရီးသည် လာစဉ်ကကဲ့သို့ မဟုတ် ကိုတိုးချစ်သည် စကားတွေ ဖောင်ဖွဲ့လောက်အောင် ပြော၏။ သူ့ကို မြင်ရသည်မှာလည်း တက်ကြွ လန်းဆန်းနေသည်ဟု ထင်သည်။

ကျွန်တော်တို့သည်လည်း ကားကို ဖြည်းဖြည်းပင်မောင်းကာ မကွေးမြို့ရှိ မြသလွန်စေတီတော်မြတ်အားဖူးမြော်ရင်း စေတီပရိဝုဏ်တွင် တည်ရှိသော တည်းခိုဆောင်၌ နားခိုအိပ်စက်ကြပြီး နောက်တစ်နေ့ နေ့လယ်ခင်းတွင် ဇာတိဒေသမြို့သို့ ပြန်လည် ရောက်ရှိခဲ့ကြပါသည်။

မြို့ပြ၏ နယ်နိမိတ်အတွင်းသို့ ဝင်ရောက်ပြီး မကြာမီမှာပင် လမ်းတစ်နေရာရှိ မြို့နယ်ရဲတပ်ဖွဲ့စခန်းရှေ့မှ တာဝန်ရှိသူများတို့နှင့် အတူ အမှုအခင်းဖြစ်စဉ်က ဆိုင်ကယ်စီးသူနှင့် အစ်ကို၊ အစ်မ၊ အဖေ၊ အမေနှင့် တခြားသူများကား ကို တားမြစ်ရပ်စေကာ ကိုတိုးချစ်ကို ရဲစခန်း၏ ရုံးခန်းအတွင်းသို့ ခေါ်ဆောင်သွားကြသည်။ ကျွန်တော့်မှာ ရင်တဒိတ်ဒိတ်။

တစ်နာရီလောက် ကြာတော့ ကိုတိုးချစ် ပြန်ထွက်လာသည်။ ကိုတိုးချစ်ကို ဘာပြောသည်လည်း ကျွန်တော် နားစွင့်နေမိ၏။

ကိုတိုးချစ်သည် ဘာမျှ မမေး မစမ်းဘဲနှင့် ကျွန်တော့်ကို လှမ်းပြောသည်။ ကျွန်တော်တို့အ[illegible] အတွက် ကျေးအေးလက်မှတ်ထိုး[illegible] တာပါတဲ့…။

အတိုင်းထက်အလွန် ဝမ်းသာ[illegible] ဖြစ်ရပါသည်။ တစ်ပြိုင်တည်း[illegible] မျက်စိထဲ၌ အတွင်းစည်းခုံစေတီ[illegible] ၏ပုံရိပ် ပြန်လည်မြင်ယောင် [illegible] ပေါက်လာပါသည်။

**အတွင်းစည်းခုံ စေတီတော်[illegible] ကိုတိုးချစ် ဘယ်လိုပဋ္ဌာန်းဆက်[illegible] ရှိခဲ့မှုပါလေ။ သို့မဟုတ် သည်စေတီ[illegible] တော်ကို တည်ထားခဲ့မှုသော [illegible] ငါးဦးနှင့် ဘဝဟောင်းက ဘယ်လို[illegible] ဆက်နွယ်ခဲ့ကြမှုပါလေ့…။**

ဘဝ၊ ဘဝတို့သည် အ[illegible] အလီလီ ပြောင်းလွဲခဲ့ကြ[illegible] သံသရာ လည်ပတ်ခြင်း၏ တ[illegible] တစ်ခါတို့၌ ပြန်လည်ဆုံတွေ့[illegible] တတ်၏။

မည်သို့ပင် ရှိသည်ဖြစ်စေ [illegible] **အခင်း အကျဉ်းအကျပ်နှင့် [illegible] တွေ့နေသူများ။ ပုဂံအတွင်း[illegible] စေတီတော်မြတ်သို့ သွား[illegible] မိဌာန် ဆုတောင်းသင့်ပါ[illegible]** တွေးမိနေပါတော့သည်။

ခက်နွယ်



www.burmeseclassic.com

www.burmeseclassic.com




# နတ်ဝှက်သည့် ဖြစ်ရပ်ဆန်း

...တ်ဝှက်ခြင်း ဆိုသည်နှင့် ကျွန်ုပ် ...မြန်မာလူမျိုးတို့၏ ရှေးဓလေ့ကို ...ိုင်း သိရှိကြပါသည်။

ကလေးသူငယ်များ ညနေ နေဝင်ရီးရီအချိန်၌ ပုန်းတမ်း ဝှက်တမ်းကစားလျှင် နတ်ဝှက်တတ်သည်။ မကာစားနှင့် ဆို၍ လူကြီးများ တားမြစ်တတ်သည်။

ဤကဲ့သို့ နတ်ဝှက်ခြင်းနှင့် ပတ်သက်၍ အချို့ အတွေ့အကြုံ ရှိသင့်မှ ရှိကြပေမည်။

ယခု ကျွန်ုပ် ရေးသားအပ်သော တကယ့် ဖြစ်ရပ်မှန်သည် ကျွန်ုပ်တူမလေး၏ ငယ်စဉ်ကာလ ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်မှန်ပင် ဖြစ်ပါသည်။

* * *

ပဲခူးတိုင်း ဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့ ဆိုသည်နှင့် ဆရာတော် ဦးဉာဏိဿရ (သီတဂူဆရာတော်)၏ မြို့ဖြစ်သည်ကို မြန်မာနိုင်ငံတစ်လွှား မသိသူမရှိ သိကြသည်။

သဲကုန်းမြို့ အရှေ့မြို့ပတ်လမ်း ရပ်ကွက်ကြီး(၁) ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်+ဒေါ်လှမြိုင်ဆိုသည်နှင့် မသိသူ မရှိသလို... ကျွန်မ မမြင့်မြတ်သူဆိုလျှင် တစ်ရပ်ကွက်လုံး တစ်မြို့... နီးပါးမျှ မသိသူမရှိ သိကြပါ...

ထိုသို့ သိကြသည့်အ... လည်း ကျွန်မ၏ တက...

www.burmeseclassic.com

တစ်ခုကြောင့် အားလုံးလိုလို သိရှိကြရခြင်း ဖြစ်ပါသည်။

ကျွန်မတို့မြို့လေးမှာ ရန်ကုန်နှင့် ပြည်မြို့ကြားမှ မီးရထားလမ်းဘေး မြို့လေး ဖြစ်ပြီး ဆန်ရေစပါး ပေါများမှုနှင့် သီးနှံထွက်ကုန်များကြောင့် အရောင်းအဝယ် စည်ကားသော မြို့လေး တစ်မြို့ ဖြစ်ပါသည်။

ကျွန်မ (၆)နှစ်သမီး အရွယ်တွင် ထူးခြားစွာ ဖြစ်ရပ်လေး တစ်ခု ရှိခဲ့ဖူးပါသည်။ ထိုအဖြစ်အပျက်လေးမှာကား...

တစ်နေ့သ၌ ကျွန်မကို မိခင် ခေါ်နေသည့်ကြားမှ မိခင်ကို နောက်ပြောင် ကျီစယ်လိုသည်နှင့် နောက်ဆုတ် နောက်ဆုတ်ဖြင့် သွားရာ ကျွန်မတို့ အိမ်ရှေ့၌ရှိသော ရေတွင်းကြီးအတွင်းသို့ နောက်ပြန်လိမ့်ကျသွားပါသည်။

ရေတွင်းကြီး အနက်မှာ (၁၂) တောင် (၁၃)တောင်ခန့် ရှိ၏။ ရေမှာ ဒူးဆစ်ခန့် ရှိပါသည်။ ရေတွင်းအတွင်းသို့ ကျသွားသော်လည်း ကျွန်မမှာ ထိခိုက်ဒဏ်ရာမရှိ မတ်တတ်ရပ်ကလေး ကျသွားပါသည်။

ကျွန်မလည်း ကြောက်ကြောက်လန့်လန့်ဖြင့် **"အမေ အမေ"**ဟု ခေါ်သော်လည်း မကြားကြပါ။ အမေကလည်း စိတ်ပူသဖြင့် **"သမီး... သမီးရ... သမီး"**ဟု အော်ခေါ်ပါသည်။

တစ်ဦးခေါ်သံ တစ်ဦး မကြားပါ။



အားလုံး စိတ်ပူသဖြင့် ရှာကြရာ ကျွန်မ ရေတွင်းထဲ ကျသွားသည်ကို မည်သူမှ မသိကြပါ။

ထိုအချိန်တွင် ကျွန်မ၏ ဖခင်မှ ရေတွင်းထဲသို့ ငုံ့ကြည့်မိသဖြင့် ကျွန်မကို တွေ့လိုက်သည်နှင့်...

'သမီးရေ... ဖေဖေ ရှိတယ်။ ဘာမှ မကြောက်နဲ့'

ကျွန်မကို အားပေးပြီး လေကားချ၏။ ရပ်ကွက်ထဲမှ လူငယ်များကို ခေါ်ကာ ဆယ်ယူနိုင်းပါတော့သည်။

**ကျွန်မ (၆)နှစ်သမီးအရွယ်မှ ဖြစ်ရပ်မှန် ဖြစ်သလိုထူးခြားမှုတစ်ခုမှာ ရေတွင်းထဲသို့ ကျွန်မ ကျလိုက်စဉ် ကျွန်မကို တစ်စုံတစ်ဦးမှ ပွေ့ချီလိုက်သလို ခံစားမိပါသည်။**

ကျွန်မ (၈)နှစ်သမီးအရွယ် ရောက်သော တစ်နေ့ညနေတွင် ကျောင်းမှဆင်း၍ အိမ်ပြန်ရောက်သောအခါ. ကျွန်မတို့ သူငယ်ချင်း တစ်သိုက် တူတူပုန်းတမ်းဝှက်တမ်း ကစားကြပါသည်။

ကျွန်မတို့အိမ်ရှေ့တွင် မန်ကျည်းပင်တစ်ပင် ရှိပါသည်။ ထိုအပင်မှာ အပင်ကြီး မဟုတ်ပါ။ အလတ်ရွယ်ပင် ဖြစ်ပါသည်။

ကျွန်မလည်း သူငယ်ချင်းများကို ယင်းအပင်နောက်၌ ကွယ်၍ ပုန်းလိုက်ပါသည်။ ခန့်မှန်းချိန်မှာ ညနေ(၅)နာရီခန့်ရှိမည် ထင်ပါသည်။

ကျွန်မ၏ သူငယ်ချင်းများလည်း ကျွန်မကို ရှာကြပါတော့သည်။ သူတို့မှာ ကျွန်မအနီးမှ ဖြတ်သွားသော်လည်း မမြင်ကြပါ။ ကျွန်မသာ သူတို့ကို မြင်ရပါသည်။

ဤသို့ဖြင့် ညနေ(၆)နာရီ ထိုးသော်လည်း သူတို့ ကျွန်မကို ရှာမတွေ့ပါ။ ကျွန်မကလည်း သူငယ်ချင်းများကို လုံးဝ ထွက်မတွေ့ပါ။

ကြာလေ ကြာလေ သူငယ်ချင်းများမှာ စိတ်ပူပင်လာပြီး ကျွန်မ၏ မိဘများနှင့် အစ်ကို၊ အစ်မများကို ပြောပြပြီး ဝိုင်းရှာကြပါသည်။

သူတို့ ရှာနေသည်ကိုလည်း ကျွန်မက မြင်ရပါသည်။ သို့သော်လည်း ကျွန်မက မခေါ်ပါ။ သူတို့ တစ်တွေကို ကြည့်ပြီး ကျွန်မ ရယ်နေပါသည်။

အချိန်မှာလည်း တဖြည်းဖြည်း ညဥ့်နက်လာသောအခါ မိခင်နှင့် ဆွေမျိုးမိသားစုတို့မှာ စိုးရိမ်လာကြပါသည်။

ထိုအချိန်(၂၀၀၅ ခုနှစ်) ကျွန်မ၏ ဖခင်မှာ ရပ်ကွက်လူကြီး ဖြစ်





www.burmeseclassic.com

www.burmeseclassic.com

မိခင်မှာ ရက်ကန်း သမဉ္စက္ကန္ဒ ဖြစ်ပါသည်။

ထို့ကြောင့်လည်း ပို၍ စိုးရိမ်လာကြပြီး ရပ်ကွက်အတွင်းမှ လူကြီးလူငယ်များ အားလုံးလိုလို လိုက်၍ ရှာကြပါသည်။ အချို့မှာ ရဲစခန်းသို့ အကြောင်းကြားခြင်း၊ အချို့မှာ မီးရထားဘူတာရုံနှင့် ညဈေးတန်း အချို့မှာ မြို့ထဲတွင် လိုက်လံရှာဖွေခြင်း ပြုကြပါသည်။

မေမေမှာ တစ်နေရာမှ တစ်နေရာသို့သွား၍ "သမီးရေ ...သမီးရေ" ဖြင့် တကြော်ကြော် အော်ခေါ်၍ ရှာနေပါသည်။ တချို့လူငယ်တို့သည် လက်နှိပ်ဓာတ်မီးဖြင့်တစ်မျိုး မီးအုပ်ဆောင်းဖြင့် တစ်ဖုံ ရှာဖွေကြပါသည်။

အိမ်ရှေ့ မီးတိုင်မှ လျှပ်စစ်မီးမှာ လင်းထိန်နေပါသည်။ တစ်ခါသော် ကျွန်မ၏ မိခင်သည် ငိုလျက် ကျွန်မရှိသော သစ်ပင်ရှေ့တွင် ကျွန်မခြေထောက်ကို နင်းသွားသောအခါ ကျွန်မမှ **"အမယ်လေး အမေ"** ဟု ပြောသော်လည်း ကျွန်မ ပြောသံကို မကြားပါ။

ကျွန်မ ဖခင်မှာလည်း လက်နှိပ်ဓာတ်မီးဖြင့် ကျွန်မရှိရာ မန်ကျည်းပင်ဘက်သို့ ဓာတ်မီးထိုးကြည့်လိုက်ရာ ဓာတ်မီးအရောင်သည် ကျွန်မ၏ မျက်နှာပေါ် တည့်တည့် ကျပါသော်လည်း အဖေသည် ကျွန်မကို မမြင်ပါ။

သူတို့အားလုံး ကျွန်မ ပုန်းရာ မန်ကျည်းပင်နားမှ ဖြတ်၍သွားခြင်း၊ ကပ်၍သွားခြင်း၊ အပင်ကိုကိုင်၍



သွားခြင်း ပြုလုပ်ကြသော်လည်း မည်သူတစ်ဦးတစ်ယောက်မှ ကျွန်မကို မြင်တွေ့ ထိတွေ့ ကိုင်တွယ်ခြင်း မရှိကြပါ။ တစ်ခုထူးခြားသည်မှာ...

**ကျွန်မ၏ ပတ်ဝန်းကျင်၌ ထူးခြားသော အလင်းရောင်တစ်ခုသည် အမြဲတမ်း လင်းနေပါသည်၊ ဤသို့ဖြင့် အချိန်မှာ ကိုးနာရီမှသည် ကုန်လာခဲ့ရာ ည(၁၀)နာရီခန့် ရှိလာခဲ့ပေသည်။**

ကျွန်မမှာ မိခင်၏ ပူဆွေးသောကရောက်နေသော အဖြစ်ကို မြင်တွေ့ရသောအခါ ကျွန်မ၏ ခန္ဓာကိုယ်မှာ ဆောက်တည်ရာမရ မနေနိုင်တော့ပေ။

ထို့ကြောင့် မန်ကျည်းပင်နောက်မှ ရှေ့သို့ ခြေလှမ်း(၅)လှမ်းမျှ ထွက်လိုက်ပြီး...

'အမေ...အမေ... သမီး ဒီမှာ အမေ'

ဟု အော်ပြောလိုက်သည်နှင့် အဖေ, အမေ, ညီအစ်ကို မောင်နှမ ဆွေမျိုးမိသားစုများ အားလုံး ကျွန်မရှိရာ မန်ကျည်းပင်သို့ ဝိုင်းအုံလာကြပါသည်။

ထိုအချိန်တွင် ကျွန်မအနီးမှ အလင်းရောင်ကြီးမှာ ပျောက်ကွယ်သွားပါသည်။ အမေလည်း ကျွန်မကို ပွေ့ဖက်၍ ချုံးပွဲချငိုပါတော့သည်။

အားလုံး လာကြကုန်သော ဆွေမျိုး မိသားစု အပေါင်းတို့လည်း တစ်ယောက်တစ်ပေါက် မေးမြန်းကြရာ အမေမှ...

'သမီး...ဘယ်သွားနေတာလဲ'

ကျွန်မမှ...

'သမီး... ဘယ်မှ မသွားပါဘူး၊ မန်ကျည်းပင်နားမှာပဲ နေတယ်'

'သမီး အမေ လိုက်ရှာနေတာ မတွေ့ဘူးလား'

'သမီး သိပါတယ်၊ တွေ့ပါတယ်။ အမေတောင် သမီးနားက ဖြတ်သွားတာ သမီး ခေါ်တာတောင် မကြားဘူး'

'ဟုတ်လား သမီး'

'သမီးခြေဖဝါးတောင် နင်းမိသွားသေးတယ်။ ဒါပေမယ့် အမေ မသိဘူး'

'သမီး အဲဒီမှာ ဘာလုပ်နေတာလဲ'

'မတ်တတ် ရပ်နေတယ်လေ။ သမီးကို အမေတို့က မမြင်ကြဘူး။ အမေတို့ကို သမီးကသာ မြင်တာ၊ သမီးက သဘောကျပြီး ရယ်တောင်နေသေးတယ်လေ'

'သမီး မှောင်မှောင်မည်းမည်းထဲကြီးမှာ သမီးနေတာ မကြောက်ဘူးလား'

'သမီး မကြောက်ပါဘူး သမီး အနားမှာ လင်းထိန်နေပါတယ်၊ မေမေတောင် သမီး မျက်နှာကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးထား သေးတယ်၊ မေမော မျှော်...



www.burmeseclassic.com

www.burmeseclassic.com



ထွေ/အုပ်ဝန်ထမ်းဘဝ

# အဖြေရှာမရသော ကိုယ်တွေ့ဖြစ်ရပ်များ

ဂျဝင်း
(တံတားဦး)

ဤလောကတွင် အဖြေရှာမရသောဖြစ်ရပ်များ အများအပြား ရှိကြသည်။ ထိုဖြစ်ရပ်များမှာ သဘာဝလွန်ဖြစ်ရပ်များ၊ ဝိညာဉ်ဆိုင်ရာ ဖြစ်ရပ်များ၊ လောကီပညာဆိုင်ရာ ဖြစ်ရပ်များ၊ အင်း၊ အိုင် လက်ဖွဲ့ဆိုင်ရာ ဖြစ်ရပ်များ၊ သိဒ္ဓိ၊ မဟိဒ္ဓိဆိုင်ရာ ဖြစ်ရပ်များ စသည်ဖြင့် များစွာရှိလေသည်။ ထိုဖြစ်ရပ်များအနက်မှ ကျွန်တော့်ကိုယ်တွေ့ ကြုံခဲ့ရသော ဖြစ်ရပ်အချို့ကို ဖော်ပြပါမည်။

## မန္တိုပ်ဘဲ မြည်နေသည့် လူခေါ်ဘဲ(လ်)

ကျွန်တော် ကယားပြည်နယ် ဘောလခဲမြို့တွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးတာဝန် ထမ်းဆောင်နေ ဖြစ်ပါသည်။

ဘောလခဲမြို့သည် မြို့နယ် အဆင့်မှ ဘောလခဲ၊ ဖားဆောင်း မယ်စဲ့၊ ရွာသစ်၊ မော်ချီးမြို့တို့ စုစည်း၍ ခရိုင်မြို့အဖြစ် တိုး လိုက်သောအခါ ခရိုင် ထွေ/အုပ် ဆောက်ရန်အတွက် မြို့ တွင် မြေလွတ်မြေလတ် မရှိတော့ မြို့နှင့် တစ်ဆက်တည်း သုသာန်နေရာတွင် ခရိုင်ရုံး ပါသည်။

www.burmeseclassic.com

ရုံးမှာ အုတ်ပတ်ကား(၂)ထပ် ဖြစ်ပါသည်။ ရုံးအနီးတွင် လူနေအိမ်များ မရှိပါ။ သုသာန်ကိုမူ မြို့နှင့် အတော်ဝေးသည့်နေရာသို့ ပြောင်းရွှေ့ပေးလိုက်ပါသည်။ ထိုအချိန်က ဘောလခဲရုံးတွင် ကျွန်တော် တာဝန်မကျသေးပါ။

ရုံးသစ်ကြီးတွင် ကျွန်တော် တာဝန် ထမ်းဆောင်သောအခါ တနင်္ဂနွေတစ်ရက်တွင် လုပ်ဆောင်ရန် လုပ်ငန်းရှိသဖြင့် နေ့လယ်(၁)နာရီခန့်တွင် ကျွန်တော့်စားပွဲ၌ ထိုင်၍ စာရေးနေစဉ် ရုံးပိတ်ရက် ဖုန်းဂျူတီကျ၍ ဝန်ထမ်းရေးရာခန်း၌ တာဝန် ထမ်းဆောင်နေသော စာရေးမ အေးမိစံနှင့် ရင်ငြိမ်းလူတို့ (၂)ဦး၊ ကျွန်တော့်စားပွဲရှေ့တွင် လာရပ်ပါသည်။

ကျွန်တော့်အခန်းနှင့် ဝန်ထမ်းများ အခန်းသည် အလယ်တွင် အပေါ်ထပ်သို့တက်သည့် လှေကားနှင့် ကားရပ်သည့် ဆင်ဝင်တို့ ခြားနေပါသည်။ ရုံးမှာ ကြီးပြီး ဝန်ထမ်းနည်းသဖြင့် အပေါ်ထပ်တွင် ဝန်ထမ်း(၁)ဦးမျှ မနေပါ။

ကျွန်တော်က ရှေ့တွင် လာရပ်သည့် စာရေးမ(၂)ဦးကို **"ဘာကိစ္စရှိလဲ"**ဟု မေးရာ၊ စာရေးမများက ရုတ်တရက် အံ့ဩသောမျက်နှာနှင့် **"ဆရာ ခေါ်လို့ လာတာလေ"**ဟု ပြောပါသည်။

ကျွန်တော်လည်း အံ့ဩရပါသည်။ အကြောင်းမှာ ကျွန်တော် သူတို့ကို လုံးဝ မခေါ်ပါ။ ဒါကို ဘာကြောင့် ခေါ်သည်ဟု ပြောရသလဲ ဟု စဉ်းစားမရသဖြင့်…



'ဆရာ မခေါ်ဘူးလေ၊ ဘယ်မှာ ခေါ်လို့လဲ'

ဟု မေးရာ စာရေးများက…

'သမီးတို့ အခန်းမှာ တပ်ထားတဲ့ လူခေါ်ဘဲ(လ်)က အသံ(၃ ,၄)ချက်မြည်လာတာ၊ ဆရာခေါ်လို့ ဖြစ်မှာပေါ့'

ဟု ပြောပါသည်။

ကျွန်တော် ပို၍ပင် အံ့ဩသွားပါသည်။ အကြောင်းမှာ ဤရုံးတွင် လူခေါ်ဘဲ(လ်) တပ်ထားသည်မှာ ကျွန်တော် တစ်ဦးတည်းသာရှိပြီး ကျွန်တော့် ဘယ်ဘက်ဘေး တံခါးကျည်းပေါင်တွင် တပ်ထားသော လူခေါ်ဘဲ(လ်)မှ ဝါယာကြိုးသည် လွန်ခဲ့သော ရက်အတော်ကြာက ရုံးတွင် သောင်းကျန်းနေသော ကြွက်စုတ်က ကိုက်ဖြတ်ထား၍ ဝါယာကြိုး(၂)ချောင်းလုံး ပြတ်နေပါသည်။

အသုံးပြု၍ မရပါ။ မေ့မေ့လျော့လျော့ဖြင့် ကြိုးများကို ပြန်မဆက်မိပါ။

ဒါကြောင့် ကျွန်တော်က…

'ဆရာ့ လူခေါ်ဘဲ(လ်)က ခေါ်လို့ မရဘူး၊ ကြိုး(၂)ချောင်းလုံး ပြတ်နေတာ၊ ဒီမှာ ကြည့်ပါလား'

ဟု ပြောပြီး ပြတ်နေသော ကြိုးစ(၂)စကို ကိုင်ပြသောအခါ စာရေးမ(၂)ဦး၏မျက်နှာမှာ အလွန်ကြောက်ရွံ့သွားပြီး မျက်နှာငယ်လေးများဖြင့်…

'ဒါ… ဒါဆို သမီးတို့ကို၊ သ…သရဲခြောက်တာပေါ့နော်'

ဟု ပြန်ပြောပါသည်။

ကျွန်တော်လည်း သူတို့ မကြောက်စေရန်အတွက် သူတို့ ဂျူတီစောင့်သည့်အခန်းသို့ လိုက်သွားကာ ဟိုရောက်ဒီရောက် ရယ်စရာစကားများကို ပြောနေသော်လည်း ညစောင့်ဝန်ထမ်း လုပ်လိုသူ လုံးဝမရှိ၍ ညစောင့် မခန့်နိုင်သော ဤရုံးကြီးအခြေအနေကို သိပြီး ဖြစ်ပါသည်။

နောက်တစ်နေ့ ရုံးတက်သောအခါ အခြား စာရေးမများကလည်း ရုံးပိတ်ရက် နေ့လယ်ပိုင်း သူတို့ ဂျူတီစောင့်နေသည့်အချိန်တွင် လူခေါ်ဘဲ(လ်) မြည်သံကြား၍ ကျွန်တော် ခေါ်သည်အထင်နှင့် ကျွန်တော့်အခန်းသို့ လာကြောင်း…

ကျွန်တော့်အခန်း တံခါးမကြီး သော့ခတ်ထားသည်ကို တွေ့သောအခါ ကြောက်လန့်ပြီး ပြန်ပြေးကြသည်မှာ (၂)ကြိမ်၊ (၃)ကြိမ် ရှိပြီဖြစ်ကြောင်း ပြောပါသည်။

**ထို လူခေါ်ဘဲ(လ်)သည် ဝန်ထမ်းများ ရုံးညီ ရုံးတက်သည့်ရက်များတွင် မြည်လေ့မရှိဘဲ ရုံးပိတ်ရက် စာရေးမ (၂)ဦးတည်း ဂျူတီကျသည့် နေ့လယ်ခင်းအချိန်များတွင်သာ အလိုအလျောက် မြည်လေ့ရှိပါသည်။**

ဘောလခဲခရိုင် ထွေ/အုပ်[illegible]

မခေါ်ဘဲ မြည်နေသော လူခေါ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

(လ်)သည် မည်သည့်အတွက် မြည် ရကြောင်းကို ကျွန်တော် ထိုမြို့မှ ပြောင်းရွှေ့သွားသည့်တိုင် အဖြေရှာ မရခဲ့ပါ။

## အကြိမ်ကြိမ် ဓာတ်ပုံရိုက်သော်လည်း ပုံမပေါ်သည့် သစ်သားအိမ်



**၁၉၉၆ ခုနှစ်၊** ကျွန်တော် **ချင်းပြည်နယ်မြို့တော်** ဟားခါးမြို့တွင် မ–ဝ–တ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေချိန် ဖြစ်ပါသည်။

အဋ္ဌမအကြိမ် ကျောင်းသားအားကစားပွဲတော်ကြီးကို ဟားခါးမြို့တွင် ၁၉၉၈ ခုနှစ်၊ ဧပြီလ၌ ကျင်းပမည်ဖြစ်ရာ ဟားခါးမြို့၏ လက်ရှိအားကစားကွင်းမှာ အလွန်သေးငယ်လှပြီး မီတာ(၄၀၀)ပြေးလမ်းပါ ကျောင်းသား(၁၀၀၀၀) (တစ်သောင်း)ကျော် ကြည့်ရှုနိုင်သော ပွဲကြည့်စင်များပါသည့် အားကစားကွင်းကြီးအဖြစ် ဆောက်လုပ်ရန် ဖြစ်ပါသည်။

သို့ရာတွင် တောင်ပေါ်ဒေသဖြစ်၍ အခြားမြေပြန့်လည်း လုံးဝ မရှိသဖြင့် အားကစားကွင်းနှင့် ကပ်လျက်ရှိသော နေအိမ်ပိုင်ရှင်များနှင့် ညှိနှိုင်းရပါသည်။

လိုအပ်သော ကွင်းအကျယ် ရရှိရန်မှာ ဘောကွင်းဘေးရှိ နေအိမ်(၃၈)လုံးကို ဖျက်ပြီး နေရာရွှေ့မှသာ ရရှိနိုင်ပါမည်။ အိမ်များအားလုံးမှာ သစ်သားအိမ်များ ဖြစ်ပါသည်။

ထို့ကြောင့် ပ–ဝ–တအဖွဲ့မှ ဦးဆောင်ပြီး အိမ်ပိုင်ရှင်များနှင့် ညှိနှိုင်းကာ ဈေးသစ်ရပ်ကွက်တွင် မြေအစားပေးခြင်း၊ လမ်း,မီး,ရေများ ဆောက်ရွက်ပေးပါသည်။

နေအိမ်များကို ထိုက်သင့်သည့် ထောက်ပံ့ကြေးပေးရန်အတွက် အိမ်များကို မဖျက်မီကပင် အိမ်၏ အလျား,အနံ,အမြင့်၊ တစ်ထပ်,နှစ်ထပ်၊ အထပ်ခိုး၊ မီးဖိုဆောင်၊ ဘေးတွဲ စသည်ဖြင့် လိုအပ်သော အတိုင်းအတာများကို ဆောက်လုပ်ရေးအဖွဲ့နှင့်အတူ အသေးစိတ် တိုင်းတာရပါသည်။

ထို့ပြင် အိမ်(၁)လုံးချင်းကို ရှေ့မြင်ပုံ၊ ဘေးမြင်ပုံ၊ နောက်မြင်ပုံ စသည်ဖြင့် အိမ်(၁)လုံးလျှင် လေးဖက်လေးတန်၊ ဓာတ်ပုံ(၄)ပုံစီ ရိုက်ပြီး မှတ်တမ်းယူပါသည်။

ထိုအချိန်က ဟားခါးမြို့တွင် ကာလာဖလင်ကူး၍ မရသေးသဖြင့် ကျွန်တော်သုံးနေကျ အဖြူအမည်း ကင်မရာဖြင့် အိမ်အားလုံးကို ဓာတ်ပုံ ရိုက်ပါသည်။

အိမ်အားလုံးကို ဓာတ်ပုံရိုက်ပြီးနောက် ဓာတ်ပုံဆိုင်တွင် ပုံကူးထား၍ သွားယူသောအခါ ကျန်အိမ်အားလုံး၏ ပုံများ ရှင်းလင်းပြတ်သားစွာ ကြည့်၍ရသော်လည်း အိမ်(၁) လုံး၏ ပုံမှာ လုံးဝ မပေါ်ပါ။ (၄)ပုံ မပေါ်ပါ။ ဖလင်သားအတိုင်း ဖြစ်နေ၍ ဘာဖြစ်ပါလိမ့်ဟု စဉ်း မရပါ။

အိမ်များကို အမှတ်စဉ်တ ရိုက်ခြင်းဖြစ်၍ ဓာတ်ပုံများကို ကို ပုံမပေါ်သည့်အိမ်ကို သွားရှာ သစ်သားအိမ်ငယ်လေး (၁) လုံး ပြီး အသက်ကြီးသော အမျိုး တစ်ဦးတည်းနေသည်ဟု အနီး များက ပြောပြ၍ သိရပါသည်။

အိမ်ရှင်အမျိုးသားကြီး တော ယာထဲတွင် ရက်ရှည်သွား မတွေ့ခဲ့ရပါ။

ဒီတစ်ခါတော့ ပုံပေါ်ရမည် စိတ်ထဲတွင် အားထည့်ပြီး ဓာ အသစ်ဖြင့် အိမ်ကို အနေအ အမျိုးမျိုး (၁၀)ပုံခန့်ရိုက်ပြီး ဓာ ဆိုင်သို့ ချက်ချင်းသွားကူးပါသည်

ထွက်လာသည့်အဖြေမှာ သည့်ပုံအားလုံး အရုပ်မထင် စိတ်ထဲတွင် ဘဝင်မကျသဖြင့် ကင်မရာ၊ ထိုဓာတ်ခဲဖြင့် ကျွန်တော့်ရုံး၊ ကျွန်တော်နေ



www.burmeseclassic.com

www.burmeseclassic.com

အိမ်၊ ရွှေ့ရမည့် အိမ်(၂)လုံးတို့ကို ဓာတ်ပုံရိုက်ပြီး ချက်ချင်းကူးရာ ပုံအားလုံး ဆေးသား ကြည်လင်စွာ ထွက်လာပါသည်။

**ထိုအိမ် ဓာတ်ပုံရိုက်၍မရဟု ကျွန်တော့်ထံမှ သတင်းရသဖြင့် အခြားဌာနဆိုင်ရာအရာရှိနှင့် မယုံကြည်သူများက ဓာတ်ပုံသွားရိုက်ပြီး ကူးသော်လည်း ပုံမပေါ်ဟု သိရပါသည်။**

ဓာတ်ပုံအကြိမ်ကြိမ် ရိုက်သော်လည်း ပုံမပေါ်သည့် သစ်သားအိမ်မှာ မည်သည့်အတွက် ဖြစ်ကြောင်း ကျွန်တော် အဖြေမရပါ။

သို့သော် ထိုအိမ်မှာလည်း ဖျက်သိမ်းပြောင်းရွှေ့ရာတွင် အများနည်းတူ ပါသွားပါသည်။

## ရေချိုးသူမရှိဘဲ ရေဖိတ်စဉ်နေသည့် ရေတိုင်ကီ

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်နယ်များ၏ ဝေးလံသောဒေသများတွင် ကျေးရွာကြီးများကို အခြေခံထားပြီး အနီးပတ်ဝန်းကျင်ကျေးရွာများ ဝန်းရံကာ မြို့နယ်ခွဲများကို ၂၀၀၃ ခုနှစ်တွင် ဖွဲ့စည်းပါသည်။

ကျွန်တော် မြို့နယ်အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် မြို့မှ အလွန်ဝေးကွာသည့် မဲခေါင်မြစ်ကမ်းဘေးရှိ **''ဝမ်လုံ၊ ဝမ်နတ်၊ ဝမ်ကျင်း''**ဟူသော ရှမ်းတိုင်းရင်းသား ကျေးရွာကြီး(၃)ရွာကို အခြေခံထားပြီး **''ကျိုင်းလပ်မြို့နယ်ခွဲ''**ဟူ၍ ဖွဲ့စည်းရန် တာဝန်ပေးပါသည်။

တာဝန် ပေးအပ်ချက်အရ ကျွန်တော်သည် တာချီလိတ်မှ လက်သမား၊ ပန်းရန်တို့ကို ခေါ်ပြီး၊ RC–တစ်ထပ် မြို့နယ်ခွဲရုံးဆောက်



လုပ်ခြင်းကို သွားရောက် ဆောင်ရွက်ပါသည်။

လက်သမား၊ ပန်းရန်တို့သည် ရုံးဆောက်လုပ်သည့် ဝမ်လုံရွာ တောင်ကုန်းပေါ်တွင် ယာယီတဲထိုးကာ နေထိုင်ပါသည်။

ကျွန်တော်ကမူ ဝမ်နတ်ရွာ တောင်ကုန်းပေါ်ရှိ ဘိုတဲတွင် တစ်ယောက်တည်း နေထိုင်ချက်ပြုတ် စားသောက်ပါသည်။

ကျွန်တော် နေထိုင်သည့် ဘိုတဲသည် သစ်သားတစ်ထပ်ဖြစ်ပြီး စတင် ဆောက်လုပ်စဉ်က ကျေးရွာစုပေါင်းငွေဖြင့် စာသင်ကျောင်းအဖြစ် ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် အဆောက်အအုံမှာ စာသင်ကျောင်းအဖြစ် အသုံးပြုရန် သေးလွန်းခြင်း၊ နိုင်ငံတော်က အုတ်ပတ်ကား စာသင်ကျောင်းတစ်ခုကို ကွင်းကျယ်ကြီးတစ်ခုတွင် ဆောက်လုပ်ပေးသဖြင့် ထိုသစ်သားအဆောက်အအုံကို မည်သူမျှ မသုံးတော့ပါ။

အခန်းများ ကန့်ပြီး ဘိုတဲအဖြစ်သာ သုံးပါသည်။ တပ်မတော်စစ်ကြောင်းများ လာသည့်အခါတွင် (၁)ရက်၊ (၂)ရက် (သို့မဟုတ်) တစ်ပတ်၊နှစ်ပတ် စသည်ဖြင့် အလိုရှိသလောက် စခန်းချ နေထိုင်ကြသည်ဟု သိရပါသည်။

ကျွန်တော် ရောက်သည့်အချိန်တွင် မည်သူမျှ မရှိသဖြင့် ကျွန်တော်က ယာယီတည်းခိုဆောင်အဖြစ် အသုံးပြုခြင်း ဖြစ်ပါသည်။

လျှပ်စစ်မီးမရှိပါ။ တယ်လီဖုန်းမရှိပါ။ ချက်ပြုတ် သောက်သုံးရန်အတွက် ရေကို ခြံဝင်းအတွင်းရှိ မြေစိုက် ရေတွင်းမှ ခပ်ပြီး မီးဖိုခန်းထဲရှိ ရေတိုင်ကီထဲတွင် ထည့်ထားပါသည်။

ညအချိန်တွင် မီးဖိုခန်းနောက်ပေါက်ရှိ တံခါးမကြီးနှင့် ပြတင်းပေါက်တံခါးတို့ကို ချက်ထိုးပိတ်ပြီး ကျွန်တော် တစ်ယောက်တည်းသာ အိပ်ပါသည်။

တစ်ည သန်းခေါင်ယံအချိန်ခန့်တရေးနိုးသော်လည်း မဲခေါင်ဒေသ၏ ပြင်းထန်သော ရာသီဥတုကြောင့် အေးလွန်းသဖြင့် ဂွမ်းကပ်ခြုံပြီး ကွေးနေစဉ် မီးဖိုခန်းထဲမှ တဗွမ်းဗွမ်း ရေချိုးသံ ကြားရပါသည်။

ပတ်ဝန်းကျင်က တိတ်ဆိတ်လှသဖြင့် ရေချိုးသံမှာ အတော်ကျယ်ပါသည်။ စဉ်းစားကြည့်ရာ ဤအဆောက်အအုံတွင် ကျွန်တော်မှလွဲ၍ အခြားသူ တစ်ဦးမျှ မရှိ။ မီးဖိုခန်း နောက်ဖေး တံခါးမနှင့် ပြတင်းပေါက်များမှာလည်း ချက်ထိုးထား၍ အပြင်က လူဝင်မရနိုင်။

ဝင်ရပါသော်လည်း ဤမျှ ချမ်းအေးလှသည့်အချိန်တွင် မည်သူမျှ ရေမချိုးနိုင် စဉ်းစားမရပါ။ စဉ်းစားနေချိန်တွင် နောက်တစ်ကြိမ် ရေချိုးသံ ကြားရပြန်ပါသည်။

စဉ်းစားနေလျှင် အဖြေမထွက်သွားကြည့်မှ အဖြေထွက်မည်ဟု တွေးမိ၍ အိပ်ရာနိုးစက ချမ်းလှ



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း ရေချိုးသံကြောင့် နားရင်းနားထင်များ ပူသွား၍ သိပ်မချမ်းတော့ဘဲ အိပ်ရာမှ ထကာ လက်နှိပ်ဓာတ်မီးထိုးပြီး မီးဖိုခန်းသို့ သွားပါသည်။

မြင်ကွင်းမှာ မယုံကြည်နိုင်စရာပါ။ တံခါးများလည်း မပွင့်၊ လူတစ်ဦးမျှမရှိသော မီးဖိုခန်းထဲရှိ ရေတိုင်ကီမှ ရေများသည် လူတစ်ဦး ရေချိုးထားသည့်အလား အင်္ဂတေအခင်းပေါ်တွင် စိုနေပါသည်။

ကျွန်တော် ရေချိုးလျှင် ရေတွင်း၌သာ ချိုးပြီး မီးဖိုခန်းထဲတွင် ရေမချိုးပါ။ အိပ်ရာမဝင်မီ တိုင်ကီမှ ရေကို ကျွန်တော် မသုံးခဲ့ပါ။

တိုင်ကီထဲ လက်နှိပ်မီးထိုးကြည့်သောအခါ ရေခွက်နှင့် ရေများ လှုပ်နေဆဲဖြစ်ပါသည်။

လက်နှိပ်မီးထိုး၍ နောက်ဖေးထွက်သည့် တံခါးကို ဖွင့်ကြည့်ရာ လူအရိပ်အယောင် လုံးဝမတွေ့ပါ။ အလွန်အေးလှသည့် သန်းခေါင်ယံအချိန်တွင် အိမ်ပြင်ထွက်မည့်သူလည်း ရှိမည်မဟုတ်ပါ။

ဘာမျှ မတွေ့သဖြင့် ပြန်အိပ်ရန်မှ တစ်ပါး အခြားမရှိပြီဟု တွေးကာ တံခါးရွက်အားလုံးကို သေချာစွာ ပြန်ပိတ်ပြီး အိပ်လိုက်ပါသည်။

ရာသီဥတုကလည်း အေးနေ့ခင်းပိုင်း အလုပ်သမားအဖွဲ့နှင့် အတူ ရုံးဆောက်ရသည်မှာလည်း ပင်ပန်းသောကြောင့် ချက်ချင်း အိပ်ပျော်သွားရာ မည်သူမှန်းမသိသူ၊ နောက်တစ်ကြိမ် ရေထပ်ချိုးသည်၊မချိုးသည်ကိုတော့ ကျွန်တော် မသိတော့ပါ။

ကျွန်တော် ကျိုင်းလပ်မြို့နယ်ခွဲရုံး သွားဆောက်သည့် တစ်လခွဲကာလအတွင်း ဘိုတဲရှိ ရေတိုင်ကီမှ လူမမြင်ရဘဲ ရေချိုးမှု ဖြစ်စဉ်(၂) ကြိမ် ကြုံခဲ့ရပါသည်။

တစ်နေ့လုံး အလုပ်သမားများနှင့် အတူ ရုံးဆောက်ရသည်မှာ ပင်ပန်းလှ၍ ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေချိန်တွင် ထိုပုဂ္ဂိုလ် ရေချိုးလျှင်တော့ ကျွန်တော် သိနိုင်မည် မဟုတ်ပါ။

မည်သည့်အတွက်ကြောင့် ဤသို့ ဖြစ်ရသည်ကိုတော့ မြို့နယ်ခွဲ ရုံးဆောက်လုပ်ပြီးစီး၍ ကျွန်တော် တာချီလိတ်သို့ အပြီးပြန်လာသည်ထိ အဖြေမရခဲ့ပါ။

အဖြေရှာမရသော ကိုယ်တွေ့ဖြစ်ရပ်များ ကျန်ပါသေးသည်။ အဆင်ပြေလျှင် ဆက်ရေးပါမည်။

**ကံဝင်း(တံတားရွာ)**

စာမျက်နှာ (၂၉၁)မှ အဆက်

သာ ဖေဖေ့ကို မြင်တာ'

'ဟုတ်တယ် သမီး... အဖေက အဲဒီအချိန်မှာ သမီးကို မမြင်ဘူး။ မန်ကျည်းပင်ကိုသာမြင်တာ'

'အမေလဲ သမီးရဲ့ခြေထောက်ကို နင်းမိတယ်လို့ မထင်ဘူး။ ထင်းချောင်းကို နင်းမိတယ် ထင်နေတာ'

'သမီး... ဘယ်လိုလုပ်ပြီး မန်ကျည်းပင်နောက်ကနေ ထွက်လာတာလဲ'

'မေမေ ငိုနေတာ မြင်တာနဲ့ သမီးလဲ ထွက်ချင်လာပြီး ထွက်လာတာပါ'

အားလုံးက ကျွန်မကို ထူးထူး ဆန်းဆန်းသဖွယ် ဝိုင်းဝန်းကြည့်ရှုမေးမြန်းကြပြီးနောက် နှုတ်ဆက်၍ ပြန်လည် ထွက်ခွာသွားကြပါတော့သည်။

ဤဖြစ်ရပ်မှန်ဖြစ်ရပ်သည် **လွန်ခဲ့သော နှစ်ပေါင်း (၃၀)ကျော်ကာလ** ကျွန်မငယ်စဉ်မှ ဖြစ်ရပ်မှန်အမှန်ပင် ဖြစ်ပါသည်။

**ထို့ကြောင့် ရှေးလူကြီးများ ပြောကြသော နေဝင်ရီတီအချိန်ကာလတွင် တူတူပုန်းတမ်း ဖွက်တမ်း ကစားခြင်းကို မလုပ်ကြရန် နတ်ဝှက်တတ်သည်ဆို၍ တားမြစ်ပိတ်ပင်ခြင်းပင် ဖြစ်ပေသည်။**

ယခုအခါ ကျွန်မ၏ ဖြစ်ရပ်မှန်အဖြစ်ကို ကျွန်မဦးလေးအား ပြောပြသလို... တူ,တူမများပါ ပြောပြရပါသည်။

ကျွန်ုပ်တူမ၏ငယ်စဉ်ကာလ ဖြစ်ရပ်မှန်ကို ပြောပြသဖြင့် ဝတ္ထုဇာတ်လမ်းသဖွယ် အဆင်ပြေအောင် ကျွန်ုပ် ရေးသားတင်ပြလိုက်ခြင်း ဖြစ်ပေပါသည်။

မြတ်လှ

စာရှုသူ...သုတေသီ...

ပညာရှင်တို့ခင်ဗျာ...

ဤဆောင်းပါးပါ စာရေးသူနတ်ဝှက်[illegible] သည့် ဖြစ်ရပ်ဆန်းတွင် အခြားလူများ[illegible] မတွေ့မီ အနီးအနားတွင် အလင်းရောင်[illegible] ကြီး ပေါ်နေပြီး နတ်ဝှက်ခံရသည်[illegible]

နတ်ဝှက်ခံရသူအား အခြားလူများ[illegible] တွေ့သောအခါမှ ဤအလင်းရောင်[illegible] ပျောက်သွားသည့် အကြောင်းရင်း[illegible] သိရှိသူ စာဖတ်သူများနှင့် ပညာ[illegible] များမှ ဖော်ထုတ်ရေးသားပေးကြ[illegible] မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**

*စာတည်းချုပ်*

**နက္ခတ္တရောင်ခြည်[illegible]**



www.burmeseclassic.com

www.burmeseclassic.com

# အစွမ်းထက်သောဆရာကြီး

## ကျွတ်တမ်းဝင်သွားခြင်း



စကြာတောင် သူတော်
(စဥ့်ကူးမြို့)

စဥ့်ကူးမြို့နယ်ထဲက ရွာတစ်ရွာမှာ အလွန်အစွမ်းထက်သော ဆရာကြီးရှိ၏။ ထိုဆရာကြီး အစွမ်းထက်မြတ်ပုံက တောက ယာခင်းထဲမှာ သံကြိုးမေ့နေခဲ့တာကို အိမ်ကနေပြီး...

'ဟေ့...ငါ ဆရာ အမိန့်... ယာခင်းထဲက ငါ့သံကြိုး အခုချက်ချင်း ငါ့ထံ အမြန်ရောက်စေ'

လို့ဆိုပြီး ကြိမ်လုံးနဲ့ မြေပြင်ကို သုံးချက်ရိုက်လိုက်တယ်။

ခဏနေတော့ သံကြိုးကြီးက မြွေတစ်ကောင်လိုရှေ့က ခေါင်းထောင်ပြီး ပြေးလာတယ်။ နောက်ပြီး ရေနွေးအိုး ငှဲ့သောက်တဲ့အခါလဲ ဆရာကြီးက...

လက်နဲ့ရေနွေးအိုးကိုကိုင်ပြီး ငှဲ့စရာမလိုဘူး။ သူ့ ဘာသာသူ ရေနွေးအိုးကစောင်းပြီး ပန်းကန်ထဲ ထည့်ပြီးသားဖြစ်အောင် လုပ်နိုင်တယ်။

ခမောက်ဦးထုပ်ကို မြေပြင်ပေါ် ချပြီး လိပ်လို တရွေ့ရွေ့ သွားအောင်လဲ လုပ်ပြတယ်။ ဦးခေါင်းပေါ် ဒယ်အိုးတင်၊ ဆီထည့်ပြီး ကြက်ဥကြော်ပြတယ်။

ကြိုးကိုလဲ မြွေဖြစ်အောင်လုပ်ပြီး တုတ်နဲ့ရိုက်လိုက်ရင် ကြိုးပြန်ဖြစ်အောင်လဲ လုပ်ပြတယ်။

သူ့အကြောင်းကို အနီးအနားတစ်ဝိုက်က ရွာသားတွေကပါသိပြီး လေးစားကြ၊ ကြောက်ကြတယ်။ သူ့တောထဲမှာရှိတဲ့ သရက်ပင်ကသရက်သီးကို ဘယ်လိုလူမှ မခူးရဲဘူး။ စိတ်မနှံ့သူတောင် မခူးရဲဘူး။

ခိုးတဲ့သူကို ဘယ်သူဘယ်ဝါမှန်းမသိ နားပန်းရိုက်ခံရတယ်။ လူလဲ မတွေ့မမြင်ရဘူး။

အဲဒီအချိန်တုန်းက စာရေးသူက ငယ်ငယ်ပဲ ရှိသေး

www.burmeseclassic.com



တယ်။ ဆရာကြီးလို စွမ်းချင်ပြီး အားကျကာ ဒီပညာကို လိုချင်လို့ အိမ်အလည်သွားတယ်။ ဒီပညာသင်ပြီး တပည့်ခံချင်လာတယ်။

ဒီလိုနဲ့ ဆရာကြီးနဲ့ရင်းနှီးတော့ ပညာသင်ပေးဖို့ ပြောတော့တယ်။

'မသင်နဲ့ကွ… ကောင်းတာမဟုတ်ဘူး။ မင်းက ငယ်သေးတယ်။ မင်းဉပဓိရုပ်က စိတ်ထားနူးညံ့ပြီး သတ္တဝါတွေအပေါ် သနားကြင်နာတဲ့ရုပ်ပဲ။ ဒီထက်ကောင်းတဲ့ပညာရပ်တွေ တစ်နေ့ တတ်လာမှာပါ'

လို့ ပြောလိုက်တယ်။

စာရေးသူ ဘထွေးသူငယ်ချင်း တစ်ယောက်က…

'ဆရာကြီးလို ပညာတွေ သင်ထားတယ်။ ဆရာကြီးလောက်တော့ မစွမ်းဘူးပေါ့'

သူ့အိမ်ခြံတောထဲက ပစ္စည်းတွေကို ဘယ်သူမှ သူမသိအောင် မယူရဲဘူး။ သူ့ပစ္စည်းကိုယူရင် ခြောက်လှန့်ကြတယ်။ သူ့အကြောင်းပြောရင် သူ အကုန် ပြန်သိတယ်။ သူ့ကို တစ်လုံးမကျန် ပြန်ပြောကြတာ သူမွေးထားတဲ့ အကောင်တွေရှိတယ်လို့ ပြောကြတာပဲ။

ဆရာကြီးက အကုန်သိတယ်ဆိုပြီး နာမည်ကြီးလာတာပေါ့။ ဘထွေးကိုလဲ…

**'သူ့လို သင်ပါလား'**

လို့ ပြောတယ်။ ဘထွေးက…

'မလုပ်ချင်ပါဘူးကွာ။ မင်းတို့ပညာက အထက်လမ်းနဲ့ယှဉ်ရင် ရှုံးတာပဲ'

လို့ ပြောတော့ ဆရာကြီးက…

'နိုင်တယ်ဆို လုပ်စမ်းပါကွာ။ ငါက ငါ့အိမ်၊ ငါ့ခြံ၊ ငါ့တောထဲမှာ ငါ့အကြောင်းပြောရင် အကုန်သိတယ်နော်။ မင်းတို့ပညာက သိလို့လား၊ ပြောနိုင်လား'

လို့ မေးတယ်။ ဘထွေးက…

'အဲဒါကတော့ သမာဓိအားကောင်းရင် ပြောနိုင်ပါတယ်။ သမာဓိအား သိပ်မကောင်းတာတောင် မင်းမွေးထားတဲ့ကောင်တွေ မင်းအိမ်ခြံ၊ တောထဲကနေ ထွက်သွားအောင် လုပ်လိုက်ရမလား'

လို့ မေးလိုက်တယ်။ ဆရာကြီးက…

'တဟားဟား ရယ်၍ မင်းလုပ်နိုင်ရင် လုပ်လိုက်စမ်းပါကွာ ငါ ခွင့်ပြုပါတယ်'

လို့ ပြောပါတယ်။

ထိုအခါ ဘထွေးက…

**'မင်း ခွင့်ပြုရင် ငါစပြီ'**

ဆိုပြီး ဂါထာ၊ မန္တန်များကို ရွတ်၊ မေတ္တာပို့၊ အမျှ ပေးဝေလိုက်ပြီးနောက်…

'ကဲ…သူငယ်ချင်း မင်းကောင်တွေ ရှိသေးရဲ့လား ခေါ်ကြည့်ပါဦး'

လို့ ခေါ်ခိုင်းလေတယ်။

ဆရာကြီးက ခေါ်လေတော့တယ်။ ခေါ်လို့လဲမရ ခိုင်းလို့လဲ မရတော့ပါဘူး။ အဲဒီအခါကြမှ ဆရာကြီးက…

'မကောင်းတဲ့အစွမ်းပညာတွေက အချည်းနှီးပါလား။ လူအထင်ကြီး၊ လူလေးစားပြီး သေတဲ့အခါကြမှ အပါယ်ထဲကျစေတာပါလား'

လို့ တွေးမိပြီး ဘထွေးနဲ့အတူ အထက်လမ်းပညာတွေကို လိုက်စားတော့တာပါ။

အထက်လမ်းပညာဆိုတာ ဘုရားရှင်ရဲ့ဂါထာတွေ ဂုဏ်တော်တွေ၊ တရားတော်တွေကို သီကုံးဖွဲ့ဆိုထားတဲ့ မန္တန်တရားတွေကို ပြောတာပါ။

အဲဒါတွေကို ရွတ်ဖတ်နေရင် အန္တရာယ်ကင်း… ကောင်းရာသုဂတိ ရောက်ကြတာပါ။

အခုတော့ စာရေးသူ လေးစားအထင်ကြီးရ… ဆရာကြီးလဲ သူတတ်ထားတဲ့ ပညာရပ်တွေကို စွန့်လွှ… ပြီး ရဟန်းဘောင်၌ ဝိပဿနာတရားများ အားထု… နေပါတော့သည်။

အမြင်မှန်၊ လမ်းမှန်၊ အသိမှန်ဖြင့် ကောင်း… ပညာရပ်များကို လေ့လာလိုက်စားပြီး ဘဝကို ကော… မှန်စွာ လျှောက်လှမ်းနိုင်ကြပါစေဟု ဆန္ဒပြုလျ…

**စကြဲတောင် သူတော် (ဇွဲကူးမြို့)**





www.burmeseclassic.com

www.burmeseclassic.com



# သရဏဂုံတော်နှင့်မိုး
# နှင်း

ယဉ်လွန်းအောင်
(ထီလာ)

**မိဘမေတ္တာအစွမ်း**

၁၉၉၂ ခုနှစ်က ကျွန်တော်သည် ဌာနဆိုင်ရာ အရာရှိငယ်တစ်ဦး ဖြစ်ပါသည်။ ငယ်ရွယ်နုနယ်စဉ်ကာလ ဝန်ထမ်းဘဝ စတင် ထမ်းဆောင်ရသည့်နေရာသည် ချင်းပြည်နယ်ရှိ ဆန်းကြယ်လှပသော ''ရိဒ်ရေကန်ကြီး''အနီးတွင် ဖြစ်နေသည်။

တာဝန် ထမ်းဆောင်ခဲ့ရသည့် အချိန်ကာလသည် (၅)လခန့်သာ ကြာမြင့်ခဲ့သည် ဆိုသော်လည်း **''ရိဒ်ရေကန်ကြီး''**နှင့် ကျွန်တော့်ကြားတွင် ဆက်နွယ်ပတ်သက်ခဲ့ဖူးသည့် ဖြစ်ရပ်မှန် မှတ်တမ်းတစ်ပုဒ်တော့ ရှိနေခဲ့လေသည်။

ဘဝတွင် ဘယ်သောအခါမှ မေ့ရမည် မထင်ပါ။ ၁၉၉၂ ခုနှစ်ခန့်က အဖြစ်အပျက်တို့သည် ယခု ၂၀၁၇ ခုနှစ်ဖြင့် တွက်ချက်ကြည့်လျှင် နှစ်ပေါင်း (၂၅)နှစ်ခန့် ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။

'ဘယ်နေရာဒေသကိုပဲ ရောက်ရောက် မနက်အိပ်ရာထ၊ ညအိပ်ရာဝင် ရတနာသုံးပါးနဲ့ မိဘဆရာတို့ကို ကန်တော့ပြီးမှ အိပ်၊ သရဏဂုံ, အန္တရာယ်ကင်းဂါထာတွေ ပုံမှန်ရွတ်ဖတ်၊ မေတ္တာပို့၊ သစ်ပင်ကြီးတွေ, ရေကန်ကြီးတွေ တောတောင်ထဲတွေအနီး ရောက်တဲ့အခါ အပေါ့အလေး စွန့်တာကအစ သတိထား... မလေးမစား မလုပ်ရဘူး...ကြားလား'

လုပ်ငန်းခွင်သို့ ပထမဦးဆုံး ထွက်ခွာခါနီးတွင် စိုးရိမ်ပူပန်မှုဖြင့် တတွတ်တွတ် မှာကြားနေသော မိဘနှစ်ပါး၏ စကားအဓိပ္ပာယ် အတိမ်အနက်ကို ထိုစဉ်အခါက အသက်(၁၉)နှစ်သာ ရှိသေးသည့် ကျွန်တော့်အနေဖြင့် ဂဏာသေချာ နားလည်ခဲ့ပုံ မရပါ။

သို့အတွက်ကြောင့်လည်း တစ်နေ့တွင် ဌာနမှ လုပ်ဖော်ကိုင်ဖက် အသိမိတ်ဆွေ(၂)ဦးကို ခေါ်ဆောင်လျက် ရိဒ်ရေကန်ကြီး တည်ရှိရာသို့ ကျွန်တော် ထွက်ခွာလာခဲ့ပါတော့သည်။

* * *

ရိဒ်ရေကန်ကြီးသည် မြန်မာ–အိန္ဒိယ နယ်နိမိတ်မျဉ်းအနီး မြန်မာ



www.burmeseclassic.com

www.burmeseclassic.com

ဘက်အခြမ်း ရိဒ်ခေါဒါရ်ကျေးရွာ အနီးတွင် တည်ရှိသည်။ ဖလမ်းဘက်မှသော်လည်းကောင်း၊ တီးတိန်ဘက်မှသော်လည်း ကားလမ်းပေါက်သည်။

ကြီးမားကျယ်ပြန့်ပြီး တောင်ကုန်းများကြား၌ သဘာဝအလျောက် တည်ရှိနေသော အသည်းပုံသဏ္ဍာန် ရိဒ်ရေကန်ကြီး၏ ဘေးတစ်ဖက်တစ်ချက်ရှိ ရွံ့ညွန်များသည် အမှတ်တမဲ့သည် ကြည့်လျှင် ပန်းချီဆရာတစ်ဦးမှ အရိပ်(SHAPE) ထည့်၍ ဆွဲထား သကဲ့သို့ ထင်မှတ်ရသည်။

တောရိပ်တောင်ရိပ်နှင့် လိုက်ဖက် ပနံတင့်လှသည်။ ပို၍ ထူးဆန်းသည်မှာ ဒီဇင်ဘာလ ရောက်ပြီဆိုလျှင် ကန်ကြီးထဲမှ ရေများသည် ကြည်လင်နေရာမှ ကော်ဖီရောင်ကဲ့သို့ နောက်ကျိလာခြင်းပင် ဖြစ်သည်။ ဒဏ္ဍာရီဆန်ဆန် ကြားရတာ တစ်ခုရှိသေးသည်။

အင်္ဂလိပ်တို့ အုပ်စိုးစဉ်ကာလ ဒီရေကန်ကြီးနှင့် ပတ်သက်၍ **အစီအမံတစ်ခု ပြုလုပ်ရန် ကြံရွယ်ခဲ့ကြစဉ်** ရုတ်တရက် လေပြင်းမုန်တိုင်းတွေ တိုက်ခတ်လာပြီး ကန်ကြီး၏ အစောင့်အရှောက် ပုဂ္ဂိုလ်များမှ ရှေ့မဆက်ရန် အာဏာပိုင်တို့အား သတိပေးသဖြင့် မကြံစည်ရဲတော့ဘဲ ရပ်တန့်ပစ်ခဲ့ရသည်ဆို၏။

တစ်နေ့တွင် အိန္ဒိယနိုင်ငံမှ လူ(၂၀)ယောက်ခန့် အစဉ်တန်းကြီးသည် ကန်ကြီးကို ဝိုင်းပတ်၍ လမ်းလျှောက်နေကြသဖြင့် ဒေသခံများကို မေးမြန်းကြည့်ရာ... **တစ်ဖက်နိုင်ငံမှ လူများသည် ဒီဇင်ဘာ/ဇန်နဝါရီလ ရောက်တိုင်း နှစ်စဉ်ပူဇော်သည့်အနေဖြင့် ရေကန်ကြီးကို (၃)ပတ် ပတ်သည်ဆို၏။**

သူတို့ သေဆုံးသည့်အခါ ဝိညာဉ်တွေ ဒီကန်ကြီးထဲကို ရောက်ရှိစုဝေးကြသည်ဟု ယုံကြည်ကြသည်ဆို၏။

**တချို့ ပညာရှင်များကလည်း ဒီဇင်ဘာလရောက်လျှင် အဘယ်ကြောင့် ကြည်လင်သော ရေက နောက်ကျိလာရပြီး တခြားလများ ရောက်လျှင် ဘာကြောင့်ပြန်လည် ကြည်လင်သွားရပါသနည်း... အဖြေမှာ စမ်းသပ်ကြည့်ရာ အဖြေရှာ၍ မရနိုင်ဟု သိရပြန်သည်။**

* * *

ကျွန်တော်တို့လည်း ရောက်တုန်းရောက်ခိုက် ရေကန်ကြီး၏ ထိပ်စပ်၌ ရေပုံးဖြင့် ရေခပ်ချိုးနေကြစဉ် မလှမ်းမကမ်းတွင် ရေဘဲအုပ်စု(၂၀)ကောင်ခန့် တွေ့လိုက်ရာမှ ရေဘဲများကို ပစ်ချင်စိတ်ပေါ်လာသဖြင့် ကန်ကြီး၏ဘေးမှ ဝိုက်၍ အနီးသို့ ချဉ်းကပ်ခဲ့ကြ၏။

ခက်နေသည်က အဝေးမှကြည့်လျှင် အရိပ်(SHAPE)ထည့်၍ ပန်းချီဆွဲထားသကဲ့သို့ ထင်ရသော နေရာများသည် မြေပြင်မှာတော့ ရွံ့ညွန်များ ဖြစ်နေသဖြင့် ဘယ်လိုမှ ခြေနင်း၍ မရ။



ကိစ္စမရှိ၊ ယခုလောက် နေရာကပင် ကိုက်(၄၀)ခန့်သာ ကွာဝေးတော့သဖြင့် တစ်ယောက် တစ်လှည့်စီ အပိုင်ပစ် လက်တည့်စမ်းကြ၏။

ထိမှန်ပုံ မရ၊ ရေဘဲအုပ်စုက တော့ ခပ်တည်တည်ပင် သူတို့ကို အန္တရာယ်ပြုနေတာကိုလည်း သိ[illegible]ပင် မရ၊ ပြီးတော့ ဒေသခံတို့၏ ပြောပြချက်အရ ဒီပတ်ဝန်းကျင်မှာ ဒီရေကန်ကြီးနှင့် သူတို့ကို ဘယ်သူ[illegible] လည်း မစော်ကားရဲ၊ မထိမဲ့မြင် မပြုရဲဟု ဆို၏။

ပစ်တာ ထိမှန်ပုံ မရသဖြင့် အထွေအထူး စဉ်းစားမနေတော့[illegible] ကျွန်တော်တို့လည်း လာလမ်း[illegible] အတိုင်း အခြေပြုရာ နေရာ[illegible] ပြန်လာခဲ့ကြပါသည်။

ဤသို့ ဖြစ်ခဲ့ပြီးနောက် တစ်[illegible] ခန့်အကြာမှာတော့ ကျွန်တော့်[illegible] အသက်ဘေးနှင့်ယှဉ်၍ အန္တ[illegible] တစ်ခု ကြုံတွေ့ခဲ့ရပါတော့[illegible]

ထိုစဉ်အခါက ကျွန်[illegible] ဘယ်ဘက်ဒူးခေါင်း အနာ[illegible] တော်တော်နှင့် မပျောက်၍ [illegible] စလင်ဆေးထိုး (၅)ရက် [illegible] (၄)ရက် ဆေးထိုးပြီး[illegible] လက်ကျန်ဆေး(၁)လုံး[illegible]



www.burmeseclassic.com

www.burmeseclassic.com



သူနာပြုက ထိုးပေးလိုက်သည်။

ယခင်နေ့များက ထိုးထားသည့် ဆေးအမျိုးအစားဖြစ်၍ မတည့်စရာ မရှိ။ သို့သော် ဒီတစ်ကြိမ်မှာတော့ ဆေးထိုးအပ် နုတ်လိုက်သည်နှင့် နားထဲမှာ အသံတွေ ကြားလာရသည်။ နှာခေါင်းထဲမှ လေတွေ တရှူးရှူးနှင့် ထွက်လာပြီး ခြေလက်တွေ ထုံကျဉ်လာတော့သည်။

'ဆေးရှော့(SHOCK)ဖြစ်ပြီ ဖြေဆေး မြန်မြန်သွားယူ'

ကြောက်လန့်စွာ ကျွန်တော် အော်လိုက်မိသည်။ မိမိ အော်ပြောနေသော အသံကိုလည်း တဖြည်းဖြည်း တိုးညင်းစွာ ကြားရပါတော့သည်။

ပယ်နယ်စလင်ရှော့သည် အပ်နုတ်သည်နှင့် အသက်ပါ တစ်ပါတည်း ပျောက်သွားတတ်သည်ကို ကြားဖူး၊ ဖတ်ဖူးသည်ဖြစ်၍ ဖြေဆေး မလာသေးမီ ဆုံးဖြတ်ချက် ချထားလိုက်ပါသည်။ အော်နေသော မိမိ အသံကိုပင် ကောင်းစွာ မကြားရတော့ပါ။

မိမိနှုတ်မှ သရဏဂုံ၊ အနန္တရာယ်ကင်းဂါထာတို့ကို ရွတ်ရင်း ရှေ့ရောင်ဝင်းနေသည့် ဘုရားရှင်၏ ပုံတော်နှင့် မိဘနှစ်ပါးတို့၏ မျက်နှာကိုသာ စိတ်အာရုံမှာ မလွတ်တမ်း ပြင်ဆောင်ရင်း သတိလစ်ခဲ့တော့မည်ဟု ဆုံးဖြတ်ကာ အာရုံယူထားလိုက်ပါသည်။

ရုတ်ရုတ်သဲသဲ ဖြစ်သွားပြီး တဝုန်းဝုန်း ပြေးလာသံများနှင့်အတူ ကျွန်တော့်တင်ပါးကို လှန်၍ အလျင်အမြန် ဆေးထိုးလိုက်ကြသည်။ ချက်ချင်းပင် ခြေလက်များ နွေးလာကာ နားထဲ၊နှာခေါင်းထဲက လေထွက်တာတွေ ရပ်သွားသည်။ စကားပြောသံတွေကို ပုံမှန်အတိုင်း ပြန်ကြားလာရသည်။

'ဟာ... တော်သေးတယ်ဗျော့၊ ကံကောင်းတယ်။ ဖြေဆေး အချိန်မီ သွားလို့'

'အေးအေးဆေးဆေး အိပ်ပြီး အနားယူလိုက်၊ ဘာမှ မဖြစ်တော့ဘူး'

နေ့လယ်(၁)နာရီခန့်က ဖြစ်လိုက်တာ အိပ်ရာမှ နိုးလာတော့ ကျွန်တော် ပုံမှန်အတိုင်း လန်းလန်းဆန်းဆန်း ဖြစ်နေပါတော့သည်။

* * *

အဲဒီနောက်ပိုင်းမှာတော့ ဒူးခေါင်းမှအနာသည် မြှုသွားကာ အနာမကင်းမသေသဘဲ ကြာတော့ အာရုံကြောများ ထိခိုက်လာကာ ခြေတစ်ဖက် ဆာတာတာ ဖြစ်လာပါတော့သည်။

ဘယ်ဘက် ခြေသလုံး၊ပေါင်တို့တွင် အပေါ်ဘက် အသားအရေများ ထုံပြီး အရေပြားများ ထူလာသည်။ ချွေးမထွက်တော့။ အောက်ပိုင်းက မထုံ၊ ချွေးထွက်သည်။ ညာဘက်က အကောင်းပကတိ။ ဦးနှောက်အာရုံများ မကြည်လင် မလန်းဆန်းတော့ပါ။

ဒီကြားထဲ ပင်ပန်းကြမ်းတမ်းသည့် နေရာများကို အများနည်းတူ ခြေတစ်ဖက် ဆာနေသည့် အနေအထားဖြင့် လိုက်ပါ တာဝန်ထမ်းဆောင်ရပြန်သည်။ ဆေးအဆင့်(ဂ) နှစ်ကြိမ်ချ ရာထူးလည်း မတက်တော့ပါ။ လက်မှိုင်ချရပါပြီ။

ငယ်ငယ်ရွယ်ရွယ်နှင့် အလုပ်တစ်ခု ရဖို့က မလွယ်ပါ။ မိဘနှစ်ပါးလည်း ရှုမတတ် ခံစားရပါသည်။ ...မြို့တွင် နာမည်ကြီး ဗေဒင်လက္ခဏာ ရှေးဆရာကြီး တစ်ဦးထံသို့ ဖခင်နှင့် ကျွန်တော် ရောက်ဖြစ်သည်။

'ဘယ်ခြေ အကြောနဲ့ပတ်သက်တဲ့ ဝေဒနာ ခံစားရမယ်။ ဘယ်နက္ခတ်၊ ဘယ်ဂြိုဟ်ထဲမှာ ကျရောက်နေတယ်။ သေရင်သေ... မသေရင် ရှုံးကံနဲ့ကွ။ အသက်(၃၂)နှစ်ကျော်မှ အဲဒီဂြိုဟ်က လွတ်လိမ့်မယ်'

'ဟာ...မှန်လိုက်တာ ဘဘကြီးရာ၊ ကျွန်တော် ဘယ်လို ယတြာတွေ ချေရမလဲ'

'ဘာမှ လုပ်မနေနဲ့... (၃၂)နှစ်ကျော်ရင် ပြန်ကောင်းလာလိမ့်မယ်။ သွားတော့'

ရှေးဆရာကြီးများ ငွေကြေးလည်း မလို၊ ပေးနိုင်သလောက် စားပွဲပေါ် တင်ခဲ့၊ မပေးနိုင်လည်း လက်အုပ်ချီ ပြန်ထွက်သွားရုံပင်။

နံနက်ပိုင်း (၈)နာရီမှ (၁၀)နာရီကြားလောက်ပဲ အလှည့်ကျ တွေ့ခွင့်ရသည်။ သီလ၊သမာဓိ၊ပညာ



www.burmeseclassic.com

www.burmeseclassic.com

ပြည့်စုံလှပါသည်။

* * *

နောက်ဆုံးမှာတော့ အဖေသည် ပြက္ခဒိန်တစ်ခုမှ ရိဒ်ရေကန်ဓာတ်ပုံကြီးကို ဖြတ်ကာ ဘုရားစင်ရှေ့မှာ ထောင်လျက် ညစဉ်ညတိုင်း ရေကန်ကြီးကို စောင့်ကြပ်နေသော ပုဂ္ဂိုလ်များကို မိဘမေတ္တာဖြင့် ခွင့်လွှတ်ပေးပါရန် ကျွန်တော့်ကိုယ်စား တောင်းပန်နေတော့သည်ဆို၏။

သရဏဂုံ ဆောက်တည်ခြင်း၊ ပရိတ်ကြီးများ ရွတ်ဖတ်ခြင်း၊ ငါးပါးသီလကို လုံခြုံပါမည် အသက်နှင့်ထပ်တူ သစ္စာအဓိဋ္ဌာန်ပြု ဆုတောင်းသည် ဆို၏။ မိခင်ကလည်း ယတြာ တွေ စုံလင်၏။

ကျွန်တော့်ကိုလည်း အဖေက ဤသို့ဆို၏။

'ကဲ…သားကြီး မင်းကို ကယ်နိုင်တာ ရတနာသုံးပါးပဲ ရှိတော့တယ်။ ရတနာသုံးပါးကို ဖက်ပေတော့'

တရားထိုင်၍ ရောဂါပျောက်ကင်းပုံ၊ ပရိတ်ကြီး၊ ဂါထာများအစွမ်း၊ ကိုယ်တွေ့ဖြစ်ရပ်မှန် စာအုပ်များ ဖတ်စေ၍ ရေကန်စောင့် ပုဂ္ဂိုလ်တွေကိုလည်း မေတ္တာပို့၍ တောင်းပန်ကန်တော့စေသည်။

အဖေ မှာကြားသည့်အတိုင်း ပရိတ်ကြီး(၁၁)သုတ် ပါဠိလို၊ မြန်မာလို ကျက်မှတ်ရွတ်ဖတ်ခြင်း၊ မထိုင်တတ်၊ ထိုင်တတ်ဖြင့် တရားရှုမှတ်ခြင်း…

မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်များ အပေါ် မေတ္တာပို့ခြင်း၊ တောင်းပန်ကန်တော့ခြင်း၊ မိဘဆရာတို့ကို ရှိခိုးကန်တော့ခြင်း… စသည်များ အပြင် သွားလေရာ အုန်းမှုတ်ခွက် ယူဆောင်၍ အုန်းမှုတ်ခွက်နှင့်ခြင်း ပြုလုပ်လာခဲ့ရာ တိုက်တိုက်ဆိုင်ဆိုင် အသက်(၃၂)နှစ်ကျော် အရောက်မှ ပင် အာရုံများ ပြန်လည်လန်းဆန်းလာပါတော့သည်။

သွေးလေမညီ မကြာခဏ အထက်လေများ ဆန်၍ ပျို့တက်ခြင်း၊ အစားအသောက် သုံးဆောင်ရာတွင်လည်း အနည်းငယ်မျှသာ စားနိုင်ခြင်း၊ အရသာ မတွေ့နိုင်ခြင်း စသည့် လက္ခဏာများသည်လည်း လျော့ပါးသက်သာလာပြီး နေထိုင်ကောင်းလာပါတော့သည်။

ခြေသလုံး ခြေဖမိုးတို့မှ ထူနေသော အရေပြားများမှာ ရေချိုးလိုက်သည့်အခါ ကြေးခွံတွေလို ကွာကျကာ ပကတိနီးပါး ပြန်ဖြစ်လာပါတော့သည်။ (၁၃)နှစ်ကြာ ခံစားခဲ့ရသည်။

ယခုအခါ ခြေထောက်မှာ မူလပကတိအတိုင်း မသန်စွမ်းတော့သော်လည်း အများနည်းတူ ပြေးလွှားကစားလှုပ်ရှားနိုင်ပြီ ဖြစ်ပါသည်။ ဘဝပျက်မည့် အနေအထားမှ လွတ်မြောက်လာခဲ့ပါပြီ။

ကျန်းမာရေး မှတ်တမ်းများကြောင့် ရာထူးလည်း မရတော့ပါ။ ကိစ္စမရှိပါ။ အရာရာကို ကျေနပ်သလို နေလည်းနေတတ်၊ ဖြေလည်း ဖြေတတ်ခဲ့ပါပြီ။

* * *

ရတနာသုံးပါး၏ တန်ခိုးအစွမ်းသည် အံ့သြကြည်ညိုဖွယ် ကောင်းလှပါ၏။ ကျန်းမာရေး ကပ်ရောဂါ အန္တရာယ်ဆိုးကြီးတစ်ခု၊ ဘဝ အခက်အခဲတစ်ခုကို မှန်ကန်စွာ တွေးခေါ်၍ နည်းမှန်လမ်းမှန် ရင်ဆိုင်တတ်စေရန် ဦးဆောင်သင်ကြားပေးခဲ့သော၊ မိဘမေတ္တာဖြင့် စောင့်ရှောက်ကယ်တင်ခဲ့သော အနန္တဂိုဏ်းဝင်မိဘတို့၏ ဂုဏ်ကျေးဇူးကို လေးမြတ်စွာ ကန်တော့မိပါသည်။

နက္ခတ်၊ ကြိုဟ်၊ ဗေဒင်၊ လက္ခဏာ လောကီပညာရပ် များသည်လည်း ပညာတစ်ခုအနေဖြင့် သူ့တန်ဖိုးနှင့်သူ အနိုင်အမာ တည်ရှိနေသည်ကိုလည်း လက်ခံမိပါသည်။

**ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်သည် နောင်တွင် ဘယ်နေရာအသက်ပဲ ရောက်ရောက် တော၊တောင်၊ရေ၊မြေ သစ်ပင်ကြီးများ၊ ရေကန်ကြီးများ အဆောက်အအုံများ၊ သစ္စာပါကြီးများ…အစရှိသည်တို့အပေါ်တွင်ဘယ် သော အခါမှ မယုံကြည် ယုံကြည်သည် အသာထား၊ မထီမဲ့မြင် မပြု တော့ပါ။**

သစ်ကိုင်းခုတ်ခြင်း၊ အပေါ့အပါး စွန့်ခြင်း စသည့် အသေးအဖွဲ ကိစ္စ လေးများကိုပင် သတိပြု ဆင်ခြင်၍ မတတ်သာ၍ လုပ်ကိုင်ရတော့မည် ဆိုလျှင်လည်း ခွင့်လွှတ်ပါ… မေတ္တာပို့ ကန်တော့ တောင်းပန် တတ်သည့် အလေ့အကျင့် စွဲမြဲနေ ပါတော့သည်။

**[ဤဆောင်းပါးဖြင့် ရိဒ်ရေကန်ကြီးကို စောင့်ကြပ်လျက်ရှိသော မြင်အပ်/မမြင်အပ် ပုဂ္ဂိုလ်အပေါင်း တို့အား ပူဇော်တောင်းပန် ကန်တော့အပ်ပါသည်။]**

**ယဉ်ထွန်းအောင်(ထီလာ)**



www.burmeseclassic.com

www.burmeseclassic.com



ရွှေမင်းသား (စစ်ကိုင်း)

# သိုက်နန်းကာလသာတဲ့ ဒု

[ ၁ ]

စစ်ကိုင်းမြို့သားတစ်ယောက်ဖြစ်ပြီး စစ်ကိုင်းတံတားဟောင်းကြီးအနီးသို့ မရောက်ဖြစ်သည်မှာကြာပြီ။

စစ်ကိုင်းမြို့မှာ နောက်အသစ်ဆောက်တဲ့ တံတားကြီးကို ရောဝတီရတနာပုံတံတားဟု အမည်ပေးပြီး ယခင်တံတားဟောင်းကြီးတော့ အင်းဝစစ်ကိုင်းတံတားဟု လူသိများကြပါတယ်။

ထိုတံတားဟောင်းကြီး အောက်ခြေအနီးတွင် ယခင်က သဘော်ပျက်များ၊ နစ်မြုပ်နေတဲ့ သံဘောင်ကြီးများ ရှိခဲ့တယ်။ ယခု မရှိတော့ပါ။

ထိုသံဘောင်ကြီးများကို လှမ်းမြင်မိတိုင်း စာရေးသူရဲ့ စိတ်အသိမှာ ခေတ်ပျက်ကာလတုန်းက သဘော်နစ်မြုပ်တဲ့အထဲ အူထက်ပိုင်းမှ သစ်ဖောင်ဝါးဖောင်များ ချလာကြသော မိသားစုတစ်စုလုံး ထိုနေရာတွင် နစ်မြုပ်၍ သေဆုံးသွားခဲ့ကြပုံများကို တွေးမိတိုင်း စိတ်ထဲမှာ တစ်မျိုးကြီး ခံစားခဲ့ရတယ်။

အဖြစ်အပျက်က မယုံကြည်နိုင်စရာပါ။ ဒီအကြောင်းကို ရေးသင့်၊ မရေး စဉ်းစားခဲ့သည်မှာလဲ နှစ်အတော်ကြာခဲ့ပါပြီ။ ယခုမှ စာရေးချင်စိတ် ဖြစ်ပေါ်လာသဖြင့် ရေးလိုက်ရပါတယ်။ အဖြစ်ကတော့ ဒီလိုပါ။

[ ၂ ]

ကျွန်တော်တို့နေတဲ့ရပ်ကွက်က **စစ်ကိုင်းမြို့ အိုးဘိုကံတွင်းရပ်**ပါ။ ဆင်များရှင်ဘုရားကြီးရဲ့ မြောက်ဘက်မှာ နေပါတယ်။

ကျွန်တော့်ဇနီးမှာ ညီအစ်မ(၄)ယောက်ရှိပါတယ်။ ဒုတိယမြောက်ဖြစ်တဲ့ မစန်းတင့်က (၁၀)တန်းတက်နေ



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။ အတန်းတက်ဖော် သူငယ်ချင်းဖြစ်သူ မအုန်းဝင်း ဆိုတာက ကောင်းမှုတော်ဘုရားကြီးရဲ့ အနောက်မြောက်ဘက်ရှိတဲ့ ပဲကတိုးရွာကပါ။

ကျောင်းအသွားအပြန် ခက်ခဲတဲ့အတွက် သူငယ်ချင်းဖြစ်သူ မစန်းတင့်အိမ်သို့ ညအိပ်ညနေ့,နေပြီး ကျောင်းတက်ရပါတယ်။ သွားအတူလာအတူပေါ့။

တစ်နေ့ သူငယ်ချင်းဖြစ်သူ မအုန်းဝင်းဟာ တံတားပေါင်းကြီးအနီး မြစ်ဆိပ်သို့ ရေချိုးသွားပါတယ်။ မြစ်ဘက်မျက်နှာမူပြီး လက်ခုပ်နဲ့ ရေကိုယူပြီး မျက်နှာသစ်ပါတယ်။

အဲဒီအချိန်မှာ သင်္ဘောပျက်ထဲမှာ ဥစ္စာစောင့်ဖြစ်နေကြတဲ့ မိသားစုထဲက ဘဝဟောင်းက အစ်ကိုကြီးဖြစ်သူဟာ သူတို့သိုက်နန်းကနေ လူ့ပြည်သို့ သွားလိုတဲ့ ညီမလေးရဲ့ လက်ခုံပေါ်မှာ (အမည်းစက်ပျောက်) အမှတ်အသားလေး မှတ်ပေးလိုက်တယ်။

တွေ့တယ်ဆိုရင်ပဲ နောက်ကနေ ထက်ကြပ်မကွာ အိမ်အထိ လိုက်လာပါတယ်။ ညမိုးချုပ်လို့ အိပ်မယ်လဲ လုပ်ရော သူ့အစ်ကိုကြီးက မအုန်းဝင်းကို ဝင်ပူးပြီး သူဟာ အရင်ဘဝက မအုန်းဝင်းရဲ့ အစ်ကိုကြီးဖြစ်ကြောင်းနဲ့ ညီမလေးကို လိုက်ရှာနေတာကြာပြီဖြစ်ကြောင်း၊ စိတ်မချလို့ ပြန်ခေါ်ဖို့ လိုက်လာကြောင်းများကို ပူးပြီး ပြောပါတယ်။

တစ်ရက်မဟုတ်၊ တစ်ပတ်လောက် ကြာသွားပါပြီ။



မျက်စိကိုလဲ ကြောင်တောင်ကွယ်အောင် လုပ်ထားတယ်။

အိမ်ရှိမိသားစုအားလုံးက ညီမလေးကို ခွင့်လွှတ်ဖို့ အမျိုးမျိုး တောင်းပန်ကြတယ်။ ဘယ်လိုမှ လက်မခံပါဘူး။

မျက်လုံးနှစ်လုံး ပွင့်နေပါလျက် ဘာမှ မမြင်ရဟု ပြောပါတယ်။ ဘယ်လိုတောင်းပန် တောင်းပန် မမြင်ရအောင် လုပ်ထားတယ်။

ဒါနဲ့ ဘယ်ဆရာနဲ့ ကုရင် ပျောက်မလဲ စုံစမ်းကြတယ်။ ကံအားလျော်စွာ စစ်ကိုင်းတောင်ရိုး ဇေတဝန်ဘုရား... ခြေရင်းမှာ **စိန္တာမယချောင်**ဆိုတာ ရှိတယ်။

အဲဒီဆရာတော်က သိုက်ကလာတဲ့သူများကို သိုက်ကြိုးဖြတ်ပေးတယ်ဆိုတဲ့ သတင်း ရလျှင်ရချင်း ထိုဆရာတော်ထံသို့ မိသားစုသွားကြပါတယ်။

ဆရာတော်အား ဖြစ်ကြောင်းကုန်စင် လျှောက်ထား... ကြသောအခါ ဆရာတော်မှ အုန်း၊ ငှက်ပျောပွဲများ... ပြင်ဆင်စေ၍ မအုန်းဝင်းရဲ့ သိုက်ကလာတဲ့ သိုက်ကြိုး... များကို ဆီမီးများထွန်းညှိပြီး သိုက်ကြိုးဖြတ်ပေးပါတယ်...

ဆရာတော်ရွတ်တဲ့ ဂါထာများကိုတော့ ဆရာတော်... အမိန့်မရှိခဲ့၍ မသိလိုက်ရပါ။ *(ယခု ဆရာတော် ပျံလွန်တော်မူသွားပါပြီ။)*

ယခုအချိန်ထိ သိုက်က ပြန်ခေါ်လို့မရအောင် သိုက်... နန်းမှာရှိတဲ့သူ့ရဲ့ ရုပ်ပုံကို ဆရာတော်က အင်း... အရင်ဖြင့် ဖျက်ဆီးပြီးပြီလို့ မိန့်ခဲ့ပါတယ်။ ဘဝဟောင်း... သူ့အစ်ကိုကြီးလဲ ပေါ်မလာတော့ပါဘူး။

[ ၃ ]

ယခုဆိုရင် မစန်းတင့် အသက်(၅၀)နှစ်၊ မအုန်း... အသက်(၅၀)နှစ် အသက်ထင်ရှားရှိကြပြီး ဘုရား... ကျောင်းအမအဖြစ်နဲ့ ဒါန,သီလ,ဘာဝနာတရား... ပွားများ အားထုတ်လျက်ရှိပါတယ်။

တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ကို မှတ်... အဖြစ်နှင့် တင်ပြလိုက်ရပါသတည်း။

**(မှတ်ချက်) ကာယကံရှင်ကို ငဲ့၍ ဓာတ်ပုံ... မဖော်ပြသည်ကို ခွင့်လွှတ်ပါ။**

**ရွှေမင်းသား(*စစ်ကိုင်း*)**



www.burmeseclassic.com

www.burmeseclassic.com



ဦးအေးရွှေ
(ကနောင်)

# ကွယ်လွန်သူကာ

ဗုဒ္ဓဘာသာဝင်တို့သည် "**ကာမသုဂတိ**"ကံသာလျှင် မိမိ၏ဥစ္စာဟူ၍ လည်းကောင်း၊ "**ကမ္မဒါယဒါ**" ကံသာလျှင် မိမိ၏အမွေဟူ၍ လည်းကောင်း၊ "**ကမ္မံသတ္တေ ဝိဘဇတိ**"သတ္တဝါတွေကို ကံက စီမံခန့်ခွဲ၏ဟူ၍ လည်းကောင်း မြတ်ဗုဒ္ဓ၏ အဆုံးအမကို အကြွင်းမဲ့ ယုံကြည်ထားကြပါသည်။

လူ့ဘဝရခိုက် ပစ္စုပ္ပန်တွင် ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့သော်လည်း သေဆုံးခါနီး သတ္တမဇော အာသန္နကံသည် လောဘစိတ် ဖြစ်ခဲ့လျှင် ပြိတ္တာဘုံသို့ ရောက်မည်။

39A. December, 2017.

ကြက်သဏ္ဌာန်ဖန်ဆင်းခြင်းလော(ဝါ)
ကြက်ကို ဝင်ပူးခြင်းလော

ဒေါသစိတ် ဖြစ်ခဲ့ပါလျှင် ငရဲဘုံနှင့် မောဟစိတ်ဖြင့် ကွယ်လွန်ပါက တိရစ္ဆာန်ဘုံသို့ ရောက်ပါလိမ့်မည်။


ထို့အတူ လူ့ဘဝ ပစ္စုပ္ပန်တွင် အကုသိုလ်ကံများကို ပြုလုပ်ခဲ့သော်လည်း သေဆုံးခါနီး အာသန္နကံသည် ကုသိုလ်ကောင်းမှု တစ်ခုခုကို စိတ်ညွတ်၍ သေဆုံးခဲ့ပါမူ သုဂတိဘုံသို့ ရောက်နိုင်ပါသည်။

သို့သော် ထိုကုသိုလ်စွမ်းအား ကုန်သွားပါလျှင် မိမိ ပြုလုပ်ခဲ့သော အကုသိုလ်ကံကို ခံစားရဦးမည်သာ...



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တစ်ဦး အနိစ္စ ရောက်ခဲ့ပါမှ (၇)ရက်လည်သည့် အချိန်၌ သံဃာတော်များကို အိမ်သို့ပင့်၍ ဆွမ်းသွတ်ခြင်း ပေတဉ်ဒိဒ္ဓိဿဒါန(မတကဘတ္တ) ကုသိုလ်ကို ပြုလုပ်ကြပါသည်။

သေဆုံးသူအား အမျှပေးဝေ၍ ထိုသူသာ သာဓုခေါ် ဆိုနိုင်ရန်အတွက် စီမံဆောင်ရွက်လေ့ ရှိကြပါသည်။

စာရေးသူ နေထိုင်သော ထန်းပင်ကုန်းရွာတွင် **လွန်ခဲ့သော နှစ်ပေါင်း(၄၀)ဝန်းကျင်ခန့်က** ဦးမောင်နဆိုသူ နေထိုင်ခဲ့ပါသည်။

သူ့တွင် ညီအစ်ကို(၃)ဦးနှင့် နှမ(၄)ဦး ရှိခဲ့ပါသည်။ သူသည် ကုသိုလ်ကောင်းမှု မျိုးစုံကို ပြုလုပ်ခဲ့ပါသည်။

အကုသိုလ် ဟူ၍ ကြီးကြီးကျယ်ကျယ် မလုပ်ခဲ့ကြောင်းကို စာရေးသူမိခင်၏ ပြောကြားချက်အရ သိခဲ့ရပါသည်။

ဦးမောင်နသည် အသက်(၅၀)ဝန်းကျင်ခန့်တွင် အဖျားရောဂါတစ်ခုကြောင့် သေဆုံးခဲ့ပါသည်။

ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးစံအတိုင်း သေဆုံးသူ (၇)ရက်မတိုင်မီနေ့၌ သူ၏ညီဖြစ်သူ ဦးတင်သည် သူ၏ အစ်ကိုအား မြေမြှုပ်ထားခဲ့သော သုသာန်သို့ သွားခဲ့ပါသည်။

ထိုသုသာန်တွင် သစ်ကိုင်းတစ်ခုဖြင့် မြေပုံကို ရိုက်၍...

'မနက်...အစ်ကိုမောင်နတို့အိမ်မှာ ပရိတ်တရားတော်နာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန် ဖိတ်ကြားပါတယ်။ လာခဲ့ပါ'

ဟု သုံးကြိမ်တိုင်တိုင် ခေါ်ဆိုခဲ့ပါသည်။ ထိုသစ်ကိုင်းကို ယူခဲ့ပြီး ဦးမောင်န၏ ခြံစည်းရိုး တံခါးပေါက်ဝတွင် တင်ထားခဲ့ပါသည်။

နောက်နေ့ ထိုသူ၏ ရက်လည်ဆွမ်းသွတ်မည့်နေ့တွင် ရွာထဲရှိ လူများ ရောက်လာခဲ့ပါသည်။

မကြာမီ ဘုန်းတော်ကြီးငါးပါး ကြွလာခဲ့ပါသည်။ အချိန်အနည်းငယ် ကြာသောအခါ ညီဖြစ်သူ ဦးတင်က...

'လွန်ခဲ့သော (၇)ရက်က ကွယ်လွန်အနိစ္စ ရောက်ခဲ့သော ဦးမောင်နနဲ့တကွ (၃၁)ဘုံအတွင်း နေထိုင်ကြကုန်သော သုခိတ ဒုက္ခိတ သတ္တဝါအပေါင်းတို့ ကျွန်ုပ်တို့နဲ့အတူတူ ပရိတ်တရားတော်နာ သာဓုအနုမောဒနာ ခေါ်ဆိုကြရန် ဤအိမ်သို့ ကြွရောက်ကြပါခင်ဗျား'

ဟု သုံးကြိမ်ခေါ်ဆိုခဲ့ပါသည်။

ထိုကဲ့သို့ တရားနာလာရောက်ပါရန် ဖိတ်ကြားပြီး မကြာမီအချိန်တွင် ကြက် သားခွဲသာသာ ကြက်ငယ်တစ်ကောင်သည် အိမ်ရှေ့ပြတင်းပေါက်ပေါ်သို့ ပျံတက်လာခဲ့ပါသည်။

ထို့နောက် လူများ၏ ရှေ့တစ်နေရာသို့ ပျံဆင်းခဲ့ပါသည်။

'ဟင်... ဟာ... ဘယ်က ကြက်လဲ၊ မောင်းထုတ် မောင်းထုတ်'

ဟု လူများက ပြောဆိုကြပါသည်။ ထိုအခါ ဘုန်းတော်ကြီး ဦးဇာဂရက...

'ဟဲ့...ဟဲ့...မလုပ်ကြပါနဲ့...နေပါစေ'

ဟု ဟန့်တားခဲ့ပါသည်။

ထိုအခါ ထိုကြက်ငယ်လေးသည် တရားတော် နာမည့်ပုံသဏ္ဍာန် ဝပ်၍နေပါသည်။

ဆရာတော်ဦးဇာဂရသည် တရားတော်ကို အ (၁)နာရီကျော်မျှ ဟောခဲ့ပါသည်။ ထို့နောက် "အမျှ" ဟူ၍ သုံးကြိမ်ပေးဝေခဲ့ရာ... "သာဓု"ဟူ၍ သုံး ညီညာစွာ ခေါ်ဆိုလိုက်ကြပါသည်။

ဘုန်းတော်ကြီးများ ပြန်ကြွသောအခါ ထိုကြ လေးသည် လာခဲ့သော ပြတင်းပေါက်ပေါ်သို့ ပျံ အိမ်အပြင်ဘက်သို့ ခုန်ဆင်းပျံပြေးသွားပါတော့

လူအများက ထိုကဲ့သို့သော အဖြစ်အပျက် မကြားဘူး၊ မကြုံတွေ့ဘူးသဖြင့် ထင်မြင်ချက် အ





www.burmeseclassic.com

www.burmeseclassic.com

ပြောဆိုနေခဲ့ကြပါသည်။

ကွယ်လွန်သူ အချို့သည် တစ်စုံတစ်ယောက်ကို ဝင်ပူး၍ လာသည်။ အချို့က နေရာပြင်ထားသော နေရာသို့ လာတတ်သည်။

အချို့က အိမ်အနီးရှိ သစ်ပင်တစ်ပင်ပေါ်တွင် နေ၍ တရားနာသည်။ အချို့က သူတို့၏ ပြိတ္တာအကြီးအကဲက မလွှတ်၍ မလာနိုင်ကြောင်းကို ဖေဒင်မေးကြည့်ရာ ကြားသိခဲ့ရပါသည်ဟု အမျိုးမျိုး ပြောဆိုနေခဲ့ကြပါသည်။

ထို့ပြင် အမှုဝေသောအခါ ဂတိငါးပါး၌ ရောက်နေသောသူတို့တွင် ပြိတ္တာဂတိသို့ ရောက်နေသောသူတို့သာလျှင် ရရှိနိုင်သည်။ ထိုဂတိငါးပါးမှာ နတ်၊ လူ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ ငရဲ ဂတိတို့ ဖြစ်ကြပါသည်။

ထို့ပြင် ပြိတ္တာလေးမျိုးရှိရာ **ခုပ္ပိပါသိကပြိတ္တာ၊ နိဇ္ဈာမတဏှိကပြိတ္တာ၊ ကာလကဉ္စိကပြိတ္တာနှင့် ပရဒတ္တူပဇီဝိကပြိတ္တာ(ဝေမာနိကပြိတ္တာ)တို့ ဖြစ်ပါသည်။**

**ထိုသို့သော ပြိတ္တာမျိုးများတွင် ဝေမာနိကပြိတ္တာသာလျှင် ရည်စူးကုသိုလ်ကို သာဓုခေါ်နိုင်စွမ်း ရှိပါသည်။**

ဗုဒ္ဓဘာသာဝင်တို့သည် အသက်ရှိနေစဉ် ကုသိုလ်များကို အာစိဏ္ဏကံ ပြုလုပ်နိုင်မှသာ သေဆုံးခါနီး အာသန္နကံစိတ် ဖြစ်ပေါ်စေပါလိမ့်မည်။ သို့မှသာ ကောင်းရာသုဂတိဘုံသို့ ရောက်ပါလိမ့်မည်။

ထို့ထက်ပို၍ လုပ်ဆောင်သင့်မှာ ဤသာသနာတော်နှင့် ကြုံတွေ့နေရခိုက် ဝိပဿနာ ဘာဝနာတရားများကို ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ပါက လူဖြစ်ရခြင်း အမြတ်ထွက်နိုင်မည် ဖြစ်ပါကြောင်း...

**[မှတ်ချက် ။ ။ ဤဆောင်းပါး ရေးနိုင်ရန် အဓိက အကြောင်းအရာကို ပြောပြခဲ့သော သီလရှင်ဒေါ်ကုသလ(စာရေးသူ၏ နှမတစ်ဝမ်းကွဲ)အား အထူး ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်လိုက်ပါသည်။]**

*သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ*

**ဦးအေးရွှေ(ကနောင်)**


**နက္ခတ္တရောင်ခြည်စာအုပ်တိုက်မှ အောက်ပါစာအုပ်များ ထွက်နေပါပြီ...**

- **မြန်မာပြည်အရပ်ရပ်မှ ဗုဒ္ဓိလ်ထူးများ၏ ကိုယ်တွေ့ အစီရင်ခံကျမ်းစဉ်များ (အမှတ်–၁) (အမှတ်–၂)[ဆရာကြီး ဦးအောင်မြင့်–ဥမ္မာ၀ေ]**
  *စာမူခွင့်ပြုချက်–၃၂၀၅၄၀၀၉၀၉၊* *တန်ဖိုး–၂၀၀၀ကျပ်*
- **စိတ်ဝင်စားဖွယ်ကောင်းသော ထိုးမြဲလက်မှတ်များ**
  *စာမူခွင့်ပြုချက်–၄၀၁၀၀၈၀၉၀၈၊ [ဆရာကြီး ဦးအောင်မြင့်–ဥမ္မာ၀ေ]* *တန်ဖိုး–၂၀၀၀ကျပ်*
- **လက္ခဏာပညာရှုထောင့်မှ စိန်းမတို့အကြောင်း**
  *စာမူခွင့်ပြုချက်–၄၀၀၁၁၂၀၃၁၀၊ [ဆရာကြီး ဦးအောင်မြင့်–ဥမ္မာ၀ေ]* *တန်ဖိုး–၃၀၀၀ကျပ်*
- **ဆိပ်ဖက်လျှို့ဝှက်ချက်များ [ဟက်ကာ–မြန်ဆိုသည်။]**
  *စာမူခွင့်ပြုချက်–၄၀၀၅၄၃၀၅၀၇* *တန်ဖိုး–၃၀၀၀ကျပ်*
- လွယ်ကူစွာလေ့လာလက္ခဏာပညာ [ရန်မျိုးအောင်–နက္ခတ္တ မြန်ဆိုသည်။]
  *စာမူခွင့်ပြုချက်–၄၀၀၅၀၂၀၆၀၄* *တန်ဖိုး–၃၀၀၀ကျပ်*
- လူတိုင်းအတွက် ၁၂–ရာသီဗေဒကိန်းများ [ဟက်ကာ–မြန်ဆိုသည်။]
  *စာမူခွင့်ပြုချက်–၄၀၀၂၅၃၀၃၀၈* *တန်ဖိုး–၃၀၀၀ကျပ်*




www.burmeseclassic.com

www.burmeseclassic.com


# ရွှေပြာသတ္တု ရသာယနအားဆေးများ

ရွှေပြာသတ္တု ရသာယနအားဆေးများသည် ခုခံအား၊ ကိုယ်ခံစွမ်းအား၊ ခံနိုင်ရည်အားများကို တိုးတက်စေသည်။ ရွှေပြာသတ္တု ရသာယနအားဆေးများသည် ဝိဇ္ဇာဓရနည်းပညာဖြင့် ရယူထားသော ရသာယနအားဆေးအစစ် ဖြစ်တဲ့အတွက် ခုခံအား၊ ကိုယ်ခံစွမ်းအား၊ ခံနိုင်ရည်အားများ တိုးတက်ခြင်းဖြစ်သည်။ ဘေးထွက်ဆိုးကျိုးမရှိ။ (၃)လတစ်ကြိမ် ဆေးစားခြင်းဖြင့် ခုခံအား တက်လာကာ သွေးအားပြည့်လာမည်။ ရောဂါသက်သာရန်ဖြစ်စေ၊ ကာကွယ်စောင့်ရှောက်ထားရန်ဖြစ်စေ သုံးနိုင်ပါသည်။ ရွှေပြာသတ္တု တိုင်းရင်းသားအထူးကုဆေးခန်း အမှတ်-၅၂၄/က၊ မေဓာဝီလမ်းဆုံ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း၊ - ၀၁ ၉၆၉၉၇၇၉၉၊ ၀၉ ၅၁၅၆၁၃၆၊**



ရသာယနအားဆေး ကိုယ်ခံစွမ်းအားတိုးဆေး ဥသွာအားဆေးရည်များ ရသာယနများရည်ဆေ





အဓိဋ္ဌာန်အောင်မြင်တဲ့ အပရာဇိတဆံတော်ရှင် ကျိုက်ခိုင်းဘုရားကြီး

**အဓိဋ္ဌာန်ပါရမီ အကြားအမြင် ဇေကာ်သမနောပညာရှင်**

## ဆရာမ နန်းစန္ဒာ

ဘ၀အခက်အခဲနှင့် ကြုံတွေ့ကြသူတိုင်း ဆရာမရဲ့ အဓိဋ္ဌာန်ကျင့်စဉ်ပညာ ဟောပြောပြုလုပ်ပေးရာမှာ အခက်အခဲမရှိ အောင်မြင်ကြောင်းကို ဆရာမရဲ့ သားတ အပေါင်း သိပြီး ဖြစ်ပါတယ်။ "လာခဲ့ပါ" မိတ်သစ်ပဋ္ဌာန်းဆက်များကို ဖိတ်ခေါ် ပါတယ်။ အဓိဋ္ဌာန်ပါရမီအကြားအမြင် ဇေကာ်သမနောပညာစွမ်းဖြင့် မရေးမတွက် ရုပ်ဆင်းသဏ္ဌာန်ကို ကြည့် သင် ယခုကြုံတွေ့ခံစားနေရတဲ့ ကိစ္စမှန်သမျှကို အံ့သြလောက်အောင် မှန်ရမည်။

အိမ်ထောင်ရေး၊ စီးပွားရေး၊ အချစ်ရေး၊ ခြံ၊ မြေ၊ အိမ်၊ အမွေ၊ နာမည်ခိုက်၊ ဘေးဥပဒ်အန္တရာယ်၊ အ ပြဿနာနဲ့ ကားအရောင်းအဝယ်၊ ပညာရေးအခြေအနေ၊ စာမေးပွဲအောင်/ရှုံးတို့ကို တိကျပြတ်သားစွာ ဟော ပြုလုပ်ပေးလို့ စိတ်တိုင်းကျစေရမည်။ သင့်ကံကြမ္မာကို ကျင့်စဉ်၊ ဒေဝယတြာ၊ ဂမ္ဘီရယတြာနည်းတို့ဖြင့် ဇာတာမြှင့်ပေး

ကံဇာတာ စစ်ကြည့်ကြရအောင်၊ ရာထူးအတက်အကျ၊ ထီပေါက်ကိန်းရှိနေရင်တော့ ကျိန်းသေ ထီပေါက်

(နိုင်ငံခြားသွားဖို့ အခက်အခဲရှိနေပြီဆိုရင်တော့ အမြန်ဆုံးသာ လာခဲ့ပါ။)

**သင့်ဘ၀ အောင်မြင်ရေးအတွက် ကျိုက်ပိုင်းဘုရားကြီးမှာ**

**ဆရာမ နန်းစန္ဒာ** ရှိတယ်။

ဟောခန်းဖွင့်ချိန်၊ ။ နံနက်(၈)နာရီမှ ညနေ(၅)နာရီထိ(လပြည့်၊ လကွယ်နေ့တိုင်း နားမည်။)

အခန်းအမှတ်(၁၁)၊ ကျိုက်ပိုင်းဘုရား၊ အနောက်ဘက်မုခ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၃၀၃၄၁


www.burmeseclassic.com